
www.burmeseclassic.com

လမ်းသစ်

# ရွှေဥဒေါင်း

# ဆုကြီးပန်

တတိယအကြိမ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဆုကြီးပန်

## အခန်း ၁

မန္တလေး–ဗန်းမော်သဘော်သည် မြန်မာရာဇဝင်တွင် နာမည်ကြီးခဲ့သော တကောင်းမြို့ကလေးကို ကျော်လွန်၍ ဆန်တက် ခုတ်နှင်သွားသောအခါ အရှေ့လက်ယာဘက်၌ တောင်ထိပ်ပေါ်တွင် စေတီတော် တစ်ဆူ တွေ့မြင်ကြရပေလိမ့်မည်။ အရှေ့ဘက် တောင်ထိပ်ပေါ်မှ စေတီတော်မှာ တောင်ခြေရင်းရှိ မြတောင် ရွာသူရွာသားများ ကိုးကွယ်သည့် ဖောင်တော်ဦး ဘုရားဖြစ်၍ အနောက်ဘက် တောင်ထိပ်ပေါ်မှ စေတီပေါ်မှာ မြသိန်းတန်ဘုရားဟု ခေါ်တွင်၏။ အခါတစ်ပါး၌ မဏိစည်သူမင်းကြီးသည် ဖောင်စကြာနှင့် လှည့်လည်ရာတွင် မြတောင်ရွာဘက်၌ရှိသော ဖောင်တော်ဦး စေတီတော်တက်သို့ ဖောင်ဦး လှည့်လည်၍ မြသိန်းတန် စေတီတော်အားလည်း အဖိုးတစ်သိန်းတန် မြတဘက် လှူခဲ့ဖူးခြင်းအတွက်ကြောင့် အထက်ပါ အမည်နာမများဖြင့် ခေါ်တွင်ခြင်း ဖြစ်သည်ဟု အဆိုရှိပေသည်။

မြသိန်းတန်စေတီတည်ရှိရာ တောင်ခြေရင်း၌ကား ထီးချိုင့်မြို့ကလေးတည်ရှိရာ မြတောင်ရွာ ကမ်းပါးမပြိုမီ စည်ကားစဉ်အခါက ထီးချိုင့်မြို့သူမြို့သားများက မြသိန်းတန် စေတီတော်ကို လည်းကောင်း၊ မြတောင်ရွာသူရွာသားများက ဖောင်တော်ဦးစေတီတော်ကို လည်းကောင်း နေ့ကြီး ရက်ကြီးများ၌ ခါတ်မီးများ ထွန်းညှိ ပူဇော်ကြသည်ဖြစ်၍ မြစ်တစ်ဖက်ကမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ ရောင်ပြန်ဟပ်ကာ လွန်စွာပနံရသည်။ သဘော်စီးခရီးသည်များ၌ ဗုဒ္ဓါရမဏာဟု ဆိုအပ်သည့် ကြည်ညိုဖောဖြင့် ပီတိသောမနဿ ဖြစ်ခဲ့ကြရဖူးလေသည်။ တိတ်ဆိတ်သော ညဉ့်အချိန်တွင် ရေလယ်ကြောမှ စုန်မျောကြသည့် သစ်ဖောင် ဝါးဖောင် လှေသမ္ဗန်(ငှက်)များပေါ်၌ လိုက်ပါကြသော ဖောင်ကြို့သမားနှင့် ခရီးသွားသည်လည်း ထိုစေတီတော် နှစ်ဆူတို့မှ ထိန်ထိန်ညီးသော ဓာတ်မီးပွင့်များကို မြင်ရခြင်းဖြင့် နှလုံးညွှတ်နူး ပီတိမြူး၍ မဖူးမြော်ဘဲ မနေနိုင်အောင် ဖြစ်ကြရပေတော့သည်။

မန္တလေး-ဗန်းမော် ဈေးသင်္ဘောများသည် ဈေးသည်များ သမ္ဗန်ကြီး နှစ်စင်း ဝဲယာတွဲလျက် ထီးချိုင့်မြို့သို့ ဆိုက်ကပ်ကြရာတွင် မန္တလေးနှင့် ဗန်းမော်ခရီး၌ တစ်ဝက်တိတိ တည်ရှိသော မြို့ဖြစ်သည့်အလျောက် သင်္ဘောနှစ်စင်းလုံးပင် ၎င်းဆိပ်ကမ်း၌ တစ်ပြိုင်နက်တည်း ညဉ့်အိပ်တတ်ကြလေသည်။ ထိုသို့သော အခြင်းအရာမှာ ရက်သတ္တ တစ်ပတ်တွင် တစ်ကြိမ်မျှသာ ဖြစ်ပေါ်သည့်အလျောက် ဈေးသင်္ဘောများ ဆိုက်ကပ်သော ညဉ့်သည် ထီးချိုင့်မြို့ကလေးအတွက် ထူးခြားသော နေ့ရက်ကြီး ဖြစ်၏။ ဧရာဝတီမြစ်မှ အနောက်ဘက်ရှိ မီးရထားလမ်းသို့တိုင်အောင် ကွင်းပြင်ကြီး တစ်ကွင်းလုံးမှာ စပါးစိုက်ပျိုးသည့် 'လယ်တော'ကြီးဖြစ်၍ များစွာသော ကျေးလက်တောရွာများမှ ဈေးသင်္ဘောများသို့ တစ်ပတ် တစ်ကြိမ် ဈေးဝယ် ဆင်းလိုက်ကြသည်များမှာ ဘုရားပွဲကြီးတမျှ ကြိတ်ကြိတ်တိုး စည်ကားလှ၍ နေ့လယ်ကတည်းက တစ်မြို့လုံး ရှုပ်ယှက်ခတ် ဖြစ်နေပေတော့သည်။

တောင်တန်းဒေသရှိ မိုးကုတ်၊ ပြင်ဦးလွင်၊ ကလော၊ တောင်ကြီး စသော မြို့များမှသည် မြန်မာပြည်အလယ်ပိုင်းရှိ ပျော်ဘွယ်၊ ရမည်းသင်း၊ ပျဉ်းမနား စသော မြို့များသို့ တိုင်အောင် ငါးရက်တစ်ကြိမ် ဈေးနေ့များ၌ အထူးစည်ကားဘိသကဲ့သို့ ထီးချိုင့်မြို့ကလေးမှာလည်း ဈေးသင်္ဘော အစုန်အဆန် တစ်နေ့တည်း ဆိုက်ကပ်လာသည့် (ထိုစဉ်က) ကြာသပတေးနေ့သည် မုန့်ပဲသရေစာသည်များ လက်ချိုးရေတွက်ကာ မျှော်လင့်ကြရသော သမ္ဗုတ္တိ နေ့ထူးရက်ကြီး ဖြစ်၏။ အခြားနေ့များ၌ ရောင်းမကုန်သော ခေါက်ဆွဲများကို ကြွပ်အောင် ကြော်၍ တရုတ်မရွေး လုပ်ရောင်းခြင်း၊ မုန့်တီလက်ကျန်များကို 'မုန့်ကြွပ်' ကြော်ခြင်း၊ ရေခဲရောက်လာသော နေ့ဖြစ်၍ တစ်ပတ်တစ်ခါ ဖာလူဒါပေါ်ခြင်း၊ နေ့စဉ် သေသော ကြက်များနှင့်အတူ ဝက်များလည်း





သေရခြင်း၊ ငါးကြော်ခေါက်ဆွဲမှ ဝက်သားခေါက်ဆွဲ ဖြစ်လာခြင်း၊ ရှာနီးချုပ်စပ်မှ ဈေးဝယ်များထံမှ မြို့ပေါ်က ဈေးသည်များက အကြွေးစောင့်၍ တောင်းခြင်း၊ ညနေစောင်းအချိန်၌ အပျိုလူပျိုများ ဝတ်ကောင်းစားလှနှင့် လမ်းသလားခြင်း စသော အခြင်းအရာများမှာ ထီးချိုင့်မြို့ ဈေးသင်္ဘောဆိုက်ကပ်သော နေ့၏ ထူးခြားသော အခြင်းအရာများပေတည်း။

မြစ်ရိုးတစ်လျှောက်ရှိ ကျေးလက်တောရွာများတွင် အထက်တန်းစား၊ အောက်တန်းစားဟူ၍ လူနှစ်စားရှိရာ အထက်တန်းစားများသည် သစ်ဖောင်သူကြီး(သို့မဟုတ်) အင်းတိုင်များဖြစ်ကြ၍ ၎င်းတို့လက်အောက်တွင် အလုပ်လုပ်သည့် ဖောင်ကြို့များနှင့် တံငါသည်များက အောက်တန်းစား ဖြစ်ကြ၏။ ထီးချိုင့်မြို့မှာမူ အထက်ပါ လူနှစ်စားအပြင် ကွင်းပြင်ကြီးကို အမှီပြုခြင်းကြောင့် တောင်သူများနှင့် ဈေးသည်များလည်း ရှိကြ၏။ ဈေးသည်များအဖို့မှာ ငွေရင်းတောင့်၍ ဈေးဆိုင်ကြီးသလောက် အဆင့်အတန်း မြင့်ပေရာ တောင်သူပိုင်းကမူ 'စပါးပေး'အလုပ်နှင့် လယ်ပေါင်ခံခြင်းသည် ထိပ်သီး အလုပ်မျိုး ဖြစ်လေသည်။

ထူးခြားသော အချက်တစ်ခု သတိပြုမိသည်မှာ စစ်ကိုင်းမှ မြောက်သို့ ဖောက်သော မီးရထားလမ်း တစ်လျှောက်တွင် ရွာသူရွာသားများသည် စစ်ကိုင်းမှ ဟစ်ခေါ်၍ ကြားရလောက်သေးသည့် နေရာများ၌ပင် ဝတ်ပုံ၊ စားပုံ၊ ပြောပုံ၊ ဆိုပုံ ကွာခြားကုန်ကြလေရာ သုံးလေးဘူတာမျှ ကွာလှမ်းသည်နှင့် တစ်ပြိုင်နက် 'အနီ' 'အနှာ' 'အသည်' 'အသော' စသော အသုံးအနှုန်းများ မနားတမ်း ကြားရတော့သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်၌မူကား သင်္ဘောဖြင့် တစ်ညအိပ်၊ နှစ်ညအိပ် ဆန်တက်၍ မြစ်လက်တက်ကြို လက်တက်ကြားများသို့ ဝင်သွားသည့်တိုင်အောင် 'အနီ' 'အနော' မပါဘဲ အလွန်ဆုံးအားဖြင့် မိမိတို့၏ အံ့သြခြင်းကို 'ဟော'ဟူသော အာမေဍိတ်ဖြင့် ဖော်ထုတ်တတ်ကြခြင်းလောက်သာ ရှိ၏။ မဆိုသလောက် အသုံးအနှုန်း ကွဲပြားခြင်းမှတစ်ပါး ဝတ်စားပြီးလိမ်းပုံမှာ မန်းသူ မန်းသားနှင့် မခြားနားအောင် ရှိကြပေသည်။ ဤတွင် မြစ်ရေကြောင်းသည် မီးရထားလမ်းကြောင်းထက် လူချင်းရောယှက်မှုကို ဖြစ်စေနိုင်သလောဟု တွေးတောမိသည်။

ထီးချိုင့်မြို့ပေါ်တွင် ဈေးနှင့် မနီးမဝေး တစ်ခုသော လမ်းဆုံ၌ ပျဉ်ထောင်ကာ၍ သွပ်မိုးသည့် နှစ်ထပ်အိမ်ကြီး တစ်လုံးတွင် ဘုရားဒကာ



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင့် တစ်ဦးတည်းသောသမီး မလုံးတင်တို့သည် မြို့၏ 'မျက်နှာဖုံး' ခေါ်လောက်အောင် ပစ္စည်းရော ဂုဏ်ပါ ပြည့်စုံသော သားအဖနှစ်ယောက် ဖြစ်ကြ၏။ ဘုရားဒကာ ခင်မှာ သစ်ဖောင်သူကြီး အလုပ်တွင်လည်း ဖောင်များ အပြတ်အသတ် အနှစ်အမြုပ် မရှိ၊ မန္တလေးသို့ ချောမောစွာ ရောက်၍ ဈေးကောင်း မိခြင်း၊ စပါးပေး အလုပ်တွင်လည်း အဆုံးအရှုံးနည်း၍ နှစ်စဉ် စပါးကျီ အပြည့်လှောင်ပြီး ဈေးကောင်းရောင်းရခြင်းတို့ကြောင့် သမီးကလေး မလုံးတင် ကျောင်းမနေမီ အချိန်၌ပင် ဘုရားဒကာခင် ဟူ၍ မြစ်ရိုး တစ်လျှောက်တွင် သတင်းမွှေးခဲ့လေပြီ။ သို့သော် ကမ္မာဝါစရ ကုသိုလ်မည်သည် ကြာရှည်စွာ တညီတညွတ်တည်း ထောက်ပံ့ခဲ့သည့်အတိုင်း တစ်ဖက်မှ စီးပွား တက်၍ ဟိုးလေးတကျော်ရှိခိုက်တွင် တစ်ဖက်၌ ဇနီးသည်သေဆုံးပြီး အသက် ၃၀ ကျော်လေးတွင် မုဆိုးဖို ဖြစ်ခဲ့ရလေပြီ။ ဒုတိယအိမ်ထောင် တည်မည် ကြံပါတော့လည်း ပစ္စည်းရှင်ချင်းမှ သင့်တော်သလိုလို၊ ပစ္စည်းမရှိဘဲ သမီးနှင့် သင့်မြတ်မည့်သူကို ရွေးမှ သင့်တော်မလိုလို၊ ဟိုကိုစပ်၊ ဒီကိုစပ်၊ ဟိုကစပ်၊ ဒီကစပ်နှင့် အရမကြိုက်၊ အကြိုက်မရ ဆိုသလိုဖြင့်သာ အချိန်ကုန်ပြီး အချည်းနှီး ဖြစ်ရရှာသော လူကြီးတစ်ယောက် ဖြစ်လေသည်။ နောက်ဆုံး၌ 'ဥစ္စာပေါ၊ ရုပ်ချော၊ အလိမ္မာ၊ အိမ်ပါ' မရနိုင်သော ဘုရားဒကာခင်သည် သမီးကလေး မလုံးတင်ကို အရိပ်ကြည့်နေရလျှင် တော်လောက်ပါပြီဟု ဆုံးဖြတ်ချက် ချလိုက်ရလေတော့၏။

ဘုရားဒကာခင်နှင့် သမီး မလုံးတင်တို့၏ ပျဉ်ထောင်အိမ်ကြီးနှင့် 'ဓားလွယ်ခုတ်' ရှိနေ၍ လမ်းဆုံလမ်းခွတွင် အခြားဘက်ထောင့်၌ အလယ် အလတ်စား အိမ်တစ်လုံးမှာ သစ်ဖောင်သူကြီး ဦးလူတုတ်နှင့် ဒေါ်ဖွားမေ တို့၏အိမ် ဖြစ်၏။ နေအိမ်အလယ်အလတ် ဖြစ်သည့်အလျောက် ဦးလူတုတ် တို့၏ စီးပွားရေးမှာလည်း အလယ်အလတ်ဟု ဆိုရပေမည်။ ၎င်းတို့၏ သားအကြီး မောင်မြတ်သူနှင့် အငယ် မောင်စပ်ဖြူဟု နှစ်ယောက်ရှိရာ မြတ်သူမှာ ထီးချိုင့်၏ မျှော်လင့်ချက်ဟု ခေါ်ရလောက်အောင် ခေတ်ပညာကို ကြိုးစား သင်ကြားသော်လည်း စပ်ဖြူမှုကား ပညာပါရမီနုသူများ ထုံးစံအတိုင်း မိဘများက ငွေကုန်ခံ၍ ကသာမြို့ အစိုးရကျောင်းသို့ ပို့သော်လည်း လေးငါး တန်းမျှ ချောက်ချီးချောက်ချက် သင်ခဲ့ပြီး ခပ်တေတေ ခပ်ပျော့ပျော့ နေလာခဲ့သူ ဖြစ်လေသည်။





လမ်းဆုံလမ်းခွဖြစ်၍ ထောင့်လေးထောင့် ရှိသည့်အနက် တတိယ ထောင့်တွင် ဦးမောင်နှင့် ဒေါ်ဆက်တို့၏ တဲကလေး ရှိ၏။ ဦးမောင်သည် ထီးချိုင့်အနောက်ဘက်တွင် လယ်ယာမြေ အနည်းငယ်ရှိ၍ တောင်သူအလုပ်ဖြင့် အသက်မွေးခဲ့ရာ မြေကွက်သေးငယ်သော တောင်သူများ၏ ထုံးစံအတိုင်း အလွန်ဆင်းရဲ၍ မိုးခေါင်သောနှစ်များတွင် တဲကလေးကိုပင် သက်ငယ်ပြင်၍ မမိုးနိုင်သဖြင့် လမ်းဆုံ လမ်းခွကြီးတွင် သူတို့၏ တဲစုတ်သည် 'မျက်စိ စပါးမွေးရှူး' ဟူဘိသကဲ့သို့ ရှိနေတော့သည်။ ဦးမောင်၊ ဒေါ်ဆက်တို့၌ မပြုံးချို အမည်ရှိ သမီးကလေး တစ်ယောက် ရှိလေသည်။

စတုတ္ထထောင့်၌ကား နေ့ညမလပ် လူမပြတ်အောင် စည်ကားသည့် တရုတ် ကာဖီရုပ်ခေါ် ကုန်စုံဆိုင်ကြီး ရှိလေသည်။

လုံးတင်၊ မြတ်သူ၊ စပ်ဖြူနှင့် ပြုံးချိုတို့သည် 'မန်ကျည်းမကဲ ဆီးမကဲ' အရွယ် အိမ်နီးချင်းများ ဖြစ်ကြ၍ စာသင်ဖော် စာသင်ဖက်၊ ကစားဖော် ကစားဖက်များ ဖြစ်ကြ၏။ မြတ်သူမှာ ကလေးဘဝကတည်းက သဘော ပြည့်ဝ၍ ကြင်နာတတ်သောစိတ် ရှိသဖြင့် မြန်မာစာသင်ကျောင်း၌ အတော်ဆုံး ကျောင်းသားကလေး ဖြစ်သည်နှင့် လက်ထောက်ဆရာကလေးယောင်ယောင် ကျောင်းဆရာအား အကူအညီ ပေးနိုင်လေသည်။

မန္တလေးမြို့မှ သစ်ပွဲစားဦးတိုးကြွယ်သည် အထက်မြစ်ညာရှိ သစ်ဖောင် သူကြီးများနှင့် အဆက်အသွယ် ရှိသည့်အလျောက် မိုးတား၊ ရွှေဂူ၊ ကသာ၊ အင်းရွာ စသော မြို့များရှိ သစ်ဖောင်သူကြီးများထံသို့ လည်ပတ်၍ အပြန်တွင် ထီးချိုင့်၌ဆင်း၍ ဘုရားဒကာခင်၏ အိမ်ကြီး၌ တည်းခို၏။ ရာဇဝတ်ဝန်ကြီး လာသည့်အခါ ဌာနာပိုင်၊ တိုက်ပိုင်နှင့် ပုလိပ်များ ပျာလောင်ခတ်သကဲ့သို့ မန္တလေးမှ ငွေထုတ်ချေးသော သစ်ပွဲစားကြီး ရောက်လာသည်တွင် ထီးချိုင့်၊ ပြတောင်၊ ဆတ်ကျ၊ ကမ်းနီ၊ ကြက်တကောင်၊ မအူကုန်း စသော ရွာများမှ သစ်ကုန်သည်များသည် ဘုရားဒကာခင်၏ အိမ်ကြီးတွင် ခြေချင်းလိမ်လျက် ရှိ၏။ ယခင်တစ်ပတ်က ပွဲစားဦးတိုးကြွယ် ရောက်လာစဉ် မြန်မာစာသင် ကျောင်းရှိ ကျောင်းသူ ကျောင်းသားများအား နောက်တစ်ခေါက် မိမိ ရောက် လာသောအခါ၌ ဓမ္မစကြာပါဠိတော်ကို အာဂုံဆောင်နိုင်သော ကျောင်းသား ဖြစ်စေ၊ ကျောင်းသူ ဖြစ်စေ ငွေ ၁၀၀ိ နှင့် အဝတ်တစ်စုံ ချီးမြှင့်မည်ဟု ကြေညာထားခဲ့၏။ ဦးတိုးကြွယ်မှာ ဘာသာရေး လိုက်စားသူ ဖြစ်သည့်ပြင်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဉာဏ်ထိုင်းသော သားတစ်ယောက်နှင့် သမီးတစ်ယောက် မွေးထားမိခြင်းကြောင့် အားမလိုအားမရ ဖြစ်၍ ဉာဏ်ကောင်းသော သူတစ်ပါး သားသမီးကို ချီးမြှောက်လိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လျက် ရှိလေသည်။

သစ်ဖောင်သူကြီး ဘုရားဒကာခင်၏ နေအိမ်၌ ပွဲစားဦးတိုးကြွယ်က ကျောင်းသား စာပြန်ပွဲ ပြုလုပ်ရာတွင် တစ်နယ်လုံး စိတ်ဝင်စားကြ၏။ သို့သော် မြန်မာစာသင်ကျောင်းတွင် ကျောင်းသူကျောင်းသား ၈၀ ခန့်ရှိသည့်အနက် မေ့စကြာ စာပြန်ပွဲတွင် ကျောင်းသား သုံးယောက်နှင့် ကျောင်းသူ ငါးယောက်မျှသာ ယှဉ်ပြိုင် ရွတ်ဆိုကြလေသည်။ ရွတ်ဆိုသူများအနက် မပြုံးချိုသည် ပရိသတ်ကိုလည်း မရွံ့၊ တွန့်ဆုတ် ထစ်ငေါ့ခြင်းလည်း မရှိ၊ မေ့စကြာပါဠိတော်ကို ခြောင်းခြောင်းပြေးအောင် ရွတ်ဆိုနိုင်ရကား ပွဲစားဦးတိုးကြွယ်သည် အလွန် နှစ်သက်အားရ၍ ကတိထားသော ဆုငွေကို ချီးမြှင့်ရုံသာမက ပြုံးချို၏ အခြေအနေကိုပါ စုံစမ်းမေးမြန်းလေသည်။ ပြုံးချိုမှာ ကျက်ထားသောစာကို ရွတ်ဆိုတတ်ရုံသာမက ဦးတိုးကြွယ်၏ မေးခွန်းများကိုလည်း သွက်လက်ရေလည်စွာ ဖြေဆိုနိုင်သည်တွင် ဦးတိုးကြွယ်က သူမငယ်ကို ပညာသင်ပေးဖို့ စီစဉ်တော့သည်။ နောက်ဆုံး၌ ပြုံးချိုမှာ မန္တလေးမြို့တွင် ဦးတိုးကြွယ်၏ အိမ်၌နေ၍ အင်္ဂလိပ်ကျောင်းထားပေးဖို့ အစီအစဉ်ကို ဦးမောင်နှင့် ဒေါ်ဆက်တို့ကလည်း သဘောတူညီကြလေသည်။ မြို့သူ မြို့သားများကမူ ခွဲ၍ထည့်လိုက်သော မိဘများကို လည်းကောင်း၊ လိုက်သွားသော သမီး ပြုံးချိုကိုလည်းကောင်း အံ့သြမဆုံးနိုင်အောင် တပြောပြော ကျန်ရစ်ခဲ့ကြလေ၏။

ပြုံးချိုသည် ပွဲစားဦးတိုးကြွယ်အိမ်တွင် သမီးရင်း မတင်ဦး၊ သားမောင်ထွန်းစိန်တို့နှင့် အတူနေထိုင်ရာတွင် ပွဲစားကြီးသာမက ပွဲကတော် ဒေါ်စိန်ခင်ကလည်း ပြုံးချို၏ သနားကမားရှိသော ရုပ်ရည်ကလေးကြောင့် သမီးရင်းနှင့် မခြား ချစ်ခင်သည့်ပြင် ကရုဏာပင် ပိုချေသေး၏။ သားနှင့်သမီးမှာ ပြုံးချိုနှင့်အတူ အင်္ဂလိပ်ကျောင်းနေကြသော်လည်း ခုနစ်တန်းမှ မတက်နိုင်ကြဘဲ ပြုံးချိုသည်သာ တက်သွား၏။ ပွဲကတော်ကြီး သေပြီးသည့်နောက်တွင်လည်း ပြုံးချိုသည် ထိုအိမ်တွင် 'အချစ်တော်' တစ်ယောက်အနေဖြင့် 'ဖူးဖူးမှုတ်'ခြင်းကို ခံရ၏။ သားရင်းသမီးရင်းများ၏ ထူးခြားကောင်းမွန်ချက်တစ်ခုမှာ ပြုံးချိုက မိမိတို့ထက် ပညာသာခြင်းအတွက် လည်းကောင်း၊ ဖခင်၏ အရေး





ပေးခြင်းခံရသည့်အတွက်လည်းကောင်း ငြူစူခြင်း မရှိရှာကြပါပေ။ ဤကား ပြုံးချို၏ ကံကောင်းခြင်း တစ်ရပ်ဟု ဆိုသင့်ပေသည်။

## အခန်း ၂

ရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီး တစ်နေရာတွင် ကျောင်းတော်သူကျောင်းတော်သား တစ်ဒါဇင်ခန့် စုရုံးစကားပြောနေကြသည့် အုပ်စုထဲ၌ မြတ်သူ၊ ပြုံးချိုနှင့် လုံးတင်တို့လည်း ပါဝင်ကြသည်။ မြတ်သူမှာ ဘီအေစီနီယာ အတန်းသားတစ်ယောက်ဖြစ်နေ၍ ပြုံးချိုနှင့် လုံးတင်တို့မှာ အိုင်အေစီနီယာ အတန်းသူများ ဖြစ်နေကြလေပြီ။ လုံးတင်သည် ပြုံးချိုကို အားကျ၍လော မပြောတတ်။ မန္တလေးမြို့ စာသင်ကျောင်း၌ ပြုံးချို အင်္ဂလိပ်စာသင်သည်ဟု ကြားရကတည်းက ကသာမြို့ အင်္ဂလိပ်ကျောင်း၌ ပညာသင်ခဲ့ရာ ဆယ်တန်းအောင်ပြီးသည့်နောက်တွင်လည်း အိမ်နီးချင်း မြတ်သူ၊ ပြုံးချိုတို့ကို အားကျမခံသဘောဖြင့် ရန်ကုန်တက္ကသိုလ်သို့ ရောက်လာခြင်း ဖြစ်လေသည်။

လုံးတင်၊ မြတ်သူ၊ ပြုံးချိုတို့ သုံးယောက်လုံးမှာ အပျိုလူပျိုကလေးများ အရွယ်ရောက်ကုန်ကြလေပြီ။ မြတ်သူမှာ လူချောတစ်ယောက်ဟု မဆိုနိုင်သော်လည်း ခံ့ညားတည်ကြည် ယောကျ်ားပီသသော မျက်နှာနှင့် အမူအရာ ရှိသည်ဖြစ်၍ ကျောင်းတော်သားများ အားထားတိုင်ပင်ရသော လူငယ်တစ်ယောက်ဖြစ်နေ၏။ ပြေးခုန်ကစားခြင်း စသော စပို့(စ်)များ၌ ဝါသနာမထုံလှဘဲ ကျောင်းတော်သားများအနက် ဆေးတံသောက်သူ လေးငါးဆယ်ယောက်တွင် တစ်ယောက်ပါဝင်၍ ဆေးတံတစ်ချောင်းနှင့် ဦးခေါင်းတဆတ်ဆတ် စိတ်ကူးနေတတ်သော်လည်း အခြား ကျောင်းသားများ ပြေးခုန် ကစားခြင်းများကို စိတ်ဝင်စားစွာနှင့် အားပေးအားမြှောက် ပြုတတ်လေသည်။ မိဘများ၏ ပစ္စည်း မတောင့်တင်းခြင်းကြောင့် အဝတ်ထည်လဲ မဝတ်နိုင်သော်လည်း ဝတ်နိုင်သမျှကို သပ်ရပ်စွာ ဝတ်ဆင်လေ့ ရှိသဖြင့် အဝတ်အထည် ပေါများလေဟန် အထင်ခံရလေသည်။

ပြုံးချိုမှာ ထီးချိုင့်၌ ကျွန်ုပ်တို့ မြင်ခဲ့ဖူးသော ပြုံးချို မဟုတ်တော့ချေ။ မြစ်ဆိပ်တွင် မိခင် ဒေါ်ဆက်ဖွတ်လျှော်ပေးသည့် သရက်ထည်အင်္ကျီနှင့်

www.burmeseclassic.com



လက်ရက်ချည်လုံချည်နေရာတွင် ပဒုမ္မာအင်္ကျီနှင့် 'တိုဘာရော်လ်ကိုး' အဆင်အဆန်း အလဲလဲ ဝတ်နိုင်ခဲ့လေပြီ။ ပြုံးချို၏ မျက်နှာမှာ လှပခြင်းထက် နာမည်နှင့်လိုက်အောင် အမြဲတမ်း ပြုံးနေတတ်ခြင်းကြောင့် ချစ်ခင်ဖွယ်ကောင်းခြင်းက ပိုမို ထင်ရှား၏။ ပြုံးချို၏ ဝတ်ပုံစားပုံနှင့် ကိုယ်ဟန် အနေအထားကို ကြည့်ရလျှင် အလွန်နွမ်းပါးသော တောင်သူလယ်သမား၏ သမီးဟူ၍ မည်သူကမျှ ထင်မည်မဟုတ်၊ တစ်သက်လုံး အကောင်းဆုံး အဝတ်များကို အလဲလဲ ဝတ်လာခဲ့ရသည့် မိန်းကလေးတစ်ယောက် ဟူ၍သာ အကဲဖြတ်ကြမည် ဖြစ်လေသည်။ ပြုံးချိုကို ကြည့်ရသည်မှာ မိမိ၏အဖြစ်ကို မိမိ အလွန်ကျေနပ်နှစ်သိမ့်နေပုံရ၏။ စကားပြောသောအခါ၌ မျက်ခုံးကလေး တချီချီ ပြောတတ်ခြင်းကြောင့် အချို့က ချစ်စရာ ကောင်းသည်ဟု ထင်ကြ၍ အမြင်ကတ်သူများကလည်း ဟန်လုပ်သည်ဟု ဆိုကြ၏။ ဒုတိယအုပ်စုတွင် လုံးတင်လည်း ပါဝင်လေသည်။

လုံးတင်မှာ အဝတ်အစား အဖြီးအလိမ်းအရာ၌ တစ်ကျောင်းလုံးတွင် ထိပ်တန်းမှ ပါဝင်၏။ စာသင်ရခြင်းထက် အလှပြင်ရခြင်း၌ ပို၍ စိတ်ဝင်စားပုံရ၏။ ကျောင်းတက်ရာ၌ပင် ပွဲနေပွဲထိုင် သွားဖို့အတွက် မချန်ဘဲ ဝတ်ချင်၏။ ရုပ်လက္ခဏာမှာ မိန်းမချော တစ်ယောက် ဟူ၍ပင် ခေါ်လောက်ပါပေသည်။ သို့သော် နဂိုရုပ် ဤမျှလောက်မဟုတ်၊ အပြင်အဆင်ကြောင့် လှခြင်းဖြစ်သည် ဟု အချို့ကျောင်းသူများက ပြောကြ၏။ လုံးတင်၌ ထူးခြားချက်တစ်ခု တွေ့ရသည်မှာ တက္ကသိုလ်၌ နေရခြင်းသည် ထီးချိုင့်၌ နေရခြင်းထက် ပျော်စရာကောင်းသည်ဟု ယူဆသည့် လက္ခဏာနှင့် အခါခပ်သိမ်း ရွှင်ရွှင်ပျပျ တွေ့ရတတ်လေသည်။

ကျောင်းသူ ကျောင်းသားများသည် အမေရိကန်ဓာတ်ကား တစ်ခု ကြည့်ခဲ့ကြဖူး၍ ၎င်းအကြောင်းကို ဝေဖန်လျက်ရှိကြရာ အချို့က အသတ်အပုတ်၊ အထိုးအကြိတ်ခန်းများသည် ယောကျ်ား၏ သတ္တိကို ထူထောင်အားပေးသည်ဟု ပြောကြ၏။ အချို့ကလည်း 'မက်လုံးပေး'ခြင်းသည် မိန်းမ၏အလုပ်ဖြစ်၍ ဤကိစ္စကို သရုပ်ပါအောင် ပြခြင်းသည် မိန်းကလေးများအဖို့ ပညာတိုးသည်ဟု ဆိုကြ၏။ ဤတွင် မြတ်သူက...

"မိန်းမကိစ္စကိုတော့ နားမလည်ပါဘူးဗျာ။ ယောကျ်ားတွေအတွက်နဲ့ ပတ်သက်လို့တော့ ဒီခေတ်ဟာ သူ့ရဲကောင်း 'ဆာနိုက်'တွေ အသားယူတဲ့





ခေတ်မျိုးမဟုတ်လေတော့ စစ်မှုထမ်းမည့် လူငယ်များအဖို့မှအပ သတ်ပုတ်ထိုးကြိတ်ခန်းတွေဟာ များစွာအသုံးမဝင်၊ စစ်သွေးထိုးပေးရာ ရောက်တယ်လို့ ဆိုနိုင်တယ်ဗျာ"

ဟု ပြောလိုက်၏။

"ခင်ဗျားက ဘယ်ကြိုက်မလဲ"

"သတ်တာပုတ်တာ ခက်တာ မဟုတ်ပါဘူး။ ခေါင်းအေးအေးနဲ့ စဉ်းစားဖို့က အရေးကြီးပါတယ်ဗျာ"

"ရှင့် ရည်းစားကို လူမိုက်တစ်ယောက်က လုရင် ဘယ့်နှယ်လဲ"

"သူ စွမ်းလို့ရရင်လည်း ယူပေါ့ဗျာ"

"ဗလက္ကာရ ပြုရင်ကောတဲ့ ရှင်"

"ဒါကတော့ ကိုယ့်ရည်းစားမှ မဟုတ်ပါဘူး။ ဘယ်မိန်းကလေးကို ဖြစ်ဖြစ် ကျူးပ်ကတော့ ကြည့်မနေနိုင်ပါဘူး"

"မျက်နှာလွှဲ နေလိုက်မယ်လား"

"ထွက်ပြေးမှာပေါ့၊ ကဲ...ကြိုက်ပလား"

အားလုံး ရယ်မောကြပြီးနောက် ပြုံးချိုအား တစ်ယောက်က...

"မေးခွန်းကို ဖြေဦးလေ"

ဟုပြောသည်နှင့် ထပ်ဆင့် ရယ်မောကြပြန်သည်တွင် ပြုံးချိုက...

"သူ့ဟာက အရင်းမရှိ အဖျားမရှိနဲ့ ဖြေတတ်ပေါင်ရှင်"

ဟုပြော၍ တသောသော ရယ်မောကြလေသည်။

လူစု ကွဲသွားပြီးသည့်နောက် ပြုံးချိုသည် မိမိ၏ အခန်းသို့ ပြန်ရောက်သောအခါ ကြေးနန်း တစ်စောင် ရောက်နေသည်ကို တွေ့ရသည်နှင့် ဖောက်ဖတ်ရာတွင် မန္တလေးမြို့၌ ပွဲစားကြီး ဦးတိုးကြွယ်သည် လေနာရောဂါနှင့် ရုတ်တရက် ကွယ်လွန်ကြောင်း ပါရှိလေသည်။

ပြုံးချိုအဖို့မှာ လောကကြီးတစ်ခုလုံး ပြိုကျသွားခဲ့လေပြီ။ ဦးတိုးကြွယ် သေဆုံးလျှင် ပြုံးချိုအဖို့၌ ကျောင်းထွက်ပြီး ထီးချိုင့် ပြန်ရုံမှတစ်ပါး အခြားနည်းလမ်း မမြင်ချေ။ အနောက်တိုင်းပြည်များ၌ ဤသို့သော ကိစ္စမျိုးတိုင် ဦးတိုးကြွယ်၏ သေတမ်းစာကို မျှော်လင့်ရန် ရှိသေး၏။ မည်သို့မည်ပုံ မှာထားခဲ့သည် မပြောနိုင်ချေ။ သေတမ်းစာ ထုံးစံမရှိသော မြန်မာပြည်အဖို့မှာ ဦးတိုးကြွယ် အသက်ရှင်ခိုက်တွင် သဒ္ဒါတရားအလျောက် ကြည့်ရှု စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်၍ မျက်စိမှိတ်သော တစ်နေ့တွင် ပြီးဆုံးရမည်သာ ဖြစ်၏။ စင်စစ်အားဖြင့် ပြုံးချိုအား သမီးအမှတ်ဖြင့် တချုပ်နှင့် မွေးစားခဲ့ခြင်းလည်း မဟုတ်ချေ။

ပြုံးချိုသည် ကြေးနန်းကိုပစ်ချ၍ ကုလားထိုင်ပေါ်၌ထိုင်ကာ ရှေ့ရေးရှေ့ရာကို စဉ်းစားငိုင်လျက်ရှိစဉ် လုံးတင်နှင့် အခြား ကျောင်းသူတစ်ယောက်သည် အခန်းထဲသို့ ဝင်လာ၍ ပြုံးချို၏ ညှိုးငယ်သော မျက်နှာကို မြင်ကြသည်နှင့် မေးမြန်းရာ ပြုံးချိုက ကြေးနန်းကိုပြပြီး အကျိုးအကြောင်း ပြောပြ၏။ အခြားကျောင်းသူသည် ပြုံးချိုအတွက် တကယ် ဝမ်းနည်းသော်လည်း လုံးတင်မှုကား ရန်သူတော်တစ်ယောက် ရှင်းသွားချေပြီဟု ယူဆသည့် လက္ခဏာနှင့် လိုက်လိုက်လှဲလှဲ ဝမ်းမနည်းချေ။ သို့သော် ဝတ်ကျေဝတ်ကုန် ဝမ်းနည်းစကားပြောပါပေသေးသည်။ လုံးတင်က ပြုံးချိုအား 'ရန်သူတော်'အနေနှင့် ဖြစ်ရခြင်းမှာ မြတ်သူကို အပြိုင်အဆိုင် ကြည်ညိုခြင်းသာမက ပြုံးချို၏ ချစ်ဖွယ်ကောင်းသော မျက်နှာနှင့် အမူအရာကြောင့် ကျောင်းတွင် 'ပေါ်ပြူလာ' ဖြစ်ခြင်းအတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည့်အစား မခံနိုင်သော စိတ်မျိုးပင် ဖြစ်ချေသေး၏။ သို့သော် မြတ်သူအား အလုအယက် ကြည်ညိုကြခြင်းသည် အကြောင်းရင်းခံ ဖြစ်ဟန်တူပေသည်။ ဤသို့မဟုတ်ပါက လုံးတင် ဝမ်းသာနိုင်ပါမည်လော မပြောတတ်ပေ။

ပြုံးချိုသည် ဦးတိုးကြွယ်၏ ရှာပနကို မီစေရန် ထိုနေ့ည စာပို့ရထားနှင့်ပင် လိုက်တော့မည်ဖြစ်၍ လုံးတင်တို့ ထွက်သွားပြီးနောက်တွင် အထုပ်အပိုးပြင်ဆင်လျက်ရှိစဉ် မြတ်သူ ပြေးတက်လာ၍ လိုက်လိုက်လှဲလှဲ ဝမ်းနည်းစကားပြောသော်လည်း နှမအရင်း တစ်ယောက်အတွက် ဝမ်းနည်းခြင်းမျိုးသာဖြစ်၍ ပြုံးချိုအားရပုံ မပေါ်ချေ။ အိပ်ရာလိပ်၊ သေတ္တာ စသည်များကို ကူညီပြင်ဆင်ပေးခဲ့ပြီးနောက် မြတ်သူသည် ကျောင်းအုပ်ချုပ်ရေး ဆိုင်ရာတို့ကို ပြုံးချိုအတွက် ပြောပေးရန် ထွက်သွား၏။ ပြုံးချိုသည် သားရေသေတ္တာပေါ်တွင် ထိုင်လျက် လွန်ခဲ့ပြီးသော အဖြစ်အပျက် တစ်ခုကို ပြန်ပြောင်း တွေးတောရင်း သက်ပြင်းတချချ ဖြစ်နေလေ၏။

ဖြစ်ပျက်ပုံကား အင်းလျားကန်ထဲ၌ ကျောင်းတော်သူ ကျောင်းတော်သားများ လှေကစားကြစဉ် လှေမှောက်၍ ကမ်းသို့ကူးလာကြရသည်။ လှေပေါ်တွင် လုံးတင်၊ ပြုံးချိုနှင့် အခြားကျောင်းသူ နှစ်ယောက်၊သုံးယောက် ပါရှိ၍





မြတ်သူနှင့် အခြား ကျောင်းသားများက ကမ်းမှ ကြည့်နေကြ၏။ မိန်းကလေးအားလုံး ရေကူးလာကြသော်လည်း ပြုံးချိုမှာ နှာစေးသဖြင့် 'ဆွယ်တာ' ဝတ်ထားသောကြောင့် ရေတွေ စုပ်ပြီး လမ်းတစ်ဝက်ဟွင် အခက်အခဲတွေ့နေ၏။ ဤတွင် ကမ်းမှကြည့်နေသော မြတ်သူသည် မြစ်ကမ်းနားသားတစ်ယောက်ပီပီ ရေကျင်လည်သည်နှင့် ခုန်ဆင်းပြီး ပြုံးချိုကို အကူအညီပေးကာ ကမ်းသို့ ချောမောစွာ ကူးလာနိုင်ကြလေသည်။ ပြုံးချိုမှာ ငယ်စဉ်ကတည်းက 'ဟီးရိုး' အနေနှင့် ကြည်ညိုခဲ့သည့် အထဲတွင် အသက်သခင် ဖြစ်လာပြန်သောကြောင့် ကျေးဇူး အတင်ကြီး တင်မိတော့သည်။ ငယ်ရွယ်သူများအဖို့တွင် ကျေးဇူးတင်ခြင်းမှ မေတ္တာ သက်ဝင်ခြင်းသို့ ကူးပြောင်းရန်မှာ ခြေတစ်လှမ်းမျှ ရှိပေသည်။

ပြုံးချိုသည် ဤအဖြစ်အပျက်ကို ခဏခဏ တွေးတောမိရာ ထိုညနေ၌မူ တွေးရင်း သက်ပြင်းချမိရာမှ မျက်ရည်တွေ ကျလာတော့သည်။ မြတ်သူ ပြန်ရောက်လာ၍ ပြုံးချို ငိုယိုခြင်းကို မြင်သော်လည်း မိမိအတွက်ကြောင့်ဟူ၍ မရိပ်မိ၊ ကျောင်းထွက်၍ သူငယ်ချင်းများနှင့် ခွဲခွာရမည့် အရေးသည်ပင်လျှင် ငိုလောက်သော အခြင်းအရာ ဖြစ်သည်ဟု နားလည်ကာ အားပေးစကားမျှသာ ဖြစ်၏။ ပြုံးချိုမှုကား 'ဒါကြောင့် မဟုတ်ဘူး ကိုမြတ်သူရေ့' ဟု ဟစ်ငိုကာ ပြောလိုက်ချင်သော်လည်း ချုပ်တည်းအောင့်အည်း ထားလိုက်ရသည်။

မီးရထားတွင် လုံးတင်၊ မြတ်သူနှင့် အခြား ကျောင်းသူ လေးငါးယောက် လိုက်ပို့ကြရာတွင် ပြုံးချိုမှာ ရင်ထဲ၌ တစ်ဆို့ကြီး ဖြစ်သောကြောင့် နှုတ်ဆက်ခြင်းကိုပင် ကောင်းစွာ ပြန်မပြောနိုင်ချေ။ မီးရထားထွက်သောအခါ၌ သူငယ်ချင်းအားလုံး လက်ကိုင်ပဝါယမ်း၍ ပြကြသည့်အထဲတွင် လုံးတင်သည် မြတ်သူ၏ပခုံးပေါ်သို့ လက်တင်ကာ ဝမ်းနည်းပုံ မရသောမျက်နှာနှင့် မျှော်ကြည့်ရင်း ကျန်ရစ်ခဲ့သည်ကား ပြုံးချို၏ နှလုံးသားပေါ်တွင် မပျောက်ပျက်နိုင်အောင် အမှတ်တံဆိပ်ရိုက်လျက် ပါလာချေတော့သတည်း။

## အခန်း ၃

ပြုံးချိုသည် မန္တလေး ဘူတာရုံသို့ ဆိုက်ရောက်သောအခါ ကြေးနန်း မရိုက်သော်လည်း လိုလိုမည်မည် လာ၍ ကြိုကြသော မတင်ဦး၊ မောင်ထွန်းစိန်တို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှင့်တွေ့၍ မော်တော်ကားဖြင့် တင်ခေါ်သွားကြသည်။ မောင်နှမနှစ်ယောက်တို့ကလည်း ပြုံးချိုအား တကယ်ပင် ကြင်နာကြပါပေသည်။ ပွဲကုန်းရပ်ကွက်၌ ဝင်းကြီးတစ်ဝင်း အတွင်းရှိ ပွဲစား ဦးတိုးကြွယ်၏ တိုက်ခံအိမ်ကြီးမှာ မန္တလေး တစ်မြို့လုံးတွင် အကောင်းဆုံးနှင့် အသားနားဆုံးတိုက်အိမ်ကြီးတစ်လုံးဖြစ်၍ ပန်းဥယျာဉ်ကြီးအလယ်တွင် သိုက်မြိုက် တင့်တယ်လှပါပေသည်။ ကားပေါ်မှ ဆင်းသည်နှင့် တစ်ပြိုင်နက် ခေါင်းသွင်းထားပြီးဖြစ်သော ဦးတိုးကြွယ်၏ အလောင်းအနီး၌ ဒူးထောက် ဝပ်လျှိုးကာ ပြုံးချိုကန်တော့ခြင်းကို ညှော်ပရိသတ်များအားလုံး ငေးကြည့်နေကြ၏။ ဓာတ်သိပရိသတ်တချို့၏စိတ်၌ ပြုံးချိုက ကျေးဇူးများကို ဖွဲ့နွဲ့ငိုကြွေးသောအခါတွင် ကောင်းစားရာမှ ရုတ်တရက် ဆင်းရဲရရှာဦးမည့် သူငယ်မဆို၍ ကရုဏာသက်သည်နှင့် ဤတိုက်ကြီးနှင့် ဤစည်းစိမ်တို့သည် မတင်ဦး မောင်နှမထက် ဤသူငယ်မနှင့်သာ၍ ထိုက်တန်သည်ဟူ၍ အချို့က အောက်မေ့ကြလေသည်။

ပြုံးချိုသည် ဈာပနကိစ္စ ပြီးသောအခါ၌ မန္တလေးကျောင်းတွင် ၁၀ တန်းအထိ ပညာသင်ခဲ့သည့် အချိန်ကာလအတောအတွင်း မိမိအတွက် တသီးတသန့် အထူး သိုက်မြိုက်လှပအောင် ပြင်ဆင်ပေးထားသည့် အခန်းထဲသို့ ဝင်ကာ မွေ့ရာခုတင်၊ မှန်တင်ခုံမှ စ၍ အပျိုကလေးတို့၏ အိမ်ထောင်မှုပစ္စည်းများကို နောက်ဆုံး နှုတ်ဆက်ခြင်းအနေဖြင့် မျက်ရည်တတွေတွေနှင့် ဟိုဟာကိုဖက်၊ ဒီဟာကိုနမ်း ပွေ့ယမ်းနှုတ်ဆက်နေခြင်းများမှာ တိတ်တဆိတ်ချောင်းကြည့်နေသော မတင်ဦးပင် မျက်ရည်မဆည်နိုင်အောင် ရှိပါဘိတော့သည်။ မတင်ဦးက မခွဲခွာဘဲ မိမိတို့နှင့်အတူ ဆက်လက်နေထိုင်ရန် တောင်းပန်ပါသေး၏။ သို့သော် မဖြစ်နိုင်သော အကြောင်းတစ်ချက် ရှိသည်ကား မောင်ထွန်းစိန်သည် ပြုံးချိုအပေါ်၌ ရိုးရိုးချစ်ခင်ခြင်း မဟုတ်တော့ဘဲ စိတ်ပြောင်းလဲခြင်း ရှိလာသည်ကို တက္ကသိုလ်မသွားခင်ကတည်းက ပြုံးချို ရိပ်မိလေပြီ။ ဦးတိုးကြွယ် ကိုယ်တိုင်ကလည်း ချွေးမဖြစ်ဖို့ ရည်မှန်းလေသလောဟု သံသယဖြစ်မိ၏။ တက္ကသိုလ်မရောက်မီအဖို့၌ ဖြစ်ချင်ဖြစ်နိုင်လောက်သော်လည်း ယခုမူ ပြုံးချို၏ စိတ်၌ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ချေ။ သို့ဖြစ်၍ မောင်နှမနှစ်ယောက်တို့၏ လောကဝတ် မပါ၊ တကယ် ကြည်ဖြူစွာ တားခြင်းကို ငြင်းပယ်၍ ပြုံးချိုသည် ဗန်းမော် စာပို့သင်္ဘောဖြင့် ထီးချိုင့်သို့ လိုက်ပါလာခဲ့လေ၏။ စိန်ထည်များမှအပ ဆွဲကြိုး၊ လက်ကောက် စသော





လက်ဝတ်လက်စားများကိုမူ မတင်ဦးက အပြီးအပိုင် ပေးလိုက်ပါပေ့သည်။

ဦးမောင်နှင့် ဒေါ်ဆက်တို့သည် သမီးပြုံးချို ပြန်လာခြင်းကို တွေ့ကြသောအခါ မန္တလေးမြို့၌ ပွဲစားကြီး ဦးတိုးကြွယ် ကွယ်လွန်ခြင်းအကြောင်းကို သစ်ဖောင်သူကြီး လောကတစ်ခုလုံး သွက်သွက်ခါသွားကတည်းက သိပြီးဖြစ်၍ သမီး ပြန်လာလိမ့်မည်ဟု တွေးထင်ကြပြီး ဖြစ်သည်နှင့် အံ့သြခြင်း မရှိချေ။ မိဘများသည် ပြုံးချိုအတွက် အခန်းကလေးကိုပင် ရှင်းလင်းပြင်ဆင်ထားနှင့် ကြလေသည်။ သို့သော် ဤမျှလောက် လျင်မြန်စွာ ပြန်ရောက်လာလိမ့်မည် ဟူ၍ကား မမျှော်လင့်ကြသည်နှင့် သမီးကို မျှော်လင့်သည်ထက် စောစော တွေ့ရခြင်းအတွက် ဝမ်းသာရကြသေး၏။

ပြုံးချိုသည် မန္တလေးမြို့၌ ဆယ်တန်းအောင်သည့်တိုင်အောင်နေခဲ့ရာသည်အတွင်း ထီးချိုင့်သို့ တစ်ခေါက်တည်းသာ အလည်ရောက်ခဲ့၏။ ထိုတစ်ခေါက်၌ပင် မိဘများ၏ အနေအထိုင် နုပ်စုတ်ခြင်းအတွက် ရှက်သည်နှင့် နောက်ထပ် မလာတော့ဘဲ တစ်ခါတစ်ရံ စာရေးရုံမျှ ရေးထည့်ရာ မိဘများမှာ ပြုံးချို၏ စာကိုဖတ်ခြင်းဖြင့်သာ အလွမ်းဖြေရှာကြရသည်။

ပြုံးချိုသည် အိမ်သို့ ပြန်ရောက်၍ အိမ်ကုပ်နှင့် အခန်းစုတ်ကို မြင်ရသည်တွင် နှာခေါင်းရှုံ့ချင်၏။ မိဘများနှင့် အတူတကွ နေရတော့မည်ဆို၍ ဝမ်းမြောက်မည့်အစား အနေအထိုင် နုံချာခြင်းအတွက် ရှက်ခြင်းကြောင့် ဝမ်းနည်းခြင်းက ပို၍ ထင်ရှားလေသည်။ စင်စစ်မှာလည်း ပဒုမ္မာဒိုဘီကျနှင့် တိုဘရောလ်ကို ထည်လဲဝတ်နေသော ပြုံးချိုနှင့် ဤအိမ်စုတ်မှာ အမှိုက်ပုံထဲတွင် ပန်းပွင့်နေခြင်းကဲ့သို့ အဆင်မပြေ ရှိနေလေတော့သည်။

မိဘများသည် ပြုံးချို၏ ပျော်ပုံမရသော မျက်နှာထားကို မြင်ကြ၍ သမီးအတွက် ဝမ်းနည်းကြ၏။ သို့သော် မိဘများနှင့်အတူ နေရခြင်းကို မလိုလားဘဲ ရှိရချေမည်လောဟု အပြစ်မပြော၊ ဟုတ်ရာပေလိမ့်မည် ဟူ၍သာ သုံးသပ်မိကြ၏။ ပြုံးချိုသည် မိမိအပေါ်၌ မိဘများ စိတ်ထားကို ရိပ်မိ၍ မိမိအမှားကို မြင်သည်နှင့် မိမိ၌ ပါလာသော အဝတ်အထည်များအနက် အချို့ကို မိခင်အတွက် ခွဲဝေပေးခြင်း၊ အထည်မချုပ်သေးသော ပိတ်အုပ်ကို မိခင်နှင့် ဖခင်အတွက် အင်္ကျီချုပ်ပေးခြင်း၊ အချို့ကို ရောင်းချ၍ ဖခင်အတွက် ဖိနပ်၊ ခေါင်းပေါင်းဝယ်ပေးခြင်း စသည်ဖြင့် ဝမ်းသာအောင် လုပ်ပေးသည်။ သို့ရာတွင် မိဘများက–



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...သမီးမလုပ်နဲ့၊ ငါတို့က လူကြီးတွေ ဘာဝတ်ဝတ် ဖြစ်တယ်။ ငါ့သမီးသာ လှအောင်ဝတ်၊ ငါ့သမီးလှရင် အမေတို့ ဝမ်းသာတယ်"

ဟု ပြောရှာကြ၏။ နောက်ဆုံး၌ ပြုံးချိုက...

"ကျွန်မ အဖေ၊ အမေကို နပ်နပ်စုတ်စုတ် မကြည့်နိုင်ဘူး။ ပြောင်ပြောင်လက်လက် မြင်ရမှ ကျေနပ်နိုင်မယ်"

ဆိုကာ အတင်းချုပ်လုပ်ပေးသည်နှင့် ဝတ်ဆင်ကြရလေသည်။

အိမ်နီးချင်းများသည် သူဌေးသမီးရောင်ပြေးခဲ့သော ပြုံးချိုကို လာကြည့်ကြ၍ မိဘရပ်ထံသို့ မပေါ်လာဘဲ ငုပ်နေနိုင်သော သမီးဆို၍ ပြစ်တင်စကားပြောကြခြင်းအတွက် ပြုံးချိုမှာ နောင်တကြီးရကာ ငုံ၍သာ ခံရတော့သည်။ အိမ်နီးချင်းတို့ ထုံးစံအတိုင်း မိဘကို သတိမရတဲ့ မိန်းမတစ်ယောက် ဒီတစ်ခါတော့ နှာခေါင်းကျည်ပွေ့တွေ့ရောပေါ့ဟု သဘောထားများလည်း ရှိ၍ ပြုံးချို၏ ချစ်ဖွယ်ကောင်းသော မျက်နှာထားကြောင့် ကရုဏာသက်ကြသူများလည်း ရှိကြပါလေသည်။

မိဘများသည် ပြုံးချိုအား အိမ်တွင်းမှု အလုပ်ကလေးမျှလောက်ကိုပင် မလုပ်စေဘဲ ဝတ်ကောင်းစားလှနှင့် အိမ်ဦးခန်းတွင်ထိုင်ကာ ဧည့်ခံ စကားပြောနေလျှင် အလွန် ကျေနပ်၍ တပြုံးပြုံး ရှိနေ၏။ ပြုံးချိုကလည်း ဤအတိုင်းပင်နေ၏။ စားသောက်ရာ၌လည်း မိဘနှစ်ပါးနှင့် မောင်ကလေး ထွန်းရှင်တို့သည် ချဉ်ပေါင်ဟင်း၊ ငါးပိကောင်နှင့် စားကြ၍ ပြုံးချိုအတွက် ကြက်၊ ဝက်စသော ဟင်းကောင်း တစ်ခွက် အပို ချက်ပေး၏။ ဈေးသွား ငါးဝယ်အလုပ်ကိုပင် ပြုံးချို လုပ်သောအခါ၌ မောင်ကလေး ထွန်းရှင်အား ဈေးတောင်းဆွဲ၍ လိုက်စေလေသည်။ ထီးချိုင့်မှာ ကျေးရွာတစ်ပိုင်းဖြစ်၍ မိန်းကလေးများသည် သုံးရေသောက်ရေကို မြစ်ဆိပ်မှ ကိုယ့်ဟာကိုယ် ခပ်လေ့ရှိသော်လည်း ပြုံးချိုကား ရေမခပ်၊ ထွန်းရှင်ပင် ရေခပ်ရသည်။

တစ်နေ့သ၌ မီးဖိုချောင်တွင် ဒေါ်ဆက် 'ငါးကိုင်'သည်ကို ပြုံးချို ထိုင်ကြည့်နေစဉ် ဒေါ်ဆက်၏လက်ကို ဓားထိသွား၍ သွေးတဖြန်းဖြန်း ထွက်လာ၏။ ဤတွင် ပြုံးချို၏ စိတ်၌ ထိခိုက်သွားတော့သည်။ ထမင်းပွဲ၌လည်း ဖခင်ဦးမောင်က "သမီး ကြိုက်တတ်တဲ့ ငါးကြင်းခေါင်း" ဆို၍ အဆီစုပြီး အကောင်းဆုံး အပိုင်းဖြစ်သော ခေါင်းပိုင်းကို ပြုံးချို၏ ပန်းကန်ပြားထဲသို့ ထည့်ပေးလိုက်၍ ပြုံးချိုသည် အခါတိုင်းကဲ့သို့ ဝမ်းမြောက်ကာ မစားနိုင်ဘဲ ရင်ထဲ၌ ဆို့တက်သွားတော့သည်။





ထိုနေ့မှစ၍ ပြုံးချိုသည် အိမ်ဦးခန်းတွင် ဇန်းပြသော အနေအထိုင်ကို စွန့်လွှတ်၍ အိမ်တွင်းမှုအလုပ် ဟူသမျှကို မိခင်ကိုယ်စား ကျုံး၍လုပ်၏။ မောင်ကလေး ထွန်းရှင်အား ရေမခပ်စေဘဲ ပြုံးချို ကိုယ်တိုင် ရေခပ်၏။ ရေအိုးကို မပင့်တတ်၍ အခြား မိန်းကလေးများ ရယ်မောခြင်း ခံရသော်လည်း ပြုံးချို မရှက်၊ ကြိုးစား၍ အကျင့်ရအောင် လုပ်တော့သည်။ ထမင်းပွဲတွင်လည်း တစ်ယောက်တည်း ဟင်းကောင်း မစားရုံမက အကောင်းဆုံးသော ဟင်းတုံးကို ဖခင်အဖို့ ရှေးဦးစွာ ဦးချလိုက်သည်။ သင့်တော်ရုံ အဝတ်မျှနှင့် တံမြက်လှည်းခြင်း စသော ပေရေသည့် အလုပ်မျိုးကို လုပ်ရုံမက လယ်ထဲ၌ ကောက်စိုက်ခြင်း စသည့် မိန်းမ အလုပ်အကြမ်းများကိုပင် လေ့ကျင့် ကူညီလေတော့သည်။ အိမ်နီးချင်းများသည် ပြုံးချို ပြောင်းလဲလာခြင်းကို မြင်ကြ၍ ကရုဏာဖြစ်ကြသည်။ မိဘများကမူကား တစ်ဖက်တွင် ဝမ်းသာသော်လည်း 'ငါ့သမီးကလေး မတန်မရာ လုပ်ရရှာသည်' ဆို၍ တစ်ဖက်တွင် ယူကျုံးမရ ဖြစ်ကြလေသည်။

အိမ်နီးချင်းများ၌လည်း တစ်နည်းတစ်ဖုံ ပြောင်းလဲခြင်း ရှိလာကြသည်။ သက်ငယ်များ ဆွေးမြည့်နေသောကြောင့် မိုးမလုံတလုံ ဖြစ်နေသော ဦးမောင်၏ အိမ်အတွက် သက်ငယ် တစ်ပွေ့စီ ယူလာကြ၍ တစ်ရပ်လုံး ဝိုင်းမိုးပေး၏။ အချို့ မိန်းကလေးများက ပြုံးချို ရေခပ်သည်မှာ ကြည့်၍ မကောင်းဆိုကာ တစ်ယောက် တစ်အိုးစီ ခပ်ပေးကြ၏။ ထင်းဖြတ်ခြင်း စသည့် အလုပ်ခပ်ကြမ်းကြမ်းများကို ပြုံးချိုလုပ်နေတိုင်း မကြည့်ရက်နိုင်သူက ဝင်၍ လုပ်ပေးသွား၏။ ဈေးသွားသမားများကပင် "ဘာမှာဦးမလဲ"ဟု အိမ်ရှေ့က မေးပြီးမှ သွားတတ်ကြလေသည်။ မိဘများကတင်မက အရပ်သူအရပ်သားများကပါ မိမိအား ဝိုင်းဝန်းကူညီကြသည်များကို တွေ့ရသောအခါ ပြုံးချိုမှာ ထီးချိုင့်သည် မိမိနှင့် မတန်ဟု သဘောပိုက်ခဲ့ဖူးရာမှ နေထိုင်ချင့်စဖွယ် အလွန်ကောင်းသောဒေသ ဟူ၍ မြင်လာခဲ့လေသည်။

တစ်နေ့သ၌ ပြုံးချိုသည် အတော်ကြီးလျက်နှင့် ရှင်မပြုရသေးသော မောင်ကလေး ထွန်းရှင်ကို သတိရ၍ ပါလာခဲ့သော ရွှေလက်ကောက်၊ ဆွဲကြိုးအပြင် ပိုးဖဲအဝတ်ကောင်း အချို့ကိုပါ ရောင်းချ၍ ရှင်ပြုရန် စီမံလေသည်။ သို့ရာတွင် မည်သူ့ အလှူ၌ ဝက်သား ကျွေး၍ မည်မျှ ကုန်သည် စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပေးကြသော အိမ်နီးချင်းများလည်း ရှိ၏။ ပြုံးချိုက မိမိ၏ ရွှေထည်နှင့် အဝတ်အစား ရောင်း၍ရသောငွေဖြင့် အသင့်အတင့်သာ လုပ်လိုသော်လည်း ဦးမောင်နှင့် ဒေါ်ဆက်မှာမူ တစ်ခါတစ်ရံ လုပ်ရသည်ကို လုလုပပ လုပ်ချင်သည်ဟုဆိုကာ လယ်ကို ဘုရားဒကာခင်ထံတွင် ပေါင်ပြီး ၎င်းဒေသ တစ်ဝိုက်တွင် နာမည်ကြီးသည့် ညွန့်ရီဇာတ်ပွဲနှင့်တကွ အလှူကြီး ပေးလိုက်လေသည်။

## အခန်း ၄

မြတ်သူမှာ လုံးတင်နှင့် ပြုံးချိုတို့ အမြင်တွင် ငယ်ငယ်ကတည်းက 'ဟီးရိုး' ဖြစ်ခဲ့ရာ တက္ကသိုလ်၌ ဆုံမိကြပြန်ရာတွင်လည်း မိန်းကလေး နှစ်ယောက်တို့၏ အထင်ကြီးခြင်းကို ဆက်လက်ခံယူစေကာမူ တစ်ရပ်တည်းသူများအနေနှင့် စောင့်ရှောက်ခြင်းမှတစ်ပါး အခြားသော စိတ်မျိုးမရှိချေ။ ပြုံးချိုက ရေကန်ထဲမှ တစ်ကြိမ် ကယ်လိုက်ဖူးခြင်းအတွက်ကြောင့် ကျေးဇူးတင်သော အထိမ်းအမှတ်မျိုး ဖော်ပြစေကာမူ မြတ်သူက သာမန်မျှသာ သတိပြုလိုက်မိသည်။ ဤသူငယ်ကား အခြား ကျောင်းသားများနှင့် မတူသော အချက်များ ရှိသည့်အတွက်ကြောင့် 'လူဆန်း'တစ်ယောက်ဟူ၍ အချို့က စွပ်စွဲကြသေးသည်။

ဆန်းပုံကား ဤသို့တည်း။ ပြုံးချို ပြန်သွားပြီးနောက် တစ်နေ့သ၌ လုံးတင်က ကျောင်းအိပ် ကျောင်းစား နေကြသော ကျောင်းသားချင်းဖြစ်သည့် အလျောက် ရွှေတိဂုံဘုရားပွဲတော်သို့ မိမိနှင့် အခြားကျောင်းသူ နှစ်ယောက်ကို လိုက်ပို့ရန် ပြောသဖြင့် မြတ်သူက ကတိထားလိုက်၏။ မြတ်သူသည် အသုံးအစွဲ ကျစ်လျစ်သောကြောင့် အချို့သော ကျောင်းသားများကဲ့သို့ လကုန်ခါနီးအချိန်များတွင် အဝတ်အစားကို အပေါင်ဆိုင်သို့ ပို့ရဖူးခြင်းလည်း မရှိ။ လမ်းရှိတိုင်း အကောင်းဆုံးချည်း မဝတ်၊ သူ့လမ်းနှင့်သူ ထိုက်သင့်ရုံ ဝတ်ပြီး ပြန်လာသောအခါ၌ သပ်ရပ်စွာ ခေါက်သိမ်းတတ်သော အလေ့အကျင့်ရှိသည် ဖြစ်၍ အခြား ကျောင်းသားများက အဝတ်အစား ပေါသော ကျောင်းသား တစ်ယောက်ဟူ၍ အထင်ကြီးခြင်း ခံရလေသည်။

ထိုနှစ် ရွှေတိဂုံပွဲတော်မှာ အင်္ဂလိပ်လ ကုန်ခါနီးတွင် ကျင်းပသည်ဖြစ်၍ အချို့ ကျောင်းသားများမှာ အပေါင်ဆိုင်၌ ပေါင်နှံထားသော အဝတ်များကို လမကုန်သေး၍ အိမ်မှ ငွေမရောက်သေးသောကြောင့် မရွေးနုတ်နိုင်ဘဲ ဖြစ်နေ





၏။ ဤတွင် အဝတ်ပေါများသည်ထင်ကြသော မြတ်သူထံသို့ တစ်ယောက်ပြီး တစ်ယောက်လာ၍ လုံချည်ငှားသူများက ငှား၊ ကိုယ်လုံးတူသူများက အင်္ကျီငှားလို ငှား၊ ပိုက်ဆံချေးသူက ချေး ပြုလုပ်ကြသည်။ မြတ်သူမှာ အဝတ်ဟစ်စုံတည်း ချန်ထားပြီး အားလုံးငှားလိုက်မိရာ အဝတ်လဲတော့မည်ပြု၍ ထုတ်ကြည့်သောအခါမှ 'ပင်မင်း'ပေးထားသော ပိုးအင်္ကျီမရောက်လာသေးကြောင်း သိရ၍ အဝတ်မပြည့်စုံဘဲ ဖြစ်နေတော့သည်။

လုံးတင်နှင့် ကျောင်းသူနှစ်ယောက်တို့က ဘုရားပွဲသို့သွားရန် ကျောင်းအောက်မှ ခေါ်ကြသောအခါ မြတ်သူက ရုတ်တရက် ခေါင်းကိုက်သောကြောင့် မလိုက်နိုင်ဟု ပြောရသည်။ မိန်းကလေးများက အလွန်'ခွ'လုပ်သော လူတစ်ယောက်ဟု ဆူပူကာ ထွက်သွားကြ၏။ မြတ်သူသည် အခြားကျောင်းသူ ကျောင်းသားများ ဝတ်စားပြင်ဆင်ကာ ပွဲသွားကြခြင်းများကို ပြတင်းပေါက်မှ ချောင်းကြည့်သော်လည်း မိမိ၏ အဝတ်များကို ငှားမှ ငှားလိုက်မိလေခြင်းဆိုသည့် မကျေနပ်သော မျက်နှာမျိုး မရှိချေ။ မသွားရခြင်းအတွက် ပိုက်ဆံကုန်သက်သာသေးသည်ဟု ကိုယ့်ဟာကိုယ် ဖြေဆည်လေတော့သည်။

ပြုံးချို ပြန်မသွားမီ၌ ပြုံးချိုနှင့် လုံးတင်တို့သည် ကျောင်းသူများအနက်တွင် အဝတ်နိုင်ဆုံး အပိုင်းကလည်း ဖြစ်ပြန်၊ မြတ်သူနှင့် အပြိုင်အဆိုင် အရောဝင်ကြသည်လည်း ဖြစ်ရကား အခြားကျောင်းသားများသည် မြတ်သူ၏ အဖြစ်ကို သွားရည်ကျ၍ 'တယ် တော်တဲ့လူပဲ'ဟု ချီးကျူးကြသည်။ သို့ရာတွင် မြတ်သူသည် ကျောင်းသားများ၏ ချီးကျူးခြင်းကို ဟန်လုပ်၍ ပဲ့ဘိချင်ယောင်မဆောင်ဘဲ 'နကလေးတွေလိုနေတာပါ'ဟု ပြန်ပြော၍ ပြောသည့်စကားအတိုင်းလည်း ရိုးသားသော စိတ်ထား ရှိလေသည်။ ထိုအချိန် သို့တိုင်အောင် မြတ်သူသည် မိန်းကလေး နှစ်ယောက်စလုံးအပေါ်၌ စိတ်ကွက်ခြင်း မရှိချေ။ မိန်းကလေး နှစ်ယောက်က မိမိ အပေါ်၌ အပြိုင်အဆိုင် သဘောထားခြင်းကို မြတ်သူ ရိပ်မိသော်လည်း ကိုယ့်ဟာကိုယ် သွေးကြီးသွားလိမ့်မည်ဆို၍ တစ်ခါတစ်ရံတွင် ဝင်လာသော စိတ်ကူးကို ဖျောက်ပစ်လိုက်သည်။ ဤသည်မှာ မြတ်သူ၏ ထူးခြားချက်ပေတည်း။ အဘယ့်ကြောင့်ဆိုသော် လူတိုင်းသည် မိမိအား မြှောက်ပေးရာရောက်သော အတွေးအခေါ်များကို လက်သပ်မွေးထားပြီး အရသာခံတတ်သောကြောင့်ပေတည်း။ ဤသည်ပင် နှောင်ကြိုးကို ခိုင်မြဲစေနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်သူသည် ဘီအေ စာမေးပွဲကို 'အော်နာ'နှင့် ဖြေဆိုခဲ့ပြီးနောက် လုံးတင်နှင့်အတူ ထီးချိုင့်သို့ ပြန်လာရာ မြို့သူမြို့သားများသည် ဟီးရိုးသဖွယ် ကြိုဆိုကြ၏။ မြတ်သူမှာ ထီးချိုင့်မှ ပထမဦးဆုံး ဘီအေ ရောက်သူဖြစ်၍ လုံးတင်မှာလည်း အိုင်အေ ပထမနှစ် စာမေးပွဲ ဝင်ခဲ့သောကြောင့် မိန်းကလေး တစ်ယောက်အဖို့ ထူးပါပေသည်။ မြို့သူမြို့သားများသည် မြတ်သူ၏ ပညာနှင့် လုံးတင်၏ ပစ္စည်းကို နှိုင်းယှဉ်ချက် ထုတ်ကြည့်၍ အလွန် သင့်မြတ်သော စုံတွဲဟူ၍ မြင်ကြလေသည်။

ကျေးရွာများနှင့် မြို့ငယ်များတွင် လူထု၏ မှန်းရွယ်ချက်သည် လွန်စွာ အရေးကြီး၏။ များသောအားဖြင့် ရည်မှန်းသည့်အတိုင်း ဖြစ်တတ်လေသည်။ ဤအခြင်းအရာကို ရိပ်မိသော ပြုံးချိုမှာ မျှော်လင့်ချက် မရှိသလောက် ဖြစ်နေ၏။ ပြုံးချိုကမူ မြတ်သူအား အဘယ်မျှလောက် ကြည်ညိုသည်ကို အောက်ပါ အဖြစ်အပျက်ဖြင့် သိနိုင်ပေသည်။

တစ်နေ့သ၌ မြတ်သူသည် တောင်ပေါ်ရှိ မြသိန်းတန်ဘုရားသို့ တက်၍ လှူသူ ပြတ်လပ်သည်နှင့် လွတ်လပ်စွာ ရှိခိုး ဆုတောင်းနေသည်တွင် "အရိမေတ္တေယျ မြတ်စွာဘုရား၏ လက်ယာတော်ရံ 'အာသောကာ' အမည်နှင့် ဖြစ်ရပါလို၏" ရွတ်ဆိုခဲ့၏။ ဤဆုတောင်းသံကို ဘုရားပေါ်သို့တက်လာသော ပြုံးချိုတို့ သားအမိက ကြားလိုက်ရသော်လည်း မကြားချင်ပြု နေလိုက်ကြသည်။ မြတ်သူနှင့် နှုတ်ခွန်းဆက်ပြီးနောက် ပြုံးချို ဘုရားရှိခိုးသောအခါတွင် 'လက်ယာတော်ရံ အာသောကာ၏ အလုပ်အကျွေးအဖြစ်နှင့် ဘဝဆက်တိုင်း ဖြစ်ရပါလို၏'ဟု တီးတိုး ဆုတောင်းခဲ့၏။ သို့ရာတွင် ပြုံးချိုသည် ဤဘဝ အဖို့၌ လုံးတင် ရှိနေသောကြောင့် မျှော်လင့်ချက် များစွာ ထားဟန်မတူချေ။

မြတ်သူနှင့် လုံးတင်တို့ ထီးချိုင့်သို့ ပြန်မရောက်မီအခါက မြတ်သူ၏ ညီ စပ်ဖြူသည် ပြုံးချိုတို့၏အိမ်သို့ နေ့စဉ် လည်ပတ်၏။ ၎င်းဒေသတစ်ဝိုက်၌ လူပျိုကလေးများသည် မှန်းရွယ်သောအပျိုအိမ်သို့ လည်ပတ်လေ့ရှိရာ ပြိုင်ဘက် ရှိလျှင်လည်း ရှိတတ်ပေသည်။ သို့သော် အတန်ငယ်ကာလ ကြာလာသော အခါ အရေးနိမ့်သူက ရှောင်ထွက်၍ တစ်ဦးတည်းသာလျှင် အချိန်အများဆုံး လည်တတ်၏။ ပြုံးချို ရောက်ခါစတွင် လူပျိုကလေးများ ဝင်ထွက်ကြသော်လည်း မြတ်သူတို့ ပြန်ရောက်လာသောအချိန်၌မူ စပ်ဖြူ တစ်ယောက်တည်း 'မနိုပိုလီ' ရထားခဲ့လေပြီ။





စပ်ဖြူ၏ မိဘများ စိတ်ကူးထားသည်မှာ သားအကြီး မြတ်သူကို လုံးတင်နှင့် ပေးစား၍ စပ်ဖြူကို ပြုံးချိုနှင့် ပေးစားမည်။ မိုက်မဲလေလွင့်နေသော စပ်ဖြူကို လိမ္မာရေးခြား ရှိပုံရသော ပြုံးချိုကသာ ပြုပြင်ပေးခြင်းအားဖြင့် လိမ္မာလာလိမ့်မည် ဟူ၍ပင် ဖြစ်၏။ ရပ်ရွာကလည်း ထောက်ခံပုံရလေသည်။

ပြုံးချိုမိဘများမှကား သမီးကလေးကို စပ်ဖြူလိုလူနှင့် မပေးစားလို၊ စိတ်တိုင်းကျမရလျှင် ဖက်၍သာ သေချင်၏။ သို့ရာတွင် စပ်ဖြူသည် ပြုံးချို ပြန်ရောက်ကတည်းက မူးယစ်သောက်စား ဖဲကစားခြင်းများကို အလျဉ်းလို ရှောင်၍ လူကောင်း လုပ်နေသည့်ပြင် ပြုံးချို၏ အိမ်သို့လာတိုင်း ဦးမောင်နှင့် ဒေါ်ဆက်တို့အဖို့ ခေါက်ဆွဲကြော် စသည့် စားစရာများအပြင် ကိုရင်ထွန်းရှင် အတွက်ပင် လှူဖွယ်ဝတ္ထုကလေးများ ပါလာတတ်၏။ ကိုရင် လူထွက်၍ ကျောင်းနေပြန်တော့လည်း စာအုပ်၊ ခဲတံ စသော ကျောင်းသုံးပစ္စည်းများ ယူလာတတ်လေသည်။ စပ်ဖြူသည် ရှေးဦးစွာ ထွန်းရှင်နှင့် အလွမ်းသင့်၍ ထို့နောက်တွင် မိဘများပင် အတော်အတန် ပါလာတော့ရာ နောက်ဆုံး၌ သမက်တော်ရလျှင် မဆိုးလှဟု အောက်မေ့လာကြတော့သည်။

ပြုံးချိုအဖို့ အသို့နည်း၊ မြတ်သူအား ကိုယ်ကျင့်တရားကို အစွဲပြု၍ ချစ်ကြိုက်မိသော ပြုံးချိုသည် စပ်ဖြူလိုလူကို လေးစားရန်ပင် ခဲယဉ်း၏။ ရုပ်ရည်အနေဖြင့်မူ စပ်ဖြူသည် မြတ်သူထက်ပင် သနားကမားယောင် ရှိသေး၏။ သို့ရာတွင် ရုပ်ရည်ထက် ကိုယ်ကျင့်တရားနှင့် စိတ်ထားကို အလေးပြုသော ပြုံးချိုသည် စပ်ဖြူကို ကြည့်၍ မရချေ။ သို့ရာတွင် မထီလေးစား စော်စော်ကားကား အမူအရာမျိုးကား မဖော်ပြ၊ အလိုက်သင့် အလျားသင့်သာ လက်ခံစကား ပြော၏။ ပါးနပ်သော စပ်ဖြူကလည်း လက်ဆောင်ထိုး၍ ရမည်မဟုတ်သော ပြုံးချိုအကြောင်းကို နားလည်၍ ပြုံးချိုအတွက် အထူး တလည် လက်ဆောင် မဆက်ချေ။ တစ်ခါက ဈေးသသော်မှ ပြုံးချိုအတွက် ပေါင်ဒါတစ်ဘူး ဝယ်ခဲ့ဖူးသည်ကို အတင်းပြန်ပေးကတည်းက လာဘ်ထိုးခြင်း ကို လက်လျှော့လိုက်သည်။

ထိုနယ်၌ ဓလေ့တစ်ခုမှာ လူပျိုလှည့်လာသော ယောကျ်ားကလေးကို စကား လက်ခံ၍ မပြောခဲ့လျှင် ဟန်ကြီးပန်ကြီး လုပ်သည်ဆိုကာ အိမ်ကို ခဲနှင့် ထုတတ်၏။ စပ်ဖြူကိုယ်တိုင် လူမိုက်ရှောင်ပြေးနေသည့်ပြင် ၎င်းတုံးစံကို နားလည်သော ပြုံးချိုသည် စပ်ဖြူကို အလိုက်သင့် ဆက်ဆံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းခြင်းရာကို ပြည့်စုံစွာမသိသော ရပ်သူရွာသားများသည် ပြုံးချိုနှင့် စပ်ဖြူကို သေချာပေါက်အနေနှင့် ပေးစားထားကြလေသည်။

မြတ်သူ ပြန်ရောက်လာ၍ ပြုံးချိုနှင့်လည်းကောင်း၊ လုံးတင်နှင့်လည်းကောင်း အရောတဝင် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံသည်ကို တွေ့မြင်ရသောအခါ အရပ်က စိတ်ဝင်စားစွာနှင့် အကဲခတ်နေကြသည်။ အားလပ်နေကြသူများ ဖြစ်၍ ထွက်လိုက်ကြသည့် ပျော်ပွဲစား၊ သွားလိုက်ကြသည့် ဘုရားဖူးကိစ္စများမှာ ရက်ဆက်လို ဖြစ်နေ၏။ သွားကြတိုင်းလည်း သုံးယောက်တွဲချည်းဖြစ်၍ မိန်းကလေး နှစ်ယောက်ကမူ အကောင်းဆုံး ဝတ်လာကြသည်ချည်း များ၏။ ဘာစ်လှည့်တစ်ပတ်တွင်မူ ပြုံးချိုသည် သင့်တင့်ရုံသာ ဝတ်လာရာ လုံးတင်က 'အဝတ်မရှိသလော'ဟု မေးသည်နှင့် နောက်တွင် လှပစွာချည်း ဝတ်တော့သည်။

ပျော်ပွဲစားထွက်ကြသည်များတွင် စပ်ဖြူက လိုက်ချင်သလို ဆန္ဒပြသည်နှင့် တစ်ခေါက်ပါလာ၏။ သို့သော် လုံးတင်က အင်္ဂလိပ်လိုချည်း ပြောသည်နှင့် နောင်တွင် စပ်ဖြူ မလိုက်တော့ချေ။ စပ်ဖြူသည် လုံးတင်ကို ပိုးခြင်းမဟုတ်၊ ပြုံးချိုကိုသာ ပိုးပန်းသော်လည်း ပြုံးချိုနှင့် အစ်ကိုထက် လုံးတင်ကို သာ၍ ချဉ်နေတော့သည်။ 'ဟန်ကြီးပန်ကြီး လုပ်တဲ့ မိန်းမ'ဟု ပြောလေ့ရှိ၏။ မိန်းကလေး နှစ်ယောက်လုံးက အစ်ကိုမြတ်သူကို ကြိုက်နေကြသည်ဟု ထင်သော်လည်း လုံးတင်ကို အမြင်ကတ်သည့်အတွက်ကြောင့် တစ်ခါတစ်ရံတွင် မိမိအတွက် လက်လွှတ်ချင်လွှတ်စေ မြတ်သူနှင့် ပြုံးချို ရပါစေဟု ဆုတောင်းမိသည်။

## အခန်း ၅

မြတ်သူသည် ရပ်ရွာရှိလူငယ်များကို အလူတစ်ခု၌ တွေ့ဆုံသည်တွင် အချိန်ကို အလဟဿ မဖြုန်းသင့်၊ မြို့ရွာ အကျိုးရှိရာ ရှိကြောင်းဖြစ်သော လုပ်ငန်းများတွင် အသုံးပြုသင့်ကြောင်း၊ အချို့ တိုင်းပြည်များတွင် လူငယ်များသည် စေတနာ့ဝန်ထမ်း အလုပ်များကို တွဲဖက်ပူးပေါင်း ဆောင်ရွက်ကြခြင်းအားဖြင့် ရပ်ရွာလည်း အကျိုးရှိ၍ လူငယ်ချင်းလည်း ရင်းနှီးချစ်ခင်မှု တိုးပွားလာသည်ဟု ဖတ်ရဖူးကြောင်း စသည်ဖြင့် တရားဟော၏။ လူငယ်များသည် ဘိအေ





ရောက်သော မြတ်သူအပေါ်တွင် အထင်ကြီးပြီးဖြစ်၍ ၎င်း၏စကားကို နားဝင်ကြပြီးလျှင် ရပ်ရွာမှုဆိုင်ရာ အလုပ်များကို ရွေးချယ်ကြလေသည်။

ဘုရား၌ တံမြက်လှည်းခြင်း၊ ရောင်တော်ဖွင့်ခြင်း စသော အလုပ်မျိုးတို့မှာ ရံဖန်ရံခါလုပ်ကြဖူး၍ အဆန်းအသစ်မဟုတ်ပေရာ ယခင်က ငါတို့နှင့် မဆိုင်ဟု ပစ်ထားသည့် ရွံ့ဖွက်ဖို့ခြင်း၊ လမ်းရှင်းခြင်း၊ ချုံပေါင်းခုတ်ခြင်း၊ ဆိပ်ကမ်းသာယာအောင်လုပ်ခြင်း စသော အလုပ်မျိုးကို မြတ်သူ အကြံပေးချက်အတိုင်း လုပ်ဆောင်ကြ၏။ ယောက်ျား၊ မိန်းမ၊ လူကြီးလူငယ် မရွေး အားလပ်သူတိုင်း ပါချင်အောင် မြတ်သူကိုယ်တိုင် တရားဟောပြီး ကိုယ်တိုင်လည်း ရှေ့ဆောင် လုပ်ကိုင်၏။ ဘိအေဆိုပြီး တဘက်ကြီး ခေါင်းပေါင်း၍ ကူလီအလုပ်မျိုးကို ရွှေးတလုံးလုံးနှင့် လုပ်နေသည့် မြတ်သူကို မြင်ကြသောအခါ လူတိုင်းအားကျ၍ လူတိုင်းလိုပင် ပါဝင်လာကြ၏။ ဤသည်၌ ဘိအေများသည် ရှေ့ဆောင်လျှင် လွန်စွာ အရေးပါအရာ ရောက်ပေသည်တကား။

မြတ်သူ၏မိဘများသည် မြတ်သူကို နားမလည်ကြသည်ဖြစ်၍ ဘိအေသမားတစ်ယောက် ကူလီအလုပ်လုပ်ခြင်းသည် ဂုဏ်ပျက်ပါသည်။ မြို့ရွာ သာယာအောင် ရှေ့ဆောင်လိုသည်ဆိုပါက ကိုယ်တိုင်မလုပ်ပါနှင့်၊ ကိုယ်လုပ်ရမည့်အတွက်ကို လူငှား၍ ထည့်ပေးပါမည်ဟု ပြောကြားသည်။ မြတ်သူ၏ မိဘများမှာ ပစ္စည်းဥစ္စာ အခြေအနေအားဖြင့် ထီးချိုင့်ပေါ်တွင် ထိပ်တန်း မဟုတ်သောကြောင့် ဂုဏ်သေးငယ်မည်ကို ကြောက်ကြ၏။ အကယ်၍ လုံးတင်၏မိဘကဲ့သို့ ထိပ်သီးဖြစ်ခဲ့ပါမူ ဂုဏ်ရှိပြီးဖြစ်သောကြောင့် ကိုယ်လုပ်ချင်ရာ လုပ်သော်လည်း ဂုဏ်မငယ်နိုင်ဟု ယူဆကြပြီး ကျေးလက်တောရွာနှင့် မြို့ကလေးများတွင် အလယ်အလတ်တန်းစား လူများသည် လူအများက အထင်သေးခြင်း မခံရအောင် ဂရုစိုက်ရဆုံးလူတန်းစား ဖြစ်ဟန်တူပေသည်။

မြတ်သူသည် မိမိ၏ ကြံရွယ်ချက် အောင်မြင်သည်ဆို၍ ဝမ်းမြောက်စွာနှင့် နေပူမိုးရွာမရှောင် အလုပ်လုပ်ရာတွင် အပူရှပ်ရာမှ အအေးမိပြီး အပြင်းအထန် ဖျားလေသည်။ ဆရာဝန်က 'နူမိုးနီးယား'ဟု ပြော၍ ဘာမှ နားမလည်သော မိဘများမှာ နာမည်ကိုကြားရုံနှင့် အပူတပြင်း စိုးရိမ်ကြ၏။ 'နူမို့နီးသည်'ဟု အဓိပ္ပာယ်ကောက်ယူကြလေသည်။ ဘိအေ သင်ပြီးမှ နူရတယ်၊ ကိုယ်ကျိုးနည်းတော့သည်ဟု အောက်မေ့ကြ၏။ မြတ်သူက နူမိုးနီးယား၏ အဓိပ္ပာယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသော်လည်း မိဘများ စိတ်သက်သာအောင် ပြောခြင်းဖြစ်သည်ဟု ယူဆကြလေသည်။

မြတ်သူ ရက်ရှည်စွာ ဖျားနာသည်တွင် လုံးတင်နှင့် ပြုံးချိုတို့သည် ကိုယ်ဖိရင်ဖိ ပြုစုစောင့်ရှောက်ကြပေ၏။ ထမင်းစားရုံနှင့် အိပ်ရုံလောက်သာ အိမ်ပြန်ကြ၍ အချိန်ရှိသမျှ မြတ်သူ အနီးတွင် နေကြ၏။ အတန်ငယ် သက်သာလာသောအခါတွင် ရယ်စရာစာအုပ်များနှင့် ဝတ္ထုများကို တစ်လှည့်စီ ဖတ်ပြကြ၏။ လုံးတင်သည် ကုန်သဘောၤဆိုက်တိုင်း ပန်းသီး၊ စပျစ်သီး၊ သစ်တော်သီး စသော အဖိုးတန် နိုင်ငံခြား အသီးအနှံများနှင့် မုန့်သေတ္တာများဝယ်၍ ယူလာ၏။ ပြုံးချိုကမူ အဖိုးတန်လက်ဆောင် မတတ်နိုင်သည်နှင့် နာလန်ထူသူများအဖို့ အလွန်သင့်သည်ဟု မြန်မာဆေးဆရာများ ယုံကြည်သည့် 'မုန့်နှပ်'ကို အရက်မတက်မီ ထကျိုပြီး စောစောကြီး လာပို့လေသည်။

မြတ်သူသည် သူငယ်မ နှစ်ယောက်တို့၏ ကြင်နာခြင်းအတွက် နှစ်ယောက်လုံးကို ကျေးဇူးတင်၏။ မြတ်သူ၏ စိတ်၌ မည်သူက ပိုသည်ဟု မဆုံးဖြတ်နိုင်သည့်အလျောက် နှစ်ယောက်လုံးကိုပင် အညီအမျှ လေးစား၏။ သို့ရာတွင် မည်သူ့အားမျှ နှမကလေးများထက်ပို၍ ချစ်ခင်သောစိတ်မျိုး မဖြစ်ပေါ်သေးချေ။ စင်စစ်မှာ မြတ်သူသည် ခပ်ဆန်းဆန်း လူတစ်ယောက် ဖြစ်သည့်အတိုင်း ဤအရွယ်၌ပင် အချစ်ပြဿနာနှင့် အိမ်ထောင်ရေးအကြောင်းကို ဆင်ခြင် သုံးသပ်ခြင်း အလွန်နည်းပါးလေသည်။

တစ်နေ့သ၌ မြတ်သူသည် ဆေးသောက်ရန် စားပွဲပေါ်မှာတင်ထားသော ဝိုင်ဂလပ်စ်တွင် လက်ရာထင်နေသည်ကို ပြတင်းပေါက်မှ နေရောင် အလျဉ်းသင့်သည်နှင့် မြင်လိုက်ရ၏။ ဤတွင် လူနာတို့၏ စိတ်တိုတတ်သော ထုံးစံအတိုင်း ညစ်ပတ်ရမည်လောဟု ကြိမ်းမောင်းကာ ဝိုင်ဂလပ်စ်ကို သုတ်သင်ခိုင်း၏။ ၎င်း ဝိုင်ဂလပ်စ်မှာ လုံးတင် သုတ်သင်ထားခြင်းဖြစ်၍ အနီးနားရှိနေသော လုံးတင်သည် စိတ်ထဲ၌ ခပ်အောင့်အောင့် ဖြစ်ကာ ဝိုင်ဂလပ်စ်ကို နောက်ဖေးသို့ ကောက်ယူသွား၏။ လုပ်ပုံကိုင်ပုံမှာ ခပ်ဆတ်ဆတ် ရှိသော်လည်း မြတ်သူ သိသာလောက်အောင် မဟုတ်ချေ။ သို့သော် မြတ်သူက ဂရုပြုလိုက်မိသည်။

လုံးတင်သည် ဝိုင်ဂလပ်စ်ကို နောက်ဖေးသို့ ယူသွား၍ သုတ်သင်စဉ် ပြုံးချိုသည် အနီးအနားတွင် ပန်းကန်များကို ဆေးကြောလျက်ရှိ၏။ မြတ်သူ





သည် မလှမ်းမကမ်းတွင်ရှိသော မှန်တင်စားပွဲသို့ ကြည့်မိလိုက်ရာ နောက်ဖေး၌ရှိသော လုံးတင်နှင့်ပြုံးချို နှစ်ယောက်ကို မှန်ထဲတွင် မြင်ရ၏။ လုံးတင်သည် မြတ်သူရှေ့တွင် မျက်နှာမပျက်ခဲ့သော်လည်း ဝိုင်ဂလပ်စ်ကို နောက်ဖေး၌ အဝတ်နှင့်ပွတ်တိုက်ရာတွင်မူကား မိမိအား ငေါက်ငမ်း မြည်တွန်ရချေမည်လောဟု မခံချင်သောလက္ခဏာဖြင့် နှုတ်ခမ်းခပ်စူစူနှင့် ဆိုးဆိုးဆတ်ဆတ် ပွတ်တိုက်လေသည်။ ဤအပြုအမူကို ပြုံးချိုက အံ့သြစွာနှင့် ငေးကြည့်မိရာ မြတ်သူကလည်း နှစ်ယောက်လုံး၏ မျက်နှာထားကို မှန်ထဲတွင် မြင်လိုက်ရလေသည်။

လုံးတင်မရှိခိုက်တွင် မြတ်သူသည် ပြုံးချိုအား လုံးတင် ဝိုင်ဂလပ်စ် ပွတ်တိုက်ပုံအခြင်းအရာကို မေးမြန်း စုံစမ်း၏။ ပြုံးချိုသည် မြတ်သူ ဆူလွှတ်လိုက်သည့်အတွက်ကြောင့် လုံးတင်က ဆောင့်ကြီးအောင့်ကြီး ပြုလုပ်ခြင်းဖြစ်သည်ဟု သိ၏။ သို့ပါလျက်–

"ဘာမှ မဖြစ်ပါကလား ကိုမြတ်သူ"

"တစ်ခုခုဖြစ်ပါတယ်ကွယ်။ နှုတ်သီးစူနေတာ ငါမြင်လိုက်ရပါတယ်"

"သြော်...ဒါလား၊ ဒါကတော့ ဘုရားဒကာခင်က ဘာများ ကြိမ်းမောင်းလွှတ်လိုက်မှန်း မသိတာ။ ကျွန်မတို့ နှစ်ယောက်ကလည်း လူကြီးတွေ ကြိမ်းမယ်ဆို ကြိမ်းစရာပဲ။ အိမ်မှာနေကြတယ် မရှိဘူး။ ကိုမြတ်သူကို ဝိုင်းမူနေကြတာနဲ့ အချိန်ကုန်ကြပေတာကိုး"

"မပြုံးချိုကိုကော ကြိမ်းလို့လား"

"ကျွန်မ အိမ်ကတော့ မကြိမ်းပေါင်၊ သူတို့မှာတော့ သမီးတစ်ခု အဖေတစ်ခုပေကိုး ကိုမြတ်သူရဲ့"

ဤတွင် မြတ်သူ စဉ်းစားမိသည်ကား ပြုံးချိုသည် လုံးတင်အပေါ်တွင် မိမိအတွက်ကြောင့် ပြိုင်ဘက်တစ်ယောက်အနေဖြင့် သဘောထားလျှင်လည်း ထားမည်။ မထားဘဲ နေချင်လည်း နေမည်။ အကယ်၍ သဘောထားရိုးမှန်ပါက လုံးတင်အတွက် ဖာဖာထေးထေး ဖေးဖေးမမ ပြောဖော်ရခြင်းသည် အလွန်တရာ သဘောထားကြီးခြင်းကြောင့် ဖြစ်ရပေမည်။ များစွာသော မိန်းကလေးတို့သည် ပြိုင်ဘက် တစ်ယောက်အပေါ်၌ ဤကဲ့သို့ အခွင့်ကောင်း ရရှိပါမူ ညီအစ်မအရင်းပင် ဖြစ်စေဦးတော့ ပြုံးချိုကဲ့သို့ ဖေးဖေးမမ ပြောမည် မဟုတ်သည့်ပြင် အားရပါးရ ဖိ၍သာ ပြောကြမည် ဖြစ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရှိသည်ကား ပြုံးချိုသည် ငါ့အပေါ်၌ ရိုးရိုးသားသား ခင်မင်ခြင်းလည်း ဖြစ်နိုင်သည်။ သို့ဆိုလျှင် သူငယ်ချင်းချင်း မေးမေးမမ ပြောခြင်းသည် ဝတ္တရားမျှသာ ဖြစ်သည်။ ကောက်နုတ်ချက်ထုတ်လိုက်သော် ပြုံးချိုသည် ငါ့အပေါ်၌ ဘယ်ကဲ့သို့ သဘောထားသည်ဟု အမှန်မသိရသေး။ ငါတွေးထင်သည့်အတိုင်း ပြိုင်ဘက်ဟူ၍ သဘောပိုက်မှသာ သဘောကြီးရင့်ရာ ရောက်ပေမည်။ တစ်နေ့သော် ဤအကြောင်းကို ငါစုံစမ်းမည်ဟု ဆုံးဖြတ်ချက် ချလိုက်လေ၏။

ထိုနေ့မှစ၍ မြတ်သူသည် ပြုံးချို၏ သဘောထားကြီးခြင်းဟုတ်မဟုတ် အပထား၍ ရှေ့တွင်တစ်မျိုး နောက်ကွယ်တစ်မျိုး လုပ်တတ်သော လုံးတင်၏ အပြုအမူကို လက်ဆုပ်လက်ကိုင် မိဖူးသည် ဖြစ်သောကြောင့် သူငယ်မနှစ်ယောက်တို့နှင့်ပတ်သက်၍ ဗဟိုချက်တွင် ထိုင်တတ်ရာမှ ပြုံးချိုဘက်သို့ ယိမ်းယိုင်သွားခဲ့လေပြီ။ မိမိကငေါက်မိ၍ လုံးတင် စူဆောင့်ခြင်းဖြစ်သည်ဟု မြတ်သူ သိရသော်လည်း မကျန်းမာခိုက်တွင် ဤမျှလောက်တော့ စိတ်တိုထိုက်သည်ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်လွှတ်လိုက်သည်။ တော်လှပါသည်ဆိုသော လူများသည်ပင် ကိုယ့်ကိုယ်ကိုယ် မေးမေးမမ စဉ်းစားတတ်ကြပေသေးသည်။ မြတ်သူ အဖျားပျောက်သောအခါ၌ လုံးတင်သည် မိမိအပေါ်တွင် မြတ်သူ၏အမူအရာ အနည်းငယ် ပြောင်းလဲလာခြင်းကို ရိပ်မိ၏။ ဤအခြင်းအရာကို ပြုံးချိုထက် လုံးတင်က ဦးစွာရိပ်မိ၏။ ပြုံးချိုကား ထုအသည်မဟုတ်၊ ဤကိစ္စမျိုးတွင် လက်လွတ်သောသူက ပို၍ အမြင်ထက်တတ်သောကြောင့် ဖြစ်လေသည်။ သို့ရာတွင် ဤကဲ့သို့မြင်ခြင်းအတွက်ကြောင့် လုံးတင်သည် လက်လျှော့သည်မဟုတ်၊ ရှေးကထက်ပင် ချစ်ချင်အောင် ကြိုးစားသေးသည်။ နာလန်ထူခါစတွင် အင်အားပြည့်စေရန် အစားကောင်းအသောက်ကောင်း လိုသည်ဆို၍ ဝင်ကာ နှစ်ဆော်ဗရိလ် ကွေကာအုတ် စသော အဖိုးတန်အာဟာရများကို ဈေးသဘော်မှ အပတ်တိုင်း ဝယ်ပို့လေသည်။ သို့သော် မြတ်သူက တော်တော် ပြင်းပြင်းထန်ထန် ငြင်းဆန်သည်နှင့် နှစ်ပတ်ပို့ပြီးနောက် ရပ်လိုက်သည်။

တစ်နေ့သ၌ မြတ်သူသည် 'ဝိုင်ယာလက်' ဝါသနာပါသည်ဖြစ်၍ ပိုက်ဆံ အတော်အတန် အကုန်အကျခံကာ ဝယ်ယူထားသော ကိရိယာတန်ဆာပလာများဖြင့် စမ်းသပ်လျက်ရှိစဉ် ပြုံးချို တက်လာ၏။ မြတ်သူသည်





ကိရိယာကို လက်ဖြင့်နှိုက်၍ စမ်းသပ်နေရာမှ ရယ်စရာ လုပ်ချင်သည့်သဘောနှင့် စက်ကိရိယာထဲမှ လက်နုတ်၍ မရလေဟန် တန်းလန်းကြီး ထား၍ ဓာတ်လိုက်သကဲ့သို့ "အလိုလေး၊ အမလေး" အော်ရင်း ခွေလဲသွား.ချင် ပြုလိုက်သည်။ မြတ်သူ၏ အကြံမှာ ရယ်ရအောင် လုပ်လိုခြင်းထက် ပို၍ ရည်ရွယ်ချက် မရှိချေ။ သို့ရာတွင် ပြုံးချိုသည် ဆန့်ငင်ဆန့်ငင် အကြောဆွဲနေသော မြတ်သူကို မြင်သောအခါ သေတော့မည်ဟု အသက်ငင်နေသည် ထင်၍ မြတ်သူကိုဖက်ကာ "ကယ်တော်မူပါ"ဟု ကုန်းအော်၏။ မြတ်သူက "ဓာတ်လိုက်လိမ့်မယ် မထိနဲ့"ဟု သတိပေးခြင်းကိုပင် မနာယူဘဲ အတင်း ဖက်ထားတော့သည်။ မိဘများသာမက အိမ်နီးချင်းများပါ ပြေးတက်လာကြရာတွင် မြတ်သူက ရယ်မောကာ "အလကား ပြောင်တာပါ"ဟု ပြောတော့မှ ပြုံးချိုသည် မြတ်သူ၏ကျောကို ထုသော်လည်း မျက်ရည်ကလေးဝဲဝဲ ဖြစ်နေသော ပြုံးချို၏ မျက်လုံးများကို မြင်လိုက်ရခြင်းဖြင့် မြတ်သူ ရိပ်မိသွားလေပြီ။

ထို့နောက်တွင် မြတ်သူနှင့် ပြုံးချိုတို့သည် သမီးရည်းစားဘဝသို့ ရောက်ကြလေရာ မြတ်သူ၏ မိဘများက ဟုတ်တိပတ်တိ သဘောမတူသော်လည်း မြတ်သူအကြောင်းကို သိ၍ ပေးစားလိုက်ရ၏။ ဤတွင် လုံးတင်နှင့် စပ်ဖြူတို့မှာ 'ဖိုးကျန်ရစ်' 'မယ်ကျန်ရစ်'များအဖြစ်နှင့် နေကြရတော့သတည်း။

## အခန်း ၆

မြတ်သူသည် ဘီအေအောင်သည်ဟု သိရသည်နှင့်တစ်ပြိုင်နက် လက်ထပ်ခြင်း ဖြစ်ရာ မယားအိမ်သို့ လိုက်ရိုးထုံးစံရှိသော်လည်း ပြုံးချို၏အိမ်မှာ သေးငယ်သောကြောင့် ပြုံးချိုက မြတ်သူတို့အိမ်သို့ ပြောင်းရွှေ့နေထိုင်ရသည်။ မြတ်သူမှာ ဘီအေလည်းအောင်၊ အိမ်ထောင်လည်း ကျပြီဖြစ်၍ အလုပ်အကိုင် စိတ်ကူးရတော့သည်။ သမားရိုးကျဖြစ်သော သစ်ဖောင်သူကြီးအလုပ်ကို မလုပ်ချင်သော မြတ်သူသည် အလုပ်လက်မဲ့တို့၏ အားကိုးရာကြီးဖြစ်သော 'ဘားမားဂေဇက်' အခန်း(၅)ကို အပတ်တိုင်း ထုံးလိုမွှေ၊ ရေလိုနှောက်လေတော့သည်။ ထီးချိုင့်မှ မခွာရအောင်ဆို၍ အစိုးရဘက်၌ အမှုထမ်းမည်ဆိုလျှင်လည်း လက်ငင်းချက်ချင်း ရနိုင်သောအလုပ်မှာ မြို့အုပ်ရုံး အကူစာရေးမျှသာ ဖြစ်၏။ ဘီအေရင့်မာကြီး တစ်ယောက်အဖို့ ၎င်းအလုပ်ကို စိတ်မကူးချေ။ သို့ဖြစ်၍ မြတ်သူ



www.burmeseclassic.com

www.burmeseclassic.com



သည် 'ဘားမားဂေဇက်'၌ ကြော်ငြာသည့် လစ်လပ်သောအလုပ်များကို လျှောက်ထား၏။ ထို့ပြင် ပုလိပ်ဘက်၌ အင်စပိတ်တော်လောင်းအဖြစ်နှင့် ဆတ်ကျောင်းတက်ခြင်းအလုပ်၊ လယ်ဝန်လောင်းအလုပ်မှစ၍ ဤအလောင်း၊ ထိုအလောင်း ရာထူးပေါင်းများစွာတို့နှင့် လျှောက်လွှာတင်ခဲ့သည်။ သို့ရာတွင် မည်သည့်အလုပ်မျှ နေရာမကျချေ။ တစ်ခါတစ်ရံတွင် 'အင်တာဗျူး' ခေါ်ခြင်း ခံရ၍ သွားရသော်လည်း စရိတ်သာကုန်၍ အလုပ် မရချေ။

ဤအတောအတွင်း မိဘများသည် အလုပ်ဘယ်မှာနေသည် မသိရမီ မိန်းမယူရချေမည်လောဟု ဖွင့်မပြောသော်လည်း ဤသို့သော သဘောရှိသည့် လက္ခဏာနှင့် မျက်နှာမသာကြတော့ချေ။ ပြုံးချိုသည် ဤအခြင်းအရာကို ရိပ်မိသည့်နေ့မှစ၍ လင်တော်မောင်နှင့် စကားတပြောပြော မနေတော့ဘဲ အိမ်တွင်းမှ အလုပ်များကို အလွန် ဖင်ပေါ့စွာ ကူညီ လုပ်ကိုင်ပေးသည်။ တက္ကသိုလ်ထွက်ဖြစ်၍ 'သစ်တန်တွက်နည်း'ကို အနည်းငယ် လေ့လာရုံနှင့် တတ်ကျွမ်း၍ သစ်ဖောင်များ တွက်ချက်ပေးခြင်း၊ စာရင်းအင်းမှတ်သားခြင်း၊ မန္တလေးပွဲစားနှင့် စာပေးစာယူ အလုပ်တွင် ကူညီခြင်းမှ စ၍ အထွေထွေ အသုံးဝင်အောင် ကြိုးစားပေးသည်။ မြတ်သူသည် အဘယ့်ကြောင့် ပြုံးချို ဤမျှလောက် ကြိုးစားသည်ကို ရိပ်မိ၍ ကျေးဇူးတင်ပေသည်။ ဤသည်ကြောင့် လင်မယားနှစ်ယောက်တို့၏ တစ်ယောက်အပေါ် တစ်ယောက် ထားရှိသော ကြင်နာမှုသည် အချိန်ကာလကြောင့် ပျက်စီးခြင်းမရှိ၊ တိုး၍လာပေတော့သည်။ ပြုံးချိုသည် ဟင်းကောင်းလေး တစ်ခွက်တလေမျှကို မိဘများအား မပေးဘဲ မနေနိုင်သဖြင့် ပေးလေ့ရှိရာ ပထမတွင် ယောက္ခမကြီးက ရှုံ့ချင်သော်လည်း ပြုံးချို၏ အသုံးဝင်ခြင်းကို မြင်သောအခါ၌ သူကိုယ်တိုင် ခပ်၍ပေးသည်အထိ စိတ်ပြောင်းလဲလာ၏။ ဤအခြင်းအရာကိုလည်း မြတ်သူ မြင်၍ ကျေနပ်မိသည်။ အလုံးစုံ ပြောရသော် မြတ်သူနှင့် ပြုံးချိုတို့မှာ အလုပ်မရသေးခြင်း တည်းဟူသော အခက်အခဲတစ်ခုမှ လွဲ၍ နတ်ပြည် မရောက်တရောက် ဆိုရလောက်အောင် စိတ်ချမ်းသာမှု ရှိကြပေသည်။

လုံးတင်သည် ပထမ၌ မြတ်သူတို့၏ အိမ်ဘက်သို့ လှည့်မကြည့်နိုင်အောင် ငြူစူခြင်းရှိသော်လည်း ပြုံးချို၏ မျက်နှာချိုသွေးမှုကြောင့် ခေါ်ခေါ် ပြောပြော နေနိုင်ရာမှ ရံဖန်ရံခါ ကူးလာခြင်း၊ ပြုံးချိုကို အလည်ခေါ်ခြင်း စသည်ဖြင့် တစ်စတစ်စ ရင်းနှီးလာကြပြန်လေပြီ။ ပြုံးချိုသည် လုံးတင်





အပေါ်၌ အောင်ပန်းဆွတ်လိုက်ရသည်ဆို၍ အသားယူလိုစိတ် မရှိသည့်ပြင် လုံးတင်ကို အားနာသည့် အမူအရာမျိုးသာ ဖော်ပြလေသည်။ နောက်ဆုံး၌ ကျောင်းနေဖက် သုံးယောက်တို့သည် ရှေးအတိုင်း အရောတဝင် ခေါ်ငင် ဆက်ဆံသော အခြေအနေသို့ ရောက်ကြလေ၏။

ဒုတိယ 'မိုးကျန်ရစ်'ဖြစ်သော စပ်ဖြူသည် ပြုံးချိုကို ပိုးပန်းစဉ်က အတော်အတန် လိမ္မာသော်လည်း ပြုံးချို အိမ်ထောင်ကျသည့် အချိန်မှစ၍ ဟန်လုပ်စရာ မလိုတော့သည့် လက္ခဏာနှင့် သောက်စား ကစားမြဲတိုင်း သောက်စားတော့သည်။ သို့သော် မလေးစားဘဲ မနေနိုင်သော အစ်ကို တစ်ယောက် ဖြစ်သည့်အလျောက် နေအိမ်သို့ မူးမူးယစ်ယစ်နှင့် ပြန်လာမှုခြင်းလည်းမရှိ၊ ပြုံးချိုအားလည်း မရီးတစ်ယောက်အား လေးစားထိုက်သည့် အတိုင်းပင် လေးစားပေသည်။ စင်စစ်မှာ စပ်ဖြူက ပြုံးချိုအား ပိုးပန်းမှုသည့် ကဏ္ဍနှင့် ပတ်သက်၍ မြတ်သူက လည်းကောင်း၊ ပြုံးချိုက လည်းကောင်း ရေးကြီးခွင်ကျယ်သဘော မထားကြချေ။

တစ်နေ့သ၌ မြတ်သူသည် ကြေးနန်းတစ်စောင်ရ၍ ဖောက်ဖတ်နေစဉ် မိဘများ အိမ်သို့ ဟင်းပို့၍ပြန်လာသော ပြုံးချိုက ပြေးတက်လာပြီး အတူတကွ ဖတ်ကြ၏။ ကြေးနန်းမှာ တက္ကသိုလ်ကျောင်းအုပ်ကြီးထံမှဖြစ်၍ ရန်ကုန်သို့ ချက်ချင်း ဆင်းခဲ့ရန် ဖြစ်လေသည်။ အကြောင်းခြင်းရာမှာ ဤသို့တည်း။ မြတ်သူမှာ 'အီကိုနော်မစ်'ခေါ် ဘောဂဗေဒပညာရပ်ကို ပထမတန်းအော်နာနှင့် အောင်မြင်ခဲ့သည်ဖြစ်ရာ ၎င်းပညာမှာ အလွန်အမင်း ခက်ခဲနက်နဲခြင်းကြောင့် အော်နာကို စ်ယူဝံ့သော ဘီအေသမား အလွန်ရှား၍ တစ်နှစ်တွင် နှစ်ယောက်၊ သုံးယောက်ထက် မများချေ။ ထိုကဲ့သို့ ယူဝံ့သူများမှာလည်း ဘိုကပြားကလေး များသာ ဖြစ်ကြလေသည်။ မြတ်သူမှာ ကျောင်းသား အလွန်ကြောက်သော 'အီကိုနော်မစ်'ကို ယူခဲ့ရုံသာမက အောင်မြင်ရာတွင်လည်း ပထမတန်း အော်နာ ရခြင်းကြောင့် တကယ် ထူးချွန်သည်ဟု အသိအမှတ် ပြုထိုက်ပေသည်။ ဗြိတိသျှအစိုးရက အင်္ဂလန်ပြည်သို့ အီကိုနောမစ် ပညာသင်တစ်ယောက် စေလွှတ်ရန် ဆုံးဖြတ်၍ တက္ကသိုလ်ကျောင်းအုပ်ကြီးအား အကူအညီတောင်း ရာတွင် ကျောင်းအုပ်ကြီးက မြတ်သူကို ထောက်ခံလိုက်၏။ နောက်ဆုံး၌ အတွင်းဝန်ချုပ်ကြီးက မြတ်သူကို တွေ့ချင်သည်ဆိုသောကြောင့် ကျောင်းအုပ် ကြီးက ကြေးနန်းရိုက် ခေါ်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အင်္ဂလန်ပြည်သို့ ပညာတော်သင်သွားရမည် ဆိုပါက လင်မယားကွဲကြမည့် အခြင်းအရာကို ကြိုတင် စဉ်းစားခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် စိတ်ညစ်အောင် မလုပ်ကြဘဲ မြတ်သူနှင့် ပြုံးချိုတို့သည် ယခင်က သွားရဖူးသည့် 'အင်တာဗျူး'များထက် မျှော်လင့်ဖွယ်ရှိ၍ အလုပ်ရချေတော့မည် ဟူသော အကွက်မျှလောက်သာ စဉ်းစားပြီး ဝမ်းမြောက်ဝမ်းသာဖြစ်၍ နောက်သဘော်ပတ်အစုန်ကို စောင့်နေပါက အချိန်ကုန်လိမ့်မည်ဆိုကာ နက်ဖြန်တွင် ဆိုက်ရောက်မည့် အဆန်သဘော်ဖြင့် ကသာသို့ လိုက်၍ ထိုမှတစ်ဖန် မီးရထားဖြင့် ရန်ကုန်သို့ လိုက်ရန် စီမံကြလေ၏။ မြစ်ရိုးတစ်လျှောက်၌ နေထိုင်ကြသော လူများသည် ကိစ္စအရေးကြီး၍ အလျင်လိုသည့်အခါတွင် ဤနည်းအတိုင်း ပြုလုပ်တတ်ကြလေသည်။

'ယောက္ခမအိမ်တက် သမက်သဖွယ် မျက်နှာငယ်သည်' ဟူသော စကားပုံသည် ချွေးမနှင့်လည်း သက်ဆိုင်သည်ဟု မြတ်သူ နားလည်သည့် အလျောက် မိမိ မရှိခိုက်တွင် ပြုံးချို ငြိုငြင်ရှာလိမ့်မည်ဟုဆိုကာ သူ့မိဘအိမ်သို့ အချိန်ကြာရှည်စွာ လည်ပတ်ခြင်းအတွက် မိဘများက မစူမဆောင့်ကြရန် တိုးတိုးတိတ်တိတ် မှာထားခဲ့လေသည်။ မိခင်ကြီးက–

"အောင်မယ်လေး လူဟဲ့၊ ပူတတ်ပင်တတ်လိုက်တဲ့သားနော်။ စိတ်ချပါ မောင်ရယ်။ ကျုပ်တို့က တစ်ခွန်းမှ မငေါက်ရစ်ပါဘူး။ ဖြောင့်ဖြောင့်သာ ကြွတော်မူပါ။ နောက်ဆံ မတင်းတော်မူပါနဲ့"

ဟု ပြောလိုက်လေသည်။ သဘော်ဆိုက်ကပ်သောအခါ ပြုံးချိုသည် အိပ်ရာလိပ်နှင့် သားရေသေတ္တာကို ကူလီမငှားဘဲ မိမိကိုယ်တိုင် ရွက်ကာ သဘော်ပေါ်သို့ တင်ပေးလိုက်၏။ ဤသည်ကား ၎င်းဒေသသူများ၏ ဓလေ့ထုံးစံပေတည်း။

## အခန်း ၇

ထီးချိုင့်တစ်ဖက်ကမ်းရှိ မြတောင်ရွာတွင် မြတောင်ဆရာတော်ဘုရား၏ ဈာပနမှာ မြစ်ရိုးတစ်လျှောက်၌ ကျင်းပဖူးသည့် ဘုန်းကြီးပျံများအနက်တွင် အစည်ကားဆုံး ဖြစ်ပေ၏။ မြတောင်ရွာသည် အထက်မြန်မာပြည်၌ လူနေအိမ်နှင့် မလိုက်အောင် လူသိများခဲ့ခြင်းမှာ မြတောင်ဆရာတော်ဘုရားကြောင့်





ဖြစ်၏။ ယခုကျင်းပသည့် ဈာပနမှာ တစ်ပြည်လုံးတွင် နာမည်ကြီးခဲ့သော ဆရာတော်ဘုရားကား မဟုတ်ပေ။ ရှေးဦးစွာ တစ်တိုင်းတစ်ပြည်လုံးခြုံ၍ နာမည်ကျော်ကြားခဲ့သော ပထမ မြတောင် ဆရာတော်ဘုရားကြီးမှာ မန္တလေးမြို့တွင် မိဖုရားကိုးကွယ်သော ဆရာတော်ကြီးဖြစ်၍ အေလမ်းနှင့် ၁၅လမ်းထောင့်၌ အလွန်တရာကြီးကျယ် ခမ်းနားလှစွာသော အတုမရှိကျောင်းတော်ကြီးဆောက်လုပ် လှူဒါန်းခဲ့ရာ သစ်သားဖြင့် ထုလုပ်သည့် တုရင်မှန်ကင်း စသောအထွတ်အတက်များသည် ကျောင်းတော်ကြီး တစ်ခုလုံးတွင် ကောင်းကင်သို့ မျှော်တင်လျက်ရှိသည်ဖြစ်၍ ကျောင်းကြီးတစ်ခုလုံး ပျံတက်ချေတော့မည်လောဟု မှတ်ထင်ရလောက်ပေသည်။ လွန်ခဲ့သော စစ်ကြီးအတွင်း၌ ကျောင်းတော်ကြီး ပျက်စီးရခြင်းမှာ တစ်တိုင်းပြည်လုံးရှိ အဆောက်အအုံများအနက်တွင် နမြောဖွယ်ရာ အကောင်းဆုံးတစ်ခု ဟူ၍ ဆိုထိုက်ပေသည်။

ယခုကျင်းပသော ဈာပနသည် မိဖုရားကိုးကွယ်သော ဆရာတော်ဘုရား၏ ဈာပနမဟုတ်စေကာမူ မြစ်ရိုးတစ်လျှောက်တွင် သိက္ခာသမာဓိနှင့်ပတ်သက်၍ အလွန်တရာသတင်းမွှေးသော ဆရာတော်ကြီးဖြစ်သည့်အလျောက် မှတ်လောက်သားလောက် စည်ကားပေသည်။ ဧရာဝတီမြစ်သာမက ရွှေလီမြစ်ရိုး တစ်လျှောက်မှာလည်း လှည်း၊ လှေ၊ ပိန်းကော၊ သမ္ဗန်၊ ငှက်လောင်း စသည်များနှင့် ဝင်လာမစဲတသဲသဲ ဆိုက်ရောက်လာကြ၍ အသိမိတ်ဆွေရှိသူများလည်း ရွာထဲတွင် တည်းခိုသည်ဖြစ်စေ၊ ကျယ်ကျယ်လွင့်လွင့်၊ လွတ်လွတ်လပ်လပ် ကြိုက်သည်ဆို၍ အသင့် ဆောက်လုပ်ထားသော မဏ္ဍပ်ကနားဖျင်းများ၌ တည်းခိုသည် ဖြစ်စေ ကြိတ်ကြိတ်တိုး စည်ကားလှ၏။ ပျော်ပါးမှုဆိုလျှင် 'ဘောထီး'သံကြားရာသို့ နား‌စွင့်လိုက်သွားတတ်သော မြန်မာလူမျိုးများဖြစ်သည့်အလျောက် ထီးချိုင့်သူ ထီးချိုင့်သားများသည် အနည်းဆုံး နေ့တစ်ခေါက်၊ ညတစ်ခေါက် မရောက်ရလျှင် ထမင်းစားပျက်သည်ဆိုကာ နေ့ရောညဥ့်ပါ ကူးလာကြလေသည်။ မင်းသမီး မည္ဘွန့်ရှိ ဇာတ်ပွဲကလည်း တခြိမ့်ခြိမ့်တီးလျက် ရှိ၏။

ဤသို့သောပွဲများ၌ လူငယ်များအဖို့ စိတ်ဝင်စားဆုံးသော ပျော်နည်းတစ်ခုမှာ 'ဘဲဥပေါက်'တမ်း ကစားခြင်း ဖြစ်၏။ ဝမ်းဘဲဥတစ်လုံးကို လက်နှစ်ဖက်တွင် ထိပ်ဖျားကလေးမျှသာပေါ်အောင် ဆုပ်ကိုင်ထား၍ 'ခံ'သူကခံ၊ 'ပေါက်'သူကပေါက် တစ်ယောက် တစ်လှည့်စီ လုပ်ရသည်။ ပေါက်သည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ ခံသည်ဖြစ်စေ မိမိ၏ဘဲဥ ကွဲခဲ့လျှင် အရှုံးပေး၊ ဘဲဥအကွဲကို နိုင်သူအား ပေးလိုက်ရသည်။ ဤနည်းကား ညပွဲတန်းကြီး တစ်လျှောက်၌ ဟိုနေရာတွင် နှစ်ယောက်တစ်တွဲ၊ ဒီနေရာတွင် နှစ်ယောက်တစ်တွဲ မျက်နှာချင်းဆိုင်ကာ 'ဘဲဥပေါက်'လိုက်ကြသည်မှာ တဝေါဝေါ ညံနေတော့သည်။ ကျွန်ုပ်တို့၏ မိတ်ဆွေ တောအုပ်တစ်ယောက်မှာ ပျော်ပျော်ရှိသည်ဆို၍ လူငယ်တွေနှင့် 'ဘဲဥပေါက်'လိုက်ရာ တော်တော်ကြာလျှင် လုံချည်နှင့် တစ်ပွေ့ကြီး ဘဲဥတွေ လာပို့ရင်း၊ ခဏကြာလျှင် ဦးထုပ်နှင့်အပြည့် ဘဲဥတွေလာပို့ရင်းဖြင့် တစ်အိမ်လုံး ဘဲဥပြုတ်တွေနှင့် ပြည့်နေတော့သည်။ ထိုစဉ်က ဘဲဥတစ်လုံးမှ နှစ်ပြား၊ သုံးပြားပေးရသောကြောင့် မကစားနိုင်သော ကလေးသူငယ် မရှိ။ ဘဲဥဆိုင်ရှင်များမှာလည်း ပိန်းကောမကြီးငယ်နှင့် ဘဲဥတွေ သယ်ရသည်နှင့် အမောသား ရှိကြတော့သည်။ ကျွန်ုပ်တို့မှာလည်း တောအုပ်၏ ကျေးဇူးကြောင့် တည်းခိုသမျှသော ဧည့်သည်များအား ဘဲဥဟင်းနှင့် ဧည့်ခံ၍မကုန်အောင် ရှိတော့သည်။ စုံစမ်းကြည့်သောအခါ တောအုပ်၏ဘဲဥသည် ပွဲထဲတွင် နာမည်ကြီး၍ ဟိုလူက ပေါက်ချင်၊ သည်လူက ပေါက်ချင်နှင့် သူ့ထံသို့ ချဉ်းကပ်လာကြရာ တောအုပ်မှာ တစ်နေရာတွင် ထိုင်၍ တပည့်က ဘဲဥတွေ သိမ်းနေရုံသာ ရှိတော့သည်။ တခြားဒေသမှ လူငယ်များသည် တောအုပ်တစ်ယောက်၏ ဘဲဥနှင့်မှ ပေါက်ချင်သည်။ တောအုပ်ကိုမှ အနိုင်ရချင်သည် ဆိုသော စိတ်ထားမျိုးရှိမှ ရှိပါလေ၏လောဟု ကျွန်ုပ်တို့ စဉ်းစားမိပါသည်။

ပွဲပြီး၍ တောအုပ်၏ဘဲဥကို ထုခွဲစုံစမ်းရာ အလွန်မာ၍ 'အမြုတေ' ခေါ်ကြသော ဘဲဥမျိုး ဖြစ်လေသလော မပြောတတ်ပေ။

ဘုန်းကြီးပျံပွဲရက်အတွင်း တစ်ညနေ၌ ပြုံးချို၏ယောက္ခမနှင့် အိမ်သားများသာမက တစ်ရပ်လုံးသည် မြတောင်ဘက်သို့ ကူးကြလေရာ ပြုံးချိုမှာ မအီမသာရှိသည်နှင့် မလိုက်တော့ဘဲ အိမ်စောင့် နေရစ်ခဲ့၏။ စပ်ဖြူသည် ဘုန်းကြီးပျံတွင် သူငယ်ချင်းများနှင့် သောက်စား ပျော်ပါးနေရာမှ မိဘများကို ရိပ်ခနဲ မြင်လိုက်ရသည်တွင် နှုတ်ခွန်းမဆက်ဘဲ ရှောင်ထွက်ကာ ရေဆိပ်သို့ တစ်ယောက်တည်း ဆင်းလာ၍ ထီးချိုင့်ဘက်သို့ ကူးသော သမ္ဗန်တစ်စင်းနှင့် လိုက်လာခဲ့လေ၏။

အိမ်သို့ရောက်၍ တံခါးဖွင့်နိုင်းသောအခါ ပြုံးချိုက ကိစ္စကို မေးသည်နှင့် ခေါင်းစွပ် မပါသောကြောင့် အလွန်အေး၍ ခေါင်းစွပ်ယူရန် ပြန်လာခဲ့





သည်ဟု စပ်ဖြူက ပြော၏။ ခေါင်းစွပ်ထားသောနေရာကို ပြုံးချိုက မေး၍ စပ်ဖြူ ပြောသည့်အတိုင်း ရှာသော်လည်း မတွေ့ရချေ။ နောက်ဆုံး၌ စပ်ဖြူက "ဖွင့်သာ ဖွင့်ပါ၊ ကျုပ်ဘာသာ ရှာစမ်းပါရစေ"ဟု ပြောရာတွင် ပြုံးချိုသည် မိမိအား မရီးတစ်ယောက် ဖြစ်ကတည်းက မတ်နှင့် မတူသော စကားမျိုး မပြောဖူးခြင်းကို စဉ်းစားမိသည်နှင့် တံခါးကို ဖွင့်ပေးလိုက်သည်။

စပ်ဖြူသည် အကြံနှင့် ပြန်လာခဲ့ခြင်းဖြစ်သော်လည်း အိမ်သို့ရောက်ခါနီးတွင်မှ ပြုံးချိုကို ရွံ့သည်နှင့် ပြေလုမတတ်ဖြစ်နေသော 'အမူး'ကို ဖြည့်ရန် ခေါင်ရည်ဆိုင်သို့ဝင်၍ နှစ်ခွက်ဖြင့် 'ရဲဆေးတင်'ခဲ့ပြီးမှ ဝင်လာခဲ့ခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ အိမ်ထဲသို့ စပ်ဖြူ ဝင်လာသောအခါ အတော်ကလေး 'ထို'လျက်ရှိသည်။ ပြုံးချိုသည် သတိနှင့် နေသူဖြစ်၍ စပ်ဖြူ၏ အမူအရာကို အကဲခတ်လျက်ရှိရာ ချိုင်းအောက်တွင် ညှပ်ထားသော ခေါင်းစွပ်ကို မြင်သည်နှင့် စပ်ဖြူ၏ မရိုးသားခြင်းကို ရိပ်မိလေပြီ။

"ယီးတီးယားတား လုပ်မယ်မကြံနဲ့နော် မောင်စပ်ဖြူ၊ မိုးမိးလောင်သွားမယ် နားလည်လား"

"ဘာကြံသေးလို့လဲ မပြုံးချိုရ၊ ကျုပ် ကျုပ် ကျုပ်က"

စပ်ဖြူသည် ပြုံးချိုအား ဆတ်ခနဲ ကိုင်ဖမ်း၍ အိပ်ခန်းဆီသို့ တရွတ်တိုက် ဆွဲခေါ်၏။

"အော်လိုက်မယ်နော်၊ လူတွေ ကြားကုန်မယ်"

"အော်ချင်တိုင်းအော် တစ်ရပ်လုံး တစ်ယောက်မှမရှိဘူး"

ပြုံးချိုသည် အမှန်စင်စစ် နှလုံးနာသော်လည်း အော်လိုက်လျှင် လူတွေသိပြီး ရှက်စရာကြီး ဖြစ်ကုန်လိမ့်မည်ဟု စဉ်းစားမိသောကြောင့် အသံမထွက်စေဘဲ အားတိုက်သာ ရုန်းဖယ်လေသည်။ သို့သော် ပကတိအားဖြင့် အတော်အတန် ဗလကောင်းသည့်အထဲတွင် အရက်ခွန်အား ဖြည့်တင်းထားသည့် စပ်ဖြူသည် ပြုံးချိုကို အခန်းတွင်းသို့ရောက်အောင် တွန်းခေါ်နိုင်လေပြီ။ ပြုံးချိုသည် အနည်းငယ် ခွန်အားပျော့သောကြောင့် ဤအခြေအနေသို့ရောက်အောင် အနိုင်ခံလိုက်ရသော်လည်း ပက်လက်လှန်လျက် ရှိစဉ်၌ပင် အနိုင်မခံ အရှုံးမပေးဘဲ ရှိသမျှသော ခွန်အားဖြင့် ဟိုယိမ်းဒီယိမ်း ယိမ်းစောင်းကာ ရှောင်ဖယ်၏။ ပြုချင်ပြုစေ၊ သူ့အလိုအတိုင်း မဖြစ်စေရဟူသော ဓိဋ္ဌာန်သည် ပြုံးချိုတွင် တင်းတင်းမာမာကြီး ရှိ၏။ မည်မျှပင် မောဟိုက်စေကာမူ လျှော့



www.burmeseclassic.com

www.burmeseclassic.com



သောစိတ်သည် ပြုံးချို၌ လုံးဝမရှိချေ။ ဤသို့သော အခြေအနေ၌ အချို့သော မိန်းကလေးများသည် ကြောက်သလို၊ အားနာသလိုလို စိတ်မျိုးဝင်လာ၍ အကြောက်အကန် ရှန်းဖယ်ခြင်းကို အနည်းငယ် လျှော့ချတတ်၏။ ပြုံးချိုမှုကား စပ်ဖြူကို ကြောက်လည်း မကြောက်၊ သနားလည်း မသနား၊ အားလည်းမနာ၊ နှလုံးနာခြင်းမျှသာ ရှိသည်ဖြစ်၍ စပ်ဖြူက ဖက်ယမ်းနမ်းရှုပ်ခြင်းဖြင့် ကလိခြင်းများကြောင့် စိတ်ပြောင်းလဲခြင်း အနည်းငယ်မျှ မရှိဘဲ အသေအလဲ ရုန်းကန် တွန်းဖယ်လေတော့သည်။ ဤကိစ္စမျိုး၌ သဘာဝသည် မိန်းမကို အကာအကွယ် ပေးထားသည်ဖြစ်၍ မလျှော့တမ်း ရုန်းဖယ်သော မိန်းမတစ်ယောက်ကို အတော်အတန်မျှ အင်အားသာသော ယောကျ်ားတစ်ယောက်က ကာမလုယူရန် အမှန်ခဲယဉ်းလှသည်။ ပြုံးချိုသည် မောလှပြီ။ စပ်ဖြူကား သာ၍ပင် မောနေ၏။ ပြုံးချိုသည် စပ်ဖြူကို ရုန်းဖယ်ရင်းပင် 'မှဆိုးရိုင်းသင်'ဟူသော စကားအရ ချက်ကျအောင် ရုန်းဖယ်လာတတ်သည် ဖြစ်၍ အားစိုက်ခွန်စိုက်ကြီးမဟုတ်ဘဲ အတော်အတန် တိမ်းစောင်းရုံမျှနှင့်ပင် စပ်ဖြူ ဘာမျှ မတတ်နိုင်အောင် ဖြစ်နေခဲ့လေပြီ။ ဤတွင်မှ စပ်ဖြူက နည်းပရိယာယ်တစ်မျိုးပြောင်း၍ အသနားခံစကားမျိုး ပြောစပြုလာသည်နှင့် ပြုံးချိုက ရယ်ချင်မတတ် ဖြစ်လာဆဲတွင် အိမ်ရှေ့မှ မိဘများ၏ အသံကြား၍ စပ်ဖြူ ဆင်းပြေးလေတော့သည်။

ပြုံးချိုသည် မတ်၏ ကြံစည်ခြင်းခံရသော်လည်း မိမိက အောင်မြင်သည်ဆို၍ အပြင်းအထန် အမျက်မထွက်တော့သည်နှင့် မိဘများအား တိုင်သင့်မှ တိုင်တော့မည်ဟူ၍ပင် စိတ်ကူးမိ၏။ သို့သော် မိဘများသည် အိမ်ပေါ်သို့ တက်လာကြသောအခါတွင် နောက်ဖေးမှပြေးဆင်းသော စပ်ဖြူကို မမြင်လိုက်ကြစေကာမူ ဆံပင်နှင့် အဝတ်တွေ ဖရိုဖရဲဖြစ်နေသော ပြုံးချိုကို မြင်ကြသည်နှင့် စစ်ဆေး မေးမြန်းကြတော့သည်။ ဤတွင် ပြုံးချိုသည် မတ်တော်မောင်၏ အစော်ကားခံရသည့် အဖြစ်အပျက်ကို ဒိုယိုကာ ပြန်ပြောလေသည်။ မိဘနှစ်ပါး၏ ရှေးဦးစွာ သတိရပူပန်သော အခြင်းအရာသည်ကား ညီအစ်ကိုချင်း ရိုက်မောင်းပုတ်မောင်း ဖြစ်ကြမည့်အရေးပင် ဖြစ်၏။ ထို့ကြောင့် မိခင် ဒေါ်ဖွားမေသည် ပြုံးချိုအား နောက်ဖေးသို့ခေါ်၍ စစ်ဆေးရာ ပြုံးချိုက အထမမြောက်ကြောင်း ပြောပြလေသည်။ ထိုအခါ ဒေါ်ဖွားမေမှာ ရင်ထဲတွင် အလုံးနှစ်လုံးဆို့နေသည့် အနက်တစ်လုံးကျပြီး ဆက်လက် ချော့မော့လေသည်။





"ဒီလိုဖြစ်ရတဲ့အတွက် အမေ ဝမ်းနည်းလိုက်ပုံတော့ မပြောပါနဲ့ သမီးရယ်။ ငါ့သမီး စိတ်မကောင်းသလိုပဲ အမေလည်း စိတ်မကောင်း ဖြစ်ရပါတယ်။ ယုံပါတော့ သမီးရယ်"

"ယုံပါတယ် အမေ"

"အမေတစ်ခု ပြောမယ်နော်၊ ငါ့သမီး နားထောင်ပါ"

"ပြောပါအမေ"

"ငါ့သမီးကို ဒီတိရစ္ဆာန်က စော်ကားဖို့ကြံသော်လည်း အထမမြောက်ဘူးဟုတ်လား၊ ဒီအတူတူ မြတ်သူကို ဒီအကြောင်းတွေ မပြောပြပါနဲ့ သမီးရယ်။ သူတို့ညီအစ်ကို ခိုက်ရန်ဒေါသ ဖြစ်ကုန်ကြတယ်ဆိုရင် သမီးလည်း စိတ်မချမ်းသာ၊ အမေတို့ အဖေတို့မှာလည်း နေစရာမရှိအောင် ပူလောင်ရလိမ့်မယ် သမီးရယ်။ ဒါကြောင့် ငါ့သမီးက သဘောထားကြီးကြီးထားပြီး လွန်ပြီးသား အပြစ်ကို မျိုသိပ်ထားလိုက်ပါတော့ သမီးရယ်နော် သမီး"

"အမေပြောတာကို ကျွန်မ နားလည်ပါတယ်။ နည်းလမ်းကျတယ်လို့လည်း ယုံကြည်ပါတယ်။ သို့သော် မောင်စပ်ဖြူက နောက်ထပ် စော်ကားပြန်ရင်ကော ဘယ်လိုလဲ အမေ"

"စိတ်ချ အမေ တာဝန်ယူတယ်။ စော်ကားဖို့ မဆိုထားနဲ့ ယီးတီးယားတား မျက်နှာထားမျိုး သမီးကိုကြည့်ရင် ကိုလှူတုတ်က ဒင်းကို ရိုက်သတ်ပစ်စေမယ်။ ဒီအတွက်တော့ မပူနဲ့ စိတ်သာချ"

"အမေတို့၊ အဖေတို့၊ မပြုံးချိုတို့ မအိပ်ကြသေးဘူးလား"

ဟု အိမ်ရှေ့မှ ခေါ်သံကြားလေရာ တီးတိုးစကား ပြောနေကြသော ဒေါ်ဖွားမေနှင့် မပြုံးချိုတို့ ထိတ်လန့်သွားလိုက်ကြပုံမှာ ရင်ဘတ်ထဲမှ ဒိုင်းခနဲ မြည်သံ ကြားလိုက်ရသလို ထင်မိကြသည်။ အကြောင်းမူကား ခေါ်လိုက်သော အသံမှာ မြတ်သူ၏အသံ ဖြစ်ပေသောကြောင့်တည်း။

မြတ်သူမှာ ရန်ကုန်မှ ကိစ္စပြီးစီး၍ ပြန်ခဲ့ရာတွင် မန္တလေး၌ သင်္ဘောပတ် အဆင့်မသင့်ဘဲ ဖြစ်နေ၏။ စောင့်နေခဲ့သော် အချည်းနှီး အချိန်ကုန်မည် ထင်သဖြင့် မီးရထားနှင့် ကသာသို့လိုက်၍ သမ္ဘန်ငှားပြီး စုန်ခဲ့ရာ ညကြီးမင်းကြီး ရောက်လာခဲ့ခြင်း ဖြစ်၏။

"ငါ့သားကဖြင့် ခိုပြိုင်သလိုမျိုး လွှတ်လိုက်တယ်ဆို၊ အသိုက်ပြန်ရောက်အောင် မနားတမ်း ပျံလာတော့တာကိုးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးပျံလည်း မီချင်လို့ပါ အမေရယ်"

"အေးလေ ဟုတ်ပေသားပဲ၊ တို့တောင် ခုနကပဲ ပြန်ရောက်ကြတယ်"

"ဩော်...ဟုတ်လား၊ မပြုံးချိုကော လိုက်သေးလား"

"ခေါင်းနည်းနည်းအုံတာနဲ့ မလိုက်ဘူး ကိုမြတ်သူ"

"နို့...ဘယ်သူနဲ့ နေရစ်ခဲ့သလဲ"

"ကိုယ့်အိမ်ကိုယ်နေတာ ဘယ်သူ့ အဖော်ရှာရဦးမှာလဲ ကိုမြတ်သူရဲ့"

"ဟား ဟား... သတ္တိကောင်းပေတာကိုး၊ တစ်ရပ်လုံးတိတ်နေလို့ မေးမိတာပါဗျာ။ ဦးမောင် ဒေါ်ဆက်တို့တောင် သွားကုန်ကြဆိုပါကလား။ အိမ်တံခါး ပိတ်လို့"

ဒေါ်ဖွားမေနှင့် ပြုံးချိုတို့သည် စိတ်မလုံသလိုနှင့် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသော်လည်း မည်သို့မျှ ပြန်မပြောတော့ဘဲ ငှက်သမား ထမ်းယူလာသော မြတ်သူ၏ပစ္စည်းများကို တစ်ယောက်တစ်လက် သယ်ယူကြလေသည်။ သွားခဲ့သော ကိစ္စအကြောင်းကို ဦးလူတုတ်က မေး၍ နေရာကျခဲ့ကြောင်း၊ အင်္ဂလန်သို့ ရက်သတ္တ နှစ်ပတ်အတွင်း သွားရမည့် အကြောင်း၊ သုံးနှစ်တိတိ ပညာသင်ရမည့် အကြောင်းများကို ပြောပြလေသည်။ မြတ်သူသည် ပြုံးချို၏ မျက်နှာထားတစ်မျိုးတစ်မည် ဖြစ်နေသည်ဟု ရောက်ရောက်ချင်းပင် သတိပြုမိသော်လည်း မိမိရုတ်တရက် ပြန်ရောက်လာခြင်း ကြောင့်ပေလောဟု တွေးထင်မိ၏။ အလုပ်အကိုင် အကြံအစည် နေကျခဲ့ ကြောင်း ကြားသိရသောအခါ ပြုံးချိုမှာ ကြီးပွားရေးအတွက် ဝမ်းသာခြင်းနှင့် သုံးနှစ်တိုင်တိုင် တစ်ကွဲစီနေရမည့်အတွက် ဝမ်းနည်းခြင်းတို့သည် ချိန်ခွင် တစ်ဖက်စီ ဟိုယိမ်းဒီယိမ်း ဖြစ်နေ၏။ သို့သော် အတော်အတန် စိတ်ကြံ့ခိုင် သော သူငယ်မဖြစ်၍ ဝမ်းမြောက်စရာဘက်သို့ မဲတင်ပေးလိုက်လေသည်။

## အခန်း ၈

ထိုညဉ့်၌ မြတ်သူတို့ လင်မယားနှင့် မိဘနှစ်ပါးသည် အတော်ညဉ့်နက်သည် တိုင်အောင် စကားပြောကြ၏။ မြတ်သူက စပ်ဖြူအကြောင်းမေးရာ တလေ တစ်ယောက်ဖြစ်သည့်အလျောက် ဘုန်းကြီးဖာတ်ပွဲတွင် မိုးလင်းလိမ့်မည်ဟု ဒေါ်ဖွားမေက ပြောသည်။ ထို့နောက် အဝတ်အစားချုပ်ရန် ငွေလိုမည်ဖြစ်၍





ငွေရေးကြေးရေးအကြောင်းကို တိုင်ပင်ခြင်း၊ စီစဉ်ခြင်းဖြင့် အတော်ညဉ့်နက် သွား၏။

အိပ်ရာသို့ဝင်ကြပြီးနောက် မြတ်သူသည် ပြုံးချို၏ အနာဂတ် နေထိုင် ရေးနှင့် နိုင်ငံခြားတွင် တစ်ကိုယ်တည်း သုံးနှစ်တိုင် နေထိုင်ရမည့်အရေးကို တွေးမိသည်နှင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ မျက်စိမှိတ်၍ အိပ်ဖို့ ကြိုးစားပါသော်လည်း မပျော်နိုင်ဘဲရှိသည်။ ဤတွင် မခံချင်သည်နှင့် မြတ်သူသည် မီးအိမ်ထွန်း၍ စာဖတ်တော့သည်။ စာဖတ်လျှင် ဆေးလိပ် သောက်ချင်ခြင်းသည် နောက်ဆွဲအနေဖြင့် လိုက်ပါလာတတ်သည့်အတိုင်း မြတ်သူသည် ဆေးပေါ့လိပ်ကိုယူ၍ မီးညှိမည်အပြုတွင် မီးခြစ်ပျောက်နေ၏။ ခေါင်းအုံးအောက်သို့ အမှတ်တရ ထိုးထည့်ထားသော မီးခြစ်ဘူး ပျောက်ရလေ သလောဆို၍ ခုတင်နံဘေးသို့ ငုံ့ကြည့်လိုက်ရာတွင် ကြက်သေသေလျက် ငေးနေမိသည်။ အကြောင်းမူကား မီးခြစ်ဘူးသည် ခေါင်းစွပ်တစ်ခုပေါ်တွင် တင်လျက်ရှိရာ ခေါင်းစွပ်မှာ မိမိပစ္စည်းမဟုတ်၊ စပ်ဖြူ၏ပစ္စည်း ဖြစ်သည်ဟု သိရသောကြောင့်ပေတည်း။

ဤတွင် မြတ်သူမှာ စာဖတ်နိုင်သော အခြေအနေမရှိတော့။ စိတ်ထဲ တွင် ကယောင်ချောက်ချား ဖြစ်သွားခဲ့လေပြီ။ ပြုံးချိုကို နှိုး၍မေးမည်ဟု အကြံဖြစ်ပေါ်လာသေး၏။ သို့ရာတွင် ရှိစေဦးဆိုကာ ဆိုင်းထားလိုက်သည်။ ပြုံးချို အိပ်ပျော်လေသလောဟု အကဲခတ်ရာ အသက်မှန်မှန် ရှူရှိုက်နေသည်ကို တွေ့၍ အိပ်ပျော်နေသည်ဟု ယုံကြည်သည်။ ပြုံးချိုနှင့် စပ်ဖြူတို့အကြောင်းကို အနုလုံ ပဋိလုံပြန်လှန်ကာ အသေးစိတ် စဉ်းစားရာတွင် မိမိနှင့် မရမီက ပိုးပန်းဖူးသည့် သတင်းသန့်သန့် ကြားဖူးရုံမှတစ်ပါး ပြုံးချို၌လည်းကောင်း၊ စပ်ဖြူ၌လည်းကောင်း မသင်္ကာဖွယ် အခြင်းအရာမျိုး မတွေ့ရချေ။ ဤတွင် မိမိ ပြန်ရောက်စက ပြုံးချိုမျက်နှာ တစ်မျိုးတစ်မည် ဖြစ်နေပုံကို သတိရ၏။ ပြုံးချိုသာမက မိခင်လည်း မျက်နှာထားတစ်မျိုး ဖြစ်နေသည်။ ဖခင်ကြီးပင် လျှင် ပြောင်းလဲသောမျက်နှာ ရှိသည်ကို သတိရလာ၏။ အဘယ့်ကြောင့်ပေ နည်း။ မြတ်သူသည် ပြုံးချို၏ သစ္စာရှိခြင်းကို အကြွင်းမဲ့ ယုံကြည်ထား၏။ သို့ဖြစ်လျှင် မိမိ ပြန်ရောက်လာခြင်းနှင့် ပတ်သက်၍ ဘယ်ကဲ့သို့ သဘောပိုက် သောကြောင့် မျက်နှာထားပြောင်းလဲရချေသနည်း။ စေ့စေ့စပ်စပ် ပြန်လည်ဖော် ထုတ်ရာ၌ ပြုံးချို၏ မျက်နှာ၌ လည်းကောင်း၊ မိခင် ဖခင်တို့၏ မျက်နှာများ၌



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း စိုးရိမ်မကင်းသော အမူအရာအနေအထားမျိုး ရှိကြသည်ချည်း ဖြစ်သည်။ အဘယ့်ကြောင့်ပေနည်း။ ပြုံးချိုကား ဖောက်လွဲဖောက်ပြန် မကျင့်ကြံ ဟူသောအချက်ကို အခြေခံထား၍ စဉ်းစားရာတွင် မြတ်သူသည် အဖြစ်အပျက်အမှန်ကို ဘွားခနဲ တွေးလိုက်မိသည်။ မိဘနှစ်ပါးတို့ ဘုန်းကြီးပွဲ သို့သွား၍ ပြုံးချိုတစ်ယောက်တည်း အိမ်စောင့်ခိုက်တွင် စပ်ဖြူပြန်လာပြီး ပြုံးချိုကို ကြံစည်ဟန်ဟူသည်။ ပြုံးချိုသည် မိဘများ ရောက်လာသောအခါ၌ တိုင်တန်းရာတွင် မိမိ စိတ်ဆိုးပြီး ညီအစ်ကိုနှစ်ယောက် သတ်ပုတ်ကြမည့် အရေးကို မိဘများက သိမြင်၍ ပြုံးချိုအား မိမိကိုမပြောဖို့ ပိတ်ပင်ထားခြင်း ဖြစ်ရမည်ဟု တစ်ထစ်ချ တွေးဆမိလေသည်။ သို့သော် လင်ယောကျ်ား အနေဖြင့် အရေးတကြီး တွေးဆမိသောအချက်သည်ကား စပ်ဖြူသည် ပြုံးချိုကို ကြံစည်ရာ၌ ထမြောက်အောင်မြင်လေသလော။

ဤသို့ စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် မြတ်သူမှာ သက်ပင့်ကြီး ရှူရှိုက်မိသည်။

"ကိုမြတ်သူ မအိပ်သေးဘူးလား"

ဟု ပြုံးချိုက ရုတ်တရက် မေးလိုက်သည်နှင့် မြတ်သူ လန့်သွားသော်လည်း ချက်ချင်းပင် အကြံပေါ်လာ၍–

"စပ်ဖြူကြံစည်တာ အောင်မြင်သလား"

ဟု မေးလိုက်သည်။

"ဘာကြောင့် အောင်မြင်ရမှာလဲ အစ်ကိုကြီး ကိုမြတ်သူ"

"တကယ်နော်၊ ပြောသာပြောပါ ကိစ္စမရှိဘူး"

"တကယ်ပါ ကိုမြတ်သူ"

"တစ်ကြိမ်တည်းပဲလား"

"ဒီတစ်ကြိမ်တည်းပါပဲ"

"ဒီကနေ့ည မဟုတ်လား"

"ဟုတ်ပါတယ်"

"နောက်နောင်အတွက် စိုးရိမ်စရာရှိသလား"

"စိတ်သာချ၊ ကျွန်မ ကာကွယ်နိုင်ပါတယ်။ သူကလည်း ကြံစည်ဝံ့မှာ မဟုတ်တော့ဘူး။ ဒါထက် ရှင် ဘယ့်နှယ် သိသလဲ"

မြတ်သူသည် ခေါင်းစွပ်ကို ယူပြလိုက်သည်။





"သြော်...သြော် ဟုတ်သားပဲ။ ကျွန်မကို ယုံတယ်နော် ကိုမြတ်သူ"

"လုံးဝ ယုံကြည်ပါတယ်"

"မောင်မင်းကြီးသား သူတော်ကောင်းကြီးပါပေ"

ဆို၍ လက်အုပ်ချီကာ ကန်တော့လေရာ မြတ်သူသည် ပြုံးချို၏ လက်နှစ်ဖက်ကိုယူကာ မိမိ လက်နှစ်ဖက်ဖြင့် ဆုပ်ညှစ်ရင်း တစ်ယောက် မျက်နှာကိုတစ်ယောက် အလွန် နှစ်သိမ့်ကျေနပ်ခြင်းဖြင့် စိန်းစိန်းကြည့်ကြ လေသည်။

"ရှားမှရှားတဲ့ ယောကျ်ားပါပေ"

"ရှားမှရှားတဲ့ မယားပါပဲ"

ထို့နောက် ပြုံးချိုက စပ်ဖြူ ကြံစည်ပုံ အဖြစ်အပျက်ကို အသေးစိတ် ပြောပြမည်ပြုရာ မြတ်သူက "တော်ပါပြီ မပြုံးချို၊ နားထောင်ဖို့ မလိုပါဘူး။ အားလုံးနားလည်ပါတယ်"ဟု ပြောသည်နှင့် ရပ်လိုက်လေသည်။

စပ်ဖြူသည် သုံးလေးရက်တိုင် အိမ်သို့ပြန်မလာဘဲ ငုပ်ကွယ်နေ၏။ ပြန်လာသောအခါတွင် ဇာတ်မင်းသမီး ညွန့်ရီတို့အဖွဲ့နှင့် တကောင်းသို့ ပါသွားသည်ဟု ပြောရာ မည်သူကမျှ စစ်ဆေး မေးမြန်းခြင်း မပြုချေ။ မိဘများသည် မြတ်သူ ကွယ်ရာတွင် ပြုံးချိုအား လင်ယောကျ်ားကို ပြောပြ လေသလောဟု မေးရာ ပြုံးချိုက မိမိ မပြောရဘဲ သူ့ဘာသာ သိသည်ဟု ပြော၏။ မိဘများမှာ ပြုံးချိုစကားကို မယုံတယုံ ဖြစ်ကြ၍ မြတ်သူ၏မျက်နှာ ကို အကဲခတ်ကြရာ ဒေါပွသော အနေအထား မတွေ့ရသောကြောင့် ကိုယ့် သားကိုယ် စိတ်ထဲက ချီးကျူးနေမိကြသည်။ သို့နှင့်ပင် စပ်ဖြူ ပြန်ရောက်လာ သောခါ၌ စိတ်မချနိုင်ကြသေးဘဲ မြတ်သူ၏ မျက်နှာကို ကြည့်ကြသေးရာ ဣန္ဒြေကြီးသော မျက်နှာမျိုးမှတစ်ပါး တစ်စုံတစ်ရာ ပြောင်းလဲခြင်း မတွေ့ ရချေ။

နေ့လယ် လက်ဖက်ရည်သောက်ချိန်ခါ မြတ်သူသည် အခန်းထဲမှ ထွက်လာ၍ စပ်ဖြူအား–

"ငါ့ညီက အထားအသို တယ်ပြီး ပက်ပက်စက်စက်ကြီး ကွယ့်။ ဟောဒီမှာ မင်းခေါင်းစွပ် မဟုတ်လား။ ခွေးကတက်ပေါ် ကျနေလို့ ငါ ကောက်ထား လိုက်ရတယ်"

ဟုဆိုကာ ခေါင်းစွပ်ကို ပစ်ပေးလိုက်သည်။ စပ်ဖြူကလည်း ခေါင်းစွပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကောက်ကြည့်၍ သူ့ပစ္စည်းမဟုတ်သလို လုပ်နေ၏။ သူ၏ဦးခေါင်း၌လည်း သွေးတူမွေးတူ ခေါင်းစွပ်တစ်ခု ဆောင်းထား၏။ သို့သော် အသစ်စက်စက်ကြီး ဖြစ်နေ၏။ ဤတွင် မြတ်သူက–

"အေးလကွယ်၊ မင်းပစ္စည်းမဟုတ်လည်း အမေ သိမ်းထားလိုက်ပေါ့"

ဆိုကာ ခေါင်းစွပ်ကိုယူ၍ မိခင်သို့ ပေးအပ်လိုက်လေသည်။ မိဘနှစ်ပါးတို့မှာ မျက်လုံးပြူးကာ ကြည့်ရှုံသာ ကြည့်နေကြရသည်။

လုံးတင်သည် မြတ်သူ ပညာတော်သင် သွားရမည့်အကြောင်းကို ကြားရသောအခါ ထီးချိုင့်သူ တစ်ယောက်အနေဖြင့်လည်းကောင်း၊ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် အနေဖြင့်လည်းကောင်း ဝမ်းမြောက်နိုင်သည်မှန်၏။ သို့ရာတွင် တစ်ရွာလုံးက မိမိနှင့် မြတ်သူကို ပေးစားသည့်အထဲမှ ပြုံးချိုက ဝင်လုသွားသည်။ ပြုံးချိုကြောင့်သာ မိမိ လက်လွှတ်ရသည်ဟူသော ထင်မြင်ချက် စွဲကပ်လျက်ရှိသောကြောင့် ပြုံးချိုကို စိတ်ထဲမှ ရန်လုပ်နေ၏။ ဝတ္တရားမပျက်အောင် ဝင်ထွက်ကာ ဝမ်းသာပါသည်ဟု ပြောသော်လည်း စိတ်ထဲက မကျေနပ်နိုင်ချေ။

သို့ဖြစ်၍ လုံးတင်သည် ထွန်းရှင်ကို ရှင်ပြုစဉ်က မိမိထံပေါင်နှံထားသောလယ်ကို ရွေးနုတ်ဖို့ ဦးမောင်အား နားပူစေရန် ဖခင် ဘုရားဒကာခင်ကို တိုက်တွန်း၏။ ဘုရားဒကာခင်မှာ သမီးစကားကို မြေဝယ်မကျ နားထောင်လာခဲ့သော လူကြီးဖြစ်ရကား လုံးတင်၏ ဆန္ဒအတိုင်း ဦးမောင်အား နားပူ၏။ လယ်ကို အဆုံးအပိုင်ပေးလျှင်လည်း ပေးပါ။ သို့တည်းမဟုတ် ရွေးနုတ်ပါဟု အကျပ်ကိုင်တော့သည်။ ဦးမောင်တို့မှာ ရွေးနုတ်ရန် ငွေ ၃၀၀ိ မရှိဘဲဖြစ်နေသဖြင့် စိတ်ညစ်ကြရ၏။ မိဘများ မျက်နှာမသာခြင်းကို ပြုံးချိုမြင်၍ မေးမြန်းရာတွင် ဦးမောင်က သမီးအား ဖွင့်ပြောရ၏။ သို့နှင့် ပြုံးချို စ်ဝ်ညစ်ရသည်တွင် မြတ်သူက မေးပြန်၍ အဖြစ်အပျက်ကို ပြောပြရလေသည်။

မြတ်သူက ဤကိစ္စတွင် လုံးတင် အချက်အချာဖြစ်၍ လုံးတင်ကို ပြောလျှင် ပြီးနိုင်လောက်သည်ဟု ရိပ်မိ၏။ သို့ရာတွင် လုံးတင်အား ခယဝပ်တွား စကားပြောလိုသော စိတ်မရှိချေ။ ဤအရေးတွင် မိမိ မသွားမီ ပြုံးချို စိတ်ချမ်းသာအောင် လုပ်ပေးခဲ့ချင်၏။ မိမိ၏ မိဘများမှာလည်း ငွေကြေး တောင့်တင်းသည် မဟုတ်၊ အင်္ဂလန်သွားဖို့ အဝတ်အစားချုပ်ရန် အတွက်ပင် အတော် ခဲယဉ်းစွာ စီမံရသည်။ အဝတ်ချုပ်ရေးတွင် ငွေကြေး





မလုံလောက်သည်နှင့် မြတ်သူ ဝတ်ထားသော နဝရတ်လက်စွပ်ကို ရန်ကုန်တွင် ရောင်းရန် အစီအစဉ် လုပ်ထားရသည်။ ဤတွင် မြတ်သူက မိမိအတွက် အဝတ်အစားကို လျှော့ချုပ်မည်။ လက်စွပ်ကို ထီးချိုင့်၌ပင် ရောင်းပြီး လယ်ရွေးဖို့ ပေးခဲ့မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ဖြစ်၍ မြတ်သူသည် လက်စွပ်ကို ကုန်သည်တစ်ယောက်ထံတွင် ရောင်း၍ရရှိသော ငွေအနက်မှ ၃၀၀ိ ကို ပြုံးချိုအားပေးရာ ပြုံးချိုမှာ ရှိုက်ကြီးတငင် ဖြစ်သွား၏။ ချမ်းအေးသောတိုင်းပြည်ကို သွားရမည့်ပြင် လင်ယောကျ်ားအား လူချင်းတူသူချင်းမျှ လုပအောင် ဝတ်စေချင်သော ဆန္ဒလည်း ရှိရကား ပြုံးချိုမှာ အခြားနည်းလမ်း မရှိရှာသောကြောင့် ယူရသော်လည်း ရင်ထဲ၌ နင့်ဆို့ဆို့ကြီး ဖြစ်ရလေသည်။ မြတ်သူ၏ မိဘများကမူ လက်စွပ်ကို ဂရုစိုက်ကြည့်နေကြသည်မဟုတ်သောကြောင့် ထိုနှစ်ရက် သုံးရက်မျှ အတောအတွင်း၌ ဤအကြောင်းကို သိပင် မသိလိုက်ကြချေ။

သွားဖို့ရက်နီးလာရာတွင် မြတ်သူသည် မိခင်သို့ ချဉ်းကပ်၍ ပြုံးချို၏ နေရေးထိုင်ရေးအတွက် တိုင်ပင်လေ၏။ ပြုံးချိုမှာ မိမိ မရှိခိုက်တွင် ယောက္ခမအိမ်၌နေရခြင်းထက် သူ့မိဘများ၏ အိမ်ကလေးတွင် နေရခြင်းက စိတ်သက်သာဖို့ ရှိသောကြောင့် ပြောင်းရွှေ့နေရစ်ဖို့အကြောင်း ပြောရာတွင် အကြောင်းကြောင်းကို သိပြီးဖြစ်သော ဒေါ်ဖွားမေသည် ဝတ်ကျေဝတ်ကုန်မျှလောက်သာ ငြင်းပြီးနောက် မြတ်သူ၏ အစီအစဉ်အတိုင်း သဘော တူညီလေသည်။

ထို့နောက် မယားပြုံးချိုအားလည်း မိဘများနှင့် နေထိုင်ရာတွင် စားရေးသောက်ရေးအတွက် အခက်အခဲရှိမည်ဖြစ်သောကြောင့် အစိုးရထံမှ မိမိရမည့် 'စတိုင်ပင်'အနက်မှ အနည်းဆုံး တစ်လ ငွေသုံးဆယ်တင်ပို့နိုင်အောင် ကြိုးစားပါမည်ဟု ကတိပေးလေသည်။ တက္ကသိုလ်ရောက်အောင် ပညာသင်ခဲ့ဖူးသော ပြုံးချိုသည် နိုင်ငံခြားပညာတော်သင်များ၌ အစိုးရပေးသော 'စတိုင်ပင်'နှင့် မလုံလောက်သည့်အတွက်ကြောင့် တတ်နိုင်သော မိဘများကပင် ထောက်ပံ့ပို့ပေးရသည်ဟု ကြားဖူးရကား ထောက်ပံ့ကြေးအနက်မှ မိမိတို့ထံ ပို့ပေးဦးမည်ဆိုခြင်းအတွက် ရင်ထုမနာ ဖြစ်ရရှာပြန်သည်။ အင်္ဂလိပ်ကျောင်းဖွင့်သောအခါ လက်ထောက်ဆရာမ လုပ်ပါရစေ ဟူသော ပြုံးချို၏ ခွင့်ပန်ချက်ကိုမူ မြတ်သူက လုံးဝ ပယ်ချလိုက်လေသည်။ ပယ်ချဖို့အကြောင်းတစ်ခု ထပ်ဆင့်ပေါ်ပေါက်လာသည်မှာကား မြတ်သူ ခရီးထွက်ရတော့မည့်ဆဲဆဲ၌ပင် ပြုံးချိုက



www.burmeseclassic.com

www.burmeseclassic.com



မိမိမှာ ပဋိသန္ဓေ စွဲကပ်သည့် လက္ခဏာများ ပေါ်ပေါက်လာသည်ဟု ပြောပြခြင်းပင် ဖြစ်လေသည်။

မြတ်သူသည် ဤအကြောင်းကို ကြားရသောအခါ တကယ့် အချိန်အဆစ်အပိုင်းတွင်မှ ဖြစ်ရလေသည်ဆို၍ ရင်ဘတ်စည်တီး အံ့သြမိသေးသည်။ မြတ်နိုးနှစ်သက်သော မယားနှင့် ပထမသားဦးရမည့် ဖခင်များ၏ ဝမ်းသာနည်းအတိုင်း ဝမ်းသာသော်လည်း မြတ်သူအဖို့မှာ မယားနှင့် ခွဲခွာရေးအတွက် သာ၍ခက်ခဲအောင် လုပ်ရာကျပေတော့သည်။ သို့ရာတွင် နာနာဘာဝေါ၊ ဝိနာဘာဝေါ၊ အညထာဘာဝေါ ဟူသော တရားတော်အရ ခေတ္တခဏကွဲခြင်း၊ တစ်ရပ်စီရှိနေ၍ ကွဲခြင်း၊ သေကွဲ ကွဲရခြင်း စသော အခြင်းအရာများသည် လောကဓံ၌ ကြုံတွေ့ရမြဲဖြစ်၍ အထူးတလည် စာဖွဲ့လောက်သည် မဟုတ်ပေ။ ကျွန်ုပ်တို့၏သဘောမှာ လူသာမန်တို့ ကြုံတွေ့ရနေကျမဟုတ်သည့် ထူးကဲသော အဖြစ်အပျက်မျိုး၌ သနားဖွယ်ကောင်းသော အခြင်းအရာများကိုသာ အကျယ်တဝင့် ဖော်ပြလိုသည် ဖြစ်ပေရကား လင်နှင့်မယား ခေတ္တသဘော ကွေကွင်းရခြင်းမျှလောက်ကို ရေးကြီးခွင်ကျယ် သနားဖွယ်ကောင်းသော အခြင်းအရာတစ်ခုအနေဖြင့် စာဖွဲ့ရန် အလိုမရှိသည့်အလျောက် ပြည်ဖုံးကားချလိုက်ရပေသည်။

## အခန်း ၉

မြတ်သူ ပညာတော်သင် သွားသည့်နေ့မှ စ၍ ပြုံးချိုသည် မိဘများ၏ အိမ်ကလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ သားယောကျ်ားလေး ဖွားမြင်ခဲ့လေပြီ။ ဆုကြီးပန် ယောကျ်ားတစ်ယောက် ဟူ၍ သိရရုံသာမက မိမိနှင့် စပ်ဖြူတို့ အရေး၊ မိမိ၏ မိဘများ အတွက်တာကြောင့် အဝတ်အစား ချို့ငဲ့ခြင်းခံ၍ လက်စွပ်ကိုရောင်းပေးသည့် အပြုအမူ၊ မြို့ရွာအတွက် ရှေ့ဆောင်ကာ စေတနာ့ဝန်ထမ်းအလုပ်များ ဆောင်ရွက်ခြင်းနှင့်တကွ အသေးအဖွဲကိစ္စ ကလေးပေါင်းများစွာကိုတွင် မြတ်သူ၏ စိတ်သဘောထားကြီးရင့် မြင့်မြတ်ခြင်းကို မျက်မြင်ကိုယ်တွေ့ကြုံရသော ပြုံးချိုသည် မြတ်သူကို မကြည်ညို၊ မလေးစားဘဲ မနေနိုင်သည့်အလျောက် နေ့စဉ်မှန်မှန် ဘုရားရှိခိုးတိုင်း လင်ကောင်းမောင်မင်း ကျန်းမာပါစေ ဟူ၍ မေတ္တာပို့ကို မလျော့ချေ။ မိဘများ၏နေအိမ်၌ အိမ်တွင်းမှု





အလုပ်များကို ရှေးကထက် ထကြွ လုံ့လဝီရိယနှင့် လုပ်ကိုင်၍ အားလပ်သော အချိန်များတွင် ယောက္ခမများ၏ အိမ်သို့ တစ်နေ့တစ်ခေါက် မှန်မှန်ရောက်ဖို့ကိုလည်း ဝတ္တရားတစ်ခုအနေနှင့် ကြိုးစားလေသည်။

မြတ်သူထံမှ တစ်လ တစ်ကြိမ် စာမှန်မှန်ရ၍ ငွေသုံးဆယ်ကိုလည်း လစဉ်မှန်မှန်ကြီး တင်ပို့ပေးသည်။ ဦးမောင်နှင့် ဒေါ်ဆက်တို့သည် မြတ်သူထံမှ ငွေသုံးဆယ်ကို လက်မခံလိုသော်လည်း မြေကလေး ဆယ်ဧကလောက်နှင့် လုပ်ရသော လယ်သမားများထုံးစံအတိုင်း ချောင်လည်လှသည်မဟုတ်ဘဲ မြတ်သူ၏ ငွေသုံးဆယ် ပေါင်းထည့်လိုက်မှ မဝတဝ၊ မလှတလှ စားသောက်နေထိုင်ကြရပေသည်။

စပ်ဖြူသည် ထိုညဉ့်က အဖြစ်အပျက်ကြောင့် ပြုံးချိုကို မကြည့်ဝံ့ဘဲ မျက်နှာလွှဲခဲ့သော်လည်း ပြုံးချိုက ထိုကိစ္စအတွက် ရန်ငြိုးဖွဲ့သည့် အမူအရာမျိုး မဖော်ပြကြောင်း တွေ့ရသည်နှင့် တစ်စတစ်စ ခေါ်ရဲပြောရဲလာ၍ နောက်ဆုံးတွင် ပြုံးချိုတို့အိမ်သို့ ဝင်ဝင်ထွက်ထွက် ပြုလုပ်လာလေသည်။ ပြုံးချိုသည် စပ်ဖြူကို မတ်တစ်ယောက်အနေဖြင့် အထိုက်အလျောက် ရင်းနှီးစွာ ဆက်ဆံသော်လည်း စပ်ဖြူ၏ အမူအရာကို အမြဲတစေ အကဲခတ်လျက်ရှိ၏။ စပ်ဖြူကလည်း မတ်တစ်ယောက်၏ အနေအထားမှတစ်ပါး မလေးမစား 'ပြည်တည်တည်' အမူအရာအရာမျိုး အလျဉ်းပင် မဖော်ပြချေ။ ပြုံးချို၏ မိဘများကမူ စပ်ဖြူစော်ကားဖူးသော အပျက်အကြောင်းကို ပြုံးချိုက ပြောမပြ၍ မသိကြရကား စပ်ဖြူက ဝင်ဝင်ထွက်ထွက် ပြုခြင်းအတွက် ဝမ်းသာရှာကြ၏။ ကျေးရွာအလားရှိသော မြို့ငယ်ကလေး၌ စားနိုင်သောက်နိုင် အဆင့်အတန်းရှိ လူမိုက်ယောင်ယောင် သတင်းပြေးနေသည့် စပ်ဖြူကဲ့သို့သော လူတစ်ယောက်က ဝင်လားထွက်လား ပြုလုပ်သည်ဆိုလျှင် လင်ယောကျ်ားနှင့် ကွဲကွာနေခိုက် အိမ်ကလေးနှင့် နေရသည့် ပြုံးချိုကဲ့သို့သော မိန်းကလေးတစ်ယောက်အဖို့တွင် အကာအကွယ်ကြီးတစ်ခု ဖြစ်လေ၏။ လူသူလေးပါး စော်ကားမော်ကား မပြုဝံ့ဟု ဦးမောင်၊ ဒေါ်ဆက်တို့က ယူဆ၍ ဝမ်းမြောက်ကြ၏။ သို့ရာတွင် အမှန်ကိုဆိုရသော် ပြုံးချို ကိုယ်၌ကမူကား စပ်ဖြူကဲ့သို့သောလူကို အကာအကွယ်အနေဖြင့် အားကိုးအားထား မပြု၊ သူက လာ၍ လက်ခံထားခြင်း ဖြစ်လေသည်။

စပ်ဖြူသည် လုံးတင်နှင့် သူငယ်ချင်းဖြစ်သည့်အလျောက် အတော်



www.burmeseclassic.com

www.burmeseclassic.com



အတန် အကျွမ်းတဝင် ရှိကြ၏။ လုံးတင်မှာ နောင်တော်ကြီးနှင့် လွဲသွားရခြင်းအတွက် ဝမ်းနည်းပက်လက် ကျန်ရစ်ခဲ့ရခြင်းကို စပ်ဖြူသိ၏။ စပ်ဖြူသည် သူဌေးဟု သတင်းပြေးနေသည့် ဘုရားဒကာခင်၏သမီး လုံးတင်ကိုရနိုင်လျှင် ကော်သည်ဟု အောက်မေ့၍ အပျိုလှူပျိုတို့သဘာဝ တီးခေါက် စုံစမ်းဖူး၏။ သို့ရာတွင် မဟန်ခြင်းကို တွေ့ရ၏။ လုံးတင်မှာမူ နဂိုကတည်းက ပညာလိုလားလှသူ မဟုတ်ဘဲ တစ်ရွာတည်းသူများဖြစ်သည့် ပြုံးချိုနှင့် မြတ်သူတို့ တက္ကသိုလ် ထွက်သွားကြသည်ဆို၍ ရောက်သွားခဲ့ခြင်းဖြစ်ရာ ပြုံးချိုလည်း မရှိတော့၊ မြတ်သူလည်း ဘီအေ အောင်ပြီးသည်တွင် လုံးတင်သည် တက္ကသိုလ်မှ ထွက်လိုက်လေသည်။

တစ်နေ့သ၌ လုံးတင်သည် တက္ကသိုလ်၌ ရှိကြစဉ်က တစ်ရွာတည်းသူများဆို၍ ပြုံးချို၊ မြတ်သူတို့နှင့်အတူ သုံးယောက်တွဲ ရိုက်ထားသော ဓာတ်ပုံကို ထုတ်ကြည့်မိသည်တွင် မြတ်သူအား လက်လွှတ်ရခြင်းအတွက် အခဲမကျေ ဖြစ်နေရာမှ ဒေါပွလာတော့၏။ မြတ်သူ ပညာတော်သင် သွားရမည်ဟု ကြားရကတည်းက လက်လွှတ်ခဲ့ရခြင်းအတွက် သာ၍ နှမြောပြီး ပြုံးချို အပေါ်တွင် သာ၍ ဒေါပွ၏။ အကယ်၍သာ မြတ်သူကို မိမိ ရခဲ့ပါလျှင် ဇနပုဒ်တွင် နာမည်ကြီးရုံသာမက တိုင်းသိပြည်သိ ကတော်ကြီးတစ်ယောက် ဖြစ်လာရဖို့ ရှိသည်ဟု လုံးတင် စဉ်းစားမိ၏။ မြတ်သူနှင့်သာ မိမိရခဲ့ပါမူ ယခုအချိန်၌ အဘယ်မျှလောက် ပိုင်ပိုင်နိုင်နိုင် လွမ်းဆွတ်၍ ကောင်းလိမ့်မည်နည်း စသည်များဖြင့် စိတ်ကူးယဉ်လျက်ရှိစဉ် စပ်ဖြူ တက်လာလေသည်။

လုံးတင်သည် စပ်ဖြူကို မြင်သောအခါ မိမိကိုယ်တိုင် စိတ်မကျေမချမ်းဖြစ်နေသော လူများသည် ပတ်ဝန်းကျင်ရှိ လူများအားလည်း မိမိကဲ့သို့ပင် မကျေမချမ်းဖြစ်အောင် နှိုးဆွပေးလိုသော ဆန္ဒရှိတတ်သည့်အတိုင်း–

"ဖိုးကျန်ရစ်ကြီး...ဘာကိစ္စ လာသလဲ"

ဟု မေးလိုက်၏။ လုံးတင်သည် ပြုံးချိုအား စပ်ဖြူ ပိုးပန်းဖူးခြင်းကို သိသော်လည်း ထိုကဲ့သို့ ကျီစားဖူးသည်မရှိ၊ ယနေ့မှ ကလိခြင်းဖြစ်သည်။

"အောင်မယ်... မင်းက ဦးရင်ပြီးတမ်း လုပ်လိုက်တာပေါ့လေ၊ မင်းကော မယ်ကျန်ရစ် မဟုတ်လားကွ"

လူသတ္တဝါသည် သူတစ်ပါးကို နာကြည်းအောင် ကျီစားရန် ဦးမလေးသော်လည်း ကိုယ့်အလှည့်ကျသောအခါ 'ဟုတ်တာဆို နာလိုခံခက်၊ အမျက်





ထွက်' ဟူသော စကားအတိုင်း လုံးတင်မှာ အခံလည်းခက်၊ ရှက်လည်း ရှက်ပြီး 'နင်ပဲငဆ' ပြန်ပြောရာမှ ရန်ဖြစ်တော့မတတ် ဒေါပွလာကြသည်။ သို့ရာတွင် လုံးတင်သည် အကြံအစည်တစ်ခု ရှိသည့်လက္ခဏာနှင့် အမျက်ကို ချုပ်တည်းကာ မိမိ၏အမှားကို ဝန်ခံတောင်းပန်သည်နှင့် စပ်ဖြူလည်း ကျေနပ်နှစ်သိမ့်သွားလေသည်။

"စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ၊ ငါမှားပါတယ်။ နောက်ကို မကျီစားတော့ပါဘူးကွယ်"

"ဒီလိုဆို ငါကလည်း ကျီစားမိတာ ပြန်ရုပ်သိမ်းပါတယ်ကွာ"

"နေပါဦးကွ မေးပါရစေဦး၊ မင်းတို့ ယောကျ်ားတွေ ချစ်တယ်ကြိုက်တယ်ဆိုတာ ဒါလောက်ပဲလားကွ"

"ဘယ်လို မေးလိုက်တာလဲကွ"

"ဟိုတုန်းကတော့ ချစ်တယ်၊ အခုတော့ ပြီးသွားရောလား"

"ပြီးတယ်လို့ ဘယ်ဟုတ်မလဲကွာ။ ကိုယ့်အစ်ကိုနဲ့ဆိုတော့ နောက်ဆုတ်လိုက်ရတာပေါ့"

"အေးလေ၊ နောက်ဆုတ်တုန်းက ဆုတ်တာပေါ့။ အခုတော့ အခွင့်သာနေပြန်ပြီ မဟုတ်လားကွ"

"အခုတော့ ကလေးတစ်ကောင်အမေ ဖြစ်နေပြီဟာ ဘာလုပ်တော့မှာလဲ မလုံးတင်ရာ"

"ယောကျ်ားဆိုပြီး ညံ့လိုက်တာလေ မောင်စပ်ဖြူရာ"

"မညံ့ဘူး မလုံးတင်၊ မင်းမသိဘူးလား၊ အစ်ကိုရှိတုန်းကတောင် ငါက မူးမူးရူးရူးနဲ့ ဓွတ်အတင်း ကြံစည်သေးတယ်ကွ"

"ဟေ...ဟုတ်လား၊ နို့ ဘယ့်နှယ်လဲ"

"နေရာမကျပေါင်ကွာ"

"အောင်မယ်လေးဟဲ့လူ ဖြစ်မှဖြစ်ရလေ၊ ဘယ်တုန်းကလဲဟေ့"

"မြတောင် ဘုန်းကြီးပျံတုန်းကပေါ့ကွ"

ဤတွင် လုံးတင်က မေး၍ စပ်ဖြူက အသေးစိတ် ပြောပြလေသည်။ ထို့နောက် လုံးတင်သည် 'လသာတုန်း ဗိုင်းငင်ရမည်'ဆိုကာ မြတ်သူ မရှိခိုက်တွင် ပြုံးချိုကို ကြံစည်ဖို့ မြှောက်ပေး၏။ ပြုံးချိုမှာ 'တစ်သားမွေးမွေး၊ တစ်သွေးသွန်သွန်' ဆိုသော စကားအရ သားတစ်ကောင်အမေ ဖြစ်ပါလျှင်



www.burmeseclassic.com

www.burmeseclassic.com



အပျိုစင် ဘဝကထက်ပင် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်၍ သာပြီးလှနေကြောင်း (မှန်လည်းမှန်သည်) ချီးကျူးကာ စပ်ဖြူအား တိုက်တွန်းလေ၏။ စပ်ဖြူကမူ ဟန်မည်မထင်ကြောင်း ပြော၍ ငြင်းဆန်သော်လည်း စိတ်ထဲကမူ လုံးတင်၏ ချီးကျူးလုံးများကို သဘောကျပြီး အတန်ငယ် ဖောက်ပြန်သွားလေပြီ။

ထိုနေ့မှစ၍ စပ်ဖြူသည် ပြုံးချိုတို့၏အိမ်သို့ ယခင်ကထက် မှန်မှန် သွား၍ ဦးမောင်၊ ဒေါ်ဆက်တို့နှင့် ခင်မင်အောင် ပေါင်းသင်းလေ၏။ အလုပ်ကြမ်း လုပ်စရာရှိလျှင် ပြုံးချိုအတွက် ဝင်လုပ်ပေးသည်ဖြစ်စေ၊ မိမိ မလုပ်တတ်သည့်အလုပ်မျိုး ဖြစ်လျှင်လည်း ကလေးချီထားခြင်းဖြင့် အကူအညီပေးသည် ဖြစ်စေ ခင်မင်အောင် ကြိုးစား၏။ ပြုံးချို၏ သားကလေးကိုလည်း တူကလေးဆို၍ 'ဖူးဖူးမှုတ်' ချစ်လေဟန် တစ်ချီတည်းချီ၊ တစ်ပွေ့တည်းပွေ့၊ တစ်နမ်းတည်း နမ်းရှုပ်၏။ စားသောက်စရာများလည်း ဝယ်လာ၍ လူကြီးများကို ကျွေးခြင်း၊ ကျောင်းသားထွန်းရှင်အတွက် အဝတ်အစား ဝယ်ပေးခြင်း၊ တူလေးအတွက် သိုးမွေးခြေအိတ်ကလေး၊ ခေါင်းစွပ်ကလေး၊ အထည်စကလေးများ ဝယ်ယူခြင်း ပြု၏။ တစ်ခါတစ်ရံ ပိုက်ဆံ ပြတ်လပ်ရာတွင် စပ်ဖြူသည် ထိုကိစ္စကို ပြော၍ လုံးတင်ထံမှ ချေးငှားရာ လုံးတင်က သွက်လက်စွာ ထုတ်ချေး၏။ ပြုံးချိုတို့ အိမ်သားများအတွက် တစ်စုံတစ်ခု ဝယ်ချင်သည်ပြော၍ ချေးတိုင်း လုံးတင်သည် မဆိုင်းမတွ ချေးငှား၏။ စပ်ဖြူက ပြန်လည်ပေးဆပ်ခြင်း မပြုလျှင် ပြန်တောင်းသည်မရှိ၊ ပြန်ဆပ်မှသာ ယူလေသည်။

ယင်းသို့သော အခြေအနေတွင် ဦးမောင်၊ ဒေါ်ဆက်သာမက ထွန်းရှင်သည်ပင်လျှင် စပ်ဖြူကို 'ကျ' လျက်ရှိကြလေပြီ။ ပြုံးချိုကမူကား အခါခပ်သိမ်း အကဲခတ်လျက် ရှိ၏။ စပ်ဖြူသည် မိမိတို့ အိမ်သားများကို ရိုးရိုးသားသား အရေးလုပ်ခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် အကြံအစည်ရှိ၍ အယုံသွင်းခြင်း ဖြစ်လေလောဟု မဆုံးဖြတ်နိုင်အောင် ဖြစ်နေ၏။ သို့ရာတွင် ပြုံးချိုကမူ စပ်ဖြူကို လုံးဝ ယုံကြည်စိတ်ချသူလည်း မဟုတ်၊ မရိုးတစ်ယောက် ဖြစ်နေသောကြောင့် ရိုးရိုးသားသား ခင်မင်သည်ကို မိမိက အထင်မှားပြီး မယုံမကြည်ရှိမိ ငြားအံ့၊ အားနာဖွယ်ကောင်းသည်ဟု ပြုံးချိုက ယူဆသောကြောင့် မိမိ၏ စိတ်မချခြင်းကို ထင်ရှားအောင် ဖော်ပြသည် မဟုတ်ချေ။ ဤသို့ စဉ်းစားခြင်းမှာ ပြုံးချို၏ စိတ်နှလုံး ကောင်းလွန်းခြင်းကြောင့်ဟု ဆိုနိုင်၏။





မိမိအား တစ်ကြိမ် စော်ကားဖူးသော မတ်တစ်ယောက်အပေါ်တွင် တစ်သက်ပတ်လုံး မယုံကြည်နိုင်လျှင်လည်း (မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ) အားနာစရာ မဟုတ်ချေ။ ပြုံးချိုကမူ စိတ်သဘောထား ပြောင်းလဲနေသော မတ်တစ်ယောက်ဖြစ်နေပါက အားနာဖို့ ကောင်းသည်ဟု စဉ်းစားခြင်းသည် သူငယ်မ၏ သဘောကောင်းခြင်းတစ်ရပ် ဖြစ်နေချေ၏။ စပ်ဖြူ၌ စိတ်ထား ပြောင်း၊ မပြောင်းမသိနိုင်သောကြောင့် ရှေးကအတိုင်း ထင်မိလျှင်လည်း ပြုံးချိုက အားနာဖို့ မဟုတ်ချေ။

အမှန်စင်စစ်မှာ စပ်ဖြူသည် ဟန်လိမ့်မည်မထင်သောကြောင့် လုံးတင်တိုက်တွန်းစဉ်က ငြင်းဆန်ခဲ့ဖူးခြင်းဖြစ်ရာ ဟန်မည်ထင်လျှင် ရှောင်မည့်သူငယ်တစ်ယောက် မဟုတ်ချေ။ သို့ရာတွင် ပြုံးချို၏ ဆတက်ထမ်းပိုး တိုးပြီးချစ်စရာကောင်းပုံကို လုံးတင်က ချီးကျူးပြောပြလိုက်ကတည်းက ကြံချင်စည်ချင်၊ အကဲစမ်းချင်သောစိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့လေပြီ။ စပ်ဖြူ၏ စိတ်ကူးကား ပြုံးချိုသည် ဖွတ်အမွေကြံစည်၍ ရမည့်မိန်းကလေး အမျိုးအစားမျိုးမဟုတ်၊ တကယ်ချစ်အောင်၊ သနားအောင် လုပ်ပါမှနေရာ ကျနိုင်မည်ဆိုသည့်အတိုင်း မျှောပေါင်းခဲ့ခြင်း ဖြစ်၏။ စပ်ဖြူသည် ပြုံးချို၏ သစ္စာရှိခြင်းနှင့် သဘောထားကြီးရင့်ခြင်းကို အတော်အတန် ရိပ်မိနေပြီဖြစ်သောကြောင့် ခြေလှမ်းမမှားအောင် အလွန် သတိထား၏။ ယခုအချိန်သို့တိုင်အောင် ပြုံးချိုသည် မိမိအပေါ်၌ ယုံကြည်စိတ်ချသည့်အလား ဆက်ဆံလျက်ရှိရာ အကယ်၍ မိမိက အကဲစမ်းသောသဘောနှင့် 'ပြည်တည်တည်' လုပ်မိချေသော် နေရာကျလျှင် တော်ပါသေး၏။ သို့မဟုတ်ပါက တစ်ခါတည်း တွန့်ဆုတ်သွားပြီး ဝေးသည်ထက် ဝေးသွားချေတော့မည်ဟု စပ်ဖြူ တွက်ကိန်းထုတ်သည်။ သို့ဖြစ်သောကြောင့် စပ်ဖြူသည် လက်ဆောင်ပစ္စည်းများ ဝယ်သွားရာ၌ပင် ပြုံးချိုအတွက် မပါ၊ အိမ်သူအိမ်သားများနှင့် တူကလေးအတွက်သာ ဝယ်သွားလေ့ ရှိသည်။

## အခန်း ၁၀

တစ်နေ့သ၌ ဘုရားဒကာခင်သည် သီတင်းနေ့ဖြစ်၍ တောင်ပေါ်ရှိ မြသိန်းတန်ဘုရားသို့ ဥပုသ်စောင့် ထွက်သွားလေရာ လုံးတင်နှင့် စပ်ဖြူတို့သည် ထီးချိုင့်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်ရှိ ကျောက်မော်ရွာသို့ အလုပ်ကိစ္စတစ်ခုရှိ၍ လှည်းနှင့်သွားကြရန် ချိန်းဆိုထားလေသည်။ သူငယ်ချင်းဖြစ်၍ အရောတဝင် နေထိုင်ကြခြင်းကို ၎င်းအရပ်ဒေသတွင် မြို့ကြီးများမှာကဲ့သို့ မေးငေါ့သူ နည်းပါး၏။ မဲ့ရွဲ့ချင်သူ အနည်းငယ် ရှိစေကာမူ တက္ကသိုလ်ပြန် သူဌေးသမီးဖြစ်သော လုံးတင်သည် ဂရုမစိုက်ချေ။ စပ်ဖြူမှာလည်း အတော်အတန် ကာလသားများ လှောင်လား ပြောင်လား မလုပ်ဝံ့လောက်အောင် မိုက်သွေးကလေး ရှိလေသည်။

ထိုနေ့၌ စပ်ဖြူသည် ကျောက်မော်ရွာသို့ လှည်းဦးစီးအဖြစ်နှင့် လိုက်ရန် ချိန်းဆိုထားသည့်အတိုင်း အဝတ်အစားလဲလှယ်၍ လုံးတင်၏ အိမ်အပေါ် ထပ်သို့ တက်လာရာ အိမ်ဦးခန်းတွင် မည်သူမျှ မရှိသည်နှင့် အိမ်အလယ်ပိုင်း တွင်ရှိသော အခန်းမှ ခန်းဆီးကို လှစ်လိုက်သည်။ ဤတွင် တစ်ကိုယ်တည်း ဆို၍ လွတ်လပ်စွာ ဖြီးလိမ်းလျက်ရှိသော လုံးတင်သည် 'အလိုလေးတော်' ဆိုကာ မျက်နှာသုတ်ပဝါဆွဲပြီး ကိုယ်လုံးကို ပတ်လိုက်သည်။ သို့ရာတွင် ထိုကဲ့သို့ မဝတ်မီ တစ်စက္ကန့်မျှအတွင်း၌ လှစ်ခနဲမြင်လိုက်ရသော လုံးတင်၏ ကိုယ်လုံးအထက်ပိုင်းသည် စပ်ဖြူ၏ ဦးနှောက်ထဲတွင် စွဲလျက်ထင်မြင် နေလေပြီ။ ဤသို့သော အခြေအနေမျိုး၌ သွေးရင်းသားရင်းများသည်ပင်လျှင် စိတ်ဖောက်ပြန်တတ်ပေရာ ဘာမျှ မတော်စပ်သော စပ်ဖြူ၏ ရင်ထဲတွင် ရာဂလှိုင်းတံပိုးများ ထကြွလာတော့သည်။ နဂိုကတည်းက မိုက်ချင်ချင်ရှိနေ သော စပ်ဖြူသည် ထိုအချိန်တွင် မိုးမမြင်လေမမြင် ဖြစ်လာ၍ လုံးတင်ကို အတင်းကြံလေတော့သည်။

လုံးတင်သည်လည်း ပြုံးချိုကဲ့သို့ပင် စပ်ဖြူလိုလူကို မကြောက်။ အချို့သော ရွာသူကလေးများအပေါ်တွင် စပ်ဖြူသည် အရှိန်နှင့် လွှမ်းနိုင်သော် လည်း လုံးတင်ကိုမူကား လွှမ်း၍ မရချေ။ စပ်ဖြူကား ခြောက်၍မရ၊ ချော့၍ မရဘဲ ရှိနေသည်တွင် လုံးတင်ကို ဗလအားကိုးဖြင့် အတင်းလုံးလေတော့သည်။ (၎င်းဒေသတစ်ဝိုက်၌ ဤကဲ့သို့ အကြမ်းကိုင်ခြင်းကို လုံးသည်ဟု သုံးနှုန်း သည်) လုံးတင်သည် တွန်းလှဲခြင်းခံရ၍ ကြမ်းပေါ်၌ ပက်လက်လန်လျက်ရှိစဉ် အလိုတူသလို ငြိမ်ဝပ်စွာ နေလိုက်သည်နှင့် စပ်ဖြူက ဟန်ပြင်သည်တွင်–

"ကြောက်ပလား...စပ်ဖြူ"

"ကြောက်ပါပြီ...မလုံးတင်"





"ရှော့...သွား...ငါ့ကို ဒီလိုကြံလို့များ ရရှော့မလား။ ပြုံးချိုတောင် နင်မရဘူး။ ငါ့ကိုလိုချင်ရင် ငါခိုင်းတာလုပ်၊ ဒီတစ်လမ်းပဲရှိတယ်"

"ဘာလုပ်ရမှာလဲ မလုံးတင်"

"ငါ့ကို မင်းက ကျောချင်တာလား၊ တကယ်ရချင်တာလား"

"တကယ်ပါ မလုံးတင်၊ ကျောရုံမဟုတ်ပါဘူး။ နည်းလမ်းရှိရင် ပြောစမ်းပါ"

"အဟုတ်ကို လိုချင်တယ်လား"

"အဟုတ်ကို တကယ့်ကိုပါကွယ်။ ဘုရားစူးရပါစေရဲ့"

"အောင်မာ...ကျိန်လို့...တွယ်လို့၊ နင်ကျိန်လို့ ငါက ယုံရမှာလား"

"မင်းခိုင်းတာ လုပ်ပါ့မယ်ကွာ၊ ဘာလုပ်ရမှာလဲ"

"တခြားမဟုတ်ဘူး၊ ပြုံးချိုကို ငါ လက်စားချေချင်တယ်။ မင်းသာ လူနံမို့လို့ ပြုံးချိုကို အမြီးနံ့ပြီး ဆက်ဆံနေတယ်။ ငါကတော့ မကျေနပ် နိုင်ဘူးဟေ့"

"ငါလည်း ရှက်တာပါပဲကွာ၊ ကျေတော့ မကျေပါဘူး။ တတ်နိုင်ရင် လူစွမ်းပြချင်တာပါပဲ"

"တကယ်နော်..."

"တကယ်ပါ မလုံးတင်ရာ"

ဤတွင် လုံးတင်က စပ်ဖြူအား မည်သို့မည်ပုံ ပြုလုပ်ရမည်များကို အသေးစိတ် သွန်သင် ပြောပြလေသည်။ ထို့နောက်–

"ကိုင်း...ဘယ့်နှယ်လဲ လုပ်မလား"

"ဒါကတော့ အလွယ်ကလေးပဲကွာ၊ လုပ်တာပေါ့"

"ကောင်းပြီ၊ ဒါဖြင့် လုပ်ပေတော့"

"နောက်ပြီးတော့ မင်းက ငါ့ကို သစ္စာမဖောက်နဲ့နော်"

"စိတ်ချ၊ အောင်မြင်ရင် မင်းကို ငါယူမယ်"

၎င်းနောက် လုံးတင်နှင့် စပ်ဖြူတို့သည် ကျောက်မော်ရွာသို့ လှည်းနှင့် သွားကြ၍ စပ်ဖြူက လှည်းမောင်းရင်း မိမိတို့၏ လုပ်ငန်းစဉ်ကို ဆွေးနွေးကြ သေးသည်။ ဤကိစ္စတွင် အခက်အခဲမရှိဟု စပ်ဖြူ နားလည်၍ သူဌေးသမီး လုံးတင်ကို ရချေတော့မည်ဆိုကာ ပီတိသောမနဿဖြစ်လျက် နှစ်ယောက်စလုံး တပြုံးပြုံး ဖြစ်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စပ်ဖြူသည် ပြုံးချိုတို့၏ နေအိမ်သို့ ညစဉ်လိုလို ရောက်နေကြသည် ဖြစ်သည့်အတိုင်း လုံးတင်နှင့် ဝက်န္တညာဏ်ဆင်ပြီးသည့် နောက်တွင်လည်း မှန်မှန်ကြီးသွား၏။ ပြုံးချိုသည် စပ်ဖြူနှင့် လုံးတင်တို့နှစ်ယောက် ယခုတလော တပူးတွဲတွဲ နေကြခြင်းကို သတိပြုမိသော်လည်း လုံးတင်ကဲ့သို့သော မိန်းမ တစ်ယောက်ကို စပ်ဖြူရခဲ့လျှင် စပ်ဖြူအဖို့ တော်သည်ဟု အောက်မေ့၍ မတ်တော်မောင်အတွက် ဝမ်းသာပြီး လုံးတင်အတွက် ဝမ်းနည်းမိသည်။ သို့သော် 'အရေးကြီးသွေးနီးရာ' ဟူသော စကားအရ ဝမ်းနည်းခြင်းထက် ဝမ်းသာခြင်းက ပိုပေမည်။ ယောကျ်ားကောင်းရှားသော ဒေသဖြစ်သည့် အလျောက် စပ်ဖြူ ဆိုးသည်ဆိုရသော်လည်း စပ်ဖြူထက်သာသူလည်း ခပ်ရှားရှားပင်ရှိသည်။ စပ်ဖြူမှာလည်း မျိုးကောင်း၊ ရိုးကောင်းဖြစ်၍ လုံးတင်၏ ဖျောင်းဖျမှုကြောင့် လင်ကောင်းတစ်ယောက် ဖြစ်နိုင်သည် စသည်ဖြင့်သာ ပြုံးချို တွေးတောမိ၏။ မိမိထံသို့ ကျရောက်လာမည့် အန္တရာယ်ကိုကား သတိပင် မရချေ။

စပ်ဖြူသည် လုံးတင်နှင့် ဝက်န္တညာဏ်ဆင်ပြီးသည့်နောက် ပြုံးချို၏ နေအိမ်သို့ လာရောက်သည့်အခါများတွင် မိမိအပေါ်၌ ပြုံးချိုက အထင်အမြင် မမှားစေဖို့ ရှေးကထက်ပင် ဂရုစိုက်သေး၏။ ယခင်ကမူ ရယ်စရာပြောသည့် အခါများ၌ ပြက်လုံးကောင်းခဲ့လျှင် ခပ်ကြမ်းကြမ်းပင် ပြောချင်ပြောတတ်၏။ စပ်ဖြူ၏ အချို့ ပြက်လုံးများမှာ ပြုံးချို နားလည်သော်လည်း အနည်းငယ် ရှန့်ရင်းသည်နှင့် ပြုံးချို နားမလည်ချင် ပြုနေလိုက်ရသည်။ ထိုနေ့မှစ၍မူကား နှမအရင်း၊ အစ်မအရင်း (အသက်ချင်းကား ရွယ်တူဖြစ်သည်) တစ်ယောက်၏ ရှေ့မှောက်၌ ပြောဆိုခြင်းကဲ့သို့ ပြက်လုံးကြမ်းများကို အလျဉ်းစွန့်ပယ်လိုက်တော့သည်။ တစ်ခါတစ်ရံတွင် ပြက်လုံးကြမ်း ပြောဖို့ အကွက်ကောင်း ပေါ်လာ၍ စပ်ဖြူ ပြောချေတော့မည်အထင်နှင့် ပြုံးချိုက မျက်နှာထားပြင်လိုက်ရ၏။ သို့ရာတွင် စပ်ဖြူသည် ထိုပြက်လုံးကြမ်းများကို မပြောတော့ဘဲ ရှောင်လွှဲသွား၏။ ဤတွင် ပြုံးချိုမှာ စပ်ဖြူ၏ လေးစားရိုသေပုံရခြင်းကို အသိအမှတ် ပြုလိုက်မိလေသည်။ အမှန်ကိုဆိုရလျှင် ပြုံးချိုသည် စပ်ဖြူအပေါ်တွင် ယခင်ကထက် အထင်အမြင် တက်လာလေပြီ။ မယုံတယုံ ဖြစ်နေခဲ့ရာမှ လုံးဝယုံကြည်တော့မတတ် ဖြစ်လာခဲ့လေပြီ။ အယုံသွင်းခြင်း၏ ရည်ရွယ်ချက်ကို မရိပ်မိရှာသော ပြုံးချိုသည် စပ်ဖြူ၏ ပြောင်းလဲလာခြင်းများအတွက် ဝမ်းသာမိရှာသည်။





ဤအတောအတွင်း လုံးတင်ကလည်း ပြုံးချိုတို့အိမ်သို့ ခဏခဏလာ၍ စပ်ဖြူတစ်ယောက် တေလေဘဝမှ လွတ်ကျွတ်ပုံရသည့် အခြင်းအရာများကို အားပါးတရ ချီးကျူးပြောဆိုရာ ပြုံးချိုကလည်း ထောက်ခံပေး၏။ ပြုံးချို၏ ထောက်ခံချက်ကြောင့် လုံးတင်က ဝမ်းသာသောအမူအရာ ဖော်ပြ၏။ ဤကဲ့သို့ ဝမ်းသာခြင်းကို ပြုံးချို မြင်ရသောအခါ လုံးတင်နှင့် စပ်ဖြူတို့ ချစ်ကြိုက်နေကြပြီဟု အဓိပ္ပာယ် ကောက်ယူလေသည်။ ပြုံးချိုက မိမိနှင့် လုံးတင်တို့မှာ တစ်ရွာတည်းသူ ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြ၍ အခြားတစ်ပါးသို့ မရောက်ကြဘဲ ကိုယ့်ရွာသူ ရွာသားအချင်းချင်း အိမ်ထောင်ဖက်ပြုသည်ကိုသာ မြင်တွေ့လိုကြောင်း ပြောသောအခါ လုံးတင်သည် သဘောကျဟန်နှင့် ပြုံးနေလိုက်လေသည်။

လုံးတင်သည် ပြုံးချို၏အိမ်မှ ပြန်လာပြီးနောက် သုံးလေးအိမ်ခြားသော ကူလီမလေး ဖွားကြွေ၏ အိမ်သို့သွား၍ အနိပ်သည်မ မလှသွယ်ကို ခေါ်နိုင်းလိုက်သည်။ ဖွားကြွေမှာ သင်္ဘောတွင် ကုန်တင်ကုန်ချ အလုပ်လုပ်သည့် ကူလီခေါင်း ကိုတုတ်၏သမီးဖြစ်၍ လုံးတင်၏ အခိုင်းအစေခံခြင်းဖြင့် အဝတ်ဟောင်းကလေးများ ရရှိ၏။ မလှသွယ်ကား ကလေးနှစ်ယောက်အမေ မုဆိုးမ အနှိပ်သည် ဖြစ်လေသည်။

ဖွားကြွေသည် မလှသွယ်ကို ခေါ်လာသောအခါ လုံးတင်က ခါးကိုက်သောကြောင့် နှိပ်ပေးစမ်းပါဆို၍ ဖွားကြွေအားလည်း မပြန်စေဘဲ အနီးတွင် ထိုင်စေ၏။ လှသွယ်က လုံးတင်ကို နှိပ်ပေးရင်း ဖွားကြွေလည်း အနီးအနားတွင်ထိုင်ကာ ဖြေဖျော်ရသည်တွင် လုံးတင်သည် ရပ်သူ ရွာသားများအကြောင်းကို သတင်းစုံပေးနိုင်သော အနှိပ်သည် လှသွယ်အား ထွေရာလေးပါးစကား မေးမြန်းရာမှ ဤသို့ စကားစလိုက်၏။

"တော်က ထီးချိုင့်ဂေဇက် ဆိုပြီး မိန်းမပါးကြီး လုပ်နေလိုက်တာ၊ ကျုပ်တို့အရပ်က အကြောင်းကော တော်ဘာများ သိသလဲ"

"သိလိုက်တာမှ နှောလို့ပါ မလုံးတင်၊ ဘာများ မေးချင်သလဲ"

"ခုတစ်လော မောင်စပ်ဖြူ လူကောင်းကြီးဖြစ်နေတာ တော်သိရဲ့လား"

"ကြားပါ့တော်"

"ဒါဟာ ဘာကြောင့် ထင်သလဲ"

"မလုံးတင်က သြဝါဒ ပေးကောင်းလို့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ထို့...ဟုတ်ပါလိမ့်မယ်။ ကျုပ် ဆယ်ခွန်းပြောတာထက် တစ်ခွန်းတည်းပြောလို့ နားထောင်တဲ့လူရှိတယ် တော်ရဲ့"

"ဘယ်သူလဲ သူ့အမေလား မလုံးတင်"

"တော်တော်နတဲ့ မိန်းမကြီးပဲ။ ခုတစ်လောမှာ မောင်စပ်ဖြူ ဘယ်အိမ်ကို အားကြီးသွားတာ မြင်သလဲ၊ ပြောပြလိုက်စမ်းပဟေ့ ဖွားကြွေ"

"မပြုံးချိုပေါ့ မလှသွယ်ရဲ့"

"ဒါကတော့ မတ် မရီးကိုး မလုံးတင်ရဲ့"

"မတ် မရီးဆိုပေမယ့် ဟိုတုန်းက ဖြစ်ပျက်ဖူးတာတွေ တော်ကြားတယ်ဟုတ်လား"

"ကြားပါရဲ့တော်"

"ခုတစ်လော ဘယ်လိုဖြစ်နေကြသလဲ၊ ပြောပြလိုက်စမ်းဟေ့ ဖွားကြွေ"

"ညတိုင်းပဲတော့...လာလည်ပြီး ဘယ်အချိန် ပြန်တယ် မပြောတော့ဘူး။ ကျုပ်တို့က မျက်မြင်တော်ရေ့"

ဤတွင် မိန်းမအပါးလုပ်ချင်သော အနှိပ်သည်မက မိမိ၏စိတ်ထဲတွင် မသိုးမသန့် ထင်မိသော်လည်း လူမိုက်တစ်ပိုင်း ဖြစ်နေသော စပ်ဖြူကို ကြောက်ရသောကြောင့် မပြောဘဲ နေရပါသည်ဟုဆိုကာ စပ်ဖြူနှင့် ပြုံးချိုကို မိမိက မသင်္ကာလေဟန် လုပ်ဇာတ်ခင်း၍ ဘွင်းဘွင်းပြောလေတော့သည်။ လုံးတင်က အနည်းငယ်မျှလောက် စကားကြောင်းပေးသည်ကို လှသွယ်က နင်းကန်လိုက်ကာ ဖြည့်စွက်လေရကား နောက်ဆုံးတွင် အနှိပ်သည်မ သည် ကိုယ်ပြောသော စကားကို ကိုယ်ယုံကြည်ပြီး တပ်အပ်သေချာ ယူသွားလေတော့သည်။ ကျေးရွာများ၌ အနှိပ်သည်မများသည် မောင်းတစ်လုံးဖြစ်၍ သတင်းစာတွင် ကြော်ငြာခြင်းထက်ပင် ပျံ့နှံ့သေးသည်ဖြစ်ရာ လုံးတင်၏ လုံချက်သည် အတော် ရှုးဝင်ခဲ့လေပြီ။

တစ်ညသ၌ စပ်ဖြူသည် တောအုပ်သေနတ်ကို ငှား၍ တောလည်ထွက်ခဲ့ရာ မိုးကြီးချုပ်မှ ပြန်လာသောအခါ ဒရယ်တစ်ကောင်ကို လှည်းနှင့်တိုက်၍ ပြုံးချိုတို့အိမ်သို့ ယူလာ၏။ ပေါင်တစ်ပေါင်ကို သေနတ်ရှင်သို့လည်းကောင်း၊ အသားတစ်တွဲကို မိဘများ အိမ်သို့လည်းကောင်း ပို့လိုက်၍ ကျန်သောအသားများနှင့် ဝမ်းတွင်းသားအားလုံးကို ပြုံးချိုတို့သို့ ပေးလိုက်လေ၏။ သားကောင်ကို ခုတ်ပိုင်း လှီးဖြတ်ရခြင်း၊ အသားများကို ညှင်းရခြင်း





စသော အလုပ်များကြောင့် အိမ်သားများအားလုံး အလုပ်ရှုပ်ကြ၍ ဒေါ်ဆက်မှာလည်း မီးဖိုချောင်၌ အသည်းနှလုံး စသော ဝမ်းတွင်းသားများ ချက်ပြုတ်ရခြင်းဖြင့် ချွေးတစ်လုံးလုံး ဖြစ်နေ၏။ အထက်ပိုင်း ကျေးလက်တောရွာများ၌ ဤသို့သော အလုပ်မျိုးတွင် ရွာသူရွာသားများ အဘယ်မျှလောက် ပျော်ရွှင်ကြသည်ကို မြို့ကြီးသားများ နားလည်ကောင်းမှ နားလည်ပေမည်။ ထိုည၌အဖို့ စပ်ဖြူသည် 'ဟီးရိုး'ကြီးဖြစ်နေ၍ လူတိုင်း၏မျက်နှာချိုသွေးခြင်းကို ခံရလေသည်။

ပြုံးချိုတို့ အိမ်သားများသည်လည်း လက်ဖက်ရည်ကြမ်းတစ်ကရားနှင့် အလုပ်ကိုယ်စီ လုပ်ကြ၍ အရပ်ရပ် ကိစ္စပြီးသဖြင့် ဝမ်းတွင်းသား ဟင်းကျက်၍ မြိန်ရှက်စွာ စားသောက်ပြီးကြသောအခါ နာရီပြန် တစ်ချက်ကျော် နှစ်ချက်ရှိသွားခဲ့လေပြီ။ သို့နှင့်ပင် လက်စမသိမ်းသေးဘဲ အသားကင်များကို လက်ဖက်ရည်ကြမ်းနှင့် မြည်းကြသေး၏။ နောက်ဆုံး အိပ်တော့မည်ပြင်သောအခါ သုံးနာရီနီးပါး ရှိနေလေပြီ။ အိမ်သားများသည် အိပ်ရာသို့ ဝင်တော့မည်ပြု၍ စပ်ဖြူလည်း အိမ်ပြန်တော့မည်ပြုဆဲတွင်–

"ခွကျတာပဲ။ အမေတို့ကို ဒီအချိန်ကြီးနှိုးရမှာ သိပ်အားနာတာဗျာ။ ဘတော်ကြီးက အချိန်မရှိမှ ပြန်လာရင် သိပ်ဆူတာပဲ"

ဟု ညည်းညူလေသည်။

"ခါတိုင်းတော့ ညဥ့်နက်ရင် ဘယ့်နှယ်လုပ်သလဲ"

"ခါတိုင်းကာ အိမ်မပြန်ချင်ရင် ချွန်းတောင်တန်းက ဖိုးထင်တို့အိမ်မှာ အိပ်တာပဲ"

"ခုတော့ကောကွယ့်"

"ဟာ...ဒီအချိန်တော့ မလုပ်နဲ့၊ လမ်းထိပ်က ညောင်ပင်ကြီးက သရဲခြောက်တယ်ဗျ"

"ဟုတ်တယ် အဘရေ့၊ ကျွန်တော်တို့တော့ ငွေတစ်ရာရတောင် မသွားဝံ့ပေါင်ဗျာ"

"ဒါဖြင့်လည်း ထွန်းရှင်နဲ့ ညီအစ်ကိုနှစ်ယောက် အိပ်ကြတာပေါ့ကွယ်။ ဘယ်တတ်နိုင်မလဲ တိုးတိုးဝှေ့ဝှေ့ပေါ့"

"ဟုတ်သားပဲ ကိုစပ်ဖြူ၊ ကျုပ်နဲ့ အိပ်ပေါ့ဗျာ"

ပြုံးချိုကမူ တစ်စုံတစ်ရာ ဝင်၍မပြော နားထောင်၍သာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးမှာ အလွန် ကျဉ်းလှ၏။ အိမ်ဦးခန်း၌ စပ်ဖြူနှင့် ထွန်းရှင် အိပ်မည်ဆိုလျှင် ပြုံးချိုတို့သားအမိ အိပ်ရာနှင့် နီးကပ်နေ၏။ တခါးမှာလည်း ခိုင်ခိုင်မာမာ မဟုတ်ချေ။ ဤတွင် အလွန် သတိကောင်းသော ပြုံးချိုသည် 'ဆယ်ရေးတစ်ရေး' ဆိုသလို အလစ်မမိစေခြင်းငှာ သားကလေး၌ 'ကျောပူခေါင်းပူထ'နေသည်ဆိုကာ မိခင် ဒေါ်ဆက်ကို မိမိ၏ အခန်းတွင် မြေးနှင့်အတူအိပ်ဖို့ အကူအညီ တောင်းလေသည်။ စပ်ဖြူသည် ထိုအိမ်၌အိပ်ခြင်းတွင် အကြံအစည်ရှိသော်လည်း ပြုံးချိုကို အလစ်ဖမ်းဖို့ ရည်ရွယ်ချက်မရှိတကား မောင်ကလေး ထွန်းရှင်နှင့်အတူ ကောင်းမွန်စွာပင် အိပ်လေသည်။

ထီးချိုင့်မြို့ကလေး၌ သံဃာတော်များသည် ဆွမ်းခံရာတွင် အချိန်နှစ်ပိုင်းခွဲ၍ ခံကြ၏။ အချို့သော ရပ်ကွက်များသည် မိုးမလင်းမီ ထ၍ ဆွမ်းချက်ကြပြီးလျှင် မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကြွရောက်လာသော သံဃာတော်များအား ဆွမ်းလောင်းကြ၏။ ပြုံးချိုတို့ ရပ်ကွက်တွင်မူကား ထိုကဲ့သို့ ဝီရိယကောင်းသည်မဟုတ်၊ မိုးလင်းကာမှ ထချက်ကြပြီး ၈ နာရီ၊ ၉ နာရီခန့်တိုင်အောင် ဆွမ်းလောင်းကြလေသည်။ စပ်ဖြူသည် ၈ နာရီကျော်မှ ထ၍ အိမ်ရှေ့ကြမ်းပြင်သို့ထွက်ကာ မျက်နှာသစ်ရာ ထိုအချိန်တွင် ၎င်းရပ်ကွက်မှာ အိမ်ပေါက်စေ့ ဆိုသလို ဆွမ်းလောင်းကြသည်ဖြစ်ရာ သံဃာတော်များရော၊ အရပ်သူများပါ အလွန် စည်ကားလျက်ရှိ၏။ သို့ဖြစ်၍ ပြုံးချိုတို့၏အိမ်၌ စပ်ဖြူမျက်နှာသစ်ခြင်းကို တစ်ရပ်လုံးသာမက သံဃာတော်များပင် မြင်နိုင်ကြလေသည်။

မျက်နှာချင်းဆိုင်အိမ်၌ လုံးတင်သည် ဖွားကြွေနှင့် လှသွယ်တို့ကို အိမ်သို့ တမင်ခေါ်ထား၍ ပြတင်းပေါက်မှ မျှော်ကြည့်နေကြသည်တွင် မျက်နှာသစ်နေသော စပ်ဖြူကို မြင်ရ၏။ လုံးတင်က စပ်ဖြူအား လှမ်းခေါ်ပြီး-

"မင်းတော့ ကော်နေတာပေါ့လေ"

ဟု ပြောလိုက်သေး၏။ ၎င်းစကားမှာ တောလည်သွားရာ၌ ဒရယ်တစ်ကောင် ရခဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ စပ်ဖြူကမူ ဘာလိုလိုနှင့်-

"တေတေကနိတ်ပါကွာ"

ဟု ပြန်ပြောလိုက်၍ လုံးတင်က ဖွားကြွေနှင့် လှသွယ်တို့ဘက်သို့ လှည့်ကာ မျက်စပစ်၍ ပြုံးပြလိုက်သည်။

"ဟော့ကောင်မတွေ ညည်းတို့က မဟုတ်တရုတ် လျှောက်မပြောကြ





နဲ့နော်။ စပ်ဖြူရော၊ ပြုံးချိုရော ငါ့သူငယ်ချင်းတွေ၊ ညည်းတို့က သားပုပ်လေလွင့် လျှောက်ပြောကြရင် ညည်းတို့နဲ့ ငါ တွေ့ပြီးသားပဲ"

"မပြောပါဘူး မမတင်ရယ်"

"ကြံကြံစည်စည် မလုံးတင်ရယ်၊ အလကား ပြောပါ့မလား"

"ငါကတော့ မောင်မြတ်သူကို သနားတာပါပဲ။ သူ့ခမျာမှာ တိုင်းတစ်ပါးသွားပြီး သားတစ်ကွဲ၊ မယားတစ်ကွဲ ပညာသင်ရရှာတာ။ ဒီလိုဟာမျိုးတွေကြောင့်လည်း ငါတို့ မိန်းမတွေကို စာရေးဆရာ ကာလီဒါသတို့ ဘာတို့ ဆိုတာတွေက ချိုးချိုးဖွဲ့ဖွဲ့ ရေးကြတာပဲ"

"မပြုံးချိုကတော့ ဟုတ်ရှာမယ် မထင်ပေါင် မမတင်ရယ်"

"ငါကလည်း မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေပါတယ် တော်။ အေး... ညည်းတို့ကို သတိပေးလိုက်ပေရဲ့။ တောက်တီးတောက်တဲ့တွေ လျှောက်မပြောကြနဲ့နော်"

ရွာသူတို့၏ခလေ့မှာ မပြောပါလေနှင့်ဟု နှုတ်ပိတ်ထားသောစကားကို အူထဲက ယားလာသည့်တိုင်အောင် ပြောချင်တတ်သည့်အတိုင်း ဖွားကြွေက သဘော်ဆိပ်၌ လည်းကောင်း၊ လှသွယ်က အနှိပ်ခံသူများအားလည်းကောင်း တစ်ယောက်မကျန် ပြောပြလေသည်။ ဤမှတစ်ဖန် ရေခပ်ဆိပ်၊ ဥပုသ်ဇရပ်၊ ဈေးသွားဈေးပြန် လမ်းခရီးစသည်များတွင် တစ်ယောက် တစ်ပါးစပ် ပျံ့နှံ့ကုန်ရာတွင် ရက်သတ္တတစ်ပတ်ခန့်အတွင်း တစ်မြို့လုံး၌ မကြားသူမကျန် သလောက် ဖြစ်သွားတော့သည်။ သို့သော် မကြားမိသူများကား ကျန်ပါသေး၏။ ၎င်းတို့မှာ စပ်ဖြူ၏ မိဘနှစ်ပါးနှင့် ပြုံးချိုတို့ အိမ်သားများပင် ဖြစ်လေသည်။

## အခန်း ၁၀

မြတ်သူသည် အင်္ဂလန်ပြည် လန်ဒန်မြို့ရှိ တက္ကသိုလ်တစ်ခုတွင် ဘောဂဗေဒပညာကို ဗြိတိသျှအစိုးရနာမည်ခံ မြန်မာပြည်သူပြည်သားတို့၏ အခွန်တော်ငွေဖြင့် သင်ကြားလျက်ရှိရာ များစွာသော ပညာတော်သင်များကဲ့သို့ ပေါ့ပေါ့ဆဆ သဘောမထားမူ၍ မြန်မာပြည်သူပြည်သားတို့၏ ချွေးဖြင့် ရင်းနှီးထားသည့် ငွေကို တန်ရာ[illegible]ဖို့ ရအောင် ပညာဆည်းပူးပြီး တိုင်းပြည်သို့ ဆတက်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းပိုး ပြန်လည် ကျေးဇူးဆပ်မည်ဟူသော အဓိဋ္ဌာန်ဖြင့် ကြိုးကြိုးစားစား သင်ကြားလျက်ရှိ၏။ ထို့ပြင် မိမိမှာ အခြားသော ပညာတော်သင်များကဲ့သို့ လူပျိုမဟုတ်၊ သားမယား ရှိနေသည့်ပြင် နှစ်ဖက်သော မိဘများကလည်း စီးပွားရေးချောင်လည်သူ မဟုတ်ကြသောကြောင့် တစ်ပဲနီမျှ အလဟဿ ဖြုန်းတီးရန် မဖြစ်နိုင်ဟု နှလုံးပိုက်ထား၏။

သို့ဖြစ်၍ တတ်နိုင်သောမိဘများ၏ သားသမီးဖြစ်သည့် ပညာတော်သင်များကဲ့သို့ ဝတ်တု၊ စားတု၊ ကြွားမှုများတွင် အားမကျဘဲ စာကိုသာ ခေါင်းငုံ့၍ ကျက်ခဲ့သည်။ အစိုးရက ထောက်ပံ့သော 'စတိုင်ပင်'လခမှာလည်း ဖောဖောသီသီ သုံးစွဲလောက်သည် မဟုတ်၊ အလွန်ကျစ်လျစ်နိုင်ပါမှ တော်ကာကျသည့် ထောက်ပံ့ရေးမျိုးဖြစ်ရာ ၎င်းအနက်မှ တစ်လငွေသုံးဆယ်မျှ တင်ပို့နိုင်စေရန် မြတ်သူမှာ ကုတ်အင်္ကျီ စသည့် အဝတ်မျိုးကို အတွင်းအပြင်လှန်၍ ချုပ်လုပ်ဝတ်ဆင်ရသည်အထိ ခြိုးခြံရလေသည်။ ပြုံးချိုထံသို့ ငွေသုံးဆယ် ထက်ပို၍ တင်ပို့နိုင်ရန် ကြိုးစားသေး၏။ သို့ရာတွင် မဖြစ်နိုင်သဖြင့် လက်လျှော့လိုက်ရသည်။

မြတ်သူသည် သင်္ဘောပတ်တိုင်း မိဘများနှင့် ပြုံးချိုထံသို့ စာတစ်စောင်စီမှန်မှန် ရေးထည့်၍ ပြုံးချိုကလည်း စာမှန်မှန်ပြန်လေ့ ရှိ၏။ တစ်ခါတစ်ရံ ထီးချိုင့်သို့ ရောဝတီကုမ္ပဏီ မီးသင်္ဘောရက်ပတ်ပျက်၍ ပြုံးချိုက စာမထည့်နိုင်သဖြင့် မြတ်သူ စာမရဘဲ စိတ်မကောင်းဖြစ်ရလေသည်။ မိဘများထံမှမူ တစ်ခါတစ်ရံ စပ်ဖြူက ရေးထည့်၍ စာတစ်စောင်တလေမျှသာ ရတတ်လေသည်။ သို့သော် အများအားဖြင့် မိဘများအားမူ စာမရေးရကောင်းလောဟု မြတ်သူ သဘောမထားချေ။ မြန်မာလူမျိုးကား အကြောင်းထူးမပေါ်လျှင် စာရေးသော ထုံးစံမရှိခြင်းကို မြတ်သူ နားလည်ပြီးဖြစ်သည်။

တစ်နေ့သ၌ မြတ်သူသည် မြန်မာပြည်မှ သင်္ဘောပတ်ဖြစ်၍ ပြုံးချိုထံမှ စာကို မျှော်နေစဉ် ပြုံးချို၏စာပါမလာဘဲ လုံးတင်၏ စာတစ်စောင် ရောက်လာ၏။ လုံးတင်သည် မြတ်သူထံသို့ ရံဖန်ရံခါ စာရေးတတ်၍ သုံးလေးစောင် ရုံမျှ၏။ မြတ်သူကလည်း စာပြန်သည်ချည်း ဖြစ်လေသည်။ မြတ်သူသည် လုံးတင်၏စာကို ဖတ်လိုက်ရသည်တွင် ခေါင်းနားပန်း ကြီးသွားတော့သည်။ စာတစ်စောင်၌ လုံးတင်က မိန်းမတို့မည်သည် လင်ယောကျာ်းနှင့် ကြာရှည်စွာ ကွဲကွာနေသည့်အခါ စိတ်မချရ ဟူသော ပညာရှိတို့ ဆိုရိုးစကား ရှိကြောင်း၊





"အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ"ဟူသော စကားပုံလည်း ရှိကြောင်း၊ ထို့ပြင် ဆိတ်ကွယ်ရာဖြစ်၍ အခွင့်သာခဲ့လျှင် ရှောင်ကြဉ်နိုင်သော မိန်းမ အလွန်ရှားလှသည်ဟု ဘုရားကိုယ်တော်တိုင် ဟောတော်မူကြောင်းများဖြင့် ရေးသား သတိပေးဖူးလေသည်။ မြတ်သူသည် လုံးတင်၏ သတိပေးချက်ကို ရိပ်စားမိသော်လည်း ပြုံးချိုကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဟု တထစ်ချ ဆုံးဖြတ်၍ ယုံမှား သံသယ လုံးဝ ကင်းစင်ခဲ့ပေသည်။

ယခုရရှိသော စာ၌မူကား လုံးတင်သည် ပြုံးချိုနှင့် စပ်ဖြူတို့၏ အနေအထိုင်နှင့် ပတ်သက်၍ ထီးချိုင့် တစ်မြို့လုံးက မကျေနပ်ကြကြောင်း၊ မိမိ၏စကားကို မယုံကြည်နိုင်ခဲ့လျှင် ထီးချိုင့်မြို့ပေါ်၌ မြတ်သူ၏အကျိုးကို လိုလားသည့် မိတ်ဆွေကောင်းရှိပါက စုံစမ်းမေးမြန်းနိုင်ကြောင်း၊ သို့သော် ဤကိစ္စကို ပြုံးချို၏ မိဘများနှင့် မြတ်သူ၊ စပ်ဖြူတို့၏ မိဘများကား သိပုံ မပေါ်ကြောင်း၊ ယင်းသည့် ကိစ္စများတွင် ကာယကံရှင်များ၏ မိဘများ မသိခြင်းမှာ ဓမ္မတာအတိုင်း ဖြစ်ကြောင်း၊ ပြုံးချိုတို့၏အိမ်၌ စပ်ဖြူ ညဉ့်အိပ်ညဉ့်နေ ပြုနေခြင်းကို ရပ်သူရွာသားများသာမက ရဟန်းသံဃာတော်များပင် တွေ့မြင်နေကြကြောင်း၊ သို့ရာတွင် ယခု ဖော်ပြခဲ့သည်များမှာ ထီးချိုင့်မြို့သူမြို့သားများ၏ 'သမုတ်ခြင်း'မျှသာ ဖြစ်လေရာ မိမိ၏သဘောမူကား မြတ်သူကဲ့သို့သော သူတော်ကောင်း ခင်ပွန်းသည် တစ်ယောက်အား ပြုံးချိုသာမက မည်သည့် မိန်းမပျိုကမျှ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြုရက်လိမ့်မည်ဟု မယုံကြည်နိုင်ကြောင်း စသည်ဖြင့် ရေးသားပြီးနောက် 'သို့သော် အကုသိုလ်ကံဖိစီးတော့လည်း မပြောနိုင်ပေဘူး မောင်မြတ်သူ၊ အလောင်းတော် ပဒုမမင်းသားကိုတောင် သေကြောင်းကြံပြီး ‌ပေါင်တိုနောက်လိုက်တဲ့ မိန်းမမျိုးကလည်း ရှိပေသကိုး'ဟု ဆက်လက် ဖော်ပြပါရှိလေသည်။

လုံးတင်သည် ပြုံးချိုဘက်မှ ကာကွယ်လိုက်သည့် စကားတစ်လုံးတည်း ပါရှိရာ၌ပင် မြတ်သူကဲ့သို့သော 'သူတော်ကောင်း ခင်ပွန်းသည်တစ်ယောက်' ဟူသော စကားလုံးဖြင့် မြတ်သူကို မြှောက်ပေးလိုက်သေး၏။ ဤစကားလုံးအားဖြင့် လုံးတင်မှာ မြတ်သူအပေါ်တွင် ယခုတိုင် မည်မျှအထိ အထင်ကြီးလျက်ရှိသေးကြောင်း ထင်ရှားစေသည်။ လက်ရှိမယား၏ အပြစ်ကိုသိရသော လင်ယောကျာ်း၏ စိတ်၌ ဤစကားလုံးကဲ့သို့ 'ဖြားယောင်း'သွေးဆောင်သော စကားလုံးသည် ခပ်ရှားရှား ရှိပေလိမ့်မည်။ ဈေးထဲ၌ ဈေးရောင်းသူနှင့်ဝယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဈေးမတည့်သဖြင့် ခွာခါနီးဆဲဆဲတွင် မျက်နှာချင်းဆိုင်ရှိသော ဆိုင်ရှင်ကရင်းအထည်မျိုးဖြန့်ပြသော အမှုအရာကို သတိရမိသေးသည်။ ဤအပြုအမူကြောင့် ဈေးသည်ချင်း ရန်ဖြစ်ကြသည်များလည်း ကြုံရဖူးသည်။

မြတ်သူသည် လုံးတင်၏ စာကို ဖတ်ရသောအခါ ဖော်ပြခဲ့ဖူးသည့်အတိုင်း ခေါင်းနားပန်း ကြီးသွား၏။ မြတ်သူမှာ လုံးတင်၏သဘောကို အတော်အတန် သိသူဖြစ်၍ လက်ခံ၏။ ဤမျှအထိမှာ လုံးတင်သည် အမှန်အတိုင်း ရေးထည့်လိုက်ခြင်း ဖြစ်တန်ရာသည်ဟု ယုံကြည်၏။ သို့သော် အရပ်သည် မှန်သည်လည်း ရှိတတ်၏။ မမှန်သည်လည်း ရှိတတ်၏ဟု စဉ်းစား၏။ ကာယကံရှင် နှစ်ယောက်နှင့် ပတ်သက်၍မူ စပ်ဖြူသည် စိတ်ချထိုက်သော ညီတစ်ယောက် မဟုတ်ခြင်းကို လက်တွေ့ ကြုံခဲ့ရဖူးလေပြီ။ သို့ရာတွင် ပြုံးချို၏ စိတ်နေစိတ်ထားကို စပ်ဖြူသည် ကြာလေသိလေဖြစ်လာသည်ဟု မိမိယုံကြည်ချက်တစ်ခု ရှိသောကြောင့် ပြုံးချိုအား အတင်းမမွကြံစည်ဝံ့တော့မည်မဟုတ်ဟု တွက်ကိန်းချဖူး၏။ ပြုံးချို ကိုယ်၌က စိတ်ဖောက်ပြန်လာပါလျှင်ကား ရှောင်မည့်ညီတစ်ယောက် မဟုတ်ဟူ၍ကား နားလည်လေသည်။ သို့ဖြစ်၍ ဤကိစ္စတွင် ပြုံးချိုသာလျှင် လိုရင်း ဖြစ်လိမ့်မည်။ ပြုံးချိုက အလိုမတူဘဲ စပ်ဖြူ ဘာမျှ မတတ်နိုင်ဟု စဉ်းစား၏။ သို့သော် ပြုံးချိုသည် မည်သို့ ရှိချေမည်နည်း။ မိမိသည် ဆုကြီးပန် တစ်ယောက်ဖြစ်၍ ပြုံးချိုကလည်း ပါရမီဖြည့်ဖက် ဖြစ်ရပါလို၏ ဆုတောင်းဖူးခြင်းကိုပင် ပြုံးချိုက ဖွင့်ပြော၍ သိရဖူးလေပြီ။ မိမိအပေါ်၌ ဤမျှတိုင်အောင် ရှိသေလေးစားသော မယားတစ်ယောက်သည် ဖောက်လွှဲဖောက်ပြန် ကြံစည်ရက်ပါမည်လော၊ ပဒုမမင်းသားကို သေကြောင်းကြံစည်၍ ပေါင်တိုနောက်သို့လိုက်သော ရှေးထုံးကားရှိပေသည်။ သို့သော် ထိုမိန်းမသည် ပါရမီဖြည့်ဖက် ယသော်ဓယာ အလောင်းတော် မဟုတ်၊ ရန်သူတော် စိဉ္စမာန အလောင်းဖြစ်သည် ဆိုသောကြောင့် ပါရမီဖြည့်ဖက် ဖြစ်ချင်သည့် ပြုံးချိုနှင့် မနှိုင်းယှဉ်ထိုက်ပါပေ စသည်ဖြင့် စဉ်းစားမိသည်။

မြတ်သူသည် နှစ်ဝက်ခန့်မျှ ပြုံးချိုနှင့် အတူတကွ နေခဲ့စဉ်က ပြုံးချို၏ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကို ပြန်လည်စစ်ဆေးလေရာ တစ်ရံတစ်ဆစ်မျှ မိမိစိတ်ထဲ၌ သံသယဖြစ်စေလောက်သည့် အခြင်းအရာမျိုး မကြုံတွေ့ရဖူးချေ။ ဝေဿန္တရာမင်းကြီးကို တိုင်းပြည်မှ နှင်ထုတ်စဉ် မဒ္ဒီဒေဝီ





လိုက်ပါလာ၍ လမ်းခရီးတွင် ခြေဆုပ်လက်နယ် ပြုပေးသည်ဟု ကျောင်းသုံးဇာတ်တော်ကြီးတွင် ပါရှိသောကြောင့် ပြုံးချိုသည် မြတ်သူအား ခြေဆုပ်လက်နယ် လုပ်ပေးပါရစေ ဟူ၍ပင် ခွင့်တောင်းဖူးရာ မိမိက–

“ဟိုခေတ်က ဟိုလိုပေါ့။ ဒီခေတ်မှာတော့ ယောက်ျားက ခွန်အားချိ့တဲ့သူ မိန်းမသားကို ညှာတာတဲ့သဘောမျိုး ထားကြတဲ့ခေတ် ဖြစ်လေတော့ ကျုပ်ကပဲ နှိပ်ပေးပါရစေဦးဗျာ”

ဟူ၍ ပြက်ရယ် ပြောမိဖူးခြင်းကိုပင် မြတ်သူ သတိရ၏။ ဤမျှလောက် စာတွေ့အတိုင်း တိကျအောင် လိုက်နာဖို့ ကြိုးစားသော ပြုံးချိုသည် ဖောက်လွှဲဖောက်ပြန် မလုပ်တန်ရာဟု စဉ်းစားမိ၏။ ထိုကဲ့သို့ မိမိက ခွင့်မပြုသောကြောင့် ဝတ်မပြုရသည့်တိုင်အောင် ပြုံးချိုသည် တစ်ညဉ့်မပျက် မိမိအားရှိခိုးကန်တော့ပြီးမှ အိပ်ရာဝင်လေ့ ရှိခြင်းကိုလည်း စဉ်းစားမိလေသည်။

မြတ်သူသည် ပြုံးချို၌ အပြစ်ရှိသလောဟု သန်းရှာသလို ရှာပါလျက်တစ်ကွက်တလေမျှ မတွေ့လေရကား နောက်ဆုံး၌ စပ်ဖြူနှင့် မည်သူပင်ပါဝင်စေ၊ အဆုံးစွန်၌ ပြုံးချို၏ မိဘများနှင့် မိမိ၏ မိဘများကပါ ဝိုင်းဝန်းစွပ်စွဲကြစေ၊ ပြုံးချိုကိုယ်တိုင်က ဂုဟ်ပါသည်ဟု ဝန်မခံသမျှ၊ ဖြောင့်ချက်မပေးသမျှ ကာလပတ်လုံး မိမိက ဘယ်နည်းနှင့်မျှ ယုံကြည်လိမ့်မည်မဟုတ်ဟူ၍ သန္နိဋ္ဌာန် ချလိုက်လေ၏။

## အခန်း ၁၂

ထိုနှစ်၌ မြန်မာပြည်အထက်ပိုင်းတွင် အလွန် မိုးခေါင်ရာ ဆည်မြောင်း၊ တူးမြောင်း ဆောက်လုပ်ထားသည့် ကျောက်ဆည်နယ်၊ ရွှေဘိုနယ် စသည့် ဒေသများတွင် လယ်သမားများမှာ အသင့်အတင့် လယ်လုပ်ကြသေးသော်လည်း မိုးရေကို လုံးဝ အားထားလုပ်ကိုင်ကြသည့် ‘မိုးကောင်းတော’ခေါ် ဒေသများရှိ တောင်သူလယ်သမားများမှာ လွန်စွာဆင်းရဲဒုက္ခ ရောက်ရှာကြ၏။ အချို့မှာလည်း အနည်းငယ်မျှ လုပ်ရသော်လည်း စပါးထွက် နည်းလွန်းသဖြင့် စရိတ်စကပင် မကျေ၊ အချို့မှာ လုံးဝမလုပ်ကြရဘဲ လက်မှိုင်ချကာ ထိုင်နေကြရ၏။ အနည်းငယ်မျှ လုပ်ရ၍ စရိတ်မကျေသူများမှာ လုံးဝမလုပ်ဘဲ နေရသူများထက်ပင် ဆိုးရွားသေး၏။ ‘အဘယ့်ကြောင့်ဆိုသော် လယ်မှ ထွက်သော



www.burmeseclassic.com

www.burmeseclassic.com



စပါးကို လုပ်ခအတွက် ကျေလည်အောင် မပေးနိုင်သောအခါ 'လုပ်အား'လည်း ဆုံး၍ အကြွေးပတ်လည် ကျန်ရစ်ခဲ့သောကြောင့်ပေတည်း။

ပြုံးချို၏ မိဘများဖြစ်သော ဦးမောင်နှင့် ဒေါ်ဆက်တို့မှာ ဒုတိယ အမျိုးအစားတွင် ပါဝင်သည့် လယ်သမားဖြစ်၍ ရိတ်သိမ်းပြီးသောအချိန်တွင် ကြွေးတင်လျက် ရှိကြသည်။ မရှိလျှင် မရှိသည့်အလျောက် မြတ်သူကပို့သော လစဉ်ထောက်ပံ့ကြေးငွေ သုံးဆယ်ကလေးဖြင့် ခြစ်ခြုတ်သုံးစွဲကြပါသော်လည်း ကူလီခအတွက် တင်နေသော အကြွေးကိုမူ ပေးဆပ်ရန် မတတ်နိုင်ချေ။ ဦးမောင်သည် အလွန်ပြတ်တောက်သော စိတ်သဘောမျိုး ရှိသူဖြစ်၍ ပေးရန်ရှိသော အကြွေးအတွက် လုပ်သားကူလီများအား ခယဝပ်တွား ပြောဆိုခြင်းဖြင့် အချိန်ရွှေ့ဆိုင်းရန် အလိုမရှိချေ။ သို့ဖြစ်၍ ဘုရားဒကာခင်ထံ၌ နောက်ထပ် ပေါင်နှံထားသော လယ်မြေကို အဆုံးအပိုင် အပြီးအပြတ် ရောင်းပြီးလျှင် ပိုလျှံသော ငွေဖြင့် လုပ်သားကူလီများအား စာရင်းရှင်းပေးလိုက်လေသည်။

ဦးမောင်နှင့် ဒေါ်ဆက်တို့မှာ လယ်သမားအဖြစ်မှ ထင်းခုတ်သမား အဖြစ်သို့ ရောက်သွားကြလေပြီ။ ပြုံးချိုက ဈေးရောင်းပါမည်ဟု ပြောသော်လည်း အရင်းအနှီးလည်း မရှိ၊ ကျွမ်းကျင်မှုလည်း မရှိရကား ဗျပ်ထိုးဈေးသည် အလုပ်မျိုးမှ လွဲ၍ မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ဦးမောင်က တောထဲသို့ လှည်း တစ်စီးနှင့် နံနက်စောစောကြီးသွားပြီး ထင်းခုတ်၍ ပြန်လာသောအခါ ပြုံးချိုနှင့် ဒေါ်ဆက်တို့က ထင်းစည်းများကို ဖြတ်တောက်ခွဲစိတ်ကြရ၏။ တက္ကသိုလ်ပြန် တစ်ယောက်ဖြစ်သော ပြုံးချိုသည် ကလေးကို ချော့သိပ်၍ ထင်းတုံးကြီးများကို ဒေါ်ဆက်နှင့် နှစ်ယောက်တိုက်ဖြတ်ခြင်း၊ ၎င်းနောက် ဓားနှင့် ခွဲခြမ်းစိတ်ဖြာခြင်း စသည့် အလုပ်ကြမ်းများကို မတတ်တတတ် မနိုင့်တနိုင်လုပ်ရှာသည်မှာ မြင်ရသူများ မရှုရက်နိုင်အောင် ရှိပါဘိသည်။ ဦးမောင်မှာမူ သမီးကို မလုပ် စေလိုသော်လည်း တစ်ယောက်တည်း တစ်နံနက်လုံး ထင်းပင် လှဲခဲ့ရ၍ မောကြီးပန်းကြီးနှင့် ပြန်လာရခြင်း ဖြစ်သောကြောင့် နီးလာသော ကလေးကို ချော့သိမ်းခြင်းမှတစ်ပါး မတတ်နိုင်ချေ။ ထွန်းရှင် တစ်ယောက်ကား ရှိပါ၏။ သို့သော် ငယ်လွန်းသည် တစ်ကြောင်း၊ ပြုံးချိုက ပညာသင် မပျက်စေလိုသည် တစ်ကြောင်းကြောင့် ကျောင်းမနုတ်ဘဲ စမ်းကြည့်သေး၏။ သို့ရာတွင် နောက်ဆုံး၌မူကား ထွန်းရှင်၏ ပညာရေးကို ကမ္ဘာသကာ ထား၍ ကျောင်းနုတ်ပြီး ထင်းခုတ်အလုပ်ထဲသို့ သွင်းကြရလေတော့သည်။





ပြုံးချိုတို့၏အိမ်ကလေးနှင့် ကပ်လျက်ရှိသော တဲကလေးမှာ ကိုလှုသစ် နှင့် မတောမယ်ခေါ် လင်မယားနှစ်ယောက်တို့ နေထိုင်၍ ဦးမောင်နည်းတူ ထင်းခုတ်ရောင်းခြင်းဖြင့် အသက်မွေးသူဖြစ်၏။ ကိုလှုသစ်မှာ ကောလင်း နယ်သားဖြစ်၍ လွန်ခဲ့သော လေးငါးနှစ်ခန့်က ထီးချိုင့်သို့ ရောက်လာပြီးလျှင် မတောမယ်ခေါ် မုံဆိုးမနှင့် အိမ်ထောင်ကျခဲ့လေသည်။ မတောမယ်၏ ပထမ ယောကျ်ားမှာ လှည်းတိုက်စားသူဖြစ်၍ လှည်းနှင့် နွားတစ်ရှဉ်း ကျန်ရစ်ခဲ့ရာ ကိုလှုသစ်သည် ပထမယောကျ်ား၏အမွေကို ဆက်ခံပြီးလျှင် ထင်းခုတ်ရောင်း ခြင်းဖြင့် မတောမယ်ကို ကျွေးမွေး၏။ သို့ရာတွင် တေလေခပ်ဆန်ဆန် လူတစ်ယောက်ဖြစ်၍ 'ညစ်ကျယ်ကျယ်' စကားပြောတတ်သည့်ပြင် မယား ကိုလည်း အလွန်နိုင်ချင်၏။ သို့ဖြစ်၍ မတောမယ်မှာ လင်တစ်ယောက်သေ၍ တစ်ယောက် အစားရသည် ဆိုသော်လည်း နောက်လင်၏ အငေါက်အငမ်းခံ၍ အလုပ်လုပ်လိုက်ရသည်မှာ ဗိုင်းဗိုင်းလည်နေတော့၏။ ကိုလှုသစ်သည် တောမှ ထင်းခုတ်ပြန်လာပြီးနောက် လက်ဖက်ရည်ကြမ်း တစ်အိုးနှင့် တင်ပျဉ်ခွေ သောက်နေလေတော့ရာ မတောမယ်မှာ လွှကြီးကို တစ်ယောက်တည်းကိုင်၍ ထင်းဖြတ်၏။ နှစ်ယောက်ကိုင်၍ ဖြတ်ရသော လွှကြီးကို တစ်ယောက်တည်း ဖြတ်ရ၍ ကြန့်ကြာသည်တွင် ပြုံးချိုတို့သားအမိ ဖြတ်တောက်ပြီးသောအချိန်၌ မပြီးကောင်းလေသလောဟု ကိုလှုသစ်က မာန်မဲသေး၏။ ရပ်သူရွာသားများ သည် ကိုလှုသစ်၏ကြင်နာတရား နည်းပါးခြင်းကို ကဲ့ရဲ့ကြသော်လည်း ပထမလင်ကြီးလက်ထက်က လင်ကိုနိုင်ချင်လှသောမိန်းမ ဝဋ်လည်သည်ဟု ပြောကြလေသည်။

ဦးမောင်၊ ဒေါ်ဆက်တို့ ထင်းခုတ်ရောင်းကြသောအခါ ကိုလှုသစ် လင်မယားမှာ လာဘ်ပိတ်သလို ဖြစ်သွားခဲ့လေပြီ။ ပြုံးချိုတို့ သားအဖတစ်စု အား သနားကြသည် တစ်ကြောင်း၊ ကိုလှုသစ်ကို အမြင်ကတ်ကြသည်တစ် ကြောင်းကြောင့် မြို့သူမြို့သားများသည် မတောမယ်၏ ထင်းကို မဝယ်ကြဘဲ ဒေါ်ဆက်၏ထင်းကိုသာ ဝယ်ကြ၏။ ဓာတ်သိ မဟုတ်သည့် တရုတ်၊ ကုလား နိုင်ငံခြားသားများသည်သာလျှင် မတောမယ်၏ ထင်းလှည်းကို ဝယ်ယူကြ လေတော့သည်။ ဒေါ်ဆက်၏ ထင်းလှည်းရောင်းရ၍ ပြန်လာပြီး အတော်ကြာ မိုးချုပ်မှ ပြန်ရောက်လာသော မတောမယ်အား ကိုလှုသစ်က ဖျင်းသည်၊ ညံ့သည်၊ အစွမ်းအစတုံးသည် စသည်များနှင့် မြည်တွန်တောက်တီး လေသော



www.burmeseclassic.com

www.burmeseclassic.com



၏။ 'ဘယ်က လင်ငယ်နဲ့ စကားပြောနေမှန်းမှ မသိတာ'ဟူ၍ပင် စွပ်စွဲတတ်သေး၏။ နောက်ဆုံး၌ မတောမယ် လင်မယားတို့သည် ဦးမောင်တို့ အိမ်သားများကို မနာလိုဝန်တိုစိတ် သက်ဝင်လာခဲ့ကြလေပြီ။

ဦးမောင်သည် နေ့တိုင်း ထင်းခုတ်ထွက်သည် မဟုတ်၊ တောသို့ တစ်ရက်ထွက်၍ ပြုံးချိုတို့သားအမိက ပြီးတန်သလောက် ဖြတ်တောက်ထားပြီး ဒုတိယနေ့ ဆက်လက် ခွဲစိတ်ပြီးခါမှ ဒေါ်ဆက်က ထင်းရောင်းထွက်ရခြင်း ဖြစ်သောကြောင့် တစ်ရက်ခြားမှသာ ထွက်ရလေသည်။ ပြုံးချိုတို့ သားအမိသည် ပထမနေ့တွင် ဖြတ်တောက်ထားသော ထင်းတုံးများကို ဝင်းထဲတွင် တော်သလိုထားလိုက်ရာ နံနက်တွင် ထင်းတုံးများ လျော့နေသည်ကို တွေ့ရ၏။ ဦးမောင်သည် မိမိပင်ပန်းတကြီး ခွေထားသောထင်းများ ပျောက်ဆုံးခြင်းအတွက် မခံချင်သည်နှင့် ချောင်း၍ဖမ်းရာ တစ်ညတွင် ကိုလူသစ်ကို လက်ပူးလက်ကြပ် မိနေ၏။ မိသည်ဆိုရာ၌ မိမိတို့ အိမ်အောက်သို့ ညဥ့်အချိန်တွင် ကိုလူသစ် တိတ်တဆိတ် ဝင်လာသည်ကို တွေ့ရခြင်း ဖြစ်လေသည်။ ဦးမောင်က စွပ်စွဲသောအခါ ကိုလူသစ်က မိမိ၏ ကြက်ပျောက်၍ လိုက်ရှာခြင်း ဖြစ်သည်ဟု ထုချေ၏။ ဤမှစ၍ တစ်ယောက်တစ်ခွန်း စကားများကြရာမှ ကိုလူသစ်သည် ရှက်ရမ်းရမ်းသည့်သဘောနှင့် ဦးမောင်ကို ကိုယ်ထိလက်ရောက် စော်ကားတော့သည်။ ဦးမောင်မှာလည်း သွေးနည်းသော လူကြီးတစ်ယောက် မဟုတ်သဖြင့် မိမိအား တွန်းထိုးခြင်းကို ပြန်လည်ခုခံလေရာ နောက်ဆုံးတွင် လူနှစ်ယောက်မှာ လုံးထွေး သတ်ပုတ်သောအဖြစ်သို့ ရောက်သွားကြလေ၏။ ဦးမောင် ကိုယ်တိုင်မှာ ငယ်စဉ်က လက်ရေ့အနည်းငယ် လေ့လာခဲ့ဖူးသည်ဖြစ်၍ သူတစ်ချက် ကိုယ်တစ်ချက် ပြန်ထိုးနိုင်၏။ ပြုံးချို၊ ဒေါ်ဆက်နှင့် ထွန်းရှင်တို့သည် ဦးမောင်ဘက်မှ ကူကြ၍ မတောမယ်ကလည်း သူ့ယောကျ်ားဘက်မှ ကူ၍ သတ်ပုတ်သည်တွင် တစ်ရပ်လုံး ဆူညံလျက်ရှိ၏။ ထွန်းရှင်သည် ထင်းတစ်စကို ကောက်ယူ ကိုလူသစ်ကို ရိုက်လိုက်ရာ လူငယ်ဖြစ်၍ အရပ်နိမ့်သောကြောင့် ကိုလူသစ်၏ ကျောကိုသာ ရိုက်မိ၏။ ဤတွင် ကိုလူသစ်သည် ထွန်းရှင်၏လက်မှ ထင်းစကိုလုယူ၍ ဦးမောင်၏ ဦးခေါင်းကို တစ်ချက်၊ ထွန်းရှင်၏ ဦးခေါင်းကို တစ်ချက် ရိုက်နှက်လိုက်ရကား သားအဖနှစ်ယောက်လုံး ထိုးလဲသွားရှာကြလေတော့သည်။ ထိုအခါမှ အသုဘအိမ်ဖဲဝိုင်းမှ ထပြေးလာသော စပ်ဖြူ ရောက်လာ၍ ဦးမောင်၏အိမ်ပေါ်မှ လှံတံကို





ယူပြီးလျှင် ကိုလူသစ်ထံသို့ ပြေးသွားရာ မတောမယ်က-

"လှံကြီးနဲ့လာတယ် ကိုလူသစ် ပြေး...ပြေး"

ဟု သတိပေးသောကြောင့် ကိုလူသစ်လည်း ထွက်ပြေးလေသည်။ စပ်ဖြူသည် ကိုလူသစ် နောက်သို့ လိုက်သော်လည်း အရပ်သားအချို့က ဝိုင်း၍ ဆွဲထားသောကြောင့် မမီနိုင်တော့ချေ။

အရပ်သားများသည် ကိုလူသစ်၏ ပိုင်နက်ကျူးလွန်ခြင်းအတွက် တရားစွဲရန် တိုက်တွန်းကြသော်လည်း ဦးမောင်က 'ရန်စတိုစေ' ဟူသောထုံးကို နှလုံးပိုက်သည့်အလျောက် ဌာနသို့ပင် တိုင်တန်းခြင်း မပြုချေ။ ပြုံးချိုမှာ ထိပ်ကွဲသွားသော ဖခင်နှင့် ခေါင်းပေါက်သွားသော မောင်ကလေးတို့ကို ပြုစုနေရသည့်အတွက် မြတ်သူထံ ရေးနေကျ စာမရေးနိုင်ဘဲရှိရာတွင် လုံးတင်၏ စာရောက်သွားခြင်း ဖြစ်ကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်လေသည်။ သို့ရာတွင် လုံးတင် စာရေးသောအချိန်၌ ဦးမောင်နှင့် ကိုလူသစ်တို့ ရန်မဖြစ်ကြသေးသည်နှင့် လုံးတင်၏စာတွင် ဤအကြောင်း မပါရှိချေ။

ပြုံးချိုသည် မြတ်သူထံသို့ ရေးပို့သော စာများ၌ ဖခင်ဦးမောင်မှာ လယ်သမားအဖြစ်မှ ထင်းခုတ်သမားအဖြစ်သို့ ရောက်သွားရကြောင်းများကို မြတ်သူ စိတ်မချမ်းသာမည်စိုးသောကြောင့် ထည့်သွင်းဖော်ပြခြင်း မပြုချေ။ မိမိတို့အကြောင်းကို ကြားသိရလျှင် အစိုးရထံမှရရှိသော 'စတိုင်ပင်' ထောက်ပံ့ကြေးအနက်မှ ဖဲ့၍ ပို့လိုက်ဦးမည်ဟု ယူဆသောကြောင့် မိမိ၏လင်ယောကျ်ားအဝတ်အစားချို့တဲ့ခြင်း မဖြစ်စေလိုသော ပြုံးချိုသည် မြတ်သူထံ အပူမကပ်ဘဲ ထင်းခုတ်၍ ရသမျှနှင့် လောက်ငအောင် ချွေတာသုံးစွဲမည်ဟု ဆုံးဖြတ်ချက်ချလေသည်။

## အခန်း ၁၃

တစ်နေ့သ၌ ဦးမောင်သည် တောထဲ၌ ထင်းပင်ခုတ်လှဲရာမှ မွန်းတည့်ချိန်နီး၍ ဆာလောင်သည်နှင့် အိမ်မှ ထုတ်ပေးလိုက်သော ထမင်းထုပ်ကလေးကို ပြေကာသစ်ပင်တစ်ပင်အောက်တွင် စားသောက်လေ၏။ ဆင်းရဲသား အလုပ်ကြမ်းသမားတို့၏ ထုံးစံအတိုင်း ငါးပိကောင်၊ အချဉ်၊ သနပ်၊ ရေတ်သီ စိမ်း



www.burmeseclassic.com

www.burmeseclassic.com



စသည့် ဟင်းရည်သောက် မပါသော ဟင်းများ ဖြစ်ကာမူ ဆလောင်မွတ်သိပ်သည့်အလျောက် မြိန်ရှက်စွာ စားသောက်၍ လည်းဦး၌ ချိတ်လျက်ပါလာသော ရေအိုးကလေးမှ ရေဖြင့် လည်ချောင်း ဆေးပြီးလျှင် သစ်ပင်အောက်တွင် ပက်လက်လှန်ကာ ဆေးပေါ့လိပ်ဖွာရင်း အိပ်ပျော်သွားလေသည်။ အနီး၌ကား ထင်းခုတ်သမား၏ လက်နက်ဖြစ်သော 'ခွန်'ကို သစ်ပင်တစ်ပင်၌ ထောင်ထား၍ နွားနှစ်ကောင်မှာလည်း ချည်ထားသည့်ကြိုးအတွင်း မီရာသစ်ရွက်များကို ကောက်ဝါးလျက် ရှိကြသေး၏။

ဦးမောင် အိပ်ပျော်လျက်ရှိသောနေရာနှင့် တစ်ဖာလုံခန့် ကွာလှမ်းသောနေရာ၌လည်း သစ်ခုတ်သမား ကိုလူသစ်သည် အတော်ကြီးမားသော ထင်းပင်ကြီး တစ်ပင်ကို ခုတ်လှဲရန် ပြင်ဆင်လျက် ရှိ၏။ ဦးမောင်နှင့် ကိုလူသစ်တို့ ရန်ဖြစ်၍ လက်လွန်ခြေလွန် ဖြစ်ခဲ့ကြဖူးသော်လည်း အနာခံရသော ဦးမောင်က ရန်ငြိုးဖွဲ့ခြင်း၏ မကောင်းခြင်းကို နားလည်၍ ရက်အနည်းငယ်အတွင်း၌ပင် ခေါ်ခေါ်ပြောပြော ပြုလုပ်သည်နှင့် တစ်ဖက်နှင့် တစ်ဖက် အမျက်ပြေပျောက်ကာ သာမန်အိမ်နီးချင်း အခြေအနေသို့ ရောက်သွားခဲ့ကြလေပြီ။ ပြုံးချိုနှင့် ဒေါ်ဆက်တို့မှာ မိန်းမပီပီ မကျေမချမ်း ရှိနေကြခြင်းကိုပင် ဦးမောင်က–

"အိမ်နီးချင်းဆိုတာမျိုးဟာ ရန်ဖြစ်နေကြရင် သူရောကိုယ်ပါ စိတ်ဆင်းရဲရတယ် ရှင်မရဲ့။ ပြီးပြီးပျောက်ပျောက် သဘောထားကြပါမှပေါ့ကွယ်"

ဟု ဖျောင်းဖျပြောဆိုပေသည်။

ကိုလူသစ်သည် ထိုထင်းပင်ကို ခုတ်လှဲသည်မှာ ကြာလှချေပြီ။ အတော်ကြီးသော ထင်းပင်ဖြစ်၍ တစ်ရက်မျှ ခုတ်လှဲလိုက်လျှင် သုံးလေးရက်အတွက် လုံလောက်သည်ဟု တွက်ကိန်းချ၏။ သို့သော် အတော်ကြီးမားသော သစ်ပင်ကြီးဖြစ်၍ ရက္ခစိုးနတ် စသည်တို့ နေချင်နေတတ်သည်ဟု ဆိုကာ ကြောက်ရွံ့သောကြောင့် ရှောင်လာခဲ့၏။ ထိုနေ့၌မူကား ရက္ခစိုးနတ်များရှိခဲ့လျှင် တောင်းပန်ပြီး ခုတ်ရမည် ဟူသော အကြံနှင့် ငှက်ပျောတစ်ဖီး၊ အုန်းသီးတစ်လုံးနှင့် ဖယောင်းတိုင် သုံးတိုင် ယူဆောင်လာခဲ့လေသည်။ ဤနည်းဖြင့် တောင်းပန်တိုးလျှိုးခြင်းမှာ စားစရာများကို ကိုယ့်ဟာကိုယ် စားနိုင်၍ ဖယောင်းတိုင်အတွက်မှတစ်ပါး စရိတ်အကုန် မများသည်နှင့် အလွယ်တကူ လုပ်နိုင်ကြလေသည်။

သို့ဖြစ်၍ ကိုလူသစ်သည် သစ်ပင်ကြီး၏ အမြစ်ရင်း၌ ခွန်ကိုထား၍





ခွန်ပေါ်၌ ဖယောင်းတိုင် သုံးတိုင် ထွန်းညှိကာ ငှက်ပျောဖီးနှင့် အုန်းသီးကို ရှေ့တွင်ထားလျက် ဆောင့်ကြောင့်ထိုင်၍ ရှိခိုးလေ၏။ လူတစ်ယောက်သည် အနီးသို့ရောက်လာ၍ ကိုလူသစ်ကို မြင်သောအခါ တောင်မြောက်လေးပါးသို့ မျှော်ကြည့်၏။ တစ်ဖာလုံခန့် ကွာဝေးသောနေရာ၌ အိပ်ပျော်လျက်ရှိသော ဦးမောင်နှင့် လှည်းနွားများကို မြင်သောအခါ ထိုသူသည် ထိုနေရာသို့ ခြေသံမကြားအောင် ပြေးသွား၍ ဦးမောင်အနီး၌ ချထားသော ခွန်ကို ကောက်ယူခဲ့ပြီးလျှင် ကိုလူသစ် ရှာရာသို့ ပြန်ပြေးလာ၏။ ထို့နောက် ဆောင့်ကြောင့်ထိုင်ကာ ရှိခိုးလျက်ရှိသော ကိုလူသစ်နောက်သို့ ဖြည်းညည်းစွာ ချဉ်းကပ်၍ လည်ကုပ်ကို ခွန်နှင့် ခုတ်ပိုင်းလိုက်၏။ အကယ်၍ ခွန်သည် ချိန်ရွယ်ထားသည့်အတိုင်း လည်ကုပ်ပေါ်သို့ တည့်တည့်မတ်မတ် လာရောက်ပါမူကား ကိုလူသစ်မှာ ဦးခေါင်းတခြား၊ ကိုယ်တခြား ဖြစ်အောင် ပြတ်သွားနိုင်၏။ ယခုမှာမူ ထိုသူသည် ခွန်ကိုကျင်လည်စွာ ကိုင်တွယ်တတ်သူတစ်ယောက် မဟုတ်သည့်လက္ခဏာနှင့် လည်ကုပ်၏ အောက်ပိုင်းနားဆီသို့ ခွန်သွားကျရောက်သည်နှင့် မချိမဆန့် နာကျင်ပြီး ရှူးရှူးဝါးဝါးအော်ဟစ်ကာ ဟပ်ထိုးလဲကျသွားရုံမျှသာ ရှိ၏။ ပွဲချင်းပြီး သေသွားသည် မဟုတ်ချေ။ ဤတွင် ထိုသူသည် မြေပေါ်၌ မှောက်လျက်လဲနေသော ကိုလူသစ်၏ ဦးခေါင်း၊ လည်ပင်း၊ ကျောပြင် စသည်တို့ကို ဆင့်ကာဆင့်ကာ ခွန်နှင့် ပေါက်လေရာ ရှူးရှူးဝါးဝါး အော်ဟစ်သော အသံများကြောင့် သစ်ပင်အောက်၌ အိပ်ပျော်နေသော ဦးမောင် နိုးလာ၍ ကပျာကယာထပြီး မိမိ၏ လက်နက်ကို ရှာကြည့်သေး၏။ သို့သော် ခွန်ကို မတွေ့သေးသည်နှင့် ဦးမောင်သည် ကိုလူသစ်ထံသို့ လက်ချည်း ပြေးလာရ၏။ ကိုလူသစ်အား လူတစ်ယောက်က ပေါက်သတ်နေခြင်းကိုလည်း ဦးမောင် မြင်ရ၏။ ထိုလူကမူ ဦးမောင်ကို လုံးဝဂရုမစိုက်ဘဲ သဲသဲမဲမဲ ပေါက်သတ်နေပြီးနောက် ကိုလူသစ် မလှုပ်ရှားတော့ဘဲ ငြိမ်သွားခြင်းကို မြင်သောအခါမှ ခွန်ကို ပစ်ချ၍ ထွက်ပြေးလေတော့သည်။

ထိုခဏ၌ ကျောက်မော်ရွာမှ စပါးသိမ်းခြင်း ကိစ္စပြီး၍ စပ်ဖြူက လှည်းမောင်းကာ လုံးတင်က လှည်းစီးလျက် လိုက်လာသော လှည်းသည် ကိုလူသစ်၏ ရှူးရှူးဝါးဝါး အော်သံများကြောင့် ရပ်တန့်နေ၏။ စပ်ဖြူသည် အတော်အတန် ရဲသည်ဖြစ်၍ အော်သံကြားရာဘက်သို့ သွားကြည့်ချင်၏။ သို့သော် လုံးတင်က တစ်ယောက်တည်း မနေရစ်ဝံ့သည်နှင့် တားဆီးထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ လူတစ်ယောက်သည် ပြူးတူးပြဲတဲနှင့် ပြေးလာ၍ လုံးတင်တို့၏ လှည်းကို မြင်သောအခါတွင် လှည်းလမ်းမှ ဖဲ့ဆင်း၍ တောနက်ထဲသို့ ဝင်ပြေးလေ၏။ လုံးတင်နှင့် စပ်ဖြူတို့သည်–

"ဘယ်သူလဲဟေ့"

ဟု တစ်ယောက်ကို တစ်ယောက် မေးကြသော်လည်း နှစ်ယောက်စလုံးပင် ထိုသူကို မသိကြချေ။ မျက်နှာကိုကား မြင်လိုက်ကြရ၏။ သို့သော် အသိအကျွမ်းထဲက မဟုတ်ချေ။

နောက်ဆုံးတွင် စပ်ဖြူက လုံးတင်နေရစ်စေ၍ တစ်ယောက်တည်း သွားကြည့်မည်ဆိုရာ လုံးတင်က မိမိလည်း တစ်ယောက်တည်း မနေဝံ့ဆိုကာ အရဲစွန့်ပြီး စပ်ဖြူနှင့် အတူလိုက်ပါသွား၏။ တစ်နေရာသို့ ရောက်သောအခါ သွေးရဲရဲသံရဲရဲနှင့် လဲနေသော ကိုလှသစ်အနီးတွင် ခွန်တစ်လက်ကို ကိုင်လျက် ငေးကြည့်နေသော ဦးမောင်ကို တွေ့ကြလေသည်။

စိတ်သည် အလွန် လျင်မြန်သည်ဟု စာဆိုရှိရုံမဟုတ်၊ ကိုယ်တိုင်ကြုံဖူးသူများလည်း ရှိကြပေလိမ့်မည်။ လျင်မြန်သော စိတ်များတို့အနက်တွင် မိန်းမများ၏ စိတ်ကူးသည် သာ၍ လျင်မြန်သည်ဟု စာဆိုရှိပြန်လေသည်။ ဤကိစ္စ၌ ဦးမောင်၏မျက်နှာနှင့် အမူအရာကို လုံးတင်နှင့် စပ်ဖြူတို့သည် တစ်ပြိုင်နက်တည်းကဲ့သို့ မြင်လိုက်၏။ သို့သော် စပ်ဖြူ၏ စိတ်၌ မည်သည့် အကြံအစည်မျှ မပေါ်ပေါက်သေးမီ လုံးတင်၏စိတ်၌ကား အကြံအစည်နှင့် စိတ်ကူးများသည် လျှပ်စစ်တတ်လိုက်သည့်နှယ် လက်ခနဲ ပေါ်ပေါက်သွားခဲ့လေပြီ။ သို့ဖြစ်၍ လုံးတင်က စပ်ဖြူအား–

"မင်းအသာနေ" ဟုဆိုကာ ဦးမောင်အား မေးမြန်းစရာ ရှိသမျှကို ရှေ့ဆောင် မေးမြန်းလေ၏။

ဦးမောင်သည် လူရိုးကြီးတစ်ယောက် ဖြစ်သည့်အလျောက် ကျွန်ုပ်တို့ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စပ်ဖြူနှင့် လုံးတင်တို့အား ပြောပြလေ၏။ စပ်ဖြူက–

"ဒါဖြင့် ဒီခွန်ဟာ ခင်ဗျား ခွန်ပေါ့"

"ဟုတ်တာပေါ့ မောင်စပ်ဖြူ"

"ဟာ... ဒီလိုပြောလို့ မဖြစ်ဘူးထင်တယ် ဦးမောင်၊ ပုလိပ်က ခင်ဗျားကို စွပ်စွဲနေဦးမယ်"ဟု စပ်ဖြူက ဆိုလိုက်ရာ လုံးတင်က–





"အသာနေစမ်းပါ မင်းက လူတတ်ကြီးလုပ်လို့၊ မင်း ဘာနားလည်လို့လဲ"

ထိုအခါ ဦးမောင်က–

"ငါ့မတော့ ဟုတ်တဲ့အတိုင်း ပြောရုံပါပဲကွယ်၊ စွပ်စွဲရင်လည်း ရှင်းပြရုံပေါ့"

ထိုအခါ စပ်ဖြူက–

"မဟုတ်တာကတော့ မဟုတ်ပါဘူး၊ လူတစ်ယောက် ပြေးသွားတာကို"

လုံးတင်က–

"ဟေ့ကောင် စပ်ဖြူ၊ မင်းတော်တော် စကားရှည် တောသားက လူလည် မလုပ်စမ်းပါနဲ့"

"အောင်မယ် မာန်လိုက်မဲလိုက်တာဗျာ၊ သူကတော့ ဘယ်သူပါလိမ့်"

ဟု စပ်ဖြူက ဆိုလိုက်ရာ လုံးတင်က–

"ထီးချိုင့်သူချင်းဆိုပေမယ့် မင်းထက်တော့ ငါက သာတယ်မောင်၊ မင်းက မန္တလေးအောက် ရောက်ဖူးတဲ့လူမဟုတ်ဘူး။ ကိုင်း...ကိုင်း ဦးလေးမောင်၊ ကျွန်မတို့ အတူတူပြန်ကြပြီး ဝတ္တရားအတိုင်း ဌာနာတိုင်ကြဖို့ အလုပ်ရှိသေးတယ်"

ထို့နောက် ဦးမောင်သည် လုပ်ငန်းကို စွန့်ပစ်ထားခဲ့၍ လုံးတင်တို့နှင့် အတူ လှည်းတစ်စီးစီနှင့် ပြန်လာကြရာ လုံးတင်၏အကြံပေးချက်အရ ဦးမောင်ပိုင်ဆိုင်သော ခွန်ကိုလည်း လှည်းပေါ်တွင် တင်၍ ယူလာခဲ့လေ၏။

မြို့သို့ရောက်ကြသောအခါ လုံးတင်သည် ဦးမောင်အား ဌာနာသို့ တိုင်ချက်ပေးရန် စေလွှတ်လိုက်ပြီးလျှင် စပ်ဖြူကို မိမိနေအိမ်သို့ လှည်းမောင်းစေ၏။ ဦးမောင်ခမျာ မရေမလည်နှင့် ဌာနာသို့သွားရာ လုံးတင်သည် စပ်ဖြူကို နားချလေတော့သည်။ လိုရင်းအချုပ်၌ စပ်ဖြူသည် မိမိအား လက်ထပ်လိုရိုးမှန်ခဲ့လျှင် ဤကိစ္စ၌ မိမိရှေ့ဆောင်သည့်အတိုင်း လိုက်နာပါမည်ဟူ၍ ကတိပေးစေ၏။ စပ်ဖြူသည် ဦးမောင်အား သနားလှသည်ဆိုကာ ဖယ်တယ်တယ် လုပ်နေသေးရာ လုံးတင်က ဦးမောင်ကို တကယ်သေစေဖို့ မဟုတ်၊ မိမိတို့ လက်စားချေလိုသည့် ဆန္ဒပြည့်ဝစေရုံမျှသာ လုပ်ကြမည်ဟု ပြောသောကြောင့် စပ်ဖြူလည်း လုံးတင်၏ အစီအစဉ်အတိုင်း သဘောတူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဌာနာမှ ပုလိပ်အရာရှိများသည် ဦးမောင်၏ တိုင်ချက်အရ တောထဲသို့ သွား၍ အလောင်းကို ထုံးစံအတိုင်း ဆေးရုံသို့ ပို့ပေးပြီးလျှင် လုံးတင်နှင့် စပ်ဖြူတို့ထံသို့လည်း လာရောက် စစ်ဆေးကြ၏။ ၎င်းကို့နှစ်ယောက်အား တစ်ပြိုင်နက်တည်းလိုပင် စစ်ဆေးရာ၌ လုံးတင်က ရှေ့ဆောင်၍ အဖြေ ပေးသည်ကို စပ်ဖြူက ဤအတိုင်း မှန်ပါသည် ဟူ၍သာ အစစ်ခံလေသည်။ လုံးတင်က အော်သံကြားပြီးနောက် လူတစ်ယောက် ထွက်ပြေးသွားသည်ကို မြင်လိုက်ကြရခြင်းတည်း ဟူသောအချက်ကို လုံးတင် ထိမ်ဝှက်ထားရာ စပ်ဖြူကလည်း မဖော်ထုတ်ချေ။ ပုလိပ်အရာရှိများသည် လူသတ်မှုတစ်ခု ဖြစ်ရာ၌ တရားခံပေါ်ပေါက်ရန်မှာ မိမိတို့၏ တာဝန်ဖြစ်သည်ဟု နားလည် သည့်အလျောက် ဤအမှု၌ တရားခံရှာလိုက်သော် ဦးမောင်သာလျှင် ယုတ္တိ အတန်ဆုံး လူတစ်ယောက် ဖြစ်နေ၏။ ခုတ်သတ်သော ဓွန်သည် ဦးမောင်၏ ဓွန် ဖြစ်နေခြင်း၊ ကိုလူသစ်အား ခုတ်သတ်သောလူကို ဦးမောင်က မြင်လိုက်ရ ပါသည် ဆိုသော်လည်း ဦးမောင်၏ စကားကို ထောက်ခံမည့်လူ မရှိခြင်း၊ သတ်သောသူသည် လုံးတင်နှင့် စပ်ဖြူတို့ ရှိလောက်သောနေရာဆီသို့ ပြေးသွား သည်ဟူ၍ပင် ဦးမောင် သင်္ကာမပြုမိသောကြောင့် လုံးတင်နှင့် စပ်ဖြူတို့ကို သက်သေမထူနိုင်ခြင်း၊ ထိုအချိန်၌ သေသူကိုလူသစ်နှင့် ဦးမောင်တို့မှာ မလှမ်း မကမ်းတွင် အလုပ်လုပ်လျက် ရှိကြပါသည်ဟု ဦးမောင်ကိုယ်တိုင်က ဝန်ခံခြင်း၊ ခုတ်သောဓွန်သည် မိမိ၏ဓွန် ဖြစ်ပါသည်ဟု ဦးမောင်က ထွက်ဆိုခြင်း အစရှိသော အချက်များသည် ဦးမောင်အား တရားခံဖြစ်သည်ဟူ၍ တိုက်ရိုက် ညွှန်ပြလျက်ရှိသည်ဟု မဆိုနိုင်စေကာမူ (အခြားတရားခံ လက်ဆုပ်လက်ကိုင် မဖော်ပြနိုင်သော အခြေအနေ၌)တရားခံတစ်ယောက်အနေဖြင့် စဉ်းစားနိုင်စရာ ဖြစ်နေ၏။ ဤသို့သော အခြေအနေတွင် သေသူ ကိုလူသစ်နှင့် ဦးမောင်တို့အိမ် သားများ ရန်ဖြစ်ခဲ့ဖူးရုံမျှမက ဦးမောင်သည်သာလျှင် ဒဏ်ရာအနာတရ ရရှိခဲ့ဖူးခြင်းကို ထည့်သွင်း ဆင်ခြင်လိုက်သည့်အခါ အကြီးအကျယ် မသင်္ကာ ဖွယ်ဖြစ်လာပေတော့သည်။ အချင်းဖြစ်ပွားရာ၌ အနာတရ ခံလိုက်သော ဘက်က လက်စားချေတတ်ခြင်းမှာ လူ့သဘာဝ ဖြစ်သည်ဟု ဆိုဖွယ်ရာရှိ၏။ ပုလိပ်များအဖို့ မသင်္ကာခြင်းနှင့် ဖမ်းဆီးခြင်းတို့သည် အကြောင်းအကျိုး ဆက်စပ်လျက်ရှိပေရကား ဦးမောင်မှာ လူသတ်မှု တရားခံအဖြစ်နှင့် ဖမ်းဆီး ချုပ်နှောင်ခြင်း ခံရလေတော့သည်။





## အခန်း ၁၄

ဖခင်ဦးမောင်အား ပုလိပ်များ ဆွဲသွားသောအခါ ပြုံးချိုသည် ဘာမျှနားမလည် ရှာသော မိခင်နှင့် လူလားမမြောက်သေးသည် မောင်ကလေးထွန်းရှင်တို့သာ ရှိသည်နှင့် ယောက္ခမကြီးများကို အားကိုးမည်ကြံပါသော်လည်း လိုက်လိုက် လှဲလှဲ အမှုအရာမျိုး မတွေ့ရသဖြင့် စပ်ဖြူကိုသာ ဆည်းကပ်ရ၏။ ယခု တလောတွင် ပြုံးချို၏ တစ်ဦးတည်းသော ကိုးကွယ်ရာဖြစ်သည့် မြတ်သူ ထံသို့ ကြေးနန်းရိုက်ဖို့ မတတ်နိုင်သဖြင့် စာထည့်လိုက်ရလေ၏။

မြတ်သူသည် ပြုံးချို၏စာကို ရရှိသောအခါ ချက်ချင်းပြန်လာချင်၏။ သို့ရာတွင် အစိုးရစရိတ်နှင့် စေလွှတ်၍ မိဘများက ငွေကြေးဖြင့် အားမပေး သော ပညာတော်သင် တစ်ယောက်အဖို့မှာ ကိစ္စအရေးကြီးတိုင်း မိမိ၏နေရပ် သို့ ပြန်လာရန် လွယ်ကူသည် မဟုတ်ချေ။ သို့ဖြစ်၍ မြတ်သူသည် ကောလိပ်၌ နေစဉ်က အလွန် ခင်မင်ရင်းနှီးခဲ့ဖူးသည့် သူငယ်ချင်း ကိုသိန်းဟန်ထံသို့ ရှည်လျားသော စာတစ်စောင် ရေးထည့်လိုက်၏။ ၎င်းစာ၌ ခိုကိုးရာမဲ့ ဖြစ်နေသော မိမိ၏ ဇနီးမပြုံးချိုအား တတ်နိုင်သလောက် အကူအညီပေးစေလို ကြောင်း၊ သူငယ်ချင်း၏ကျေးဇူးကို ဘယ်တော့မှ မေ့မည်မဟုတ်ကြောင်း၊ ပြုံးချို၏ဖခင် ဦးမောင်မှာ လူကောင်းတစ်ယောက်ဖြစ်၍ လူတစ်ဦးတစ်ယောက် ကို သတ်သည်ဆိုခြင်းမှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း၊ မိမိ၏ ထင်မြင်ချက်မှာ ဦးမောင်၏အမှုကို ဝတ်လုံကောင်းငှားခြင်းထက် စုံထောက်ကြီး ဦးစံရှားအား အဖြစ်အပျက်ကို ပြောပြလျှင် သာ၍ အရာရောက်လိမ့်မည် ထင်ကြောင်း၊ ဦးစံရှားထံသို့ သူငယ်ချင်းကိုယ်တိုင် သွားစေလိုကြောင်း စသည်ဖြင့် ပါရှိလေသည်။ ၎င်းစာတစ်နေရာ၌လည်း–

"သူငယ်ချင်းက ကျုပ်အကြောင်းကို ကောင်းကောင်းကြီး သိတယ် မဟုတ်လားဗျ။ အဲ...ကျုပ်ဟာ လူသတ်မှု မဖြစ်နိုင်ဘူးလို့ ကျုပ်ကိုယ်ကျုပ် မပြောရဲဘူးဗျ။ အဆင်မသင့်ရင် ဖြစ်ချင်ဖြစ်ဦးမယ်။ မပြုံးချိုရဲ့ဖခင် ဦးမောင် ဆိုတဲ့လူကြီးကတော့ တကယ့်ကို သူတော်ကောင်းကြီးဖြစ်လေတော့ ကျုပ်ကိုယ် ကျုပ် ယုံတာထက် ဒီလူကြီးကို ပိုပြီး စိတ်ချတယ်ဗျာ။ ကိုင်း... ဒီလောက် ပြောရင် ဦးမောင်အကြောင်းကို ခင်ဗျား အကဲခတ်နိုင်လောက်ရောပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသူတော်ကောင်းကြီးကို ကူညီခြင်းဟာ ခင်ဗျားမှာလည်း တူသောအကျိုးကို ပေးခြင်းခံရမှာမို့ စိတ်ချလက်ချ ယုံယုံကြည်ကြည်ကြီး ကူညီလိုက်စမ်းပါဗျာ” စသည်ဖြင့် ဖော်ပြပါရှိလေသည်။

ကိုသိန်းဟန်မှာ ထိုအချိန်၌ မြေစာရင်းဌာနဘက်တွင် လယ်ဝန်အဖြစ်ဖြင့် အမှုထမ်းလျက်ရှိ၍ မန္တလေးမြို့၌ နေထိုင်ခိုက် ဖြစ်လေသည်။ ကိုသိန်းဟန်သည် မြတ်သူနှင့် ကျောင်းထွက်ကတည်းက ရံဖန်ရံခါ စာပေးစာယူ ပြုလုပ်ခဲ့ဖူးရာ ၎င်းစာကို ရရှိသောအခါ ရန်ကုန်သို့သွား၍ ဦးစံရှားနှင့် တွေ့ဖို့ ချက်ချင်း ဆုံးဖြတ်၏။ ထိုသူသည် မြတ်သူအပေါ်၌ အဟုတ်တကယ်လေးစားလျက်ရှိရာ မြတ်သူ၏ဇနီး ပြုံးချိုအားလည်း အနည်းအကျဉ်း သိ၍ (ကောလိပ်ကျောင်းနေစဉ်က မြင်ဖူးသည့်ပြင် မင်္ဂလာဆောင်သို့လည်း ရောက်ခဲ့သည်) မြတ်သူ၏ စကားကြောင့် ဦးမောင်၏ စိတ်နှလုံးကောင်းခြင်းကို ယုံကြည်၍ ကရုဏာစိတ် ပြင်းထန်ရကား မိမိ၌ ခွန်အားရှိသမျှ ကူညီမည်ဟူ၍လည်း သန္နိဋ္ဌာန် ချမှတ်လိုက်လေ၏။

ကိုသိန်းဟန်သည် ဦးစံရှားအကြောင်းကို ရန်ကုန်မြို့ရှိ မိတ်ဆွေတစ်ဦးထံသို့ စာဖြင့် ရေးသားစုံစမ်း၍ အလုပ်မှ အားလပ်ခွင့်ခံပြီးလျှင် ထီးချိုင့်သို့ ကိုယ်တိုင်သွား၍ ဦးမောင်၏အမှုနှင့် ပတ်သက်သည့်အကြောင်းခြင်းရာဟူသမျှ ကိုပြုံးချိုထံမှ လည်းကောင်း၊ ဌာနမှ လည်းကောင်း၊ ရန်ကုန်သတင်းစာတိုက်များသို့ သတင်းပို့သည့် သတင်းထောက် နှစ်ယောက်ထံမှလည်းကောင်း စုဆောင်းလာခဲ့သည်။ မန္တလေးသို့ ပြန်ရောက်လာသောအခါ ဦးစံရှားအကြောင်းကို စုံစမ်းမေးမြန်းထားသည့် မိတ်ဆွေထံမှ ပြန်စာရောက်နေနှင့်၏။ ၎င်းစာ၌ စုံထောက်ကြီးဦးစံရှားမှာ စစ်ကိုင်းတောင်ရိုးသွား၍ သမထဝိပဿနာအလုပ်မျိုးနှင့် စမ်းသပ်အားထုတ်လျက်ရှိသည်ဟု ကြားရကြောင်း ဖော်ပြပါရှိသည်။

ထိုစာကို ဖတ်ရသောအခါ ကိုသိန်းဟန်မှာ ရန်ကုန်သို့သွားရခြင်းထက် စစ်ကိုင်း တောင်ရိုး၌ နီးနီးနားနား တွေ့ရလျှင် သာ၍ပင် လွယ်ကူသည်ဟု ဝမ်းသာမိ၏။ သို့ရာတွင် ချောင်ပေါင်း များစွာရှိသည့် စစ်ကိုင်းတောင်ရိုးကဲ့သို့သော ဌာနတစ်ခု၌ ဦးစံရှားကို ရှာဖွေရန်မှာ မလွယ်ကူပြန်ချေ။ ရန်ကုန်မြို့တစ်ဝိုက်တွင် မှုခင်းကိစ္စရှိသော အမှုသည်များသည် ဦးစံရှားထံသို့ အလွယ်တကူ ပြေးလာတတ်ကြသော်လည်း ဦးစံရှားကမူ စစ်ကိုင်းတောင်ရိုး





ကဲ့သို့သော ဌာနတစ်ခုတွင် မိမိသည် စုံထောက်ကြီးဦးစံရှား ဖြစ်သည်ဟူ၍ ဆိုင်းဘုတ်ကြီး တပ်စိုက်ထားသည် မဟုတ်သောကြောင့် ခြေရာခံဖို့ အခက်အခဲတွေ့နေပြန်၏။ မည်သို့ပင်ဖြစ်စေ စစ်ကိုင်းတောင်ရိုးသို့ရောက်အောင် မိမိသွားဦးမည်ဟု ကိုသိန်းဟန် ထွက်လာခဲ့ရာ အမရပူရဆိပ်ကမ်းမှ သမ္ဗန်နှင့် တစ်ဖက်ကမ်းသို့ကူးစဉ် အလွန်အာရှင်သော ငှက်သမား၏စကားကို ကြားရသည်နှင့် ခြေရာကောက်မိလေ၏။ ငှက်သမားသည် ငှက်ခတ်ရင်း မိမိကြုံတွေ့ဖူးသမျှသော ဇဟာသုတများကို ဖောက်သည်ချသွားစဉ် ယွန်းချောင်၌ လူထူးတစ်ယောက် ရောက်နေကြောင်း၊ စစ်ကိုင်းမြို့မှ ပုလိပ်အင်စပိတ်တော်နှင့် မင်းကတော်သည် ယွန်းချောင်သို့ ကထိန်ခင်းရန် လာကြရာတွင် ဂူထဲမှ ကမ္မဋ္ဌာန်းထိုင်၍ ထွက်လာသော လူတစ်ယောက်နှင့် ပက်ပင်းပါ ဆုံမိ၍ အင်စပိတ်တော်က–

“ဟလို . . .ဦးစံရှား”

ဟု နှုတ်ဆက်လိုက်မိကြောင်း၊ ထို့နောက် အင်စပိတ်တော်က ယွန်းချောင်ရှိ ဦးပဉ္ဇင်းများအား စုံစမ်းကြည့်ရာ ဦးပဉ္ဇင်းများမှာလည်း မည်သူမည်ဝါဟူ၍ မသိကြဘဲ ရိက္ခာအပြည့်အစုံနှင့် လူတစ်ယောက် ရောက်လာ၍ ချောင်တကာ့ချောင်ထဲတွင် ချောင်အကျဆုံးသော ချောင်တစ်ခု ဖြစ်သောကြောင့် ဂူတစ်ခုထဲ၌ ကမ္မဋ္ဌာန်း ထိုင်လိုပါသည်ဟု လျှောက်ထားသည်နှင့် မိမိတို့က ခွင့်ပြုလိုက်ကြောင်း၊ သူ့၌ပါလာသော ဘီစကွတ်မုန့် သေတ္တာ၊ နို့ဆီဘူး၊ သစ်သီးဘူး စသည့် ရိက္ခာမျှလောက်သာ မှီဝဲပြီး ဂူထဲမှမထွက်ဘဲ နေခြင်းကိုသာ တွေ့ရသည်ဟု ဦးပဉ္ဇင်းများက ပြန်ပြောကြောင်း၊ ဤတွင် အင်စပိတ်တော်က ထိုပုဂ္ဂိုလ်ကား အခြားမဟုတ်၊ ရန်ကုန်မြို့မှ နာမည်ကြီးစုံထောက်ဦးစံရှားဖြစ်၍ မိမိနှင့် သိကျွမ်းဖူးသည်ဟု လျှောက်ထားကြောင်း၊ ဤတွင်မှ ဦးပဉ္ဇင်းများက စိတ်ဝင်စားကြ၍ ထိုလူကို အကဲခတ်ရင်း အနီးအပါးချောင်များမှ ဦးပဉ္ဇင်းများကို ပြောမိကြကြောင်း။

ဤနည်းဖြင့် သတင်းပျံ့နှံ့၍ ဤချောင်၊ ထိုချောင်မှ ဦးပဉ္ဇင်းများ၊ ကိုရင်များ၊ လူများ လာရောက် စုံစမ်းကြခြင်းနှင့်ပင် စစ်ကိုင်းမြို့တိုင်အောင် သတင်းရောက်ပြီး စုံထောက်ဝတ္ထု ဖတ်ဖူးသူများ ခြေချင်းလိမ်လျက်ရှိကြောင်း စသည်ဖြင့် ငှက်သမားက ပြောပြလေသည်။ နောက်ဆုံး၌ ကိုသိန်းဟန်သည် ငှက်သမားအား ဦးစံရှားရှိသော ယွန်းချောင်သို့ လိုက်လံပို့ရန် ပိုက်ဆံပေး၍ ခေါ်သွားသဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဟန်သည် ယွန်းချောင် ဦးပဥ္ဇင်းများကို စုံစမ်းသည့်အခါ ဦးစံရှားမှာ နံနက်စောစော လမ်းလျှောက်တစ်ကြိမ် ထွက်ခြင်းမှတစ်ပါး ဂူထဲ၌ အမြဲအောင်းနေသည်ဟု သိရ၏။ ကိုသိန်းဟန်မှာ ညီအစ်ကိုရင်းတမျှ ခင်မင်၍ ဆရာတစ်ဆူမျှ လေးစားသော သူငယ်ချင်း မောင်မြတ်သူအတွက် သစ္စာရှိစွာ ဆောင်ရွက်ပေးခြင်းမျှသာဖြစ်၍ ဦးစံရှားနှင့် ရှေးက သိကျွမ်းဖူးသည် မဟုတ်ရကား ၎င်းအား နှောင့်ယှက်ရန်မဝံ့ချေ။ သို့ဖြစ်၍ ကိုသိန်းဟန်သည် ယွန်းချောင်တွင် တစ်ညအိပ်၍ နံနက်စောစောကြီးထပြီး ဂူပေါက်မှ စောင့်ခြင်းဖြင့် ဦးစံရှားနှင့်တွေ့အောင် ကြိုးစားလေသည်။

ဂူထဲမှ ဦးစံရှားထွက်လာသောအခါ ကိုသိန်းဟန်က–

“ကျွန်တော်လည်း လမ်းလျှောက်ရအောင် အတူလိုက်ခဲ့ပါမည်”

ဟုပြော၍ လိုက်သွားပြီးလျှင် သူငယ်ချင်း မောင်မြတ်သူ အကြောင်း၊ မပြုံးချို အကြောင်း၊ ဦးမောင် အကြောင်းများကို ရှေးဦးစွာ ပြောပြလေသည်။ ကိုသိန်းဟန်၏ ရည်ရွယ်ချက်မှာ ထိုပုဂ္ဂိုလ်သုံးဦးတို့သည် လမ်းပေါ်၌ လျှောက်သွားတိုင်း တွေ့မြင်ရတတ်သော လူစားမျိုးမဟုတ်ခြင်းကို ဦးစံရှား သဘောပေါက် နားလည်စေရန် ဖြစ်လေသည်။ ဦးစံရှားမှာ လူကဲခတ်ကောင်းသူဖြစ်၍ ကိုသိန်းဟန်၏ သစ္စာရှိသော မိတ်ဆွေတစ်ဦး ဖြစ်ခြင်းကို ရှေးဦးစွာ ရိပ်မိသိရှိရာမှ သူပြောသည့် ကိုမြတ်သူ၊ မပြုံးချို၊ ဦးမောင် ဆိုသူများမှာလည်း သူပြောသည့်အတိုင်း ‘လူသူတော်ကောင်း’များပင် ဖြစ်တန်ရာသည်ဟု အကဲခတ်နိုင်လေသည်။ ဤတွင်မှ ကိုသိန်းဟန်က ဦးမောင်၏ အမှုအကြောင်းကို ခရေစေ့တွင်းကျ ပြောပြပြီး အကူအညီ တောင်းလေ၏။

“ကျွန်တော်တော့ဖြင့် ဦးမောင်ကိုလည်း မသိဘူး။ မပြုံးချိုကိုတော့ နည်းနည်း သိပါရဲ့။ ကိုမြတ်သူကိုတော့ ကောင်းကောင်း သိပါတယ်။ သူ့ကိုတော့ ကျွန်တော်က ဘယ်အထိ ယုံကြည်သလဲဆိုရင် သူပေါင်းကြည့်လို့ ကောင်းတယ်လို့ ပြောတဲ့လူကို ကျွန်တော်က အသက်ပါပုံပြီး အပ်ဝံ့ပါတယ် ခင်ဗျာ။ ဒီလောက်ပြောရင် ကိုမြတ်သူကို ကျွန်တော် ဘယ်လောက် လေးစားတယ်ဆိုတာ အကဲခတ်နိုင်လောက်ရောပေါ့။ ဒီလို သူငယ်ချင်းမှာ ဒီလိုဒုက္ခမျိုး ရောက်နေတယ်ဆိုတော့ ကျွန်တော့်မှာ ရှိတဲ့စည်းစိမ်ကို ပုံပြီး ဆောင်ရွက်ပေးချင်ပါတယ် ခင်ဗျာ”





“ခင်ဗျား ပြောတဲ့စကားကို ကျွန်တော် သိပ်ပြီး အားရတယ်ဗျာ။ လောကမှာ ဒီလိုသူငယ်ချင်းမျိုး တွေ့ရနည်းဘိခြင်းကိုးဗျ။ ဒီအတွက်ကြောင့် ခင်ဗျားကို ကျွန်တော် လေးစားပါတယ်ဗျာ”

“ကျွန်တော်က ငပါမွှားပါခင်ဗျာ၊ ကိုမြတ်သူကို တွေ့ရရင် ဒီ့မျှမက လေးစားမှာပါ”

“ယုံကြည်တယ်၊ ခင်ဗျား ပြောတာ ကျွန်တော် လုံးဝ ယုံကြည်တယ်”

“ဒါဖြင့် ကျွန်တော့် မျက်နှာကို ထောက်ထားပြီး ဦးမောင်အမှုမှာ တစ်ဆိတ်လောက် ဆောင်ရွက်ပေးပါ ခင်ဗျာ”

“ခက်တယ်ဗျာ၊ ကျွန်တော်က သန္နိဋ္ဌာန်တစ်ခု ချပြီးရင် ဖျက်လို့ဖြစ်တဲ့လူ မဟုတ်ဘူး”

“ဘယ်လိုသန္နိဋ္ဌာန် ချထားလို့ပါလဲ ခင်ဗျာ”

“တစ်လတိတိ ကမ္မဋ္ဌာန်းထိုင်ဖို့ အဓိဋ္ဌာန်ပြုထားပါတယ်”

“အခု ဘယ်လောက်ကြာခဲ့ပြီလဲ ခင်ဗျာ”

“ဒီကနေ့ ၁၅ ရက်လောက် ရှိလာပြီ”

“ဒါဖြင့် နောက် ၁၅ ရက် လိုသေးတာပေါ့”

“ဒီလိုလည်း မဟုတ်ဘူးဗျ။ ကျွန်တော်က တရားလက်စကလေးပေါ်လို့ ရှိရင် မပေါက်မချင်း ဆက်ပြီး လုပ်ဖို့လည်း အဓိဋ္ဌာန်ပြုထားသေးတယ်”

“ဒီလိုဆို ခက်ပြီကောခင်ဗျာ၊ မတိုးတက်ပါစေနဲ့လို့ ဆုတောင်းရမလို ဖြစ်နေပြီကော”

“ကျွန်တော်က အဓိဋ္ဌာန်ကို မဖျက်နိုင်တာကတော့ ဧကန္တပဲဗျ။ သို့သော် ဒီလိုတစ်ခုတော့ ရှိပါတယ်လေ”

“လုပ်စမ်းပါဦးခင်ဗျာ၊ ကျွန်တော့်မှာ ခေါင်းနားပန်း ကြီးသွားတော့တာပါပဲ”

“ဒီလိုလေဗျာ၊ ဒီပြင်အမှုတွေမှာတော့ ကျွန်တော့်ထုံးစံက တရားခံဟာ အပြစ် ရှိသလား၊ မရှိဘူးလားဆိုတာကို မဆုံးဖြတ်သေးဘဲ လွတ်လပ်စွာထားပြီး အမှုသွားအပေါ်မှ ကောက်နုတ်ချက် ထုတ်လေ့ရှိပါတယ်။ အခု ဒီအမှုမှာတော့ ခင်ဗျားကို ကျွန်တော် လုံးဝ ယုံကြည်စိတ်ချခြင်းက အခြေတည်ပြီး ကိုမြတ်သူကိုလည်း ကျွန်တော် ယုံတယ်။ ဦးမောင်ကိုလည်း ကျွန်တော်ယုံတယ် ထားကြပါစို့။ ဒါကြောင့် ဦးမောင်ဟာ ဒီလူသတ်မှုကို ကျူးလွန်သူမဟုတ်ဘူးဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



အနိုင်အမာထားပြီး စဉ်းစားရုံရှိတော့တာပေါ့။ ဒီနည်းက ကျွန်တော့်အဖို့တော့ အလုပ်နည်းတယ်။ သို့သော် အကယ်၍ သူက ကျူးလွန်ထားလျှင်တော့ ကျွန်တော့်မှာ သဲလွန်စ မဖော်နိုင်ဘဲနေရုံ ရှိမှာပေါ့။ ကျွန်တော်ပြောတာ နားလည်ပါစ ခင်ဗျာ"

"အဟုတ်တကယ် သူ မသတ်ဘူးဆိုလျှင် အစအနပေါ်အောင် နှိုက်ယူနိုင်လိမ့်မယ် ဆိုပါတော့"

"ဟုတ်ကဲ့၊ သူက သတ်ထားလို့ရှိရင်လည်း ကျွန်တော့်မှာ မျက်စိလည်ပြီး အားလုံး ရှုပ်ထွေးကုန်တော့မှာပဲ။ အဝေးက စဉ်းစားရမှာဖြစ်လို့မို့ သူလိမ်လျှင်လည်း ကျွန်တော် ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး"

"အဝေးက စဉ်းစားတယ်ဆိုတာ ဘယ်လိုပါလဲခင်ဗျာ"

"ဒီလိုဗျ၊ ခုချက်ချင်းတော့ ဘယ်နည်းနဲ့မှ ကျွန်တော် မလိုက်နိုင်ဘူး။ ဒါကြောင့် ဖြစ်ပျက်ပုံ အလုံးစုံကို စာနဲ့ရေးပြီး ပေးထားခဲ့ပါ။ နောက်တစ်ခေါက် ခင်ဗျားလာတော့ ဦးမောင်အတွက် လိုမယ့်ရှေ့နေကို ဘယ်အချက်အလက်များကို လျှောက်လဲပါလို့ ကျွန်တော် မှာလိုက်မပေါ့"

"ရှေ့နေကို ကျွန်တော်ခေါ်ခဲ့ဖို့လား ခင်ဗျား"

"မလိုပါဘူး၊ ခင်ဗျားကိုပဲ ကျွန်တော် သင်ပြလိုက်ပါ့မယ်။ ရှေ့နေကိုတော့ ခင်ဗျားက တစ်ဆင့် ပြောပြပေါ့"

"ကျွန်တော် ဘယ်တော့လောက် လာရမလဲ"

"လိုလိုမည်မည် သုံးရက်ထားဗျာ၊ ဒီကနေ့ ဘာနေ့လဲဗျ"

"တနင်္ဂနွေနေ့ပါခင်ဗျာ"

"ကောင်းပြီ၊ ဗုဒ္ဓဟူးနေ့ လာခဲ့ဗျာ"

လမ်းလျှောက်ရာမှ ပြန်လာကြသောအခါ ကိုသိန်းဟန်သည် လူသတ်မှု အဏ္ဏဝပ္ပတ္တိကို စာဖြင့်ရေး၍ ဦးစံရှားအား တင်ပြရာ ဦးစံရှားက မရှင်းလင်းသော အချက်တစ်ခုနှစ်ခုကို မေးသဖြင့် ဖြေဆိုပြီးနောက် မန္တလေးမြို့သို့ ပြန်လာခဲ့လေ၏။





## အခန်း ၁၅

ပြုံးချိုသည် လုံးတင်ထံသို့လာ၍ လူသတ်မှု အဖြစ်အပျက်ကို စုံစမ်း မေးမြန်းစဉ် အခါက လုံးတင်က ဦးမောင် သတ်သည်ကို မျက်စိနှင့် တပ်အပ်မြင်လိုက်ရကြောင်း၊ သို့သော် ပြုံးချိုနှင့် သူငယ်ချင်းဖြစ်သည် တစ်ကြောင်း၊ ဦးမောင်၏ စိတ်နှလုံးကောင်းခြင်းကို မိမိသိ၍ သနားသည် တစ်ကြောင်းကြောင့် ဌာနာသို ဟုတ်မှန်သည့်အတိုင်း မထွက်ဆိုဘဲ ဝှက်ကွယ် ထိမ်ချန်ထားခဲ့ကြောင်း ပြောပြလေသည်။

"ဒီအတိုင်းဆိုရင် မလုံးတင် ကျေးဇူးကို မမေ့ပါဘူး မလုံးတင်ရယ်။ ခိုင်းစရာရှိရင် ခိုင်းပါ။ ခေါင်းနဲ့ ဆောင်ရွက်ပေးပါ့မယ် အဖော်ရယ်"

"တစ်ရပ်တည်းသူချင်းလည်း ဖြစ်ပြန်၊ ကျောင်းနေဖက်လည်း ဖြစ်ပြန်ဆိုတော့ ကာကွယ်ပေးရတာပေါ့ အဖော်။ ဒါနဲ့တောင် ကိုယ်က ဝှက်ထားတာတွေ ပေါ်ကုန်ပြီး ပုလိပ်က သိကုန်တယ်ဆိုရင် ကျုပ်အပေါ် အမှုကြီးပတ်ဦးတော့မှာပဲ"

"ကူညီပါ . မလုံးတင်ရယ်၊ ဇီဝိတဒါနလို့ပဲ သဘောထားပါ"

"ကူညီရတာ ကိစ္စမရှိဘူး၊ ကျုပ်ကို ပုလိပ်က ဒုက္ခရှာတော့ ခက်သေးတယ် မပြုံးချိုရဲ့။ စပ်ဖြူကိုတောင် ကျုပ်က လုံအောင် နှုတ်ပိတ်ထားရသေးတယ်"

"မောင်စပ်ဖြူ တစ်ယောက်ဟာလည်း ကိုယ့်မရီးမှာ ဒုက္ခရောက်နေတာတောင် မပေါ်လာတော့ဘူး။ ဒီအရင်တုန်းကတော့ ခဏခဏ သူလာတယ်။ ခုမှပဲ ရှောင်နေတော့တယ် မလုံးတင်ရယ်"

"ဒီကောင်က မပြုံးချို သိတဲ့အတိုင်း လူတစ်မျိုးမဟုတ်လား။ ချစ်ချင်လည်း ချက်ချင်း၊ မုန်းချင်လည်း ချက်ချင်းဆိုတာလိုပဲ၊ သို့သော် စပ်ဖြူကိုတော့ တိုင်ပင်မနေနဲ့။ သူ့စိတ်က တော်တော်ရယ်။ ကိုယ်ကြည့်ပြီး ကြိုးကိုင်ပေးပါ့မယ် မပူပါနဲ့"

"ကျေးဇူးပါပဲ မလုံးတင်ရယ်"

"ဒီလို ပါးစပ်က ကျေးဇူးတင်ရုံနဲ့တော့ မပြီးနိုင်ဘူး မပြုံးချို"

(အံ့အားသင့်လျက်) "ပါးစပ်ကတင် မဟုတ်ဘဲ ဘယ်လိုများ ကျေးဇူးတင်စေချင်ပါသေးသလဲ မလုံးတင်"



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ ဘယ်ဒင်းမျိုးမှ အလကားမရနိုင်ဘူးဆိုတာ နားလည်လား"

(သာ၍အံ့သြလျက်) "ကျုပ်တတ်နိုင်တဲ့ နည်းနဲ့တော့ ကျေးဇူးဆပ်ပါ့မယ် အဖော်ရယ်။ ကျုပ် ထင်တာကတော့…"

"ထင်တာတွေ ဘာတွေ လုပ်မနေနဲ့။ ဒိုးဒိုးဒေါက်ဒေါက် ပြောကြစို့။ ကျုပ် ခိုင်းတာတစ်ခု လုပ်ရလိမ့်မယ်"

"ဘာများလဲ မလုံးတင်ရယ်"

"စာကတော့ တယ်မချိုလှဘူး။ သို့သော် ကိုယ့်အဖေကြီးရဲ့အသက်ကို ကယ်ဆယ်ချင်ရင်တော့ လက်မှတ်ထိုးပေတော့…"

"ဘယ်နဲ့စာမို့လဲ မလုံးတင်ရယ်"

"နက်ဖြန်တော့ တစ်ခေါက်လာခဲ့ဦး။ လင်ကို စွန့်လွှတ်မလား၊ အဖေကြီး ကြိုးစင်တက်တာ ကြည့်နိုင်မလား၊ ဒါကို စဉ်းစားထားချေ"

"ကြမ်းလှချည့်ကလား အဖော်ရယ်"

"မကြမ်းနဲ့လေ၊ ဒီကောင်မမှာ စွန့်လုပ်ထားရတာလည်း ကြည့်ကြဦးမှပေါ့"

"နက်ဖြန်ကျမှ စာကို ပြမယ်ပေါ့လေ"

"ဟုတ်တယ်၊ ကိုင်း…ပြန်ပေတော့"

ပြုံးချိုသည် အိမ်သို့ပြန်၍ စပ်ဖြူရှိသောနေရာသို့ စုံစမ်းပြီးလျှင် ကိုယ်တိုင်သွားရောက် မေးမြန်းလေရာ စပ်ဖြူကလည်း (လုံးတင်နှင့် တိုင်ပင်ထားပြီးဖြစ်၍) ကိုလူသစ်အား ဦးမောင် သတ်ခြင်းကို မိမိ၏ မျက်စိနှင့် မြင်ခဲ့ရကြောင်း ပြောပြလေသည်။

နောက်တစ်နေ့၌ ပြုံးချိုသည် ချိန်းဆိုထားသည့်အတိုင်း လုံးတင်၏ အိမ်သို့သွားလေရာ လုံးတင်က လက်နှိပ်စက်ဖြင့် အင်္ဂလိပ်လို ရိုက်နှိပ်ထားသော စာတစ်စောင်ကို ပြလေ၏။ ၎င်းစာ၏ လိုရင်းအဓိပ္ပာယ်မှာ မိမိ မှားမိသမျှကို ဝမ်းနည်းစွာနှင့် ဝန်ခံပါကြောင်း၊ အပြစ်ကို တတ်နိုင်ပါလျှင် မေ့ဖျောက်ပြီး ထိုက်တန်သောသူနှင့် အိမ်ထောင်သစ်တည်ခြင်းကို ကျေနပ်စွာ ခွင့်ပြုပါကြောင်း၊ ဤမျှလောက်ကြာအောင် ဖုံးကွယ်ထားခဲ့မိခြင်းအတွက်လည်း အထူးတောင်းပန်ပါကြောင်း စသည်ဖြင့် ပါရှိလေသည်။ ပြုံးချိုသည် စာ၏သဘောကို ကောင်းစွာ နားမလည်သေးပါဆို၍ ရှင်းလင်းပြောပြရန် လုံးတင်အား





တောင်းပန်သေးရာ လုံးတင်က အထူးရှင်းလင်း ပြောပြရန် မလိုကြောင်း၊ ဖခင်၏အသက်ကို ကယ်လိုလျှင် ဤစာကို လက်မှတ်ထိုးရမည်၊ သို့မဟုတ် မိမိနှင့်စပ်ဖြူတို့က ပုလိပ်အား ဟုတ်တိုင်းမှန်ရာကို အစစ်ခံခြင်းဖြင့် ဦးမောင်မှာ ကြိုးစင်တက်ဖို့မှတစ်ပါး အခြားလမ်း မရှိကြောင်းနှင့် ခပ်ရှင်းရှင်း ခပ်တင်းတင်း ပြောပြလေသည်။ ဤတွင် ပြုံးချိုမှာ ချက်ချင်း လက်မှတ် မထိုးပါရစေနှင့်၊ တစ်ရက် စဉ်းစားပါရစေဆိုကာ ခွင့်တောင်းပြီး အိမ်သို့ ပြန်လာခဲ့လေသည်။

၎င်းနေ့ညနေတွင် ပြုံးချိုသည် မိခင် ဒေါ်ဆက်ကိုခေါ်၍ ဦးမောင်၏ အချုပ်ခန်းသို့ သွားကြရာ အဘိုးကြီးမှာ တောသူတောင်သားတို့ ထုံးစံအတိုင်း အမှုဖြစ်သည်ဆိုလျှင် ငိုင်လျက်ရှိတော့သည်။ မိမိ မသတ်ကြောင်းကား သူ့ဟာသူ သိပြီးဖြစ်၏။ သို့နှင့်ပင် ဖမ်းလား၊ ဆီးလား၊ ချုပ်လား၊ နှောင်လား လုပ်သည်ဆိုလျှင် မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေရှာလေပြီ။ မယားနှင့် သမီးတို့ ဝင်လာကြ၍ စိတ်အားတင်း လိုက်ပါသော်လည်း ပြုံးချိုသည် ဖခင်၏ ညှိုးငယ်သော မျက်နှာကို မြင်လိုက်ရ၍ ရင်ထဲ၌ အလုံးဆို့သွား၏။ မိမိ မသတ်ရကြောင်း အတန်တန် ငြင်းသော်လည်း ကြောက်လန့်၍ ငြင်းခြင်း ဖြစ်ချင် ဖြစ်နိုင်သည်။ ကိုလူသစ်အပေါ်၌ ရန်ငြိုးဖွဲ့ပြီး အခွင့်သာသည်ဆိုကာ လက်တုံ့ပြန်ခြင်း ဖြစ်နိုင်သည်။ စပ်ဖြူနှင့် လုံးတင်တို့က ဒိဋ္ဌမြင်လိုက်ကြရသည်ဆိုခြင်းမှာ ဟုတ်ကောင်း ဟုတ်လေမည်လော စသည်များဖြင့် စဉ်းစားမိသည်။ အချုပ်ခန်းမှ ထွက်လာကြသောအခါ ဥာနာပိုင်နှင့်တွေ့၍ ရပ်ရွာတွင် နာမည်ကြီးသော ပြုံးချို ဖြစ်သည့်အတိုင်း ဥာနာပိုင်သည် ကရုဏာသက်ဟန်ဖြင့် ဝမ်းနည်းစကားပြောရင်း အမှုမှာ အမှုမှန်ဖြစ်သည့်အလျောက် "အဘိုးကြီးတော့ သွားရှာတော့မှာပဲ"ဟု ပြောလိုက်သေးသည်။

ထိုညဉ့်တစ်ညဉ့်လုံး ပြုံးချိုမှာ အိပ်မပျော်နိုင်ရှာတော့ချေ။ မိမိ သိရသမျှမှာ ဖခင်သည် လူတစ်ယောက်ကို သတ်ရက်မည့်လူကြီး မဟုတ်ချေ။ သို့သော် ဥာနအုပ်သည် အမှုအကြောင်းကို နားလည်သူ တစ်ယောက်ဖြစ်၍ အပြစ်ရဖို့ မြင်သောကြောင့် မိမိအား ကြင်နာစကားပြောခြင်း ဖြစ်လိမ့်မည်။ မလုံးတင်နှင့် မောင်စပ်ဖြူတို့က မျက်စိနှင့် မြင်ပါသည်ဟု သက်သေခံကြမည်ဆိုပါမူ ဖခင်ကြီးမှာ ဧကန်မုချ ကြိုးစင်တက်ရရှာပေတော့မည်။ မွေးသဖခင်ကို ကယ်ဆယ်ခြင်း ဟူသည်မှာ အပြစ်မရှိပါမူ ကယ်ဆယ်ထိုက်သည် မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိ၍ ကယ်ဆယ်ရမှ သာ၍တန်ဖိုးရှိလိမ့်မည်။ သို့ဖြစ်၍ ငါ၌ကယ်ဆယ်ထိုက်သော ဝတ္တုရား ရှိနေခြင်းကား ကေန်ဖြစ်တော့သည်ဟု စဉ်းစားမိ၏။ ဤတွင် ဖခင်ကို ကယ်ဆယ်ခြင်းကြောင့် မိမိ၌ ခံရမည့် နစ်နာချက်ကို ချိန်တွယ်လိုက်ပြန်ရာတွင် နှလုံးထဲ၊ အသည်းထဲမှ နင့်ဘင့်ကြီးဖြစ်ပြီး စဉ်းစားတိုင်း၊ စဉ်းစားတိုင်း တစ်ပိုင်းစီ တစ်ဖဲ့စီ ပြုတ်ကြွေကျလုမတတ် အခံရခက်လှပါဘိသည်။

မှားမိသမျှ ဝန်ခံပါသည်ဆိုခြင်းအားဖြင့် မလုံးတင်သည် မတ်တော်မောင် စပ်ဖြူနှင့် မိမိအား သတင်းပို့ထားသည်ကို မိမိက ဖြောင့်ချက်ပေးသည့် သဘောပင် ဖြစ်ပေလိမ့်မည်။ သို့ဆိုလျှင် ကိုမြတ်သူ ဘယ်သို့ ခံရှာရချေမည်နည်း။ မလုံးတင်သည် နှုတ်ပိတ်ခ လိုချင်သည်ဆိုခြင်းအားဖြင့် မိမိနှင့် ကိုမြတ်သူကို ကွဲအောင်ခွဲပြီး ကိုမြတ်သူကို သူယူလိုခြင်းပင် ဖြစ်ရမည်ဟု ပြုံးချို တွေးမိ၏။ ပြုံးချို၏ စိတ်ထဲ၌ ချစ်လှစွာသော လင်တစ်ယောက် ဆုံးရှုံးရခြင်းလည်း ခံနိုင်ပါသေး၏။ လင်နှင့်ကွဲပြီးသည့်နောက် ဒုက္ခရောက်ရှိမည့် ဒဏ်ရာလည်း ခံနိုင်ပါသေး၏။ မိမိ၏လင်ကို သူတစ်ပါးလုယူခြင်းလည်း ခံနိုင်ပါသေး၏။ လုယူသောသူမှာ မိမိနှင့် ငယ်ကတည်းက အလုအယက် အပြိုင်အဆိုင် ကျိတ်ခဲ့ရသူ ဖြစ်ခြင်းကိုလည်း ခံနိုင်ပါသေး၏။ ရပ်ရွာက မေးငေါ့ကြခြင်းကိုလည်း (ဖခင်၏ အသက်ကို ကယ်ဆယ်ရခြင်း ဖြစ်သောကြောင့်) ခံနိုင်ပါသေး၏။ သို့သော် မိမိ အလွန်တရာ ချစ်မြတ်နိုးသော လင်ယောက်ျားက မိမိအား သစ္စာမရှိသော မယားတစ်ယောက် ဟူ၍ ယုံကြည်ယူဆသွားတော့မည့်အရေးကို တွေးမိသောအခါမူကား အသည်းနှလုံး ပြုတ်ကြွေပြုန်းမတတ် ပြုံးချို အခံရခက်ရှာသည်။ မိမိ လက်မှတ်ထိုး၍ မလုံးတင် ရေးသားထားသောစာကို လင်ဖြစ်သူဖတ်ရလျှင် လင်ယောက်ျား၏ ရင်ထဲ၌ ဘယ်မျှလောက် နာသွားရှာမည်ကို ပြုံးချို တွေးမိ၍ လင်ယောက်ျားအတွက် အသည်းနှလုံးနာကျင်ခြင်းနှင့်အတူ မိမိအား မိန်းမယုတ်တစ်ယောက် ဟူ၍ ယူဆသွားမည်ကြောင့် မိမိအတွက်လည်း ဖော်မပြနိုင်အောင် နာကျင်လှသည်။

သို့နှင့် ပြုံးချိုမှာ ချစ်မြတ်နိုးလှသော လင်ယောက်ျား၏ အထင်မှားခြင်း ခံကာ လင်ကို စွန့်လွှတ်ချေမည်လော၊ သို့တည်းမဟုတ် အခြားသော ဖခင်များထက် မိမိ၏ သမီးကို ကြင်နာရှာပေသည်ဟု ပြုံးချို သိပြီးဖြစ်သော ဦးမောင် ကြိုးစင်တက်ရခြင်းကို ကြည့်နိုင်မည်လော ဟူသည်ကို မဆုံးဖြတ်နိုင်ရှာဘဲ





ချီတုံချတုံ ဖြစ်နေ၏။ အကယ်၍ မြတ်သူက မိမိထက် လုံးတင်ကို ချစ်ခင်သည်ဆို၍ မိမိကို ပစ်ထားပြီး လုံးတင်ကို ယူသွားမည့် အဖြစ်မျိုးဆိုလျှင် ပြုံးချို သည်းခံနိုင်ပါသေး၏။ ထိုကဲ့သို့ သာမညနည်းမျိုးဖြင့် ခွဲခွာရမည်ဆိုပါက ပြုံးချို ဖြေဆည်နိုင်ပါသေး၏။ သို့ဆိုလျှင် မြတ်သူ၏ စိတ်ချမ်းသာရေးအတွက် ဖြစ်သည်ဆိုကာ ကြံဖန်၍ ကိုယ့်ကိုယ်ကိုယ် တရားချနိုင်ပါသေး၏။ ယခုမှာ တစ်ကမ္ဘာလုံးတွင် မိမိအပေါ်၌ အထင်လွဲခြင်း မခံနိုင်ဆုံးသော လင်ယောက်ျား၏ အထင်မှားခြင်းခံရပြီးမှ ကြေကွဲရမည့်ကိစ္စမျိုး ဖြစ်သောကြောင့် နစ်နာလှသည်။ အကယ်၍ ဖခင်ဦးမောင် သေရမည့်အစား မိမိက ဒဏ်ခံပြီး သေပေးလိုက်ခြင်းဖြင့် ဦးမောင် ချမ်းသာရာ ရမည်ဆိုပါလျှင် ကြာရှည်စွာ စဉ်းစားနေမည်မဟုတ်၊ ချက်ချင်း လက်ငင်း ဆုံးဖြတ်ချက်ချလိုက်မည်ဟု ပြုံးချို စဉ်းစားမိသေး၏။ သို့ဆိုလျှင် လင်ယောက်ျားနှင့် သေကွဲကွဲ၍ ဘယ်တော့မှ ပြန်လည်ပေါင်းဖက်ရန် မျှော်လင့်ချက်မရှိစေကာမူ ကိုမြတ်သူသည် မိမိအပေါ်၌ မိန်းမကောင်းလေး တစ်ယောက်အနေဖြင့် လွမ်းကျန်ရစ်လိမ့်မည်။ ယခုမူ ပြုံးချို အသည်းအနာဆုံး ဖြစ်လေသည်။

တစ်ညဉ့်ပတ်လုံး ချီတုံချတုံဖြစ်နေစဉ် ပြုံးချို၏စိတ်ကူးထဲတွင် ပေါ်လာသည်မှာကား တစ်ဖက်တွင် မိမိနှင့် သားကလေးတို့အား ရှုံ့မဲ့ကာ ကြည့်၍ မိမိ၏ မျက်နှာကို တံတွေးထွေးပြီးမှ လုံးတင်နှင့် တွဲသွားသော ယောက်ျား၏ပုံသည် လည်းကောင်း၊ အခြားတစ်ဖက်တွင် မိမိတို့ မိသားစုအား မျက်နှာငယ်ကလေးနှင့် နှုတ်ဆက်ပြီးနောက် ကြိုးစင်ပေါ်သို့ တက်သွားသော ဖခင်ဦးမောင်၏ ပုံသည်လည်းကောင်း တစ်လှည့်စီ ပေါ်လာတော့သည်။ စဉ်းစားဖန်များသဖြင့် တစ်ချက်တလေ လစ်ခနဲ ငိုက်သွားရာတွင်လည်း အိပ်မက်ထဲ၌ မိမိ၏ လက်တစ်ဖက်ကို မိခင်နှင့်ဖခင်က ကိုင်လျက် အခြားလက်တစ်ဖက်ကို မြတ်သူနှင့် သားကလေးက ကိုင်ကာ လွန်ဆွဲနေကြသော အခြင်းအရာကို မြင်လိုက်ရ၍ ဖျတ်ခနဲ လန့်နိုးလာလေသည်။

ပြုံးချိုသည် ဤပြဿနာကို ကိုယ်တိုင်ဆုံးဖြတ်ရန် မတတ်နိုင်ဘဲရှိသည်နှင့် အိပ်မက်ကို ဆုံးအောင်မက်စေပြီး အိပ်မက်ထဲမှ အဆုံးအဖြတ်ကို ယူပါမည်ဟု နတ်ကောင်း နတ်မြတ်များအား တိုင်တည်ကာ အိပ်မက်ပေးကြဖို့ တောင်းပန်ပြီးနောက် အိပ်ပျော်အောင် အိပ်ရန် ကြိုးစား၏။ သို့သော် တော်တော်နှင့် အိပ်မပျော်ဘဲ တစ်ချက်တလေ လစ်ခနဲ ဖြစ်သွားရာတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အမိပွားယ်ကောက်ယူရန် မဖြစ်နိုင်သည့် ကတောက်ကတက် အဖြစ်မျိုးတို့သာ ပေါ်လာလေတော့သည်။

## အခန်း ၁၆

နောက်တစ်နေ့၌ ပြုံးချိုသည် လုံးတင်၏ အိမ်သို့သွား၍ နောက်ဆုံးအကြိမ် အသနား ခံသေးသည်။ မိမိနှင့် ကိုမြတ်သူ ကွဲသည်ကို မြင်လိုခြင်းဖြစ်ပါက ခွဲပါတော့မည်။ ကိုမြတ်သူကို ယူလိုလျှင်လည်း ယူပါလေတော့ ခွင့်လွှတ်ပါမည်။ သို့သော် အပြစ်မရှိပါဘဲလျက် အပြစ်လုပ်ကာ ဝန်ခံခြင်းဖြင့် ကိုမြတ်သူ၏ စိတ်နှလုံးနာကျင်အောင် မပြုလုပ်ပါရစေနှင့်။ မလုံးတင် စိတ်ချရလေအောင် သီလရှင်ဝတ်ပြီး သားကလေးကို မိဘများနှင့် ထားပေးခဲ့ပါမည် စသည်ဖြင့် ပြောရှာသေးသည်။

"ဒီလိုနည်းနဲ့ ဘာရမလဲ မပြုံးချို၊ မောင်မြတ်သူ သဘောထားကို ညည်းရော ငါရော သိကြပြီး မဟုတ်လား။ ညည်းအပေါ်မှာ စိတ်နာလောက်တဲ့ အပြစ်မျိုး တစ်ခုခု မရှိဘဲနဲ့ ငါ့ကို မဆိုထားနဲ့ နတ်သမီးတောင် ယူမယ့်လူ မဟုတ်ဘူး။ ညည်းလည်း သိပြီးသားပဲ မဟုတ်လား"

"စိတ်နာအောင် တခြားနည်း ကြံပါဦး မလုံးတင်ရယ်။ လိုက်နာပါမယ်"

"ဒီနည်းကလွဲပြီး ဘယ်နည်းမှမရှိဘူး မပြုံးချို။ အဖေကြီး အသက်ထွက်တာကို မမြင်ချင်ရင် စာကိုသာ လက်မှတ်ထိုးပေတော့။ ဒါပဲရှိတယ်"

"သူက မပေါင်းချင်အောင် ခေါင်းတုံးရိတ်ပစ်ရင်ကော မလုံးတင်ရယ်"

"မဖြစ်ပါဘူးအေ"

"ကျုပ်မျက်နှာမှာ အမာရွတ်တွေ ဖြစ်ကုန်အောင် ဓားနဲ့ မွှန်းပစ်လိုက်ရင်ကော မလုံးတင်ရယ်"

"မဖြစ်ပါဘူးဆိုမှအေ"

"ကွဲရတာ ကိစ္စမရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ် မိန်းမယုတ်ဖြစ်အောင် လုပ်ပြပြီး သူ့အသည်းကို လှံနဲ့ဆွသလို လုပ်ရမှာက ခဲယဉ်းလှတယ် မလုံးတင်ရယ်"

"ခဲယဉ်းလျှင် ညည်းသဘောပဲ။ ကိုယ့်အဖေကြီးကို ကယ်ဆယ်ဖို့





အရေးထက် လင်တော်မောင် စိတ်ဆိုးမှာကို ပိုပြီး စိုးရိမ်တယ်ဆိုရင်လည်း လက်မှတ်မထိုးနဲ့ပေါ့"

"စိတ်ဆိုးတာ အရေးမကြီးပါဘူး မလုံးတင်ရယ်။ ကျုပ်ကို မိန်းမယုတ် တစ်ယောက်လို့ အထင်ခံရမှာ ကြောက်လွန်းလို့ပါအေရယ်"

"ညည်းကို တစ်ရပ်လုံးက စပ်ဖြူနဲ့ မိန်းမရှုပ်ကလေးတစ်ယောက်လို့ ကဲ့ရဲ့နေတာ ညည်းမသိဘူးလား"

"မသိရပေါင် မလုံးတင်ရယ်။ ဒါကတော့ ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့ကြပါစေ၊ တစ်ရပ်လုံးမကလို့ တစ်ပြည်လုံးက ကဲ့ရဲ့ကြပါစေ ကိုမြတ်သူတစ်ယောက်က အထင်မလွဲရင် ပြီးတာပါပဲ။ ကျုပ် ခံနိုင်ပါတယ်။ ကိုယ့်မြတ်နိုးလှတဲ့ လင်ယောက်ျားမို့လို့ နည်းနည်းကလေး မသင်္ကာမှာကိုတောင် ပူပန်နေတဲ့အထဲ မဟုတ်တရုတ် ဖြောင့်ချက်ပေးရမယ်ဆိုတော့ ကျုပ်ဘယ့်နှယ် ဖြစ်နိုင်ပါ့မလဲ အေရယ်"

ဤတွင် မလုံးတင်သည် လက်နှိပ်စက်ရိုက်ထားသောစာကို ထုတ်လာပြီး ပြုံးချို မျက်နှာအနီးသို့ ကပ်ပြလျက်–

"ကိုင်း... ဒါဖြင့် လက်မှတ်မထိုးနိုင်ဘူးပေါ့။ ဆုတ်ဖြဲပစ်လိုက်မယ်နော်"

ဆိုကာ ဆုတ်ဖြဲပစ်တော့မည် ပြုလေ၏။ ပြုံးချိုသည် စာကို လုယူလျက်–

"နေပါစေဦး မလုံးတင်ရယ်။ ကျုပ်ထပ်ပြီး ဖတ်ကြည့်ပါရစေဦး"

ဆိုကာ ယမန်နေ့က ဖတ်ပြီးစာကို တစ်ခေါက်ပြင် နှစ်ခေါက် ဖတ်ကြည့်ရင်း မျက်ရည်များသည် ပါးပြင်နှစ်ဖက်လုံးတို့မှာ ဒလဟောစီးဆင်းလာကာ ရင်ဘတ်ပေါ်သို့ တစ်ပေါက်ပြီး တစ်ပေါက်ကျသည်နှင့် အင်္ကျီပင် ရွှဲရွှဲစိုလျက် ရှိလေပြီ။

"သူငယ်ချင်းချင်းများ သနားပါဦး မလုံးတင်ရယ်"

"မသနားလို့ ညည်းကို ကျုပ်က ဘာများ နှိပ်စက်နေလို့တုန်း"

"မဟုတ်တာကြီးကို လက်မှတ်ထိုးရမယ်ပေါ့"

"ဒါကတော့ ညည်းသဘောအတိုင်းပေါ့။ ကျုပ်က ဗိုလ်အတင်းအဓမ္မ အထိုးခိုင်းနေတာမှ မဟုတ်ဘဲ။ ကိုယ့်အဖေကို ကိုယ်ကယ်ချင်လို့ ထိုးရမှာကိုး"

"မလုံးတင်က သက်သေခံမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့...ညည်းဦးနောက် ဘာဖြစ်ကုန်တာလဲ။ ကျုပ်က ညည်းအဖေကြီးကို အပြစ်ရောက်အောင် လုပ်တာမဟုတ်ဘူး။ ကျုပ်က ကာကွယ်ပေးရမှာ။ ကာကွယ်ပေးရတဲ့ အဖိုးအခတော့ ကျုပ်ရချင်တာပေါ့။ ပြောင်ပြောင်ပဲ"

"ဒီပြင်နည်းနဲ့ ကျေးဇူးဆပ်ပါရစေလား မလုံးတင်ရယ်"

"ဘယ်လိုနည်းများလဲ"

"မလုံးတင်အိမ်မှာ ကျုပ်တစ်သက်လုံး ကျွန်ခံပါ့မယ် မလုံးတင်ရယ်"

"မဖြစ်နိုင်တာအေ။ ညည်းကိုလည်း ကျွန်လုပ်ခိုင်းမနေချင်ပါဘူး။ ကျုပ် လိုချင်တာ ရချင်တာပဲ"

"ရချင်လည်း ယူရုံပေါ့ မလုံးတင်ရယ်"

"လာပြန်ပါပြီ၊ ယူပါတော့ဆိုလို့ ညည်းလူက ကျုပ်ကို ယူမှာတဲ့လား။ တန်ပါတော့အေ။ လက်မှတ်မထိုးချင်လည်း နေပါ၊ ငါ ဆု ဂ်ပစ်လိုက်ပါ့မယ်။ ပေးပါ စာကို"

လုံးတင်သည် ပြုံးချို၏ လက်မှစာကို ဆွဲလုရာ ပြုံးချိုက မပေးဘဲ လွှဲထားပြီးနောက်–

"ဘယ်လိုမှ တောင်းပန်လို့မှ မရရင် လက်မှတ်ထိုးပေးပါတော့မယ် မလုံးတင်ရယ်။ ကလောင်တံကိုသာ ပေးပါတော့"

လုံးတင်သည် ဖောင်တိန်ကိုထယူ၍ ပြုံးချို၏လက်သို့ လှမ်းပေးလေရာ ပြုံးချိုသည် ဆတ်ဆတ်တုန်သော လက်ချောင်းများဖြင့် ဖောင်တိန်ကို လှမ်းယူစဉ် မျက်ရည်များသည် ပါးပြင်တစ်ဖက်တစ်ချက်မှ အသစ်လာ၍ ကျဆင်းပြန်လေ၏။ ထို့နောက် စာရွက်နှင့် ဖောင်တိန်ကို ဦးခေါင်းထက်မြှောက်လျက်...

"သမာဒေဝ နတ်ကောင်းနတ်မြတ်များထံ ကျွန်တော်မျိုးမ တိုင်တည်ပါရစေ။ ကျွန်တော်မသည် လင်ကောင်း မောင်မင်းကြီးသား၏ စိတ်နှလုံးကို ခဏတာကလေးမှ မကြည်မသာ မဖြစ်စေရအောင် အခါခပ်သိမ်း မိမိကိုယ်ကို ထိန်းသိမ်း စောင့်ရှောက်လာခဲ့သူ ဖြစ်ပါလျက် မွေးသဖခင် ကျေးဇူးရှင်၏ အသက်ကို ကယ်ဆယ်လိုသည့်အတွက် လင်ကောင်း မောင်မင်းကြီးသား၏ အသည်းနှလုံး ကြေကွဲစေလောက်သည့် ဤစာကို လက်မှတ်ထိုးရခြင်းကြောင့် ကျွန်တော်မ နှလုံးသားကို ကျောက်ခဲနှင့် ကြိတ်သလို နာကြည်းလှကြောင်း အသိသက်သေအဖြစ်နှင့် တိုင်တည်အပ်ပါသည် အရှင်နတ်ကောင်း နတ်မြတ် အပေါင်းတို့"





ဟု၍ နှုတ်မှရွတ်ဆိုစဉ် မျက်ရည်များသည် အကျီပေါ်သို့ အလျဉ်မပြတ် တရစပ် စီးကျတော့သည်။ ပထမ၌ ပြုံးချိုမှာ ရင်ထဲ၌ ဆို့နင့်ကြီးဖြစ်နေသဖြင့် ကတုန်ကယင် ရှိသော်လည်း မျက်ရည်များ ထုတ်လိုက်ရခြင်းကြောင့် အသံ တည်ငြိမ်သည်ထက် တည်ငြိမ်လာ၏။ လုံးတင်သည်ပင်လျှင် စိတ်ထိခိုက်ဟန် ရှိ၍ တိုင်တည်သောခဏ၌ မျက်နှာလွှဲ နေမိလိုက်သေးသည်။

ရွတ်ဆိုပြီးသောအခါ၌ကား နတ်ကျသကဲ့သို့ ဆတ်ဆတ်တုန်လျက် ရှိသော ပြုံးချို၏ ကိုယ်သည် ရုတ်ချည်းတည်ငြိမ်သွား၍ စာရွက်ပေါ်၌ လက်မှတ်ရေးထိုးသော လက်ချောင်းများမှာလည်း မတုန်မလှုပ်တော့ဘဲ ငြိမ်ဆိမ်ဖြောင့်တန်းစွာ ရေးထိုးနိုင်ပေသည်။ ဤသို့ ဖြစ်ရခြင်းမှာ အခြား အကြောင်းကြောင့် မဟုတ်၊ လူသတ္တဝါသည် ကာယိကဒုက္ခဝေဒနာ ပြင်းထန် လွန်းသည့်အခါ သတိလစ်ရစမြဲ ဖြစ်ခြင်းဖြင့်အတူ စိတ်ဒုက္ခအရာ၌လည်း ခံနိုင်သလောက် ခံပြီးသည့် အခြားဘက်၌ ထုံတုန်တုန်ကြီးဖြစ်ပြီး ဝေဒနာလည်း မရှိတော့သယောင် ဖြစ်လာတတ်သည့် သဘာဝကြောင့်ပေတည်း။

သို့ဖြစ်၍ လက်မှတ်ထိုးပြီးသော စာရွက်ကို လုံးတင်သို့ လှမ်းပေးရင်း–

"ကျုပ် ရင်ကွဲရသလို ရင်မကွဲပါစေနဲ့၊ ချမ်းချမ်းသာသာ ပေါင်းဖက်နိုင်ကြပါစေ"

ဟု ပြောလိုက်သောအသံသည် ကတုန်ကယင်မဟုတ်ဘဲ ကြည်ကြည် လင်လင် ဖြစ်နေသောကြောင့် စာရွက်ကို လှမ်းယူရသော လုံးတင်၏ လက်များသည်သာလျှင် တုန်ယင်လျက် ရှိလေသည်။ အမှန်မှာ လုံးတင်သည် ပြုံးချို၏ အမူအရာကြောင့် အတော် လန့်သွားသေး၏။ နတ်တွေကို တိုင်တည် သောကြောင့် နတ်ဝင်နေ၍ အမူအရာ ပြောင်းလဲခြင်း ဖြစ်ပေသလောဟု တွေးဟန်ရှိ၏။ သို့သော် ဘာဖြစ်နေစေ၊ မိမိ၏ ဆန္ဒပြည့်ဝရေးသည်သာ ပဓာနဟုဖြေဆည်ကာ စာရွက်ကို ယူသွားလေ၏။

## အခန်း ၁၇

လုံးတင်သည် ပြုံးချိုတို့ အိမ်ရှေ့၌ နံနက်စောစောတွင် စပ်ဖြူ မျက်နှာသစ်ခြင်းကို ကူလီမ ဖွားကြွေနှင့် အနိုပ်သည် လုသွယ်တို့ မြင်အောင်ပြုပြီး၍ တစ်ရွာလုံး သတင်းလွှင့်ပြီးသော အချိန်မှစ၍ ရွာသူရွာသားများက ပြုံးချိုနှင့် စပ်ဖြူကို



www.burmeseclassic.com

www.burmeseclassic.com



'သမုတ်'ကြကြောင်း မြတ်သူထံ သတင်းပို့ခဲ့ပြီး ဖြစ်လေသည်။' သို့သော် လုံးတင်က 'တစ်ဆိတ်ကို တစ်အိတ်လုပ်တတ်သော' ရွာသူတို့၏ ဓလေ့ကို ဖော်ပြ၍ အလွန် ရိုးပုံရသော ပြုံးချိုမှာ မည်သည့်နည်းနှင့်မျှ ရွာသူများက ပြောကြသလို မိမိက ဟုတ်နိုင်မည်မထင်ကြောင်းနှင့် ပြုံးချိုဘက်မှ ကာကွယ် ရေးသားထားဖူးလေသည်။ လုံးတင်၏ စာကို ဖတ်ရခြင်းအားဖြင့် လုံးတင် သည် ငယ်သူငယ်ချင်းဖြစ်သော မိမိမယား ပြုံးချိုအပေါ်တွင် မေတ္တာစေတနာ ထားဖော် ရပါပေသည်ဟု မြတ်သူ မှတ်ယူထင်ခဲ့မိသည်။

မြတ်သူသည် ရွာသူများ သတင်းကို လုံးတင်ထံမှ ကြားရသောအခါ ပြုံးချို၏ သစ္စာရှိခြင်းကို အကြွင်းမဲ့ ယုံကြည်သည်နှင့် စိတ်၌ ထိခိုက်ခြင်း မရှိချေ။ သို့သော် ခုတင်အောက်၌ ခေါင်းစွပ်တွေ့ဖူးသော အခြင်းအရာကို သတိရသည်နှင့် စိတ်ထဲ၌ နွေးခနဲ ဖြစ်သွား၏။ သို့ရာတွင် လင်မယားကို မဆိုထားဘိ၊ အခြား လူတစ်ယောက်ကို ခိုင်လုံသော အကြောင်းအချက်မရှိဘဲ အလွဲလွဲ မထင်တတ်သော ဝါသနာကြောင့် ထိုအဖြစ်အပျက် တစ်ခုလုံးကို ဦးခေါင်းထဲမှ ထုတ်ပစ်လိုက်လေသည်။

တစ်နေ့သ၌ မြတ်သူသည် လက်နှိပ်စက်ဖြင့် လိပ်တပ်ထားသည့် မြန်မာပြည်မှ စာတစ်စောင် ရရှိ၍ မည်သူ့ထံမှ စာပါနည်း တွေးတောရင်း ဖောက်ကြည့်ရာ အတွင်း၌ ပါရှိသော စာမှာလည်း လက်နှိပ်စက်နှင့်ပင် ရိုက်ထားသည်ကို တွေ့ရသဖြင့် အံ့သြသွား၏။ စာတိုက်တံဆိပ်မှာ 'ထီးချိုင့်'ဟု ရိုက်နှိပ်ထားသဖြင့် ဇနီးပြုံးချိုထံမှဟု တွေးဆ၏။ ပြုံးချိုလည်း ရုံဖန်အင်္ဂလိပ် လို၊ ရုံဖန်မြန်မာလို ရေးလေ့ရှိသော်လည်း လက်နှိပ်စက်မသုံးဘူးချေ။ သို့သော် ပြုံးချိုသည် လက်နှိပ်စက် လေ့ကျင့်ဖူးသည်ကိုလည်း မြတ်သူ သိသည်။ ပထမစာကြောင်းကို ကြည့်လိုက်သည့်အခါ အင်္ဂလိပ်လိုရေးလျှင်(Dearest) သို့မဟုတ် (Darling)ဟု အစပြုလေ့ ရှိသော်လည်း ဤစာ၌မူ 'ကိုမြတ်သူ'ဟု ရိုးရိုးရေးထား၍ ဤထက် ရင်းရင်းနှီးနှီးကြီး မခေါ်ဝံ့သည်အတွက် စိတ်မရှိ ပါနှင့်ဟူ၍ တောင်းပန်ထားပြန်သေးသည်။ ရှုပ်လှသည်ဆိုကာ စာကို ဆက် လက်မဖတ်သေးဘဲ အဆုံး၌ ထိုးထားသော လက်မှတ်ကို လှမ်းကြည့်လိုက်ရာ မယားပြုံးချို၏ လက်မှတ်ဖြစ်နေကြောင်း တွေ့ရ၍ အကြီးအကျယ် အံ့သြသွား လေတော့သည်။

စာကို ဖတ်ကြည့်သောအခါ၌ အပြစ်ကို အသေးစိတ် ဖော်ထုတ်





ရေးသားရခြင်းကိုပင် ရှက်လှသည့်လက္ခဏာနှင့် ဖော်ထုတ်ခြင်းမပြုတော့ဘဲ လင်ယောကျာ်းအား ဤမျှလောက် ကြာရှည်စွာ လှည့်စားထားခဲ့မိခြင်းအတွက် ဝမ်းနည်းကြောင်း ဖော်ပြပြီးလျှင် မိမိ၏ အပြစ်အားလျော်စွာ စွန့်ပစ်၍ ထိုက်တန်သောသူနှင့် ပေါင်းဖက်ခြင်းကိုသာ ကြားလိုပါကြောင်း၊ မိမိအပြစ်ဟု ဆိုရသော်လည်း 'အိုးချင်းထား အိုးချင်းထိ'ဟူသော စကားပုံကို ထောက်ထား ခြင်းအားဖြင့် လုံးဝ ချမ်းသာခွင့်ပေးဖို့ မတောင်းပန်လိုဘဲ ညှာညှာတာတာ စဉ်းစားဖို့မျှလောက်သာ အသနားခံလိုကြောင်း စသည့် အဓိပ္ပာယ်မျိုး ပါရှိ လေသည်။

၎င်းစာကို စီကုံးရေးသားသူမှာ စာဖတ်သူတို့ သိပြီးဖြစ်သည့်အတိုင်း လုံးတင် ဖြစ်လေရာ လုံးတင်သည် ပြုံးချို၏ စိတ်နေသဘောကို အကဲခတ် နိုင်သူဖြစ်၍ အကယ်တန္တ၊ ပြုံးချိုကိုယ်တိုင် အပြစ်ရှိသည်နှင့် စာရေးသား ဝန်ခံမည်ဆိုပါလျှင် ဤအသွားမျိုးပင် ရေးသားလိမ့်မည်ဟု ခန့်မှန်းတွက် ချက်ပြီးမှ စီကုံးခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ ၎င်းစာကို ဖတ်ရှုရသော မြတ်သူသည် စာအသွားအလာကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ပြုံးချို၏ လက်ရာဟူ၍ပင် တစ်ချက်တည်း ဆုံးဖြတ်လိုက်မိ၏။ ပြုံးချိုကား ဖောက်လွဲ ဖောက်ပြန် ကျင့်ကြံမည့် မိန်းမတစ်ယောက် ဖြစ်လိမ့်မည်ဟု မယုံနိုင်ခြင်းသည် တစ်ဖက်မှ မဲတင်းလျက်ရှိသော်လည်း အပြစ်ကို ဝန်ခံပုံဝန်ခံနည်းမှာ ပြုံးချို၏ လက်ရာ ဖြစ်သည်ဟု အခြားတစ်ဖက်မှ အထောက်အထား ဖော်ပြသလို မဲတင်းလျက်ရှိသောကြောင့် မြတ်သူသည် မယုံချင်ဘဲ ယုံလိုက်မိသည်။ ပြုံးချို ဤမျှလောက် မမိုက်နိုင်ဟု တွေးဆချက်နှင့်အတူ ဤစာမျိုးကို ပြုံးချိုမှတစ်ပါး မည်သူမျှ ရေးမည်မဟုတ်။ အကြီးအကျယ် မျက်ရည်ခံ မထိုးတတ်ခြင်းသည် ပင်လျှင် ပြုံးချို၏ လက်ရာဖြစ်သည်ဟု မြတ်သူ တထစ်ချ ယူဆလေတော့ သည်။

သို့သော် နေစမ်းပါဦး။ အင်္ဂလိပ်ဖြစ်စေ၊ မြန်မာလိုဖြစ်စေ လက်ရေးနဲ့ ချည်း ရေးပို့နေကျ ဖြစ်ပါလျက် ဤတစ်ကြိမ်တွင်မှ အဘယ့်ကြောင့် လက်နှိပ် စက်နှင့် ရိုက်ပို့ရလေသနည်းဟု မြတ်သူ စဉ်းစားပြန်၏။ ဟုတ်ပြီ၊ ဟုတ်ပြီ။ သူ့လက်ရေးနှင့် ရေးရမည်ကိုပင် ရှက်သည်နှင့် လက်နှိပ်စက်သုံးခြင်း ဖြစ်ရ မည်ဟု မြတ်သူ အဖြေတွေ့ပြန်၏။ ဤအခြင်းအရာကိုလည်း လုံးတင် ကြိုတင် သိမြင်ထားပြီး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်နိုင်၊ ဟုတ်နိုင် ချိန်ဆကာစ အချိန်၌ မြတ်သူမှာ ကိုယ့်ဟာကိုယ် ဟိုဘက် ဒီဘက် အကြောင်းပြကာ ဆင်ခြေပေးရသောအလုပ်ကြောင့် ရင်ထဲ၌ ထိတ်ခနဲဖြစ်၍ နွေးခနဲ သွားခြင်းမှတစ်ပါး အကြီးအကျယ် စိတ်ဒုက္ခမရောက်လှသေးချေ။ သို့သော် အကြောင်းကြောင်းကို ဟိုဘက်ဒီဘက် စဉ်းစားပြီး၍ ဟုတ်လောက်သည်ဟု ဆုံးဖြတ်ချက် ချလိုက်သော အချိန်မှစ၍ လက်ထဲမှ စာရွက် လွတ်ကျပြီး အတန်ကြာကြီး ငိုင်လျက် ရှိတော့၏။ လုံးတင်၏ စာတွင်ပါရှိသည့် ရွာသတင်းများကြောင့် စိတ်မသက်မသာ ဖြစ်ခဲ့ရဖူးသော်လည်း ပြုံးချို အပေါ်၌ကား စိတ်စနောင့်စနင်း ဖြစ်သည်မဟုတ်။ သားပုပ်လေလွင့်ပြောကြခြင်း ခံရသည့်အတွက်သာလျှင် မကြည်မရွှင် ဖြစ်ခဲ့ရုံမျှသာ ရှိလေသည်။ နောက်ဆုံးတွင် ပြုံးချိုက သက်ရှင်းပြလိုက်သောအခါ ဤကိစ္စပြီးပျောက်သွားလိမ့်မည်ဟု စိတ်ချထားခဲ့သည်။ ယခုသော် ပြုံးချိုကိုယ်တိုင် ဖြောင့်ချက်ပေးထားပြီး ဖြစ်ရကား မြတ်သူ၏ ရမည့်ရာထူးသည်လည်းကောင်း၊ ပြုံးချိုနှင့် ဘယ်ကဲ့သို့ နေထိုင်ကြမည် ဟူသော စိတ်ကူးယဉ်မှုများသည်လည်းကောင်း၊ ကြီးပွားရေး၊ လူလုပ်ရေး၊ ပစ္စည်းဥစ္စာ စုဆောင်းရေး စသည်တို့သည်လည်းကောင်း၊ နံနက်လင်း၍ မျက်စိနှစ်လုံး ဘွားခနဲ ဖွင့်လိုက်သောအခါ၌ ကွယ်ပျောက်သွားသည့် အိပ်မက်ကဲ့သို့ အလုံးစုံ လွင့်စဉ်ကွယ်ပျောက်ကုန်လေတော့သည်။

နောက်ဆုံး၌ လင်နှင့်မယား ကွဲရခြင်းကား ဖြစ်တတ်သလို ကြံဖန်စီမံနေထိုင်နိုင်ကြသေးသည်ထားဘိ၊ မိမိ၏ ရင်သွေးကလေးအတွက် မည်ကဲ့သို့ အစီအစဉ် ပြုလုပ်ရပါမည်နည်းဟု စဉ်းစားမိရာမှ သံသယတစ်ခု ဝင်လာသည်နှင့် မြတ်သူမှာ ရှိက်ခနဲ သက်ပြင်းတစ်ချက် ရှူလိုက်မိသည်။ အကြောင်းမူကား မြန်မာပြည်မှ မိမိ ထွက်အံဆဲဆဲ၌ ပဋိသန္ဓေရှိသည်ဟု သိခဲ့သော ၎င်းသားကလေးသည်ပင်လျှင် မိမိရင်သွေး ဟုတ်မှ ဟုတ်ပါလေ၏လောဟု စဉ်းစားမိပြန်သောကြောင့်ပေတည်း။

သို့သော် ဤသို့နေ၍ မဖြစ်သေး။ ကာယကံရှင် တစ်ဦးဖြစ်သော ညီတော်မောင် စပ်ဖြူ ကိုယ်တိုင်သို့ ကြေးနန်းရိုက်၍ မေးဦးမည်ဟု အကြံဖြစ်ကာ ကြေးနန်းတစ်စောင် ပို့လိုက်၏။ ကြေးနန်း၌ 'ပြုံးချိုက မင်းနှင့် မှောက်မှားမိကြောင်း ဝန်ခံထားသည်၊ ဟုတ်ပါသလား'ဟု ပါရှိရာ လုံးတင်နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်သော စပ်ဖြူက 'ဟုတ်မှန်ကြောင်း





ဝမ်းနည်းစွာ ဝန်ခံစွာ ဝန်ခံ၍ အပြစ်လွတ်ဖို့ တောင်းပန်ပါသည်'ဟု ကြေးနန်း ပြန်ကြားလိုက်လေသည်။

မြတ်သူသည် အင်္ဂလန်ပြည်၌ ပညာသင်ရာဝယ် တတိယနှစ်ရှိနေပြီ ဖြစ်၍ ဤနှစ် ကုန်သည်နှင့် မြန်မာပြည်သို့ပြန်ပြီး ရာထူးဌာနန္တရနှင့် သားမယားပါ တင့်တောင်းတင့်တယ် နေထိုင်ရပေတော့မည်ဟု စိတ်ကူးယဉ်နိုင်သော အချိန်တွင်မှ ဤသို့ဖြစ်ရ၍ အလုပ်ကိုပါ လွှင့်ပစ်ပြီး ဖြစ်ချင်ရာဖြစ်ဆိုကာ ပြန်ပြေးချင်စိတ် ပေါက်လာတော့သည်။ သို့သော် မိမိယူထားသည့် 'စတိုင်ပင်' ကို မလျှော်နိုင်သောကြောင့်သာ ထင်တိုင်းမရမ်းဘဲ နေလိုက်ရတော့သည်။ သို့နှင့် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ချည်ထချည် စကြံလျှောက်ချည်ဖြင့် ဖျတ်ဖျတ်လူး ရှိနေဆဲအတွင်း စာတစ်စောင် ရောက်လာ၍ ဖောက်ဖတ်ရာ လုံးတင်ထံမှ စာဖြစ်ကြောင်း သိရသည်။

စာထဲ၌ လုံးတင်သည် ပြုံးချိုအပေါ်သို့ အပြစ်အားလုံး ပုံမချဘဲ မြတ်သူက ယုံကြည်အားကြီးသောကြောင့် မျက်နှာလွှဲလွှန်းသောအဖြစ်ကို ထောက်ပြကာ ပြုံးချိုဘက်မှပင် ကာကွယ်ရေးသားလိုက်သေးသည်။ အကယ်၍ လုံးတင်က ပြုံးချိုအား ပစ်စလက်ခတ်ဖြစ်အောင် ရေးလိုက်ပါမူ မြတ်သူသည် မိမိအပေါ်၌ပင် အာဃာတထားဖွယ်ရာရှိမည်ဟု လုံးတင် နားလည်လိုက်၍ မိန်းမချင်း ကိုယ်ချင်းစာ ဟူသော စကားအရ ပြုံးချိုဘက်မှ ဖေးဖေးမမ ရေးသားလိုက်ခြင်းသည်ပင်လျှင် လုံးတင်အပေါ်သို့ မြတ်သူ၏ ကြင်နာသနားစိတ် ယိုဖိတ်စေလေတော့သည်။ လုံးတင်နှင့် ပြုံးချိုတို့သည် အပြိုင်အဆိုင်လုခဲ့ကြသော အခြင်းအရာကိုလည်း မြတ်သူ သိပြီးဖြစ်၏။ အကယ်ဆိုလျှင် လုံးတင်သည် ပြုံးချိုကိုဖိ၍ထောင်းဖို့ အချက်ကောင်းရလေပြီဟု မြတ်သူ တွက်ချက်၏။ ဤအထဲ လုံးတင်သည် ပြုံးချို၏ အပြုအမူကို အပြစ်ကြီးတစ်ခု လုပ်၍ ဖိမရေးဘဲ ထောက်ထောက်ညှာညှာ ကာကွယ်ရေးသားခြင်းကို တွေ့ရသောအခါ မြတ်သူက လုံးတင်အား မိမိ ထင်ထားခဲ့သလောက် မဆိုးရွား၊ စိတ်ကောင်းရှိသော မိန်းမတစ်ယောက် ဖြစ်ချေသည်တကားဟု နားလည်သွားလေတော့သည်။

လုံးတင်သည် မြတ်သူ၏ ကံဆိုးသောအဖြစ်ကို ကရုဏာကြီးစွာနှင့် ဖော်ပြ၍ တစ်အိမ်ထောင်မကောင်း တစ်အိမ်ထောင် ပြောင်းရခြင်းသည် လူတို့၏ ဓမ္မတာဖြစ်ကြောင်း ထောက်ပြပြီးလျှင် နှစ်ပေါင်းများစွာ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း တစ်ခွဲသားနှင့်နေလာခဲ့ရသော မိမိ၏ အဖြစ်ကို ကရုဏာသက်လောက်အောင် မျက်ရည်ခံထိုးကာဖြင့် စာကို အဆုံးသတ်လိုက်လေသည်။ မြတ်သူသည် အခါခပ်သိမ်း စဉ်းစဉ်းစားစား လုပ်တတ်သူတစ်ယောက် ဖြစ်သော်လည်း ပြုံးချို၏ သစ္စာဖောက်ခြင်းကြောင့် ညှိုးငယ်စွာ ရှိနေသည့်အထဲတွင် အလွန်တရာ မှောင်မိုက်ကြီးထဲတွင် မီးရောင်တစ်ချက် မြင်လိုက်ရသော ခရီးသည်သည် မီးရောင်ရှိရာ အရပ်သို့ ထ၍လိုက်မိခြင်းကဲ့သို့ လုံးတင်ထံ ပြန်ရေးသော စာထဲ၌ သဘောတူသည့် အနေအထားမျိုး ထည့်သွင်း ဖော်ပြလိုက်လေတော့သည်။ ၎င်းစာတွင် မြန်မာပြည်ပြန်ရောက်မည့် အချိန်ကာလကိုလည်း ဖော်ပြ၍ ရောက်လျှင်ရောက်ချင်း ထိမ်းမြားလက်ထပ်ဖို့ စီစဉ်ထားရန် အကြံပေးလိုက်လေသည်။

## အခန်း ၁၈

ဤအတောအတွင်း၌ တရားခံဦးမောင်မှာ ကသာထောင်ကြီးသို့ ပို့လိုက်ပြီးလေပြီ။ ပြုံးချိုတို့ မိသားတစ်စုမှာ ထီးချိုင့်၌ ဝမ်းရေးအတွက် ခက်ခဲသည်၊ တစ်ကြောင်း၊ ဦးမောင်ကိုလည်း မကြာမကြာ တွေ့ချင်၍ တွေ့ချင်တိုင်းသွားရန် ခက်ခဲသည် တစ်ကြောင်းတို့ကြောင့် ကသာသို့ ပြောင်းရွှေ့နေထိုင်ရန် အကြံနှင့် အင်္ဂလိပ်ကျောင်း၌ သုံးတန်းပြ ဆရာမတစ်ယောက် လစ်လပ်သောနေရာတွင် လျှောက်ထားလိုက်ရာ ကံအားလျော်စွာ ရရှိပေသည်။

ပြုံးချိုသည် လုံးတင် စာကို လက်မှတ်ရေးထိုးလိုက်ရကတည်းက မြတ်သူနှင့် ပြတ်စဲရချေတော့ပြီဟု တထစ်ချ ယူဆထားသည်ဖြစ်၍ ထီးချိုင့်၌ ဆက်လက် နေထိုင်လိုစိတ် မရှိတော့ချေ။ မြတ်သူ ပြန်လာဖို့လည်း အချိန်နီးကပ်လာပြီဖြစ်ရာ ဝမ်းပန်းတသာ ကြိုဆိုရမည့်အစား ဘယ်ချောင်ကြိုချောင်ကြား ပြေးပြီး ပုန်းအောင်းနေရပါမည်နည်းဟု ကြံဆမိသည့်အထဲမှ ကသာမြို့၌ အလုပ်ရပြီဆိုရာတွင် ဝဋ်ကျွတ်ပေပြီဆိုသောသဘောနှင့် အမြန်ဆုံကြံသည့်သဘောပတ်နှင့်ပင် ကသာသို့ ပြောင်းရွှေ့သွားကြလေတော့သည်။

ရွာသူရွာသားများမှုကား လုံးတင်နှင့် ဖွားကြွေ၊ လှသွယ်တို့က သတင်းလွှင့်ထားကြသည့်အတွက် ပြုံးချိုနှင့် မြတ်သူတို့ ကွဲပြကြပြီဟု ယူဆကြ၍ သနားတတ်သူ အနည်းငယ်တို့မှတစ်ပါး မဲ့ကာရွဲ့ကာ ကဲ့ရဲ့ရှုတ်ချသူတို့သာ





များကြလေသည်။ သို့ဖြစ်၍ ပြုံးချိုတို့ မိသားတစ်စုသည် သဘော်ဆင်းကြရာတွင် လိုက်ပို့ချင်သူပင် မရှိသလောက် ဖြစ်နေ၏။ မိမိ မြတ်နိုးသော လင်တယောက်လုံးက သစ္စာမရှိသော မိန်းမယုတ်တစ်ယောက်ဟု အထင်ခံရသည့်အထဲတွင် တစ်ရွာလုံးကလည်း မိမိဘက်မှ ထောက်ထောက်ညှာညှာ စဉ်းစားမည့်သူ ခပ်ရှားရှား ရှိနေပေရကား ပြုံးချိုအဖို့မှာ ထိုနေ့က သဘော်ဆိပ်သို့ ဆင်းရသော အချိန်ကာလသည် လူဖြစ်လာကတည်းက စိတ်အဆင်းရဲဆုံးသော အချိန်ကာလ ဖြစ်လေတော့သည်။

စင်စစ်မှာ ရွာသူရွာသားများက ပြုံးချိုအပေါ်၌ ကဲ့ရဲ့ရှုတ်ချခြင်းမှာလည်း အဆိုး မဆိုသာပေ။ လုံးတင်တို့ထံမှ သတင်းကြား၍ မယုံ့တယုံရှိသည်နှင့် ရင်းနီးသူများက ပြုံးချိုအား မေးကြမြန်းကြသောအခါ ပြုံးချိုက အလျှင်းပင် သက်ဲရှင်းခြင်း မပြုဘဲ 'ငုံ့စုံပစ်ကြီး' ထိုင်နေပြီးနောက်...

"ရှင်တို့ ထင်ချင်သလို ထင်ကြပါတော့ရှင်။ ကျွန်မကတော့ ဘာမှ သက်ဲရှင်း မနေတော့ပါဘူး"

ဟု ပြောလွှတ်လိုက်သောကြောင့် 'မာနကြီးတဲ့ မိန်းကလေး ဒုက္ခဖြစ်တာပဲ နည်းသေးတယ်'ဟု စိတ်ထဲက အောက်မေ့ကာ ပြန်သွားကြလေသည်။

သဘော်ထွက်လုနီး၍ ဥသြမှုတ်သောအခါ ပြုံးချိုသည် ချောင်တစ်ချောင်တွင် အခြားတစ်ဖက်သို့ မျက်နှာလှည့်ကာ ထိုင်နေရာမှ ရွာဘက်သို့ တစ်ချက်တည်း လှည့်လိုက်ကာ နောက်ဆုံးကြည့်ခြင်းအနေဖြင့် ကြည့်လိုက်ရင်း တောင်ပေါ်မှ မြသိန်းတန် စေတီတော်ကို ကန်တော့ဝပ်ချလိုက်သေးသည်။ ဤတွင် အပျိုစင်ဘဝက မြတ်သူ၏ အလုပ်အကျွေး ဖြစ်ရပါလို၏ ဟူသော ဆုတောင်းကို သတိရ၍ မျက်ရည်များ ဝိုင်းလာသည်နှင့် စိတ်ကို တစ်ချက်တည်း တင်းလိုက်ပြီးလျှင် မျက်ရည်ကို သုတ်ပစ်လိုက်သည်။

ကသာသို့ရောက်၍ သုံးတန်းပြဆရာမအလုပ်ကို လက်ခံလုပ်ကိုင်လျက်ရှိစဉ် ပြုံးချို၏ သနားကမားရှိသော ရုပ်ရည်သည် ပြုံးချိုအား နှိပ်စက်သကဲ့သို့ ဖြစ်နေပြန်တော့သည်။ အချို့သော ယောက်ျားများသည် ရုပ်ရည်ချောလှတာချင်းတူလျှင် 'နာနီကာစင်' အပျိုစစ်များထက် တစ်ခုလပ်ကို ပိုမိုစွဲမက်သည်ဟု ပြောတတ်ကြရာ ထိုစကားသည် ဟုတ်ဟန်ရှိ၏။ ထို့ထက် နောက်ကြောင်းရာဇဝင်ကလေးရှိသည့် မိန်းမမျိုးကို စိတ်ဝင်စားတတ်သည့် သဘာဝကလည်း ရှိနေရပြန်ကား တစ်ကျောင်းလုံးမှ ကျောင်းဆရာများသည် (လူပျို၊ လူအိုမရွေး)



www.burmeseclassic.com

www.burmeseclassic.com



ပြုံးချိုကို ပိုးပန်းကြလေတော့သည်။ ပုလိပ်အရာရှိများကလည်း ဖခင်ကြီးအမှုကို အကြောင်းပြု၍ ပြုံးချိုတို့နေအိမ်သို့ သူ့ထက်ငါ ဝင်ထွက်ကာ ပြည်တည်တည် လုပ်ချင်ကြသည်။ အားလုံးထက် မုဆိုးဖိုကျောင်းဆရာကြီးသည် အကဲဆုံး ဖြစ်၍ ကျောင်းဆရာအတတ်တွင် မကျွမ်းကျင်သေးသော ပြုံးချိုအား သင်ပြ ပေးလိုသော စေတနာရှိဟန်နှင့် ပြုံးချိုတို့ အိမ်၌ အချိန်ရှိသမျှ ဖြုန်းတတ်လေ သည်။ ပြုံးချိုမှာ ယောက်ျားများ စိတ်ဝင်စားခြင်းကို အလျှင်းမလိုလားသူဖြစ်၍ ထိုလူစု၏ ကြင်နာသနားခြင်းများသည် ပြုံးချိုအား အမြဲတမ်း ဒုက္ခပေးလျက် ရှိလေတော့သည်။

## အခန်း ၁၉

လုံးတင်သည် မြတ်သူထံမှ ပြန်စာရရှိသည့်နေ့မှစ၍ ရွှင်တပြုံးပြုံးဖြစ်လျက် ကျောင်းနေစဉ်က မိမိနှင့် ပြုံးချို၊ မြတ်သူတို့ သုံးယောက်တွဲရိုက်ထားသော ဓာတ်ပုံကို မကြာမကြာ ထုတ်၍ ကြည့်လေ့ရှိ၏။ ဓာတ်ပုံထဲ၌ ပြုံးချို၏ပုံ ပါရှိနေခြင်းကို အမြင်ကတ်သည်ဆိုကာ ဓာတ်ပုံဆရာသို့အပ်ပြီး မြတ်သူနှင့် မိမိ နှစ်ယောက်တည်းဖြစ်အောင် ရိုက်ကူးပေးဖို့ စေခိုင်း၏။ တစ်နေ့သ၌ လုံးတင်သည် အိမ်ဦးခန်းတွင် တစ်ယောက်တည်း ထိုင်ကာ ၎င်းပုံကိုကြည့်ရင်း ပီတိသောမနဿဖြစ်ရာမှ စိတ်ကူးယဉ်လာသည်နှင့် မြတ်သူ၏ပုံကို နမ်းလိုက် သည်။ ထိုခဏတွင် စပ်ဖြူတက်လာ၍ လုံးတင်၏ အမူအရာကို မြင်သည်နှင့် အံ့အားသင့်နေစဉ် လုံးတင်က ဓာတ်ပုံကို ဝှက်ထားလိုက်၏။ သို့ရာတွင် စပ်ဖြူသည် မည်သူ၏ဓာတ်ပုံ ဖြစ်သည်ကို ရိပ်ခနဲ မြင်လိုက်ရ၍ လုံးတင်၏ အပြုအမူကြောင့် စိတ်ဖောက်ပြန်လာလေရကား လုံးတင်အား ဆွဲလေတော့ သည်။ ဤတွင် လုံးတင်က အိမ်အောက်ထပ်၌ရှိသော အစေခံမကလေးကို ခေါ်ယူလိုက်ခြင်းအားဖြင့် စပ်ဖြူ၏ အတင့်ရဲခြင်းကို ဘရိတ်အုပ်လိုက်လေ သည်။

ထို့နောက် စပ်ဖြူက အလိုတူအလိုပါ ကူညီကာ ပါရမီဖြည့်ပေးရခြင်း အတွက် ဆုလာဘ်ကို ဘယ်သောအခါ၌ မျှော်လင့်ရမည့်အကြောင်း တိုက်ရိုက် မေးမြန်းတော့သည်တွင် လုံးတင်က . . .

"သီတင်းဝါလ ကျွတ်ပါစေဦးတော့ကွယ်။ ဒီအတွင်းမှာလည်း ငါတို့





အဖေက မင်းနဲ့သဘောတူအောင် အလုပ်ကလေး၊ အကိုင်ကလေးများ လုပ်ပြ ဦးမှပေါ့ကွယ်"

ဟုပြောသည်နှင့် မည်သည့်အလုပ်မျိုး လုပ်ရပါမည်နည်းဟု ပြန်မေး လေသည်။ ထိုအခါ လုံးတင်က မိမိတို့၏ သစ်ဖောင်တစ်ထိုးမှာ မန္တလေးသို့ စုန်မည့်ဆဲဆဲရှိ၍ ၎င်းဖောင်တွင် ကြီးကြပ်လိုက်ပါသွားပါက မိမိဖခင်၏ ကျေးဇူးတင် အထင်ကြီးခြင်း ခံရမည်ဖြစ်ကြောင်း၊ ဖောင်မှာ အဖိုးတန်သော ကျွန်းဖောင်ဖြစ်၍ စိတ်ချလောက်သည့် အတွင်းလူတစ်ယောက် လိုက်ပါဖို့ အရေးကြီးကြောင်း ပြောပြရာတွင် စပ်ဖြူမှာ မိမိအား 'အတွင်းလူ'တစ်ယောက် အနေဖြင့် သုံးနှုန်းပြောဆိုခြင်းကို သဘောကျသည်တစ်ကြောင်း၊ သမီးဖြစ်သူက သဘောကျသော်လည်း အဖေကြီး ကျေနပ်မှ သာ၍ ကောင်းလိမ့်မည်ဟု ယုံကြည်သည် တစ်ကြောင်းကြောင့် ၎င်းကျွန်းဖောင်တွင် ဦးစီးလိုက်ပါရန် သဘောတူညီ လိုက်လေသည်။

စပ်ဖြူသည် ဖောင်ဦးစီးအဖြစ်နှင့် ဖောင်စုန်ခါနီးတွင် ဖောင်ကြိုသမား တစ်ယောက် ရောက်လာ၍ မိမိအား ငှားရမ်းဖို့ ပြော၏။ ဖောင်ကြိုသမား ငါးယောက် စီစဉ်ထားသည့်အနက် တစ်ယောက်မှာ သူ၏မယား မျက်နှာမြင် နေသောကြောင့် ကတ်သီးကတ်သတ် လုပ်နေခိုက်ဖြစ်၍ အဆင်သင့်သည်ဟု အောက်မေ့ကာ စပ်ဖြူမှာ ၎င်းရွာသားမဟုတ်ဘဲ မျက်နှာစိမ်းတစ်ယောက် ဖြစ်သော်လည်း ဖောင်ကြိုသမား ငှားရမ်းခြင်းအလုပ်မှာ စစ်စစ်ပေါက်ပေါက် ဆန်းစစ်ရန်မလိုသည့်အလျောက် အလွယ်တကူနှင့်ပင် ဈေးတည့်လိုက်ကြ လေသည်။ ထိုသူသည် ဖုန်းကျော်ဟု အမည်ပေးလေသည်။

စပ်ဖြူတို့၏ ကျွန်းဖောင်သည် ထီးချိုင့်မှ ထွက်ခဲ့ကြ၍ 'ဝါဆို၊ ဝါခေါင်၊ ရေဖောင်ဖောင်'ဆိုသော စကားအရ ရေစီးခပ်သန်သန်နှင့် မျှောချခဲ့ရာ လွန်စွာ ခရီးတွင်လှသည်။ သို့ရာတွင် ကျောက်တွင်းအဝင်ဝသို့ ရောက်လာကြ သောအခါ ရေကြီးချိန်များတွင် ဖြစ်ပေါ်လေ့ရှိသော ဝဲကြီးသို့ ချဉ်းကပ်လာ ကြ၏။ စပ်ဖြူသည် ထီးချိုင့်မှ မထွက်မီကတည်းက တောအရက်ပုလင်းများ တင်ဆောင်လာခဲ့၍ ဖောင်တဲကလေးထဲတွင် ပြာပူအုံး၍ဖုတ်သော ဆတ်သား ခြောက်များနှင့် မြည်းလျက် တစ်လျှောက်လုံး ဇိမ်ခံ၍ လိုက်လာခဲ့သည်။ ဖောင်ကြိုသမား အချို့တို့သည် တဲထဲတွင် ဘိန်းရှူသူရှူလျက်၊ အချို့ကလည်း စပ်ဖြူ၏ တောအရက်ကိုကပ်၍ သောက်လာကြရာ အားလုံးပင် ဇိမ်တွေ့လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။ ဖောင်သမားများ ထုံးစံမှာ ၎င်းဝဲအနီးတွင် တစ်ချက်တည်း ဂရုစိုက်ပြီး ကျောက်တွင်းတစ်လျှောက်လုံး သူ့ဘာသာ မျောချရန်သာ ရှိ၏။ ကျောက်တွင်းထဲတွင် ညအချိန် ရောက်စေကာမူ အခြားနေ့များကဲ့သို့ ဖောင်ကို 'ဂွသတ်'ပြီး ဆိုက်ထားဖို့မလိုဘဲ တစ်ညလုံး စိတ်ချလက်ချ မျှောချနိုင်ကြလေသည်။

ဝဲအနီးသို့ရောက်သောအခါ နေဝင်ပြီး၍ မှောင်စပြုနေပြီဖြစ်ရာ ဖောင်သမားများသည် တစ်ဖက်ကမ်း၌ရှိသော ဝဲမှလွတ်မြောက်အောင် အခြားဘက်ကမ်းမှ ကပ်၍မျှောချရန် ဖြစ်သော်လည်း ဖောင်ထဲတွင် တောအရက်ဖြင့် ခိမ်ယစ်နေကြသည် ဖြစ်သောကြောင့် အမူမဲ့အမှတ်မဲ့ နေခဲ့ကြ၍ ဝဲထဲသို့ ဖောင်ဦးစိုက် ဝင်သွားသောအခါမှ ပျာယီးပျာယာ ပြေးထွက်လာကြတော့သည်။ သို့ရာတွင် ထိုအချိန်၌ကား ဘာမျှ မတတ်နိုင်၊ နောက်ကျနေလေပြီ။ ဖောင်သမားများသည် "လုပ်ကြပါဦးဟ၊ ဘယ်သူရေ၊ ဘယ်ဝါရေ" စသည်ဖြင့် အော်ဟစ်ကာ ဖောင်ပေါ်၌ တောင်ပြေးမြောက်ပြေး ပြေးနေကြစဉ် သစ်ဖောင်ကြီးသည် ဦးမှစ၍ စတင်မြုပ်သွားကာ တဖြစ်ဖြစ် တဂျစ်ဂျစ်မြည်လျက် တုပ်နှောင်ထားသည့် ကြိုးများလည်း ဟိုကပြတ်၊ ဒီကပြတ်၊ ဟိုကပြုတ်၊ ဒီကပြုတ်နှင့်ပင် ဝဲအောက်သို့ စုပ်ဝင်သွားလေတော့သည်။

စပ်ဖြူသည် အရက်ခွက်ကို လက်မှကိုင်ကာ ဖောင်တဲထဲမှ နောက်ဆုံးထွက်လာသူဖြစ်၍ ဖောင်ဦးပိုင်း မြုပ်သွားခြင်းကိုပင် မမြင်လိုက်ရဘဲ ဖောင်အလယ်ပိုင်း ရေအောက်သို့ရောက်ကာမှ တွယ်မိတွယ်ရာဖက်ထားရင်း အသက်အောင့်လျက် ပါသွားလေတော့သည်။ ရေအောက်၌ မည်မျှ ကြာခဲ့သည်မသိ၊ မွန်းလှမက မွန်း၍ ရင်ထဲမှ အောင့်သက်သက်ကြီး ဖြစ်လာသည့်အချိန်တွင် စပ်ဖြူမှာ ဝဲမှုတ်၍ ထုတ်လိုက်သော ကျွန်းသစ်တစ်လုံးကို တွယ်ဖက်လျက် ရေစီးကြောင်းအတိုင်း မျောပါသွားသည်ကို တွေ့ရသည်။ သစ်လုံး၏ အစွန်ဘက်၌ မည်းမည်းမြင်၍ ခေါ်ကြည့်ရာ ဖောင်တွင် နောက်ဆုံးမှလိုက်လာသော ဖောင်ကြိုသမား ဖုန်းကျော် အသံဖြင့် ပြန်ထူးလိုက်သဖြင့် စပ်ဖြူ အားရှိသွားသည်။ လူနှစ်ယောက်တို့သည် လဆန်း ၆ ရက်နေ့ ဝိုးတဝါးလရောင်ဖြင့် မြစ်ပြင်သို့ မျှော်ကြည့်လိုက်သော်လည်း မည်သူ့ကိုမျှ မမြင်ရ၊ ခေါ်ကြည့်ရာတွင်လည်း မည်သူကမျှ ပြန်၍ မထူးသောကြောင့် လူအားလုံးသေပြီး မိမိတို့နှစ်ယောက်တည်း ကျန်ရစ်တော့သည်ဟု သိရှိရလေသည်။





နှစ်မွန်းခြင်း ပြေပျောက်၍ အသက်မှန်ကန်စွာ ရှူနိုင်ကြသောအခါတွင် စပ်ဖြူနှင့် ဖုန်းကျော်တို့သည် ကမ်းသို့ရောက်အောင် သစ်တုံးပါ လှော်ယက်၍ တစ်ဖက်ကမ်းသို့ ဆိုက်ကပ်ကြ၏။ အသက်ကား မသေကြ။ သို့သော် လူနှစ်ယောက်မှာ ရေစွတ်စိုထားသောကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းကြသည်။ ရေစိုသော အဝတ်တို့ကိုညှစ်၍ လေသလပ်အောင် ယမ်းခါခြင်းဖြင့် ခပ်ဖန့်ဖန့်ဖြစ်ရုံမျှသာ တတ်နိုင်၏။ ခြောက်သွေ့သည်ကား မဟုတ်ချေ။ တစ်ခါတစ်ရံ ဖောင်များ စုန်မျှောသံကြားရ၍ ဟစ်ခေါ်ပါသော်လည်း သစ်ဖောင်များသည် ဝဲရှိသော ဤဘက်ကမ်းသို့ မချဉ်းကပ်ဘဲ အခြားဘက်ကမ်းသို့ကပ်ကာ စုန်မျှောကြခြင်းဖြစ်သောကြောင့် ခေါ်သံကြားသော်လည်း မလာဝံ့ကြချေ။

သန်းခေါင်ကျော်လတ်သော် ချမ်းအေးသောဒေသဖြစ်၍ လူနှစ်ယောက်တို့မှာ မခြောက်တခြောက်ရှိနေသော အဝတ်များအတွင်း၌ မခံမရပ်နိုင်အောင် တုန်ယင်နေကြလေပြီ။ စပ်ဖြူသည် ဓာတ်မီးခြစ်တစ်လုံး ပါလာခဲ့၍ အိတ်ကပ်ထဲမှထုတ်ပြီး ခြစ်ကြည့်ရာ ရေစွတ်ထားသောကြောင့် ရုတ်တရက် မီးမတောက်ချေ။ သို့သော် မီးစာကို ရေစွတ်သော်လည်း ဓာတ်ဆီထည့်သော ဝှမ်းထဲသို့ ရေမဝင်နိုင်သော မီးခြစ်မျိုးဖြစ်သောကြောင့် မီးစာမှ ရေကိုညှစ်ပြီး အထပ်ထပ် ခြစ်သောအခါ မီးပွင့်၍ လာတော့သည်။ စပ်ဖြူ၏အကြံမှာ မီးမွေးရန်ဖြစ်၍ အနီးအနားတစ်ဝိုက်တွင် သစ်ခက်ခြောက်များ တွေ့မည်လောဟု စမ်းကြည့်သော်လည်း ရေစပ်နှင့် နီးစပ်သောကြောင့် အခြောက်မတွေ့ရ၊ အစိုများသာ ရှိနေ၏။ သို့ဖြစ်၍ လူနှစ်ယောက်သည် ကျားကိုက်၍ သေချင်သေ၊ အချမ်းခံပြီး မနေနိုင်တော့ဟု ဆုံးဖြတ်ကာ ရေစပ်နှင့် ဝေးသောနေရာသို့သွား၍ ထင်းခြောက်များ ရှာဖွေ စုဆောင်းကြ၏။ မီးဖိုလောက်အောင် ထင်းခြောက်များ ရရှိသောအခါ ဓာတ်မီးခြစ်ကို တစ်ယောက်တစ်လှည့် စိတ်ရှည်စွာ ခြစ်ခြင်းအားဖြင့် မီးတောက်လာ၍ မီးပုံဖြစ်အောင် တဖြည်းဖြည်း မွှားယူကြရ၏။ မီးဟုန်းဟုန်းတောက်၍ ခိုက်ခိုက်တုန်သော ခြေလက်များကို မီး၌ကင်ကာ တစ်ကိုယ်လုံး ဟိုဘက်သည်ဘက်လှည့်၍ လှုံကြရသဖြင့် နွေးလာသော အခါ၌ကား ငါတို့မှာ ချမ်းအေးသောဒဏ်ဖြင့် သေရတော့မည်မဟုတ်ဟု အတန်အားတက်လာကြသည်။

လူနှစ်ယောက်သည် တစ်ညလုံး ထင်းခြောက် ရှာချည်တစ်ခါ၊ မီးလှုံချည်တစ်လှည့်ဖြင့် အိပ်ရတော့သည်မရှိဘဲ စောင့်နေကြရ၏။ နံနက်လင်း၍



www.burmeseclassic.com

www.burmeseclassic.com



နေထွက်သောအခါ၌ကား ချမ်းအေးခြင်းမှ ကာကွယ်ရေးထက် ဝမ်းရေးအတွက် စားစရာ ရှာကြလေရပြီ။ ရေစပ်ဘက်တွင် စားစရာရဖို့ မျှော်လင့်ချက် မရှိသောကြောင့် တောင်ပေါ်သို့ တက်ကြရလေရာ တစ်နေရာတွင် တောဖန်းခါးပင်ကြီးအောက်၌ ဖန်ခါးသီးခြောက်များ တွေ့ကြ၍ ချဉ်ချဉ်ဖန်ဖန်နှင့် ရှုံ့မဲ့ကာ စားကြရ၏။ အခြားတစ်နေရာတွင် တောသဖန်းပင်ကြီးမှ အသီးများ ပြွတ်နေအောင် သီးသည်နှင့် မြိန်ရှက်စွာ စားကြလေသည်။ ရေအတွက်မှာမူ မြစ်သို့ ဆင်းရန်မလိုဘဲ စမ်းချောင်းတစ်ခု အဆင်သင့် တွေ့ကြလေသည်။ ထိုအနီးတစ်ဝိုက်၌ သစ်ကိုင်းခြောက်များလည်း အလွန်ပေါ၍ ညအချိန်များ၌ မီးဖိုရန်အတွက် နေရာကျလှသည်။ စားစရာ သောက်စရာနှင့် မီးလှုံရန်အတွက်ပါ အဆင်သင့်လှသော်လည်း ချွတ်ယွင်းချက်တစ်ခုမှာ မြစ်ကမ်းနှင့် အတန်ငယ်ဝေး၍ ဖောင်စုန်များကို မျှော်ကြည့်ရန် ခဲယဉ်းလှသည်။

နောက်တစ်နေ့၏ နေဝင်ချိန်တွင် ဖုန်းကျော်မှာ ရုတ်တရက် ချက်ချင်းချမ်းဖျား ဖျားတက်လာ၍ ခိုက်ခိုက်တုန်လာပြီး အလိုလေး၊ အမလေး ညည်းတွားနေတော့၏။ အမှန်မှာ ထိုညက ရေစွတ်ပြီး အအေးမိခြင်းအတွက် ချက်ချင်းတော့က်၍ ဖျားခြင်း ဖြစ်လေသည်။ ထိုည၌ စပ်ဖြူမှာ ဝမ်းတောင့်တောင့် မစားရခြင်းကြောင့် ဝမ်းဟာခြင်းကား တစ်ဖက်၊ မီးမပြတ်ရအောင် ထင်းခြောက်များ ကောက်ရခြင်းက တစ်ဖက်၊ ဖျားသူအတွက် ရေတိုက်ရခြင်းကား တစ်ဖက်၊ တောနက်ကြီးထဲဖြစ်၍ ကြောက်ရခြင်းက တစ်ဖက်၊ ကယ်မည့်သူ ပေါ်လာပါဦးမည်လောဟု မှုပန်ရခြင်းကား တစ်ဖက်နှင့် ၎င်းအား အမြင်ကတ်သူများပင် သနားချင်စရာ ဖြစ်နေရှာတော့သည်။

စပ်ဖြူသည် လူနာကိုကြည့်နေစဉ် ဤမျက်နှာကို ငါ မြင်ဖူးပါသည်ဟု အောက်မေ့၍ ပြောပြရာ ဖုန်းကျော်ကလည်း စပ်ဖြူကို မိမိ သိပါသည်ဟု ပြန်ပြောလေသည်။ ဘယ်တုန်းက သိဖူးသနည်းဟု စပ်ဖြူက မေးသောအခါ ဖုန်းကျော်က နောက်တော့ ပြောပါရစေဟုဆိုကာ အခြားဘက်သို့ လှည့်သွားလေသည်။ သန်းခေါင်ကျော်လတ်သော် ဖုန်းကျော်သည် မိမိကိုယ်ကို သေရတော့မည်ထင်၍ စပ်ဖြူအား နှိုးပြီးလျှင် အောက်ပါ အဖြစ်အပျက်ကို ပြောပြလေသည်။





## အခန်း ၂၀

သာအေးဆိုသူနှင့် မိမိ(ဖုန်းကျော်)တို့သည် ဗေဒအုပ်တစ်ယောက်၏ သေနတ်ကိုငှား၍ တောလည်ကြရာ ဒရယ်တစ်ကောင်ကို ပစ်ရင်း၊ ထင်းခုတ်သမားတစ်ယောက်ကို ထိမှန်သောကြောင့် ရွာသို့မပြန်ဘဲ ဝရမ်းပြေးကြကြောင်း၊ တဖြည်းဖြည်း ဇက်ရဲလာကြ၍ ကားလမ်း၌ ဓားပြတိုက်ပြီး ခရီးသည်များထံမှ ပစ္စည်းများ လုကြကြောင်း၊ တစ်နေ့သ၌ ခရီးသည်တစ်ယောက်ထံမှ ငွေတစ်သောင်းနီးပါးရှိ ငွေစက္ကူများ ရရှိကြရာ တောထဲ၌ သစ်ခေါင်းထဲတွင် သိုဝှက်ကာ ရုံဖန်ရုံခါမြို့သို့ တစ်ယောက်တစ်လှည့် ချဉ်းကပ်၍ ရိက္ခာများ ဝယ်ယူလေ့ရှိကြောင်း၊ တစ်နေ့သ၌ ဖုန်းကျော် အလှည့်ကျ၍ မြို့ထဲမှ ရိက္ခာများနှင့် ပြန်လာရာတွင် သာအေးရော၊ ငွေစက္ကူများပါ ပျောက်သွားကြောင်း၊ သေနတ်မှာလည်း ဘယ်မှာ ထားခဲ့သည် မသိရကြောင်း၊ ဤတွင် ဖုန်းကျော်သည် သာအေးကို တွေ့ရာ သင်္ချိုင်းဟု ဆုံးဖြတ်ချက်ချ၍ လိုက်လံရှာဖွေကြောင်း၊ ရွာတစ်ရွာတွင် ဖဲဝိုင်းတွေ့၍ ဝင်ကစားရာ လူတစ်ယောက် ဝတ်ထားသော ကျောက်နီလက်စွပ်ကို မြင်၍ သာအေးနှင့်အတူ မိမိတို့ တိုက်၍ရဖူးသော လက်စွပ်ဟူ၍ မှတ်မိကြောင်း၊ စုံစမ်းကြည့်သောအခါ မကြာသေးမီက ခရီးသည် လူစိမ်းတစ်ယောက် ရောက်လာ၍ ဖဲကစားရာ ငွေစက္ကူ တော်တော်များများနှင့် ရွှေတိုငွေစနှင့်တကွ ဤကျောက်နီလက်စွပ်ပါ ပြုတ်သွားသဖြင့် မိမိနိုင်လိုက်ခြင်း ဖြစ်သည်ဟု ထိုလူက ပြောပြကြောင်း၊ ဖုန်းကျော်သည် သာအေး ထွက်သွားရာ အရပ်လေးမျက်နှာကို စုံစမ်းပြီး ယခင်ကထက် ပြင်းထန်သော မုန်းတီးခြင်းဖြင့် ဆက်လက် လိုက်သွားကြောင်း၊ ဝရမ်းပြေးရခြင်းက တစ်ဖက်၊ သာအေးကို စုံစမ်းရသည်က တစ်ဖက်တို့ကြောင့် ခဲယဉ်းစွာ ခရီးသွားရ၍ သုံးလေးနှစ်ပင် ကြာခဲ့ကြောင်း၊ နောက်ဆုံးတွင် သစ်ပင်ကြီးတစ်ပင်အောက်၌ နတ်တင်နေသော သာအေးကို တွေ့ရသော်လည်း လက်ထဲတွင် လက်နက်အလွယ်တကူ မပါရှိသည်နှင့် ခပ်လှမ်းလှမ်း၌ အိပ်ပျော်လျက်ရှိသော ထင်းခုတ်သမားတစ်ယောက်၏ 'ခွန်'ကို တိတ်တဆိတ် ခိုးယူပြီး ရှိခိုးနေသော သာအေးကို နောက်မှခွန်နှင့် လည်ပင်းကို ခုတ်ပိုင်းလိုက်ကြောင်း၊ သို့သော် လည်ပင်းတည့်တည့် မထိဘဲ ချော်သွားသည်နှင့် သုံးလေးချက် ခုတ်သက်ရကြောင်း ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စပ်ဖြူ ဤလူကို မြင်ဖူးပါသည်ဟု ထင်မှတ်မိခြင်း၏ အကြောင်းရင်း ပေါ်လာ၍ ဖုန်းကျော်အား ပြောပြသေးသည်။ ဖုန်းကျော်မှာ သာအေးခေါ် လူသစ်ကို ခုတ်သတ်ပြီးနောက် ကမန်းကတန်း ပြေးလာစဉ် မိမိနှင့် လုံးတင်တို့က လှည်းပေါ်မှ မြင်လိုက်ကြရ၍ ဖုန်းကျော်ကလည်း အခြားဘက်သို့ ချိုးထွက်သွားသည် မဟုတ်ပါလောဟု မေးရာ ဖုန်းကျော်က ဟုတ်ကြောင်း၊ ထို့ကြောင့် စပ်ဖြူကို သိသည်ဟု မိမိ ပြောခြင်းဖြစ်ကြောင်း ရှင်းပြလေသည်။

နောက်ဆုံး၌ ဖုန်းကျော်က မိမိအတွက်ကြောင့် အဘိုးကြီးဦးမောင် အချုပ်နှောင်ခြင်း ခံနေရ၍ မတော်တဆ ကြိုးဒဏ်ခံရနိုင်ပါသည်။ မိမိအဖို့မှာ သေမည့်သူဖြစ်၍ ဤလူသတ်မှု၌ အမှန်အတိုင်း ဖြစ်စေခြင်းငှာ စပ်ဖြူအား တာဝန်ယူ၍ ဆောင်ရွက်ပေးပါရန် တောင်းပန်လေသည်။ စပ်ဖြူသည် လူသတ်သမားကိုယ်တိုင် ဖြောင့်ချက်ပေးခြင်းကို ကြားရသည့်အခါ နှောင်တ ကြီးရခဲ့လေပြီ။ မိမိအား တကယ်မချစ်ကြိုက်သော မိန်းမတစ်ယောက် ရနိုင်ရေးအတွက် အပြစ်မရှိသော လူကြီးတစ်ယောက်အား ထောင်ထဲသို့ တွန်းပို့ပြီး ကြိုးစင်တက်ရအောင် ဖန်တီးခြင်း၊ မိမိက ပြစ်မှားဖူးပါလျက် ချမ်းသာပေးဖူးသည့် အစ်ကိုနှင့် မရီးအား ကွဲပြဲစေ၍ အတိဒုက္ခရောက်စေခြင်း၊ ပြုံးချိုတို့ အိမ်သားများအား တစ်ရပ်တစ်ကျေးသို့ လွင့်စဉ်စေခြင်း အစရှိသော ရက်စက်မှုများသည် စပ်ဖြူ၏ နှလုံးသားကို ကုဏ္ဍာဖွတည်းဟူသော ပူဆွေးလောင်ကျွမ်းခြင်း ဖြစ်စေသည်နှင့် ဤကိစ္စ မှန်သည့်အတိုင်းဖြစ်အောင် ဖြေရှင်းပေးပါတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့တွင် တောထဲသို့ ထင်းခွေလာကြသော လူတစ်စုနှင့် ကံအားလျော်စွာ တွေ့ကြ၍ စပ်ဖြူက မိမိတို့ အဖြစ်အပျက်ကို ပြောပြရာ ထင်းခွေသမားများသည် ထမ်းစင်တစ်ခုဖြစ်အောင်လုပ်၍ လူနာကို ထမ်းစင် ပေါ်သို့တင်ပြီးလျှင် ၎င်းတို့၏ ရွာသို့ ထမ်းခေါ်သွားကြ၏။ ဖုန်းကျော်မှာ သတိမရတစ်ချက်ရတစ်ချက် ဖြစ်နေရာ စပ်ဖြူက အရေးကြီးသော ဖြောင့်ချက် တစ်ခုပေးရန် ရှိပါသည်ဟုပြော၍ ရွာလူကြီးနှင့် လူကြီးအချို့ကို ခေါ်ထား၏။ ဖုန်းကျော် သတိရလာသောအချိန်တွင် နွားနို့နှင့်ပြုတ်သော ဆံပြုတ် သုံးလေး ဇွန်း တိုက်ကျွေးခြင်းအားဖြင့် အားရှိအောင် လုပ်ပေးပြီးနောက် တောထဲ၌ ပြောခဲ့သည့် စကားများကို လူကြီးများရှေ့တွင် ထပ်မံပြောပြစေလျက် စပ်ဖြူက





ဖြစ်တတ်သလို ရေးကူးယူလေသည်။ ထို့နောက် ရွာကြီးများအား ဖုန်းကျော်၏ ဖြောင့်ချက်ကို လက်မှတ်ထိုးစေလေသည်။

ဖုန်းကျော်မှာ မြို့နှင့် အလွန်ဝေး၍ ချောင်ကျသော တောရွာကလေး တွင် ဆေးကောင်းဝါးကောင်း မှီဝဲခွင့်မရှိသည်နှင့် နောက်တစ်နေ့၌ပင် ကွယ်လွန် အနိစ္စရောက်လေသည်။ ဖုန်းကျော်၏ အလောင်းကို သင်္ဂြိုဟ်ပြီး၍ စပ်ဖြူက သပိတ်ကျင်းမြို့သို့ လိုက်ပို့ပါရန် ပြောမည်ကြံဆဲ၌ပင် အသည်း အသန် ဖျားလာပြန်၍ လူနာကြီးအဖြစ် ကြာရှည်စွာ နေရပြန်တော့သည်။

## အခန်း ၂၁

မြတ်သူသည် သုံးနှစ်စေ့၍ အင်္ဂလန်မှ ပြန်ရောက်လာသောအခါ ကျေးရွာလူစွမ်းကောင်း (Village Hero)အနေဖြင့် တစ်ရွာလုံးက ကြိုဆိုကြသော်လည်း မြတ်သူ၏မျက်နှာမှာ ရွာမှခွဲထွက်သွားရစဉ်ကကဲ့သို့ပင် ကြည်လင်ရွှင်ပျခြင်း မရှိချေ။ လုံးတင်က မိန်းကလေးများအား ဝတ်စုံတစ်စုံစီ ပေးကာဖြင့် မြတ်သူအား ပန်းဆက်ကြဖို့ အစီအစဉ်ပြုလုပ် ထားသော်လည်း မြတ်သူ၏ မျက်စိသည် ပန်းဆက်သော မိန်းကလေးများကို မကြည့်ဘဲ နေထိုင်သူမရှိသဖြင့် ဖရိုဖရဲ ဖြစ်နေသည့် ပြုံးချိုတို့၏ တဲအိုဘက်သို့သာ မျှော်ကြည့်လျက် ရှိတော့သည်။ မိဘများနှင့် ပြန်တွေ့ရခြင်းအတွက်ပင်လျှင် မြတ်သူ ဝမ်းသာသည့်လက္ခဏာ မရှိချေ။

အင်္ဂလန်မှ မြတ်သူ မထွက်လာမီကတည်းက သီတင်းဝါလကျွတ် သည်နှင့်တစ်ပြိုင်နက် လက်ထပ်ကြဖို့ လုံးတင်၏ တိုက်တွန်းချက်ကို မြတ်သူ က သဘောတူလက်ခံပြီး ဖြစ်သည့်အတိုင်း လုံးတင်သည် လက်ထပ်ပွဲအတွက် နေ့ရောညဉ့်ပါ ကြိုးပမ်းအားထုတ်ကာ စီမံခြင်းများကို မြတ်သူသည် စိတ်မဝင် စားလှသည့် အမူအရာမျိုးဖြင့် ငြိမ်သက်စွာ ကြည့်၍သာနေ၏။ ဘုရားဒကာခင် ၏ ကျေးရူးခံ ကျေးရူးစားများနှင့် လုံးတင်၏ ကျွေးမွေးခြင်းများကို 'ပါးပြဲ နားပြဲ' စားကြသူများမှတစ်ပါး လုံးတင်၏ 'ယောက်ယက်ခတ်'ခြင်းကို မြင်ပြင်းကတ်ကြ၍ မေးတငေါ်ငေါ်၊ နှာခေါင်းတရှုံ့ရှုံ့ ဖြစ်နေကြလေတော့ သည်။

ဦးမောင်အား လူသတ်မှုနှင့် ရုံးတင် စစ်ဆေးသောနေ့တွင် စက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး ရုံးခန်းမှာ ကြိတ်ကြိတ်တိုး စည်ကားလှသည်။ မြတ်သူသည် ထီးချိုင့်မှ အမှုနားထောင်ရန် သွားကြသော လူများနှင့် လိုက်လိုသော်လည်း လုံးတင်၏ တားဆီးခြင်းထက် မိမိ အလွန်စိတ်နာသည့် မယားဟောင်း ပြုံးချို၏ မျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်ရမည် မသိသည်နှင့် ဇွတ်ပေပြီး နေလိုက်တော့သည်။ သို့သော် သူငယ်ချင်း လယ်ဝန်ဦးသိန်းဟန်နှင့် ယခင် စီစဉ်ထားပြီး ဖြစ်သည့်အတိုင်း ဦးမောင်အတွက် ဝတ်လုံငှားဖို့ကို မြတ်သူ တာဝန်ယူပြီး ဖြစ်လေသည်။ ဦးသိန်းဟန် စီမံထားသည်က ဤသို့တည်း။ စစ်ကိုင်းတောင့်ရိုး၌ ဥပုသ်ရက်ရှည် စောင့်နေသည့် စုံထောက်ဦးစံရှားထံသို့ ကိုလှသစ်၏ကိုယ်၌ ရရှိထားပုံ ဒဏ်ရာဒဏ်ချက် မှတ်တမ်းကို ပုလိပ်ဌာနမှ ကူးယူသွားပြီးလျှင် ဦးစံရှားအား ပြ၏။ ဦးစံရှားသည် ၎င်းမှတ်တမ်းကို ဖတ်ရှုပြီးနောက် တရားခံ ဦးမောင်အတွက် ငှားထားသည့် ဝတ်လုံအား မည်သို့မည်ပုံ လျှောက်လဲရမည့်အကြောင်း သွန်သင် ပြောပြလိုက်လေသည်။

အမှုစစ်ဆေးသောအခါ တရားလိုအဖြစ်နှင့် လျှောက်လဲသောအမှုလိုက် အရာရှိက တရားခံဦးမောင်နှင့် သေသူကိုလှသစ်တို့ ရန်ဖြစ်ဖူးသည့်အကြောင်း၊ ရန်ဖြစ်ခြင်း၏ အကြောင်းရင်းမှာလည်း သေသူကိုလှသစ်က တရားခံ၏ ထင်းကို ခိုးယူခြင်းကြောင့်ဖြစ်ရာ သတ်ပုတ်ကြသောအခါတွင်လည်း တရားခံ ပင် သာ၍ နာပြန်ကြောင်း၊ သို့ဖြစ်၍ တရားခံမှာ ထင်းလည်း အခိုးခံရသေး၊ လူလည်း အနာခံရသေးသောကြောင့် နစ်ပြန်စီးနစ်နာသဖြင့် ရန်ငြိုးဖွဲ့မည် ဆိုလျှင် ဖွဲ့ထိုက်ကြောင်း၊ ရန်ဖြစ်ပြီးသည့်နောက် တရားခံနှင့် သေသူတို့ ခေါ်ခေါ်ပြောပြော ရှိနေကြပြီဆိုသော်လည်း ရန်ငြိုးဖွဲ့ပြီး ချက်ကောင်းကို စောင့်နေသော လူတစ်ယောက်သည် မိမိအပေါ်၌ မသင်္ကာမရှိရအောင် လူအများရှေ့တွင် ခေါ်ခေါ်ပြောပြော လုပ်လိမ့်မည်သာဖြစ်ကြောင်း၊ ထို့ကြောင့် ခေါ်ခေါ်ပြောပြော ရှိနေကြပြီဆိုခြင်းအတွက် သာ၍ပင် မသင်္ကာဖွယ်ရာဖြစ်နေ ကြောင်း၊ ထင်းခွေသမား အချင်းချင်းဖြစ်၍ တောထဲ၌ တစ်နေ့နေ့တွင် အခွင့်ကောင်း ရလိမ့်မည်ဟု မျှော်မှန်းလိမ့်မည်မှာ သဘာဝပင်ဖြစ်ကြောင်း။

ထိုနေ့က သေသူနှင့် တရားခံအနီးတွင် အခြားသူတစ်ဦးတစ်ယောက်မျှ မရှိသောကြောင့် တရားခံက မသတ်လျှင် သတ်မည့်သူ မည်သူမျှမရှိကြောင်း၊ သေသူသည် ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဟု ဆိုရန်မှာလည်း ကိုယ့် လည်ပင်းနှင့် ကိုယ့်ကိုယ်ကိုယ် ဤဒဏ်ရာမျိုးဖြစ်အောင် လုပ်၍ မဖြစ်နိုင်





ကြောင်း၊ ကိုယ့်ကိုယ်ကိုယ် သတ်သေသည် ဆိုလျှင်လည်း ကိုယ်ခွန်နှင့်ကိုယ် လုပ်ကြမည် ဖြစ်ကြောင်း၊ တရားခံ၏ခွန်ကို သွားယူပြီးမှ ကိုယ့်နေရာကိုယ် ပြန်လာပြီး လုပ်ကြံသည်ဟု မဖြစ်နိုင်ကြောင်း၊ လူတစ်ယောက် မြင်လိုက်ရ သည်ဟု တရားခံက ပြောခြင်းမှာ ယုံကြည်စရာ မဟုတ်ကြောင်း၊ တောထဲက လူတစ်ယောက်သည် သေသူကို အကြောင်းမဲ့သက်သက် လာသတ်ပြီး ထွက် ပြေးသွားသည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ တောထဲက လူတစ်ယောက်သည် ပစ္စည်းကို လုလိုသည့်အတွက်ဟုဆိုရန်မှာလည်း ထင်းခုတ်သမား၌ ဘာပစ္စည်းမှ မရှိ၊ ထိုနေ့က ဘာပစ္စည်းမှလည်း မပျောက်ကြောင်း၊ သို့ဖြစ်၍ သေသူ ကိုလှသစ်ကိုသတ်သော လက်သည်မှာ တရားခံ ဦးမောင်မှတစ်ပါး မည်သူမျှ မရှိနိုင်ကြောင်း စသည်များဖြင့် လျှောက်လဲလေရာ နားထောင်သူ ပရိသတ် တို့မှာ အဘိုးကြီး ဦးမောင်တော့ သွားရှာတော့မှာပဲဟု အောက်မေ့ကြသည်။

ထို့နောက် တရားခံဦးမောင်၏ ဝတ်လုံက လျှောက်လဲမည်ဟု ထလိုက် သောအခါ လက်ထဲတွင် စာရွက်ကိုင်ထား၍ အမှုလိုက်အရာရှိသို့ပြရာ အမှုလိုက် အရာရှိက စာရွက်ကို ကြည့်ပြီးနောက် ခေါင်းညိတ်လေသည်။ စာရွက်မှာ သေသူ၏ကိုယ်၌ တွေ့ရှိသည့် ဒဏ်ရာဒဏ်ချက်များ၏ စာရင်း ဖြစ်၍ မူရင်းအတိုင်း 'ထရူးကော်ပီ'ကူးယူထားခြင်း ဖြစ်လေသည်။ ဝတ်လုံက မူရင်းမှန်မမှန်ကို ကန့်ကွက်ရန်ရှိပါသလောဟု မေးရာ အမှုလိုက်က ကန့်ကွက် ရန်မရှိကြောင်း ဖြေလေသည်။ ဒဏ်ရာစာရင်းကို ဖတ်ပြရာ လက်ဝဲဘက်ပခုံး အထက် လည်ပင်းအရင်း၌ တစ်ချက်၊ နောက်တည့်တည့် လည်ကုပ်၌ တစ်ချက်၊ လက်ပြင်၌ တစ်ချက်၊ ကျော၌ တစ်ချက် စုစုပေါင်း လေးချက် ဖြစ်သည်။ ဆရာဝန်၏ မှတ်ချက်၌ အခြားသော ဒဏ်ချက်များထက် အသက် သေလောက်သော ဒဏ်ချက်မှာ နောက်တည့်တည့်လည်ကုပ်မှ ဒဏ်ချက်ဖြစ်၍ လည်ပင်းပြတ်လုမတတ် ဖြစ်နေကြောင်း ဖော်ပြထားလေသည်။ ဒဏ်ရာများ အနေအထားနှင့် အရေအတွက်ကို ကန့်ကွက်ရန် ရှိပါသလောဟု ဝတ်လုံက မေး၍ အမှုလိုက်က ကန့်ကွက်ရန်မရှိကြောင်း ဖြေဆိုရာတွင် ဝတ်လုံသည် အောက်ပါအတိုင်း လျှောက်လဲရင်း ထိုနေ့က သွေးစက်လက်နှင့် တွေ့ရှိသည့် ဦးမောင်၏ခွန် (သက်သေခံပစ္စည်း)ကိုလည်း လှမ်းယူလိုက်သေးသည်။

သေသူ ကိုလှသစ်ကို မည်သူသတ်သည် ဖြစ်စေ နောက်ကနေပြီး ခွန်နှင့်ခုတ်ခြင်း ဖြစ်ရမည်။ ဤအကြောင်းကို ဒဏ်ရာ ဒဏ်ချက်များကသေ



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အခြေအနေကသော်လည်းကောင်း သက်သေခံလျက်ရှိကြောင်း၊ အခြေအနေဆိုသည်မှာ ကိုလှူသစ်သည် ခွန်အားချည့်နဲ့သူတစ်ယောက် မဟုတ်သောကြောင့် မိမိအား ရှေ့မှ ခုတ်ခဲ့လျှင် ခုခံကာကွယ်နိုင်ရမည် ဖြစ်ကြောင်း၊ ယခုမှာ နောက်မှအလစ်တွင် ဝင်ခုတ်သောကြောင့် ခံလိုက်ရခြင်း ဖြစ်ကြောင်း၊ ဤမျှသာမကသေး ဒဏ်ရာကို ထောက်ချင့်ခြင်းအားဖြင့် မတ်တတ် ရပ်နေခိုက် မဟုတ်၊ ထိုင်နေခိုက်တွင် ခုတ်ခြင်းဖြစ်သည်ဟု သိနိုင်ကြောင်း၊ ကောင်းပါပြီ။ ထိုင်နေသူတစ်ယောက်ကို နောက်မှခွန်နှင့် သတ်လိုလျှင် ဘယ်ကဲ့သို့ ခုတ်မည်နည်း။ (ဤနေရာတွင် ဝတ်လုံသည် ခွန်ကိုကိုင်ကာ ခုတ်တော့မည်ဟန် လုပ်ပြသေးသည်။) သေအောင် သတ်လိုခြင်းဖြစ်သောကြောင့် လည်ပင်းကို ခုတ်ပိုင်းလိမ့်မည် ဧကန်ဖြစ်ကြောင်း၊ ထိုင်နေသော လူတစ်ယောက်ကို နောက်မှ ခွန်နှင့် လည်ပင်းခုတ်ပိုင်းသည့်အခါ ဘယ်နေရာသို့ ထိလိမ့်မည်နည်း။ ညာသန်သော လူတစ်ယောက် ဖြစ်ခဲ့လျှင် ထိုင်နေသူ၏ လက်ယာဘက်ပခုံးအထက်သို့ ထိခိုက်မည်ဖြစ်၍ ဘယ်သန်သူ တစ်ယောက်ဖြစ်ခဲ့လျှင် ဒဏ်ရာသည် လက်ဝဲဘက်တွင် ရှိရမည်ဖြစ်ကြောင်း။ (ဤတွင် ဝတ်လုံသည် မိမိ၏ စာရေးကို ထိုင်စေလျက် နောက်မှ ချဉ်းကပ်ပြီး ခွန်ကိုကိုင်ကာ လက်ယာဖြင့် တစ်လှည့်၊ လက်ဝဲဖြင့် တစ်လှည့် ခုတ်မိဟန်လုပ်ပြသေးသည်။) ခွန်ဟူသောလက်နက်မှာ လက်နှစ်ဖက်ဖြင့်ကိုင်၍ ခုတ်ရသော လက်နက်မျိုးဖြစ်သော်လည်း ညာသန်လျှင် ညာဘက်သို့ နွဲ့၍ ဘယ်သန်လျှင် ဘယ်ဘက်သို့ နွဲ့ရသော ထုံးစံရှိကြောင်း၊ သေသူ၏ ရရှိသောဒဏ်ရာမှာ လက်ဝဲဘက်ပခုံးအထက်ဟု ဆိုသောကြောင့် ခုတ်ပိုင်းသော သူသည် ဧကန္တ ဘယ်သန် တစ်ယောက် ဖြစ်ရမည့်အကြောင်း၊ ညာသန်သော လူတစ်ယောက်သည် ဘယ်ဘက်သို့ ထိအောင် 'လက်ပြန်ကြီး' ခုတ်ပိုင်းရမည်ဟု ထုံးစံမရှိ။ ဖြစ်လည်း မဖြစ်နိုင်။ ဤတွင် တရားခံဦးမောင်အား ဘယ်သန်လော၊ ညာသန်လောဟု မေးလိုက်ရာ ဦးမောင်က ညာသန်ကြောင်း ဖြေဆိုလေသည်။

ထို့နောက် ဝတ်လုံက ဤမျှသာမကသေးဆို၍ ဆက်လက်ပြောဆိုသည်မှာ သေသူ ကိုလှူသစ်ကို ဘယ်သူခုတ်ပိုင်းသည် ဖြစ်စေ၊ လည်ပင်း၏ လက်ဝဲဘက်သို့ ရှေးဦးစွာ ခုတ်ပိုင်းလိုက်ရာ လှလှကြီး ထိခဲ့လျှင် တစ်ချက်တည်းနှင့် လည်ပင်းပြတ်သည် ဖြစ်စေ၊ ပြတ်လုမတတ် ဖြစ်စေ ဖြစ်သွားနိုင်ကြောင်း၊ ယခုမှာ လှလှကြီး မထိသည့်အတွက်ကြောင့် လဲရုံလဲသွားသည့်





နောက်မှ ထောင်ခုတ် မြောက်ခုတ်နှင့် နောက်ဆုံးတွင် လည်ကုပ်ခုတ်မိခြင်း ဖြစ်ကြောင်း၊ အကယ်၍ တရားခံဦးမောင် ခုတ်ပိုင်းခြင်းဖြစ်ခဲ့လျှင် တစ်ချက်တည်းနှင့် လည်ပင်းပြတ်သွား၍ နောက်ထပ်ခုတ်ရန်လိုမည်မဟုတ်ကြောင်း၊ ဤအချက်ကို ထောက်ခြင်းအားဖြင့် သေသူ ကိုလှူသစ်ကို ခုတ်သောသူသည် ခွန်သုံးနေကျသူလည်း မဟုတ်နိုင်၊ ဘယ်သန်သူ တစ်ယောက်လည်း ဖြစ်ရမည်ဟု လျှောက်လဲလေရာ တစ်ရုံးလုံး ဝေါခနဲ ဖြစ်သွား၍ တရားသူကြီးလည်း စိတ်ဝင်စားသော အမူအရာနှင့် နားထောင်လျက်ရှိ၏။

ပြုံးချိုနှင့် မိခင် ဒေါ်ဆက်တို့လည်း အသက်ပြင်းပြင်း တစ်ချက်စီ ရှူလိုက်ကြခြင်း အားဖြင့် ရင်ထဲ၌ အတော်ချောင်သွားကြဟန် ရှိလေသည်။ ထိုခဏ၌ လှေကားဆီမှ ယောက်ယက်ခတ် အသံကြားသည်နှင့် လှည့်ကြည့်လိုက်ရာ မောကြီးပန်းကြီးနှင့် ပြေးတက်လာသော စပ်ဖြူကို မြင်ကြရ၍ ငေးကြည့်နေကြသည်။ စပ်ဖြူသည် တရားခံ၏ ဝတ်လုံအနီးသို့ ချဉ်းကပ်၍ စကားတီးတိုး ပြောပြီးနောက် စာတစ်ရွက်ကို ပြလေရာ ဝတ်လုံလည်း စာရွက်ကို ဖတ်ကြည့်ပြီး တရားသူကြီးထံသို့ တင်ပြလိုက်သည်။ စာရွက်ကား အခြားမဟုတ် ကွယ်လွန်သူ ဖုန်းကျော်၏ ဖြောင့်ချက်ကို ရွာသူကြီးနှင့် ရွာလူကြီးတို့၏ လက်မှတ်များနှင့်တကွ ပါရှိလေသည်။

တရားသူကြီးသည် ဝတ်လုံ၏ လျှောက်လဲချက်ကို ကြားရကတည်းက တရားခံအပေါ်၌ စွပ်စွဲချက်ကို ယုံမှားသံသယ ရှိခဲ့ပြီဖြစ်ရာ စာရွက်ကို မြင်ရ၍ ဆင်လုံး မဟုတ်၊ အကယ်ဖြစ်ကြောင်း စစ်ဆေး သိရှိရသည်နှင့် တစ်ပြိုင်နက် တရားခံအပေါ်၌ လုံးဝ သံသယ ကင်းရှင်းကာ တရားသေ လွှတ်ပစ်လိုက်လေသည်။

## အခန်း ၂၂

စပ်ဖြူမှာ ရွာကလေး၌ တစ်လကျော် နှစ်လခန့်ကြာအောင် နာလန်ထူ၍ ကျန်းမာလာသောအခါ၌ ရွာသားများက သပိတ်ကျင်းမြို့သို့ လှေကလေးနှင့် လိုက်ပို့ကြသည်။ ရွာသားများအား ကျေးဇူးဆပ်လိုပါသော်လည်း မိမိ၏ လက်ပတ်နာရီကို ချွတ်၍ ပေးခဲ့ခြင်းမှတစ်ပါး ဘာမျှ မတတ်နိုင်သည်နှင့် နောက်တော့မှ ကျေးဇူးဆပ်ပါဦးမည်ဟု နှုတ်ကတိပြုခဲ့ရသည်။ စပ်ဖြူ၏



www.burmeseclassic.com

www.burmeseclassic.com



အကြံမှာ ထီးချိုင့်သို့ ပြန်ရန်ဖြစ်သော်လည်း သတင်းစာတွင် ဦးမောင်၏ လူသတ်မှုကို ကသာမြို့ စက်ရှင်ရုံး၌ စစ်ဆေးတော့မည်ဟု တွေ့ရသည်နှင့် ရွာသားများက မယူလိုပါဟု ပြန်ပေးသော လက်ပတ်နာရီကို ပေါင်နှံပြီးလျှင် ကျောက်မြောင်းသို့ လည်းကောင်း၊ ထိုမှတစ်ဖန် မော်တော်ကားဖြင့် ရွှေဘိုမြို့သို့လည်းကောင်း၊ ထိုမှတစ်ဖန် ကသာသို့ မီးရထားလမ်းနှင့်လည်းကောင်း လိုက်ပါသွားခဲ့ခြင်း ဖြစ်လေသည်။

အမှုပြီးဆုံးသောအခါ ပြုံးချိုက စပ်ဖြူ၏ကျေးဇူးကြီးလှပါကြောင်း ပြောပြသောအခါ စပ်ဖြူမှာ (သေတွင်းထွက်ဖြစ်၍ အကြီးအကျယ် နောင်တရလာခဲ့သည့်လက္ခဏာနှင့်) ပြုံးချို၏ ကျေးဇူးတင်စကားများကိုပင် လက်မခံဘဲ ထီးချိုင့်သို့ မိမိနှင့်အတူ လိုက်ခဲ့ဖို့သာ ခေါ်လေတော့သည်။ ပြုံးချိုက ကိစ္စကို မေးသောအခါ စပ်ဖြူက–

"ကျုပ်ကို တစ်သက်လုံး မယုံနိုင်ခဲ့ဘူး ဆိုပေမယ့် ဒီတစ်ခါကော့ယုံပါ မပြုံးချို၊ ကျုပ် အများကြီး နောင်တရခဲ့ပါတယ်။ အခုတော့ မပြောပါရစေနဲ့ဦး၊ ထီးချိုင့်ကျတော့မှ ရွာသူရွာသားတွေရှေ့မှ အလုံးစုံသကာ်ရှင်းပြပါ့မယ်။ လိုက်ခဲ့စမ်းပါ"

ဟုပြောလေရာ ပြုံးချိုသည် စပ်ဖြူ၏ မျက်နှာထားကိုလည်းကောင်း၊ ဖခင်အား ကယ်ဆယ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများကို ထောက်ထားဆင်ခြင်မိသည်နှင့် 'သန်းခေါင်ထက် ညဥ့်မနက်နိုင်'ဟု စဉ်းစားကာ လိုက်ပါဖို့ ဝန်ခံလိုက်လေသည်။

ထီးချိုင့်ကား မြတ်သူနှင့် လုံးတင်တို့ လက်ထပ်မင်္ဂလာဆောင်နှင်းမည့်နေ့ဖြစ်၍ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ရှိနေကြ၏။ မင်္ဂလာဆောင်၌ ထော်ပတ်ထမင်း ကျွေးခဲလှသော ဒေသတွင် ထောပတ်ထမင်းနှင့် အုန်းထမင်း ကြိုက်ရာစားနိုင်၍ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် ဟင်းပေါင်းစုံချက်ပြုတ်စီမံထားသောကြောင့် တစ်ရွာလုံး တပြုံးပြုံး ဖြစ်နေကြသည်။ ရာခိုင်နှုန်း ၉၀ မျှသော ပရိသတ်ကမူ "ပြုံးချိုတို့ သားအမိကို သနားပါတယ်"ဟု တီးတိုးပြောကြပါပေသည်။

မန္တလေး ဗေဒင်ဆရာ တစ်ဦးက အခါပေးလိုက်သည့်အခါတိုင်း ၁၁ နာရီ ၁၅ မိနစ်အချိန်တွင် သတို့သားနှင့် သတို့သမီးတို့သည် ဝတ်ကောင်းစားလှနှင့် ကတ္တီပါဖုံကြီးများပေါ်သို့ ထွက်၍ယှဉ်တွဲကာ ထိုင်ကြသဖြင့် ဓာတ်ပုံဆရာက ဓာတ်ပုံရိုက်လျက်ရှိစဉ် ကသာမှ ကူးတို့သင်္ဘော ဆိုက်လာ၍





ကမ်းသို့ ကပ်မည်ဟု ဥသြပေးလိုက်လေသည်။ ဘယ်လိုဖြစ်သည် မသိ၊ သတို့သားနှင့် သတို့သမီးတို့သည် ဥသြသံ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားကြ၍ လုံးကင်သည် မြတ်သူ အနီးသို့ တိုး၍ ထိုင်လိုက်သည်။ ထို့နောက် လက်ထပ်ပေးမည့် ဘိသိက်ဆရာသည် ၁၁ နာရီခွဲအောင် စောင့်ရင်း နာရီကို ကြည့်လျက်ရှိသည်။ ပရိသတ်များ လှုပ်လှုပ်ရွရွ ဖြစ်လာ၍ "မောင်စပ်ဖြူ၊ မပြုံးချို သားအမိ"ဟူသော အသံများ ပေါ်ထွက်လာလေသည်။ ကုန်းပေါင်ထိုးပြီးသည်နှင့် တစ်ပြိုင်နက် စပ်ဖြူ ပြေးဆင်းလာ၍–

"နေဦး အစ်ကိုကြီး၊ ကျွန်တော် ပြောစရာတွေ ရှိသေးတယ်"

ဟုအော်ဟစ်ကာ မဏ္ဍပ်ဆီသို့ ဦးထုပ်ယမ်းလျက် ပြေးလာလေသည်။

လက်ထပ်ပေးမည့် ဘိသိက်ဆရာလည်း ယောင်ချာချာ ဖြစ်နေစဉ် စပ်ဖြူသည် မြတ်သူတို့ ထိုင်နေရာသို့ ပြေးဝင်လာ၍ မြတ်သူ၏ ခြေကို ဦးတိုက်ကာ ကန်တော့လျက်–

"ကျွန်တော် ပြစ်မှားခဲ့မိလေသမျှ ဝန်ချတောင်းပန်ပါတယ် အစ်ကိုကြီးခင်ဗျာ"

ဟု ကတုန်ကယင် ပြောလေသည်။ မြတ်သူက–

"ရှိပါစေတော့ကွယ်"

ဟုဆိုကာ ဖယ်တယ်တယ်လုပ်ရာတွင် လုံးတင်က–

"လုပ်ချင်တာတွေလုပ်ပြီး တောင်းပန်ရင် ပြီးစတမ်းတဲ့လား၊ သွားစမ်းပါကွယ်၊ လာရှုပ်မနေပါနဲ့"

"ရှုပ်တာ မင်းကွ မလုံးတင်ရဲ့၊ ငါ မဟုတ်ဘူး"

"သယ် လူပျိုခေါင်းကိုသီး ဘယ်သွားလဲ၊ ဒီကောင်ကို ဆွဲထုတ်စမ်းပါ"

ဟု လုံးတင် ဆိုလိုက်ရာ စပ်ဖြူကလည်း–

"တော်တော်ကြာတော့ မင်းကိုဆွဲထုတ်ရမှာ နားလည်လား"

"ဟေ့ စပ်ဖြူ၊ ဘာတွေ လျှောက်ပြောနေတာလည်း မလုံးတင်ဟာ ငါ့ မယားကွ"

ဟု မြတ်သူက ဆိုရာ စပ်ဖြူက–

"မဟုတ်သေးပါဘူး အစ်ကိုကြီးရာ၊ လက်မထပ်ရသေးပါဘူး။ ထပ်ပြီးရင်လည်း ကွာပစ်ရမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ လျှောက်ပြောနေတာလဲ စပ်ဖြူ"

"ဒီလို အစ်ကိုကြီးရ၊ ဘိလပ်မှာကုန်းက မပြုံးချိုသီက အစ်ကိုကြီးရကဲ့ စာဟာ ကျွန်တော်နဲ့ မလုံးတင်နဲ့က ချောက်ချတဲ့စာ အစ်ကိုကြီးရ"

"ဟ . . .သူ့လက်မှတ်ပဲ၊ သိပါတယ်"

"သူ့လက်မှတ်တော့ မှန်ပါတယ်။ ဒါပေမယ့် မလုံးတင်က ချောင်ပိတ်ညှပ်ပြီး လက်မှတ်ထိုးခိုင်းတာဗျ"

"ဘယ့်နှယ်ဟာလဲကွ၊ ဒီလိုဆို လက်မှတ်ထိုးရောတဲ့လား"

"ဦးမောင်က သတ်တာကို မမြင်ဘဲနဲ့ မြင်တယ်လို့ပြောပြီး နှုတ်ပိတ်ခဲ့တောင်းတာဗျ၊ သူ့အကြံချည်းပဲ"

ထိုအခါ လုံးတင်က–

"ဟဲ့ နင်လည်း ပါတာပဲ၊ ဘာလဲ နင်က"

ထိုခဏ၌ ပြုံးချိုတို့ သားအမိနှစ်ယောက် ဝင်လာကြရာ ခေတ်ရည်မလည့်တလည် ဖြစ်နေသော မြတ်သူမှာ ခရီးဦးကြိုပြုရမလိုလို ဆက်လက်၍ ထိုင်ရမလိုလို ယောင်ချာချာ ဖြစ်နေသေးသည်။ ဤတွင် ပြုံးချိုသည် မြတ်သူ၏ရင်ခွင်ထဲသို့ သားကလေးကို ပစ်ထည့်ကာ မြတ်သူ၏ ခြေသလုံးကို ဦးခေါင်းနှင့်ဝေ့လျက် ဘာမျှ မပြောနိုင်သေးဘဲ ရင်ဘတ်ထဲ၌ သမုဒ္ဒရာလှိုင်းတံပိုးထနေသည့်အလား တစ်ကိုယ်လုံး နိမ့်ချည်မြင့်ချည်ဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေရကား ပရိသတ်များမှလည်း နားမလည်သေးသည်နှင့် ယောင်လည်လည် ဖြစ်နေကြလေသည်။

မျက်ရည်များ အတန်ထုတ်လိုက်ရသည်နှင့် အနည်းငယ် ရင်ချောင်လာ၍ စကားပြောနိုင်သော အခြေအနေသို့ ရောက်သည့်အခါ ပြုံးချိုသည် မြတ်သူ၏မျက်နှာကို အတန်ကြာကြီး ဝအောင် ကြည့်ပြီးမှ–

"ဒီကိစ္စမှာ ဘယ်သူ့ကိုမှ ကျွန်မ အပြစ်မတင်လိုတော့ပါဘူး။ ကျွန်မရဲ့ အကုသိုလ်ကံ ဖန်တီးခြင်းလို့ သဘောပိုက်ပြီး ကျွန်မရဲ့အဖြစ်ကိုသာ ရှင်းပြပါရစေ ကိုမြတ်သူ"

ဟု ဆိုလေရာ မြတ်သူကလည်း . . .

"နေစမ်းပါဦး၊ မင်းကိုယ်တိုင် လက်မှတ်ထိုးတဲ့စာ မဟုတ်လား"

"မှန်ပါတယ် ကိုမြတ်သူ၊ လက်မှတ်မထိုးခင် အဖေကြီးသတ်တာကို မြင်တယ်လို့ သက်သေခံမယ်ဆိုကော့ သူများအဖေနဲ့ မတူအောင် ကြင်နာ





တတ်တဲ့ ကိုယ့်အဖေကြီး ကြိုးစင်တက်ရမှာက တစ်ဖက်၊ ကိုယ်မြတ်နိုးလွန်းလို့ မျက်မှောက်မျက်ကွယ် အိပ်ရာဝင်တိုင်း ကန်တော့ပြီးမှ အိပ်ခဲ့တဲ့ လင်ယောကျ်ားက ကိုယ့်ကိုသစ္စာမရှိတဲ့ မိန်းမယုတ် အထင်ခံရမှာက တစ်ဖက် ဖြစ်နေလေတော့ ချီတုံချတုံနဲ့ မဆုံးဖြတ်နိုင်ဘဲ အူအသည်း ကျွမ်းသန္တာ လန်နေလိုက်ပုံများ ပြောလို့တောင် မပြတတ်ပါဘူး ကိုမြတ်သူရှင့်။ အမှန်ပြောရရင် ကျွန်မက ကွဲရမှာထက် ဟုတ်လည်း မဟုတ်ပါဘဲနဲ့ မယားယုတ် တစ်ယောက်လို့ ကိုမြတ်သူ အထင်ခံရမှာကို အကြောက်ဆုံးပါပဲ။ ဘယ်သူက ထင်ထင် ကျွန်မ ခံနိုင်တယ်။ ကိုမြတ်သူက ကျွန်မကို သစ္စာမရှိဘူးလို့ ထင်လိုက်ရင် ကိုမြတ်သူလည်း နာရှာမယ်လို့ ကျွန်မ သိတယ်။ အဲဒါ ကျွန်မ အနာဆုံးပဲ။ ကိုယ့်တစ်ယောက်တည်း နာနေရတာ ကိစ္စမရှိဘူး။ ကိုယ့်အဟွက်ကြောင့် ကိုမြတ်သူ နာသွားရှာလိမ့်မည် ဆိုတာကို စဉ်းစားမိတိုင်း ရင်ထဲမှာ ဆို့ခနဲ နင့်ခနဲ ဖြစ်သွားပါတယ်ရှင်။ နောက်ဆုံးမှာ မွေးသဖခင် အသက်ငဲ့ပြီး ဆုံးဖြတ်လိုက်ရတော့များဆိုရင် ရင်ထဲက အသည်းတွေ၊ နှလုံးတွေ ပြုတ်ကြွေကုန်တော့မလားလို့ ထွန့်ထွန့်လူးနေအောင် ခံလိုက်ရပါတယ် ကိုမြတ်သူရယ်"

ဟု နှပ်တရှုပ်ရှုပ်၊ မျက်ရည်တသုတ်သုတ်နှင့် ပြောပြရာတွင် မဏ္ဍပ်အတွင်း၌ရှိသော ပရိသတ်များမှာလည်း မျက်ရည်တဝဲဝဲ၊ နှပ်တရှုပ်ရှုပ် လုပ်နေကြလေသည်။

လုံးတင်မှကား ပြုံးချို ပင်လာပြီး စကား စလိုက်ကတည်းက ဖုံပေါ်မှ ဆင်းပြီး အိမ်ပေါ်သို့ ပြေးတက်ခဲ့လေပြီ။ စပ်ဖြူမှာမူ အနီး၌ပင် ထိုင်လျက်ရှိသည်။

"ဒီလိုဆို မဟုတ်ဘဲနဲ့ ဝန်ခံထားတာပေါ့။ ဟုတ်သလားဟေ့ စပ်ဖြူ"

"မှန်ပါတယ် အစ်ကိုကြီး"

"မင်းမှာကော အပြစ်မရှိဘူးလား"

"ကျွန်တော့်မှာ အပြစ်ရှိပါတယ်။ မပြုံးချိုမှာ အပြစ်မရှိပါ ခင်ဗျာ"

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကာပင် စာပို့သင်္ဘောကြီးသည် ဗန်းမော်၊ ကသာတို့မှ စုန်လာခဲ့၍ ထီးချိုင့်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရာတွင် စုပုံထားသော ဝန်စည်စလယ်များအနီး၌ သားလေးကို မြူလျက်ရှိသော လင်မယားနှစ်ယောက်တို့အား မိတ်ဆွေ အမြောက်အမြားတို့က ဝိုင်းရံကာ နှုတ်ဆက်လျက် ရှိကြလေသည်။ သင်္ဘော၌ ကုန်းပေါင်ထိုးပြီး၍ ပစ္စည်းများကို ကူလီများက ထမ်းပိုးရွက်သယ်လျက်ရှိစဉ် လင်မယားနှစ်ယောက်တို့သည် သားကလေးအား မိဘနှစ်စုံတို့ကို လက်အုပ်ချီကာ ကန်တော့စေရန် သင်ပေးပြီးနောက် ၎င်းတို့ကိုယ်တိုင် ကန်တော့ကြရာ မိဘနှစ်စုံတို့အနက် ပြုံးချို၏မိခင် ဒေါ်ဆက်မှာ မျက်ရည်မသိမ်းနိုင်ဆုံး ဖြစ်သော်လည်း ခွဲခွာရမည့်အတွက်ကြောင့် ဝမ်းနည်းခြင်းထက် တစ်ရပ်တစ်ကျေးသို့ အလုပ်အကိုင်နှင့် တင့်တောင်းတင့်တယ် ပြောင်းရွှေ့ရခြင်းအတွက် ဝမ်းသာခြင်းက ပိုမိုပုံရသည်။ မြတ်သူမှာ လယ်ယာစိုက်ပျိုးရေးဌာနဘက်တွင် အရာရှိတစ်ယောက်အဖြစ်နှင့် မန္တလေးသို့ ပြောင်းရွှေ့ရမည်ဖြစ်ရာ ပြုံးချို၏ မိခင်ဖခင်တို့မှာလည်း ထီးချိုင့်သို့ ပြန်ရောက်ကြ၍ ဒုံရင်းနေအိမ်တွင် နေထိုင်ကြရန် ဖြစ်လေသည်။

မြတ်သူနှင့် ပြုံးချိုတို့သည် သင်္ဘောပဲ့ပိုင်း ဒုတိယတန်းမှ လိုက်ပါလာကြ၍ ကမ်းမှ သင်္ဘောခွာသောအခါ၌ ကမ်းပေါ်မှ တဘက်များ ယမ်းပြသူများက ပြကြ၍ ပြုံးချိုတို့ လင်မယားကလည်း သင်္ဘောပေါ်မှ လက်ကိုင်ပဝါယမ်းပြလျက်ရှိကြစဉ် တောင်ပေါ်မြသိန်းတန် ဘုရားအဆင်းရှိ ခြသေ့်ကြီးနောက်မှ ပုန်းကွယ်ကာ ချောင်းမြှော်ကြည့်နေသော မိန်းမပျိုမှာ မည်သူဖြစ်လေသနည်း။ မိန်းမပျိုသည် မှိုင်တွေချသော မျက်နှာနှင့် ငေးကြည့်နေစဉ် ခြသေ့်နောက်ဆီမှ ခြေသံမကြားစေရအောင် ရွရွကလေး လှမ်းထွက်လာသော လုလင်တစ်ယောက်က မိန်းမပျို၏ မျက်စိနှစ်လုံးကို လက်နှစ်ဖက်ဖြင့် ဖြည်းညင်းစွာ အုပ်ထားလိုက်သည်။ မိန်းမပျိုသည် ဆတ်ခနဲ လန့်သွား၍ အုပ်ထားသော လက်ကို ဖြေကြည့်လိုက်ရာတွင် စပ်ဖြူကို မြင်ရ၍ ချွတ်ထားသော ဖိနပ်ကို ကုန်းကောက်ပြီး ဆဲဆိုကာ အထပ်ထပ် ခုတ်ပါလေတော့သတည်း။

❑



# အချစ်ကြီးလို့

ကျွန်တော်သည် မင်းကတော် မလှစိန်ကို မန္တလေးမြို့ တရုတ်ကလပ်တစ်ခု၌ ရှေးဦးစွာ တွေ့မြင်ရဖူး၏။ မင်းကတော်ဆိုသော စကားကို ဝန်ထောက်အရေးပိုင် အဆင့်အတန်းတိုင်အောင် ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသည်ဖြစ်ရာ မလှစိန်မှာမည်သည့်အတန်းအစား အရာရှိကတော်ဖြစ်သည်ကိုမူ သေချာစွာ ထောက်လှမ်းစုံစမ်း၍ မရချေ။ ၎င်းကလပ်၌ စာရေး၊ စာချီ၊ ကုန်သည်၊ ပွဲစားမှစ၍ အချို့အရာရှိများကို တွေ့ရသည်ဖြစ်ရာ မိန်းမများအနက်မှ မင်းကတော်မလှစိန်မှတစ်ပါး အခြားမိန်းမ တစ်ယောက် နှစ်ယောက်ကိုသာလျှင် တွေ့မြင်ရဖူးလေသည်။ မလှစိန်အား ခင်ပွန်းဖြစ်သူနှင့် အတူတွဲဖက်လာရောက်ခြင်းကိုကားတစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးချေ။ မင်းကတော် ဒေါ်လှစိန်သည် အသက် ၄၀ နှစ်အရွယ်ခန့်ရှိ မျက်နှာထား တင်းမာလှသော အဒေါ်ကြီးတစ်ယောက်ကို အစဉ်မပြတ် အဖော်အဖြစ်နှင့် ခေါ်လာတတ်သည်။ မလှစိန် ကိုယ်တိုင်မှာမူ အသက် ၂၅ နှစ်နှင့် ၃၀ အတွင်းခန့်မျှသာလျှင် ခန့်မှန်းရလောက်ပေ၏။

မင်းကတော် မလှစိန်သည် မိန်းမချော မိန်းမလှ တစ်ယောက်ဖြစ်သည်ဟူ၍ ဆိုခဲ့သော် မှန်ကန်သော အဖြစ်အပျက်၏ ဆယ်ပုံတစ်ပုံမျှကိုသာ ဖော်ပြရာရောက်ပေလိမ့်မည်။ လှပသည် အရုပ်ဆိုးသည် ချောမောသည်ဟူ၍ ဖော်ပြရုံနှင့် မလုံလောက်သော မိန်းမများသည် များစွာရှိကြ၏။ မင်းကတော် မလှစိန်၏ လှပချောမောမှုကား ယှဉ်မှားဖွယ်ရာ မရှိပါပေ။ ကျွန်တော် တွေ့မြင်ဖူးသမျှသော မိန်းမများအနက်တွင် အချောဆုံးဟု မဆိုနိုင်စေကာမူ အချောဆုံး



www.burmeseclassic.com

www.burmeseclassic.com



သလေ့ဆုံးများအနက်တွင် တစ်ယောက်အပါအဝင် ဖြစ်သည်မှာကား ဧကန်မုချ ပေတည်း။ သို့ရာတွင် မင်းကတော် မလှစိန်၏ ရုပ်အဆင်းကို ဖော်ပြရာ၌ ချောမောလှပခြင်းတည်းဟူသော အခြင်းအရာမှာ အရေးမကြီးဆုံးသော အခြင်းအရာတစ်ခုမျှသာ ဖြစ်ချေသေး၏။ အဘယ်ကြောင့်ဆိုသော် မလှစိန်၏ ရုပ်အဆင်းသည် ဘီလူးမကဲ့သို့ အရုပ်ဆိုးစေကာမူ မြင်ရသူယောကျ်ားတို့၏ စိတ်ဓာတ်ကို ဆွဲငင်တတ်ခြင်းတည်းဟူသော သတ္တိမှာမူကား ထူးခြား ယုတ်လျော့ခြင်းရှိမည် မဟုတ်ချေသောကြောင့်ပေတည်း။ မလှစိန်၏ ကိုယ်လုံးကိုယ်ပေါက်နှင့် အနေအထား အချိုးအစားတို့မှာ အံ့တစ်ပါး အပါအဝင် ဖြစ်သည်ဟူ၍ပင် ဆိုလောက်သည်။ ဝတ်ပုံစားပုံမှာမူ အလွန်ပင်ဆန်းသော်လည်း ဆန်းသည့်အတွက်ကြောင့် ကန့်လန့်မကျသည့်ပြင် လှပချောမောသော မျက်နှာနှင့် ပြေပြစ်သိပ်သည်းခြင်းရှိသော ကိုယ်လုံးကိုယ်ပေါက်ကို ဆတက်ပိုးတိုး၍ ကြည့်ရှုကောင်းစေဖို့ ဖြစ်စေခဲ့လေသည်။ မလှစိန် ဝတ်ဆင်လေ့ရှိသော အဝတ်မျိုး အဆင်မျိုးကို အခြားသော မိန်းမများ ဝတ်ဆင်ခဲ့ပါမူ မိန်းမတစ်ထောင်အနက်တွင် တစ်ယောက်မျှသာလျှင် ကြည့်၍ကောင်းမည် ဖြစ်သော်လည်း မလှစိန်အတွက်မှာမူ ထိုအဆင်မျိုးသည် မလှစိန်အဖို့ သက်သက်ရည်ရွယ်ရက်လုပ်ထားဘိသကဲ့သို့ အလွန်တရာ ပန်လှပေ၏။

ထို့ပြင် မင်းကတော်မလှစိန်၏ မျက်နှာထားမှာ အစဉ်မပြတ် ကြည်ရွှင်ပြုံးချိုလှသည်ဖြစ်၍ မျက်နှာချင်းဆိုင်မိသူ၏ စိတ်ကို ကြည်ရွှင်အေးမြခြင်း ဖြစ်စေလျက် အသံခပ်အေးအေးနှင့် ခပ်ရွှန်းရွှန်း စကားပြောတတ်ခြင်း၊ သတ္တိကြောင့်လည်း ယောကျ်ားများသာလျှင်မက မိန်းမများပင်လျှင် ငေး၍ငေး၍နားထောင်နေကြသည်ကို တွေ့မြင်ရလေသည်။ မင်းကတော် မလှစိန်သည် ယောကျ်ားများကိုလည်းကောင်း၊ မိန်းမများကိုလည်းကောင်း မိမိအား အရေးယူဂရုစိုက်အောင် ကြိုးစားဟန် လက္ခဏာမရှိသည့်ပြင် ၎င်းတို့၏ အလေးပြုခြင်းကိုပင် အရေးမကြီး ပဓာန မထားဟန်လက္ခဏာ ရှိလေရာ၊ ထိုအတွက်ကြောင့်ပင် မလှစိန် တက်လာတိုင်း လူများများ ဝိုင်းကြဟန် တူလေသည်။ မင်းကတော် မလှစိန်ကို တရုတ်ကလပ်တွင် ပထမဦးစွာ တွေ့မြင်ရသော အခါ၌ ကျွန်တော်သည် မန္တလေးသား မောင်ဘကြွယ်နှင့် စကားပြောလျက် ရှိ၏။

မောင်ဘကြွယ်မှာ 'လူလည်'တစ်ယောက်ဖြစ်သည့်အတိုင်း ထိုကလပ်





သို့ ဝင်ထွက်သွားလာကြသော လူများအကြောင်းကို အတော်ပင် စုံလှင်စွာ သိရှိ၏။ ထိုအချိန်၌ ကလပ်သို့ရောက်နေသော လူများသည် လေးကောင်ဂျင် ထိုးလျက်ရှိကြရာ မင်းကတော်မလှစိန် ဝင်လာသောအခါတွင် ကစားခြင်း၌ မက်မောလျက်ရှိသော လူများပင်လျှင် ဦးခေါင်းထောင် ကြည့်ကြရ၏။ မလှစိန်သည် ဖက်ဖူးရောင် ဥဒေါင်းနှစ်ကောင် ကလျက်ရှိသော ဆေးရောင်စုံအရုပ်ရေးထားသည့် ပိုးတွန့်လုံချည်ကို ဝတ်လျက် ၎င်းနှင့် ဆင်တူ သွေးတူဖြစ်သော ပိုးတွန့်မာဖလာကို လည်ပင်းရောက်ပတ်၍ ဝင်လာ၏။ သပ်ရပ်ချောမွေ့စွာ ထုံးထားသော ဘီးဆံပတ်ကြီး၌ စိန်ဆံထိုး စိန်ဆံနှိပ်တို့သည် ဓာတ်မီးရောင်တွင် တပြောင်ပြောင် တဖျပ်ဖျပ် ရှိနေရာ လက်ယာဘက်လက်၌မူကား တစ်ဖက်တည်းသော စိန်လက်ကောက်ကို ဝတ်၍ လက်ဝဲဘက်၌မူ စိန်ကြိုးနှင့် ရွှေလက်ပတ်နာရီကို ဆင်ထား၏။ သို့ရာတွင် ကျွန်တော်၏ စိတ်၌ မြင်မြင်ချင်း ထိခိုက်ခြင်းဖြစ်သော အခြင်းအရာမှာ စိန်ထည်များထက် ၎င်း၏ ကြော့ရှင်းခံ့ညားသော ကိုယ်ဟန်အမူအရာပင် ဖြစ်လေသည်။ ၎င်းအား မမြင်တွေ့ဖူးသေးသောသူများသည် ၎င်းတို့အနီးရှိသူများအား မည်သူမည်ဝါဖြစ်ကြောင်းကို ကျွန်တော်ကဲ့သို့ပင် တီးတိုးမေးမြန်းလျက် ရှိကြ၏။ မလှစိန်၏ ကိုယ်ဟန်အမူအရာမှာ ဟန်လုပ်ခြင်း အလျဉ်းမပါဘဲ နဂိုအားဖြင့် မိဖုရားတမျှ ခံ့ညားသိက်မြိုက်လှသည့်အပြင် မည်သူ့အားမျှ ဂရုမစိုက် ပဓာနမထား၊ ပြောလိုရာပြော၊ ထင်လိုရာထင်ကြရော့ ဟူသော လွတ်လပ်သည့် အမူအရာမျိုး ဖြစ်လေသည်။ မလှစိန်၏ မျက်နှာထားကို ကြည့်ခြင်းအားဖြင့် အကဲခတ်ရမည်ဆိုသော် ထိုအခန်းတွင်း၌ မိမိမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်မျှ မရှိသကဲ့သို့လည်းကောင်း၊ ရှိသော်လည်း အသိအမှတ် မပြုဘိသကဲ့သို့ လည်းကောင်း ရှိချေ၏။ သို့ရာတွင် ဟန်ကြီးပန်ကြီး အမူအရာမျိုးကား အလျဉ်းမပါရှိချေ။ ဤသို့သော ကိုယ်ဟန်အမူအရာမျိုးနှင့် မျက်နှာထားမျိုးကိုမူကား ကျွန်တော်သည် မည်သည့် မိန်းမမျိုး၌မျှ မတွေ့မြင်ရဖူးချေ။

မလှစိန်သည် အဖော်မိန်းမကြီးနှင့်အတူ လွတ်နေသော နေရာ၌ထိုင်လျက်ရှိစဉ်–

ကျွန်တော် . . .

"ဗျို့ . . . ကိုဘကြွယ်၊ ဟိုမိန်းမ ဘယ်သူလဲဗျ။ တယ်စတိုင်ကျပါလား"

ကိုဘကြွယ် (ခပ်ပြုံးပြုံး အနေအထားနှင့် စီးကရက်ကို မီးညှိရင်း)



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော် မလှစိန်တဲ့ဗျ။ ဘာမင်းကတော်လဲ ဆိုတာတော့ ဘယ်သူမှ မပြောနိုင်ဘူး။ တချို့ကလည်း ဆွေတော်မျိုးတော်ထဲက ဆိုသလိုလို၊ တချို့ကလည်း ဝန်ထောက်ကတော်ကျ ဆိုသလိုလို ပြောကြတယ်။ သူ့အနားက ထိုင်တဲ့ ငနဲကလေး မြင်ရဲ့လား။ သံတော်ဆင့်တစ်ယောက်ရဲ့ သားပေါ့ဗျာ။ ကစားလည်း မတတ်ရှာဘဲနဲ့။ ဒီမိန်းမနဲ့ နီးနီးကပ်ကပ်ထိုင်ရရင် တော်စေတော့ ဆိုတဲ့သဘောမျိုးနဲ့ ညတိုင်းလာလာ ကစားလိုက်တာ အမွေကလေး သုံးလေးဆောင်းဟာ ပြုတ်လုပြီကော၊ သူ့လောက်ဟာတော့ ဟိုက ဘာဂရုစိုက်မလဲဗျာ။ မနှစ်တုံးက လယ်ဝန်ကလေးတစ်ယောက်ဟာ ကြိုက်ရှာလွန်းလို့ ရှုံးတော့ မလောက်ပဲ။ မယ်မင်းကြီးမက ကြိုက်တော့မလိုလိုနဲ့ လှိမ့်ပြီး နောက်ဆုံးတော့ ရက်တာနဲ့ သူ့ကိုယ်သူ စီရင်လိုက်ရှာပြီကော။

"ဒီလောက်တောင်ပဲလားဗျာ"

"ဒီလောက်တောင် မကသေးဘူးဗျ။ အပုံကြီး ရှိသေးတယ်။ သူက နံပါတ် သုံးလား၊ လေးလား မဆိုနိုင်ဘူး။ မယ်မင်းကြီးမ သတ္တိက ပထမတော့ ကြိုက်တော့မလိုလို မြှူပြီး တော်တော်ကြာတော့ ဒီလူဖြုတ်ပြီး ဟိုလူနဲ့ ဖြစ်ပြန်ရောဗျ။ ကျွန်တော့်မျက်စိအောက်တွင် ဘယ်နှစ်ယောက် ရှိနေပြီလဲဗျ။ ရည်းစားကို ရေလဲနဲ့ သုံးနေတဲ့ မိန်းမပေါ့။ ထူးပေတယ်ဗျာ။ တော်တော် ထူးတဲ့မိန်းမပဲ"

သိချင်စိတ်ကုန်သော်လည်း မေးလက်စရှိသည်နှင့်...

"ခင်ဗျား ဒီမိန်းမနဲ့ သိလား"

"သိပါသော်ကောဗျာ။ တစ်ခါနှစ်ခါ စကားပြောဖူးပါရဲ့၊ ဒီမိန်းမနဲ့ အသိအကျွမ်း ဖွဲ့ပေးဖို့ ဘယ်နည်းနဲ့မှ စိတ်မကူးဘူး၊ ခင်ဗျားတို့လို ကျွန်တော်တို့လို ဝါရင့်တွေတော့ ကိစ္စမရှိဘူးဗျာ၊ ခပ်နုနု သူငယ်တွေဆိုရင်တော့ တစ်ခါလောက် စကားပြောမိရင် ဘိန်းစွဲသလောက် မကဘူး၊ တကယ် စွဲလောက်တဲ့ ငနဲမဗျာ"

ထိုမိန်းမကိုယ်တိုင် ထလာသည်ကို မြင်သည်နှင့်...

"တိုးတိုး ဆရာကြီး၊ ဟိုမှာ ကျုပ်တို့ဆီ လာနေတယ်"

ထိုခဏ၌ မလှစိန်သည် လေးကောင်ဂျင်ဝိုင်းမှ ထလာ၍ အဖော်မိန်းမကြီးနှင့်အတူ ကျွန်တော့်အနီးသို့ လျှောက်လာသည်တွင် မောင်ဘကြွယ်ကို မြင်သည်နှင့် ခပ်ရွှန်းရွှန်း မျက်နှာနှင့် ဦးခေါင်းကို ငုံ့လျက်...





"ကိုဘကြွယ်ပါလား၊ ဒီကနေ့ ဟန်မရဘူးရှင့်၊ ထိုင်ကတည်းက တစ်ခါမှ မတိုက်ဘူး၊ ရှုံးလွန်းလို့ ထင်ပါရဲ့ အာခြောက်လိုက်တာ။ လင်မနှစ် တစ်ခွက်လောက်မှာပေးပါ ကိုဘကြွယ်၊ ဒေါ်သိုက်ကော သောက်ဦးမလား"

မောင်ဘကြွယ်သည် လင်မနှစ်မှာပြီးနောက် ကျွန်တော့်အား မင်းကတော် မလှစိန်နှင့် အသိအကျွမ်း ဖွဲ့ပေး၏။ မိန်းမနှစ်ယောက်တို့သည် ကျွန်တော်တို့ ထိုင်သောစားပွဲတွင် ထိုင်၍ လင်မနှစ်သောက်ရင်း ကျွန်တော်တို့နှင့် စကား ပြောလျက်ရှိစဉ် ကျွန်တော့်မှာ မလှစိန်၏ တည်ကြည်သော ဣန္ဒြေကိုသာ တွေ့ရသဖြင့် မောင်ဘကြွယ်သည် ပိုမိုချဲ့ထွင်၍ ပြောခြင်းဖြစ်လေသလော ဟူ၍ပင် တွေးတောမိ၏။

"အလို ဦးလည်း ဒီနေရာမျိုးများ ရောက်သကိုး"

ဟု ကျွန်တော် မှတ်မိသောအသံဖြင့် နောက်မှ ပြောလိုက်သည်နှင့် လှည့်၍ ကြည့်လိုက်ရာတွင် မောင်သန်းတင်သည် လှေကားမှ တက်လာသည်ကို တွေ့မြင်ရ၏။

"မောင်သန်းတင် လာဟေ့... မင်းတစ်ယောက်တော့ တောင်ကြီးတို့၊ ကလောတို့ လျှောက်လည်နေတယ်လို့ ထင်မိတယ်။ ဘယ့်နှယ် ဒီရောက်လာသလဲ"

"ဒီနေ့ပဲ ကျွန်တော် ပြန်ဆင်းလာတယ်။ ပျော်လိုက်တာ ဦးရယ်"

မောင်သန်းတင်သည် ကျွန်တော်နှင့် စကားပြောလျက်ရှိစဉ် မောင်ဘကြွယ်နှင့် စကားပြောနေသော မလှစိန်ကို စိုက်၍ ကြည့်နေ၏။

"ဦးနဲ့ သိတယ် မဟုတ်လား၊ ကျွန်တော်နဲ့ အကျွမ်းဖွဲ့ပေးစမ်းပါဦးရယ်"

ကျွန်တော်သည် မောင်ဘကြွယ် ပြောထားသော စကားအတွက်ကြောင့် ထိုသူငယ်၏ ဘေးအန္တရာယ်ကို မျှော်တွေးမိသော်လည်း မလှစိန်သည် ထိုခဏ၌ ကျွန်တော့်အား လှမ်း၍ စကားပြောလိုက်သည်နှင့် မောင်သန်းတင်၏ တောင်းခံချက်ကို ငြင်းပယ်ရန် မတတ်နိုင်အောင် ဖြစ်နေလေ၏။ မလှစိန်သည် ကျွန်တော်က အသိအကျွမ်းဖွဲ့ပေးသော မောင်သန်းတင်အား ပြုံးရွှင်သော မျက်နှာထားနှင့် ကြည့်ပြီးနောက် ၎င်း၏အနီးရှိ အားလပ်သော ကုလားထိုင် တစ်လုံးတွင် ထိုင်စေရာ မောင်သန်းတင်လည်း သွက်လက်စွာ ပြော၍ ဝင်ထိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းတင်မှာ အသက် ၂၀ ခန့်အရွယ်ရှိ၍ မြန်မာရုပ်ပီပီသသနှင့် ကြည့်ရှု၍ မငြီးနိုင်လောက်သော ရုပ်အဆင့်ရှိသည့် သူငယ်တစ်ယောက်ဖြစ်သည်။ ထိုညဥ့်၌ကား ရှမ်းပြည်နယ်တောင်ပိုင်း တောတောင်ပေါ်မှ လေညင်းလေသန့်ကို ရှုရှိုက်၍ ပြန်ခါစဖြစ်သဖြင့် ခန်မြူးချင်မတတ်ရှိအောင် ကျန်းမာခြင်းလည်း ရှိသည်ဖြစ်သောကြောင့် 'တို့ မြန်မာလူမျိုးတစ်ယောက် ကြည့်ကြစမ်းပါ' ဟူ၍ လက်ညှိုးထိုးပြရလျှင် ဂုဏ်ကျက်သရေရှိသည်ဟု မြန်မာတိုင်းက ထင်ရလောက်ပေသော သူငယ်တစ်ယောက် ဖြစ်ပေသည်။ မောင်သန်းတင်၏ ဖခင် စက်ပိုင်ရှင်ဦးတိုးအောင်မှာ ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်၍ မောင်သန်းတင်သည် ငယ်ငယ်ကလေးတည်းက ကျွန်တော်၏လက်ပေါ်၌ ကြီးလာသည်ဟူ၍ ဆိုရလောက်သည်။ မောင်သန်းတင်မှာ လွန်ခဲ့သော ခြောက်လခန့်က ဝန်ထောက်တစ်ယောက်၏သမီးနှင့် လက်ထပ်ခဲ့ရာ ကျွန်တော့်မှာမူ ထိုစဉ်အခါက အဝေးသို့ သွားနေခိုက်ဖြစ်သဖြင့် လက်ထပ်ပွဲသို့ မရောက်နိုင်သည် ဖြစ်သောကြောင့် မောင်သန်း၏ဇနီးကို မမြင်ရဖူးချေ။ သူငယ်ချင်းဦးတိုးအောင်ထံမှ ကြားရသော သတင်းအရအားဖြင့်ဆိုမူ မောင်သန်းတင်၏ ဇနီးမှာ ချစ်ခင်ဖွယ်ရာသော မိန်းကလေးတစ်ယောက် ဖြစ်ဟန်တူချေသည်။

မောင်သန်းတင်သည် မင်းကတော် မလှစိန်၏ မေးမြန်းချက်အရ တောင်ကြီးမြို့၊ ကလောမြို့များအကြောင်းကို နှုတ်လျှာသွက်သွက်နှင့် အားရပါးရ ပြောပြလျက်ရှိစဉ် ချစ်ခင်ဖွယ်ကောင်းသော မိမိ၏ဇနီးကို အလျဉ်းသတိရဟန်လက္ခဏာ မရှိချေ။ မလှစိန်သည် ပြောရသူအားရှိအောင် စိတ်ပါသော အမူအရာနှင့် ၁၀ မိနစ်မျှ နားထောင်နေပြီးနောက် ပြုံးရွှင်စွာသော မျက်နှာထားနှင့် မောင်သန်းတင်အား ကြည့်လျက် . . .

"နက်ဖြန်များ တွေ့ကြသေးလို့ရှိရင် တစ်ခါဆက်ပြီး နားထောင်ကြသေးတာပေါ့"

ဟု ပြော၍ ထသွားလေရာ ထိုမိန်းမ၏ မျက်နှာထားမှာ "တစ်ယောက်တော့ဖြင့် မိပြန်"ဟူလိုသော အဓိပ္ပာယ်ရှိသည်ဟူ၍ ကျွန်တော့် စိတ်၌ တွေးထင်မိ၏။ မလှစိန် ထသွားပြီးသည့်နောက် . . .

မောင်သန်းတင် . . .

"တယ်ပြီး စတိုင်ကျတဲ့ မိန်းမပါလား ဦးရယ်၊ ဘယ်သူတဲ့လဲ ခင်ဗျာ"

ဦးဘကြွယ် (မျက်နှာထားတည်တည်နှင့်) . . .





"ရည်းစားကို ရေလဲနဲ့ သုံးတဲ့ မိန်းမတစ်ယောက်ပေါ့ဗျာ။ သတိထားနော် ကိုသန်းတင်၊ ရန်ကုန်ရုပ်တာလည်း တစ်မျိုးပေါ့။ ကျုပ်တို့ မန္တလေးက ပွေတာလည်း တစ်မျိုးပဲဗျ"

မောင်သန်းတင်သည် တွေ့ခါစ လူတစ်ယောက်က ထိုသို့ သတိပေးခြင်းကို မခံချင်ဟန်နှင့် မျက်နှာပျက်လျက်ရှိသည်နှင့် ကျွန်တော်က ဝင်၍ . . .

"မောင်သန်းတင် မိန်းမကော ဘယ်မှာထားခဲ့သလဲ။ အမေကြီးများနဲ့ပဲလား၊ မင်္ဂလာဆောင်တုန်းက ဦးမလာနိုင်တဲ့အတွက် စိတ်တောင် မကောင်းဘူး မောင်ရယ်"

"ကလောက လှည့်ပြီးပြန်သွားတယ် ဦးရဲ့၊ သူ့အစ်မတစ်ယောက် လက်ထပ်မလို့ဆိုလား ဘာလားခင်ဗျာ။ ကျွန်တော်တော့ မန္တလေး မရောက်တာကြာတာနဲ့ လှည့်ဝင်လာခဲ့ရတယ်"

"မောင် ဘယ်တော့လောက် ပြန်မလဲ"

"တစ်ရက် နှစ်ရက်ပေါ့ခင်ဗျာ၊ အသေအချာတော့ မပြောနိုင်သေးပါဘူး။ ကိုင်း . . . မန္တလေးရောက်တဲ့အခါ နှံ့အောင် လယ်လိုက်ဦးမယ်။ ဦးရေ သွားလိုက်ပါဦးမယ်"

မောင်သန်းတင် ဆင်းသွားသည့်နောက် ကျွန်တော်နှင့် မောင်ဘကြွယ်တို့သည် လေးကောင်ဂျင် ထိုးသူများကို ငေးကြည့်ရင်း စကားမပြောဘဲ ဆိတ်ဆိတ် ထိုင်နေကြပေရာ ပြန်ခါနီးတိုင် ရောက်သည်တွင်မှ . . .

"ခုနင်က သူငယ်ဟာ ဦးနဲ့အကျွမ်းဝင်တဲ့ လူထဲကဖြစ်ရင် မနက်ဖြန်စောစောကြီး ရထားနဲ့ သူ့မြို့သူ ပြန်ပါရစေ ဦးရယ်။ သူ့အတွက် ဘေးအန္တရာယ် ကျွန်တော် မြင်ပါတယ်။ မလှစိန်အကဲ ကြည့်ရပုံတော့ ဒီစခန်းကို ဒီတွင် သိမ်းမယ့်လက္ခဏာ မရှိဘူးထင်တယ် ခင်ဗျာ"

"ဖြစ်နိုင်မယ် မထင်ပါဘူး မောင်ဘကြွယ်၊ သူ့မှာ မင်္ဂလာဆောင်ပြီးတာ ဘာကြာသေးလို့လဲ"

ကျွန်တော်သည် ထိုကဲ့သို့ မစိုးရိမ်ခြင်းဟန်နှင့် ပြန်ပြောမိသော်လည်း စိတ်ထဲ၌မူ မောင်သန်းတင်အတွက် အတော်ပင် ပူပန်မိခဲ့ချေပြီ။ မောင်သန်းတင်သည် မလှစိန်အပေါ်၌ အတော်ပင် စွဲငြိသွားကြောင်း ထင်ရှားသည့်ပြင် ရှောင်ကွင်းရန်ကိုလည်း စိတ်ကူးထည့်ဟန် မရှိချေ။ နောက်နှစ်ည သုံးည အတွင်း၌ ကျွန်တော်သည် မောင်သန်းတင်အတွက် စိတ်မအေးသည် ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုကလပ်သို့ ညတိုင်း သွားရောက် စောင့်ကြည့်ခဲ့ရာ မောင်သန်းတင်နှင့် မလှစိန်တို့သည် မှန်မှန်ကြီး လာရောက်ကြ၍ မောင်သန်းတင်ခမျာကလေးမှာ သနားဖွယ်ရာ ကောင်းသည့်တိုင်အောင် စွဲငြိလျက်ရှိသည့်အဖြစ်ကို တွေ့မြင်ရလေ၏။ မောင်သန်းတင်သည် မလှစိန်နှင့်အတူ ထိုင်၍ကစားခြင်း၊ အတူထိုင်၍ လင်မနစ်သောက်ခြင်း၊ အတူထိုင်၍ စကားပြောခြင်း စသည်တို့ကို ညစဉ်နှင့်အမျှ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ သူငယ်ချင်း၏ သားတစ်ယောက် ဖြစ်သည့်အတိုင်း သူငယ်အား သတိပေးစကားပြောကြားအံ့ဟု အောက်မေ့မိ၏။ ကျွန်တော်သည် ထိုသို့သောအမှုမျိုးကို ဆောင်ရွက်ရခြင်း၏ မသာယာဖွယ်သောအဖြစ်ကို သိရှိသော်လည်း မလွှဲမရှောင်သာသော ဝတ္တရားအနေမျိုးဖြင့် ဆောင်ရွက်မည် ကြံစည်မိ၏။

စတုတ္ထညဉ့် မောင်သန်းတင်သည် ကလပ်သို့ ရောက်နှင့်၍ မလှစိန်အား စောင့်ဆိုင်းမျှော်လင့်နေသည့် လက္ခဏာနှင့် တစ်ခုသောချောင်၌ ထိုင်လျက်ရှိရာ ထိုသို့သောအချိန်မှာ ကျွန်တော်ပြောလိုသော အချိန်အခါ မဟုတ်သော်လည်း အခန့်သင့်တွေ့ရသော အခွင့်အရေးကို လက်မလွှတ်တော့ပြီဟု ကျွန်တော် ဆုံးဖြတ်မိ၏။ သို့ဖြစ်၍ ကျွန်တော်သည် မောင်သန်းတင်၏ ဖိတ်ကြားခြင်း မရှိဘဲလျက်နှင့် အနီးရှိ ကုလားထိုင်သို့ ဝင်ထိုင်၍...

"ဘယ့်နှယ်လဲ မောင်သန်းတင်၊ မန္တလေးမှာ ဘယ်လောက်ကြာကြာနေဦးမယ် ကြံစည်သလဲ"

"မပြောတတ်သေးပါဘူး ဦးရယ်။ ဘယ်လိုမှ မဆုံးဖြတ်သေးပါဘူး"

"မဆုံးဖြတ်ရသေးရင် ဆုံးဖြတ်ဖို့ အချိန်တော်လောက်ပြီ ထင်တယ် မောင်သန်းတင်။ မောင့်မှာ လက်ထပ်ပြီးတာလည်း ဘာမှ မကြာသေးဘူး။ အိမ်က မိန်းကလေးက ဘယ်လောက် မျှော်နေရှာမလဲ၊ သူ့ခမျာမှာတော့ လည်ပင်းတစ်တောင်ပြည့်လို့၊ မောင်ကတော့ ဒီမှာ မင်းကတော်ကျ တစ်ယောက်နဲ့ပျော်လို့ မတော်ပါဘူး မောင်ရယ်၊ ဒီမိန်းမက အလကား မိန်းမစားမျိုးပါ"

ထိုအခါ မောင်သန်းတင်သည် ဘယ်အခြေအနေသို့ရောက်၍ စွဲငြိလျက်ရှိကြောင်း ကျွန်တော် သိရှိရ၏။ ကျွန်တော်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် မောင်သန်းတင်သည် ထိုင်ရာမှ ငေါက်ခနဲထ၍ ကျွန်တော်၏မျက်နှာကို စေ့စေ့ကြည့်လျက်...





"ဦးဟာ ကျွန်တော်ထက် အသက်ကြီးတာက တစ်ကြောင်း၊ ဖေဖေ့သူငယ်ချင်းဖြစ်တာက တစ်ကြောင်း၊ ဒီနှစ်ကြောင်းကို ထောက်လို့သာဦးရယ်။ နို့မို့များဖြင့် ဦးမျက်နှာကို ကျွန်တော် လက်သီးနဲ့ ကော်သတ်မိသေးတယ်။ အခုတော့ လူကြီးဖြစ်တဲ့အတွက် ဘယ်လိုမှတော့ မလုပ်တော့ပါဘူး။ အတူတူထမင်းစားပြီး ကြီးလာတဲ့ လူချင်းပါလို့သာ ကျွန်တော် ပြောလိုပါတော့တယ်"

ဟု ပြော၍ ဒေါပွသော အမူအရာနှင့် လက်သီးများကို ဆုပ်ပြီးလျှင်

"မလှစိန်ကိုများ ဒီလို မထီလေးစားပြောဝံ့တာ အံ့ဩလှတယ်ဗျာ"

ဟု ပြောလျက် လက်သီးနှင့် စားပွဲကို ထုလေ၏။

ကျွန်တော်သည် ဆက်လက်၍ ပြောသော်လည်း အကျိုးမရှိမည့်အဖြစ်ကို မြင်သည်နှင့် တစ်စုံတစ်ရာမျှ မပြောတော့ဘဲ မောင်ဘကြွယ် ရောက်လာသောအခါမှ အဖြစ်အပျက်ကို ပြောပြလေ၏။

"သွားနေကျလမ်းအတိုင်း လမ်းဆုံးအောင် သွားပြီးမှ ကိစ္စငြိမ်းမှာပါပဲဦးရယ်။ မလှစိန်ကို တောင်းပန်ရင်လည်း ဦးကို အရှုံးတောင် လုပ်လွှတ်လိုက်ဦးမယ်။ ဒီတော့ ဦးလည်း စပ်ကြားက လူမုန်းမခံပါနဲ့တော့ ခင်ဗျာ။ ငနဲကလေးကို အဆီအပြားကုန်အောင် စုပ်ပြီး ကြံဖွဲ့ကို လွှင့်ပစ်သလို တော်တော်ကြာတော့ စွန့်ပစ်လိုက်မှာပါ ခင်ဗျာ။ ဒီထက်တော့ နက်နက်နဲနဲ ဖြစ်နိုင်ဖို့ မရှိပါဘူး"

"မျက်စိအောက်မှာ မြင်ရပြန်တော့ ဒီလိုအတိုင်းတော့ ကျုပ် ပစ်မထားနိုင်ဘူး မောင်ဘကြွယ်၊ သူ့အဖကြီးဆီကို စာရေးပြီး တိုင်လိုက်ဦးမှပဲ။ တော်တော်ကြာတော့ သူ့ကို မပြောကောင်းလားလို့ အပြစ်တင်နေဦးမယ်"

ထိုညဉ့်၌ ကျွန်တော်သည် စာတစ်စောင်ရေး၍ သူငယ်ချင်း ဦးတိုးအောင်ထံထည့်လိုက်ရာ လေးရက်ခန့်ကြာသောအခါတွင် ဦးတိုးအောင်သည် မန္တလေးသို့ ဆိုက်ရောက်လာလေ၏။ ဦးတိုးအောင်သည် ကျွန်တော်တို့ တည်းခိုနေသောအိမ်သို့ တည့်တည့်မတ်မတ် ရောက်လာသဖြင့် ကျွန်တော်က သိရှိသမျှအဖြစ်အပျက်ကို စုံလင်စွာ ပြောပြလေ၏။

"တော်တော်တော့ ခွကျတဲ့ကိစ္စပဲ သူငယ်ချင်းရေ။ ကိုယ်တို့လူကတော့ဖြင့် မနေထိ ထိုင်မထိဖြစ်ပြီး မမြင်ရ မနေနိုင်တဲ့အဖြစ်တောင် ရောက်နေပြီ။ ကျုပ်လည်း သတိပေးပါတယ်ဗျာ။ ခင်ဗျားသားက အခုတလောဖြင့် ကျုပ်ကိုတောင် နှုတ်မဆက်တော့ပါဘူး။ ကျုပ်က ဒီမိန်းမအကြောင်းကို ကျုပ် ကြား



www.burmeseclassic.com

www.burmeseclassic.com



ရဖူးသလောက် ပြောပြတာကို သူက မခံနိုင်ဘူးဗျာ။ အမှန်ပြောရမှာဖြင့် သူငယ်ကလေးကို အပြစ်ဆိုစရာ ဒီလောက်မရှိပါပေဘူး သူငယ်ချင်းရေ၊ မိန်းကလေးကိုက ယောကျ်ားမြင်ရင် မစွံဘဲ မငြိဘဲ မနေနိုင်လောက်တဲ့မိန်းမ မျိုးပါပေ သူငယ်ချင်းရယ်"

"ဒီအကောင်ကလေး တည်းအိမ်ကို ကျုပ် လိုက်သွားပြီး ဆုံးမဦးမှပဲ။ သူငယ်ချင်း တစ်နည်းနည်းနဲ့ ချော့မော့ပြီး အိမ်ကို မပါပါအောင် ခေါ်သွားမှ တော်မယ်၊ မစန်းကြည်ကလေးကတောင် သူ့ကို မသင်္ကာတော့ဘူးဗျ။ မသင်္ကာဆို ချွေးမသားက မန္တလေးရောက်ကတည်းက စာတစ်စောင်မှ မထည့်ဘူးဗျ။ ကျုပ်နဲ့တောင် အတူတူလိုက်ခဲ့ပါရစေ ပြောနေလို့ မနည်းချော့ ပြီး ထားခဲ့ရတယ်။ တယ်ခက်တဲ့ ကောင်လေးဗျာ"

ဟု ပြော၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။

နှစ်နာရီခန့် ကြာသောအခါတွင် ဦးတိုးအောင်သည် ကျွန်တော်၏ တည်းအိမ်သို့ တစ်ခေါက်ရောက်လာပြန်ရာ ထိုသူ၏မျက်နှာမှာ ထိုနှစ်နာရီ အတွင်း ဆယ်နှစ်မျှ ကြီးရင့်အိုမင်းသွားဘိသကဲ့သို့ ဖြစ်သွားခဲ့လေပြီ။

"မရတော့ဘူး သူငယ်ချင်းရေ၊ ဘယ်နည်းနဲ့မှ ပြောလို့မရတော့ဘူး။ မစန်းကြည်ကို ယူမိတာဟာ သူမှားတယ်တဲ့ဗျ။ ဒီတော့ တစ်လျှောက်ကြီး အမှားမခံဘဲ ဒီစခန်းကို ဒီတွင် သိမ်းတော့မယ်တဲ့ဗျာ။ ဟိုမိန်းမကလွဲပြီး ဘယ်သူ့မှ မစုံမက်နိုင်၊ မပေါင်းဖက်နိုင်ဘူးတဲ့ဗျာ။ အခု သူတွေ့တဲ့ မိန်းမဟာ ဘယ်လိုတော်ကြောင်း၊ ဘယ်လို သိပ်သည်းကြောင်း၊ သူ့အပေါ်မှာ ဘယ်လို မေတ္တာထားကြောင်းတွေပေါ့လေဗျာ။ ပြောလိုက်တာ ကျုပ်ဖြင့် နှလုံးနာလွန်းလို့ နားလည်း မထောင်တော့ပါဘူး သူငယ်ချင်း"

ဦးတိုးအောင်သည် လက်ဝါးနှစ်ဖက်ပေါ်တွင် မေးတင်၍ တွေဝေငေး စိုက်လျက် ရှိသည်။ ကျွန်တော့်မှာမူ မည်သို့မျှ ပြောရန်စကား မရှိသည်နှင့် ကိုယ်ချင်းစာသောစိတ်ဖြင့် ငေးစိုက်ကြည့်နေရာ…

"ဒုက္ခပါပဲ သူငယ်ချင်း၊ တော်တော်ကြာတော့ ကျုပ်အကောင် ဒုက္ခတွေ့ မယ်ဗျ။ ဟိုက သူ့ကို တစ်သက်လုံးပေါင်းမှာမဟုတ်ဘူး။ အဆီအပြား ခန်းပြီဆိုရင် စွန့်ပစ်လိုက်မှာဗျ။ ပြီးတော့ ကျုပ်အကောင်က သူများနဲ့တူတာ မဟုတ်ဘူး၊ စိတ်ညစ်စရာရှိရင် သိပ်ပြီး ညစ်တတ်တဲ့အကောင်ဗျ။ ခက်မယ်၊ သင်းတော့ ခက်ဦးမယ်"





"ခင်ဗျားလူက အိမ်က မယားကို ကွာပြီး ဒီဟာကြီးကို ယူတော့မယ် လို့တဲ့လား"

"သူ့စိတ်ကူး ပလေဗျာ၊ ဟိုကတော့ ဘယ်လိုစိတ်ကူးမယ် မပြောတတ် ဘူး။ ကျုပ်တော့ သူ့လိုအကောင်ကို အတည်တကျယူမယ် မထင်ပါဘူးဗျာ"

ကျွန်တော်မှာလည်း ထိုနည်းအတူပင် အကဲခတ်မိလေ၏။ သို့ရာတွင် ထုတ်ဖော်၍မူကား မပြောချေ။

နောက်တစ်နေ့၌ မောင်သန်းတင်သည် မင်းကတော်မလှစိန်နှင့် ထွက် ပြေးပြီဟူသော သတင်းကို ကျွန်တော်တို့ ကြားကြရ၏။ ဦးတိုးအောင်မှာ အိမ်၌ကျန်ရစ်သော ချွေးမကလေး မစန်းကြည်အတွက် စိတ်မချမ်းသာသည် နှင့် ၎င်းတို့ရှိရာအရပ်သို့ ချက်ချင်း လိုက်သွားလို၏။ ကြားရသောသတင်း များမှာ မောင်သန်းတင်တို့သည် ပြင်ဦးလွင်သို့ ထွက်ပြေးကြဟန် တူ၏။ လိုက်လိုသောအကြောင်းနှင့် ပတ်သက်၍ သတင်းပို့လာသူ မောင်ဘကြွယ်နှင့် တိုင်ပင်ရာတွင်…

"မလိုက်လေနဲ့ ဦးရယ်၊ လူကြီးတန်မဲ့နဲ့ အလကား ဒုက္ခများနေတော့မှာ ပေါ့ စိတ်သာချပါဦးရယ်။ တော်တော်ကြာ ဦးသားကို ဒီအရင်က လူတွေလို စွန့်ပစ်လိုက်ပြီး ဦးသားမှာ တစ်လကိုးသီတင်းမျိုးဆိုသလို စိတ်အနာကြီး နာပြီးတော့ အိမ်ပြန်ရောက်လာမှာပါ ဦးရယ်၊ ဒီတော့မှ ဆီးပြီး သူ့စိတ်ကို ဆေးကုကြဖို့သာ ပြင်ထားကြပါ"

မောင်ဘကြွယ်၏စကားမှာ လူငယ်၏စကားပင် ဖြစ်သော်လည်း နည်းလမ်းကျသည်ဟု မှတ်ယူသည်နှင့် ဦးတိုးအောင်သည် ပြင်ဦးလွင်သို့ မလိုက်ဘဲ ရှိနေခဲ့လေ၏။ ဦးတိုးအောင်သည် ချွေးမ မစန်းကြည်ထံသို့ စာရေးထည့်လိုက်သည်။ ကျွန်တော် မသိလိုက်ချေ။ မစန်းကြည်သည် လင် ယောကျ်ား မောင်သန်းတင်အပေါ်၌ ယခင်ကပင် သင်္ကာမကင်း ရှိနေခဲ့ပါမူ ယခုအချိန်၌မူကား ရိပ်မိလောက်ချေပြီ။ တစ်နေ့သ၌ ကျွန်တော်သည် အောက်ပါသတင်းကို သူရိယသတင်းစာတွင် တွေ့မြင်လိုက်ရသဖြင့် ထိုင်ရာမှ ငေါက်ခနဲ ထမိ၏။

**ဂုတ်ထိပ်တံတားပေါ်မှ ကျ၍သေဆုံးခြင်း**

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် ဂုတ်ထိပ် တံတားကြီးအနီးရှိ ဘန်ဂလိုကလေးတွင် ခရီးသည်များအဖြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုလျက် ရှိကြကြောင်း၊ လွန်ခဲ့သော တနင်္လာနေ့ညနေက ခရီးသည်ယောက်ျားနှင့် မိန်းမသည် ဂုတ်ထိပ်တံတားကြီး၏ နံဘေး၌ ခြေကျင်ခရီးသည်များ လမ်းလျှောက်ရန်အတွက် သီးသန့်ကာရံထားသော လမ်းကလေးတစ်လျှောက် လျှောက်လာကြစဉ် ယောကျ်ားခရီးသည်သည် နံဘေး၌ ကာရံထားသော လက်ယမ်းကို လက်ယောက်လျက် အောက်သို့ ငုံ့ကြည့်ရာတွင် မူးဝေသဖြင့် ကျသွားဟန်တူကြောင်း၊ ၎င်းနေရာ၌ တံတားကြီးသည် ဖေပေါင်း ၃၀၀ ကျော်မျှ မြင့်သည်ဖြစ်၍ တံတားပေါ်မှ ကျသွားသူသည် တံတား၏တိုင်တစ်ချောင်းနှင့် ရိုက်မိပြီးနောက် လွင့်စဉ်ကျသွားရာတွင် အောက်၌ရှိသော ကျောက်ဆောင်များပေါ်၌ စိစိညက်ညက် ကျေလျက်ရှိကြောင်း၊ သေဆုံးသူမှာ ညောင်လေးပင်မြို့သား မောင်သန်းတင် ဆိုသူဖြစ်ကြောင်းနှင့် စုံစမ်းသိရှိရကြောင်း။

အထက်ပါသတင်းကို တွေ့ရှိရသောအခါ၌ ဦးတိုးအောင်မှာ ညောင်လေးပင်သို့ မပြန်သေးဘဲ မန္တလေးမြို့၌ပင် ရှိသေးသည်ဖြစ်ရာ ကျွန်တော်နှင့် ဦးဘကြွယ်တို့က အဆိုပါအဖြစ်အပျက်ကို ပြောပြသည်ဖြစ်ရာတွင် ရှူးမတတ်ပင် ဖြစ်သွားရှာ၏။ ဦးတိုးအောင်၏ စိတ်၌ကား၊ မိမိ၏သား မောင်သန်းတင်သည် စိတ်မြန်သော သူငယ်တစ်ယောက်ဖြစ်သည့်အတိုင်း မလှစိန်ကခွဲကြရန် အချိန်ကျပြီဟု ပြောရာတွင် 'ဘကြီးလည်း မမီ ထီးတင်ပွဲလည်း မတွေ့' ဟူသော စကားပုံအရ အရှက်ကြီး ရှက်သည်ဖြစ်၍ မိမိကိုယ်ကို အဆုံးစီရင်လိုက်ခြင်း ဖြစ်မည်ဟူ၍ တွေးထင်လျက်ရှိ၏။ ကျွန်တော်နှင့် မောင်ဘကြွယ်တို့ကလည်း ထိုနည်းအတူပင် တွေးတာမိကြသည် မှန်သော်လည်း ဦးတိုးအောင်အားမူ မတော်တဆ ဖြစ်ဟန်တူကြောင်းနှင့် ငြင်းခုံပြောဆိုကြရ၏။ ဦးတိုးအောင်မှာ သားသေဆုံးသည့်အတွက်ကြောင့် ဒေါသမီး လောင်ကျွမ်းသည်နှင့် မင်းကတော် မလှစိန်ကို တွေ့ခဲ့လျှင် ဆံထုံးဆွဲ၊ ပါးကိုချမည်ဟု ကြုံးဝါးလျက်ရှိ၏။ ကျွန်တော်ကမူ ထိုသို့ပြုလုပ်ခြင်းဖြင့် အရှက်ပိုကွဲရန်သာ ရှိသောကြောင့် တောင်းပန်တားဆီးကြရလေ၏။ သို့ပါလျက်နှင့် ဦးတိုးအောင်သည် ထိုရက်အတောအတွင်း မလှစိန်နှင့် မတော်တဆ တွေ့ဆုံခဲ့ပါမူ ဒေါသအလျောက် ပြုမိပြုရာ လုပ်ဦးမည့်လက္ခဏာ ရှိချေ၏။





ကျွန်တော်နှင့် ဦးတိုးအောင်တို့သည် မောင်သန်းတင်၏အလောင်းကို ယူရန်ကိစ္စအတွက် ပြင်ဦးလွင်ဆေးရုံသို့ လိုက်သွားကြသောအခါ မလှစိန်ကိုမူကား မတွေ့ရဟော့ချေ။ ဦးတိုးအောင်သည် ကျွန်တော်၏ အကြံပေးချက်အရ အလောင်းကို ပြင်ဦးလွင်၌ပင် သင်္ဂြိုဟ်ခဲ့ကြ၏။ ညောင်လေးပင်ရှိ လူများအားမူ သတင်းစာအားဖြင့်သာ သိစေတော့ဟု သဘောထား၍ အထူးတလည် အကြောင်းကြားခြင်း မပြုကော့ချေ။

ကျွန်တော်နှင့် ဦးတိုးအောင်တို့သည် ဆေးရုံကြီးမှ အမှုထမ်းတစ်ယောက်ကိုခေါ်၍ ဂုတ်ထိပ်တံတားသို့ သွားကြပြီးလျှင် အလောင်းကို တွေ့ရသောနေရာနှင့် တံတားပေါ်မှ ချော်၍ကျသော နေရာများကို ပြသစေ၏။ ကျွန်တော်သည် မူးဝေ၍ အားလွန်ကျသွားသည်ဆိုသော နေရာကို သေချာစွာ ကြည့်ရှုရာတွင် မတော်တဆဖြစ်ရသည်ဟူသော အချက်ကို မကျေနပ်နိုင်ချေ။ ဦးတိုးအောင် တွေးထင်သည့်အတိုင်း စိတ်မြန်၍ အရှက်ကြီး ရှက်လှသော သူငယ်တစ်ယောက် ဖြစ်သည်နှင့် ပြုမိပြုရာ မျက်စိမှိတ်၍ ခုန်ချလိုက်ခြင်း ဖြစ်သည်ဟူ၍သာလျှင် တွေးတောမိ၏။

ဦးတိုးအောင်မှာမူ မောင်သန်းတင် လိမ့်ကျသော နေရာ၌ရပ်လျက် ဦးခေါင်းယမ်းကာ အတန်ကြာအောင် ငေးကြည့်နေပြီးနောက် ကျွန်တော့်ထက်သို့ ရုတ်တရက်လှည့်၍…

"ကြည့်ပါ သူငယ်ချင်းရယ်၊ တစ်နေ့တော့ ကျုပ်သား ဒုက္ခတွေ့သလို ဒီကောင်မ ဒုက္ခတွေ့ရပါလိမ့်မယ်။ နားသာထောင်ပါ"

ဟု ပြောလေ၏။ ကျွန်တော်သည် ထိုစကားကို နှောင်သောအခါတွင် သတိရ၍ နိမိတ်ဖတ်ခြင်း ဖြစ်လေသလော ဟူ၍ပင် တွေးတောမိသေး၏။

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ပြီးနောက် သုံးနှစ်ခန့်ကြာသော အခါတွင် ကျွန်တော်တို့ မိသားတစ်စုသည် ဂုတ်ထိပ်တံတားကြီးသို့ သွားရောက်ကြည့်ရှုကြသဖြင့် တံတားအနီးရှိ ဘန်ဂလိုကလေးတွင် တည်းခိုလျက်ရှိကြ၏။ ကျွန်တော်တို့ မိသားဖသား တစ်စုသည် နံနက်ခင်းအချိန်မှ ဆိုက်ရောက်ကြ၍ နောက်တစ်နေ့တွင် ပြန်ကြရန် စီမံထားသည်ဖြစ်ရာ ညနေခင်းအချိန်၌ ကျွန်တော်တို့နည်းတူ တံတားကြီးကို လာရောက်ကြည့်ရှုသော ခရီးသည်များ ထပ်မံဆိုက်ရောက်လာကြပြန်၏။ နောက်ထပ် ရောက်လာသော ခရီးသည်များ လေးယောက်အနက် ကျွန်တော်သည် တစ်ယောက်သောမိန်းမကို မြင်မှူးပါသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြတင်းပေါက်မှ သေချာစွာ ကြည့်မိရာတွင် မင်းကတော် မလှစိန်ဖြစ်ကြောင်းကို သိရှိရလေ၏။ မလှစိန်နှင့် အတူတွဲလျှောက်လာသော မိန်းမမှာ မလှစိန်ထက် အသက်ငါးနှစ်ခန့်ငယ်၍ မိန်းမချောလေး တစ်ယောက်ပင် ဖြစ်သော်ငြားလည်း မလှစိန်နှင့်ယှဉ်လိုက်သောအခါ၌မူ လရောင်ကို နေရောင်လွှမ်းသည့်အလားကဲ့သို့ တိမ်မြုပ် မှေးမှိန်ရရှာလေသည်။ မလှစိန်မှာမူ ပထမဦးစွာ ကျွန်တော် တွေ့မြင်ဖူးစဉ်ကထက် မဆိုသလောက်ကလေးမျှ ဖိုင့်ဖိုင့်ဝဝဖြစ်နေသော်လည်း အလွန်တရာ ပြေပြစ်ကျစ်လျစ်လှသော ကိုယ်လုံးကိုယ်ပေါက်ကို ပျက်စီးစေလောက်အောင် မရှိသည့်ပြင် တစ်မျိုးအားဖြင့် ခံ့ညားသည်ဟူ၍ပင် ထင်မှတ်ရလောက်ပေ၏။ ၎င်း၏ မျက်နှာမူကား သုံးနှစ်မျှလောက်သော နှစ်ပရိစ္ဆေဒသည် အနည်းငယ်ကလေးမျှ ရင့်ရော်အိုမင်းစေခြင်းမှာ မစွမ်းနိုင်သည့်ပြင် မျက်ခွံနှင့် ပါးပြင်တို့မှာ ရှေးကထက် ဖောင်းဖို့ပြည့်ဖြိုးဟန်လက္ခဏာ ရှိချေ၏။

မလှစိန်နှင့် အဖော်မိန်းမသည် လက်ဆွဲသားရေအိတ်ငယ် တစ်လုံးစီနှင့် ကျောင်းသူဟန်ပါပါ တက်လာကြရာ အစေနှင့် သဏ္ဌာန်တူသော မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်သည် အိပ်ရာလိပ်စသော ပစ္စည်းများနှင့်နောက်မှ လိုက်လာကြ၏။ ကျွန်တော်သည် မျက်နှာကို စာအုပ်နှင့် ခပ်ကွယ်ကွယ်ပြုလုပ်၍ စာဖတ်နေစဉ် ကျွန်တော့်စိတ်၌ မလှစိန်သည် ကျွန်တော့်အား မှတ်မိချေမည်လော။ မှတ်မိခဲ့လျှင် မောင်သန်းတင် အကြောင်းကို စကားစပ်၍ ပြောသင့် မပြောသင့် ဆင်ခြင်စဉ်းစားလျက်ရှိ၏။ ကျွန်တော်သည် သူငယ်ချင်းတစ်ယောက်၏ သားကို ဖျက်လိုဖျက်ဆီး ကြံစည်သော မိန်းမတစ်ယောက်ကို မိတ်ဆွေသဘောထားမျိုးနှင့် ခေါ်ငင်ပြောဆိုရန်မူကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ သို့ရာတွင် ရိုင်းရိုင်းပျပျကြီးဖြစ်အောင် တင်းမာနေရန်မှာလည်း နည်းလမ်းကျမည် မထင်ချေ။ မောင်သန်းတင် သေဆုံးခြင်းမှာ မတော်တဆဖြစ်သည်ဟူ၍ အားလုံးက အသိအမှတ်ပြုထားပြီး ဖြစ်ပါလျက် အနာဟောင်းကို ခြစ်ကုတ်သည့် သဘောမျိုးနှင့် နှစ်ဦးစလုံး အနေခက်အောင်လည်း ပြုဖို့ရန် မသင့် စသည်ဖြင့် ဆင်ခြင်လျက်ရှိ၏။

မလှစိန်သည် ထိုညအိပ်စက်ကြရန် နေရာရေးအတွက် ရောက်နှင့်ပြီးသော ကျွန်တော်တို့ မိသားစုတစ်စုနှင့် တိုင်ပင်ကြရသောအခါတွင် ကျွန်တော်အား မြင်ဖူးပါသည်ဟူသော အကြည့်မျိုးဖြင့် ကြည့်နေသော်လည်း ကျွန်တော်





ကမူ မသိယောင်ပြုလျက်သာလျှင် နေခဲ့၏။ ကျွန်တော်၏စိတ်၌ မလှစိန်ကို မောင်သန်းတင် သေဆုံးသောနေရာ၌မူ ထိုကဲ့သို့ မချိန်းမဆို လာရောက်ဆုံစည်းမိခြင်းတည်းဟူသော အဖြစ်ကို များစွာ အံ့သြမိ၏။ ထိုမျှမကအောင် အံ့သြဖွယ်ကောင်းသော အခြင်းအရာတစ်ခု ဖြစ်ပေါ်ဦးမည်ကိုကား အိပ်မက်မျှပင် မမက်မိခဲ့ချေ။

ထိုည၌အဖို့၌ ကျွန်တော်၏ မယားနှင့် သမီးများကို တစ်ခုတည်းသော အိပ်ခန်းအတွင်း၌ ဧည့်သည်မိန်းမနှစ်ယောက်နှင့် အတူအိပ်စေရန် စီမံ၍ ကျွန်တော်တို့ သားအဖနှင့် အစေခံယောကျ်ားမှာမူ အခန်းမကြီး၌ အိပ်ကြရန် စီစဉ်ထားကြ၏။

ထိုညမှာ လဆန်း ၁၃ ရက်နေ့ည ဖြစ်သောကြောင့် လသာလှသည်နှင့် ကျွန်တော်တို့ သားအဖနှစ်ယောက်သည် ဂုတ်ထိပ်တံတားကြီးကို လရောင်တွင် ကြည့်ရှုရန် အကြံအစည်နှင့် ဘန်ဂလိုမှ ထွက်လာခဲ့ကြလေ၏။ ကျွန်တော်သည် ဂုတ်ထိပ်တံတားသို့ ဆိုက်ရောက်သည့်အချိန်မှစ၍ တစ်နေ့ပတ်လုံး သေသူမောင်သန်းတင်ကလေးကို မကြာခဏ သတိရခဲ့မိရာ သားအဖနှစ်ယောက် လမ်းလျှောက်ကြ၍ တံတားကြီးအနီးသို့ ရောက်လာသောအခါ၌မူ မောင်သန်းတင်ကလေး၏ မျက်နှာသည် မျက်စိထဲ၌ ကွင်းကွင်းကွက်ကွက် ထင်မြင်၍ လာခဲ့၏။ ထိုမှတစ်ဖန် သူငယ်ချင်းဦးတိုးအောင်သည် မည်ကဲ့သို့ ရှိလေသနည်း။ မုဆိုးမကလေး မစန်းကြည်မှာလည်း နောက်အိမ်ထောင်ပင် ပြုရှာလေပြီလော စသည်ဖြင့် တစ်နွယ်ငင်တစ်စင်ပါ ဟူဘိသကဲ့သို့ ဆက်လက်တွေးတောမိပြန်လေ၏။

ကျွန်တော်တို့ သားအဖနှစ်ယောက်သည် တံတားဦးသို့ ဆိုက်ရောက်ကြသည်နှင့်တစ်ပြိုင်နက် ပြင်းပြစွာ ထိတ်လန့်ကြောက်ရွံ့သည့် လက္ခဏာနှင့် ငယ်သံပါအောင် ဟစ်အော်လိုက်သည့် အသံသည် နားထဲသို့ စူး၍ဝင်လာလေရာ ကျွန်တော်သည် သား၏လက်ကိုဆွဲကိုင်၍ တန့်ရပ်ကာ နားထောင်ဆဲတွင် တံတားအောက်မှ အုန်းခနဲ မြည်သံကို ကြားလိုက်ရ၏။ ထိုခဏ၌ "ကြည့်ပါသူငယ်ချင်းရယ်၊ တစ်နေ့တော့ ကျုပ်သား ဒုက္ခတွေ့သလို ဒီကောင်မ ဒုက္ခတွေ့ရပါလိမ့်မယ်၊ နားသာထောင်နေပါ" ဟူသော ဦးတိုးအောင်၏ စကားကို ကျွန်တော်၏ နားထဲတွင် ဆတ်ဆတ်ကြားလိုက်ရ၏။

ထိုနောက် သားအဖနှစ်ယောက်တို့သည် တံတားပေါ်တွင် လူရိပ်လှုပ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



မြင်သည်နှင့် အဖြစ်အပျက်ကို စုံစမ်းရန် ခပ်သုတ်သုတ် လျှောက်လာကြရာတွင် မိန်းမတစ်ယောက်သည် ကျွန်တော်တို့ရှိရာသို့ ခပ်သုတ်သုတ်နှင့် လျှောက်လာသည်ကို တွေ့မြင်ကြရ၏။ အနီးသို့ရောက်လာသောအခါ ကျွန်တော်တို့သည် ထိုမိန်းမ၏မျက်နှာကို လရောင်တွင် ကြည့်လိုက်မိသဖြင့် မလှစိန်၏အဖော်မိန်းမဖြစ်ကြောင်း တွေ့ရှိရလေ၏။

"ဘာဖြစ်တာလဲ မိန်းကလေး"

"ကြောက်စရာကောင်းလိုက်တာရှင်၊ အမယ်လေး...ကြက်သီးထလိုက်တာ၊ မလှစိန်က လကလေးသာသာနဲ့မို့ တံတားပေါ်က မျှော်ပြီးကြည့်နေတုန်းမှာ ဘယ်လိုက ဘယ်နှယ့်ပေါ်လာတယ် မဆိုနိုင်ပါဘူး။ လက်ကြီးတစ်ဖက်ပေါ်လာပြီး မလှစိန်ကို တွန်းချလိုက်တာ တစ်ခါတည်း ဖောက်ထိုးမိုးမျှော်ကျသွားပါလေရောလားရှင်"

"ကြားလိုက်တယ်၊ လာလာ ပြန်ကြစို့ မိန်းကလေး၊ မင်းကြည့်ရတာ တုန်တုန်ယင်ယင်နဲ့ သိပ်ကြောက်နေတယ် မှတ်တယ်။ သေပြီဟာတော့ ဘယ်နှယ့်မှ မတတ်နိုင်ဘူးကွယ်၊ မနက်ကျမှပဲ တိုင်တန်းကြရတော့မှာပဲ"

၎င်းနောက် ကျွန်တော်တို့ သားအဖနှစ်ယောက်နှင့် မိန်းကလေးသည် အတူပြန်လာကြ၍ အဖြစ်အပျက်ကို သားမယားများအား ပြောကြရာတွင် လူအားလုံးပင် တစ်ညဥ့်ပတ်လုံး အိပ်မပျော်နိုင်ဘဲ ရှိကြ၏။

နောက်တစ်နေ့၌ ကျွန်တော်သည် မီးရထားအရာရှိများအား အဖြစ်အပျက်ကိုပြောပြရာ ၎င်းတို့မှတစ်ဆင့် ပုလိပ်များအား အကြောင်းကြားလိုက်သည်နှင့် မကြာမီအတွင်း ဂုတ်ထိပ်တံတားသည် အတော်ပင် လူစည်ကားလျက်ရှိနေလေ၏။

သက်သေခံခြင်းကိစ္စ ပြီးသည့်နောက် ကျွန်တော်သည် မလှစိန်သေဆုံးခြင်းကိစ္စနှင့် ပတ်သက်၍ အပြန်ပြန် အလှန်လှန် စဉ်းစား စိတ်ကူးမိရာ ဦးတိုးအောင်၏စကားသည် နိမိတ်ဖတ်သကဲ့သို့ ရှိချေသလော။ တံတားပေါ်၌ ထွက်ပေါ်လာသည်ဆိုသော လက်တစ်ဖက်သည် ထိုမိန်းကလေး၏စိတ်၌ ထင်မိထင်ရာ ထင်မိခြင်းမျှ ဖြစ်လေသလော။ သို့တည်းမဟုတ် ကွယ်လွန်သူမောင်သန်းတင်သည် အစိမ်းသရဲဖြစ်နေသဖြင့် အခွင့်သာသော ထိုညအခါတွင် လက်စားချေသောသဘောနှင့် မလှစိန်အား တွန်း၍ချခြင်း ဖြစ်လေသလော။ အကယ်၍ မိန်းကလေးစိတ်၌ ထင်မိခြင်းမျှသာ ဖြစ်ခဲ့ပါလျှင် မလှစိန်သည်





အဘယ်ကြောင့် တံတားပေါ်မှ လိမ့်၍ကျလေသနည်း စသည်ဖြင့် အဖန်တလဲလဲ မေးမြန်းမိ၏။

တစ်လခန့်ကြာရှိသောအခါ ကျွန်တော်သည် ညောင်လေးပင်မြို့သို့ ရောက်သွား၍ ထိုအခြင်းအရာကို သူငယ်ချင်း ဦးတိုးအောင်အား ပြောပြရာတွင်

"ကျုပ်မပြောဘူးလား သူငယ်ချင်းရယ်၊ တစ်နေ့တော့ ကျုပ်သားဒုက္ခတွေ့သလို သင်း ဒုက္ခတွေ့ရမယ်လို့ ကျုပ် မပြောဘူးလား။ ကျုပ်ပြောတဲ့အတိုင်း တစ်သဝေမတိမ်းဘူး မဟုတ်လား၊ ဒီနေရာမှာကို ဒီနည်းနဲ့ သေရတယ်လို့ မဟုတ်လား သူငယ်ချင်းရဲ့"

ဦးတိုးအောင်မှာ တစ်ယောက်တည်းသောသား သေဆုံးခဲ့သည်မှစ၍ ရှေးအခါက ဦးတိုးအောင် မဟုတ်တော့ဘဲ သုံးနှစ်မျှသောအချိန်သည် သူ့အား နှစ်ပေါင်းသုံးဆယ်လောက်ကဲ့သို့ပင် ရင့်ရော်အိုမင်းစေခဲ့ပြီးလေပြီ။ ဦးတိုးအောင် လင်မယားနှစ်ယောက်တို့မှာ အခြားသော သားသမီးမရှိသည်ဖြစ်၍ ချွေးမ မစန်းကြည်ကိုပင် သမီးအမှတ်နှင့် ထိန်းသိမ်းမွေးမြူလျက် ရှိကြ၏။

"ဒါထက် ကျုပ် ချွေးမကို မမြင်ဖူးသေးဘူး မှတ်တယ်။ နေဦးဗျာ မပြန်နဲ့ဦး၊ မနက်ဖြန်တော့ မစန်းကြည် ပြန်ရောက်လာပါလိမ့်မယ်၊ ရောက်တဲ့အခါ နေသေးတာပေါ့ သူငယ်ချင်းရယ်"

"မစန်းကြည်က ဟိုကတည်းက ခင်ဗျားတို့နဲ့ မခွဲသေးဘူးလား"

"ဟုတ်ကဲ့... အတူတူနေကြမယ် ဆိုပါတော့၊ နို့ပေမယ့် အညာက ဆွေမျိုးများဆီ လည်ချေပတ်ချေဦးမယ် ဆိုပြီး ထွက်သွားတာ သုံးလေးလလောက်ရှိသွားပြီ။ နက်ဖြန်တော့ ပြန်ရောက်မယ်လို့ စာရတယ်။ နေဦးနော် သူငယ်ချင်း"

"စောင့်သေးတာပေါ့ သူငယ်ချင်းရယ်။ ဒါထက် နေပါဦးဗျာ...အဖြစ်အပျက်အလုံးစုံကို မိန်းကလေး သိသွားသလား"

"မသိရှာဘူးဗျို့... တော်သေးတယ်၊ ခများကတော့ မတော်တဆဖြစ်တယ်လို့ပဲ ထင်နေရှာတယ်။ ပထမတော့ ရိုးကိုးရိပ်တိတ်လို့ တွေးမိရှာတယ် ထင်ပါရဲ့။ နို့ပေမယ့် ကျုပ်က မဟုတ်နိုင်ကြောင်း ပြောလေတော့ နောက်ဆုံးမှာ ကျေနပ်သွားရှာတယ် သူငယ်ချင်းရယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ ဦးတိုးအောင်၏ချွေးမ မစန်းကြည်သည် အထက်မြန်မာပြည်မှ ဆိုက်ရောက်လာခဲ့ရာ ကျွန်တော်နှင့် မစန်းကြည်တို့သည် မျက်နှာချင်းဆိုင်ကြသည်နှင့်တစ်ပြိုင်နက် တစ်ယောက်၏မျက်နှာကို တစ်ယောက် ငေးလျက်ကြည့်နေမိ၏။

အကြောင်းမူကား မစန်းကြည် ဆိုသူမှာ မလှစိန် သေဆုံးစဉ်အခါက တံတားပေါ်တွင် တွေ့ခဲ့ရဖူးသော မလှစိန်၏အဖော်မိန်းကလေး ဖြစ်နေပေသောကြောင့်တည်း။

"ပင်စင် အငြိမ်းစားဝန်ထောက် ဦးဖိုးသော် ဆိုကတည်းက ဖေဖေ ခဏခဏ ပြောဖူးတဲ့ ဦးဖိုးသော်ပဲလို့ မထွေးမိတာ ကျွန်မ ထူလိုက်အ,လိုက် ပါပေရဲ့ ဦးရယ်"

"ပြောစမ်းပါဦး မိန်းကလေးရယ်၊ ဦးဖြင့် နားမလည်နိုင်အောင် ဖြစ်နေပါပြီကွယ်"

"နားမလည်ရင် ကျွန်မ ရှင်းပြမယ်။ ဦးနားထောင်... ရှင်းပြပြီးတော့ ဦးသဘောအတိုင်း စီမံပေတော့၊ ကိုသန်းတင်ဟာ သူ့ကိုယ်သူ သတ်ပြီးသေစဉ်က ဦးဟာ ဖေဖေနဲ့ အတူတူ ရှိနေတယ်မဟုတ်လား"

ကျွန်တော်သည် တစ်စုံတစ်ရာမျှ မပြောဘဲ စိုက်၍သာ ကြည့်နေ၏။

"ဖေဖေတို့ မေမေတို့ကတော့ ကိုသန်းတင်ဟာ မတော်တဆ သေတယ်လို့ ကျွန်မထင်နေတယ် မှတ်ရာကြတယ်။ ကိုသန်းတင်ဆီက သူ ဒီလိုလုပ်မယ့်နေ့မှာ ကျွန်မဆီကို စာတစ်စောင် ထည့်လိုက်တာကို သူတို့ မသိရှာဘူး၊ ဒီစာကို ကျွန်မ မီးရှို့ပစ်လိုက်တယ်။

နို့ပေမယ့် ဒီစာကို ကျွန်မနှုတ်တိုက် ရွတ်လို့တောင် ပြနိုင်သေးတယ်။ သူ့စာထဲမှာ ကိုသန်းတင်ဟာ လူရိုးလူဖြောင့် တစ်ယောက်ဖြစ်ကဲ့အတိုင်း ဖြစ်သမျှ အဖြစ်အပျက်ကို တစ်ခုမကျန် အကုန်ဖွင့်ပြီး ရေးလိုက်တယ်ဦးရဲ့။ သူကတော့ဖြင့် ဒီမိန်းမကို မရရင် သူ့ကိုယ်သူ သတ်ပြီး သေတော့မယ်တဲ့။ ကျွန်မကိုလည်း နောက်နောင်ကို အိမ်ထောင်ရက်သားပြုဖို့ ခွင့်ပြုလိုက်တယ်"

ဟု ပြောပြီးနောက် မစန်းကြည်သည် ဦးတိုးအောင်၏ အိမ်ကြီးဆီသို့ အတန်ကြာအောင် ငေး၍ကြည့်နေမိ၏။ ထို့နောက်မှ...

"စာကိုဖတ်ရခြင်း ပထမတော့ ကိုသန်းတင်ကို စိတ်ဆိုးတာပေါ့။ စိတ်လည်း နာပါတယ်၊ အပုံကြီးပဲ နာမိတယ်။ နို့ပေမယ့် ကိုသန်းတင်





သေလို့ ရက်ကလေး အတော်ရလာတော့ စိတ်ထဲမှာ ဘယ်လိုဖြစ်လာသလဲ ဆိုတော့ ယခုဖြစ်ရခြင်းဟာ ကိုသန်းတင်တော့ဖြင့် မှားရှာတာ မှန်ပါရဲ့။ သို့သော် ခများတော့ သေရှာပြီ။ ဟိုမိန်းမတော့ သူတစ်ပါး လင်သားကို ဖျက်လိုဖျက်ဆီးကြံစည်ပြီး သူ့မှာ ဘာတစ်ခုခုမှ ဒုက္ခမရောက်သေးဘူးဆိုပြီး ဟိုမိန်းမကို ကျွန်မ သိပ်မုန်းတာပဲ ဦးရေ။

နောက်ဆုံးတစ်နေ့တော့ ကျွန်မ ဘယ်လိုစိတ် ပြဋ္ဌာန်းလိုက်သလဲဆိုတော့ ငါ့လင် ဒုက္ခရောက်ရသလို သင်းကိုလည်း ငါတစ်နေ့ ဒုက္ခရောက်အောင် လုပ်မယ်လို့ ပြဋ္ဌာန်းလိုက်တယ်။ ဘယ်ပုံဘယ်နည်းနဲ့ လုပ်ရမယ်ဆိုတာတော့ ဟိုတုန်းက အကြံမပေါ်သေးဘူးပေါ့ ဦးရယ်"

ကျွန်တော်သည် မိန်းကလေး၏ တင်းမာသောမျက်နှာထားကို စေ့စေ့ကြည့်ကာ နားထောင်လျက်ရှိ၏။

"လွန်ခဲ့တဲ့ လေးလလောက်ကတော့ ဒီမိန်းမအပေါ်မှာ လက်စားချေဖို့ အခွင့်ပေါ်လာတာကိုး ဦးရဲ့၊ ဒီမိန်းဟာ မန္တလေးမြို့ပေါ်မှာ တော်တော်နာမည်ကြီးတယ်လို့ သိရလေတော့ ကျွန်မက မန္တလေးသူရိယသတင်းစာထဲမှာ သူ့သတင်းများ ပါလေလေမလားလို့ တမင်မှာပြီး ဖတ်တယ်ဦးရဲ့။ လွန်ခဲ့တဲ့ လေးလလောက်ကတော့ မန္တလေးသူရိယထဲမှာ ကြော်ငြာတစ်ခုတွေ့တယ်။ ဘာလဲဆိုတော့ မင်းကတော် မလှစိန်က အင်္ဂလိပ်စကားသက်သက် သင်လိုတဲ့ အတွက် ဆရာတစ်ယောက် အလိုရှိတယ်တဲ့။ ကျွန်မထင်ကတော့ ဒီမိန်းမဟာ မြန်မာတွေကို ပိုင်းရတာ နယ်ကျဉ်းလေတော့ ဘိုတွေပိုင်းဖို့ အင်္ဂလိပ်စကား တတ်ချင်လို့ ဟွေ့မိတာကိုးရှင့်။

ကျွန်မ တွေးတာလည်း မလွဲပါဘူး။ ဒါနဲ့ ကျွန်မက ကြော်ငြာကို မြင်တော့ ဖေဖေတို့ဆီလည်ဖို့ ခွင့်တောင်းပြီး လူကိုယ်တိုင် သွားပြောတာကိုး ဦးရဲ့၊ ကျွန်မက အင်္ဂလိပ်လို ၁၀ တန်းအောင်ခဲ့တယ်။ မလှစိန်နဲ့တွေ့တော့ သူချစ်အောင် ခင်အောင် သနားလောက်အောင် ပြောပြရာတွင် ကျွန်မကို သူရွေးတော့တာကိုး ဦးရဲ့။ ကျွန်မနာမည်က အဲဟိုကျတော့ ဦးသိတဲ့အတိုင်း မမြရင်တဲ့ရှင့်"

ကျွန်တော်သည် သူငယ်မ၏ အစွမ်းကို ချီးမွမ်းရင်း ဦးခေါင်းညိတ်မိ၏။ ဆက်လက်၍...



www.burmeseclassic.com

www.burmeseclassic.com



"တော်လဲတော်တဲ့ မိန်းမပါပေရှင်။ ဒီအတောအတွင်း ကျွန်မကလည်း တတ်နိုင်သမျှ ခယဝယလုပ်ပေါင်းလေတော့ သူ့လခစားဆိုပေမယ့် မိတ်ဆွေ သူငယ်ချင်းလို ဖြစ်နေကြရောပေါ့ရှင်။

ဒီလိုအခြေအနေမှာ ကျွန်မက ဂုတ်ထိပ်တံတားကြီးကို မရောက်ဖူးလို့ လိုက်ပို့ပါလို့ ပူဆာတာကိုဦးရဲ့။ ပထမတော့ သူက ငြင်းတယ်၊ နောက်ဆုံး ကျတော့ ပူဖန်များတာနဲ့ လိုက်ပို့ဖို့ သူသဘောတူပြီး မီးရထားနဲ့ သွားကြပါ ရော ဆိုပါတော့ရှင်"

"နေပါဦး တူမရဲ့၊ ဒီမိန်းမရဲ့ အကျင့်စာရိတ္တကို တူမကြီးသိသလောက် ပြောပြစမ်းပါဦး"

"ဒီမိန်းမလား လူရှေ့သူရှေ့မှာ ဟန်တစ်လုံးပန်တစ်လုံးနဲ့ နေလေတော့ သူရက်စက်သလောက် ကုန်စင်အောင် ဘယ်သူမှ မသိကြဘူး။ သို့သော် ကျွန်မကိုတော့ ဟန်လုပ်ရမယ့် လူရယ်လို့ သူမထင်လေတော့ ကျွန်မနဲ့ နှစ်ယောက်တည်းနေတဲ့အခါမှာ သူ့စိတ်သဘောရင်းကို ဘွင်းဘွင်းကြီး ပြောင် ပြောင်ကြီး ဖော်ချတော့တာပဲ ဦးရေ။

သူ့ဝါသနာက ဘာလဲဆိုတော့ ယောကျ်ားကလေး ဟန်ဟန်ပန်ပန် တွေ့ရင် သူ့ကို မကြိုက်ကြိုက်အောင်မြူပြီး ကြိုက်လာပြီဆိုရင် ခြေဖနောင့်နဲ့ ပွတ်ချေချင်တဲ့ သဘောမျိုးဦးရဲ့၊ ဆန်းပါတယ် ဦးရယ်။ မကြုံဖူးအောင် ဆန်းတဲ့ မိန်းမပါပဲ။ တချို့ မိန်းမပေါ့များလို လျှပ်ပေါ်လော်လည်ချင်တဲ့ သဘောမျိုးလည်း မဟုတ်ပါဘူး ဦးရယ်။ ယောကျ်ားကို တမင်နှိပ်စက်ချင်တဲ့ မိန်းမမျိုးသက်သက်ပါ။ သူ့အကြောင်းကို ကျွန်မသိသလောက် လျှောက်ပြီး ပြောပြရင် ဦးတောင်ယုံမယ် မထင်ဘူး။ ဒီလောက်ရက်စက်တဲ့ မိန်းမ၊ ကရုဏာနည်းတဲ့မိန်းမ၊ ချစ်ခင်ကြည်နူးတတ်တဲ့ သဘောနည်းတဲ့ မိန်းမမျိုးကို တွေ့ဖူးဖို့မပြောနဲ့ ကြားတောင်မှ မကြားဖူးပါဘူး ဦးရယ်"

"နောက်ဆုံးညက အဖြစ်အပျက်ကို ပြောပါဦး"

"နောက်ဆုံးညကျတော့ ကျွန်မက လသာသာမှာ ဂုတ်ထိပ်တံတားကြီး သွားကြည့်စမ်းချေရအောင် မမလို့ ခေါ်ထားတာကိုး ဦးရဲ့၊ တော်တော် သတ္တိကောင်းတဲ့ မိန်းမပဲ၊ ဒီလိုဖြစ်တာတောင် သူလိုက်ဝံ့ပါတယ်။ သူမလိုက်ရင် လည်း ကျွန်မက သွေးဆောင်ဖို့နည်းတော့ ကျွန်မမှာ ရှိတယ်ပေါ့လေ၊ ဒါနဲ့ တံတားကြီးပေါ်ရောက်တော့ သူက ဘာပြောသလဲဆိုတော့ မမြရင်ရယ်တဲ့





ဒီနေရာရောက်တော့ ဟိုတုန်းက အုတုတုနဲ့ လူချောတစ်ယောက် တံတားပေါ်က ခုန်ချသေတာ သတိရသေးတယ်တဲ့။

ငနဲဟာက အုတုတုလူရိုးမို့ သူ့မယားကြီးကို ကွာရှင်းပြီး အသက်ထက် ဆုံး ရိုးမြေကျပေါင်းမယ်လေး ဘာလေးနဲ့ပြောလေတော့ သူက အမြင်ကတ်ကတ် နဲ့ မင်းလိုအကောင် ငါ့ဘာလုပ်ဖို့ တစ်သက်လုံး ပေါင်းရမှာတုန်းလို့ ပြန် ပြောလိုက်တယ်တဲ့။ ဒီတော့ ငနဲက သူ့ကိုမှ မပေါင်းရင် သေပါတော့မယ်လို့ တံတားပေါ်က ခုန်ဆင်းမယ်လို့ ရွယ်နေတော့ သူက တကယ်လုပ်ဝံ့တာလည်း မဟုတ်ဘဲနဲ့ ဟန်လုပ်ပြီး ပြမနေစမ်းပါနဲ့ ကိုညိုမြရယ်လို့ လုပ်ဖြစ်အောင် တွန်းပြောလိုက်သတဲ့။ သူလည်း ပြောပြီးရော အုတုတုငနဲလည်း တံတားပေါ်က ခုန်ဆင်းချလိုက်ကရောတဲ့ ပြောပြတာကိုးဦးရဲ့။ သူပြောပုံကလည်း ဦးရယ် ကရုဏာသံ နည်းနည်းကလေးမှ မပါလိုက်ဘူး။ လူတစ်ယောက်သေတာကို သူက ပျော်စရာကြီးတစ်ခုများ အောက်မေ့နေသလား မသိဘူး။ တခစ်ခစ်နဲ့ ရယ်ရင်းပြောသေးတယ် ဦးရဲ့"

"ရက်စက်ပါပေ့ တူမရယ်"

"ပြီးတော့ သူက ပြောသေးတယ်၊ ငနဲသေတော့ သူ့အိမ်က မြာအစုတ် ဟာက ဘယ်လိုများနေတယ် မပြောတတ်ဘူးတဲ့..."

ထိုခဏ၌ အိမ်တွင်းမှ ဦးတိုးအောင်၏အသံဖြင့်၊..

"သစ်ပင်ရိပ်အောက်မှာ စကားကောင်းတဲ့လူတွေ အိမ်ပေါ်လာကြပါဦး ဗျ။ မစန်းကြည်ရေ မင်းမေမေက မင်းတွေ့ခဲ့ရတာတွေ ပြောပြလှည့်ပါဦးတဲ့ ကွယ်"

မစန်းကြည်သည် ကျွန်တော်၏ မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် အိမ်ပေါ်သို့ တက်သွားလေရာ ဦးတိုးအောင်သည် ၎င်း၏နေရာတွင် ဝင်ထိုင်၍–

"ဘယ်နှယ့်လဲ သူငယ်ချင်း စကားလက်ဆုံဝင်ကြရဲ့လား။ ဒါထက် ဟိုမိန်းမ သေတဲ့အကြောင်းကို မစန်းကြည်များ သွားမပြောလိုက်ပါနဲ့ သူငယ်ချင်းရယ်။ သူ့လင်သေတာ အသစ်ပြန်ပြစ်နေဦးမယ်"

"ဟုတ်ပါရဲ့ မပြောတာ အကောင်းဆုံးပါပဲ"

❑



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ဖိုခနောက်ဆိုင်

၁၉၄၈ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက်နှင့်အတူ စစ်ကိုင်းတောင်ရိုး ရွှေမင်းဝံချောင်သို့ ဝိပဿနာတရား အားထုတ်ရန်အတွက် အလုပ်အားလပ်ခွင့်ယူ၍ သွားရောက်ခဲ့သည်။ တစ်ညနေတွင် အချိန်ကြာရှည်စွာ ထိုင်ရသည့် ကမ္မဋ္ဌာန်းအလုပ်ကြောင့် ညောင်းညာသည်နှင့် ခြေညောင်းလက်ဆန့်ဆိုသလို တောင်ရိုးတစ်လျှောက် 'ချောင်လည် ချောင်ပတ်' ထွက်လာခဲ့ရာ အချို့သော ချောင်များမှာ ကျောင်းထိုင် ပုဂ္ဂိုလ်လည်း မရှိ၊ သီလရှင်များလည်း မတွေ့ရဘဲ ကျောင်းများ ငုတ်တုတ်ရှိနေသဖြင့် စစ်အတွင်း၌ ရဟန်းတော်များ လူထွက်ခြင်း များလှသည်ဆိုခြင်းမှာ ဟုတ်ပုံရသည်ဟု စဉ်းစားမိတော့သည်။

ကျွန်ုပ်မှာ လမ်းလျှောက်ရင်း ညောင်းပြန်သည်နှင့် ခရေပင်များအုပ်၍ အရိပ်သခ်မ်းကောင်းလှသော ချောင်တစ်ချောင်သို့ဝင်ကာ ခရေပင်ကို ဝိုင်းရံ ဆောက်လုပ်ထားသည့် ထိုင်ခုံပေါ်၌ ထိုင်မိရာတွင် မျက်နှာချင်းဆိုင် ကျောင်းပေါ်မှ ရဟန်းတော်တစ်ပါးနှင့် မျက်နှာချင်း ဆိုင်မိပါတော့သည်။

ထိုပုဂ္ဂိုလ်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်မှာ မည်သည့် အကြောင်းကြောင့်မသိ၊ စိတ်ဝင်စားခြင်းရှိသည်နှင့် ထိုင်ရာမှထ၍ ကျောင်းပေါ်သို့တက်သွားပြီးလျှင် ရဟန်းတော်ကိုဝတ်ချ၍ အာလာပသလ္လာပ စကားပြောကြပါသည်။ ရဟန်းတော်မှာလည်း ကျွန်ုပ်ကို မြင်သည်နှင့်တစ်ပြိုင်နက် စကားပြောချင်သောစိတ်ဆန္ဒ ဖြစ်ပေါ်မိကြောင်း ဝန်ခံ၍ အလုပ်အကိုင်ကို မေးသဖြင့် ကျွန်ုပ်က ဟုတ်မှန်သည့်အတိုင်း လျှောက်ထားသည်တွင် ကျွန်ုပ်



BURMESE CLASSIC .com



အပေါ်၌ သာ၍ပင် စိတ်ဝင်စားသည့် မျက်နှာထားမျိုး ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။

ရဟန်းတော်၏ဘွဲ့တော်မှ ဦးဝိမလဖြစ်၍ အသက် ၅၀ ကျော်ခန့်ရှိပါသည်။ ခေတ်မြန်မာများအနက်တွင် နှာခေါင်းချွန်ချွန်နှင့် ကုလားလိုလိုလူများ၊ ဦးခေါင်းစောက်စောက်နှင့် ဘိုကပြားလိုလိုလူများ၊ အသားဖြူစပ်စပ်နှင့် ရှမ်းလိုလိုလူများ ပေါများလှပေရာ ၎င်းရဟန်းတော်၏ ထူးခြားသော အင်္ဂါရပ်တစ်ခုမှာ မည်သည့်သွေးမှ မရောစပ်သည့် မြန်မာစစ်စစ်ကြီးတစ်ယောက် ဖြစ်သည်ဟု တစ်ချက်တည်း ကြည့်လိုက်ရုံမျှနှင့် တစ်ခါတည်း သိနိုင်လောက်ခြင်းပင် ဖြစ်လေသည်။

အချို့ပုဂ္ဂိုလ်များသည် လူ့ဘောင်မှထွက်၍ ရဟန်းပြုလျက် ရှိကြသော်လည်း လူ့လောကကို အလျှဉ်မပြတ်သေးသည့် လက္ခဏာနှင့် လူမှုရေးရာများကို သိချင်တတ်ကြသည်ဖြစ်ရာ ထိုပုဂ္ဂိုလ်မှုကား လူ့လောကအကြောင်း လုံးဝ စိတ်ဝင်စားခြင်း မရှိသည့်အဖြစ်ကို ဣန္ဒြေဖြင့် လည်းကောင်း၊ စကားအပြောအဆိုဖြင့်လည်းကောင်း ထင်ရှားစွာ သိသာနိုင်ပေသည်။

ဦးဝိမလသည် ဝတ္ထုရေးဆရာတည်း ဟူသော အလုပ်အကြောင်းကို ကြားသိရသဖြင့် အထူး စိတ်ဝင်စားဟန်တူသည်ဟု ကျွန်ုပ် အကဲခတ်နိုင်သော်လည်း အဘယ်ကြောင့် စိတ်ဝင်စားလေသည်ကိုမူ ထိုစဉ်က အကဲမခတ်နိုင်ခဲ့ပေ။ လောကအကြောင်းကို သိလိုဟန်မတူသော်လည်း ကျွန်ုပ်အကြောင်းသက်သက်ကို သိလိုသည့်လက္ခဏာနှင့် မေးမြန်း၏။ လူ့ဘောင်၌ရှိစဉ် ကျွန်ုပ်ရေးသားသည့် ဝတ္ထုတို ဝတ္ထုရှည်များကို ဖတ်ဖူးပါသည်ဟု ဝန်ခံ၏။

စာရေးဆရာသည် အသစ်အဆန်းများကို စိတ်ကူးတတ်သည်ဆိုသော်လည်း တစ်ခါတစ်ရံတွင် တကယ်ဖြစ်ပျက်သော အခြင်းအရာများသည် စိတ်ကူးထက်ပင် ဆန်းကြယ်တတ်သည်ဟု ဦးဝိမလက မိန့်တော်မူသည်ကို ထိုစဉ်က ကျွန်ုပ် နားမလည် သဘောမပေါက်ဘဲ မှန်ပါ့ဘုရားဟူ၍သာ ဝန်ခံခဲ့ရသည်။ ကမ္မဋ္ဌာန်းထိုင်သော အလုပ်နှင့် ဝိပဿနာအလုပ်တို့၏ တူညီသော အချက်နှင့် ကွဲလွဲသော အချက်များအကြောင်းကို ဆွေးနွေးကြ၍ စကားလက်ဆုံဝင်သည်နှင့် နေဝင်လုနီးအချိန်တွင်မှ ကျွန်ုပ်တို့မှာ ထိုချောင်မှ ထွက်လာနိုင်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ရွှေမင်းဝံချောင်မှ ပြန်မည့်နေ့တွင် ဦးဝိမလထံသို့သွား၍ နှုတ်ဆက် ကန်တော့ခဲ့သေး၏။ ထိုနောက်တွင်မူကား ၎င်းကိုယ်တော်နှင့် တွေ့ရတော့သည် မရှိချေ။ လွန်ခဲ့သောကာလကမူ ပါဆယ်ထုပ် တစ်ထုပ်ကို စာတိုက်မှလက်ခံရရှိ၍ ဖွင့်ကြည့်ရာ အောက်ပါစာတစ်စောင်နှင့် ဖူးစကက် စာရွက်များ တွေ့ရှိရလေသည်။ စာတွင်ပါရှိသည်ကား–

**ဒကာကြီး ရွှေဥဒေါင်း**

လွန်ခဲ့သော သုံးနှစ်ခန့်လောက်က စစ်ကိုင်းတောင်ရိုးချောင်တွင် ဘုန်းကြီးနှင့်တွေ့ဖူးသည့်အဖြစ်ကို ဒကာကြီး မှတ်မိလိမ့်မည် ထင်သည်။ သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းပြုခဲ့ရသော်လည်း ဘုန်းကြီး၏ စိတ်ထဲတွင် လျှို့ဝှက်သိုသိပ်ထားသော အကြောင်းအရာ တစ်ခုရှိသည့်အတွက် စိတ်တနွေးနွေး ရှိခဲ့သည်။ မည်သူ့အားမျှလည်း ဖော်ထုတ် ပြောပြရန် မဖြစ်နိုင်သောကိစ္စဖြစ်၍ မျိုသိပ်ထားခဲ့ရသည်။ ယခုမှာ ဘုန်းကြီးကို မည်သူမျှ အရေးယူနိုင်သည် မဟုတ်သဖြင့် ဒကာကြီး ထံသို့ ဟုတ်မှန်သည့်အတိုင်း ရေးသားပေးပို့လိုက်သည်။ ဤစာကို ဒကာကြီးဖတ်ရှုသော အချိန်တွင် ဘုန်းကြီးမှာ မည်သည့်အစိုးရမျှ လက်လှမ်းမမီနိုင်သည့်နေရာသို့ ရောက်နေပါပြီ။ ဤအကြောင်းကို မည်သူ့အားမျှ ပြောပြမည် မကြံခဲ့သော်လည်း ဒကာကြီးနှင့် ထိုနေ့က တွေ့ရသည်မှစ၍ ပြောပြချင်သောစိတ် ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့သည်။ ဘုန်းကြီးကား စာချောအောင် မရေးတတ်၊ ဒကာကြီးက ပြင်ဆင် ရေးသား၍ သဘောရှိ အသုံးပြုနိုင်သည်။ သို့သော် အမည်နာမများကို ပြောင်းလွဲရေးသားဖို့ သတိပေးလိုက်ရပါကြောင်း။

**ဦးဝိမလ**

ကျွန်ုပ်သည် ဖူးစကက် စာရွက်များကို ဖတ်ကြည့်သောအခါ အမှန် ဆန်းကြယ်၍ စိတ်ကူးသက်သက်ထက်ပင် ထူးဆန်းပေသည်ဟု သိရှိသည့် အလျောက် အမည်နာမများကို ပြောင်းလဲကာ အောက်ပါအတိုင်း ဝတ္ထုသွား အနေဖြင့် ပြင်ဆင်ရေးသားလိုက်ရခြင်း ဖြစ်ပါကြောင်း။

ကျွန်ုပ်မှာ ရွှေဘိုနယ် ဆိပ်ခွန်ရွာသားဖြစ်၍ အမည် မောင်မြတ်ထွန်း ဖြစ်ပါသည်။ ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်၍ လယ်မြေဧက ၂၀၀ ကျော် ၃၀၀ ခန့်မျှ အမွေရရှိသည်ကို ဦးရီးတစ်ယောက်က ထိန်းသိမ်း၍





အသက် ဆယ့်သုံးလေးနှစ် ရှိကာမှ ရွှေဘိုမြို့ အင်္ဂလိပ်ကျောင်း၌ ခေတ်ပညာ သင်ရပေသည်။ သို့ဖြစ်၍ ခုနစ်တန်းမအောင်မီ လူပျိုကြီးဖားဖား ဖြစ်နေခဲ့ရာ ကျောင်းပိတ်ရက်များအတွင်း တစ်နေ့သ၌ ဆိပ်ခွန်ရွာသို့ မန္တလေးမြို့မှ အငြိမ့်အဖွဲ့တစ်ခု ရောက်လာ၍ အလှူပွဲများတွင် သုံးလေးရက် ကပြပါသည်။ အငြိမ့်မင်းသမီးမှာ စိန်ကြည်ကြည်ဖြစ်၍ ထိုခေတ်တွင် အချောဆုံး အငြိမ့်သမ အဖြစ်နှင့် နာမည်ကြီးသူဖြစ်ပေရာ ကျွန်ုပ်မှာ ကျောင်းသားဘဝ၌ ရှိသေးသော်လည်း မြင်ကတည်းက စွဲမက်လှသည်နှင့် မရမက ပိုးပန်းမိပါသည်။ စိန်ကြည်ကြည်နှင့်အတူ ၎င်း၏မိခင်လည်း လိုက်ပါလာရာ ကျွန်ုပ်သည် အငြိမ့်အဖွဲ့သားအားလုံးကို ငွေနှင့်ပေါင်းသည့်အပြင် မိခင်မိန်းမကြီးအားလည်း ချစ်အောင် သနားအောင် ပြော၍ လက်ဆောင်အမျိုးမျိုးနှင့် ကပ်ရပ်ပါသည်။ ထိုရက်အတွင်း၌ပင် မိခင်နှင့်တကွ အဖွဲ့သားအားလုံးသည် ကျွန်ုပ်၏ ဘက် တော်သား ဖြစ်လာကြ၍ ကျွန်ုပ်ဘက်မှ တွန်းကြ ပော့်ကြရာတွင် စိန်ကြည် ကြည်နှင့် နီးစပ်လာ၍ မန္တလေးမြို့သို့ ပြန်ကြသောအချိန်တွင် ကျွန်ုပ်လည်း လိုက်ပါသွားတော့သည်။

ထိုအချိန်တွင် ဦးရီးဖြစ်သူလည်း ကွယ်လွန်ပြီဖြစ်၍ လယ်မှရသော စပါးများမှာ ကျွန်ုပ်၏ သဘောအတိုင်း သုံးဖြုန်းနိုင်ခဲ့လေပြီ။ ဤအခြင်းအရာ များကို သိပြီးဖြစ်သော မိခင်ကြီးသည် သမီး စိန်ကြည်ကြည်နှင့် ကျွန်ုပ်တို့ကို သဘောတူသည်ဖြစ်ရာ မန္တလေးသို့ရောက်၍ တစ်လအတွင်း၌ပင် ကျွန်ုပ်မှာ စိန်ကြည်ကြည်နှင့် လက်ထပ်ပြီးခဲ့လေပြီ။ ထိုအချိန်၌ အသက်မှာ ၁၉နှစ်မျှသာ ရှိသေး၍ စိန်ကြည်ကြည်ကား ကျွန်ုပ်ထက် တစ်နှစ်ကြီးသဖြင့် အသက် ၂၀ ပြည့်လေပြီ။

အမှန်ဆိုရသော် ကျွန်ုပ်ပိုးပန်းပုံမှာ 'လူလည်'တစ်ယောက်၏ ပိုးပန်း နည်းမျိုး မဟုတ်။ ကလေးသူငယ် တစ်ယောက်ကဲ့သို့ ဖွတ်အတင်းကပ်၍ ရှိသမျှကို ပုံပေးသောနည်းဖြစ်ပေရာ ဝမ်းစာအတွက် ကပြရသော အငြိမ့်သမ တစ်ယောက်အဖို့တွင် အဘယ်မှာ ငြင်းဆန်လိုလိမ့်မည်နည်း။ ထိုနှစ်အဖို့ လယ်မှရသော စပါးအားလုံးကို ရောင်းချ၍ စိန်ကြည်ကြည်အဖို့ နားကပ် တစ်ရံနှင့် ဆွဲကြိုးတစ်ကုံးကို မန္တလေးရောက်သည်နှင့်တစ်ပြိုင်နက် ဝယ်ပေးပြီး ဖြစ်နေလေပြီ။ ဆွေမျိုးရင်းချာများက ပြောကြဆိုကြသော်လည်း ကျွန်ုပ်သည် ဘယ်သူ့စကားကိုမျှ နားမထောင်။ လယ်မြေမှတစ်ပါး အလွယ်တကူရှိနေသော ပစ္စည်း ဟူသမျှကို ပိုက်၍ မန္တလေးသို့ လိုက်သွားခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်ကြည်ကြည်နှင့် လက်ထပ်ပြီးနောက် ကျွန်ုပ်တို့ လင်မယားမှာ ဆိပ်ခွန်တစ်လှည့်၊ မန္တလေးတစ်လှည့် နေထိုင်ကြ၍ ကျွန်ုပ်အဖို့မှာ တာဝတိံသာ နတ်ပြည်က အရှင်လတ်လတ် လိုက်ခဲ့ရန် ခေါ်လျှင်လည်း လိုက်လိမ့်မည် မဟုတ်၊ အလွန်ကြည်နူး ပျော်ရွှင်လျက် ရှိတော့သည်။ စိန်ကြည်ကြည်လည်း အငြိမ့်မကစေရ။ ကျွန်ုပ်လည်း ဘာမျှမတတ်၊ ဘာမျှလည်း မလုပ်၊ အနှစ်နှစ်က တိုးပွားလျက်ရှိသော လယ်စုငွေဖြင့် ထိုင်စားခဲ့ရာ သုံးနှစ်လောက်အဖို့မှာ အကျေနပ်ကြီး ကျေနပ်၍ မိုးမမြင်လေမမြင့် ပျော်ရွှင်ကြပါပေသည်။ ဒုတိယ နှစ်တွင် စိန်ကြည်ကြည်၏ မီးခင် ကွယ်လွန်၍ ကျွန်ုပ်တို့နှစ်ယောက်တည်း ကျန်ရစ်ရာ သားသမီးလည်း မရခဲ့ချေ။

တစ်နေ့သ၌ စိန်ကြည်ကြည်က ရန်ကုန်သို့ ဘုရားဖူးဆင်းလိုသည် ဆိုသဖြင့် ကျွန်ုပ်တို့လင်မယားသည် ကျိုက်ထီးရိုး၊ ရွှေမော်ဓော၊ ရွှေတိဂုံ စသည့် တန်ခိုးကြီးဘုရားများကို လှည့်လည် ဖူးမြော်၍ နောက်ဆုံးတွင် ကြည့်မြင်တိုင် ကွမ်းရွံတန်းရှိ မိတ်ဆွေတစ်ဦးအိမ်၌ တည်းခိုကြ၏။ ၎င်း မိတ်ဆွေမှာ စိန်ကြည်ကြည်၏ အငြိမ့်အဖွဲ့တွင် စည်တီးသမားဖြစ်၍ အဖွဲ့ ပျက်ကတည်းက အောက်မြန်မာပြည်သို့ ရောက်နေသူဖြစ်ရာ ကျိုက်ထီးရိုး ဘုရားတွင် အဆင်သင့် ကြုံတွေ့သည်နှင့် ကျွန်ုပ်တို့လင်မယား အလည်လိုက် လာကြခြင်း ဖြစ်လေသည်။

တစ်နေ့သ၌ ကျွန်ုပ်တို့ လင်မယားသည် အိမ်ရှင် ကိုသက်တင်၏ 'တစ်'အရ မြင်းပွဲတွင် သုံးကောင်စွပ် လက်မှတ်တစ်စောင် ကံစမ်းလိုက်ရာ တိုက်လာသဖြင့် ငွေ ၃၈၇ ကျပ် အလျော်ရလေသည်။ ထိုနေ့မှစ၍ စိန်ကြည် ကြည်ကား မြင်းသမားတစ်ယောက် ဖြစ်သွားခဲ့လေပြီ။ လျော်ငွေကလေးဖြင့် ဝယ်ကြ ခြမ်းကြ သုံးဖြုန်းကြရင်း မြင်းပွဲကို တစ်ပတ်ပြီးတစ်ပတ် စောင့်မျှော် နေကြရာ ထိုနောက်တွင် သုံးကောင်စွပ်သာမက ပွဲတိုင်းထိုးချင်ကြ၍ လင်မယား နှစ်ယောက်စလုံး မြင်းပွဲသို့ အပတ်တိုင်း ရောက်နေကြလေပြီ။ ထိုအချိန်တွင် အလျော်ရသော ငွေသုံးရာကျော်မျှသာမက အိမ်မှပါလာသော ငွေကလေးများ လည်း ကုန်ပြီဖြစ်၍ လက်ဝတ်လက်စားများကို ပေါင်နှံရလေသည်။ ၎င်းတို့ ကုန်ပြန်သော် လယ်တစ်တောကို ပေါင်နှံရန် ဆိပ်ခွန်သို့ စာလှမ်းပေး၍ စာတိုက်မှ စာချုပ် လက်မှတ်ထိုးပြီး တင်ပို့သောနည်းဖြင့် အပေါင်ဖြစ်အောင် စီမံကြရ၏။ ထိုခေတ်တွင် လယ်ကို လူတိုင်းလိုချင်သောကြောင့် (ဓာတ်သိ





လည်း ဖြစ်သည်နှင့်) အဝေးမှ ပေါင်နှံသောနည်းဖြင့် စီမံရာ လယ်တစ်တော ပြီးတစ်တော ပြုတ်ခဲ့လေသည်။

ကျွန်ုပ်တို့ တည်းခိုသောအိမ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော တိုက်ခံ အိမ်ကြီးတွင် အထက်မြန်မာပြည်မှ ရောက်လာသော မူဆလင် ဧည့်သည် တစ်ယောက် တည်းခိုလျက်ရှိရာ ထိုသူမှာ ဥပဓိရုပ် ကောင်းသလောက် အခြေအနေလည်း ခိုင်ခန့်တောင့်တင်းဟန် တူ၏။ ထိုသူသည် ကျွန်ုပ်တို့ လင်မယားကို မြင်ကတည်းက ခင်မင်သည့်လက္ခဏာနှင့် မိတ်ကျွမ်းဖွဲ့လေရာ မိတ်ဆွေနည်းပါးသော ကျွန်ုပ်တို့ လင်မယားမှာ သူ၏အိမ်၌ 'စားရအိမ်၊ သောက်ရအိမ်' ဖြစ်နေကြလေပြီ။ သူကိုယ်တိုင်လည်း ကျွန်ုပ်တို့ အိမ်ဘက်သို့ ရံဖန်ရံခါ ကူးလာတတ်ပေရာ များသောအားဖြင့် ကျွန်ုပ်တို့က သွားရောက် လည်ပတ်ကြလေသည်။

မျက်လုံးပြူးပြူး၊ နှုတ်ခမ်းမွေးကောင်းကောင်း၊ အသားလတ်လတ် နှာတံပေါ်ကြီးနှင့် အလွန်ခံ့ညားလှသော ထိုလူကြီးများ၏အမည်မှာ မူလာအီစမန် ဖြစ်၍ အသက်မှာ သုံးဆယ်ခန့် ရှိလေပြီ။ စင်စစ်အားဖြင့် သက်ကြီးရွယ်ကြီး မဟုတ်သော်ငြားလည်း ကျွန်ုပ်တို့ လင်မယားထက် လေး-ငါး-ခြောက်နှစ် ကြီး၍ စိန်ကြည်ကြည်က အန်ကယ်ဟု ခေါ်သည့်အတိုင်း ကျွန်ုပ်ကလည်း ထိုနည်းအတူ ခေါ်ငင်ရာ ဆက်ဆံကြပုံများမှာလည်း အသက်အားဖြင့်လည်း ကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း တစ်တန်းကွာခြားသည့်အနေမျိုး ဖြစ် လေသည်။

ထိုသူသည် ရန်ကုန်မြို့နှင့် အညာကို ကူးချည်လာလှည့် ပြုလုပ်နေရာ ရောက်လာသည့်အခါတိုင်း ကျွန်ုပ်တို့ လင်မယားနှင့် အချိန်ကုန်လွန်စေသည်သာ များတော့သည်။ ကျွန်ုပ်တို့ လင်မယား အနက်တွင် မူလာအီစမန်သည် စိန်ကြည်ကြည်ကို ပို၍ လေးစားဟန်တူပေရာ ကျွန်ုပ်ကမူ ကျွန်ုပ်မယားကို မည်သူက လေးစားသည်ဖြစ်စေ သဘောကျပြီးဖြစ်၍ ကျေနပ်လျက် ရှိ၏။ ခေါ်ပုံပြောပုံ ဆက်ဆံကြပုံများမှာလည်း တူဝရီးသဘောမျိုး ဖြစ်သောကြောင့် ကျွန်ုပ်၏စိတ်ထဲတွင် သံသယ ကင်းရှင်းလှပေသည်။ တစ်ခါတစ်ရံတွင်မူ မူလာအီစမန်က ကျွန်ုပ်၏မျက်မှောက်၌ စိန်ကြည်ကြည်၏ပါးကို ဆွဲလိမ်ကာ ကျီစယ်ခြင်း၊ စိန်ကြည်ကြည်က သူ၏ ကျောကိုထုခြင်းများ မြင်ရသော်လည်း စိတ်ထဲ၌ မည်သို့မျှ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ကျွန်ုပ်တို့လင်မယားမှာ အကြီးအကျယ် 'မြင်းကန်' ခဲ့လေသည်။ ဆိပ်ခွန်၌ရှိသော လယ်တောအားလုံး ပြုတ်ပြုတ်ပြန်း၍ စားစရာလည်း မရှိ။ ရွာသို့ပြန်ရန် စရိတ်မျှပင် မရှိဘဲ အကျပ်ကြီး တွေ့နေကြလေပြီ။ မြင်းပွဲမှာ ၁၁၀ နိုင်သောအပတ်တွင် ပျော်ပျော်ကြီး သုံးဖြုန်းကြ၍ ၂၀၀ ရှုံးသောအပတ်တွင် မျက်နှာမဲ့နှင့် ဝမ်းလျားမှောက် အိပ်ခဲ့ရသော အကြိမ်ပေါင်းများခဲ့သဖြင့် ယခုတွင် ပေါင်နှံစရာလည်း မရှိ။ ဆိုင်ကလေးမှ ကြွေးယူစား၍ ဆိုင်ရှင်ကလည်း ဆူပူလှလေပြီ။

မူလာအီစမန်သည် ကျွန်ုပ်တို့လင်မယား မျက်နှာမသာခြင်းကို သိမြင်၍ စုံစမ်းမေးမြန်းရာ စိန်ကြည်ကြည်က ကျွန်ုပ်တို့၏ ငွေရေးကြေးရေး အခြေအနေကို ဟုတ်တိုင်းမှန်ရာ ဖွင့်ဟ ပြောပြတော့သည်။ ထိုအခါ မူလာအီစမန်က ကူညီပေးလျှင် လက်ခံမည်လောဟု မေးရာ မကြဲတတ်အောင် ဖြစ်နေသော ကျွန်ုပ်တို့ လင်မယားက လက်ခံပါမည်ဟု ပြောရတော့သည်။ သူ၏အစီအစဉ်မှာ အထက်မြန်မာပြည် ရွှေလီချောင်းဝ၌တည်ရှိသော အင်းရွာ အမည်ရှိ ရွာကလေးတွင် ၎င်းပိုင် ကုန်စုံဆိုင် တစ်ဆိုင်ရှိကြောင်း၊ ရွှေလီချောင်း တစ်လျှောက်လုံးတွင် မူလာအီစမိုင်ပိုင် ကုန်စုံဆိုင် အမြောက်အမြားရှိ၍ မန်နေဂျာများနှင့် လွှဲထားပြီးလျှင် ၎င်းက ရန်ကုန်သို့ ကုန်စည်ဝယ်ရန် ရုံဖန်ဆင်းလာရခြင်းဖြစ်ကြောင်း၊ အင်းရွာကုန်စုံဆိုင်၌ ခန့်ထားသော မန်နေဂျာမှာ ရိုးဖြောင့်သည် မထင်သဖြင့် ၎င်းနေရာတွင် ကျွန်ုပ်တို့လင်မယား အလုပ်လုပ်လိုပါက ခန့်ထားမည်ဖြစ်ကြောင်း၊ လင်မယားနှစ်ယောက်အနက် တစ်ယောက်ဈေးရောင်း၍ တစ်ယောက်က စာရင်းကိုင်လျှင် မပင်ပန်းဘဲ ဝမ်းဝ၍ ခါးလှနိုင်ကြောင်း ကျွန်ုပ်တို့လင်မယားအား လခ ၃၀ စီပေးမည့်အပြင် အမြတ်ငွေထဲမှ ကော်မရှင်ရာနိုင်နှုန်း ၁၀ လည်း ပေးဦးမည်ဖြစ်ကြောင်း ပြောပြလေရာ ကျွန်ုပ်တို့ ဝမ်းမြောက်စွာ လက်ခံလိုက်ကြရလေသည်။

ကျွန်ုပ်တို့လင်မယားသည် မူလာအီစမန်၏ စရိတ်ဖြင့် အင်းရွာသို့ တက်လာကြ၍ ကုန်စုံဆိုင်ကို ဦးစီးအုပ်ချုပ်ကြရာ ထိုခေတ်၌ ငါးတစ်ပိဿာ ခြောက်ပဲ–ရှစ်ပဲ၊ ဝက်သားတစ်ပိဿာ တစ်ကျပ်၊ ကြက်တစ်ကောင် ရှစ်ပဲ–ဆယ်ပဲ။ ဆီတစ်ပိဿာ ဆယ့်နှစ်ပဲ–တစ်ဆယ့်လေးပဲမျှသာ ပေးရ၍ ကုန်စုံဆိုင်တွင် အိမ်အဖြစ်နေရသည်လည်း ဖြစ်သောကြောင့် ကော်မရှင်အပထား၍ လခသုံးဆယ်စီနှင့်ပင် အပိုအမို သုံးရန်မရှိသော ထိုအရပ်၌ ကောင်းစွာ မှုလုံ





ပေတော့သည်။ အင်းရွာသို့ ရောက်ပြီး၍ လေးငါးခြောက်လ အတွင်းအဖို့မှု ကျွန်ုပ်တို့မှာ လွန်စွာ ကျေနပ်နှစ်သိမ့်လျက် မူလာအီစမန်အား ကျေးဇူးရှင်ကြီး သဖွယ် သဘောထားမိကြပါတော့သည်။

ကျွန်ုပ်တို့၏ ကုန်စုံဆိုင်မှာ နှစ်ထပ်အိမ်ကြီးဖြစ်၍ အောက်ထပ် အရှေ့ပိုင်းတွင် ဆိုင်တည်ခင်းလျက် နောက်ပိုင်းတွင် ကျွန်ုပ်တို့လင်မယား ချောင်ချိစွာ နေထိုင်နိုင်ပေသည်။ အပေါ်ထပ်မှာ မူလာအီစမန်သည် ရွှေလီမြစ်ရိုးတစ်လျှောက်ရှိ ဆိုင်များကို လှည့်လည်စစ်ဆေးရန် လာရောက်သော အခါများတွင် တည်းခိုရန် ဖြစ်လေသည်။ သို့ဖြစ်၍ အပေါ်ထပ်မှာ အများအားဖြင့် ပိတ်ထား၍ မူလာ ရောက်လာသောအခါမှ ခန်းဆီးများ တပ်ဆင်ကာ သပ်သပ်ရပ်ရပ်ဖြစ်အောင် လှည်းကျင်း ပြင်ဆင်ပေးရလေသည်။

ခြောက်လခန့် ကြာလတ်သော် မူလာအီစမန်သည် ခန္တီမံ(ထမင်းချက်) တစ်ယောက် တပည့်လေး တစ်ယောက်နှင့် ရောက်လာ၍ အပေါ်ထပ်၌ တည်းခိုနေထိုင်လျက် ရှိ၏။ ၎င်းဒေသတွင် မူလာအီစမန်သည် ထိပ်တန်းအရာရှိများနှင့် ရောနှောဆက်ဆံနိုင်၍ ရွာတိုးလျှိုင်းများသည် အဆိုအက အတီးအမှုတ်များနှင့် လာရောက် ဖျော်ဖြေကြပေရာ အမြင်အားဖြင့် သူဌေးတစ်ယောက်အနေ ရှိပေတော့သည်။ မူလာရှိနိုက်တွင် ဘီဘီတီစီ ကိုယ်စားလှယ်များ၊ မြို့နယ်၊ နယ်ပိုင်၊ တောအုပ်၊ ဝန်ထောက် စသော အရာရှိများအား ဖိတ်ခေါ်ကျွေးမွေး ဧည့်ခံသဖြင့် ကျွန်ုပ်တို့ ဈေးဆိုင်မှာ တဖြုန်းဖြုန်းတည်ည်ဖြင့် စည်ကားဆူညံလှပေသည်။

ထိုရက်များအတွင်း၌ စိန်ကြည်ကြည်သည် မူလက သဘင်သည်ဖြစ်ခဲ့သည့်အလျောက် မူလာအီစမန်၏ တောင်းပန်တိုက်တွန်းချက်အရ တီးဝိုင်းများတွင် တေးသီချင်းများ သီဆိုလေရာ ကျွန်ုပ်မှာ ဇာတိပေါ်မည်စိုး၍ ရှက်သော်လည်း ကျေးဇူးရှင်သဖွယ် ဖြစ်နေသူ၏ တိုက်တွန်းချက်ဖြစ်သောကြောင့် အောင့်အီး သည်းခံရတော့၏။ မူလာ ရောက်လာသည့်နေ့မှစ၍ စိန်ကြည်ကြည်မှာ အပေါ်ထပ်တွင် တစ်နေ့ထက်တစ်နေ့ အချိန်ကုန်များလာခဲ့ရာ နောက်ဆုံးတွင် ချက်ပြုတ်စားသောက်ရုံနှင့် အိပ်ရုံလောက်သာ ဆင်းလာတော့သဖြင့် ဆိုင်တာဝန်ကို ကျွန်ုပ် တစ်ယောက်တည်း ထမ်းရတော့၏။ သို့သော် မူလာ တစ်သက်လုံး နေမည်မဟုတ်ဆိုကာ ဖြေဆည်ရ၍ မျက်နှာသုန်မှုန်သောအခါများတွင်လည်း စိန်ကြည်ကြည်က ကန့်ကလျ စကားများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပွတ်သီးပွတ်သပ် လုပ်လိုက်ခြင်းဖြင့် စိတ်ဖြေရလေတော့သည်။

မူလာအီစမန် ကိုယ်တိုင်ကလည်း ကျွန်ုပ်အား သူ၏ လခစားတစ်ယောက်အနေဖြင့် သဘောမထားဘဲ အတန်းတူ လူချင်းကဲ့သို့ ရှေးကအတိုင်း ခေါ်ပြောဆက်ဆံပေသဖြင့် ကျေနပ်ရပါတော့သည်။ သို့သော် နယ်အရာရှိများနှင့် သူဌေးကိုယ်စားလှယ်များအား ညစာတည်ခင်း ကျွေးမွေးခြင်းများသို့ ကျွန်ုပ်အား ဖိတ်ကြားသော်လည်း မသွား၊ စိန်ကြည်ကြည်သာလျှင် သွားလေ့ရှိ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် သင်္ဘောမှ ရောက်လာသည့် ကုန်ပစ္စည်းများကို ဆိုင်ထဲတွင် နေရာတကျ စီစဉ်တည်ခင်းလျက်ရှိစဉ် ပင်နီအင်္ကျီ ကွင်းထိုးခုံဖိနပ်နှင့် ကောင်းဘွိုင်ဦးထုပ်မျိုး ဆောင်းထားသည့် လူတစ်ယောက်ဆိုင်ထဲသို့ ဝင်လာ၍ ပခုံး၌လွယ်ထားသော လွယ်အိတ်ကို ခုံတန်းလျားပေါ်သို့ ပစ်ချလိုက်ပြီးလျှင်–

"အီစမန်ဆိုတဲ့ကောင် ဘယ်မလဲ"ဟု မေးလိုက်၏။

ကျွန်ုပ်သည် အလွန်အံ့သြ၍ ထိုသူကို မော့ကြည့်လိုက်ရာ အလွန်တင်းမာခက်ထန်သော မျက်နှာထားနှင့် လွန်စွာကြီးမားသော မေးရိုးကြီးအပြင် နက်မှောင်တုတ်ခိုင်သော မျက်လုံးများအောက်၌ နက်လှစွာသော မျက်ကွင်းထဲတွင် မျက်လုံးကလေးနှစ်လုံး တလက်လက်တောက်နေသည်ကို မြင်ရ၏။ အသက်မှာ သုံးဆယ်ကျော်မျှရှိဦးမည် ဖြစ်သော်လည်း လောကကို ဂရုမစိုက်သော ဟန်အမူအရာကြောင့် လေးဆယ်ကျော် ရှိပြီဟု ထင်စရာ ဖြစ်၏။

"ဘယ်က အီစမန်ကို မေးပါသလဲ ခင်ဗျာ၊ ကျွန်တော်တို့ ဆီမှာ"

"ဘယ်က အီစမန်ရမှာလဲ မူလာအီစမန် ဆိုတဲ့ကောင်ပေါ့၊ ဒီဆိုင် သူ့ဆိုင်ဆို မဟုတ်လား"

ထိုခဏတွင် သင်္ဘောမှ ဈေးဝယ်၍ အတူတကွ ပြန်လာကြသော စိန်ကြည်ကြည်နှင့် မူလာအီစမန်တို့သည် ဆိုင်ရှေ့သို့ ရောက်လာကြရာ မူလာအီစမန်သည် ထိုသူကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် တံခါးဝတွင် ရပ်တန့်ကာ မျက်မှောင်ကြုတ်လျက်–

"ဟေ့ကောင် ဘာလာရှုပ်နေတာလဲ"

ဟု မေးလိုက်၏။ ထိုသူသည် တံခါးဘက်သို့ ချာခနဲလှည့်၍ ရင်ဘတ်ကော့ကာ ရပ်လျက်–





"ဘာမှ လာမရှုပ်ဘူး။ ငါ့ပိုက်ဆံပြန်တောင်းချင်လို့ လာတာ၊ ပြန်ပေးမလား၊ မပေးဘူးလား"

ဟု ရှူတင်းတင်းဖြင့် မေးလိုက်၏။

ထိုအခါ မူလာအီစမန်၏ မျက်နှာသည် ပန်းဆီနှင့် ပက်ဖျန်းလိုက်သကဲ့သို့ ရဲခနဲနီတက်လာ၍ လက်သီးဆုပ်ကာ ရှေ့သို့လှမ်းတက်လာရာ ကျွန်ုပ်မှာ ရန်ဖြစ်ကြတော့မည်ဟု သိသော်လည်း မဖျန်ဖြေဝံ့သည်နှင့် ကြည့်နေရ၏။ စိန်ကြည်ကြည်မှုကား အိမ်နောက်ဖေးဆီသို့ ကုပ်ကုပ်ကလေး ဝင်သွားလေသည်။ မူလာအီစမန်မှာ ခြောက်ပေနီးပါးမြင့်၍ အရပ်နှင့်လိုက်အောင် ရင်ပြင်ကျယ်လျက် ဒုကောင်းသူဖြစ်ရကား ခပ်ပျပ်ပျပ်ရှိသော ဧည့်သည်ကို မွှေ့ယမ်းနိုင်လိမ့်မည်ဟု စိတ်ချမိသည်နှင့် ကျွန်ုပ်အဖို့ စိုးရိမ်ပူပန်ခြင်းမရှိဘဲ ကြည့်နေမိ၏။

မူလာအီစမန်သည် ထိုသူအနီးသို့ရောက်၍ လည်ကုပ်ကို ကိုင်ဖမ်းသည့်ဟန်ဖြင့် လက်လှမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် လက်ကို ဆတ်ခနဲဆန့်လိုက်သည်တွင် ထောက်ခနဲ မြည်သံကြားရ၍ မောင်းဖွင့်ပြီးသော မောင်းချဓားတစ်ချောင်းကိုင်လျက် ဖြစ်နေလေတော့သည်။ ဤတွင် လည်ကုပ်ဆီသို့ လှမ်းမည်ပြုနေသော မူလာ၏လက်သည် တန့်ခနဲရပ်နေစဉ် ထိုသူက–

"ငါ့ကို တစ်ချက် မထိနဲ့နော်၊ အူပွေ့နေရစ်စေမယ် မြင်ရဲ့လား"

ဟု ဓားကို ပြလေသည်။

ထို့နောက် လူနှစ်ယောက်တို့သည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် စေ့စေ့ကြည့်လျက် တစ်မိနစ်ခန့်မျှ ရပ်နေကြရာ ကျွန်ုပ်သည် ၎င်းတို့၏မျက်နှာကို တစ်ယောက်စီ ကြည့်လိုက်မိ၏။ ထိုသူ၏မျက်နှာမှာ ပြောင်လှောင်သောအမူအရာနှင့် ပြုံးစိစိရှိနေရာ မူလာမှုကား ပထမ၌ ဒေါသတကြီးရှိနေရာမှ တဖြည်းဖြည်း ပျော့ကျလာတော့သည်။ နောက်ဆုံး၌ မူလာက–

"လာ... အိမ်ပေါ် လိုက်ခဲ့"

ဆို၍ လှေကားမှ တက်သွားရာ ထိုသူလည်း လွယ်အိတ်ကို ကောက်ယူ၍ နောက်မှ လိုက်ပါသွားလေသည်။

၎င်းတို့သည် အိမ်ပေါ်မှာ ၁၅ မိနစ်ခန့် တီးတိုးစကားပြောနေကြသည်ကို ကျွန်ုပ်တို့လင်မယားလည်း အောက်မှ နားထောင်နေကြ၏။ တစ်ချက် တစ်ချက်တွင် မူလာက ဒေါသနှင့်ပြောသော အသံမျိုးပေါ်ထွက်လာရာ ထိုသူက



www.burmeseclassic.com

www.burmeseclassic.com



ပမာမခန့်သော အမူအရာနှင့် တခစ်ခစ် ရယ်မောလေဟောသည်။ နောက်ဆုံး၌ ဧည့်သည်သည် ထိုင်မှထ၍ အောက်သို့ဆင်းမည့် လက္ခဏာနှင့် လှေကားထိပ်သို့ ရောက်သည်တွင် မူလာ လိုက်လာ၍–

"ရော့... ဒီဟာ နောက်ဆုံးပဲဟေ့ သခင်ဇော်ဟန်၊ နောက်တစ်ခါ လာရှုပ်ရင် ထောင်ကျကျ တန်းကျကျ ငါမခံတော့ဘူး မောင်ရေ"

ဟု ဆိုကာ တစ်စုံတစ်ရာ ပေးလိုက်ဟန် တူ၏။

သခင်ဇော်ဟန် ဆိုသူလည်း ဟစ်စုံတစ်ခုကို လွယ်အိတ်ထဲသို့ ထည့်ရင်း လှေကားမှ ဆင်းလာ၍–

"လာမရှုပ်စေချင်ရင် အားလုံး ပြန်ပေးပါတော့လားကွ"

ဟု ပြောပြောဆိုဆိုနှင့် ထွက်သွားတော့သည်။

သူ၏ ခြေလှမ်းပုံကို ကြည့်ရခြင်းအားဖြင့် မူလာအီစမန်နှင့် စကားစစ်ထိုးရာတွင် အနိုင်ရသွားဟန် တူလေသည်။ ထို့နောက်တွင် မူလာအီစမန်၏ မျက်နှာမှာ ခပ်သုန်သုန်ရှိနေ၍ အင်းရွာတွင် ဆက်လက်မနေတော့ဘဲ နှစ်ရက်၊ သုံးရက်အတွင်း ပြန်သွား၏။ မသွားမီ သခင်ဇော်ဟန်အကြောင်း အနည်းငယ် ပြောပြသဖြင့် ကြားသိရသည်မှာ ကျောင်းနေဖက်သူငယ်ချင်းဖြစ်ကြ၍ အလုပ်တစ်ခု ဖက်စပ်လုပ်ကိုင်ကြရာတွင် ဆုံးရှုံးခြင်းများအတွက် လိမ်ချသည်ဟု စွပ်စွဲဆူပူပြီး အမြဲနှောင့်ယှက်သူ တစ်ယောက်ဟူ၍ ပြောပြလေသည်။

မူလာအီစမန် ပြန်သွားပြီးနောက် သုံးရက်ခန့် ကြာလတ်သော် သခင်ဇော်ဟန်ဆိုသူသည် လှေတစ်စင်းနှင့် ဆိုက်ရောက်လာပြန်၍ မူလာအကြောင်းမေးမြန်းရာ ကျွန်ုပ်က ပြန်သွားပြီဖြစ်ကြောင်း ပြောပြ၏။ လှေပေါ်တွင် ရွှေလီရိုးမှ ဝယ်ခဲ့သည့် ငါးခြောက်များ ပါရှိသည်ဆို၍ ကျွန်ုပ်တို့၏ဆိုင်၌ တည်ခင်းရောင်းဖို့ပြောရာ ကျွန်ုပ်မှာ အမြတ်ရဖို့ မျှော်လင့်သည့်အပြင် ထိုသူကို မြင်ကတည်းက စိတ်ထဲ၌ သဘောကျလျက်ရှိသည်နှင့် တည်းခိုရန် သဘောတူလေသည်။ ကုန်များကို ကျွန်ုပ်တို့၏ဆိုင်၌ တည်ခင်းရောင်းပေးစဉ် သခင်ဇော်ဟန်အား အပေါ်ထပ်၌ တည်းခိုစေရာ ဆိုင်ရှင် မူလာ သဘောမတူထားဘိဦး၊ မည်သည့်နည်းနှင့်မျှ ရုတ်တရက် ရောက်လာဖို့ မရှိဆို၍ တာဝန်ယူကာ လက်ခံလိုက်ရသည်။

သခင်ဇော်ဟန်ကား လူပေါင်းစုံ၍ အလုပ်ပေါင်းစုံ လုပ်ဖူးသူတစ်ယောက်ဖြစ်သဖြင့် ဗဟုသုတ အလွန်စုံလှ၍ သူပြောသမျှ စကားများမှာ ကျွန်ုပ်အဖို့





တွင် နားမငြီးနိုင်အောင် ရှိတော့သည်။ လက်ဖဲ့လည်း သတ်ဖူး၏။ လှေထိုးသမားလည်း ဖြစ်ဖူး၏။ ကုန်သည်လည်း လုပ်ဖူး၏။ စာရေးလည်း ဖြစ်ဖူး၏။ ဘိန်းလည်း ချဖူး၏။ နိုင်ငံရေးသမားလည်း ဖြစ်ဖူး၏။ ရှေ့နေစာမေးပွဲလည်း အောင်ခဲ့လေသည်။ မြန်မာတစ်ပြည်လုံး သူ မရောက်ဖူးသောမြို့၊ မအိပ်ဖူးသောနေရာ မရှိသလောက် နည်းပါးပေသည်။

ကျွန်ုပ်မှာ လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် ငါးခြောက်ကို မပြတ်စေရအောင် ဖုတ်ပြီးလျှင် စကားလက်ဆုံဝင်နေကြသည်မှာ ပြောဖွယ်ရာ မရှိတော့ချေ။ ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ဘာကိုမျှ ကြောက်ရွံ့ဟန်လက္ခဏာ မရှိ၊ နေရာတကာတွင် လက်ရဲအာရဲ ရှိလှသော သခင်ဇော်ဟန်မှာ ကျွန်ုပ်၏ မယားစိန်ကြည်ကြည်နှင့် မျက်နှာချင်းဆိုင်မိသည့်အခါတိုင်း ရှိုးတိုး ရှန့်တန့်ဖြစ်၍ စကားမပြောတတ်သလို ဆွံ့အလျက် ရှိ၏။ တစ်ချက် တစ်ချက်၌ စိန်ကြည်ကြည်က ဈေးဆိုင်၌ ပစ္စည်းများချိန်တွယ် ရောင်းချလျက်ရှိစဉ် သခင်ဇော်ဟန်က အဝေးမှ ကြည့်နေလိုက်ပုံ မျက်နှာထားမှာ သခင်၏ မျက်နှာကို မော့ကြည့်သော ခွေးကဲ့သို့ သစ္စာရှိသော အခြင်းအရာသည် ထင်လင်းစွာ ပေါ်ထွက်လျက် ရှိတော့သည်။

ကျွန်ုပ်၏ မယား စိန်ကြည်ကြည်မှာ မူလာအီစမန်တို့ ရှိစဉ်က အတီးအမှုတ် ဝါသနာကြောင့် ပျော်ရွှင်စွာ ရှိသော်လည်း ထို့နောက်၌မူ ပျင်းရိငြီးငွေ့သော အမူအရာများ တွေ့မြင်ရ၏။ ဆိုင်၌ထိုင်၍ ဈေးရောင်းသော်လည်း တမှိုင်မှိုင် တတွေတွေ ဖြစ်နေ၍ တစ်ခါတစ်ရံတွင် ငိုတော့မလို၊ ရယ်တော့မလိုနှင့် ဂယောင်ချောက်ချား ဖြစ်နေတော့သည်။ ကျွန်ုပ်က မေးသောအခါ ဘာမှမဖြစ်ဟု ပြောသော်လည်း မကြည်ရွှင်ကြောင်းကား ထင်ရှား၏။

ထိုအတောအတွင်း မူလာအီစမန်ထံမှ ကုန်များလည်း ရောက်မလာသည်နှင့် မန္တလေးမြို့သို့ ကုန်ဝယ်ဆင်းရန် ကိစ္စဖြစ်ပေါ်လာရာ စိန်ကြည်ကြည်က သူ သွားပါရစေဟု တောင်းပန်၏။ ကျွန်ုပ်ကလည်း စိတ်ပြေလက်ပျောက် ရှိပါစေတော့ဆို၍ ဆိုင်မှ စုဆောင်းရရှိသော ငွေများနှင့်တကွ မန္တလေးသို့ ကုန်ဝယ်ရန် စေလွှတ်လိုက်၏။

အင်းရွာသို့ အစုန်သင်္ဘော ဆိုက်လာသဖြင့် ကျွန်ုပ်သည် စိန်ကြည်ကြည်ကိုသင်္ဘောသို့ လိုက်ပို့သည်။ သင်္ဘောပေါ်တွင် နေရာထိုင်ခင်းများ ရှာပေးပြီးနောက် သင်္ဘောထွက်ခွာသွားရာတွင် ကမ်းမှထိုင်ကာ မျှော်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသည် မြစ်လယ်၌ ပေါ်ထွန်းနေသော သောင်ကြီးကို ကွေ့ပတ်၍ ခုတ်ရသဖြင့် သင်္ဘောတစ်စီးလုံးကို သောင်ကွယ်သွားသည်တွင် သင်္ဘောပေါ်မှ လက်ကိုင်ပဝါလေး ယမ်းပြနေသော စိန်ကြည်ကြည်သည်လည်း သင်္ဘောနှင့် အတူ ကွယ်သွားလေတော့သည်။

ကျွန်ုပ်သည် ထိုင်ရာမှ ထလိုက်သောအခါ၌ အလွန် စိတ်လေးလှ၍ စိန်ကြည်ကြည်ကို နောက်ဆုံးမြင်ရခြင်း ဖြစ်လေရော့သလားဟု စဉ်းစားမိသေးရာ တစ်ကြိမ်တစ်ခါမျှ မခွဲဖူးသည့် လင်မယားဖြစ်သောကြောင့် လွမ်းဆွတ်သည့် အတွက် တွေးမိတွေးရာ တွေးခြင်းဖြစ်တန်ရာသည်ဟု ဖြေဆည်လိုက်ရပါသည်။

စိန်ကြည်ကြည်မှာလည်း မန္တလေးသို့သွားဖို့ ကျွန်ုပ် ဆုံးဖြတ်ကတည်းက ကျွန်ုပ်အပေါ် ကြင်နာသော အမူအရာအဖြစ် ဖော်ပြခြင်းများသည်လည်း စိတ်ထဲ၌ တရေးရေး ပေါ်လာတော့သည်။

စိန်ကြည်ကြည် မန္တလေးသို့ သွားသည့်နေ့မှစ၍ သခင်ဇော်ဟန်သည် ချက်မှု ပြုတ်မှု ဖွပ်လျှော်မှု စသော အိမ်ထောင်ရှင်မ တာဝန်များကို လိုလိုချင်ချင် ဆောင်ရွက်သည့်ပြင် ကျွန်ုပ် မငြီးငွေ့စေရန် ကိုယ်တွေ့အဖြစ်အပျက် အဆန်းအပြားများ ပြန်ပြောင်း ပြောပြခြင်းအားဖြင့် ဖျော်ဖြေလေရကား ကျွန်ုပ်မှာ ထိုသူအပေါ်တွင် အခင်ကြီး ခင်မင်၍ အလွန်လည်း အားထားမိတော့သည်။

ကျွန်ုပ်သည် စိတ်ညှိုးငယ်ပုံရလျှင် ရွှင်ပျသော မျက်နှာဖြင့် ရယ်စရာ ပုံတိုပတ်စများ ပြောခြင်း၊ တိုင်ပင်သောအခါများတွင် လေးနက်သော အကြံဉာဏ်များ ပေးတတ်ခြင်း၊ ကိစ္စရှိ၍ ခိုင်းစေသောအခါ အလွန်ဖင်ပေါ့ခြင်း စသည်ဖြင့် အလိုဖြည့်လျက် ရှိသော်ငြားလည်း မှီနိုကပ်ရပ် စားသောက်ခြင်း မဟုတ်၊ အမဲသားငါး ဝယ်ချက်သည့် အခါများတွင် သူ၏အိတ်ထဲမှ ပိုက်ဆံကလေးကို ထုတ်ပေးရန် ဦးမလေးချေ။

ချက်ပြုတ်သည့်တာဝန်နှင့်ပင် သူ့တစ်ဝမ်းစာအတွက် တန်နေပြီဖြစ်သော်လည်း သခင်ဇော်ဟန်သည် ကုန်ကျသမျှ စရိတ်အတွက် အနည်းဆုံး တစ်ဝက်တာဝန်ခံရမှ ကျေနပ်တော့သည်။ စိန်ကြည်ကြည် သွားသောနေ့မှစ၍ ကျွန်ုပ်သည် သခင်ဇော်ဟန်အပေါ်တွင် ညီရင်းအစ်ကိုနှင့် မိတ်ဆွေကောင်းနှစ်ဦး ပေါင်းထားသကဲ့သို့ ခင်မင်အားကိုးလျက် ရှိတော့သည်။

သခင်ဇော်ဟန်နှင့်ပတ်သက်၍ တစ်ခုတည်းသော အချက်သည်သာလျှင်





ကျွန်ုပ်၌ နောက်ဆံတင်းမိ၏။ အတွေ့အကြုံများ၍ မဟုတ်လျှင် မခံချင်တတ်သော ဝါသနာရှိသည့်ပြင် တရားရုံးကို အားမကိုးဘဲ ကိုယ်တိုင် လက်စားချေတတ်သောအလေ့အထလည်း ရှိသူတစ်ယောက်လည်း ဖြစ်ရပေကား လူသုံးယောက်ထက်မနည်း ရိုက်ခွဲဖူး၍ နှစ်ယောက်ထက်မနည်း အသေသတ်ခဲ့ဖူးသူဖြစ်၏။ ကြံရာမရသဖြင့် လှေထိုးသမား လုပ်ခဲ့ရစဉ်က တစ်ခေါက်အတွက် လှေထိုးခမပေးဘဲ ယီးတီးယားတားလုပ်သော လှေသူကြီးတစ်ယောက်အား ထိုးဝါးဖြင့် ထိုးသတ်ခဲ့ပုံများကို ပြောပြသည်မှာ ကြက်သီးထစရာ ကောင်းလှတော့သည်။

သခင်ဇော်ဟန်သည် မိမိလုပ်ခဲ့သော ဆိုးရွားမှုများကို ပြောပြသောအခါများတွင် နောင်တရသော အမူအရာမျိုး မဟုတ်။ ယခုကြုံလျှင် ယခုပင် လုပ်ဦးမည့်အနေမျိုးဖြင့် မြိန်ဖွယ်ရက်ဖွယ် ပြောပြလေသည်။ ကျွန်ုပ်ကား ထုတ်ဖော်လိုက်လျှင် သူ့၌ ဒုက္ခရောက်ချေတော့မည် ဟူ၍မူကား အနည်းငယ်မျှ စိုးရိမ်ပူပန်သည့် လက္ခဏာမရှိချေ။ သစ္စာဖောက်ဝံ့လျှင် ဖောက်ချေတော့ဆိုသော အနေဖြင့် ပြောပြခြင်းပေလော သို့တည်းမဟုတ် ကျွန်ုပ်ကို ယုံကြည်စိတ်ချပြီ ဖြစ်သောကြောင့်ပေလောဆိုသည်ကိုမူ ကျွန်ုပ် မခွဲခြားနိုင်ပေ။

မူလာအိစမန်နှင့် ဘယ်ကဲ့သို့ အတိတ်ရှိခဲ့ဖူးသည့် အကြောင်းကိုမူ သခင်ဇော်ဟန်သည် ကျွန်ုပ်အား ပြောမပြချေ။ ကျွန်ုပ်တိုက်ရိုက် မေးသောအခါ၌ပင်

"မသိချင်ပါနဲ့ဗျာ၊ တစ်ယောက်အပေါ်မှာ ဆိုးပေမယ့် တစ်ယောက်အပေါ်ကျတော့ ကောင်းချင် ကောင်းနိုင်တာမျိုးပဲ၊ ဟိုတုန်းက ဆိုးပေမယ့် အခုကောင်းချင်လဲ ကောင်းနိုင်တာပဲ"

ဟူ၍သာ ပြန်ပြော၏။ လက္ခဏာမှာ မူလာအိစမန်သည် ကျွန်ုပ်၏ ကျေးဇူးရှင် ဖြစ်၍ ကျွန်ုပ်က အထင်ကြီးလျက် ရှိသည်ကို မဖျက်ဆီးလိုသော ဆန္ဒပင် ဖြစ်ဟန်တူပေသည်။

ထိုအတောအတွင်း မန္တလေးသို့ စိန်ကြည်ကြည် သွားခဲ့သည်မှာ သင်္ဘောနှစ်ပတ် ရှိခဲ့လေပြီ။ မူလ အစီအစဉ်မှာ လိုက်သွားသော သင်္ဘောနှင့်ပင် ပြန်၍ လိုက်ခဲ့ရန် ဖြစ်၏။ ယခုမှာ နှစ်ပတ်သာတိုင်၍ လူလည်း မပြန်လာ၊ စာလည်း မရရှိချေ။

စိန်ကြည်ကြည် မပြန်လာသည့်အတွက် ကျွန်ုပ်မှာ ယောက်ယက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသော်လည်း သခင်ဇော်ဟန်သည် မသိချင်ပြု၍နေ၏။ သူကိုယ်တိုင်မှာလည်း စိတ်မကောင်း ဖြစ်နေသည်ကို ကျွန်ုပ် ရိပ်မိ၏။ သို့သော် စိန်ကြည်ကြည် အကြောင်းကို ကျွန်ုပ်ကလည်း စ၍မပြော၊ သူကလည်း သတိမပေးချေ။

နှစ်ပတ်ကျော်၍ သုံးပတ် ရောက်လာသောအခါမှ ကျွန်ုပ်က ထမင်းစားကြရင်း စိန်ကြည်ကြည် ချက်သော ချဉ်ရည်ဟင်း အကြောင်းပြောရာမှ ယခုတိုင် မပြန်လာသေးကြောင့် ပြောမိသည်တွင် သခင်ဇော်ဟန်က–

"မူလာအီစမန်နဲ့ ကျုပ်တော့ ဒီတစ်ခါမှ ဇာတ်သိမ်းခန်း ကပြကြရလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်၏။ ကျွန်ုပ်က မည်သည့်အဓိပ္ပာယ်နှင့် ပြောသည်ဟု ထပ်၍မေးသော်လည်း ဘာမျှ ပြန်မပြောတော့ချေ။

စတုတ္ထအပတ် ရောက်လတ်သော ကျွန်ုပ်မှာ စိန်ကြည်ကြည်ကြောင့် နေမထိ ထိုင်မထိ ဖြစ်လာ၍ မန္တလေးသို့ ကိုယ်တိုင် လိုက်သွားရန် စီမံရလေသည်။ ကျွန်ုပ်၏အကြံကို သခင်ဇော်ဟန်အား ပြောပြသောအခါ ထိုသူက ကုန်စုံဆိုင်နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသမျှကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်၍ ငွေကြေး မဟာရစ်ရစေအောင် ကြိုးစားပါမည်ဟု ကတိပေးပြီးလျှင် ဆိုင်၌ရှိသော ကုန်စည်များကို မရေတွက် စစ်ဆေး၍ စာရင်းအင်း ပြုလုပ်ထားခဲ့ဖို့ ပြော၏။ ကျွန်ုပ်ကမူ သခင်ဇော်ဟန်ကို ယုံကြည်သည် တစ်ကြောင်း၊ မယားစိတ်ကြောင့် ဈေးဆိုင်အရေးမကြီးဘဲ ဖြစ်နေတော့သည် တစ်ကြောင်းကြောင့် ဆိုင်တစ်ဆိုင်လုံး လွှဲအပ်ခဲ့ပြီးလျှင် နောက်တစ်ပတ် စာပို့သင်္ဘောနှင့် မန္တလေးသို့ လိုက်ခဲ့လေသည်။

ဂေါဝိန်ဆိပ်ကမ်း၌ သင်္ဘောဆိုက်၍ အိပ်ရာလိပ်နှင့် ထန်းခေါက်ဖာကလေး ကူလီထမ်းစေလျက် ကုန်းပေါ်သို့ တက်လာခဲ့သည်တွင် တောအုပ်ကလေး ကိုသာလှနှင့် တွေ့၍ အံ့အားသင့်ပုံရသော မျက်နှာထားကို မြင်လိုက်ရ၏။ ကျွန်ုပ်သည် ကိုသာလှ၏ မျက်နှာထားကို မသင်္ကာသည်နှင့် ကပ်၍ မေးမြန်းရာ ကိုသာလှက–

"ကျုပ်တို့ မြန်မာအချင်းချင်းမို့လို့ မခံချင်ဘူးဗျာ။ ကျွန်ုပ်ပြောရရင် ခင်ဗျား စိတ်ဆိုးမှာလား"

"ဟာ ဘယ်ကလာ စိတ်ဆိုးရမှာလဲ ဗျာ–ပြောသာပြောပါ"





"ခင်ဗျား မိန်းမ အင်းရွာက လာတာ ဘယ်လောက် ကြာပြီလဲ"

"သုံးလေးပတ် ရှိပါပြီ၊ ဘာကြောင့်လဲဗျာ"

ရင်ထဲ၌ကား တင်းပုတ်ကြီးများ ထုနက်သကဲ့သို့ တဒိုင်းဒိုင်း တဒိန်းဒိန်းမြည်နေလေပြီ။

"အာဠဝီစီလမ်းက ဟိုတယ် ခင်ဗျား သိသလား"

"သိတယ် ဆိုပါတော့၊ ကျုပ်ရာတတ်ပါတယ်"

"အဲဒီ ဟိုတယ်မှာ ရှိတယ်။ ကျုပ်တို့တစ်ခေါက် ရောက်သွားလို့ မြင်ခဲ့ရတယ်"

"သူတစ်ယောက်တည်းလား"

"ဟုတ်မထင်ဘူးလေ၊ မိန်းတစ်ယောက်တည်း ဟိုတယ်မှာ ဘယ်တော့တည်းမှာလဲ"

"ကျေးဇူးတင်ပါတယ် ဗျာ"

ကျွန်ုပ်သည် မြင်းရထား တစ်စီးပေါ်သို့ တက်၍ အာဠဝီစီလမ်း ဟိုတယ်သို့မောင်းစေရာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွား၍ ဆိုင်းဘုတ်နှင့် တကွ တွေ့မြင်ရ၏။ အမှန်ကိုဆိုရလျှင် ကျွန်ုပ် မည်သည့်ကြံရွယ်ချက်မျှ မရှိ။ စိန်ကြည်ကြည်ကို နှမြောသော စိတ်တစ်ခုတည်းသာရှိ၍ တွေ့လိုသော ဇောသည်သာလျှင် ပြင်းထန်နေတော့သည်။

ပစ္စည်းကလေးများကို မြင်းရထားပေါ်တွင် ထားခဲ့၍ မြင်းရထားသမားအားလည်း စောင့်နေဖို့ မှာထားခဲ့ပြီးလျှင် ကျွန်ုပ်သည် ဟိုတယ်အပေါ်ထပ်သို့ တည့်တည့်ကြီးတန်း၍ တက်သွားတော့သည်။ ဟိုတယ်အစေခံများလည်း ကျွန်ုပ်ကို ဧည့်အဟောင်းထင်၍ မမေးမြန်းဘဲ ကြည့်နေလိုက်ကြသည်။ ၎င်းအထပ်တွင် အခန်းသုံးခန်းရှိသည့်အနက် လှည့်ကြားရသော အခန်းသို့သွား၍ တံခါးကို တွန်းဖွင့်လိုက်ရာတွင် ကုလားထိုင်တစ်လုံးစီတွင် ထိုင်လျက်ရှိသည်ကို တွေ့ရ၏။ ၎င်းတို့ နှစ်ယောက်သည် ကျွန်ုပ်ကို မြင်သောအခါ အလန့်တကြားဖြစ်၍ စိန်ကြည်ကြည်မှာ ရှက်လှသဖြင့် မျက်နှာနီသွားသော်လည်း မူလာအီစမန်ကမူကား နှုတ်ခမ်းမွေးများ ထောင်လာတော့သည်။

ကျွန်ုပ်သည် အတွင်းသို့ဝင်၍ အခန်းတံခါးကို ပိတ်လိုက်ပြီးနောက် လက်ပိုက်လျက် ရပ်ကြည့်နေရာမှ မူလာအီစမန်က စတင်၍–

"ဘာလဲ ဘာပြောချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စော်စော်ကားကား မေးလိုက်ချေသေး၏။

ကျွန်ုပ်ကမူ ကျေးဇူးရှင် ဖြစ်ဖူးခြင်းကို သတိရ၍ သူ့အား မည်သို့မျှ ပြန်မပြောဘဲ စိန်ကြည်ကြည်ဘက်သို့ လှည့်၍–

"လာ သွားမယ် မယ်ကြည်"

စိန်ကြည်ကြည်လည်း ထတော့မည် ပြုပြီးမှ ပြန်ထိုင်၍ အီစမန်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အီစမန်လည်း နှုတ်ခမ်းမွေးသပ်လျက် ပြုံးစိစိ မျက်နှာနှင့် ကျွန်ုပ်ကို လှမ်းကြည့်၍–

"ရအောင် ခေါ်နိုင် ခေါ်သွားလေ"ဟု ပြော၏။

"လာလေကွယ် မယ်ကြည်၊ သွားကြမယ်"

စိန်ကြည်ကြည်လည်း ရှိက်ကြီးတငင် ငိုလေတော့သည်။

ကျွန်ုပ်သည် အီစမန်၏ လက်ဝယ်သို့ ရောက်နေသော စိန်ကြည်ကြည်ကို သနားသော စိတ်သာရှိ၍ ပမာမခန့် လုပ်နေသော အီစမန်ပေါ်၌သာ ထောင်းခနဲ ဒေါသထွက်လာရကား စားပွဲလေးကို ကွေ့ရှောင်သွား၍ အီစမန်၏ မျက်နှာကို လက်သီးနှင့် တအားကျုံးလိုက်တော့သည်။ အီစမန်သည် ဦးခေါင်းကို ငုံ့လိုက်သဖြင့် ကျွန်ုပ်၏ လက်သီးမှာ ရည်မှန်းရာသို့ မရောက်ဘဲ လက်ယာဘက် နားရွက်ကိုသာ ပွတ်သွား၏။ နောက်တခဏ၌ အီစမန်သည် ကုလားထိုင်မှ ရုတ်တရက်ထ၍ လက်သီးတစ်လုံး လွှတ်လိုက်ရာ ကျွန်ုပ်မှာ လက်သီးလာနေသည်ကို အထင်သား မြင်ရသော်လည်း ဒေါသကြောင့် ရှောင်တိမ်းဖို့ သတိမရသည်နှင့် မျက်စိနှစ်လုံးအကြား နှာယောင်သို့ တည့်တည့် ထိသွားသဖြင့် ဖင်ထိုင်ကျသွားပါသည်။

ဤအချိန်တွင်မူ ဗလချင်းလည်း မတူ၊ လက်နက်လည်း မပါသည့် အဖြစ်ကို သတိရ၍ အားမတန် မာန်လျှော့ပြီးလျှင် စိန်ကြည်ကြည်ကိုသာ ခေါ်ပါတော့သည်။ စိန်ကြည်ကြည်သည် ဖူးရောင်လာသော ကျွန်ုပ်၏ နှာရင်းကို မြင်ရ၍ သနားဟန် တူသော်လည်း ထိုင်ရာမှ မထဘဲ ငိုက်နေလေရာ ကျွန်ုပ်လည်း ချာခနဲ လှည့်ထွက်၍ တိုက်ပေါ်မှ ဆင်းလာခဲ့ပါတော့သည်။

ဖူးရောင်သော နှမူးကို လက်ကိုင်ပဝါဖြင့် ဖုံးကွယ်လျက် ကျွန်ုပ်သည် ဟိုတယ်အောက်ထပ်မှ ဖြတ်၍ မြင်းရထားပေါ်သို့ တက်သွားပြီးလျှင် ညောင်ပင်ဈေးအနီးရှိ မိတ်ဆွေတစ်ယောက်၏ အိမ်သို့ မောင်းနှင်စေသည်။

နောက်တစ်နေ့တွင် အင်းရွာရှိ သခင်ဇော်ဟန်ထံသို့ ကြေးနန်းတစ်စောင်





ရိုက်ကြားလိုက်၏။ ၎င်းကြေးနန်းတွင် ကျွန်ုပ်တို့ ပြန်လာတော့မည် မဟုတ်ကြောင်း ဆိုင်ကို အရပ်လူကြီးသို့ အပ်ခဲ့ပြီး သဘောရှိရာသို့ သွားနိုင်ကြောင်းများ ပါရှိလေသည်။

ကျွန်ုပ်အဖို့ မည်သို့ ပြုရချေမည်နည်း။ အီစမန်ကို မယားခိုးမှုနှင့် တရားစွဲလျှင် ကျွန်ုပ်ပင် ထပ်၍ အရှက်ကွဲဦးမည် ဖြစ်သောကြောင့် စိတ်ကူးမတည့်ချေ။ ဘယ်အရပ်သို့ သွား၍ ဘာလုပ်ရမည်ကို စိတ်ကူးနေခိုက်တွင် အိမ်ရှင် မိတ်ဆွေက နမ္မတူဘော်တွင်း၌ အလုပ်လုပ်လိုလျှင် သွင်းပေးနိုင်သည်ဟု ပြောသည်နှင့် လျှောက်ထားကြည့်ရာ အဆင့်သင့်ပင် စာရေးအလုပ်ရသည်နှင့် နမ္မတူသို့ ထွက်ခွာသွားပါတော့သည်။

နမ္မတူ၌ တစ်နှစ်ကျော်ခန့် အလုပ်လုပ်၍ အဆွေးပြေလုမတတ် ရှိစဉ် လွယ်အိတ်ကလေး တစ်လုံးနှင့် ရောက်လာသော သခင်ဇော်ဟန်ကို တွေ့ရပြန်ပါသည်။ သခင်ဇော်ဟန်သည် ကျွန်ုပ်၏ အဖြစ်အပျက်ကို ကြားသိရသော်လည်း ဘယ်အရပ်သို့ ထွက်သွားသည် မသိသဖြင့် တစ်နှစ်နီးပါး စုံစမ်းပြီးမှ ခြေရာကောက်၍ ကျွန်ုပ်နောက်သို့ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် နမ္မတူ၌ အတူနေထိုင်ကြစဉ် စိန်ကြည်ကြည်နှင့် အီစမန်တို့အကြောင်းကို စကားမစပ်ဘဲ ကြိုးစား၍ ရှောင်ကွင်းကြ၏။ သူတစ်ယောက်တည်း ရှိနေသည့်အခါ သခင်ဇော်ဟန်သည် တောက်တခေါက်ခေါက် လုပ်တတ်သော်လည်း ကျွန်ုပ်ကို မြင်သည့်အခါ မျက်နှာတစ်မျိုး ပြင်ထားတတ်သည်။

တစ်နေ့သ၌ ကျွန်ုပ်တို့သည် ဤအကြောင်း၊ ထိုအကြောင်း ပြောကြရာမှ ရွှေလီချောင်း အကြောင်းကို စကားစပ်မိကြသည်နှင့် အင်းရွာအကြောင်း ရောက်သွားကြလေသည်။ သခင်ဇော်ဟန်သည် ကျွန်ုပ်၏မျက်နှာကို စေ့စေ့ ကြည့်လျက်–

"ဗျို့ ကိုမြတ်ထွန်း"

"ဗျာ"

"ခင်ဗျားကို ကျုပ်ခင်မင်တာ သိတယ် မဟုတ်လား"

"သိတာပေါ့ဗျာ"

"ဘာကြောင့် ခင်တယ် ထင်သလဲ"

"ကျွန်တော်လဲ စဉ်းစားဖူးတယ်၊ ဖော်လို့မရဘူး၊ ဘာကြောင့်လဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လူဆန်းတစ်ယောက်ဗျ"

"ဆန်းတာတော့ ကျွန်တော် သိပါတယ်"

"သိပေမယ့် ကျုပ် ဆန်းသလောက် ခင်ဗျား မရိပ်မိဘူး"

"ဆိုပါဦးဗျာ"

"ကျုပ်က ခင်ဗျားကို ခင်မင်တာ စိန်ကြည်ကြည်ကြောင့်ဗျ"

"စိန်ကြည်ကြည်ကို ခင်ဗျားခင်တယ် ဆိုတာတော့ ကျွန်တော် ရိပ်မိပါတယ်။ ဒါနဲ့ ဘာဆိုင်လို့လဲ"

"ဒါကြောင့် ဆန်းတယ်လို့ ကျုပ်ပြောတယ် မဟုတ်လား၊ ဘယ်လောက်ဆန်းသလဲဆိုတော့ စိန်ကြည်ကြည်ကို ခင်တာနဲ့ သူ့ယောကျ်ားကိုပါ ကျုပ်က ခင်နေတယ်"

"ဒါဖြင့် အခုတော့ ဟိုအကောင်ကို ခင်ဗျားခင်တော့မှာပေါ့လေ"

"ဟာ ဒါဘာဆိုင်သလဲ၊ ဟိုကောင်က ဖျက်ဆီးတဲ့ကောင်ပဲ။ ခင်ဗျားချစ်သလို သူချစ်တာ မဟုတ်ပါဘူး။ ကျုပ်က စိန်ကြည်ကြည်ကို ဘယ်လောက်များ ချစ်သလဲဆို၊ စိန်ကြည်ကြည်ကို ချစ်တဲ့လူပါ ကျုပ်က လိုက်ချစ်နေတော့တာပဲ၊ ဆန်းဖူးလားဗျာ"

"ကြားဖူးပေါင်ဗျာ၊ လုယူချင်တဲ့သူတွေသာ ကြားဖူးပါတယ်။ အချစ်ချင်းတူလို့ ချစ်တယ်ဆိုတာတော့ ဒီတစ်ခါကြားဖူးပါတယ်"

"ခင်ဗျား ယုံရဲ့လား"

"မယုံစရာ ဘာရှိသလဲဗျာ၊ ကျွန်တော့်ကို လိမ်ပြောလို့ ဘာလုပ်မှာလဲ"

"ကိုမြတ်ထွန်း"

"ဗျား"

"အင်းရွာ တစ်ခေါက်လောက် သွားလည်ရအောင်ဗျာ"

"ဟာ ပိုက်ဆံမှ မရှိဘဲနဲ့"

"ကျုပ်မှာ ရှိပါတယ်၊ ခွင့်တစ်လလောက် ယူဗျာ၊ လည်ချေရအောင်"

ကျွန်ုပ်သည် ဆရာဝန်ကိုဌွေထိုး၍ ဆေးလက်မှတ်နှင့်ခွင့်ယူပြီးလျှင် နမ္မတူမှ နှစ်ယောက်သား ဆင်းလာကြလေသည်။

သခင်ဇော်ဟန်သည် မန္တလေးမှ ကျွန်ုပ်ရိုက်ကြားလိုက်သော ကြေးနန်းကို ရရှိစဉ်က ကြေးနန်းတွင် ပါရှိသည့်အတိုင်း အင်းရွာကုန်စုံဆိုင်ကို အရပ်လူကြီးသို့ စာရင်းနှင့်တကွ အပ်နှံထားခဲ့လေသည်။ ကျွန်ုပ်နှင့် သခင်ဇော်ဟန်





တို့သည် မန္တလေးမှ အဆန်သင်္ဘောနှင့် လိုက်သွား၍ ညနေခင်းအချိန်တွင် အင်းရွာဆိပ်ကမ်းသို့ ဆိုက်ကပ်သဖြင့် ကျွန်ုပ်တို့ဆင်းသွားကြရာတွင် ရွာသားများသည် ကျွန်ုပ်တို့ကိုမြင်၍ အံ့သြကြဟန်တူသော်လည်း ကျွန်ုပ်ကိုအားနာသော လက္ခဏာနှင့် နှုတ်ဆက်ခြင်း မပြုဘဲ မျက်နှာလွှဲသွားလေသည်။ ကျွန်ုပ်တို့ကလည်း စိန်ကြည်ကြည်နှင့် မူလာအီစမန်တို့ အဖြစ်အပျက်ကို သင်္ဘောပေါ်မှာကတည်းက ကြားပြီးကြလေပြီ။ ကြားရပုံမှာကား မူလာအီစမန်သည် စိန်ကြည်ကြည်ကို အင်းရွာကုန်စုံဆိုင်သို့ ခေါ်လာ၍ တစ်လကျော်နှစ်လခန့်မျှ အတူတကွ နေထိုင်ကြပြီးနောက် မူလာအီစမန်ထွက်သွားရာ စိန်ကြည်ကြည်မှာ ပဋိသန္ဓေနှင့်ကျန်ရစ်ခဲ့၍ မူလာအီစမန် မပေါ်တော့ဟု ဆိုလေသည်။

ကျွန်ုပ်တို့သည် ဆိုင်ရှေ့သို့ရောက်သောအခါ ဈေးဆိုင်နှင့်မတူတော့ဘဲ၊ ပစ္စည်းကလေး ချောက်ချီးချောက်ချက်နှင့် သူငယ်မကလေးတစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။ အပေါ်ထပ်၌ စိန်ကြည်ကြည်နေမကောင်းဖြစ်နေသည်ဆို၍ ကျွန်ုပ်တို့ တက်သွားကြရာတွင် ကျွန်ုပ်၏ရင်ထဲ၌ ဆို့သွားသည့် အခြင်းအရာကို တွေ့မြင်ရလေသည်။ သခင်ဇော်ဟန်မှုကား လှေကားထိပ်တွင် အံကြိတ်လျက် ငေးကျန်ရစ်ခဲ့သည်။

ခုတင်တစ်လုံးပေါ်တွင် စောင်ကလေးခြုံလျက် ခပ်စောင်းစောင်းအိပ်နေသော မိန်းမကား ကျွန်ုပ်အား လှမ်းကြည့်လိုက်သောမျက်နှာထားကြောင့် စိန်ကြည်ဟူ၍ ကျွန်ုပ်မှတ်မိသော်လည်း ကျွန်ုပ်ချစ်ကြိုက်ခဲ့သော စိန်ကြည်ကြည်နှင့် များစွာကွာခြားနေလေပြီ။ ဖောင်းမို့သော ပါးအိုသည် ပိန်ခွက်ခြင်း၊ နှာထင်ကျခြင်း၊ တင်ထားသကဲ့သို့ ရှိဖူးသော မျက်လုံးများသည် ချိုင့်ထဲသို့ ဝင်နေခြင်း၊ စောင်ပြင်ဘက်သို့ ထုတ်ထားသော လက်မောင်းတစ်ဖက်သည် ပြည့်ပြည့်ဖောင်းဖောင်းရှိဖူးရာမှ တုတ်ချောင်းသဖွယ် အရိုးချည်းသာရှိနေခြင်းတည်းဟူသော ခြားနားမှုတို့ကြောင့် ဟုတ်ပါလေ၏လောဟူ၍ပင် သံသယဖြစ်မိတော့သည်။ ခုတင်အနီး၌ အိမ်နီးချင်းတစ်ယောက်နှင့် ရွာဆေးဆရာတို့ ရှိနေရာ ဆေးဆရာလည်း ကျွန်ုပ်တို့ကိုမြင်သည်နှင့် လွယ်အိတ်ကလေးကောက်ယူကာ ဆင်းသွားလေတော့သည်။

ဖြစ်ရပုံအခြင်းအရာမှာကား မူလာအီစမန်သည် ပဋိသန္ဓေရှိသည်ဆိုကတည်းက ထွက်သွားရာ တစ်ခေါက်မျှပေါ်မလာဘဲ စိန်ကြည်ကြည်မှာ



www.burmeseclassic.com

www.burmeseclassic.com



မကျန်းမာလျက်နှင့်ပင် မျက်နှာမြင်ရသည်တွင် အိပ်ရာ၌ ရက်ပေါင်း ၂၀ ကျော်မျှ ဤကဲ့သို့သာ နေရခြင်း ဖြစ်သည်ဆို၏။ ထိုခဏ၌ ခုတင်နံဘေးမှ ကလေးငိုသံကြားသည်နှင့် မိန်းမကြီးက နို့ဆီကို ရေနွေးစပ်ပြီး နို့ဘူးတွင် ထည့်လိုက်သည်ကိုလည်း မြင်ရလေသည်။

ကျွန်ုပ်နှင့် သခင်ဖော်ဟန်တို့ စိတ်ဆင်းရဲကိုယ်ပင်ပန်း ဖြစ်ရခြင်း မျိုးကို အကျယ်မချဲ့တော့ဘဲ၊ ခုနေ့နှင့် ခုညပြုစုလိုက်ရပြီးနောက် စိန်ကြည်ကြည်ရော သမီးကလေးပါ သေဆုံးကြ၍ ကျွန်ုပ်တို့ပင် သင်္ဂြိုဟ်ခဲ့ရလေသည်။ စိန်ကြည်ကြည်မှာ ကျွန်ုပ်ကို မြင်ရ၍ ရှက်ဝမ်းနည်းကြီးဖြစ်သည်နှင့် မြန်မြန် အသက်ထွက်ဟန်တူပေရာ ၎င်းတို့သားအမိ၏ဘဝမှာလည်း ကောင်းနိုင်ဖို့ မမြင်သောကြောင့် စောစောရုပ်သိမ်းခြင်းသည်ပင် ကောင်းသည်ဟု ထင်မိပါ တော့သည်။

သခင်ဖော်ဟန်နှင့် ကျွန်ုပ်တို့၏ နောက်စခန်းမှာကား ရန်ကုန်မြို့ ဂျပန်လင်မယား ဖွင့်လှစ်ထားသည့် တည်းခိုရာ တိုက်ခန်းပင် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် တရုတ်ဆိုင်တွင် ထမင်းစား၍ ဂျပန်အိပ်ခန်းတွင် တစ်ည နှစ်ကျပ်နှုန်းနှင့် အိပ်ကြ၏။ နေ့အချိန်တွင် တစ်နေ့လုံး လည်ကြတော့သည်။ ကြည်မြင့်တိုင် ကွမ်းရွှဲတန်း၌ ယခင်က မူလာအီစမန် တည်းခိုသော တိုက် စံအိမ်သို့ သွားရောက် စုံစမ်းကြရာ မကြာသေးမီကပင် အထက်မြန်မာပြည်သို့ တက်သွားသည်ဟု သိခဲ့ကြရလေသည်။

ဤသို့ဖြင့် တစ်လနီးပါး နေထိုင်ကြ၍ တစ်နေ့သ၌ မူလာအီစမန် ပြန်ရောက်လာသည်ဟု ကြည့်မြင်ဘက်မှ ကြားသိခဲ့ရ၏။ သခင်ဖော်ဟန်ကား သော့ပေးထားသဖြင့် လှုပ်ရှားနေသော အရုပ်သည် ငြိမ်တော့မည် လုပ်ရာမှ သံပတ်တင်းပေးလိုက်ခြင်းကဲ့သို့ ဖျတ်လတ်သွက်လက်လာလေတော့သည်။

တစ်ညသ၌ ကျွန်ုပ်သည် သခင်ဖော်ဟန်နှင့် ခွဲခွာ၍ ကွမ်းရွှဲတန်းရှိ စည်းတီးဆရာ မိတ်ဆွေ၏ နေအိမ်သို့ သွားရောက်လည်ပတ်ရင်း တစ်ည၌ တည်းခိုအိပ်စက်ခဲ့သည်။ သခင်ဖော်ဟန်က သူ့မှာ ကိစ္စတစ်ခု ရှိသည်ဆို၍ ဂျပန်တိုက်ခန်းမှ ထွက်သွားလေသည်။

ကွမ်းရွှဲတန်းအိမ်၌ ကျွန်ုပ်သည် ယခင်က စိန်ကြည်ကြည်နှင့်အတူ တည်းခိုဖူးသည့် အခန်း၌ အိပ်ရ၍ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ရှိ၏။ စည်းတီးဆရာမှာ ၎င်းအိမ်ပိုင်ရှင် မိန်းမနှင့် အကြောင်းပါလျက် ရှိခြင်း ဖြစ်၍





ကျွန်ုပ်တို့ လင်မယားအား ယခင်ကတည်းက အိပ်ခန်းတစ်ခန်း ပေးနိုင်ခဲ့ခြင်း ဖြစ်ရာ။ ကျွန်ုပ်တို့ မရှိသည့်နောက်တွင် စက်ပိုင်ရှင်၏သား ကောလိပ် ကျောင်းသားတစ်ယောက်ကို ထမင်းကျွေး၍ ၎င်းအခန်းကို ပေးထားခြင်း ဖြစ်၏။ ကောလိပ်ကျောင်းသားလည်း ကျောင်းပိတ်ရက်အတွင်း ပြန်သွားသဖြင့် ကျွန်ုပ်တည်းခိုနိုင်ခြင်း ဖြစ်လေသည်။

ထိုည၌ နာရီပြန် နှစ်ချက်လောက်တွင် ကွမ်းရွှဲတန်းထိပ်မှ ပုလိပ်ဝီစီ များဆက်ကာ ဆက်ကာ မှုတ်သည်နှင့် ၎င်းအရပ်သားများ သွားကြည့်ရာတွင် ကျွန်ုပ်လည်း ပါသွား၏။ လမ်းထိပ်သို့ ရောက်သောအခါ စက်ဘီးပတ္တရောင် များသည် နောက်ဖေးလမ်းမှ ထွက်လာသော လူတစ်ယောက်ကို မသင်္ကာ သည်နှင့် ဆွဲထားဆဲ၌ပင် ကွမ်းရွှဲတန်း တိုက်ခံအိမ်မှ လူများ အလန့်တကြား အော်သံ ကြားရကြောင်း၊ ထိုသို့ အလန့်တကြား အော်ဟစ်ကြခြင်းမှာ တိုက်ခံအိမ်ကြီး၌ တည်းခိုလျက်ရှိသော ဧည့်သည်၏ ရင်ဘတ်၌ ဓားဒဏ်ရာ နှင့် သေဆုံးနေသည်ကို တွေ့ရသောကြောင့် ဖြစ်ကြောင်းများနှင့် ကြားသိရ လေသည်။

ကျွန်ုပ်လည်း ကတုန်ကယင်နှင့် အိမ်ပေါ်မှဆင်းသွား၍ လမ်းထိပ်သို့ ရောက်သောအခါတွင် စက်ဘီးပတ္တရောင်များ ဖမ်းထားသူမှာ သခင်ဖော်ဟန် ဖြစ်နေသည်ကို တွေ့ရပေသည်။ သခင်ဖော်ဟန်သည် ကျွန်ုပ်ကို လူအုပ်ထဲတွင် ရုတ်တရက် မြင်လိုက်၍ 'တိတ်တိတ်နေ'ဟူသော အဓိပ္ပာယ်မျိုးဖြင့် အချက် ပေးလိုက်လေသည်။

ပုလိပ်များသည် မသင်္ကာ၍ ဖမ်းထားခြင်းနှင့် တိုက်ခံအိမ်မှာ လူသေခြင်း တို့ကို ဆက်စပ်သည့်အခါ သခင်ဖော်ဟန်ကို ဌာနသို့ ခေါ်သွားရန်မှတစ်ပါး အခြားနည်း လမ်းမရှိဟု သိမြင်ကြသည့်အတိုင်း သခင်ဖော်ဟန်ကို ခေါ်သွား ကြတော့သည်။ သခင်ဖော်ဟန်မှုကား အလုပ်ကိစ္စတစ်ခု ပြီးစီးသဖြင့် ကျေနပ်နေသော လူတစ်ယောက်၏ ခြေလှမ်းမျိုးဖြင့် လိုက်သွားတော့သည်။

ဌာနသို့ရောက်၍ သခင်ဖော်ဟန်၏ ကိုယ်၌ ရှာဖွေကြသောအခါ မောင်းချဓားကြီး တစ်ချောင်း လည်း တွေ့ရှိရသည် ဆို၏။ ဓား၌ သွေးစွန်း သွေးစက် မတွေ့ရသော်လည်း ထိုးပြီးသည့်နောက်တွင် သုတ်ပစ်ထားခြင်း ဖြစ်နိုင်သည်ဟု ဆိုကြလေသည်။

သခင်ဖော်ဟန်မှာ မူလာမီစမန်ကို သတ်မှုနှင့် ရုံးတင် စစ်ဆေးလေရာ



www.burmeseclassic.com

www.burmeseclassic.com



မိမိ မသတ်ရကြောင်း၊ ငြင်းဆိုသော်လည်း မူလာအီစမန်ကို သိမှုးခြင်းနှင့် အလွန် ရှုံမုန်းခြင်းတည်းဟူသော အခြားအရာကိုမူ ဖွင့်ဟ ဝန်ခံလေသည်။ တရားခွင်တွင် သခင်ဇော်ဟန်က အီစမန်သေခြင်းအတွက် ဝမ်းသာသည်ဟူ၍ ပင် ကြေညာလိုက်ချေသေးသည်။ နောက်ဆုံး၌ တရားသူကြီးများသည် သခင်ဇော်ဟန်၌ အပြစ်ထင်ရှားသည်ဆို၍ သေစား သေစေရန် စီရင်ချက် ချမှတ်ကြလေသည်။

သခင်ဇော်ဟန်အား ကြိုးစင်မတက်မီ ရက်သတ္တပတ်ခန့်တွင် ကျွန်ုပ်သည် သခင်ဇော်ဟန်အတွက် အစိုးရက ငှားပေးသော ဝတ်လုံ၏အကူအညီဖြင့် ထောင်ဝင်ရန် အမိန့်ခံ၍ နောက်ဆုံးတွေ့ခြင်းဖြင့် သွားရောက်တွေ့ဆုံ၏။ သခင်ဇော်ဟန်သည် ကျွန်ုပ်ကို မြင်သောအခါ ဝမ်းနည်းပုံမရသည့် အပြင် ဝင့်ကြွတ်ပေပြီဟူသော မျက်နှာမျိုးဖြင့် ခပ်အေးအေး ရှိနေတော့သည်။ ကျွန်ုပ်၏ မျက်နှာကို မကြာမကြာ ကြည့်လျက် စကားတစ်လုံးကို ပြောသင့် မပြောသင့် အတန်တန်ချင့်ချိန်နေပြီးမှ သူသည် စိန်ကြည်ကြည်ကို ခင်မင်သည့်အတွက် ဝမ်းမြောက်စွာ ကြိုးစင်တက်နိုင်ကြောင်း ပြောပြ၍ ကျွန်ုပ်အားလည်း ကြောက်မက်ဖွယ်ကောင်းသော ကျမ်းသစ္စာ ကျိန်ဆိုစေလျက် ရေတစ်ခွက်ကို တိုက်လေသည်။

သခင်ဇော်ဟန်မှာ မူလာအီစမန်ကို သတ်မှုနှင့် ကြိုးစင်သို့ တက်ခဲ့ရ ရှာလေပြီ။ ၎င်းအမှု၌ တရားသူကြီးများ အယူအဆမှားခြင်းကို အခြားလူများထက် ကျွန်ုပ် အသိဆုံးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မူလာအီစမန်ကို သတ်သောသူမှာ သခင်ဇော်ဟန် မဟုတ်။ အခြားသူလည်း မဟုတ် ကျွန်ုပ် သာလျှင် တရားခံအစစ် ဖြစ်ပေသောကြောင့်တည်း။

❑



## ဖူးစာရေးလင်းနို့

အချို့သော လူများသည် ခွေးသည် လူ၏ဒဏ်ကို ခံဖော်ရသည်ဆို၍ မွေးမြူ တတ်ကြ၏။ ကြောင်တိရစ္ဆာန်မူကား အိမ်သာယာသောအခိုက်တွင် သခင်ထံ၌ မှီခိုကပ်ရပ် စားသောက်၍ ဘေးဥပဒ် အန္တရာယ်တစ်စုံတစ်ရာ ဆိုက်ရောက် သည်နှင့် တစ်ပြိုင်နက် ရှောင်တိမ်းထွက်ခွာသွားတတ်ကြသည်ဟု မြန်မာလူမျိုး တို့ အယူရှိကြလေသည်။ အချို့ကမူ မျောက်တိရစ္ဆာန်သည် ကျက်သရေယုတ် သည်ဆို၍ အိမ်၌ မွေးမြူရန် အလိုမရှိကြပေရာ ဒေါင်းငှက်မူကား တစ်နေ့လျှင် ကျက်သရေ သုံးကြိမ်တိုးတက်သည်ဆို၍ မရမက ရှာဖွေမွေးမြူသူများလည်း ရှိကြ၏။

မြင်း၊ ကျွဲ၊ နွား အစရှိသည့် ခိုင်းစေရသော တိရစ္ဆာန်မျိုးတို့မှအပ ချစ်ခင်သောအားဖြင့် လက်သတ်မွေးကြသော ခွေး၊ ကြောင်၊ ကြက်တူရွေး၊ သာလိကာ အစရှိသည့် တိရစ္ဆာန်များ ရှိကြသော်လည်း လင်းနို့တည်းဟူသော 'ကြွက်ပျံ'ကို ချစ်ခင်တတ်သော လူဟူ၍ကား ရာခိုင်နှုန်း တစ်မျှပင် ရှိလိမ့်မည် မထင်ပေ။ ကျွန်ုပ်မှာ အဆိုပါ တစ်ရာခိုင်နှုန်းတွင် အပါအဝင်ဖြစ်၍ ထိုခေတ်က ပန်းချီကျော် ဦးရွှေရိုးအား လင်းနို့တစ်ကောင်၏ ပုံသဏ္ဍာန်ကို တူအောင် ရေးဆွဲစေပြီးလျှင် အိမ်ဦးခန်းတွင် မှန်ဘောင်သွင်း၍ ချိတ်ဆွဲထားခဲ့ လေသည်။ အကြောင်းမူကား အရှင်လင်းနို့မင်းသည် ကျွန်ုပ်တို့လင်မယား၏ ဖူးစာရေးနတ်ဖြစ်၍ ပေါက်ဖွားသော သားသမီးလေးယောက်တို့ကို ဖန်ဆင်းသော အရှင်သခင် ဖြစ်ပေသောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



လူ့ပြည်တွင် လင်းနို့တည်းဟူသော တိရစ္ဆာန်မရှိခဲ့လျှင် ကျွန်ုပ်တို့ လင်မယား ရေစက်ဆုံစည်းဖို့ မရှိသဖြင့် မောင်တင်၊ မောင်ခင်နှင့် မကြည်၊ မမိုတို့လည်း ဤရုပ်ရည်မျိုးနှင့် လူဖြစ်နိုင်ကြဖို့ မရှိချေ။ သုဂတိဘုံသို့ ရောက်ထိုက်၍ ရောက်ကြစေကာမူ ကျွန်ုပ်နှင့် ခင်မြရင်တို့၏ သားသမီးမဖြစ် ရတော့သည့်အတွက် ကြန်အင်္ဂါ လက္ခဏာတို့မှာလည်း တစ်မျိုးတစ်မည် ရှိနေကြပေတော့မည်။

မိဘများ၏ ချစ်ကြိုက်ရေး ရာဇဝင်ကို ကြားသိကြရသော သူတို့သည် အကယ်၍ မိမိ၏ဖခင်နှင့် မိခင်တို့ အကြောင်းမဆုံစည်းကြသဖြင့် တစ်ယောက် တစ်မျိုးစီ အိမ်ထောင်ကျခဲ့ကြပါမူ မိမိသည် ဖခင်၏သား ဖြစ်ချေမည်လော၊ သို့တည်းမဟုတ် မိခင်သား ဖြစ်ချေမည်လော ဟူသော ပြဿနာကို တွေးဆ မိကြလိမ့်မည်ဖြစ်ရာ မိမိ၏မေတ္တာက လွန်သောသူဘက်သို့ ဆွဲငင်တွေးဆ ကြမည်ဖြစ်သော်လည်း ယခုတည်လျက်ရှိသော ရုပ်လက္ခဏာမျိုးအတိုင်း တိတိကျကျ ဖြစ်နိုင်ဖို့ မရှိခြင်းကိုမူကား သဘောပေါက်ကြပေလိမ့်မည်။

ဤတွင် မိမိတို့၏ အခြေအနေကို ကျေနပ်နှစ်သိမ့်ခြင်း ရှိသူတို့က မိဘများ ရေစက်ဆုံစည်းသည့်အတွက် မိမိတို့ ကံကောင်းသည်ဟု ယူဆ၍ မကျေနပ်သူများကလည်း မိမိက မတောင်းပန်ဘဲ သူတို့ဘာသာအလျောက် မွေးမြူကြခြင်း ဖြစ်သောကြောင့် ကျေးဇူးတင်ဖွယ်မဟုတ်ဟူ၍ ပြောတတ်ကြ လေသည်။ မောင်တင်၊ မောင်ခင်နှင့် မကြည်၊ မမိုတို့က ဤကဲ့သို့ သဘော မထားကြဟူ၍ မျှော်လင့်ရပေသည်။

ဆာဂျေအေမောင်ကြီး ခေတ္တဘုရင်ခံဖြစ်ခဲ့သော ခေတ်အခါက ရန်ကုန် မြို့ရှိ အထက်တန်းစား မြန်မာအရာရှိကြီးများသည် အထူးသဖြင့် 'ဘိုတုနိုးခဲ့' ကြသည်။ အင်္ဂလိပ်တို့ စတင်အုပ်ချုပ်သည်မှ စ၍ ရုပ်အင်္ကျီဝတ်ခြင်း၊ နောက်ပိတ်ဖိနပ်စီးခြင်း၊ ဘိုကေထားခြင်း အစရှိသော အလေ့အကျင့်များသည် တစ်ခေတ်ထက် တစ်ခေတ် ပိုမိုပြန့်ပွားခဲ့သည် မှန်သော်လည်း ဆာဂျေအေ ဘုရင်ခံဖြစ်သောအချိန်၌မူ 'ဘိုတုနိုး'ခြင်းတည်းဟူသော အလုပ်သည် အထွတ် အထိပ်သို့ ရောက်ခဲ့သည်ဟု ဆိုနိုင်ပေ၏။

၎င်းခေတ်၌ ဘိုလိုဝတ်သော မြန်မာရာခိုင်နှုန်း အများဆုံးဖြစ်သည့်ပြင် ဒင်းနားပါတီ၊ ဂါးဒင်းပါတီ၊ တီးပါတီ၊ ဘာပါတီ၊ ညာပါတီ စသည်ဖြင့် ဆိုရှယ်လစ်ဟဲသရင်းခေါ် အထက်တန်းစား လူကုံထံများ တွေ့ဆုံပျော်ပါး





သောက်စားမူးယစ်ကြသည့် အခမ်းအနား အမြောက်အမြားလည်း ရှိခဲ့ကြ၏။ အထက်တန်းစား အရာရှိများ၏ သားပျိုသမီးပျိုများသည်လည်း အနောက်တိုင်း သူ၊ တိုင်းသားများနည်းတူ ယောကျ်ားနှင့်မိန်းမ တွဲဖက်၍ မကတတ်လျှင် ခေတ်မမီဟု အောက်မေ့ကြသည်ဖြစ်၍ ကျွမ်းကျင်သူတို့ထံတွင် ကတတ်အောင် သင်ကြားပြီးလျှင် ဘိုကပွဲများ၌ ဘိုများနှင့် တွဲ၍ ကတတ်ကြ၏။

၎င်းတို့၏ အဆင့်အတန်းကို မီအောင် မလိုက်နိုင်သော သူတို့က မဲ့ကြရွဲ့ကြ ကဲ့ရဲ့ကြသော်လည်း အဆိုပါထိပ်ဆုံးတန်း သတို့သမီး၊ သတို့သား များသည် မြန်မာအချင်းချင်း၏ထင်မြင်ချက်ကို လုံးဝဂရုမစိုက်ကြဘဲ မိမိတို့ ကိုယ်ကို ဘိုထင်၍ ဘိုကြီးများရှေ့၌ မျက်နှာကောင်း ရမှုလောက်ကိုသာ ပဓာနထားကြလေတော့၏။

ထိုခေတ်အခါတွင် ဘုရင်ခံကလည်း လူပျိုကြီး ဆာဟာကုတ်ဘတ္တလာ ဖြစ်၍ လူပျိုကြီး ဝေလမင်းသားကလည်း မြန်မာပြည်သို့ တိုင်းခန်းလှည့်လည်ရန် ဆိုက်ရောက်လာဖူးရကား အထက်တန်းစား မြန်မာအရာရှိလောကမှ အဖိုနှင့် အမတွဲကြသော ကစ္စနှင့်ပတ်သက်၍ (တိုင်းပြည်လူထုက မသိကြသော်လည်း) အတော်ကလေး လှုပ်လှုပ်ရှရှ ဖြစ်ခဲ့ကြဖူးလေသည်။

အလွန်တရာ ဘိုတုနိုးကြသော ထိုခေတ်က အထက်တန်းစား မြန်မာ ကုန်သည်ကြီးများနှင့် ပွဲစားကြီးများသည် အရာရှိကြီးများနှင့် ပေါင်းသင်း ဆက်ဆံခြင်းကို ဂုဏ်ရှိသည် (ဝါ) မျက်နှာရှိသည်ဟု မှတ်ထင်ကြသည်ဖြစ်၍ သေးငယ်သော ကိစ္စတစ်ခုကို ကြီးကျယ်အောင် ချဲ့ထွင်ပြီးလျှင် မင်းစိုးရာဇာ ပရိသတ်ကို မိမိ၏နေအိမ်သို့ ညဥ့်အိပ်၊ ညနေ ဖိတ်ခေါ်ဧည့်ခံတတ်ကြ၏။ မြန်မာလူမျိုးသည် မိမိတို့၏ မွေးနေ့ကို ပွဲလမ်းသဘင် အခမ်းအနားပြုလုပ်၍ ဧည့်ခံကျွေးမွေးသော အလေ့အထ မရှိသော်လည်း ထိုခေတ်ကမူ တစ်ယောက် ကစ တစ်ရာဟူသော စကားအတိုင်း ဘိုတစ်ယောက်က တစ်လှည့်ကျွေးလျှင် မြန်မာများက ဘိုလောက်မျှမက ချဲ့ထွင်၍ တခမ်းတနား ပင့်ဖိတ်၍ ဧည့်ခံ တတ်ကြ၏။

တစ်နေ့သ၌ ပွဲစားကြီးဦးဖိုးတာသည် ချာချီလ်လမ်း၌ တိုက်တစ်လုံး တည်ဆောက်ပြီးစီး၍ တိုက်တက် ပရိတ်နာ အခမ်းအနား ကျင်းပရာတွင် မြို့ပေါ်မှ လူကြီးလူကောင်းများကို နေ့အချိန်တွင် ဧည့်ခံကျွေးမွေး၍ ရင်းနှီးသော မိတ်ဆွေဆယ်ယောက်ခန့်တို့ကိုမူ ၎င်း၏ တိုက်သစ်ကြီး၌ စနေနေ့မှ တနင်္လာနေ့



www.burmeseclassic.com

www.burmeseclassic.com



နံနက်တိုင် တည်းခိုနေထိုင်ကြရန် ပင့်ဖိတ်လေ၏။ ၎င်းစနေနေ့တွင် ဧည့်သည် ဆယ်ယောက်ခန့်တို့သည် ပရိတ်နာသော ဧည့်သည်များနှင့် အတူရောက်လာ၍ အတူတကွစားသောက်ကာ ပရိတ်နာကြပြီးလျှင် အခြားဧည့်သည်များ ပြန်သွားကြသော်လည်း အဆိုပါ ဆယ်ယောက်သော ဧည့်သည်များမှာ ဦးဖိုးတာ၏ တိုက်သစ်ကြီးတွင် နှစ်ညမျှ ဆက်လက်တည်းခိုရန် ကျန်နေရစ်ကြလေသည်။

ကျွန်တော့်မှာ ဘီအေ အောင်ပြီးနောက် အလုပ်သင် မြို့အုပ်ကလေး အဖြစ်နှင့် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည့်အပြင် ကျွန်တော်၏ ဖခင်မှာ ပွဲစားကြီးဦးဖိုးတာနှင့် ငယ်သူငယ်ချင်း ဖြစ်သည့်အတွက် ဦးဖိုးတာသည် ကျွန်တော့်အား ရင်းနှီးသော မိတ်ဆွေဆယ်ယောက်အနက် တစ်ယောက်အဖြစ်နှင့် ဖိတ်ကြားထားလေသည်။

ပွဲစားကြီး ဦးဖိုးတာ၌ ခင်မြရင် အမည်ရှိ တစ်ယောက်တည်းသော သမီးချောကလေးရှိရာ ကောလိပ်ကျောင်း၌ ကျွန်တော်နှင့်အတူ အိုင်အေ အောင်ပြီးသည့်နောက် ဆက်လက်၍ ပညာမသင်တော့ဘဲ အလွန်ခေတ်ဆန်၍ အလွန် ဘိုတုခိုးသော မိန်းကလေးတစ်ယောက်ဖြစ်သည့်အားလျော်စွာ စန္ဒရားတီးခြင်း၊ ဘက်တမင်တန် ကစားခြင်း၊ အလုံးအဖန်လှအောင် လေ့ကျင့်ခြင်း အစရှိသော အလုပ်များကို ဘိုမကလေးတစ်ယောက်သဖွယ် စိတ်ဝင်စားလျက် ရှိ၏။

ကျွန်တော်နှင့် ခင်မြရင်တို့မှာ ကျောင်းနေဖက်လည်း ဖြစ်ပြန်၊ မိဘခြင်းလည်း အကျွမ်းရင်ခဲ့ပြန်သည့်အလျောက် မကြာခဏ တွေ့ဆုံခွင့်ရ၍ ဆယ်ကြိမ်ထက်မနည်း ချစ်ကြိုက်စကား ပြောခဲ့ဖူးသော်လည်း ခင်မြရင်သည် အချို့သော မိန်းမပျိုကလေးများကဲ့သို့ စိတ်ဆိုးသော အမူအရာမပြဘဲ ကျွန်တော်၏ အတည်စကားကို အရော်စကားဖြစ်အောင် ရွှတ်တွတ်တွတ် ရွှမ်းတမ်းတမ်းလုပ်ကာ ပျက်ရယ်ပြု၍ ဖြေဆိုလေ့ရှိ၏။

နောက်ဆုံး တစ်နေ့၌ ကျွန်တော်က မနေမနား နားပူဖန်များသောအခါ တွင် ခင်မြရင်က–

"ကျွန်မပြောမယ် ကိုဘရင်၊ ရှင်နဲ့ ကျွန်မနဲ့ဟာ ဒီလိုအချစ်မျိုးနဲ့ ဘယ်တော့မှ ကျွန်မ စိတ်ကူးလို့ မရဘူး။ ရှင့်ကို ကျွန်မ မောင်လို၊ အစ်ကိုကြီးလို ချစ်တာအမှန်ပါ။ အစ်ကိုအရင်း ရှိရင်လည်း ဒီထက်ပိုပြီး ချစ်နိုင်လိမ့်မယ် လို့မထင်ပါ။ ကျောက်တုံးက နို့ထွက်တောင် ညှစ်မရနိုင်ဘူးဆိုတဲ့ အင်္ဂလိပ်





စကားပုံလို ရှင့်ကို ဒီလိုအချစ်မျိုးနဲ့ ကျွန်မက ချစ်ဖို့ဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တဲ့အတွက် ကျွန်မကို နောက်ထပ်ပြီး ဒီစကားမျိုး ဘယ်တော့မှ မပြောပါနဲ့တော့ ကိုဘရင်၊ ဒါနောက်ဆုံးပိတ် စကားပါပဲ"ဟု ပြောဖူးလေသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် ခင်မြရင်တို့၏နေအိမ်သို့ ရံဖန်ရံခါမှ သွားရောက်တော့ပေရာ စိတ်ထဲတွင်မူကား ရှက်လည်းရှက်၊ နာလည်းနာလျက် ရှိ၏။ သို့သော် ချစ်ကြိုက်သောစိတ်သည် နာသည်အတွက်ကြောင့် လျော့ပါးဆုတ်ယုတ်မသွားသည့်ပြင် တိုးပင် ပြင်းထန်လာသေးပေရကား ကျွန်တော်မှာ တင်းနစ်ရိုက်ခြင်း၊ ဘီလီယက်ထိုးခြင်း၊ ဘိုင်စကုတ်ကြည့်ခြင်း အစရှိသော လူငယ်တို့၏ ဖျော်ဖြေမှုများဖြင့် ကြိုးစား၍ အချိန်ဖြုန်းခဲ့လေ၏။

တစ်ခါတစ်ရံ ရှိင်းရာကျမည်စိုးသဖြင့် သွားရောက်လည်ပတ်သောအခါများတွင် ခင်မြရင်၏မျက်နှာထားကို အကဲခတ်ရာ၌လည်း ကျွန်တော့်အား ပြောခဲ့မိသော စကားအတွက် ဝမ်းနည်းသော အမူအရာမျိုး အလျဉ်းမတွေ့ရဘဲ သူ့မျက်နှာကို ကျွန်တော်မြင်ရ၍ ကျွန်တော် ဆင်းရဲလျှင် မလာဘဲနေခြင်းပင် ကောင်းလာသည်ဟု ဆိုလိုသော မျက်နှာထားမျိုးသာလျှင် တွေ့မြင်ရလေတော့သည်။

သို့ဖြစ်၍ ကျွန်တော်သည် ဦးဖိုးတာထံမှ ၎င်းတို့၏ တိုက်သစ်ကြီး၌ နှစ်ညမျှ လာရောက် တည်းခိုနေထိုင်ရန် ဖိတ်စာရရှိသောအခါ ပထမ၌ အကြောင်းတစ်ခုပြု၍ ငြင်းပယ်ဖို့ စိတ်ကူးမိ၏။ သို့ရာတွင် ပိုးဖလံတို့မည်သည် မီးကိုတိုး၍ အတောင်ကျွမ်းတော့မှ ကျွမ်းရစေ၊ မတိုးဘဲမနေနိုင်သည့်နည်းတူ ကျွန်တော့်မှာလည်း ခင်မြရင်၏ တုံ့ပြန်ချစ်ကြိုက်ခြင်းမရှိသော မျက်နှာကို မြင်ရ၍ အတွင်းဆွေးဆွေးတော့မှ ဆွေးရစေ၊ ၄၈ နာရီခန့်မျှ တစ်ဆက်တည်း ကဲ့သို့ မျက်နှာချင်းဆိုင် တွေ့ရမည့်အရေးကို လက်လွှတ်ရန် မတတ်နိုင်ရကား ဖိတ်ကြားထားသော စနေနေ့တွင် လက်ဆွဲသားရေအိတ်ကလေး တစ်လုံးနှင့် ကောက်ကောက်ပါအောင် ထွက်လာခဲ့လေ၏။

ဦးဖိုးတာ၏ တိုက်သစ်ကြီးသို့ ကျွန်တော် ဆိုက်ရောက်သွားသောအချိန်၌ ခေတ္တဧည့်သည်များမှာ ပြန်စပြုနေကြပြီဖြစ်၍ အိမ်ရှင် ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့မှာ ပြန်ကြသော ဧည့်သည်များအား နှုတ်ဆက်ရသော တာဝန်ဖြင့် အလုပ်ရှုပ်လျက်ရှိကြစဉ် ကျွန်တော်သည် ခင်မြရင်ကို တွေ့အောင်ရှာ၍ အချိန်အနည်းငယ် နောက်ကျသွားသည့်အတွက် တောင်းပန်စကားပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



ခင်မြရင်၏မျက်နှာကို အကဲခတ်မိ၏။ စင်စစ်မှာ မိတ်ဆွေရင်းချာတစ်ယောက် ဖြစ်ပါလျက် စောစောစီးစီး ကြိုတင်၍ လာရမည့်အစား အခြားဧည့်သည်များ ပြန်ကြသောအချိန်တွင်မှ လာရချေသလောဟု ခင်မြရင်က အပြစ်ပြောလိမ့်မည် ဟူ၍ မျှော်လင့်မိသောလည်း ခင်မြရင်သည် အလွန်တရာ သဘောကောင်းဟန် နှင့်–

“ဟုတ်ပေမှာပေါ့၊ တစ်ပတ်မှာမှ တစ်ရက်ကလေး အားလပ်ခွင့်ရကြတဲ့ အစိုးရအမှုထမ်းတွေဆိုတော့ ဟိုဟိုဒီဒီ ကိစ္စအသေးအဖွဲကလေးတွေ ဆောင်ရွက် စရာ ရှိကြပေမှာပေါ့”ဟူ၍ ကျွန်တော့်အတွက်ပင် သူက ဆင်ခြေပေးလိုက်သေး သဖြင့် စိတ်ထဲ၌ အတော်ဆွေးမိ၏။

အဓိပ္ပာယ်ကား ကျွန်တော် နောက်ကျသည့်အတွက် သူ၏စိတ်ထဲတွင် ထိခိုက်ခြင်းမရှိရုံသာမက လုံးဝမလာဘဲ နေလျှင်လည်း အရေးမကြီးလှဆိုဟန် တူပေ၏။ ကျွန်တော်သည် ခင်မြရင်နှင့် မတွေ့ရသည်မှာ တစ်လကျော်နှစ်လ နီးပါးမျှ ရှိပြီဖြစ်၍ ထိုအချိန်ကာလအတောအတွင်း၌ ကျွန်တော့်အပေါ်တွင် စိတ်နေသဘောထား ပြောင်းလဲခြင်း ရှိကောင်းပါ၏ဟု မျှော်လင့်ချက်တစ်ခု လက်ကိုင်ပြုလျက် လာရောက်ခဲ့ခြင်းဖြစ်ရာ ထိုစကားကို ကြားရ၍ ရွှရက်ခြင်း အလျဉ်းကင်းသော ခင်မြရင်၏မျက်နှာကို မြင်ရသောအခါတွင် အဆိုပါ မျှော်လင့်ချက်သည် ကျွန်တော်၏ နှလုံးသားထဲတွင် ရေဖြစ်၍ လျောဆင်း သွားခဲ့လေပြီ။

ထိုနေ့ ညနေ၌ ဆယ်ယောက်ခန့်မျှသော ညဉ့်အိပ်ဧည့်သည်များသည် ဦးဖိုးတာ၏ တင်းနစ်ကုတ်အသစ်ကြီးပေါ်တွင် အိမ်ရှင်ဦးဖိုးတာက ချီးမြှင့် သော ငွေဖလားကို ‘တူးနမင့်’ကစားခြင်းအားဖြင့် လုကြရလေရာ ယောကျ်ားနှင့် မိန်းမ မဲချ၍ တွဲပေးရာ၌ ခင်မြရင်နှင့် ကျွန်တော်ပင် တွဲမိသဖြင့် အချို့ ဧည့်သည်များက ‘ဘရင် ခင်မြရင်’အတွဲဟူ၍ ရိတိတိ ခေါ်ဝေါ်ကြသော်လည်း ကျွန်တော်သာလျှင် မျက်နှာထူပူသွား၍ ခင်မြရင်မှုကား အိုက်စကရင် စားရ သကဲ့သို့ အေးအေးဆေးဆေး ရှိနေလေ၏။

ကျွန်တော်၏ တင်းနစ်အဆင့်အတန်းမှာ သာမန်မျှသာဖြစ်၍ ဘိုကပြားမ ကလေးတစ်ယောက်ကဲ့သို့ ကျင်လည်သော ခင်မြရင်၏အစွမ်းကြောင့် ကျွန်တော် တို့အတွဲပင် ငွေဖလားတည်းဟူသော အောင်ပန်းကို ဆွတ်ခူးရာတွင်လည်း ခင်မြရင်သည် ကလေးသူငယ်တစ်ယောက်နှင့် တွဲဖက်ကစားရ၍ အောင်မြင်ခြင်း





ကဲ့သို့ ဧည့်သည်များ၏ ချီးကျူးထောပနာပြုခြင်းများကို အေးအေးဆေးဆေး ခံယူသိမ်းပိုက်လေ၏။ သို့ဖြစ်၍ ခင်မြရင်အပေါ်၌ ကျွန်တော်က လူစွမ်းပြ၍ အောင်မြင်နိုင်ဖို့မှာ ကြာလေစခန်းဝေးလေ ရှိနေခဲ့ပြီ။

ထိုညဉ့်၌ အိမ်ရှင် ဦးဖိုးတာသည် ကပြားဟန်ဖမ်းလျက်ရှိသော သမီးချောတစ်ယောက်၏ ဖခင်ဖြစ်သည့်အတိုင်း ဧည့်သည်များအား ရှမ်ပိန် ဒင်းနားကျွေး၍ ဧည့်ခံလေရာ ခင်မြရင်သည် အင်္ဂလိပ်စကား အနည်းငယ်မျှသာ ပြောတတ်သော ဖခင်ဦးဖိုးတာ၏ကိုယ်စား ‘အက်ဖတာဒင်းနား’စကားပြောခြင်း တည်းဟူသော တာဝန်ကို အလွန်ကျေပွန်စွာ ဆောင်ရွက်နိုင်သည်ဖြစ်၍ ဧည့်သည်များမှာ လက်ခုပ်တဖြောင်းဖြောင်း သွားတဖြီးဖြီး ရယ်သံတဟဲဟဲ ရှိနေကြလေတော့၏။

နဂိုကတည်းက ခင်မြရင်အပေါ်၌ အထင်ကြီးခဲ့ပြီးသော ကျွန်တော်မှာ အင်္ဂလိပ်မတစ်ယောက် မသာအောင် တရွတ်ရွတ် တရှိန်ရှိန် ပြောတတ်သော ခင်မြရင်၏ စကားပြောပုံကို မြင်ရကြားရသောအခါ၌ ဤမိန်းကလေးကား အိုင်စီအက်စ်တစ်ယောက်ထက် နိမ့်ကျသောယောကျ်ားကို ယူမည့်သူမဟုတ် သဖြင့် ကျွန်တော့်အဖို့ မျှော်လင့်ချက် လုံးဝကုန်ဆုံးလေပြီဟု သန္နိဋ္ဌာန်ချမိ လေတော့သည်။

ကျွန်တော့်မှာ ဘီအေတစ်ယောက် ဖြစ်သော်လည်း အိုင်အေမျှသာ အောင်ခဲ့သော ခင်မြရင်နှင့် အင်္ဂလိပ်စကား ပြောရမည်ကို ရှိုးတိုးရှန့်တန့် ဖြစ်နေတော့၏။ စင်စစ်မှာ ခင်မြရင်သည် ကွန်ဗင့်ကျောင်းထွက်ဖြစ်၍ ကပြား မလေးများနှင့် ပေါင်းသင်းလာခဲ့သည် ဖြစ်သောကြောင့် ဘိုစိတ်ဝင်လျက် ရှိသည့်ပြင် အသံနေ အသံထားမှာလည်း ‘မိန်းမ ဒေါက်တာဘမော်’ ဟူ၍ ခေါ်လောက်အောင် ဘိုသံပါလှပါပေ၏။

ညစာ စားသောက်ပြီးကြပြီးသည့်နောက် ဧည့်ခန်းအတွင်း၌ စန္ဒရားတီး သူက တီး၊ လူတိုင်းတစ်ယောက် တစ်ပုဒ်စီ တေးချင်းဆိုသူက တစ်လှည့်စီ သီဆိုကြလျက် သန်းခေါင်တိုင်အောင် တဝေါဝေါ တသောသောဖြင့် ပျော်ရွှင် ဆူညံစွာ ရှိနေကြပေရာ ၁၂ နာရီထိုးသောအခါတွင်မှ အိမ်ရှင်ဦးဖိုးတာသည် ဧည့်သည်များအား မိမိတို့၏အိပ်ခန်းကို အသီးသီးလိုက်၍ ပြသလေ၏။ အခြားဧည့်သည်များအား နေရာချထားပြီးနောက် ဦးဖိုးတာသည် ကျွန်တော့်အား ခေါ်၍–



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်.– ငါ့တူကြီးကတော့ တခြားလူမှ မဟုတ်တာဘဲ၊ ကိုယ့်သွေးကိုယ့်သားထဲကလူ ဖြစ်နေလေတော့ ခပ်စိမ်းစိမ်း လူတွေလို ဧည့်ခန်းတစ်သီးတခြား မပေးနိုင်တဲ့အတွက် ဒရိုင်ဘာဖိုးဌေးရဲ့ အခန်းထဲမှာပဲ အိပ်ပေတော့၊ ဖိုးဌေးတော့ ကားရုံထဲ သွားအိပ်လိမ့်မယ်။ အားနာစရာတော့ ကောင်းတာပဲ။ ဖြစ်ရပုံက ဒီလို ငါ့တူရဲ့၊ ငါ့တူအတွက် သီးသန့်အခန်းတစ်ခန်း စီမံထားပါလျက်နဲ့ ပွဲကတော်ကြီးရဲ့အစ်ကို ဦးဘမောင်က မန္တလေးမြို့မှ မမျှော်လင့်ဘဲ ဆိုက်ရောက်လာလေတော့ သူ့ကို မောင့်အခန်းမှာ နေရာချထားလိုက်ရတယ်။ စိတ်မရှိပါနဲ့မောင်– ဦးတို့အပြစ် မဟုတ်ရပါဘူး။ ဧည့်သည်တွေထဲမှာတော့ ငါ့တူက အရင်းဆုံးဖြစ်တဲ့အတွက်…"

"ကိစ္စ မရှိပါဘူး ဦးရယ်၊ ကျွန်တော်က လူငယ်ကပဲ ဘယ်လိုနေရာမှာ အိပ်ရ အိပ်ရ ခေါင်းချလိုက်ရင် အိပ်ပျော်နိုင်တဲ့ အရွယ်ပါ"

"ကိုင်း ကိုင်း… ဟောဒီ အခန်းပါပဲမောင်၊ အလို… သတိထားကြွက်လျှောက်နဲ့ ခေါင်းနဲ့ တိုက်မိမယ်နော်"

ကျွန်တော်၏ အိပ်ခန်းမှာ အတော်ကျဉ်းမြောင်းသေးငယ်၍ ကြွက်လျှောက်ပေါ်၌လည်း မော်တော်ကား ကိရိယာများ ပြည့်ကျပ်လျက် ရှိ၏။ တစ်ခုသော ထောင့်၌ကား သံသေတ္တာကြီး တစ်လုံးရှိရာ ကျွန်တော်က ၎င်းအကြောင်းကို မေးမြန်းသောအခါတွင် ဦးဖိုးတာက အမေရိကန်ပြည်မှ စိတ်တိုင်းကျ မှာယူထားသော မီးခံသေတ္တာ မရောက်လာသေးမီ အတော်အတွင်း၌ ၎င်းသံသေတ္တာကြီးထဲတွင် ပွဲကတော်ကြီး သားအမိနှစ်ယောက်၏ စိန်ရွှေလက်ဝတ်လက်စားများ ထည့်ထားသည့်အကြောင်း၊ အဖိုးတန်ပစ္စည်းများကို မထင်မှတ်သောနေရာ၌ ထားခြင်းသည် သူခိုးများကို အထင်မှားစေသဖြင့် တစ်နည်းအားဖြင့် ပိုမိုလုံခြုံကြောင်းများနှင့် ရယ်ကာမောကာ ပြောပြလေ၏။ ထို့နောက်–

"အဖိုးတန်ပစ္စည်းတွေ ထားတဲ့ အခန်းဆိုလို့ မောင်က အိပ်ရမှာကြောက်သလား။ ကိစ္စမရှိပါဘူး၊ မောင်နဲ့ အဖော်ရအောင် ဘာစတတ်ကို လွှတ်လိုက်ပါ့မယ်။ အရေးအကြောင်းရှိရင် ဟောဒီကြိုးကို ဆွဲနိုင်ပါတယ်။ ဒီကြိုးကို ဆွဲလိုက်ရင် တစ်အိမ်လုံး ပွက်ပွက်ရိုက်ပြီး ချာချီလမ်း တစ်လမ်းလုံး လန့်နိုးလာပြီသာ မှတ်ပေတော့"

"ဒီလိုဆို မဆွဲဝံ့ပေါင် ဦးရယ်"





"ကိုင်း ကိုင်း… အိပ်ပေတော့ ငါ့တူကြီး မနက် ခြောက်နာရီမှာ လမ်းလျှောက်ပြိုင်ပွဲရှိတယ်နော်၊ ဦးတို့ပေးတဲ့ ငွေဖလားဆုတွေတော့ တူကြီးကချည်း အားလုံးသိမ်းယူသွားပုံ ပေါ်နေပါပြီ"

ကျွန်တော်သည် အိပ်ရာသို့မဝင်မီ တပို့တပါးသွားရန်အတွက် တိုက်အောက်သို့ ဆင်းလာ၍ ကိစ္စပြီးသဖြင့် အိပ်ခန်းသို့ ပြန်တက်သွားသောအခါ အခန်းဝ၌ ခင်းထားသော ခြေသုတ်ဖုံပေါ်၌ ရှေ့လက်နှစ်ဖက်အပေါ်တွင် မေးတင်ကာဝပ်လျက်ရှိသော ခွေးကြီးတစ်ကောင်ကို တွေ့ရလေ၏။ ဤသည်ကား ဦးဖိုးကာ လွှတ်လိုက်မည်ဆိုသော ဘာစတတ်ပင် ဖြစ်ဟန်တူပေရာ ခွေးကြီးမှာ ရှည်ရှည်နွဲ့နွဲ့နှင့် အမွေးမတိုမရှည် ရှိနေ၍ တရုတ်ပြည်ဘက်မှ လူကုံထံများ ဝယ်ယူ မွေးမြူကြသည့် အယ်လ်ဆေးရှင်းမျိုး ဖြစ်ပေ၏။ ဤခွေးမျိုးသည် အိမ်စောင့်ကောင်းလှသည်ဟု ပြောသံကြားဖူး၍ ယခုလည်း ကျွန်တော်၏အခန်းကို စောင့်နေဟန် တူ၏။ သို့ရာတွင် ကျွန်တော်နှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ရဖူးသဖြင့် ကျွန်တော်အား အခန်းရှင်ဟူ၍ နားလည်ကောင်းမှ နားလည်ပေလိမ့်မည်။ ယင်းသို့ဖြစ်၍ ခွေးကြီးကို ခေါ်၍ အခန်းအတွင်းသို့ဝင်ရန် ဖြစ်နိုင်ပါမည်လော။

ကျွန်တော်သည် သူ့အပေါ် ကျော်ခွင့်ပြုမည် မပြုမည်ကို စုံစမ်းသည့်သဘောနှင့် အနီးသို့ ချဉ်းကပ်ကြည့်ရာ ခွေးကြီးသည် နှာခေါင်းကို အနည်းငယ်တွန့်၍ ဖွေးဖွေးဖြူသော သွားများကို ပြလေ၏။ မဟန်သေးချေ။ ဤတွင် ခွေးတို့မည်သည် နာမည်ကို ခေါ်လိုက်လျှင် အကျွမ်းတဝင် ဖြစ်တတ်သည်ဟု နားလည်သည်နှင့် 'ဘာစတတ်'ဟု ခေါ်လိုက်ရာ ခွေးကြီးသည် အမြီးကို မသိမသာကလေးမြှောက်၍ အုန်းဆံဖုံပေါ်သို့ ပြန်ချလိုက်၏။ အမြီးနန့်ခြင်းပေလော၊ အနီးအပါးသို့ အကူအညီတောင်းရန် လှမ်းမျှော်ကြည့်ပါသော်လည်း မည်သူမျှ မရှိချေ။ ကျွန်တော့်အဖို့မှာ ခွေးကြီးကို ကျော်၍ အခန်းထဲသို့ရောက်အောင် ဝင်လျှင်လည်း ဝင်စေ၊ သို့တည်းမဟုတ် တစ်ညဉ့်ပတ်လုံး မအိပ်ဘဲ ဤအခန်းဝတွင် ထိုင်စောင့်ရန်သာ ရှိတော့၏။ ပထမ၌ အိမ်သားများထံ သွား၍ ကျွန်တော်၏ အခက်အခဲကို ပြောပြဖို့ စိတ်ကူးမိသေး၏။ သို့ရာတွင် ဤသို့ပြုရန်မှာ ရှက်လည်း ရှက်၊ အားလည်း နာသည်နှင့် မအိပ်ဘဲ နေတန်နေတော့မည်ဟု အောက်မေ့မိ၏။ နောက်ဆုံး၌ တတ်နိုင်ပါဘူးဆို၍ စိတ်အားတင်းပြီးလျှင် အလွန်တရာ ချိုသာသောအသံဖြင့် "ဘာစတတ် ငါ့လူရာ



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ သူငယ်ချင်း မဟုတ်လားကွ"ဟူ၍ လက်ဖျောက်တီး၍ ခေါ်လိုက်သည်တွင် ခွေးကြီးသည် ဦးခေါင်းထောင်ကာ ကျွန်တော့်ကို မော့ကြည့်ပြီးနောက် ဝပ်ရာမှထ၍ ရှေ့လက်နှစ်ဖက်ကိုဆန့်ထုတ်ကာ အညောင်းဆန့်ရင်း အမြီးကို မနန့်ချင် နန့်ချင် ဖြည်းညင်းစွာ နန့်လေ၏။ ဤတွင် သူ၏နောက်ပိုင်းနှင့် တံခါးကြားတွင် လူတစ်ကိုယ်ဝင်သာရုံမျှရှိသော ကွက်လပ်မှ စွပ်ကနဲဝင်လိုက်သဖြင့် အခန်းတွင်းသို့ ရောက်သွားလေ၏။

ကြာရှည်စွာ နေခဲ့လျှင် ခုတင်နှင့် ကျွန်တော်၏အကြားသို့ ခွေးကြီး ရောက်လာ၍ ခုတင်ပေါ်သို့တက်ရန် အခက်အခဲ တွေ့ဦးမည်စိုးသည်နှင့် ကျွန်တော်သည် အခန်းတံခါးကို တွန်းပိတ်လိုက်၍ သားရေအိတ်ကို လျင်မြန်စွာ ကောက်ယူပြီးလျှင် အသင့်ခင်းကျင်းထားသော အိပ်ရာပေါ်သို့ ခုန်တက်လိုက်လေ၏။ ခုတင်ပေါ်သို့ ရောက်သောအခါမှ သားရေအိတ်ကိုဖွင့်၍ အဝတ်အစားများ လဲလှယ်ပြီးလျှင် ဓာတ်မီးခလုတ်ကိုနှိပ်၍ ခေါင်းအုံးပေါ် ခေါင်းချရလေ၏။ နောက်တခဏ၌ ခွေးကြီးသည် အခန်းပတ်ဝန်းကျင်၌ လှည့်လည်စုံစမ်းနေသည့် လက္ခဏာနှင့် ခြေသံတရှပ်ရှပ် ကြားရလေရာ ခုတင်ခြေရင်းဘက်၌ တရှုးရှုး မြည်သောအသံကို ကြားရသဖြင့် ကျွန်တော်၏ ဖိနပ်များကို နမ်းရှု့အနံ့ခံနေသည်ဟု သိရ၏။ ထို့နောက် 'ဘရက်–ဘရက်'မြည်သော အသံမျိုးကြားရသဖြင့် ကျွန်တော့်အဖို့ တည်ထားသော ဖန်ချိုင့်မှ ရေသောက်နေကြောင်း သိရ၏။ ၎င်းနောက် ကျွန်တော်၏ခြေရင်းသို့ ရောက်သွားပြန်၍ ဗြုတ်ခနဲ အသံကြားလိုက်ရပြီးလျှင် ခြေထောက်ပေါ်၌ နင့်ခနဲ ဖြစ်သွား၏။ ခွေးကြီးကား ခုတင်ပေါ်သို့ ရောက်လာချေပြီ။ သို့သော် မောင်မင်းကြီးသားမှာ ငြိမ်ဝပ်စွာ အိပ်ပါမည်လော သို့တည်းမဟုတ် အချို့ ခွေးဆိုးများအကြောင်းကို ကျွန်တော် ဖတ်ဖူးရသည့်အတိုင်း ကျွန်တော်၏ လည်မျိုကိုခဲဖို့ ကြိုးစားချေဦးမည်လော။

ကျွန်တော်သည် မှောင်မိုက်ထဲ၌ ခွေးကြီး၏အကဲကို ခတ်လျက်ရှိစဉ် ခွေးကြီးသည် ခွေးတို့၏ထုံးစံအတိုင်း ခြေရင်း၌ ချာလပတ်လှည့်ပြီးလျှင် ကျွန်တော်၏ တံကောက်ကွေးအကြား၌ လှဲအိပ်လိုက်လေ၏။ ထိုညမှာ အလွန်တရာ ပူအိုက်သော ညတစ်ည ဖြစ်သည်အတွင်း ရေနွေးတစ်ပုလင်းမျှ ပူနွေးလှသော ခွေးကြီး၏ခန္ဓာကိုယ်သည် ကျွန်တော်၏အောက်ပိုင်းကို ဖိထားသဖြင့် လွန်စွာ အခံရခက်လှ၏။ တစ်ဖက်သတ် အိပ်ရ၍ ညောင်းညာသဖြင့် တစ်ဖက်သို့စောင်းမည်ပြုရာ ခွေးကြီးက အလိုမကျသောအသံမျိုးပေးသည်နှင့်





မပြုပြင်ဝံ့ဘဲ ငြိမ်သက်စွာ နေရလေတော့၏။ လာခဲ့မိခြင်းကား မှားလေစွဟူ၍ ဆယ်ကြိမ်မက နောင်တရမိလေ၏။

မည်မျှညောင်းညာ၍ စိတ်ထဲ၌ မည်မျှလောက် တထိတ်ထိတ်ရှိစေကာမူ ညနေခင်းက တင်းနစ်ကစားထားသဖြင့် မောဟိုက်ခဲ့သော သတ္တိကြောင့် ကျွန်တော့်မှာ တစ်ချက်တစ်ချက်တွင် လစ်ခနဲ လစ်ခနဲ ဖြစ်သွားမိ၏။ အချိန်မှကား နာရီပြန်နှစ်ချက်ထက် နည်းတော့မည် မဟုတ်ချေ။ ယင်းကဲ့သို့ လစ်သွား၍ ဘာစတတ်၏ ဟိန်းသံကြားမှုကြောင့် နိုးလာသည့်အခိုက်တွင် အခန်းတံခါးကို အပြင်မှ ခေါက်သံကြားရလေ၏။ ဓာတ်မီးခလုတ်မှာ အိပ်ရာထဲမှ လက်လှမ်းမီအောင် ကပ်ထားသည်ဖြစ်၍ ကျွန်တော်သည် ခလုတ်ကိုနှိပ်ကာ မီးဖွင့်လိုက်ပြီးနောက် 'ဘယ်သူလဲ ဝင်ခဲ့လေ'ဟု ပြောလိုက်သည်နှင့်ဟတ်ပြိုင်နက် အခန်းတံခါးပွင့်လာ၍ ဖယောင်းတိုင် တစ်တိုင်ကို လက်၌ကိုင်ကာ ရပ်နေသော ခင်မြရင်ကို တွေ့မြင်ရလေ၏။ ခင်မြရင်မှာ ကျကျနန ဘိုဆန်ဆန် မိန်းမတစ်ယောက်ဖြစ်သည့်အတိုင်း ညဥ့်အိပ်ဝတ်ရုံရှည်ကြီးကို ဝတ်လျက်ရှိရာ–

"လာစမ်းပါဦး ဖိုးဌေးရယ်၊ ငါ့မှာ…"ဟု ပြောပြီး၍ ဖိုးဌေးမဟုတ်ဘဲ အခြားလူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်တွင်မှ အံ့သြစွာနှင့် ပါးစပ်ဟလျက် ငေးကြည့်နေလေ၏။

"ဘာဖြစ်လို့လဲ ခင်မြရင်၊ ကိစ္စရှိရင် ခိုင်းပါလေ"

"ဩော်…ကိုဘရင်ပါလား၊ ဖိုးဌေးမှတ်လို့ ခိုင်းစရာရှိလို့ပါ"

"ဖိုးဌေးက ကားရုံထဲမှာ အိပ်နေလေရဲ့၊ သူ့အခန်းမှာ ကျွန်တော့်ကို နေရာပေးတယ်။ ဘာခိုင်းချင်လို့လဲ"

"လင်းနို့ ဝင်နေတယ် ကိုဘရင်ရဲ့"

"ဘယ် ဝင်နေလို့လဲ…"

"ကျွန်မ အခန်းထဲ ဝင်နေတယ်၊ တဖျပ်ဖျပ်နဲ့ အိပ်လို့မရလို့ ဖိုးဌေးကို မောင်းထုတ်ခိုင်းမလို့ပါ။ နေပါစေ ကိုဘရင်"

"ဖိုးဌေးတော့ မရှိဘူး၊ ကျွန်တော် မောင်းထုတ်ပေးမယ်လေ"

"တတ်နိုင်ရင် လုပ်ပေးစမ်းပါရှင်၊ ဟဲ့ ဘာစတတ် ငြိမ်ငြိမ်နေ"

ခွေးကြီးသည် သခင်မကို တွေ့ရ၍ နှုတ်ဆက်ကာ ပလူးလျက်ရှိ၏။ ကျွန်တော်နှင့် ဘာစတတ်တို့သည် ခင်မြရင်နှင့် အတူလိုက်သွားကြ၍ ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ရောက်သောအခါ ကျွန်တော်တို့သည် ဖြည်းညင်းစွာ ဝင်ကြ၍ တံခါးကိုပိတ်လိုက်ပြီးလျှင် ဓာတ်မီးရောင်ဖြင့် လင်းနို့ကို ရှာကြ၏။ သို့ရာတွင် လင်းနို့မှာ မည်သည့်နေရာ၌ ပုန်းအောင်းနေသည် မသိ၊ မြင်လည်း မမြင်ရ၊ အသံလည်း မကြားရချေ။ ဘာစတတ်ကိုယ်တိုင် ထိုမှ ဤမှ လှုံးလားခတ်လျက် အနံ့ခံကာ ရှာဖွေပါသော်လည်း မတွေ့နိုင်ချေ။

"လင်းနို့က ကျွန်မတို့ လာသံကြားလို့ ပုန်းလိုက်ဟန် တူတယ်။ ဟိုဘက်က တိုင်ကြားမှာ ကပ်သလား မဆိုနိုင်ဘူး"

"လင်းနို့ ခြောက်ထုတ်နည်းဆိုပြီး စာအုပ် တစ်အုပ်ထဲမှာ ကျွန်တော် ဖတ်လိုက်ရတယ်"

"ဘယ်လို စာအုပ်မျိုးထဲမှာလဲ"

"စာအုပ်ကတော့ အင်္ဂလိပ်စာအုပ်ပဲ၊ နာမည်တော့ မမှတ်မိဘူး။ နည်းကတော့ ဒီလိုတဲ့၊ မီးငြိမ်းပြီး အသာလေးငြိမ်ငြိမ်နေလိုက်ရင် လင်းနို့က အရဲစွန့်ပြီး ထွက်လာလိမ့်မယ်။ ဒီအခါမှာ တံခါးမှာ တံခါးကိုဖြုန်းခနဲ ဖွင့်ပေးလိုက်ရင် အပြင်ဘက်ကို ပျံထွက်သွားရောတဲ့"

"ဟုတ်ပါ့မလား စမ်းကြည့်သေးတာပေါ့လေ"

ကျွန်တော်သည် ဓာတ်မီးခလုတ်ကို နှိပ်လိုက်သဖြင့် တစ်ခန်းလုံး မှောင်သွားသည်တွင် တိတ်ဆိတ်စွာ စောင့်နေကြလေ၏။ တစ်မိနစ်ခန့်ကြာ၍ လင်းနို့ရဲတင်းလာလောက်သောအခါ ကျွန်တော်သည် အခန်းတံခါးကို ရုတ်တရက်ဆွဲဖွင့်လိုက်သည်တွင် မိန်းမကြီးတစ်ယောက်သည် လက်ဆွဲမှန်အိမ်ကို ကိုင်လျက် ဆောင်ကူးလမ်းကြားမှလျှောက်လာသည်နှင့် ပက်ပင်းပါ တွေ့ကြရလေ၏။ ကျွန်တော် အံ့ဩသည်နှင့်အမျှ မိန်းမကြီးမှာလည်း မှန်အိမ်ကို ကိုင်ကာ အလွန်အံ့ဩစွာနှင့် ကြောင်တောင် ငေးကြည့်နေလေ၏။

"ထမင်းချက်တဲ့ ဒေါ်ပွင့်ကြီးပါလား၊ ဒေါ်ပွင့် ဘယ်က လာတာလဲ"

"အိပ်ရာဝင်မှာ ဝမ်းနုတ်ဆေးစားထားတာနဲ့ ဆေးအသစ်မို့လို့ မိုးလင်းအောင် မနေရဘဲ သန်းခေါင်ကျော်ကြီးမှာ ထနေရတယ်"

ယင်းသို့ အဖြေပေးသော်လည်း ဒေါ်ပွင့်သည် ကျွန်တော်တို့နှစ်ယောက်ကို မသင်္ကာသော မျက်နှာထားနှင့် တစ်ယောက်တစ်လှည့်စီ ကြည့်နေလေ၏။

"ကျွန်မ အခန်းထဲမှာ လင်းနို့တစ်ကောင် ဝင်နေလို့ ကိုဘရင်ကို ခြောက်ထုတ်ခိုင်းရတယ် ဒေါ်ပွင့်ရဲ့။ အပြင်ဘက် ပျံထွက်သွားတာ ဒေါ်ပွင့် မတွေ့လိုက်ဘူးလား"





"မတွေ့ပေါင် မမလေး၊ ကြုံကြုံစည်စည်..."

"ဘာကြုံကြုံစည်စည်လဲ"

"ကျွန်မ မတွေ့တာကို ပြောတာပါ"

"ကိုင်း...တော်လောက်ပါပြီ၊ ကိုဘရင် ကျေးဇူးတင်ပါတယ်။ လင်းနို့ ပျံထွက်သွားပြီ ထင်ပါရဲ့။ ရှင်လည်း ပြန်ပါတော့ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့... ကျွန်တော် သွားပါတော့မယ်။ ဘာစတတ်ကို ခေါ်ထားလိုက်ပါတော့။ ကျွန်တော်ဖို့ မလိုပါဘူး"

"ဒေါ်ပွင့်က မီးအိမ်နဲ့ လိုက်ပြပေးလိုက်ပါရှင်"

ကျွန်တော်နှင့် ဒေါ်ပွင့်တို့သည် ခင်မြရင်၏အခန်းမှ ထွက်လာခဲ့ကြရာ မိန်းမကြီးမှာ မသင်္ကာသော မျက်နှာထားနှင့် ကျွန်တော့်အား ကြည့်လျက် စကားမပြောဘဲ လိုက်လာသည်နှင့် ဤနေ့ည အဖြစ်အပျက်ကို မည်သူ့အားမျှ မပြောစေရန် ၁၀ ကျပ်တန် တစ်ရွက်လောက် နှုတ်ပိတ်ခပေးလျှင် သင့်တော်ချေမည်လောဟု စိတ်ကူးမိ၏။ သို့ရာတွင် ဤသို့ လာဘ်ထိုးချေက အထင်လွဲသည်ထက် လွဲချေတော့မည်ဟု စဉ်းစားမိသည်နှင့် ၎င်း၏အကြံကို ပယ်ဖျက်လိုက်၏။

ဒေါ်ပွင့်သည် ကျွန်တော်အား အခန်းဝသို့ရောက်အောင် လိုက်ပို့၍ မီးအိမ်နှင့်ပြန်သွားရာတွင် ကျွန်တော်လည်း မိုးမလင်းမီ အိပ်ရေးဝအောင် အိပ်တော့အံ့ဟု အိပ်ရာသို့ ဝင်လေ၏။

ကျွန်တော်မှာ တင်းနစ်ကစားသည့်အတွက် မောပန်းထားသည်နှင့် ချက်ချင်းပင် အိပ်ပျော်သွားသည့်လက္ခဏာ ရှိ၏။ သို့ဖြစ်၍ အိပ်မက်ထဲ၌ ခင်မြရင်ကို ဆင်ကြီးတစ်ကောင်လိုက်သဖြင့် ခင်မြရင်က ကယ်ပါကယ်ပါ တစာစာနှင့် ကျွန်တော့်ထံ ပြေးလာ၍ ကျွန်တော်က ဆီးကြိုပွေ့ဖက်တော့မည်ပြုဆဲတွင် အခန်းတံခါးခေါက်သံကြောင့် ရုတ်တရက်လန့်နိုး၍ စိတ်တိုတိုနှင့်...

"ဘယ်သူလဲ"

ဟု ငေါက်၍ မေးလိုက်၏။

"ကျွန်မပါ ကိုဘရင်၊ နိုးရတာအားတော့နာပါရဲ့။ ခုနင်က လင်းနို့ ပြန်ရောက်နေပြီရှင့်၊ ကျွန်မက လင်းနို့ရှိရင် အိပ်လို့မရဘူး၊ တဆိတ်လောက် လိုက်လုပ်ပေးပါဦးရှင်"

"တကယ်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါရှင်၊ ဘယ့်နှယ်မေးတာလဲ"

"ကျွန်တော် မေးတာက ခုနင်ကလင်းနို့ ဟုတ်ကဲ့လားလို့ပါ။ လင်းနို့ဆိုတာ တစ်ကောင်နဲ့တစ်ကောင် သိပ်တူတာဗျ။ ကိုယ်စားလှယ်လွှတ်လိုက်တာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါကတော့ မပြောတတ်ဘူးလေ၊ ကျွန်မကတော့ ဘယ်လင်းနို့ဖြစ်ဖြစ် ကြောက်တာပဲ။ တဆိတ် ခြောက်ထုတ်ပေးစမ်းပါဦးရှင့်"

"လိုက်ရတာပဗျာ"

ကျွန်တော်သည် ခင်မြရင်၏အခန်းသို့ ဒုတိယအကြိမ် လိုက်သွား၍ အခြေအနေကိုကြည့်ရာတွင် ဘာစတတ်သည် ခင်မြရင် မရှိခိုက်အတွင်း ခင်မြရင်၏ အိပ်ရာပေါ်သို့တက်၍ အိပ်ချင်ပြုနေလေ၏။

"အောင်မယ်ဟဲ့... ဘာစတတ် ငါ့အိပ်ရာပေါ် နင်မတက်ရဘူးဆိုတာ မသိဘူးလားဟင် မိုက်လှပါလား ဟဲ့ဆင်း"

ဘာစတတ်လည်း မဆင်းချင် ဆင်းချင်နှင့် ခုတင်ပေါ်မှ ဆင်းသွားလေ၏။

"သိပ်ခက်တဲ့ လင်းနို့ပဲ။ ခုနင်တုန်းက တဖျပ်ဖျပ်နဲ့ အခန်းထဲပျံနေပြီးတော့ ခုတော့ ပျောက်နေပြန်ပြီ"

"ဒါဖြင့် ခုနင်ကတုန်းကလို မီးငြိမ်းထားတဲ့နည်း လုပ်ဦးမှထင်တယ်"

"လုပ်စမ်းပါဦးရှင်"

ကျွန်တော်သည် ယခင်နည်းအတိုင်း ခလုတ်ကိုနှိပ်၍ တစ်ခန်းလုံး မှောင်လျက်ရှိသည့်အတွင်း တောင်ပံခတ်သံများ ကြားရသည်ဟု ထင်မိသည်နှင့် အခန်းတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်လေ၏။ သို့ရာတွင် တံခါးမှာ လက်ထဲ မပါလာဘဲ ခိုင်မြဲစွာ တည်လျက်ရှိ၏။

"ဘာလုပ်တာလဲ ကိုဘရင်"

"တံခါးဖွင့်လို့ မရဘူးဗျ၊ မီးဖွင့်စမ်းပါဦး"

ခင်မြရင်သည် မီးခလုတ်ကို ဖွင့်၍ မီးလင်းလာပြီးနောက် ကျွန်တော်တို့သည် တံခါးကို တစ်ယောက်တစ်လှည့်စီ ဆွဲဖွင့်ကြပါသော်လည်း တစ်လက်မမျှ ပါမလာဘဲ ခိုင်မြဲစွာ ပိတ်လျက်ရှိလေတော့၏။

"ဘယ်လိုဖြစ်တာလဲ ခင်မြရင်"

"အပြင်ဘက်က မင်းတုံးကျသွားပြီ ထင်တယ်၊ ခက်တော့တာပဲ... ဘယ့်နှယ်လုပ်ရပါ့"





ကျွန်တော်တို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ မကြုံတတ်အောင် ဖြစ်နေကြလေတော့၏။

"ခက်တော့တာပဲ ကိုဘရင်၊ ဒီအခန်းထဲမှာ ရှင်တစ်ညလုံးနေလို့ ဘယ်နှယ့် ဖြစ်နိုင်ပါမလဲရှင့်"

"ကျုပ်ကလည်း မနေချင်ပါဘူးဗျာ၊ ဘယ်နှယ့် လုပ်ကြပါ့"

နောက်ဆုံး၌ ကျွန်တော်တို့သည် နံနက်လင်းသောအခါမှ အခန်းပြင်မှ သူတစ်ပါးဖွင့်ပေးသည်ကို စောင့်နေရန်မှတစ်ပါး အခြားနည်းလမ်း မမြင်သည်နှင့် ခင်မြရင်အား အိပ်ရာသို့ဝင်၍ အိပ်စေပြီးလျှင် ကျွန်တော့်မှာ ကုလားထိုင် တစ်လုံးပေါ်တွင် ဖြစ်တတ်သလို ကွေးနေဖို့ ပြင်ဆင်ကြရလေ၏။ ထိုအချိန်၌ ကား သုံးနာရီထိုးပြီးပြီဖြစ်၍ မိုးလင်းဖို့ နှစ်နာရီခန့်လိုသေးပေရာ ကျွန်တော်မှာ ခင်မြရင်၏ ရှောတဘက်လေးကို အထက်ပိုင်း၌ ရစ်ပတ်ကာ မိုးသောက်ချိန်၏ အေးမြခြင်းကို ကာကွယ်ရလေ၏။ ခင်မြရင်မှာ အိပ်ရာထဲ၌ ကွေးနေသော်လည်း ကောင်းစွာ အိပ်ပျော်သည့်လက္ခဏာ မရှိချေ။ ဘာစတတ်မှာ ကျွန်တော်တို့၏ အနေအထိုင်ကို ထူးဆန်းသည်ဟု အောက်မေ့ဟန်နှင့် နှစ်ယောက်အကြားတွင် ဝပ်၍ ကျွန်တော့်၏မျက်နှာကို မကြာခဏ မော့ကြည့်လျက်ရှိ၏။ တစ်ချက် တစ်ချက် သတိလစ်သွားသောအချိန်များတွင် ကျွန်တော်သည် ခင်မြရင်ကို ဆင်လိုက်သော အိပ်မက်မျိုး ဆက်လက်မြင်မက်ဖို့ မျှော်လင့်ပါသော်လည်း ၎င်းအိပ်မက်မျိုးကား မမက်၊ တရှုံးရှုံးတရှိုက်ရှိုက်နှင့် လွှတိုက်သကဲ့သို့ အသံမျိုးကိုသာ ကြားရ၏။ လွှစင်ထဲသို့ ရောက်နေရသလိုလို မှတ်ထင်ရ၏။

ကုလားထိုင်ပေါ်၌ တလိန်လိန် တတွန့်တွန့်ရှိနေ၍ တစ်ချက်တစ်ချက် မျက်စိဖွင့်ကြည့်လိုက်မိသည်တွင် ပြတင်းပေါက်မှ အလင်းရောင်ဝင်နေသည်ကို တွေ့ရသည်နှင့် ဆက်လက် မတွေးတော့ဘဲ ခပ်စန့်စန့် ထိုင်လိုက်ဆဲတွင် တံခါးမင်းတုံးကို အပြင်မှဖွင့်သံ ကြားရလေ၏။ ကျွန်တော်သည် ကုလားထိုင်မှ ရုတ်တရက်ထ၍ တံခါးဆီသို့ ပြေးကပ်လိုက်သည်နှင့် တစ်ပြိုင်နက် သူငယ်မလေး တစ်ယောက်သည် ကာဖီလင်ပန်းနှင့် ဝင်လာ၍ စားပွဲကလေးပေါ်၌ လင်ပန်းကို ချထားပြီးလျှင် ပြတင်းပေါက်မှ ခန်းဆီးများကို ဖွင့်ပေးလေ၏။ သူငယ်မသည် ကျွန်တော့်ဘက်ကို ကျောလှည့်နေခိုက်တွင် ကျွန်တော်သည် ခြေသံမကြားအောင် အခန်းထဲမှ ဖျတ်ခနဲထွက်လာ၍ ကျွန်တော်၏အခန်းဆီသို့ သုတ်ခြေတင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း၀သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်မှာ ကြက်သေသေလျက် ငေးကြည့်နေမိလေတော့၏။ အကြောင်းမူကား ကျွန်တော်၏ အိပ်ခန်းတစ်ခုလုံးမှာ ဗလပွဖြစ်နေသည့်ပြင် သံသေတ္တာကြီးမှာလည်း ပွင့်လျက်ရှိနေသောကြောင့်ပေတည်း။ ၎င်းသေတ္တာကြီးထဲ၌ ပွဲကတော်ကြီး သားအမိတို့၏ လက်ဝတ်လက်စားများထားသည်ဟု ပွဲစားကြီးဦးဘိုတာ ပြောဖူးသောစကားကို သတိရမိသောအခါ အံ့လွန်းအံ့သြရုံနှင့် မပြီးတော့ဘဲ ထိတ်လန့်တုန်လှုပ်ခြင်းပါ ရောယှက်ဖြည့်စွက် ပေးလေတော့၏။ သေတ္တာကြီးထဲ၌ အဖိုးတန်ပစ္စည်း မည်၍မည်မျှ ထားခဲ့ကို မသိ၊ သေတ္တာကြီးမှုကား ဟောင်းလောင်းကြီးဖြစ်နေခဲ့လေပြီ။ ဤတွင် လွှစက်ရုံသို့ရောက်၍ တရှီးရှီး တရှဲရှဲနှင့် လွှတိုက်သံကြားရသည်ဟု ကျွန်တော် မြင်မက်သောအိပ်မက်မှာ သေတ္တာကြီးကို တစဉ်းနှင့် တိုက်သောအသံ ဖြစ်ရမည်ဟူ၍လည်း စဉ်းစားမိ၏။

နောက်တစ်ခဏ၌ ကျွန်တော်သည် ကျွန်တော်၏ အခက်အခဲကို စဉ်းစားမိပြန်သည်နှင့် ဦးခေါင်းကြီးသွား၍ တစ်ကိုယ်လုံးချွေးများ ပြန်လာလေတော့၏။ ဤအခန်းထဲ၌ ကျွန်တော် တစ်ယောက်လုံး အိပ်နေပါလျက် သူခိုးများဝင်၍ လုပ်ချင်တိုင်း လုပ်နေကြသည်ကို ကျွန်တော် မသိရဟု ဆိုခဲ့လျှင် မည်သူက ယုံကြည်နိုင်ပါအံ့နည်း၊ အကယ်၍ ဟုတ်မှန်သည့်အတိုင်း ဖော်ထုတ်ပြောပြပြန်လျှင်လည်း ယုံချင်မှ ယုံပေမည်၊ ယုံစေကာမူလည်း ခင်မြရင်အဖို့ ကောင်းလှမည် မဟုတ်ချေ။

ကျွန်တော်သည် ဤသို့သော အခက်အခဲတွင် မည်ကဲ့သို့ ပြုရပါမည်နည်းဟု အကြံထုတ်မိလေရာ ပထမ၌ မိမိ၏ဦးခေါင်းကို မော်တော်ကားလှည့်သော သံကောက်ကြီးနှင့် မူးအောင်ရိုက်လှဲ၍ ခြေလက်များကို ကြိုးနှင့်ချည်တုပ်ထားရလျှင် သင့်တော်ချေမည်လောဟု စိတ်ကူးမိ၏။ သံကောက်ကြီးလည်း အခန်းထဲတွင် အဆင်သင့်ရှိ၍ သူခိုးလာသောအခါ ဝမ်နှင်ပေးဖို့ထားသော ကြိုးမှာလည်း တန်းလန်းကျလျက်ရှိ၏။ ကျွန်တော်သည် သံကောက်ကြီးကို ကောက်ယူ၍ ဦးခေါင်းနှင့် ဆက်ကြည့်လျှင် မည်မျှလောက် ပြင်းထန်စွာ ရိုက်သင့်ပါသနည်းဟု ဆကြည့်ရာ စမ်းသပ်ရုံနှင့် အလွန် နာကျင်သည်ကို တွေ့ရသဖြင့် တွန့်ဆုတ်မိ၏။ အခြားသော အခက်အခဲ တစ်ခုမှာလည်း အကယ်၍ ကျွန်တော်သည် ကျွန်တော်၏ဦးခေါင်းကို သံကောက်ကြီးနှင့်





မူးအောင်ရိုက်သည် ထားဘိဦး၊ မူးလဲသည်နောက် ခြေလက်တို့ကို ကြိုးဖြင့် တုပ်နှောင်ရန် တတ်နိုင်တော့မည် မဟုတ်ချေ။ အကယ်၍ ခြေ လက်တို့ကို ရှေးဦးစွာ တုပ်နှောင်ထားပြန်ပါလျှင်လည်း မိမိ၏ဦးခေါင်းကို မိမိ သံကောက်ကြီးနှင့်ရိုက်ရန် ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ထို့ပြင် ကျွန်တော်သည် မိမိကိုယ်ကို ၎င်းအကြံအတိုင်း မူးမေ့အောင် ရိုက်၍ ခြေလက်တို့ကို တုပ်နှောင်ထားနိုင်စေကာမူလည်း ထမင်းချက်မိန်းမကြီး ဒေါ်ပွင့်က ခင်မြရင်၏အခန်း၌ ကျွန်တော့်ကို မြင်တွေ့သွားသော ကိစ္စလည်း ရှိချေသေး၏။ ကျွန်တော်၏အခန်း၌ ဘာစတတ်မရှိသည့် အခြင်းအရာကိုလည်း ကျေနပ်အောင် ရှင်းလင်းပြောပြဖို့ လွယ်ကူမည် မဟုတ်ချေ။

နောက်ဆုံး၌ ကျွန်တော်သည် အိမ်ရှင်ဦးဘိုးတာအား ဖြစ်သမျှ အကြောင်းအရာကို ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟပြောပြရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ဟူ၍ ဆုံးဖြတ်ချက်ချလိုက်လေ၏။ သို့ဖြစ်၍ ကျွန်တော်သည် ၎င်းဆုံးဖြတ်ချက်အရ ချက်ချင်းပင် ဆောင်ရွက်တော့မည်ဟု ဦးဘိုးတာ၏ အခန်းသို့သွားသောအခါ ဒူးများများ ဆတ်ဆတ်တုန်လျက် ရှိသောကြောင့် လှေကား ၁၁ ထစ်ကို တက်ရ၍ လမ်းတွင် လက်ရမ်းကိုကိုင်ကာ နှစ်ကြိမ်ထက်မနည်း အနားယူရလေတော့သည်။

ဘိုဆန်သော ခင်မြရင်၏ဖခင် ဘိုဆန်သော ဦးဘိုးတာသည် ကျွန်တော် ရောက်သွားသော အတန့်၌ မှတ်ဆိတ်ရိပ်ရန်အတွက် တစ်မျက်နှာလုံးကို ဆပ်ပြာမှုန့်များ သုတ်လိမ်းထားသည်ဖြစ်၍ နားပေါက်နှစ်ဖက်တွင် ဆပ်ပြာမှုန့်များ ပြည့်နေဖြင့်...

"ဦး ခင်ဗျာ"

ဟု ကျွန်တော်က ခေါ်လိုက်သည်ကို မကြားဘဲ၊ မှန်တင်စားပွဲရှေ့၌ ရပ်ကာ၊ မေးအောက်၌ရှိသော အမွေးအမျှင်များကို သင်တုန်းဓားဖြင့် ရိပ်ခြစ်လျက်ရှိ၏။ ကျွန်တော်က ရှေ့သို့သွား၍...

"ဦး ခင်ဗျာ"

ဟု တတိယအကြိမ် ခေါ်လိုက်သည်တွင်မှ ဦးဘိုးတာမှာ ဆတ်ခနဲ လှည့်သွား၍ နောက်သို့လှည့်ကြည့်လိုက်ရာတွင် မေးဖျားကို သင်တုံးဓားထိသွားသဖြင့်...

"အလိုလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်၏။ ထိုခဏ၌ ဦးဘိုးတာ၏မျက်နှာမှာ သွေးလှူးထားသော ဆပ်ပြာမှုန့်များဖြင့် ချင်းချင်းနီလျက် ရှိနေလေပြီ။

"ဘာဖြစ်တာလဲ အစ်ကိုကြီး"

ဟု ပွဲကတော်ကြီးက အခြားအခန်းမှ လှမ်း၍မေးလိုက်သောအခါ ဦးဘိုးတာသည် မယားဖြစ်သူကို သတိမရဘဲ၊ ပြူးတူးပြဲတဲ ဖြစ်နေသော မျက်လုံးများဖြင့် ကျွန်တော်အား ကြည့်လျက်...

"တယ်ရိုင်းတဲ့လူပါလားမောင်၊ အသံမပြု ဘာမပြုနဲ့အခန်းထဲ ဝင်လာရသလား"

"ဘယ်သူလဲ အစ်ကိုကြီး"

"အသံပြုပါတယ် ခင်ဗျာ၊ ဦးက မကြားလို့ပါ"

ကျွန်တော်မှာ ပစ္စည်းများကို လူခိုးခြင်းနှင့်ပတ်သက်၍ အလျဉ်းမသိသေးသော ပစ္စည်းရှင်အား ကျွန်တော့်အပေါ်၌ သံသယကင်းရှင်းအောင် ရှင်းလင်းပြောပြဖို့ လာရောက်သည့်ကိစ္စတွင် "ချီကတည်းက ယဉ်သကိုလေ"ဆိုသော စကားကဲ့သို့ မပြောရသေးမီက စိတ်ဆိုးခံနေရပြီ ဖြစ်သောကြောင့် အလွန်တရာ ရင်လေးစွာနှင့် ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်မိ၏။

"အောင်မယ် တယ်တော်တဲ့လူပဲ၊ သူတစ်ပါး အခန်းထဲ မပြောမဆိုနဲ့ ဝင်လာပြီး ကုလားထိုင်ပေါ်မှာ အခန့်သား ထိုင်နေလိုက်တာ စွင့်လို့ပါလား"

"ဒီလိုမဟုတ်ပါဘူး ဦးရယ် ကျွန်တော်က..."

"ဟော့ မသန်းခင် တင်ချာပုလင်း ဘယ်ထားသလဲကွယ့်၊ ငါ့မေးစေ့မှာ ဓားထိသွားပြီ၊ သွေးတွေကို ရွဲလို့"

"ဩော် ဖြစ်ရလေ အစ်ကိုကြီး၊ နေဦး ကျွန်မ ယူလာခဲ့မယ်"

ပွဲကတော် ဒေါ်သန်းခင်သည် ဆေးပုလင်းကိုကိုင်ခါ အတွင်းသို့ဝင်လာ၍ ကျွန်တော့်ကို မြင်သော်လည်း အဖက်မလုပ်ဘဲ ပွဲစားကြီး၏ မေးစေ့ကို ဆေးထည့်ပေးရာ ပွဲစားကြီးမှာလည်း စပ်လှသောကြောင့် တရှူးရှူး တရှားရှား ဖြစ်နေလေ၏။ ယင်းသို့ရှိနေလေလေ ကျွန်တော်၏ကိစ္စကို ပြောဖို့ ခဲယဉ်းလေလေ ဖြစ်နေတော့၏။ သို့သော် မပြောလျှင်မပြီးသော အလုပ်ဖြစ်သောကြောင့် စိတ်ကိုတင်းလျက်...

"ဒီလိုပါ ဦးခင်ဗျာ"

"ဘယ်လိုလဲ မောင်ဘရင်"





"ပြောရမှာလည်း ခပ်ခက်ခက်၊ မပြောဘဲနေလို့လည်း မဖြစ်"

"အောင်မယ်၊ ဒီသူငယ် ဘယ်လိုဖြစ်လာပါလိမ့်၊ မောင့်အဖေက ဒီလိုမဟုတ်ပေါင်၊ စကားပြောရင် ဒိုးဒိုးဒေါက်ဒေါက်နဲ့ပါ"

"ခါတိုင်းတော့ ကျွန်တော်လည်း ဒိုးဒိုးဒေါက်ဒေါက်ပါ၊ ဦးလည်း သိပါတယ်၊ ဒီကနေ့တော့..."

"ဒီကနေ့ ဘာဖြစ်လို့လဲ၊ ဝေ့လည်လည် ရှိလိုက်လေကွယ်တို့"

"သံသေတ္တာကြီးကို လူဖွင့်ပြီ"

"အလိုလေး ကုန်ပါပြီတော့၊ ကျုပ်တို့သားအမိ လက်ဝတ်လက်စားတွေ ကုန်ပါပြီကော့"

"ဟုတ်ရဲ့လား မောင်ရင်"

"ကိုယ်ကျိုးတော့ နည်းပါပြီတော့"

"နေပါဦး မောင်တစ်ယောက်လုံး ရှိလျက်နဲ့ လူခိုးသွားတယ်လား"

"ကျွန်တော်ရှိတယ် ဆိုပေမယ့်"

"လာစမ်းပါ အစ်ကိုကြီးရယ် သွားကြည့်ရအောင်၊ ရှင့်လူက တစ်ခွန်းချင်း လုပ်နေလိုက်တာ နားထောင်ရတာ အားမရပါဘူး"

ပွဲစားကြီး လင်မယားနှင့် ကျွန်တော်သည် ကျွန်တော်၏အိပ်ခန်းသို့ ဆင်းလာကြသောအခါ ထမင်းချက်မိန်းမကြီး ဒေါ်ပွင့်နှင့် အခြားအစေခံ နှစ်ယောက်၊ ထို့ပြင် ညဥ့်အိပ်ဧည့်သည် နှစ်ယောက်သုံးယောက်တို့လည်း ရောက်နှင့်နေကြလေပြီ။ ၎င်းတို့သည် ကျွန်တော့်ကို မတွေ့သည်နှင့် ပွဲစားကြီးထံ တိုင်းတန်းရန် သွားရောက်ကြသည်ဟု ရိပ်မိကြသဖြင့် အပြန်ကို စောင့်မျှော်လျက် ရှိကြလေသည်။ ပွဲစားကြီးသည် ဒရိုင်ဘာ ဖိုးဌေးအား ဌာနသို့ တယ်လီဖုန်းဆက် အကြောင်းကြားရန် စေခိုင်းလိုက်ပြီးနောက် ကျွန်တော်၏ ခုတင်ပေါ်၌ ထိုင်၍ စစ်ဆေးလေ၏။

"ဘယ့်နှယ်လဲ မောင်ရင်၊ ဒီအခန်းထဲမှာ မောင်အိပ်ပါလျက်နဲ့ သံသေတ္တာကို တစည်းနဲ့ တိုက်ဖွင့်ပြီး ပစ္စည်းတွေ လူခိုးသွားတာ မောင်ဘာမှ မသိလိုက်ဘူးလို့ ဆိုလိုသလား"

"ကျွန်တော် ဒီလို မဆိုလိုပါဘူး ဦးရဲ့"

"နို့...ဘယ်လိုလဲ"

"ကျွန်တော် မအိပ်ဘူးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အလို...မအိပ်ဘဲ ဘာထိုင်လုပ်နေသလဲ၊ ဒါနဲ့တောင် သူခိုးလာတာကို မသိလိုက်ဘူးလား"

"ကျွန်တော့် ပြောလိုတာက ဒီအခန်းမှာ ကျွန်တော် မအိပ်ဘူး ခင်ဗျ"

"အလို...ဟုတ်ကဲ့လား၊ ဒါဖြင့် ဘာစတတ်ကော"

"သူလည်း အခန်းထဲမှာ မအိပ်ဘူး ဦးရဲ့"

"တော်ပါပေ့ကွယ်... ၄၅ဝိ/ ပေးဝယ်ထားတဲ့ခွေးက အိမ်စောင့်ဖော်မှ မရဘူး၊ ငါ့လိမ်ရောင်းသွားကြတာပဲ"

"ဟိုဘက်ဝင်းထဲက ခွေးမလေးနောက် လိုက်နေပြီထင်တယ် ဒီကောင်ကြီး"

"ဒီအခန်းထဲ မအိပ်ဘဲ ဘယ်ဆီသွားအိပ်တာတဲ့တုန်း မောင်က..."

"အမှန်ပြောရမှာဖြင့် ကျွန်တော်က..."

ဤတွင် ပွဲစားကြီးသည် စိတ်ဝင်စားသော မျက်နှာထားမျိုးနှင့် နားစွင့်လျက်ရှိကြသော အစေခံများဘက်သို့ လှည့်၍...

"ကိုင်း ကိုင်း... ဒေါ်ပွင့်တို့ ချက်စရာ ပြုတ်စရာရှိတာ သွားချက်ချေကြ၊ လမ်းလျှောက်ပြိုင်ပွဲတော့ မလုပ်ဖြစ်ဘူး။ ဧည့်သည်တွေကို ထမင်းကျွေးဖို့ အလုပ်သာ စီမံကြပေတော့"

အစေခံများထွက်သွားကြသောအခါ အခန်းထဲတွင် ပွဲစားကြီးလင်မယားနှင့် ကျွန်တော်တို့သာ ကျန်ရစ်ခဲ့တော့၏။

"ကိုင်း... မောင်ဘရင်၊ မနေ့ညတုန်းက ဒီအခန်းမှာ မအိပ်ဘဲ ဘယ်နေရာ ဘယ်ဒေသမှာ အချိန်ကုန်ခဲ့တယ် ဆိုတဲ့အကြောင်းကို ကျေးဇူးပြုပြီး ပြောပြစမ်းပါဦး"

"ကျွန်တော်တို့ လင်းနို့ခြောက်နေရတယ် ဦးရဲ့"

"ရှုတ်တွတ်တွတ် လုပ်မနေပါနဲ့၊ တည်တည်ပြောစမ်းပါ"

"တည်တည် ပြောတာပါပဲ ဦးရဲ့"

"ဒီအခန်းမှာ မအိပ်လို့ ဘယ်သူ့အခန်းထဲ သွားအိပ်သလဲဆိုစမ်း"

ကျွန်တော်မှာ အပြောရခက်သည်နှင့် ခပ်ဆိုင်းဆိုင်း လုပ်နေမိသည်တွင် ပွဲစားကြီးသည် ပွဲကတော်ကြီး ရှိနေသည်အတွက်ကြောင့် ကျွန်တော် နှုတ်ဆွံ့နေသည် ထင်မှတ်နေသဖြင့် ပွဲကတော်ကြီးဘက်သို့ လှည့်လျက်...





"မသန်းခင် မင်းနားထောင်လို့ မတော်ပေဘူးထင်တယ်၊ ယောက်ျားချင်း စစ်ဆေးစမ်းပါရစေ၊ ခဏလောက် ထွက်နေလိုက်စမ်းပါ"

"ထွက်နိုင်ပေါင်ရှင်၊ ကိုယ့်အိမ်ထဲမှာ ဖြစ်ပျက်တာကို ကိုယ်မသိရဘဲ မနေနိုင်ပါဘူး။ သူ ပြောစရာရှိတာ ပြောပါစေ"

"ဒါဖြင့် မင်းသဘောဗျာ။ ကိုင်း... မောင်ဘရင် ကျေနပ်အောင် ပြောနိုင်ရင်ပြော၊ မပြောနိုင်ရင်တော့ မြို့အုပ်သော ဘီအေသော နားမလည်ဘူး၊ အိမ်ထဲက မောင်းတီးပြီး နှင်ထုတ်ရလိမ့်မယ်"

"ပြောရမှာက ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး ဦးရယ်၊ သူတစ်ပါးရဲ့ ဂုဏ်အသရေကို ထိခိုက်မှာစိုးလို့မို့ ဆိုင်းတိုင်းတိုင်း လုပ်နေမိခြင်း ဖြစ်ပါတယ်"

"ပြောစမ်း... ဘယ်သူ့အခန်းမှာ အိပ်သလဲ"

"ဆရာမ ခင်မေများလား၊ ဒါမှမဟုတ်ရင် ကလေးထိန်းတဲ့ မိညိုဖြစ်လေရော့လား"

"မဟုတ်တာ မသန်းခင်၊ ဆရာမက ကုန္ဒြေသမ္ပတ္တိနဲ့ နေတတ်တဲ့ မိန်းမပါ"

"ဒါဖြင့် ဒေါ်တင်တင်ကြီးများလား ကရို့"

"ဟုတ်နိုင်ပေါင်ကွယ်၊ သူ့အရွယ် ဝုဍ္ဍိကြီးနဲ့ ဒီလိုနောက်တောက်တောက် အလုပ်မျိုး မလုပ်တန်ကောင်းပါဘူး"

"ဒီလိုဆိုရင် ခိုင်းတဲ့ကောင်မလေးတွေထဲက နေမှာပေါ့"

"အေးလေ၊ ဘယ်သူနဲ့အိပ်အိပ်၊ ကိုယ့်အိမ်မှာ ဖြစ်တဲ့ကိစ္စတော့ လျစ်လျူရှုမထားနိုင်ဘူး။ ဘယ်သူနဲ့ ဖြစ်ရဖြစ်ရ ချက်ချင်း လက်ထပ်ပြီး ယူစေရမယ်။ ဘိုးတာတဲ့ကွ ဘာရမလဲ"

"ဒါကတော့ ဦးအမိန့်ကို ကျွန်တော် မပယ်ပါဘူး ဦးခင်ဗျာ"

"မောင် ပယ်ချင်လို့လည်း ကျုပ်က မခံပါဘူး၊ ဆိုစမ်း ဘယ်သူလဲ"

"တခြားလူ မဟုတ်ပါဘူး ဦးခင်ဗျာ"

"အေးလေ၊ ကိုယ့်ဧည့်သည်ထဲကပဲ နေမှာပေါ့၊ ဘယ်သူတဲ့လဲ"

"ဒက်ဒီ အို...ဒက်ဒီ၊ မာမီကော ဒီမှာလား၊ ခင့်တို့ လက်ဝတ်လက်စားတွေ လူခိုးကုန်ပြီဆို"

ယင်းသို့ ပြောပြောဆိုဆိုနှင့် ခင်မြရင်လည်း အခန်းတွင်းသို့ ဝင်လာလေရာ ဘာစတတ်လည်း နောက်မှ လိုက်ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ခင်... အပြင်ထွက်သွားစမ်း၊ ဒက်ဒီ ဒီမှာ စစ်ဆေးနေတယ်"

"ဘာများလဲ ဒက်ဒီ"

"ကျွန်တော်က ဒီအခန်းမှာ ကျွန်တော် မအိပ်ရပါဘူးလို့ပြောတော့ ဦးက ဘယ်မှာအိပ်သလဲ ပြောရမယ်တဲ့ဗျာ၊ အတင်းစစ်ဆေးနေတယ်"

ခင်မြရင်မှာ ပထမ၌ မျက်နှာနီမြန်းသွားသော်လည်း ဟုတ်မှန်သည့်အတိုင်း ဝန်ခံရန် သတ္တိရှိသော မိန်းမတစ်ယောက် ဖြစ်သည့်အလျောက် လွန်ခဲ့သောညက အဖြစ်အပျက်အခြင်းအရာများကို အစမှအဆုံးတိုင် ပြန်ပြောင်းပြောပြလေရကား ဦးဘိုးတာမှာ စာချုပ်မိနေသောကြောင့်ပေလော၊ သို့တည်းမဟုတ် ဤအခြေရောက်မှ မထူးတော့ပြီဟု အောက်မေ့သောကြောင့်ပေလော။ အမှန်မပြောနိုင်သော်လည်း ကျွန်တော့်မှာ ဦးဘိုးတာ၏ သမက်ဖြစ်ရတော့သည်ကား အမှန်ပင် ဖြစ်ပေတော့သတည်း။

❑



## အောင်သွယ်ကောင်းသောဆိတ်

ဂျူဘလီဟော၌ ကျင်းပသော မျက်နှာကြီး မင်္ဂလာဆောင် အခမ်းအနား၌ တူမနုနုသည် မင်းကတော်ကြီး ဒေါ်ကြည်ကြည်နှင့် အတူထိုင်လျက်ရှိစဉ် ယောကျ်ားနှင့်မိန်းမ တစ်သီးတခြားစီ ဧည့်ခံသော ပွဲထိုင် အခမ်းအနားများ၏ ထုံးစံအတိုင်း မိန်းမများသည် ယောကျ်ားပရိသတ်အလာသို့ မျက်နှာပေးလျက် ယောကျ်ားပရိသတ်များအနက် မည်သူသည် မည်သည့် အရာရှိ၊ မည်သည့် စက်ပိုင်၏သားဖြစ်၍ မည်သည့်နှစ်က ဘီအေအောင်သည်၊ မည်သည့်နှစ်တွင် ဝတ်လုံအတတ်သင်သွားသည်၊ မည်သူက အိုင်စီအက်စ်အောင်သည် စသည်ဖြင့် တစ်ယောက်နှင့်တစ်ယောက် ဖောက်သည်ချလျက် ရှိကြ၏။

ပင်စင်အငြိမ်းစား ရာဇဝတ်ဝန် ဦးလှဘော်၏ သမီးနုနုမှာ အမိဒေါ်အုန်းစိန် အနည်းငယ် နေထိုင်မကောင်းသဖြင့် မင်္ဂလာဆောင်သို့ မလိုက်နိုင်ဘဲရှိသည်တွင် လက်ဝတ်လက်စား ပြည့်စုံသော အရာရှိသမီး တစ်ယောက်ဖြစ်သည့်အတိုင်း ပွဲထိုင်အခမ်းအနား တစ်ခု၌ မိမိ၏ လက်ဝတ်လက်စားကို မပြလိုက်ရလျှင် တစ်ဖူနှာသည်ဟု ထင်မှတ်ဟန်လက္ခဏာနှင့် အဒေါ်ဖြစ်သူ မင်းကတော်ကြီး ဒေါ်ကြည်ကြည်နှင့် မင်္ဂလာဆောင်သို့ လိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။

တူဝရီးနှစ်ယောက်တို့သည် ယောကျ်ားပရိသတ်များကို တစ်ယောက်စီ သန်းခေါင်စာရင်း ကောက်လျက်ရှိစဉ် နုနုက–

"အိုင်စီအက်စ် ကိုစိုးမင်းက လူချောတစ်ယောက်ပါလား ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုရာ အဒေါ်ဖြစ်သူက–

“ချောလည်းချော၊ မြေပိုင်ရှင် စက်ပိုင်ရှင် သားလည်းဖြစ်၊ အိုင်စီအက်စ်လည်း အောင်၊ စိတ်နှလုံးကလည်း ကောင်း၊ ဒီလိုအင်္ဂါစုံတဲ့သူ ရှားလှပေါ့ တူမကြီးရယ်။ ဒါထက် တစ်နေ့တုန်းက ကြီးကြီးတို့အိမ်လာလည်လို့ နနကို သူ့ရွှေဦးဘကျော် ပွဲထိုင်တုန်းက မြင်လိုက်ရဖူး ဆိုပါကလား၊ ငါ့တူမကို သိပ်ချီးမွမ်းတာပဲ။ ဘိလပ်မှာ အင်္ဂလိပ်များထုံးစံလို ငါ့တူမနဲ့ အသိဖွဲ့ပေးနိုင်ရင် သိပ်ကောင်းမှာပဲတဲ့။ ပြောသွားရာသေးတယ်”

“တကယ်လား ကြီးကြီး”

“ကြီးကြီးက ဘယ်တော့များမှ မဟုတ်တာ ပြောဖူးလို့လဲ”

“သူက ကြီးကြီးတို့ အိမ်ကို ဘာကိစ္စလာတာလဲ ကြီးကြီးရဲ့”

“တနင်္ဂနွေနေ့တိုင်း လာတာပဲတော်၊ ကိစ္စရယ်လို့တော့ မရှိပါဘူး။ ဒီလို ရယ်လားမောလား စကားစမြည် ပြောကြတာပေါ့”

နောက် တနင်္ဂနွေပတ်မှစ၍ နနသည် မင်းကတော်ကြီး ဒေါ်ကြည်ကြည်၏နေအိမ်သို့ အပတ်တိုင်း မှန်မှန်သွားရောက် လည်ပတ်လေရာ ဒေါ်အုန်းစိန်၏ အစ်မလည်း တော်ပြန်၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများသာ သွားလာဝင်ထွက်ကြသော အိမ်လည်း ဖြစ်ပြန်သည်နှင့် မိခင်ဖခင်တို့က ကန့်ကွက်ခြင်း မရှိကြဘဲ လွတ်လပ်စွာသွားလာနိုင်ပေသည်။ အမိဒေါ်အုန်းစိန်မှုကား ခေတ်ပညာတတ် မိန်းမကြီးမဟုတ်၍ သမီးပြီးလျှင် ပြီးသော မိခင်ဖြစ်လေသည်။

နနနှင့် ကိုစိုးမင်းတို့သည် ဒေါ်ကြည်ကြည်အိမ်၌ အပတ်တိုင်း တွေ့ဆုံခွင့်ရကြ၍ တစ်ဦးနှင့်တစ်ဦး ယဉ်ပါးလျက်ရှိကြရာ အဒေါ်ဖြစ်သူကလည်း တူမကြီးတစ်ယောက် လင်ကောင်းရသည်ကို မြင်လိုသည်ဆို၍ အလွန်အမင်း လွတ်လပ်ခြင်း မပေးစေကာမူ ပြောချင်သောစကားကို ပြောဆိုခွင့်ရစေလောက်အောင်မူကား မျက်နှာလွှဲပေးထားပေရကား သူငယ်နှစ်ယောက်တို့ သမီးရည်းစားဘဝသို့ရောက်ကြခြင်းမှာ အံ့ဖွယ်ရာ မဟုတ်ပါပေ။

အစ်မ ဒေါ်ကြည်ကြည်သည် ညီမဒေါ်အုန်းစိန်အား နနနှင့် ကိုစိုးမင်းတို့အကြောင်း ပြောပြရင်း–

“ငါ့ ညီမတော့ ကော်ဦးမှာတော်၊ အိုင်စီအက်စ် တစ်ယောက်လုံး သမက်တော်ရဦးမှာပါ။ ဒီခေတ်က ပညာခေတ်ကြီး ညီမရဲ့၊ အိုင်စီအက်စ်ဆိုတာတော့ မပြောနဲ့တော့၊ ဘီအေအောင်တဲ့သူတောင် သမီးရှင်က တစ်သောင်း





နှစ်သောင်း အကုန်ခံပြီး မျှောပေါင်းနေရတဲ့ ခေတ်ကြီး ညီမရဲ့၊’ အချို့မှာ သမီးရှင်က သမက်လောင်းကို အိုင်စီအက်စ် ဝင်ဖို့ရာ ဘိလပ်လွှတ်ရသေးတယ်။ ငါ့ညီမများမှာ တစ်ပြား တစ်ချပ်မှ မကုန်ရဘဲနဲ့ ဆူပြီးနပ်ပြီး အသာကလေး ခူးစားကြရမယ် မဟုတ်ဘူးလား။ ဒီလောက် ကော်တာ ဘယ်မှာ ကြားဖူးသလဲ”

ဟု ပြော၏။ ညီမဖြစ်သူ ဒေါ်အုန်းစိန်က–

“မျိုးရိုးနဲ့ ပညာကတော့ ပြောစရာ မရှိပါဘူး မမရယ်။ နို့ စိတ်သဘောကရော ဘယ်လိုလဲ မမ၊ သိပ်များ ဆတ်သလား၊ အိမ်က အဘိုးကြီးက တစ်သက်လုံး ပုလိပ်လုပ်လာခဲ့တော့ တစ်ဆိတ်ရှိ သူက နိုင်ချင်တာပဲ။ ဒါ့ကြောင့် စိတ်ဆတ်တဲ့သမက်ဆိုရင် ယောက္ခကို ကြိုဟ်လုပ်မှာ စိုးလို့ပါ မမ”

“ဒါလည်း မပူနဲ့ ငါ့ညီမ၊ အစ်မကြီးက ကောင်းကောင်းသိတယ်။ အင်မတန် သဘောပြည့်ဝတဲ့ လူတစ်ယောက်ပါ။ သို့သော် တစ်ခုတော့ရှိတယ်၊ သူက ဘိလပ်ပြန်ဆိုတော့ ဘိုဆန်တာကလေးလောက် ရှိပါတယ်”

“ဘယ်လို ဘိုဆန်ပုံလဲ မမရဲ့”

“ဘိုဆန်ပုံက တခြားမဟုတ်ပါဘူး ညီမရယ်၊ တိရစ္ဆာန်မွေးဖို့ သိပ်ဝါသနာပါတာပဲ။ သူ့အိမ်မှာ ခွေးရော၊ မျောက်ရော၊ ကြောင်ရော၊ ဝက်ဝံရော စုံလို့ တိရစ္ဆာန်ရုံ ကျနေတော့တာပဲ”

“ဒါလောက်တော့ ကိစ္စမရှိပါဘူး မမရယ်”

“သူ့ဟာက မွေးရုံမကဘူး၊ သိပ်ချစ်တတ်တယ် ဆိုကပဲ”

“ဒါတော့ သားမယား မရှိသေးခင်မို့ ထင်ပါရဲ့ မမရယ်၊ မယားရတော့ မယားချစ်တာနဲ့ လောက်နိုင်မယ် မထင်ပါဘူး”

“မတ်တော်မောင်ကိုလည်း နည်းနည်းပါးပါး စကားကြောင်းထားလိုက်နော်...”

“ဘယ်လို ကြောင်းထားရမှာလဲ မမရဲ့”

“ညီမတို့ အိမ်ကို သူလာလည်ဖို့ပေါ့”

“စိတ်ချပါ မမရယ်၊ ကျွန်မ ကြည့်ပြောထားပါ့မယ်”

နနနှင့် ကိုစိုးမင်းတို့သည် ဒေါ်ကြည်ကြည်အိမ်၌ သမီးရည်းစားဘဝသို့ ရောက်ခဲ့ကြရာတွင် တစ်ပတ်မှ တစ်ကြိမ်မျှသာ တစ်ယောက်မျက်နှာကို တစ်ယောက် တွေ့မြင်ခွင့်ရသည်ကို မကျေနပ် အားမရနိုင်သည်နှင့် ကိုစိုးမင်းအ



www.burmeseclassic.com

www.burmeseclassic.com



နနအား ၎င်း၏အိမ်သို့ မိမိနေ့တိုင်းလာ၍ လည်ပင်ခွင့်ရစိမ့်သောငှာ မိဘများကို ပြောထားဖို့ တိုက်တွန်း၏။

နနသည် အခြားကိစ္စများတွင် ဖခင်၏ နှုတ်ခမ်းမွေးကို ဆွဲနိုင်ကြောင်း သိသော်လည်း ဤကိစ္စ၌မူ ရှန့်တန့်တန့် ဖြစ်နေ၍ မည်ကဲ့သို့ စီမံရမည်မသိသည်နှင့် အချိန်ဆွဲထားခဲ့သည်။ နောက်ဆုံး၌ ကိုစိုးမင်းက ပူဆာဖန်များလတ်သော် နနသည် ကိုစိုးမင်းအား နောက် တနင်္ဂနွေနေ့တွင် မိမိ၏ နေအိမ်သို့ လာခဲ့ရန် ဖိတ်ခေါ်ထားခဲ့၏။ နနသည် ရှေးဦးစွာ မိခင်ကို နှူး၍ ဖခင်အား ကိုစိုးမင်းကို လက်ခံဖို့နှူးရန် တာဝန်ကို မိခင်အား လွှဲလိုက်လေ၏။

ဒေါ်အုန်းစိန်သည် လင်ယောကျ်ားအား အစ်မဒေါ်ကြည်ကြည်ထံမှ ကြားခဲ့သောစကားနှင့် သမီးနန၏ တိုက်တွန်းချက်အရ နားသွင်းရာတွင် သူများတကာမှာ ငွေတစ်သောင်းကျော် နှစ်သောင်းမျှ အကုန်အကျခံ၍ အိုင်စီအက်စ် သမက်တစ်ယောက်ရအောင် ဖမ်းကြရသော်လည်း မိမိမှာ ကံကောင်းထောက်မသည်ဖြစ်၍ နပ်ပြီးရူးပြီးကို အဆင်သင့် စကားရသကဲ့သို့ သက်သာစွာနှင့် သမက်ကောင်း ရကြတော့မည်ဖြစ်ကြောင်း၊ အမျိုးအနွယ်မှာလည်း မြေပိုင်ရှင် အထက်တန်းစား၊ ပညာမှာလည်း ဘီအေ အိုင်စီအက်စ်၊ ရုပ်ရည်မှာလည်း လူချောလူလှ၊ စိတ်နေသဘောထားမှာလည်း အလွန်ပြည့်ဝ၊ ဥစ္စာနေမှာလည်း ဆန်စက် နှစ်လုံးပိုင်ရှင်ဖြစ်၍ လိုလေသေးမရှိအောင် အင်္ဂါပြည့်စုံပေကြောင်း၊ သူ၏ဝါသနာကလေးတစ်ခုမှာ ခွေး၊ မျောက် စသော တိရစ္ဆာန်များမွေးမြူ၍ လက်ပွန်းတတီး ထားတတ်သည်ဖြစ်သောကြောင့် အကယ်၍ မိမိတို့အိမ်သို့ အလည်လာသောအခါ၌ တိရစ္ဆာန်တစ်ကောင်တလေ ပါလာခဲ့လျှင် မျက်နှာမပျက်မိစေရန် သတိထားသင့်ကြောင်းနှင့် ပြောပြလေ၏။

ဦးလှဘော်မှာ အင်္ဂလိပ်စာ ၇ တန်းမျှသာအောင်ခဲ့၍ ကံရည်ဖန်ရည်ကောင်းသည့်အတွက် ရာဇဝတ်ဝန်ကြီး ဖြစ်ခဲ့သော်လည်း အရေးပိုင်မင်းကြီးမှစ၍ နောက်ပေါက် အေအက်စ်ပီ ဝန်ထောက်ကလေးများနှင့် ဆုံမိသည့်အခါများတွင် ၎င်းတို့က မိမိတို့ကိုယ်ကို ဒီဂရီဘွဲ့ရဆို၍ အသားယူကြခြင်းအားဖြင့် အနိမ်ခံရဖန် များလှပြီဖြစ်ရကား မိမိတို့ကိုယ်တိုင် ဘီအေ မအောင်ခဲ့သည့်အတွက် မကြာခဏ ဝမ်းနည်းခဲ့ရဖူးသည်အတွင်း ယခုကဲ့သို့ မြန်မာပြည်အတွင်း၌ ထိပ်ထိပ်ကြဲဘွဲ့ထူးဖြစ်သော အိုင်စီအက်စ် ဘွဲ့ခံတစ်ယောက်ကို





သမက်တော်ရမည်ဆိုသဖြင့် ဟဒယရွှင်မြူး အလွန်ကြည်နူးလျက် ရှိလေတော့၏။ သို့ဖြစ်၍ မိမိ၏ ဇနီးအား–

"သူချစ်တတ်လို့ သူမွေးတာ ကျုပ်က ဘာကန့်ကွက်စရာ ရှိပေသလဲ မင်းကတော်၊ တိရစ္ဆာန် ချစ်တဲ့သူဟာ ကြင်နာတတ်တဲ့ စိတ်နှလုံး ရှိတတ်တယ်လို့ ကျုပ် ကြားဖူးတယ်။ သူ လာလည်တဲ့အခါမှာ တိရစ္ဆာန်တစ်ကောင်တလေ ခေါ်ခဲ့မှာမို့တဲ့လား၊ ခေါ်ခဲ့ပါစေ မင်းကတော်၊ တစ်ကောင်မကလို့ မျောက်အုပ်ကြီး ခေါ်ခဲ့ပါစေ၊ ကျုပ်မျက်နှာ မပျက်စေပါဘူး။ ဒီလိုသမက်မျိုးတော့ မျောက်တွင်မကဘူး၊ သူ တတ်နိုင်လျှင် တောထဲက ကျားကို ခေါ်ခဲ့ဗျား၊ ဆင်ကိုခေါ်ခဲ့ဗျား၊ ကျုပ်က ဘယ်နှယ့်မှ မရှိဘူး။ စိတ်သာချပါ မင်းကတော်"

ဟု ပြန်ပြောလေ၏။

၎င်းနောက် လာမည့် တနင်္ဂနွေနေ့၌ ကိုစိုးမင်း အလည်လာလိမ့်မည်ဟု နနမှတစ်ဆင့် သတင်းကြားရသည်တွင် ရာဇဝတ်ဝန်ကြီး ဦးလှဘော်သည် အိမ်ရှေ့၌စောင့်လေ့ရှိသော လူယုံတော် ဖိုးတီကို ခေါ်၍–

"ဟေ့ ဖိုးတီ"

"ဘုရား"

"သည်ကနေ့ နေ့လယ် အိုင်စီအက်စ် ဦးစိုးမင်း လာလိမ့်မယ်ကွဲ့ ကြားလား"

"မှန်ပါ့ဘုရား"

"ခါတိုင်းတော့ ညည့်သည်မှာ ခွေးတို့ ဘာတို့ ပါလာရင် ကော်ဇောကြီးတွေမပေစေရအောင် အိမ်ပေါက်က စောင့်ကြိုပြီး ကြိုးနဲ့ထားဖို့ ငါက အမိန့်ပေးထားတယ် မဟုတ်လား"

"မှန်လှပါ ဝန်မင်း"

"အေး...သည်ကနေ့ ဦးစိုးမင်းလာရင် ခွေးပါပါ၊ မျောက်ပါပါ တတ်နိုင်လို့ ဆင်ကြီးပါပေစေကွယ်၊ မင်းက ဘာမှ မလုပ်နဲ့၊ သူတို့ဟာ သူတို့ ဝင်လာပေစေ ကြားလား"

"မှန်လှပါ၊ ဝက်ဝံပါရင်ကော ဝင်မင်း"

"ဟဲ့ကောင်... ဆင်တောင် ဝင်ပစေဆိုမှဖြင့် ဝက်ဝံလည်း ပါရော့ပေါ့ ဟဲ့"

"မှန်လှပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ လက်ဖက်ရည်တိုက်ရာမှာ လင်ပန်းလွတ်ကျ ဖန်ခွက်ချခွဲနဲ့ ဟိုနေ့က ကောင်ကလေးမျိုး မဝင်စေနဲ့နော်"

"မှန်လှပါ၊ ကျွန်တော်မျိုးကိုယ်တိုင် စီမံပါ့မယ် ဘုရား"

* * *

တနင်္ဂနွေနေ့ နံနက်ပိုင်း တစ်ချက်အချိန်တွင် အိုင်စီအက်စ် ဦးစိုးမင်းသည် ရည်းစားအိမ်သို့ လာရောက်လည်ပတ်ခြင်း ဖြစ်စေကာမူ ဂိုက်ဆိုက်ထုတ်ခြင်းကို စက်ဆုပ်သူဖြစ်၍ ဒရိုင်ဘာမထားဘဲ ဘေဘီအော်စတင် ကားကလေးကို ကိုယ်တိုင်မောင်းနှင်လာခဲ့ရာ ပထမအကြိမ် လည်ပတ်ခြင်းဖြစ်၍ ဝင်းအတွင်းသို့ ကားနှင့်တိုက်ရိုက် မောင်းနှင်ဝင်သွားခြင်းသည်ပင်လျှင် ပိုင်စိုးပိုင်နင်း ကျူးလွန်ရာရောက်သည်ဟု ယူဆသည် ဖြစ်သောကြောင့် မိမိ၏ အော်စတင်ကားကို တစ်ဝင်းခြား၌ရှိသော မိတ်ဆွေတစ်ယောက်အိမ်၌ ထားခဲ့ပြီးမှ ခြေကျင်လျှောက်၍ ဝင်ခဲ့လေ၏။

ထိုအခိုက်အတန့်၌ မြေနီကုန်းဘက် ကုလားအိမ် တစ်အိမ်မှ လွတ်ထွက်လာသော အရွယ်မရောက်တရောက် ဆိတ်သိုးကလေးတစ်ကောင်သည် ဦးလှဘော်တို့ ဝင်းတံခါးအနီး၌ပေါက်သော ဆီးပင်တစ်ပင်၌ ဆီးရွက်နုများကို ပတတ်ရပ်လျက် စားနေရာမှ လက်သပ်မွေးထားသော ဆိတ်ကလေးဖြစ်၍ အလွန်ယဉ်သည်တစ်ကြောင်း၊ တိရစ္ဆာန်ချစ်တတ်သောသူကို တိရစ္ဆာန်များက ချစ်တတ်သည် တစ်ကြောင်းကြောင့် ဝင်းထဲသို့ ဝင်သွားသော ကိုစိုးမင်းကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကောက်ကောက်ပါအောင် ဝင်လိုက်သွားလေ၏။

ဆိတ်ကလေးသည် တစ်ကောင်တည်း ကျက်စားနေရခြင်းကို ပျင်းရိငြီးငွေ့လှ၍ ကိုစိုးမင်းကို မီလာသောအခါတွင် မိမိအဖို့ အဖော်ရချေပြီတကားဟု ရွှင်မြူးဟန်လက္ခဏာနှင့် ပဲခနဲမြည်လျက် အိမ်ရှေ့တံခါးမှ ကိုစိုးမင်းနှင့်အတူ ရင်ဘောင်တန်း တက်သွားလေ၏။ ထိုခဏ၌ ဦးလှဘော်၏ တပည့်ကျော်လည်း အိမ်ရှေ့သို့ ထွက်လာ၍ ဆိတ်ကလေးနှင့်အတူ တွဲလျက် လှေကားမှတက်လာသော ကိုစိုးမင်းကို မြင်လိုက်ရလျှင်ပင် မည်သူမည်ဝါ ဟူ၍ မြော့ဖို့ပင်မလိုဘဲ အိမ်ရှေ့ဧည့်ခန်းသို့ ဆိတ်ရော လူပါ သွင်း၍ နေရာထိုင်ခင်း ပေးလေ၏။





ဖိုးတီ၏စိတ်၌ တတ်နိုင်ခဲ့လျှင် ဆင်ကောင်ကြီးခေါ်ခဲ့ပါစေဟု မှာထားပြီးဖြစ်ပါလျက် မိမိက မောင်းခြောက်၍ သွင်းရန်ပင် မလိုဘဲ ဘာသာအလျောက် ဝင်၍လိုက်သွားသော ဆိတ်ယဉ်ကလေး တစ်ကောင်မျှသာ ပါလာသည်ကို တွေ့ရသဖြင့် မိမိအဖို့ အလုပ်ချောင်လှသည်ဟု အောက်မေ့မိ၏။ အကြောင်းမူကား ဖိုးတီသည် နွားရိုင်းတစ်ကောင် ခေါ်လာခဲ့သည်ကို တွေ့ရပါလျှင်လည်း အခန်းထဲသို့ ရိုက်မောင်း၍သွင်းရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်ပေသောကြောင့်တည်း။

ထိုအချိန်၌ စာကြည့်ခန်းမှ အသင့်စောင့်မျှော်လျက်ရှိသော ဦးလှဘော်သည် ဧည့်ခန်းသို့ထွက်လာလေရာ နနတို့ သားအမိမှုကား (နန၏အလှပြင်ဆင်မှုကြောင့်) မှန်တင်ဆောင်တွင် အချိန်ဖြုန်းလျက် ရှိကြသေး၏။ စင်စစ်မှာ နနသည် မိမိ၏ ရည်းစားနှင့် ဖခင်တို့ ပထမအကြိမ် တွေ့ဆုံခြင်းကို မိန်းကလေးတို့ထုံးစံအတိုင်း မျက်နှာပူပူနှင့် အချိန်ဆွဲနေခြင်း ဖြစ်လေသည်။

ဦးလှဘော်က–

"ထိုင်ပါ မောင်ရင်… ထိုင်ပါ၊ နနတို့ သားအမိလာကြပါလိမ့်မယ်။ ကျုပ် ဦးလှဘော်ပါပဲ။ ပင်စင်ယူထားတာ သုံးနှစ်လောက်ရှိလို့ မောင်ရင်တို့နဲ့တော့ တစ်နယ်တည်း အလုပ် မလုပ်ခဲ့ကြဖူးပေဘူးပေါ့"

ဦးလှဘော်လည်း ကိုစိုးမင်းနှင့်အတူ လိုက်ပါလာသော ဆိတ်ကလေးဖြစ်၍ ကိုစိုးမင်း၏ ဆိတ်ကလေးပင် မှတ်ထင်သည်နှင့် သမက်လောင်းအား လောကဝတ်ပြုသောသဘောနှင့် ဆိတ်ကလေး၏ ဦးခေါင်းကို လက်ဖြင့် ပွတ်သပ်ပေးလေရာ ထိုအခြင်းအရာကို ကိုစိုးမင်း မြင်ရသောအခါ မိမိ၏ ယောက္ခမလောင်းလည်း တိရစ္ဆာန်ချစ်တတ်သည့်အလျောက် ဆိတ်မွေးထားသဖြင့် မိမိနှင့် သဘာဝခြင်းတူချေပြီဟု ဝမ်းမြောက်လျက် ရှိ၏။ ဆိတ်သိုးကလေးသည် ဦးလှဘော်၏ ပွတ်သပ်ခြင်းကို ခံရသည်နှင့် ဤအိမ်သည်ကား မိမိ၏မိတ်ဆွေများ ဖြစ်ချေသည်ဟု ရဲတင်းလာပြီးလျှင် ဆိတ်သတ္တဝါတို့၏ သဘာဝအတိုင်း အခန်းတွင်း၌ရှိသော ဝတ္ထုများကို စုံစမ်းချင်သော စိတ်ဆန္ဒ ဖြစ်ပေါ်လာလေ၏။

သို့ဖြစ်၍ ဆိတ်ကလေးသည် ဧည့်ခန်းအတွင်းရှိ ကော်ဇောကြီးပေါ်တွင် ထိုမှ ဤမှ လှည့်လည်၍ အထက်သို့ မော့ချည်တစ်ခါ ငုံ့သည်တစ်လှည့်နှင့် ကြည့်ရှုအကဲခတ်လျက်ရှိစဉ် အိမ်ရှင်နှင့် ဧည့်သည်တို့သည် တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လောကဝတ် စကားပြောသည့်အနေနှင့် ဆိတ်ကလေး၏ဂုဏ်အင်္ဂါ အခြင်းအရာများကို တစ်ယောက်တစ်လှည့်စီ ချီးကျူးလျက် ရှိလေ၏။ ၎င်းနောက် ဆိတ်ကလေးသည် အခန်းဆီး၌ စု၍ စည်းထားသော ပိုးပန်းပွားကို လျှာနှင့် လိမ့်ယူရာမှ ပါးစပ်နှင့် ငုံဝါးလိုက်လေရာ ဦးလှဘော်မှာ ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွားသော်လည်း မျက်နှာမပျက်စေမူ၍ ခပ်ပြုံးပြုံး နေလိုက်ရလေ၏။

ထိုအခိုက် ကိုစိုးမင်းက–

“တယ်ချောတဲ့ ဆိတ်ကလေး ခင်ဗျ၊ လွန်ပါရော”

ဟု ဆိုလေရာ ဦးလှဘော်လည်း–

“ဟုတ် ဟုတ်ပါ့မောင်ရင်၊ တယ်ချော တယ်လှ ပြောစရာမရှိအောင် ချောလှတဲ့ ဆိတ်ကလေးပါပေ မောင်ရင်”

၎င်းနောက် ချောလှသောဆိတ်သည် ခန်းဆီးပန်းပွားကြီးကို ဝါးကြည့်ရာမှ ကောင်းစွာ အရသာမတွေ့သည်နှင့် ခန်းဆီးအဝတ်သည် သာလွန်ကောင်းမွန်လိမ့်မည်ဟု ထင်မှတ်ဟန်လက္ခဏာနှင့် ခန်းဆီးအဝတ်ကို ဝါးကြည့်ပြန်ရာ ကိုစိုးမင်းသည် ဣန္ဒြေမပျက်ဘဲ ထိုင်၍ကြည့်နေနိုင်သော ဦးလှဘော်၏ သည်းခံခြင်းတရားနှင့် ပြည့်စုံခြင်းကို စိတ်ထဲ၌ ချီးကျူးကာ ကြည့်နေလေ၏။ အကြောင်းမူကား မြန်မာလူမျိုးတို့အနက်တွင် မျက်နှာနီသောလူ အလွန်ရှားပါးလှ၍ ဦးလှဘော်မှာ မျက်နှာနီသော ဂုဏ်အင်္ဂါအခြင်းအရာနှင့် ပြည့်စုံသောသူ တစ်ယောက် ဖြစ်သည့်အပြင် နှစ်ပေါင်းများစွာ ပုလိပ်အရာရှိအဖြစ်နှင့် အမှုထမ်းခဲ့ရ၍ ယယ်သားများကို အော်ရ ငေါက်ရ ကြိမ်းမောင်း ဆဲဆိုရသည့် အတွက် ကြက်သွေးရောင် ရှိလှမတတ် ရဲရဲတောက် နီမြန်းသောမျက်နှာ ရှိပါလျက်နှင့် သည်းခံခြင်းသဘောတရားနှင့် ပြည့်စုံသည်ကို တွေ့ရသောကြောင့် တည်း။

ဤတွင် ကိုစိုးမင်းက မျက်နှာနီသောသူများ သွေးဆူသည်ဆိုသော စကားမှာ နေရာတကာတိုင်း မမှန်ချေတကားဟု စဉ်းစားမိ၏။ ဤမျှလောက် အထိ သည်းခံခြင်းကိုထောက်လျက် ဦးလှဘော်သည် သူ၏ဆိတ်ကို အလွန် ချစ်ခင်ရမည်ဖြစ်ရာ နနက ဤအကြောင်းကို မိမိအား ပြောပြမထားသည့် အတွက်လည်း အံ့သြမိ၏။

“မောင်ရင်က တိရစ္ဆာန်များကို သူတစ်ပါးနဲ့မတူအောင် အလွန်ချစ်တတ် တတ်လို့ ပြောကြပါတယ်”





“သူတစ်ပါးနဲ့မတူအောင် ဆိုတဲ့ ဝိသေသနပုဒ် တပ်ရလောက်အောင် ချစ်မိတာတော့ အပြစ်တစ်ခုလိုလို ဖြစ်နေပေတော့တာပေါ့ ဦးရယ်၊ ချစ်မိတာက တော့ အမှန်ပါပဲ၊ ဦးအတိုင်းပါပဲ”

“ချစ်တယ်ဆိုရင် အတိုင်းအထွာ မထားဘူးလား မောင်ရင်”

ထိုခဏ၌ ဆိတ်သည် ဆိုဖာပေါ်သို့ခုန်တက်၍ ၎င်းနေရာမှ ဆေးရောင် တဖိတ်ဖိတ်တောက်အောင် ပွတ်တိုက်ထားသော မှန်ဗီရိုကြီးပေါ်သို့ ခုန်တက် ရလျှင် ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို ချင့်ချိန်ဟန်ဖြင့် မော့ကြည့်နေလေ၏။

“ကျွန်တော်ကဖြင့် အတိုင်းအထွာ မထားတော့ပါဘူးဦးရယ်၊ ချစ်ချင် တိုင်း ချစ်လိုက်တော့တာပါပဲ”

“မောင်ရင့်မှာ ဒီလိုတိရစ္ဆာန်မျိုး တော်တော်များများ မွေးထားတာ ရှိသလား”

“ရှိပါတယ် ဦးရဲ့။ ခွေးလေးချောင်းထဲက သိုးကလေးတစ်ကောင်၊ ဝက်ဝံကလေးတစ်ကောင်၊ မျောက်ကလေးတစ်ကောင် ရှိပါတယ်”

“တော်တော် ဆော့ကြသလား”

“ဆော့တာပေါ့ ဦးရယ်၊ နို့ပေမယ့် ကျွန်တော်လည်း ဦးလိုပဲ စိတ် ရှည်လို့ သည်းခံနိုင်ပါတယ်။ ကျွန်တော်က တိရစ္ဆာန်ဆိုရင် ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်ရှိမှ သဘောကျတယ် ဦးရဲ့”

ထိုခဏ၌ ဖျတ်လတ်သွက်လက်သော ဆိတ်သည် ဆိုဖာပေါ်မှ မှန်ဗီရိုကြီးပေါ်သို့ လွှားခနဲခုန်တက်လိုက်လေရာ အလွန်ပေါ့ပါး၍ ခြေမြဲသော တိရစ္ဆာန်တစ်မျိုး ဖြစ်သည့်အတိုင်း ဗီရိုပန်းဆွဲကို ခြေထောက်နှင့် တိုက်မိ၍ ပန်းဆွဲမှ အတက်ကလေးတစ်ခု ကျိုးပဲ့လွင့်စင်သွားစေကာမူ ဗီရိုထိပ်သို့ ကောင်းမွန်စွာရောက်၍ မိမိကိုယ်ရှိန်ကို ဘရိတ်အုပ်ကာ ရပ်နေလေ၏။

“တယ် ပေါ့တဲ့ တိရစ္ဆာန်မျိုးနော်၊ ခုန်လိုက်ရင် လွှားခနဲ နေတာပဲ”

ဟု ပြောလိုက်ရသော်လည်း စိတ်ထဲ၌ကား ဆိတ်ပျို့သား စားရလျှင် ကောင်းလိမ့်မည်ဟု တွေးမိ၏။

“ပေါ့ပါ့ခင်ဗျာ တယ်ပေါ့”

ဟု ပြော၍ စိတ်ထဲ၌ အလိုလိုက်လွန်းအားကြီးသည်ဟု အောက်မေ့သည် နှင့် “ပန်းဆွဲကလေးတောင် အတက်ကလေး ပဲ့ထွက်သွားထင်ပါလား ဦးရယ်”



www.burmeseclassic.com

www.burmeseclassic.com



"အရေးမကြီးပါဘူး မောင်ရင်၊ ကျုပ်က ဗီရိုမှာ ပန်းဆွဲတပ်ထားတာ အပိုပဲလို့ အောက်မေ့နေတာ ကြာပါပြီ။ သူ့ဖြုတ်ပစ်ချင်တာ ဒီတစ်ခါမှ အကြံအောင်ပေတော့မယ်"

ငင်းနောက် ဆိတ်သည် ဗီရိုထိပ်မှ စားပွဲခုံပေါ်သို့ ခုန်ချလိုက်ရာ စားပွဲကလေးမှောက်သွား၍ စားပွဲပေါ်တွင် တင်ထားသော ငွေဖလားနှင့် ပန်းအိုးကလေးလည်း ကော်ဇောပေါ်သို့ လွင့်စင်ကျသွားလေ၏။

"တော်ပါသေး ခင်ဗျာ။ စားပွဲကလေးသာ မှောက်သွားတယ်၊ သူ့မှာ ဘယ်နှယ်မှ မရှိဘူး။ သူ့ကိုယ်သူ နိုင်နိုင်နင်းနင်းနဲ့ အချိန်အဆတယ်ကောင်းပေတာကိုး ဦးရဲ့"

"ဟုတ်တာပေါ့ မောင်ရင်၊ ကျုပ်က တိရစ္ဆာန်များကို ဒီလိုနေချင်လို့ လွတ်လပ်ခြင်းပေးထားတာ အကြိုက်ဆုံးပါပဲ။ လူဆိုတဲ့ သတ္တဝါမျိုးက ကိုယ့်အဖို့တော့ လွတ်လပ်ရေး စကားပြောကြပြီး တိရစ္ဆာန်ကျတော့ တယ်ပြီး ချုပ်ချယ်တတ်တဲ့သဘာဝ ရှိတယ်။ ကျုပ်က မကြိုက်ဘူး"

ဤတွင် တိရစ္ဆာန် ချစ်ခင်မှုနှင့် ပတ်သက်၍ မိမိကိုယ်ကို အသားယူမိခဲ့သော ကိုစိုးမင်းသည် မိမိ၏ယောက္ခမလောင်းကြီးကို မမီသေးဟူ၍ အောက်မေ့မိ၏။

"ဟုတ်ပါပေ့ခင်ဗျာ၊ ဒီလောက် ပေါ့ပါးတဲ့ဆိတ်ကို ကျွန်တော်ဖြင့် မမြင်ဖူးသေးပါဘူး။ ဟော... ပန်းအိုးထဲက သစ်ပင်ကလေးကို ဝါးကုန်ပြီ ဦးရဲ့၊ လုပ်ပါဦး"

"နေပါစေ အလကား အပင်ပါ။ ဒီအပင်မျိုး ရိုးလွန်းနေပါပြီ။ ဒီပြင်တစ်မျိုးစိုက်မလို့ ကြံရွယ်နေတာ ကြာလှပါပြီ"

"တော်ပါပေ့ ခင်ဗျာ၊ ဦးက ကျွန်တော်ထက်တောင် ချစ်တတ်နေသေးပါကလား။ လူတစ်ယောက်ဟာ စိတ်သဘော ဘယ်လောက် မပြည့်ဝတယ် ပြည့်ဝတယ် သိချင်ရင် တိရစ္ဆာန်နဲ့ စမ်းကြည့်လိုက်ပေါ့ရော ဦးရဲ့၊ လူနဲ့လူချင်းတော့ အားနာတာနဲ့ ကြိုးစားပြီး သည်းခံကြတယ်။ တိရစ္ဆာန်နဲ့ စမ်းကြည့်လိုက်ရင် သဘောရင်း ပေါ်လာရော ဦးရဲ့၊ ကျွန်တော်ဖြင့် မိတ်ဆွေတွေ့သမျှကို ဒီနည်းနဲ့ချည်း စမ်းကြည့်တာပဲ။ ဒီစာမေးပွဲအောင်တဲ့သူ သိပ်ရှားတယ် ဦးရဲ့၊ ဒီ ဆိတ်ကလေး ဆိတ်ထူးကလေးပဲ ဦးရဲ့၊ သူ့မှာ စူးစမ်းချင်တဲ့ သဘာဝရှိတယ်"





"ဟုတ်ပုံ ပေါ်ပါရဲ့၊ ဟောကြည့်စမ်း... စားပွဲပေါ် ခုန်တက်မလို့ ထင်တယ်။ ကြည့်ကြည့် ကြည့် ဟော"

"စားပွဲကြီးက ချောပါဘိနဲ့ ချော်ကျလိမ့်မယ် ထင်ပါလား ဦးရဲ့၊ ဖြစ်မှ ဖြစ်ပါ့မလား"

ဆိတ်သည် ဆိုဖာထိပ်သို့တက်၍ ထိုမှတစ်ဖန် စားပွဲကြီးပေါ်သို့ လှမ်းခုန်လိုက်ရာ စားပွဲပေါ်သို့ ကောင်းမွာရောက်သော်လည်း မှန်ရောင်ထအောင် ပွတ်တိုက်ထားသဖြင့် အလွန် ချောသည်နှင့် စားပွဲပေါ်သို့ ခြေထောက်လေးချောင်းလုံး တစ်ပြိုင်နက်တည်း ကျရောက်ပါလျက် အရှိန်မသတ်နိုင်ဘဲ ချော်ထွက်သွားသဖြင့် အစွန်းသို့ရောက်သောအခါမှ အရှိန်သတ်နိုင်ပေတော့၏။

"ဟော... စားပွဲပေါ်မှာ ခြေရာတွေ အစင်းလိုက်ကြီး ထင်ကုန်ပြီကော ဦးရဲ့"

"ထင်ပါစေ၊ ထင်ပါစေ အိမ်ထောင်မှုတွေ ဆေးသုတ်ဖို့ စိတ်ကူးနေတာ ကြာလှပြီ။ ဆေးသုတ်တဲ့ ကုလားတွေက အင်မတန် ခိုချင် ကပ်ချင်တယ်။ ချောချောမွေ့မွေ့ စားပွဲဆိုရင် တော်အောင် လျော်အောင် ဆေးသုတ်သွားတာပဲ။ ဒီလိုအစင်းကလေးတော့ သူတို့ ခိုလို့မဖြစ်ဘူးပေါ့။ တကယ် အလုပ်လုပ်ရတယ်။ ဒါမှ ကောင်းတယ်"

"မင်းကတော်ကြီးကကော ဦးရဲ့၊ ဆိတ်ချစ်တတ်သလား"

"ဒေါ်အုန်းစိန်လား၊ ဒေါ်အုန်းစိန်က ဆိတ်များတော့ ဖက်အိပ်ချင်မတတ်ချစ်တယ်ဗျာ။ သူမုန်းတဲ့ ဆိတ်တစ်ကောင်တည်း ရှိတယ်"

"ဒီဆိတ်ကလေးမျိုးတော့ မုန်းမထင်ပေါင် ခင်ဗျာ"

"ဒီလို ချောတဲ့လှတဲ့ဆိတ်၊ ဖျတ်လတ်ပေါ့ပါးတဲ့ဆိတ်၊ သိချင်တတ်တဲ့ဆိတ်မျိုးတော့ ချစ်လှချေပေါ့ မောင်ရင်၊ ထုံထုံထိုင်းထိုင်း ဆိတ်ဆိုရင်တော့ မအုန်းစိန် သဘောမကျဘူး။ ချက်ချင်းရောင်းပြီး ဒီလို ဖျတ်လတ်တဲ့ ဆိတ်ကလေးမျိုး ဝယ်ယူမှာပဲ"

ထိုအခါ ဆိတ်သည် မိမိအား ထုံထိုင်းသော ဆိတ်ဟူ၍ မတော်တဆ အထင်မှားသွားမည်ကို စိုးရိမ်သည့်လက္ခဏာနှင့် စားပွဲကြီးအစွန်းမှ အဖျားတွင် ဇာမိတ်တပ်ထားသည့် အဝတ်ခင်းထားသော စားပွဲပေါ်သို့ ခုန်တက်လိုက်ရာတွင် အဝတ်ရော ပန်းစိုက်ကရားပါ ချောပါသွား၍ ကော်ဇောကြီးပေါ်၌ ထွေးလုံးရစ်ပတ်ကျပြီးလျှင် ပန်းစိုက်ကရားထဲမှ ရေများသည် ကော်ဇောပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အိုင်ထွန်းလျက် ရှိနေ၏။ ဤဆိတ်သည် တစ်နေရာမှတစ်နေရာသို့ ကြိမ်ဖန်များစွာ ခုန်လွှားကျူးကျော်ရသည့်အတွက် မောပန်းသည့်လက္ခဏာနှင့် လဲနေရာမှထ၍ ကော်ဇောပေါ်မှ ရေအိုင်တွင် သောက်ခြင်းအားဖြင့် အမောအပန်းဖြေလျက်ရှိလေ၏။

ကိုစိုးမင်း၏စိတ်၌ နုနုသည် မိမိနှင့် လက်ထပ်ပြီးသည့်နောက် ၎င်း၏ဖခင်နည်းတူ ဧည့်ခန်းထဲသို့ ဆိတ်သွင်းခဲ့လျှင် ခက်ရချေတော့မည်ဟု အောက်မေ့သည်နှင့်–

"ဦးရဲ့သမီး နုနုတစ်ယောက်ကော ခင်ဗျာ၊ ဆိတ်ချစ်တတ်တာပဲလား ခင်ဗျ"

"ချစ်တတ်ပါ့ဗျာ၊ သူ့အမေနဲ့ နင်လားငါလားပါပဲ"

ဟု ပြောလိုက်ရသော်လည်း သူ၏ စိတ်ထဲ၌ကား အိုင်စီအက်စ်တစ်ယောက်ကို သမက်ဖမ်းရန်အတွက် ဤမျှလောက် လိုက်လျောနေရခြင်းမှာ အကျိုးနှင့်ဒုက္ခ မျှတပါ၏လောဟု ယုံမှားခြင်း ဖြစ်မိလေ၏။

"နုနုကလည်း ဦးချစ်သလို ချစ်တတ်တာလား ဦးရဲ့"

"ဒီလောက်တော့ ဟုတ်မယ်မထင်ပေါင် မောင်ရယ်၊ ဒီဆိတ်အပေါ်မှာ ကျုပ်ထားတဲ့ စိတ်သဘောမျိုးကတော့ နုနုက ထားနိုင်မထင်ပါဘူး။ ဒီဆိတ်အပေါ် ကျုပ်က ဘယ်လိုစိတ်ထားတယ်ဆိုတာ ပြောပြဖို့တောင် အများကြီးခဲယဉ်းပါတယ် မောင်ရင်၊ ကျုပ်က ရင်ထဲများ ခွဲပြလိုက်ချင်တယ်"

"အင်မတန် ကြီးကျယ် မြင့်မြတ်ပါပေတယ် ခင်ဗျာ"

ထိုအချိန်၌ ဆိတ်သည် ကိုယ်လုံးပေါ်မှန်ကြီးတပ်ထားသော ဗီရိုကြီးရှေ့တွင်ရပ်လျက် စူးစူးစိုက်စိုက် ကြည့်လိုက်သည်တွင် ဗီရိုထဲ၌ ရန်သူတော်တစ်ကောင် ပေါ်လာသည်ကို တွေ့မြင်လေရကား တစ်ခုန်နှစ်ခုန် ခုန်ပေါက်လိုက်ပြီးနောက် မိမိအား ရန်မူမည်ဟု ဟန်ပြင်လျက်ရှိသော ရန်သူတော်ကို မိမိက ဦးအောင်နှိမ်နင်းရမည်ဟု ဆုံးဖြတ်သည့်လက္ခဏာဖြင့် ဦးချိုဖြင့် တည့်တည့်ကြီး ခုန်အောင့်လိုက်လေ၏။ ဒိန်းခနဲမြည်သွား၍ ရန်သူတော်လည်း နောက်သို့ ပက်လက်လန်သွားသည်တွင် ဆိတ်သည် ဤမျှလောက် အလွယ်တကူနှိမ်နင်း အောင်မြင်ရသည့်အတွက် ဈေးချောင်သည်ဟု အောက်မေ့၍ ဧည့်ခန်းကို ဆက်လက် စူးစမ်းလေ၏။

"မှန်ကြီး ကွဲသွားပြီ ဦးရေ"





"ကွဲပါစေ ကွဲစမ်းပါစေ၊ မင်းကတော်နဲ့လက်ထပ်တုန်းက သူ့အဖေလက်ဖွဲ့တဲ့ အိမ်ထောင်ဦး ပစ္စည်းကြီးပါ။ အလကား ပုံရိုးကြီး။ နောက်ပေါ်တဲ့ ပုံစံကလေးတွေ ဘုံဆောဘားမားတိုက်မှာ သိပ်ဆန်းတာပဲ၊ ကွဲပါစေ ဝယ်ယူမယ်"

ယောက္ခမ တစ်ယောက်လုံးလက်ဖွဲ့သော အိမ်ထောင်ဦးပစ္စည်း ဖြစ်ခဲ့လျှင် သာ၍ မြတ်နိုးဖို့ရှိပါလျက် ပုံစံရိုးသည် ဆို၍ ပစ်စလက်ခတ်ပြောရက်ခြင်းမှာ အတော်ထူးဆန်းသည်ဟု ကိုစိုးမင်း အောက်မေ့မိသော်လည်း ဥစ္စာရှင်က မမြတ်နိုးဟူ၍ ပြောနေသည့်အတွက် မည်သို့မျှ ပြန်မပြောနိုင်ချေ။ ဦးလှဘော်ကမူ နှမျောသောစိတ်နှင့် ဒေါသစိတ်ကို အတင်း အောင့်အီးချုပ်တီးထားရသည့်အတွက် နဂိုအားဖြင့် နီမြန်းသော မိမိမျက်နှာမှာ ဆောင်းရာသီတွင် ကလောမြို့၌ ရောင်းသော ခရမ်းချဉ်သီး မှည့်ကြီးကဲ့သို့ ရှိနေလိမ့်မည်ဟု တွေးထင်မိစဉ် ဆိတ်၏လည်ပင်းကို ချက်ချင်း ဖမ်းကိုင်ဆုပ်ညှစ်လိုသော စိတ်ဆန္ဒကြောင့် လက်များ ဆတ်ဆတ်တုန်လျက် ရှိလေ၏။

ဤကဲ့သို့ ကြာရှည်စွာ ဆက်လက်၍ နေမိပါမူ မိမိစိတ်ကို မချုပ်တီးနိုင်သဖြင့် တစ်စုံတစ်ခု အရမ်းဗလက္ကာရ ပြုမိလျှင်လည်း ပြုမိသည်။ သို့တည်းမဟုတ် ချုပ်တီးရလွန်းသည့်အတွက် သွေးပျက်သွားလျှင်လည်း သွားလိမ့်မည်ဟု စဉ်းစားမိသည်နှင့် ဦးလှဘော်သည် နုနုနှင့် ဒေါ်အုန်းစိန်တို့ကို ခေါ်ချေပါစေဦးဟူသော စကားတစ်ခွန်းကိုပင် ခက်ခဲစွာနှင့် ပြောခဲ့၍ ဧည့်ခန်းမှထွက်လာခဲ့လေ၏။

ဦးလှဘော်လည်း အခန်းပေါက်ဆီသို့ အနိုင်နိုင် လျှောက်သွားစဉ်ဆိတ်သည် ငွေဘောင်ကွပ်ထားသော ဦးလှဘော်၏ ဓာတ်ပုံကြီးကို စိမ်းစိမ်းကြည့်လျက်ရှိရာ ကိုစိုးမင်းကမူ ဤဆိတ်သည် ဤအခန်းထဲတွင် လုပ်ချင်ရာလုပ်နေကျဖြစ်သည်ဟု အောက်မေ့သည်နှင့် အနည်းငယ်မျှ အခြေမပျက်ဘဲ အေးအေးဆေးဆေး ကြည့်နေလေ၏။

ဆိတ်လည်း မိမိပြုချင်သမျှ လွတ်လပ်စွာ ပြုခွင့်ရသည်ဟု နားလည်သည်နှင့် ဓာတ်ပုံကြီးကို အေးအေးဆေးဆေး ကြည့်၍ ချိန်ပြီးမှ ဦးချိုနှင့်ခုန်တိုက်သည်တွင် မှန်ကြီးမှာ ညက်ညက်ကြေ၍ ဦးလှဘော်နှာခေါင်းတွင် စုတ်ပြတ်သွားလေ၏။

ဤတွင် ကိုစိုးမင်းက "ကြိတ်လိုက်ကွ"ဟုဆိုကာ တစ်ယောက်တည်း လွတ်လပ်စွာ သြဘာပေးလိုက်သေး၏။ ဆိတ်သည် မိမိအား သြဘာပေးသည်ကို အသိအမှတ်ပြုဟန်နှင့် 'ပွဲ'ခနဲ မြည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှဘော်သည် အိမ်ပေါ်သို့ တက်ပြေး၍ မှန်တင်ဆောင်မှ ထွက်လာကြသော သားအမိနှင်ယောက်တို့နှင့် ဆောင်ကူးလမ်းကြား၌ ဆုံမိကြသည်တွင်–

"ဘယ်နှယ့်လဲ ဖေဖေ"

"ဘယ်လိုထင်သလဲ ဦးလှဘော်"

ဦးလှဘော်သည် မယားနှင့် သမီး မေးခွန်းကို ဖြေဆိုရန်မတတ်နိုင်ဘဲ ဦးခေါင်းထဲသို့ အပြင်းအထန် သွေးတိုးနေသည့်အတွက် မျက်လုံးများပြူးလျက်ရှိလေ၏။

"ဘာဖြစ်တာလဲ ဖေဖေ"

"ဦးလှဘော် ဘာဖြစ်တာလဲ"

"အေး... ညည်းတို့က ဘာဖြစ်တာလဲ လုပ်နေကြ၊ တစ်အိမ်လုံးတက်တက်ပြောင်ပြီဗျ၊ ရစရာ မရှိဘူး"

"ဘယ်လိုဖြစ်ပုံလဲ ဖေဖေ ပြောပါဦးတော့"

"ဆိတ်ဗျာ၊ ဆိတ် ဆိတ် ဆိတ်"

သားအမိနှစ်ယောက်တို့လည်း တစ်ယောက်၏မျက်နှာ တစ်ယောက်လှမ်းကြည့်ကြလေ၏။

"ဘယ်က ဆိတ်လည်း ဦးလှဘော်ရဲ့"

"မင့်သမက်လောင်း ခေါ်လာတဲ့ ဆိတ်ပေါ့ မအုန်းစိန်၊ သူ့ဆိတ်ကို သူက ဖျတ်လတ်သတဲ့၊ သွက်လက်သတဲ့၊ စုံစမ်းချင်တဲ့ သဘာဝရှိသတဲ့၊ ချီးကျူးလိုက်သေးတယ်။ ကျုပ်တို့ဖြင့် တစ်ခန်းလုံး ပြောင်ပြီဗျ။ ဆိတ်က မိုက်ရတဲ့အထဲမှာ သူက မြှောက်ပေးလိုက်သေးဗျာ၊ ကုန်ပါပြီ ဘာတစ်ခုမှ အကောင်းမရှိပါဘူး။ ညည်းတို့သာ သွားကြည့်ချေကြပါတော့၊ ဟော... မကြားကြဘူးလား၊ ဘာများ ဖျက်ဆီးနေပြန်သလဲ မဆိုနိုင်ဘူး"

ဦးလှဘော်တို့ ကြားရသော အသံမှာ ငွေဘောင်ကွပ်ထားသော ဦးလှဘော်၏ ဓာတ်ပုံကြီးကို ဆိတ်က ဦးချိုနှင့် ကော်လိုက်သဖြင့် ကြမ်းပေါ်သို့ ပြုတ်ကျသောအသံပင် ဖြစ်လေသည်။ ၎င်းနောက် ဦးလှဘော်က ဆက်လက်၍–

"တစ်ခန်းလုံးတော့ ပြောင်ပြီ နုနုရေ့၊ မင့်လူ့ရဲ့ ပေါ့ပါးလျင်မြန်ဖျတ်လတ်တဲ့ ဆိတ်က ဖျက်ဆီးကုန်လို့ ဘာတစ်ခုမှ အကောင်းမရှိတော့ဘူး။ ငါတော့ မခံနိုင်ဘူးဟော့ နုနုရေ့၊ ငါ မခံဘူး နားလည်လား"





"တစ်ခုခု မှားလို့ ဖြစ်ပါလိမ့်မယ် ဦးလှဘော်ရယ်"

"အေးလေ သွားကြည့်ချေကြပါ၊ မှားတယ် မမှားဘူးဆိုတာ ဟိုရောက်တော့ မြင်လိမ့်မပေါ့။ ငါတော့ စိတ်နောက်ပြီး ရူးသွားမှာ စိုးရတယ်။ ခေါင်းကို ရေစိမ်ချေဦးမယ်"

ဦးလှဘော်သည် ရေချိုးခန်းသို့ ပြေးဝင်သွားလေ၏။

သားအမိနှစ်ယောက်တို့သည် လှေကားမှဆင်း၍ ဧည့်ခန်းဝသို့ ရောက်ကြသောအခါ ဖြစ်ချင်တိုင်း ဖြစ်နေသော ဧည့်ခန်းအခြေအနေကို မြင်ရသဖြင့် ဒေါ်အုန်းစိန်မှာ သာမန် ပုလိပ်သားမယားဖြစ်ပါက ရင်ဘတ်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် ထုရိုက်အော်ဟစ်ကောင်း အော်ဟစ်ပေလိမ့်မည်။ ယခုသော် ရာဇဝတ်ဝန်ကတော် ဖြစ်သည့်အပြင် အိုင်စီအက်စ်ကို သမက်ဖမ်းရမည့်ကိစ္စလည်း ရှိသေးသည်ဖြစ်၍ မည်သို့မျှ အသံမထွက်စေဘဲ အံ့သြစွာနှင့် ရပ်နေလေ၏။

ကိုစိုးမင်းကမူ ဒေါ်အုန်းစိန်နှင့် နုနုတို့ဘက်သို့ ကျောခိုင်းလျက် ထိုင်နေသဖြင့် ၎င်းတို့ကို မမြင်သေးသည်နှင့် 'ကြိတ်လိုက်ကွ' ဟုဆိုကာ ဆိတ်ကို အားပေးလိုက်သည်တွင် ဆိတ်ကလည်း 'ပဲ'ခနဲ မြည်လိုက်၏။

ဒေါ်အုန်းစိန်၏ စိတ်၌ ပစ္စည်းများ ပျက်စီးသည် မှန်သော်လည်း ပစ္စည်းကား အဖိုးမတန်၊ လူသာလျှင် အဖိုးတန်၍ လူတကာ လူထဲတွင် ဗိုလ်ဆွဲသောအိုင်စီအက်စ်ကို သမက်ဖမ်းဖို့ အရေးလည်း ရှိနေသေး၍ အမျိုးသန့်သော ဘိလပ်ပြန်တစ်ယောက် ဖြစ်သည့်အလျောက် မိမိတို့ မျက်နှာထားပျက်သည်ကို မြင်ခဲ့လျှင် စိတ်ပျက်သွားမည်ကို စိုးရသေးသည်ဟု စဉ်းစားမိသည်နှင့် ပြုံးချိုသောမျက်နှာထားဖြင့် "ရောက်နေတာ တော်တော်ကြာသွားပြီမှတ်တယ်"ဟု ပြောလိုက်သဖြင့် ကိုစိုးမင်းက လှည့်ကြည့်လိုက်သည်တွင် သားအမိ နှစ်ယောက်တို့ကို တွေ့ရ၍ ၎င်းတို့၏ ပြုံးချိုသော မျက်နှာထားကို မြင်ရသောအခါ ကိုစိုးမင်း၏စိတ်ထဲ၌ ဤသားအမိတို့သည် တစ်ခန်းလုံး ရှုပ်ယှက်ခတ် ဖြစ်နေပါလျက်နဲ့ ကြည်ရွှင်ပြုံးချိုသော မျက်နှာသားရှိနေခြင်းကို ထောက်ခြင်းအားဖြင့် ဤအခြင်းအရာမျိုးကို မကြာခဏ တွေ့ကြုံနေကြရသဖြင့် ကျင့်သားရ၍ စိတ်၏ကြံ့ခိုင် တည်တံ့ခြင်းနှင့် ပြည့်စုံကြပါပေသည်ဟု အောက်မေ့မိလေ၏။

သားအမိနှစ်ယောက်တို့သည်လည်း ဧည့်ခန်းထဲတွင် ထိုင်ကြ၍ ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့၏ သဘာဝအကြောင်း၊ အထူးသဖြင့် အခန်းထဲ၌ ယခုချက်ချင်း လက်ငင်းမွေနှောက်လျက်ရှိသော ဆိတ်ကလေးအကြောင်းကို ဇည့်သည် ကိုစိုးမင်းနှင့် ဆွေးနွေးပြောဆိုကြလေ၏။ ထိုခဏ၌ ဆိတ်သည် သတင်းစာနှင့် မဂ္ဂဇင်းဟောင်းများ စီထားသော စင်ပေါ်၌ သတင်းစာများကို ခွာနှင့်ပေါက် ဆုတ်လျက် ရှိ၏။

"ဆိတ်ကလေး ဒီကနေ့ အင်မတန် မြူးနေတယ် ထင်တယ်"

"ဝန်မင်းကလည်း ခုနင်က ဒီလိုပြောတာပဲ။ မိသားဖသား တစ်စုလုံး ဆိတ်ချစ်ပုံ တူကြပါပေတယ် ခင်ဗျာ။ တချို့ အိမ်သားတွေ ဒီလိုမဟုတ်ဘူး။ တစ်ယောက်က မျောက်ချစ်တတ်လို့ မျောက်မွေးရင် တစ်ယောက်က ရှက်တယ်လို့ အောက်မေ့ချင် အောက်မေ့တတ်တယ်။ အခုလို စိတ်တူသဘောတူ ဆိတ်ချစ်တာ တွေ့ရလို့ ဝမ်းသာပါတယ် ခင်ဗျာ"

"ကျွန်မကတော့ မပြောနဲ့တော့ ဆိတ်ဆိုရင် သိပ်ချစ်တာပဲ။ တစ်ကောင်တည်းမကဘူး၊ အုပ်လိုက်တောင် မွေးချင်သေးပါရဲ့"

"နုနုကလည်း မွေးသဖခင် လိုပဲလား"

"ကျွန်မက သူ့ထက် ကဲတော့မပေါ့"

"ဟုတ်ကဲ့လား၊ ကျွန်တော်တို့ကတော့ တိရစ္ဆာန်ချစ်တတ်တဲ့လူဆိုရင် တတ်နိုင်လို့ ဘယ်လို အပြစ်အနာအဆာမျိုးရှိပစေ ဖွေမယူချင်ဘူး။ အပြစ်လွှတ်ဖို့ အသင့်ရှိတာပဲ"

ထိုခဏ၌ ဆိတ်သည် သတင်းစာများထားသောစင်ပေါ်တွင် အထက်ဆုံးအဆင့်မှ ဒေါ်အုန်းစိန်၏ ဦးခေါင်းပေါ်သို့ ကျော်ဖြတ်၍ ကြမ်းပေါ်သို့ခုန်ချလိုက်ရာ ကော်ဇောမရှိသော အပိုင်းတွင် ကျရောက်သည်နှင့် ချော်မွေ့သော ပျဉ်းကတိုးကြမ်းပေါ်တစ်လျှောက် ဆယ်ပေလောက် လျှောက်ပါသွားပြီးမှ စန္ဒရားကြီးနှင့် တိုက်မိ၍ ရပ်လေတော့၏။ ဒေါ်အုန်းစိန်မှာ ဆိတ်ခွာနှင့် တစ်လက်မခန့်မျှ လွတ်သွား၍ နားထဲ၌ ရှီခနဲမြည်သွားသည်ဟု ထင်လိုက်မိသော်လည်း ဣန္ဒြေမပျက်ဘဲ မျက်နှာထားပြုံးပြုံးကြီးနှင့် ကြည့်နေလေ၏။ ကိုစိုးမင်းမှာ အလွန်ဆော့သော ဆိတ်သတ္တဝါကို ဤမျှလောက် သည်းခံနိုင်သော မိသားစုတစ်စုသည်ကား အလွန်စိတ်ရှည်သော သူတော်ကောင်းမိသားစု ဖြစ်ရမည်ဟု ကောက်နုတ်ချက်ထုတ်၍ မည်သည့်နည်းနှင့်မျှ နုနုနှင့် အလွဲ မခံနိုင်တော့ပြီဟု ဆုံးဖြတ်ချက်ချလေ၏။





ဆိတ်သည် စန္ဒရားနှင့် တိုက်မိရာမှ ဤအိမ်၌ စန္ဒရားရှိသည့်အဖြစ်ကို သတိပြုမိဟန်လက္ခဏာနှင့် စန္ဒရာ ကိုလှည့်ပတ်ကာ စုံစမ်းပြီးနောက် စန္ဒရားပေါ်သို့ ခုန်တက်လိုက်၏။ ခလုတ်များကို ခြေထောက်နှင့် နင်းမိ၍ ဝုန်းခနဲ တစ်ပြိုင်တည်း ထွက်လာသောအသံကြောင့် လန့်သွားဟန်တူသော်လည်း ထိတ်လန့်ခြင်းပြေပျောက်၍ ခလုတ်များပေါ်သို့ ခြေထောက်တစ်ဖက်စီ နင်းချလိုက်တိုင်း 'ဒေါင်' 'ဒင်' 'တုံ' 'ဒို' 'ဒုံး' စသည်ဖြင့် အသံတစ်ချက်စီ ဖြစ်ပေါ်လာသောအခါ၌ ဆိတ်သည် အလွန်နှစ်သိမ့်ကျေနပ်သော အမူအရာနှင့် စန္ဒရားကို ဦးပဲ့ဆုံအောင် နှစ်ခေါက် သုံးခေါက် လျှောက်စမ်းလေ၏။ ဒေါ်အုန်းစိန်ကမူ တစ်ချက် တစ်ချက် အင်္ဂလိပ်တေးသံ ပေါ်ထွက်လာသည်ဟု ချီးကျူးသေး၏။

"စန္ဒရားပေါ် ဆိတ်တက်လို့ ခလုတ်တွေ ချော်မကုန်ပေဘူးလား"

"နေပါစေ သူ့သဘောရှိ နေရှာပါစေ၊ သူစိတ်ပျော်ရင် ပြီးတာပါပဲ"

"နားထောင်စမ်း နုနုရေ၊ တစ်ချက်တစ်ချက်တော့ အင်္ဂလိပ် ဘင်ခရာသံလိုလို ထွက်မလာဘူးလား ညည့်ဖေဖေ ကြားရရင် သဘောကျမယ်ဟော့"

"ဟုတ်သားပဲ မေမေ"

ဤတွင် ဧည့်သည်နှင့် အိမ်ရှင်များမှာ အင်္ဂလိပ်တေးသွားနှင့် မြန်မာတေးသွားတို့ ခြားနားသောအချက်များနှင့် အဆင်တူသော အချက်များ အကြောင်းကို ဆွေးနွေးကြလေရာ မည်သည့်နေရာ၌မျှ အယူအဆကွဲလွဲကြသည် မရှိဘဲ၊ နေရာတကာတိုင်း ဘောင်ဝင်အံကျလျက်ရှိသည်ကို တွေ့ကြရလေ၏။ အတန်ကြာ၍ စကားစပ် ပြတ်သွားသောအခါ ဒေါ်အုန်းစိန်က-

"နုနုတို့ဖေဖေ ကြာလှချေလား၊ ရေချိုးခန်းထဲက ဘုံဘိုင်ကို ခလုတ်ပြင်နေထင်ပါရဲ့။ လိုက်ကြည့်ဦးမှ ထင်ပါရဲ့ နုနုရေ"

"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်၊ ဘုံဘိုင်ပျက်နေလို့လား"

"မဟုတ်ပါဘူး၊ ဘုံဘိုင်အောက် ခေါင်းထိုးခံပြီး မပိတ်ဘဲ ထား ပစ်ခဲ့မှာ စိုးလို့ပါ"

"ခေါင်း ရေဆွတ်ရတာ ဘာကြောင့်လဲ ဒေါ်ဒေါ်"

"ဝန်မင်းက သူ့စိတ်မှာ ထိခိုက်ရင် ဒီလိုပဲ လုပ်တတ်တယ်"

"သူ့ စိတ်ထိခိုက်အောင် ဘာများဖြစ်လို့လဲ ဒေါ်ဒေါ်"

"ထိခိုက်တာက တခြားကြောင့် မဟုတ်ပါဘူး၊ ဝန်မင်းရဲ့ဂါသနာက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ထူးထူးခြားခြား တွေ့ကြုံရရင် ထိနိုက်တတ်ပါတယ်။ ဒီဆိတ်ကလေးရဲ့သွက်လက် လျင်မြန် ပေါ့ပါးလှုပ်ရှားပုံကို မြင်ရလို့ အံ့သြသွားဟန်တူပါရဲ့"

"ခင်ဗျာ... ဒါဖြင့် ဒီလိုမြင်နေကျ တွေ့နေကျ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး မောင်ရင်"

"ဒါဖြင့် ဒီအခန်းထဲကို ဆိတ်မဝင်ဖူးခဲ့ဘူးပေါ့"

"မဝင်ပါဘူး မောင်ရင်၊ နို့ပေမယ့် ကိစ္စမရှိပါဘူး။ ဒေါ်ဒေါ်တို့ နုနုတို့က ကျေနပ်ပါတယ်"

ထိုအတောအတွင်း၌ နုနုသည် အိမ်ပေါ်သို့တက်လာ၍ ဦးခေါင်း၌ မျက်နှာသုတ်ပဝါကြီး ရစ်ပတ်ထားသော ဦးလှဘော်နှင့် တွေ့ဆုံကြလေ၏။

"နင့်လူက အရူးပါဟယ် နုနုရယ်၊ သွက်သွက်ချာအောင် ရူးနေတဲ့လူပါပဲ"

"မဟုတ်ပါဘူး ဖေဖေ နည်းနည်းဆန်းတာလောက် ရှိတာပေါ့။ ကျွန်မတို့ကို တမင်တကာ အကဲစမ်းတယ်လို့ မေမေက တွေးမိပါတယ်"

"အကဲစမ်းတာက လွန်ပဲ လွန်လွန်းတယ် သမီးရယ်။ တော်ပြီကွယ် နုနု... ငါနဲ့တော့ မဖြစ်ဘူး၊ သွားပြောချေတော့ ဆိတ်ဆိုရင် ငါကတော့ ဆိတ်သားကဘတ်ကြော်ကလွဲလို့ ဘယ်လိုမှ မကြိုက်နိုင်ဘူးဟေ့။ သွားပြောချေတော့ အကဲစမ်းတာတဲ့ကွယ်၊ လွန်လွန်းတယ်"

"သည်းခံပါ ဖေဖေ၊ စိတ်သဘောရင်းကတော့ အင်မတန်ဖြူစင်တဲ့သူတစ်ယောက်ပါ ဖေဖေရဲ့"

"ဟေ့... ဖြူချင်ဖြူ မည်းချင်မည်း၊ ဒီဆိတ်မျိုးမွေးထားရင်တော့ ငါလက်သင့်မခံနိုင်ဘူး။ နောက်တစ်ခေါက်လာရင် ရိုက်သတ်ပြီး အစိမ်းဝါးစားလိုက်မယ်။ ကြားရဲ့လား"

"ဆိတ်ကလေးက သဘောကောင်းရှာပါတယ် ဖေဖေရဲ့"

"တန်ပါ နုနုရယ်၊ တစ်ခန်းလုံး ဖျက်ဆီးပစ်ပြီး ငါ့ကို ဝါးမစားလို့ သဘောကောင်းတာလား၊ နင့်အမေကော ခုဘယ်မှာလဲ"

"သူနဲ့ စကားပြောနေတယ် ဖေဖေ၊ မေမေကလေ သိပ်ဣန္ဒြေကောင်းတာပဲ။ သူ့ခေါင်းပေါ်က ကျော်ခုန်လို့ သီသီကလေးလွတ်သွားတာတောင် ဣန္ဒြေမပျက်ဘူး ဖေဖေ"

"အောင်မယ် ဒီလိုလား၊ လာစမ်း ငါ လိုက်ကြည့်စမ်းမယ်"





ဦးလှဘော်သည် ဦးခေါင်းမှရေများကို မျက်နှာသုတ်ပဝါနှင့် စင်ကြယ်အောင် ပွတ်တိုက်ပြီးနောက် ဧည့်ခန်းထဲသို့ သမီးနှင့်အတူ ဆင်းလာလေ၏။

ဒေါ်အုန်းစိန်သည် ကိုစိုးမင်းအား မကုန်ဆုံးနိုင်သော ဓာတ်ထုပ်ဖြစ်သည့် သမီးနုနု၏ ဂုဏ်အခြင်းအရာများကို ချီးကျူးပြောဆိုလျက်ရှိစဉ် ဆိတ်သည် ပန်းအိုးထဲမှ ပန်းများကို ပဋ္ဌါပါးမကျန်အောင် ဝါးစားပြီးနောက် သတင်းစာနှင့် မဂ္ဂဇင်းဟောင်းများကို စင်ပေါ်မှဆွဲချ၍ ကြမ်းပေါ်၌ ဖြန့်ကြဲလျက် မိမိအမျိုးသားရုပ်ပုံပါရှိသော မဂ္ဂဇင်းဟောင်းများကို မွှေနှောက်ရှာဖွေဟန်နှင့် လှန်လှောစုံစမ်းလျက်ရှိ၏။ ဒေါ်အုန်းစိန်ကလည်း နုနုအကြောင်းကို ပြောပြရာမှ နုနု၏ငယ်စဉ်က ရိုက်ကူးထားသော ဓာတ်ပုံကိုပြလိုသည်နှင့် ဓာတ်ပုံအယ်လ်ဘမ်ကိုယူမည်ဟု မှန်ဗီရိုဆီသို့ ထသွားလိုက်ရာတွင် ဆိတ်သည်လည်း မိမိအမျိုးသားဓာတ်ပုံကို မတွေ့နိုင်သည်နှင့် စိတ်တိုလျက်ရှိနိုက်နှင့် ကြုံကြိုက်လေရကား ဘာမပြောညာမပြော ဝမ်နင်လည်းမပေးဘဲ ဝန်ကတော် ဒေါ်အုန်းစိန်၏နောက်ပိုင်းကို ဦးချိုနှင့် ပြေးဆောင့်လိုက်သဖြင့် ဒေါ်အုန်းစိန် ခမျာမှာ ကြမ်းပေါ်၌ အလျားမှောက်လျက် ကျသွားလေ၏။ ဦးလှဘော်လည်း–

"ဣန္ဒြေကောင်းလှသတဲ့ ကြည့်ရဦးမယ်ကွယ်"

ဟု ပါးစပ်မှ တတွတ်တွတ် ရေရွတ်ကာ သားအဖနှစ်ယောက်ဆင်းလာကြ၍ ဧည့်ခန်းဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကြမ်းပေါ်၌ အလျားမှောက်လျက်လဲနေသော ဒေါ်အုန်းစိန်ကို ပက်ပင်းပါ တွေ့မြင်ရလေ၏။ ဤတွင် ဦးလှဘော်သည် ဇနီးသည်၏ နာကျင်မှုကို သတိရသည်ထက် နုနု၏စကားကို ရှေးဦးစွာ သတိရသည်နှင့်–

"ဣန္ဒြေကောင်းလိုက်လေကွယ်"

ဟုဆိုကာ နုနုကိုလှည့်၍ ကြည့်မိသေး၏။ ဒေါ်အုန်းစိန်လည်း မိမိအား ကြမ်းပေါ်မှ ထူမ၍ပေးသော ကိုစိုးမင်းအား–

"မနာပါဘူး၊ ကိစ္စမရှိပါဘူး။ ဆိတ်ကလေး ပျော်တတ်ရှာလို့ ကစားရှာတာပါ"

ဟု ပြုံးရယ်ကာ ပြောနိုင်သေး၏။ ယင်းအခါ ဦးလှဘော်က–

"ပျော်တတ်လို့ ကစားလိုက်တာ ငါ့ဓာတ်ပုံကြီးလည်း ကွဲကုန်ပါရောလား၊ တစ်ခန်းလုံးလည်း ပွလို့၊ ဟဲ့...ဟင်...ဟယ်...ဣန္ဒြေရလေကွယ်။ ပဲခူးငလျင်တုန်းက တစ်ကြိမ်ကြုံပြီးတဲ့နောက် ဒီလောက်ရှုပ်တဲ့အခန်းမျိုး တစ်ခါမှ ငါ မမြင်ဖူးသေးပေါင်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလေရာ စိုးမင်းက–

"ပဲခူး‌ လျှောင်တုန်းက ညောင်ဝိုင်းရပ်ထဲမှာ ကျွန်တော်ရှိနေလို့ အင်္ဂလိပ်သတင်းစာထဲမှာတောင် သတင်းရေးထည့်လိုက်ပါသေးတယ်"

"မောင်ရင်ကတော့ ဒီတုန်းကလည်း ခပ်အေးအေးပဲ မဟုတ်လား၊ အခုကော သတင်းရေးဖို့ စက္ကူများပါသေးရဲ့လား"

ဟူ၍ ပြောလိုက်သေး၏။ ထိုခဏ၌ ဆိတ်သည် အခန်းတွင်း၌ မွှေနှောက်ဖျက်ဆီး၍ အားရသဖြင့် ပန်းပင်ကလေးများကို ဖျက်ဆီးလိုသေးသည်နှင့် အိမ်ပြင်သို့ ထွက်မည်ပြုလေ၏။

"ဆိတ်ကလေးက အပြင်ထွက်ချင် ထင်ပါရဲ့ဦးရယ်"

ဟုဆိုလိုက်ရာ ဦးလှဘော်က–

"အပြင်ထွက်ပြီး ဥယျာဉ်ကလေး ဖျက်ချင်သေးတယ် ထင်ပါရဲ့။ သွားမလုပ်နဲ့မောင်... မာလီနဲ့ တွေ့သွားရင် မင်းဆိတ်တော့ ကဘတ်ဖြစ်သွားလိမ့်မယ်"

"ဦးက ဆိတ်ကို အခါတိုင်း ဥယျာဉ်ထဲမသွားစေဘဲ အိမ်ထဲမှာ ချည်နှောင်ထားသလား ဦးရဲ့"

"ကျုပ်က မနှောင်ရပါဘူး မောင်ရယ်၊ ဧည့်သည်များနဲ့ပါလာလို့ ဧည့်သည်အဖြစ်နဲ့ လက်ခံရတာပါ"

ဟု ဦးလှဘော်က ပြောလေရာ နုနုကလည်း–

"ရုံဖန်ရံခါပေါ့ရှင်၊ ဒါထက် ဦးစိုးမင်းကော ဆိတ်ကို အိမ်ထဲမှာလွှတ်ထားတာပဲလား"

"ကျွန်တော်လည်း ဝေးပါရဲ့ဗျာ။ သူများတကာတွေ လွှတ်ထားကြမယ့် ကျွန်တော်တော့ ဒီလောက်ထိ အလိုမလိုက်နိုင်ပေါင်ဗျာ"

ဦးလှဘော်လည်း ထိုင်ရာမှ ခုန်၍ထလေ၏။

ထိုစဉ် နုနုက–

"ဖေဖေ"

"တန် တန် တန် ကျုပ်မပြောဘဲ မနေနိုင်တော့ဘူး။ မောင်ရင်ပြောချင်တာက မောင်ရင့်ဆိတ်ကို ကိုယ့်အိမ်မှာ လွှတ်မထားဘူးလား"

"မလွှတ်ပေါင်ခင်ဗျာ၊ ကိုယ့်ထက်ပိုပြီး တိရစ္ဆာန်ချစ်တတ်တဲ့ လူများက လွှတ်ချင်လို့ လွှတ်ကြပေမယ့် ကျွန်တော်တို့တော့ မဝံ့ပေါင်ခင်ဗျာ"





"တော်စမ်းပါ မောင်ရင်။ မောင်ရင့်ဆိတ်ကို ကျုပ်က လွှတ်ထားတာလား၊ မောင်ရင့်သဘောနဲ့ မောင်ရင် လွှတ်ထားတာလား ပြောစမ်းပါဦး"

"ဘယ်ကလာ ကျွန်တော့်ဆိတ် ဦးရဲ့"

"ဗျာ... ဗျာ... ဘာတဲ့ဗျာ။ ဒါဖြင့် ဘယ်သူ့ဆိတ်လဲ မောင်ရင်ရဲ့"

"ဦးရဲ့ဆိတ် မဟုတ်ဘူးလား"

"တန် တန် တန် ကြာတော့ ကျုပ် ရူးရတော့မယ်။ ဒါဖြင့် မောင်ရင့်ဆိတ် မဟုတ်ဘူးပေါ့"

"ကြံကြံစည်စည် ခင်ဗျာ။ ဒီဆိတ်ကို ကျွန်တော်မြင်လည်း မမြင်ဖူးပါဘူး၊ တွေ့လည်း မတွေ့ဖူးပါဘူး"

ဤတွင် ဦးလှဘော်နှင့် ကိုစိုးမင်းတို့သည် ကုလားထိုင်ပေါ်၌ ထိုင်ကာ တစ်ယောက်၏မျက်နှာကို တစ်ယောက်က ငေးကြည့်နေကြလေ၏။ နောက်ဆုံး၌–

"နေစမ်းပါဦး၊ မောင်ရင်နဲ့ အတူတူ ဝင်လာတာ မဟုတ်ဘူးလား"

"ဦးရဲ့တပည့်လည်း ကျွန်တော်နဲ့အတူတူ ဝင်လာတာပဲ။ အတူတူ ဝင်လာတိုင်း ကျွန်တော့်ပစ္စည်း ဖြစ်ရတော့မှာလား ဦးရဲ့"

"ဒါဖြင့် ဘယ်သူ့ ဆိတ်ပါလိမ့် ကရို့၊ ဖိုးတီကို မေးရဦးမယ်။ ပြောနိုင်ပြော မပြောနိုင်ရင် ဒီကနေ့ အလုပ်ဖြုတ်ပစ်မယ်"

ဟုဆိုရာ နုနုကလည်း–

"နေပါဦး ဖေဖေရဲ့၊ ကိုစိုးမင်းလာရင် ဘာတိရစ္ဆာန်ပဲ ပါလာလာ ဝင်လာပစေလို့ ကိုဖိုးတီကို ဖေဖေက မှာထားတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တောင် ကြားလိုက်သေးတယ်"

ဟု ဒေါ်အုန်းစိန်က ထောက်ခံလေရာ ဦးလှဘော်က–

"အေးလေ မှာတော့မှာတယ်၊ ဒါပေမယ့် ဆိတ်လို့ မပါပါကလား"

ဟု ဦးလှဘော်က ပြောသည်တွင် ဒေါ်အုန်းစိန်က မနေသာတော့ဘဲ–

"ဒီလို မလုပ်ပါနဲ့ ဦးလှဘော်၊ ဆင်ဖြစ်စေ ကျားဖြစ်စေ ဆိုမှဖြင့် ဆိတ်လည်းပါရောပေါ့ ဦးလှဘော်ရဲ့"

"ကိုင်း... အားလုံးက ဝိုင်းပြောလို့မှ ကျုပ် ဝန်ချပါပြီဗျာ၊ ကျုပ် မှားမိပေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်နေဖို့ မလိုပါဘူး ဦးရယ်၊ ကျွန်တော်ကသာ တောင်းပန်စရာရှိပါတယ်။ ကျွန်တော်တို့လူမျိုးမှာ ထုံးစံတော့ မရှိဘူး။ သို့သော် ကျွန်တော် ဘီလပ်မှာ ပညာသင်လာခဲ့လေတော့ အင်္ဂလိပ်ထုံးစံတွေ အတော်သဘောကျနေမိလို့မို့ သူတို့ထုံးစံကို အတုယူပြီး နုနုနဲ့ ကျွန်တော်နဲ့ ချစ်ခင်စုံမက်နေကြတဲ့ ကိစ္စကို ဖွင့်ပြောရင်း ကျွန်တော်တို့နှစ်ယောက်ကို ဦးက သဘောတူဖို့ တောင်းခံလိုပါတယ် ခင်ဗျာ"

ဦးလှဘော်မှာ မိမိ၏ ဓာတ်ပုံကြီးနှင့်တကွ အိမ်ထောင်မှုပစ္စည်းများ ပျက်စီးသွားသည်ကို လုံးဝသတိမရတော့ဘဲ မိမိတို့၏ မျှော်လင့်ချက် လျင်မြန်စွာ ပြည့်စုံပေတော့မည်ဆို၍ သမီးနုနု၏လက်ကို ကိုင်ဆွဲပြီးလျှင် ကိုစိုးမင်းအနီးသို့ ချဉ်းကပ်လျက်–

"မောင်ရင်က အင်္ဂလိပ်ထုံးစံအတိုင်း တောင်းလေတော့ ကျုပ်ကလည်း အင်္ဂလိပ်ထုံးစံအတိုင်း လိုက်လုပ်ရတော့မှာပေါ့ ကိုင်း လာကြလာကြ"

ဟုပြော၍ လူငယ်နှစ်ယောက်တို့ကို လက်ချင်းဆက်ပေးမည်ပြုဆဲတွင် ဆိတ်သည် မြန်မာဖြစ်လျက်နှင့် ဘိုဆန်သောအပြုအမူကို မကြည့်လိုသောကြောင့်ပေလော မသိ။ နုနု၏ နောက်သို့ပြေးသွား၍ ဦးခေါင်းနှင့် တိုးဝှေ့လိုက်သည်တွင် နုနုမှာ ကိုစိုးမင်း၏ ရင်ခွင်ထဲသို့ ရောက်သွားလေတော့သတည်း။

❑



## လင်မယားသဘာဝ

မင်္ဂလာဆောင် အချိန်ဆိုင်းခဲ့လျှင် အရက်ကွဲမည်စိုးသောကြောင့် ကတိုက်ကရိုက်ဆောင်နှင်းရ၍ နှစ်တစ်ဝက်မပြည့်မီ သားသည် အဖေ, အမေ ဖြစ်ကြသည့်အချို့ လင်မယားများကဲ့သို့မဟုတ်ဘဲ ကိုတင်ကြီးနှင့် မခင်ကျော့တို့မှာ လက်ထပ်၍ နှစ်နှစ်ကျော်သော်လည်း ဖေဖေ,မေမေ၊ ဒက်ဒီ,မာမီ ခေါ်မည့်သူ ပေါ်မလာသေးသဖြင့် တစ်ယောက်နှင့်တစ်ယောက် ချစ်ချင်တိုင်းချစ်၍ နွဲ့ချင်တိုင်း နွဲ့နိုင်ကြပေသေးသည်။

အချို့ယောက်ျားများသည် မယားနှင့် ရန်ဖြစ်ပြီးနောက် 'ပြန်ပေါင်းထုပ်' ရသော အရသာကို သဘောကျသည့် လက္ခဏာနှင့် မယားစိတ်ဆိုးအောင် မဟုတ်ကဟုတ်က ရန်စပြီးမှ တစ်ဖန်ပြန်၍ ချော့မော့သည့်အခါ အချစ်တိုးလာသည်ဟူ၍ပင် မှတ်ထင်ကြပေရာ ကိုတင်ကြီးမှုကား မိမိကိုယ်ကို ဒုက္ခရှာဖို့ ဝါသနာပါသူတစ်ယောက် မဟုတ်သည်နှင့် လက်ထပ်သောနေ့မှစ၍ တစ်ကြိမ်တစ်ခါမျှ စိတ်ကောက်ခြင်း ရန်ဖြစ်ခြင်း မရှိခဲ့ဖူးဘဲ လင်နှင့်မယား အရှိန်မပျက် တစ်ဆက်တည်း ချစ်ခင်လာခဲ့သူများ ဖြစ်ကြလေသည်။ သို့ရာတွင် "လင်နှင့်မယား လျှာနှင့်သွား" ဟူသော စကားပုံကလည်း ရှိပေသေး၏။

နံနက်အိပ်ရာမှ ထကြသောအခါ ကိုတင်ကြီးသည် မယားမခင်ကျော့ကို မင်းကတော် တစ်ယောက်ကဲ့သို့ အခြွေအရံ အစေခံများနှင့်တကွ ထားလိုသော်လည်း လခနည်းသဖြင့် မတတ်နိုင်ဘဲ ရှိရာတွင် ချက်မှုပြုတ်မှု တံမြက်လှည်းမှု အစရှိသော အိမ်တွင်းမှု အလုပ်များကို မိမိ အလုပ်မသွားမီ တတ်နိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ကူညီလုပ်ကိုင်ပေးလေ့ ရှိ၏။ သို့ဖြစ်၍ ထိုနေ့နံနက်၌ မယားက လက်ဖက်ရည်ခရားကို ရေထည့်နေစဉ် လင်ကမီးမွှေး၍ တစ်ယောက်က လက်ဖက်ရည်ဖျော်ခိုက်တွင် တစ်ယောက်က ပေါင်မုန့်ကို မီး ကင်၍ ထောပတ်သုတ်ခြင်းစသည်ဖြင့် မတွက်မကပ် ကြည်ဖြူစွာ လုပ်ကိုင်ပြီး မှ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ အရသာခံ၍ လက်ဖက်ရည်သောက်ကြ၏။ ကိစ္စပြီးသော အခါမှ ကိုတင်ကြီးသည် ဆေးပေါ့လိပ်တစ်လိပ်နှင့် ပက်လက်ကုလားထိုင်ပေါ်တွင် သတင်းစာဖတ်လေရာ စာပို့ကုလားရောက်လာ၍ စာနှစ်စောင်ပေးသွားသည်တွင် မခင်ကျော့သည် ကိုတင်ကြီးအမည်ပါသော စာကို လင်ယောက်ျားအား ပေးခဲ့၍ မိမိ၏အမည်ပါသော စာကို နောက်ဖေးဆောင်သို့ ယူသွားလေ၏။ မခင်ကျော့သည် အဝေး၌နေသော မိဘများထံမှ စာရတတ်သည်ဖြစ်၍ အေးအေးဆေးဆေး ဖတ်နေကျ ထုံးစံအတိုင်း နောက်ဖေးသို့ ယူလာခဲ့ခြင်းဖြစ်လေသည်။

မခင်ကျော့သည် စာအိတ်ကို ဖွင့်လိုက်သောအခါ အောက်ပါစာကို တွေ့ရှိရ၏။

"စုံတွဲကို ခွဲလျှင်၊ ဝဋ်လည်မည် ကြောက်လှသဖြင့် လျော်ကြေးနှင့် တကွ စာတိုက်မှ တင်ပို့လိုက်ပါသည် မျှော်ပါလေ"

မခင်ကျော့သည် လက်မှတ်မပါသော ၎င်းစာကို ဖတ်ရသောအခါ ရုတ်တရက် နားမလည်သော်လည်း လက်ရေးကို မှတ်မိသလိုလို ရှိသည့်ပြင် လွန်လေ့ပြီးသော အဖြစ်အပျက်ကလေးတစ်ခုကို သတိရသည်နှင့် စာပေးသူကို ရိပ်မိ၍ မျက်နှာအနည်းငယ် နီမြန်းသွား၏။ မိမိကိုယ်ကို မျက်နှာပိုးသတ်ပြီးသောအခါမှ မခင်ကျော့သည် အိမ်ရှေ့သို့ ထွက်လာလေရာ ကိုတင်ကြီးက စာအကြောင်းကို မေးသောအခါ မိခင်ထံမှ စာဖြစ်သည်ဟု လိမ်လည်၍ ပြောလိုက်၏။

အပြစ်ကင်းအောင်နေခဲ့၍ လင်ယောက်ျားအား ဘယ်သောအခါမှ လိမ်လည်ပြောဆိုဖူးခြင်း မရှိသော မခင်ကျော့မှာ ဤတစ်ကြိမ် လိမ်ရသည်အတွက် အတော်ကလေး ဝန်လေး၏။ အကြောင်းအရာကို ကိုတင်ကြီးက မေးရာတွင် မာကြောင်းသာကြောင်းများသာဖြစ်၍ အထူးသတင်း မပါကြောင်းဖြင့် ဆက်လက် လိမ်လည်ရတော့၏။

နံနက်စာ စားသောက်ပြီးသောအခါ ကိုတင်ကြီးသည် မခင်ကျော့က





ယာပေးသော ကွမ်းရာကလေးများကို သံဘူးကလေးတွင်ထည့်၍ အလုပ်တိုက်သို့ ထွက်လာခဲ့ရာ မယားမခင်ကျော့မှာ အခါတိုင်းနှင့်မတူဘဲ နှုတ်ဆိတ်လှသည်ဟု လမ်းခရီး၌ တွေးမိ၏။

ထိုနေ့ နေ့လယ်၌ မခင်ကျော့သည် စာတိုက်မှ ပါဆယ်ထုပ်တစ်ထုပ် လက်ခံရရှိ၍ဖွင့်ကြည့်ရာ ခြေအိတ်တစ်ဖက်ကို ရှေးဦးစွာ တွေ့ရ၏။ ခြေအိတ်ကိုထုတ်ယူ၍ ထောင့်၌ ဖုနေသည်ကို တွေ့ရသဖြင့် ထုတ်ကြည့်ရာတွင် တစ်ဖက်လျှင် ပုလဲတစ်လုံးစီဖြင့် ပြုလုပ်ထားသော နားကပ်ကလေးတစ်ရန် ပေါ်ထွက်လာလေ၏။ မခင်ကျော့သည် မှန်တင်ခုံသို့သွား၍ နားကပ်ကို မိမိ၏နား၌ ပန်ဆင်ကြည့်ရာ အသက် ၂၀ မပြည့်သေးသဖြင့် နဂိုအားဖြင့် နုနယ်လှပသော မျက်နှာကလေးသည် ပုလဲ၏သတ္တိထူးကြောင့် ပိုမိုနုနယ်၍ ပိုမိုလှပသည်ဟု ထင်ရပေ၏။ မိန်းမလည်းဖြစ်ရာ ငယ်လည်း ငယ်ပြန်သေးရကား မခင်ကျော့မှာ မိမိ၏အဆင်းကို ချက်ချင်းတိုး၍ လှအောင် ပြုပြင်ပေးနိုင်သော ပုလဲနားကပ်ကို နှစ်သက်တပ်မက်ခြင်း ဖြစ်လာတော့၏။ သို့ဖြစ်၍ နားကပ်ပို့လိုက်သူနှင့် အဘယ်ကြောင့် ပို့လိုက်သည်ကို ရိပ်မိသော်လည်း ပြန်ပို့ရန် စိတ်ကူးမရနိုင်အောင် ရှိလေတော့သည်။ အိမ်ထောင်ကျပြီးဖြစ်၍ မိမိကိုယ်ကို လှပအောင် ခြယ်လှယ်လေသမျှသည် လင်ယောက်ျား ကိုတင်ကြီးအဖို့ ဖြစ်သည်ဟု နားလည်သော်လည်း လှချင်ပချင် တချင်ပြိုင်ချင်တုန်း အရွယ်ဖြစ်သဖြင့် မိမိနှင့် အလွန်လိုက်သည်ဟု ထင်မိသော ထိုနားကပ်ကလေးကို မခွဲရက်၊ မစွန့်ရက်အောင် ဖြစ်ပြီးလျှင် မည်သည့်နည်းနှင့်မဆို သိမ်းပိုက်တော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။

သို့သော် ကိုတင်ကြီးမသိအောင် ပန်ဆင်ရန် မဖြစ်နိုင်သဖြင့် မည်သည့်နည်းနှင့် ရသည်ဟု အကြောင်းပြရန် လိုသေး၏။ မိဘများသည် လယ်တစ်ကွက်ကို ရောင်းချမည်ဟု သတင်းကြားဖူးရာ ရောင်းရသောငွေထဲမှ မိမိအဖို့ ပုလဲနားကပ်တစ်ရန် ဝယ်ပို့လိုက်သည်ဟု လိမ်ပြောရန် အကြံပြုထားလေ၏။ ဝတ်ရမဲ့ စားရမဲ့ အတန်းအစားတစ်ယောက် မဟုတ်သော်လည်း ခင်ကျော့သည် ထိုနေ့အဖို့၌ မှန်တင်ခုံရှေ့တွင် မိမိကိုယ်ကိုမိမိ အရိပ်တကြည့်ကြည့်နှင့် အချိန်ကုန်တော့သည်ဟုဆိုခဲ့လျှင် အထူးတလည် အပြစ်တင်ရန်မရှိဘဲ မိမိ၏ ချောလှသော ရုပ်အဆင်းကို မိမိကျေနပ် နှစ်သိမ့်ခြင်းရှိသော မိန်းကလေးတို့၏ သဘာဝဟူ၍ ဆိုရပေမည်။ မခင်ကျော့သည် ပုလဲနားကပ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံးပန်ဆင်ထား၍ ကိုတင်ကြီး ပြန်ချိန်နီးသောအခါ ချွတ်၍ ဝှက်ထားလိုက်လေ၏။

ကိုတင်ကြီး ရောက်လာပြီးနောက် ချစ်ခင်ကြင်နာ၍ သားသမီးမရှိသော အကြင်လင်မယားတို့ ထုံးစံအတိုင်း တပွတ်ပွတ်သပ်သပ် နေထိုင်ကြ၍ ကိုတင်ကြီးသည် မခင်ကျော့၏ အနည်းငယ် နှုတ်ဆိတ်သော အမူအရာကို မြင်သည်နှင့် နံနက်ကတည်းက အနည်းငယ် ပြောင်းလဲခြင်းရှိခဲ့သော အဖြစ်ကို သတိရ၍–

"မနက်က စာထဲမှာ ဘာများပါလို့လဲ မခင်ကျော့"

"ဘာကြောင့်လဲ ကိုကို"

ယင်းသို့ မေးရသော်လည်း မူမမှန်သောစာ ဖြစ်သည့်ပြင် လင်ကို လိမ်ခဲ့ဖူးသော မိန်းကလေးတစ်ယောက် မဟုတ်သဖြင့် အနည်းငယ် မျက်နှာပျက်သွား၏။ ကိုတင်ကြီးမှာလည်း သဘောထားသေးသူတစ်ယောက် မဟုတ်သည့်ပြင် မယားကို လုံးဝစိတ်ချ ယုံကြည်ထားသည်ဖြစ်၍ အသေးအဖွဲကိစ္စကလေးများတွင် လင်ကို ပရိယာယ်နှင့် လှည့်စားပြောဖို့မလိုဘဲ ဘွင်းဘွင်းနှင့် ပြောင်ပြောင် ပြောနိုင်ခွင့် ရှိခဲ့လေသည်။

ပမာဆိုသော် အချို့မိန်းမများသည် လင်၏ နှမြောတတ်သောသဘောကို သိသည်ဆို၍ ၁၅–တန် ဘော်လီတစ်ထည် ဝယ်သည့်အခါ ၅–ပေးရသည်ဟု လှည့်စားပြောဖို့ လိုသည်ဆို၏။ ကိုတင်ကြီးနှင့် မခင်ကျော့တို့မှာ ထိုကဲ့သို့သော လင်မယားမျိုး မဟုတ်ကြပေ။ သို့ပါလျက် မခင်ကျော့မှာ လင်ကို မလိမ်စဖူး လိမ်ပြောနေရသဖြင့် အတော် ဝန်လေးလျက် ရှိ၏။

"ဘာကြောင့်လဲဆိုတော့ မင်းမျက်နှာ ကြည့်ရတာ ခါတိုင်းနဲ့မတူလို့ ပေါ့ကွယ်"

ဤတွင် မခင်ကျော့က ပြောတန်သလောက် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

"ကိုကို"

"ဗျား"

"ကိုကို့ကို ကျော့ လိမ်မိပြီ"

ကိုတင်ကြီးသည် အနည်းငယ် မျက်နှာမသာမယာ ဖြစ်သွား၏။

"ဘယ်လို အကြောင်းလဲကွဲ့၊ အဆိုးလား အကောင်းလား"





မခင်ကျော့လည်း စဉ်းစားပြီးနောက် ရယ်မောလျက် "ဆိုးတယ် ကောင်းတယ် မပြောလောက်ပါဘူး ကိုကို"

(ကြင်နာသောမျက်နှာထားနှင့်) "ပြောပါဗျာ၊ ဒါဖြင့်..."

"မနက်တုန်းက စာရတာ မေမေတို့ဆီက မဟုတ်ဘူး ကိုကို"

"ဟော့... နို့ ဘယ်သူ့ဆီကလဲ"

"လက်မှတ်လည်း မပါဘူး ကိုကိုရဲ့"

"ဘယ်နှယ်ဟာလဲကွဲ့၊ လက်မှတ်မပါတဲ့စာမျိုး ဘယ်သူက ရေးထည့်နေသလဲ၊ ခြိမ်းခြောက်ပြီး မိုက်ကြေးခွဲတဲ့ စာမျိုးလား"

"မဟုတ်ပါဘူး ကိုကို၊ အသိတော့ အသိထဲကပါပဲ"

"အသိထဲကဖြင့် မေ့ပြီး လက်မှတ်မထိုးမိတာလား"

"မဟုတ်ဘူး ကိုကို၊ တမင် မထိုးတာပဲ"

"ရှုပ်လိုက်တာကွယ်၊ ဘယ်မှာလဲ မင့်စာ ပြစမ်းပါဦး"

မခင်ကျော့သည် စာကိုယူ၍ ပြသရာတွင် ကိုတင်ကြီးမှာ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

"စုံတွဲကို ခွဲလျှင် ဝဋ်လည်မည် ကြောက်လှသဖြင့် လျော်ကြေးနှင့် တကွ စာတိုက်မှ တင်ပို့လိုက်ပါသည် မျှော်ပါလေ"

"နားမလည်ပေါင်ကွယ် မင့်စာက"

မခင်ကျော့လည်း ရယ်မောလိုက်ရာ ခွက်သွားသည့် ပါးကလေးဘက်မှ တတိယ အထက်သွားတွင် ကွပ်ထားသော ရွှေကွပ်သည် ဝင်းခနဲ လက်သွားသဖြင့် ကိုတင်ကြီး၏မျက်စိ၌ အလွန်ယဉ်သည်ဟု ထင်မိ၏။

"ကိုကို နားမလည်ပေမယ့် ကျော့တော့ နားလည်တယ်"

"အဆက်ရှိတဲ့ လူချင်းတော့ နားလည်မှာပေါ့"

ခနဲ့တဲ့တဲ့ ပြောလိုက်၏။

"ကိုကိုကလဲ"

"မဟုတ်ရပါဘူးဗျာ၊ ဒီအရင်က အချိတ်အဆက်ရှိမှ အဓိပ္ပာယ်ကို နားလည်မယ်လို့ ပြောတာပါ"

"ခုက ဒီလိုပြောနေရင် ကျော့က ရှင်းပြတော့လည်း ကိုကိုက စိတ်ဆိုးနေဦးမှာ ထင်ပါရဲ့"

"ပြောသာ ပြောပါလေ၊ ကိုကို့စိတ်ကို သိသား မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိလို့လည်း ပြောဝံ့တာပေါ့။ ကိုမောင်မောင်ကြီး ဆီက ဟာ ကိုကိုရဲ့"

ကိုတင်ကြီးသည် မျက်နှာပျက်သွား၍ မခင်ကျော့ကို ပြူးကြည့်နေ၏။

"မင်းတို့ စာပေး စာယူ လုပ်နေကြလား"

"မိုးကြိုး ကျားသား ကိုကို"

"စုံတွဲကို ခွဲရင် ဝဋ်လည်မှာ ကြောက်တယ်ဆိုတာ ဘာလဲ"

"ဟိုတုန်းက ကျွန်မ ခြေအိတ် တစ်ထည်ကို သူ ကောက်ရဖူးတယ်။ အဲဒါကို စာတိုက်က ပြန်ပို့လိုက်တယ် ကိုကိုရဲ့"

"လျော်ကြေးပေးမယ် ဆိုတာက ဘာလဲ"

"အလကား နောက်တာပါ ကိုကို၊ ဘာမှ မဟုတ်ပါဘူး"

မခင်ကျော့ကား ခြေအိတ်တစ်ဖက် ပြန်ရခြင်းနှင့် ပတ်သက်သော စာအကြောင်းကို ပြောပြခဲ့လျှင် ကေန်မုချ ပြန်ပို့ခိုင်းလိမ့်မည်ဟု သိရ၍ လိုချင်မှုလောဘကြောင့် ကွယ်ဝှက်ထားခြင်း ဖြစ်လေသည်။ ကိုတင်ကြီးမှုကား မယုံ့တယုံ ဖြစ်နေ၏။ ပို့လိုက်သောခြေအိတ်ကို ပြခိုင်းသောအခါ မခင်ကျော့သည် ၎င်းတစ်ဖက်ကိုသာမက မိမိထံ၌ ကျန်ရစ်သော ခြေအိတ်တစ်ဖက်ကိုပါ ပထုတ်၍ အစုံလိုက် ပြနိုင်၏။ မခင်ကျော့မှာ ကိုတင်ကြီးနှင့် မရသေးမီ ဘက်မင်တန်(ကြက်တောင်)ရိုက်ကစားစဉ်က ရှက်ဖျင် ဖိနပ်ဖြူနှင့် ခြေအိတ် စွပ်၍ ကစားဖူးလေသည်။ သို့သော် ဤအကြောင်းကို ဆိုင်ရာနေရာ၌ ဖော်ပြရပေဦးမည်။

ကိုတင်ကြီးမှာ ခြေအိတ်နှစ်ဖက်လုံးကို မြင်ရ၍ မခင်ကျော့၏မလိမ်တတ်သောသဘောကိုလည်း ရိပ်မိစေကာမူ မောင်မောင်ကြီးနှင့် မခင်ကျော့တို့၏ ရှေးဟောင်းအဖြစ်ကလေးကို အလုံးစုံသိခဲ့သည်ဖြစ်၍ စိတ်ထဲ၌ ယုံမှားသံသယ လုံးဝ ကင်းရှင်းလောက်အောင် မရှိသေးချေ။

"မောင်မောင်ကြီးနဲ့များ တွေ့ရဖူးသလား"

(အနည်းငယ် စဉ်းစားနေပြီးမှ) "တစ်ခါတည်း တွေ့ဖူးပါတယ်"

"ဟေ… ဘယ်တုန်းကလဲ"

"ဟို တစ်နေ့က မိုလ်ချုပ်ဈေးထဲမှာ လက်ကိုင်ပဝါကလေး လိုတာနဲ့ ဝင်ဝယ်ပြီး ကိုကိုတို့ တိုက်ရှေ့ရောက်လာတော့ ကွန်တီနင်တယ် ရှေ့မှာတွေ့လို့ နို့အေးတစ်ခွက် သောက်ပါဦးဆိုတာနဲ့ သောက်ခဲ့ပါတယ်"

"အေးလေ၊ မင်းကတော့ သရေစာနဲ့ မှားခေါ်ရင် ကော်ရင်ဂျီကုလားကလေးက ခေါ်ခေါ် လိုက်စားမယ့် မိန်းမပါပဲ၊ ငါ သိပါတယ်"





"အကြောင် ကြောင် ကို သိရက်နဲ့ ပြောရက်ပါပေ့ ကိုကို",

မခင်ကျော့လည်း မျက်ရည်များ လည်လာ၏။

"ဘာအကြောင်.ကြောင်း သိတာလဲ၊ သူ့ကျေးဇူးများ ဘာရှိလို့လဲ"

"ကျေးဇူးမရှိပေမယ့် သူတို့ဆီမှာ အလုပ် လုပ်ခဲ့လို့ မောင်လို နှမလို အကျွမ်းဝင်လာခဲ့တဲ့လူချင်း ဖြစ်နေလေတော့ တစ်ခါတလေတွေ့လို့ ကျွေးတာ မဟာ လို့ ကောင်းပါ့မလား ကိုကို"

"ဘာ… မောင်လို နှမ လို့လဲ"

"လျှောက် မကဲပါနဲ့တော့ ကိုကို၊ ဒီလို မလုပ်နဲ့လို့ ကိုကိုက မှာထား ရက်သားနဲ့ ကျော့က နာ.မထောင်တော့ ကျော့ အဆိုး ပေါ့။ ခုပြော့ ကိုကို မကြိုက်မှန်းသိလို့ တစ်ကြိမ်ဟာစ်ခါ"

"ဒီကောင်နဲ့ တွေ့တာကို ငါ မကြိုက်ပေဘူးဆိုတာ မင်းမသိဘူးလား"

"ဒီလိုပါ ကိုကို၊ ခဏခဏ တွေ့မယ်ဆိုရင် ကိုကို မကြိုက်ပေဘူးလို့ ကျော့ရိပ်မိပါတယ်။ တစ်ခါတစ်ရံ မတော်တဆတွေ့လို့ သူ ကျွေးတာ စားမိတာတော့"

"တော်ပါတော့ကွယ် မခင်ကျော့"

ကိုတင်ကြီးသည် မျက်နှာထားသုန်မှုန်လျက် စာတစ်အုပ်ကို ကောက် ဖတ်နေလေရာ မခင်ကျော့လည်း မီးဖိုချောင်သို့ဝင်၍ အလုပ် လုပ်ပါသော်လည်း တစ်ချက် တစ်ချက် ရှိုက်၍ မျက်ရည် တစ်စက် တစ်စက် ကျလာလေ၏။

* * *

ကိုတင်ကြီးနှင့် လက်မထပ်မီက မခင်ကျော့သည် မောင်မောင်ကြီး၏ ဖခင်အလုပ်တိုက်တွင် စာရေးမကလေးအဖြစ်နှင့် အလုပ် လုပ်ခဲ့ဖူးလေသည်။ မောင်မောင်ကြီးမှာ ကောလိပ်ကျောင်းထွက် သူဌေးသား လူပျိုကြီးဖြစ်၍ ရုပ်ရည်သနားကမားနှင့် ဆီဒင်ကား တဝီဝီ၊ ဘန်ကောက်လုံချည် အလဲလဲ ဝတ်နိုင်သူတစ်ယောက် ဖြစ်သည့်အလျောက် ၎င်းကုမ္ပဏီတွင် အလုပ်လုပ်ကြသော မိန်းကလေးများ၏ မျက်စိ၌ မိုးကျရွှေကိုယ်ဆိုလောက်သည့် ဟီးရိုးသဖွယ် ဖြစ်နေပေတော့သည်။ လူပုံချော၍ အဝတ်ပေါ်သလောက် ဂိုက်ကျအောင် ဆင်တတ်သော သူဌေးသားမောင်မောင်ကြီးမှာ ၎င်းက စတင်၍ ပိုးပန်းရသည်ဟု ခပ်ရှားရှားရှိလျက် မခေါ်မီက ထူး၊ မနှူးမီက ကြွေချင်ကြသော မိန်းကလေးတို့နှင့်သာ ကြုံနေရကော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လျှင်မခံချင်သော ဝါသနာကလေးနှင့် ခပ်ဆတ်ဆတ်ရှိသော မခင်ကျော့သည် ၎င်းကုမ္ပဏီသို့ ရောက်လာသောအခါ စားနေကျကြောင်ပါး ဖြစ်သော မောင်မောင်ကြီးက ဤမိန်းကလေးသည်လည်း 'အညာလွယ်' လိမ့်မည်ဟု မှတ်ထင်မိရာ ကုမ္ပဏီကကျင်းပသော လက်ဖက်ရည်ပွဲတစ်ခု၌ မောင်မောင်ကြီးကိုယ်တိုင် ဦးခေါင်းသို့ လက်ဖြင့် ထိုးစိုက်ပေးသော သဇင်ပန်းကို ဖြုတ်ယူ လွှင့်ပစ်လိုက်သည်မှ 'အာဂ' မိန်းကလေးပေတကားဟု မျက်လုံး ပြူးသွားကြလေသည်။

အခြားစာရေးမဖြစ်ပါမူ မောင်မောင်ကြီးကဲ့သို့သော အလုပ်ရှင် သူဌေး သားက တမင်တကာ ဝယ်ယူခဲ့၍ စိုက်ထိုးပေးသော ပန်းခိုင်ကို ယုတ်စွအဆုံး အားနာပါးနာနှင့် ခံယူမည်ဖြစ်ရာ မခင်ကျော့ကား မိမိအား ခွင့်မတောင်းဘဲ ဦးခေါင်းကို ကိုင်ရလေသလောဆို၍ ချက်ချင်း ဖြုတ်ယူလွှင့်ပစ်လိုက်လေသည်။

ပထမ၌ မောင်မောင်ကြီးသည် မာနကြီးသော မိန်းကလေးတစ်ယောက် ဆို၍ မခံချင်မှုနှင့် ပိုးပန်း၏။ ထိုသို့ ပိုးပန်း၍ ခဲယဉ်းကြောင်း တွေ့ရသည့် အခါ အခက်အခဲတွေ့ရလေလေ လိုချင်သောဆန္ဒ ပြင်းထန်လေလေ ဖြစ်တတ် သော လူတို့၏သဘာဝအတိုင်း သဲသဲမဲမဲ ပိုးပန်းလေတော့သည်။

မောင်မောင်ကြီးသည် မခင်ကျော့အား ဘိုင်စကုပ်ပြဇာတ် အစရှိသော ပွဲများသို့ ဖိတ်ခေါ်သော်လည်း မလိုက်၊ မိန်းမဖော်များနှင့် ဖိတ်ခေါ်ပါလျက် ငြင်းဆန်ခဲ့၏။ ကန်တော်ကြီးသို့ ဆီဒင်ကားနှင့် လေညင်းခံ ထွက်ဖို့မူကား ဝေးသေး၏။

"ဒီလို ကားသစ်ကြီးမျိုး စီးလိုက်ရဖို့မ်ပဲ"ဟု စကားခေါ်တတ်သော မိန်းကလေးမျိုးနှင့်သာ ကြုံခဲ့ရသော မောင်မောင်ကြီးမှာ မခင်ကျော့နှင့်တွေ့၍ 'အာဂမိန်းကလေးပါတကား'ဟု ဦးခေါင်းတဆတ်ဆတ် ရှိနေလေတော့သည်။

မောင်မောင်ကြီးသည် မခင်ကျော့နှင့် အကျွမ်းတဝင် ဖြစ်စေနိုင်သော နည်းလမ်းများ စုံစမ်းရာတွင် အချက်တစ်ခု တွေ့သွား၏။ မခင်ကျော့မှာ မြေပိုင်ရှင်အဖြစ်ဖြင့် အတော်အတန် ကြွယ်ဝခဲ့ပြီးမှ စီးပွားပျက်စီးသွားခဲ့သော မိဘများ၏ သမီးတစ်ယောက်ဖြစ်၍ ဘိုဆန်ဆန် နေခဲ့ဖူးသည့်အလျောက် ဘက်မင်တန်ကစားခြင်း၊ စန္ဒရားတီးခြင်းတို့၌ ဝါသနာပါခဲ့ရာ ဘက်မင်တန်တွင် ကျောင်းသူချန်ပီယံဖြစ်ဖူး၍ စန္ဒရားတွင်လည်း ဆရာကောင်းများနှင့် လက်ထပ် သင်ခဲ့ဖူးသဖြင့် တေးကြီး ဘွဲ့ကြီး သီချင်းခန့်များကို ကျကျနန တီးတတ်လေ သည်။





မောင်မောင်ကြီးမှာ အဆိုကောင်း တစ်ယောက်ဖြစ်၍ ၎င်း၏ အိမ်၌ စန္ဒရားလည်း ရှိ၏။ တစ်နေ့သ၌ ကုမ္ပဏီညှော်ခံပွဲတစ်ခုတွင် မခင်ကျော့ကို မောင်မောင်ကြီး၏ နှမ မမကြီးနှင့် အနည်းငယ် အကျွမ်းဝင်သည်နှင့် အတူ စကားပြောနေကြရာမှ 'ဝါသနာအိုး'တို့၏ ထုံးစံအတိုင်း စန္ဒရားသို့သွား၍ လက်စမ်းလိုက်မိသည်တွင် စန္ဒရား ကောင်းစွာ တီးတတ်ကြောင်း သိသွားကြ လေတော့သည်။

မောင်မောင်ကြီးသည် ဝမ်းမြောက်ဝမ်းသာနှင့် စည်းကို ကောက်ယူ၍ တေးထပ်တစ်ပုဒ်ကို ဆိုလိုက်ရာတွင် မခင်ကျော့က လိုက်၍ တီးရ၏။ မောင်မောင်ကြီးမှာ အသံကောင်း အဆိုနပ်၍ မခင်ကျော့မှာလည်း အလေ့အကျင့် ပျက်နေရာမှ အနည်းငယ် စမ်းသပ်၍ လက်ဟောင်း ပေါ်လာသည်တွင် အဆို နှင့်အတီးများမှာ အလွန်တရာ 'ဘောင်ဝင်အံကျ' ဖြစ်နေတော့ပေရကား တီးသူရော ဆိုသူပါ ဆန်းကြယ်သော အရသာတစ်ခု ဖြစ်ပေါ်လာလေတော့ သည်။

ဂီတသမားတို့ မည်သည်မှာ တီးသောသူနှင့် ဆိုသောသူ နှစ်ဦးလုံး ပညာပြည့်ကြ၍ တစ်ဦးသဘောကိုတစ်ဦး နားလည်လျက် အပေးအယူအဖြတ် အတောက် အရပ်အဆိုင်းတို့၌ ဘောင်ဝင်အံကျ ဖြစ်နေသည်ကို တွေ့ရသည့် အခါ ဂီတသမားမဟုတ်သူတို့ နားမလည်နိုင်သည့် ဆန်းကြယ်သော အရသာ တစ်မျိုး ခံစားကြရလေတော့၏။

ထိုကဲ့သို့ ရှိနေသည့်အခါ အဖိုနှင့်အမကို မဆိုထားဘိ ယောကျ်ား အချင်းချင်းပင်လျှင် အလိုအလျောက် ခင်မင်မှုဖြစ်လာ၍ တီးသောသူကလည်း ဤလူနှင့်တီးနေရလျှင် မထဘဲ တီးနေချင်၍ အဆိုသမားကလည်း မောရမှန်း မသိ၊ ဆိုနေမိတတ်ပေသည်။

မောင်မောင်ကြီးနှင့် မခင်ကျော့တို့မှာလည်း ထိုကဲ့သို့သော အရသာမျိုး တွေ့နေကြသည်ဖြစ်၍ တေးထပ် တစ်ပုဒ်ဆိုရာမှသည် ဘောလယ် ပတ်ပျိုး၊ ယိုးဒယား စသော သီချင်းများသို့ ရောက်သွား၍ မရပ်မနားနိုင်အောင် ဖြစ်နေကြတော့၏။

ဂီတသမားတို့၏ သဘာဝတစ်ခုမှာလည်း အတီးသမားနှင့် အဆိုသမား တို့သည် တစ်ယောက်ကို တစ်ယောက် ပညာစမ်းချင်၍ ကိုယ့်အစွမ်းကို ကိုယ်ပြချင်တတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးနှင့် မခင်ကျော့တို့မှာ မိမိဆိုင်ရာ၌ အတော်အတန် ပညာရင့်သူချည်း ဖြစ်ခဲ့သည့်အတိုင်း ဟစ်ယောက်အစွမ်း တစ်ယောက် ချီးကျူးတတ်အောင် နားလည်ကြ၍ အပြန်အလှန် အရသာခံနိုင်ကြလေသည်။ ဤသည်လည်း သုခတစ်မျိုးပေတည်း။

သီချင်း လေးငါးရှစ်ပုဒ်မျှ ပြီးကြသောအခါ စန္ဒရားပညာ၌ သင်ခါစ ဖြစ်သော မမကြီးက ယောက်ျားများထံမှ သင်ရခြင်းထက် မိန်းမချင်းမှ သင်ရခြင်းကို အလွန် သင့်တော်သည် ထင်သဖြင့် မိမိအား နေ့စဉ် သင်ပြပေးဖို့ တောင်းပန်လေရာ ဖခင်ဖြစ်သူ ကုမ္ပဏီပိုင်ရှင်ကလည်း ဖြည့်စွက် တိုက်တွန်းသည်နှင့် မခင်ကျော့မှာ မငြင်းနိုင်ဘဲ သဘောတူရလေ၏။ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသော စကားကဲ့သို့ မခင်ကျော့မှာ ပိုက်ဆံလည်းရ လက်လည်းအကျင့်ရ (မောင်မောင်ကြီးနှင့်တွဲ၍ တီးရသည့်အတွက်) အပျင်းလည်း ပြေသေးပေရကား ငြင်းဆန်နိုင်ရန် အကြောင်းမရှိဟူ၍ ထင်မှတ်ကြရပေလိမ့်မည်။

သို့သော် အကြောင်းတစ်ခုကား ရှိနေ၏။ မခင်ကျော့မှာ မိမိနှင့် လုပ်ဖော်ကိုင်ဘက်ဖြစ်သော ကိုတင်ကြီးနှင့် ချစ်ကြိုက်နေကြသည်ဖြစ်၍ သီတင်းကျွတ်သည်နှင့် တစ်ပြိုင်နက် ထိမ်းမြားလက်ထပ်ကြရန် သဘောတူ ကြံရွယ်ချက် ရှိကြလေသည်။

မခင်ကျော့သည် စန္ဒရားသင်ပြသော အလုပ်ကို လက်ခံစဉ်က ကိုတင်ကြီးကို သတိရ၍ တိုင်ပင်ဦးမည်ဟု အကြံဖြစ်၏။ သို့ရာတွင် သူဌေး လင်မယားကိုယ်တိုင်က ထပ်ဆင့် တိုက်တွန်းကြခြင်းဖြစ်သည့်အတွက် စဉ်းစား ပါရစေဟူ၍ ပြောသည်ပင် အခွင့်မရတော့ချေ။

ကိုတင်ကြီးနှင့်တွေ့၍ အဖြစ်အပျက်ကို ပြောပြသောအခါ ကိုတင်ကြီး က လုံး၀ သဘောမတူသဖြင့် ကန့်ကွက်သေး၏။ သို့ရာတွင် မိမိကိုယ်တိုင်က တိုင်ပင်ဖို့ စိတ်ကူးမိဖူးသော မခင်ကျော့သည် မိမိအား အပြစ်တင်သည့်အခါ စိတ်ဆတ်သော မိန်းကလေးတစ်ယောက် ဖြစ်သည့်အလျောက် တိုင်ပင်ဖို့ စိတ်ကူးမိဖူးပါသည် ဟူ၍ပင် မပြောတော့ဘဲ မပိုင်ဆိုင်သေးမီကတည်းက ဤသို့မလုပ်ရ၊ ထိုသို့မပြောရ ဟူ၍ ဩဇာပေးခြင်းမျိုးကို မိန်းမတိုင်းခံလိမ့်မည် မဟုတ်ကြောင်းနှင့် ပြန်၍ တွယ်လိုက်သဖြင့် ကိုတင်ကြီးမှာ 'ဘူပိတ်'သွား လေတော့သည်။ သို့ရာတွင် ကိုတင်ကြီး မျက်နှာညိုသွားသည်ကို မြင်ရသော





အခါ မိမိ၌ ဝင်ငွေများခြင်းသည် မိမိတို့၏ကိစ္စကို လုပအောင် စီမံရန် အခွင့် သာသည့်အတွက် ဝမ်းသာဖို့ဖြစ်သည်ဟု ချော့မော့ပြောလိုက်လေသည်။

"ပိုက်ဆံက ကိစ္စမရှိပါဘူး၊ ဟိုငနဲကို ကြောက်ရတယ် မင်းကတော် လေးရဲ့"

"ခင်ကျော့...တဲ့၊ မျက်နှာကြည့်ထား ကိုတင်ကြီး (ကိုကိုမဟုတ်သေး) ကိုယ့်ကိုယ်ကို ကာကွယ်တတ်ပါတယ်"

"တော်တော်ကြာတော့ ကန့်လန့်ကန့်လန့်နဲ့"

"တော်စမ်းပါရှင်၊ ကျွန်မကို ဘယ်လို မိန်းမမှတ်လို့လဲ ရှင်က..."

"ကောင်းပါပြီဗျာ၊ ကြည့်ရဦးမှာပေါ့"

"ကြည့်လိုက်ပါ၊ မျက်စိထောက်ခံ ကြည့်လိုက်ပါ"

"ကြည့်ရတော့မှာပေါ့လေ၊ ဖင်လေဖလန်မင်းမှာ လျှောက်ထားတဲ့ အလုပ်က မသေချာသေးဘဲဟာကိုး၊ နို့မို့များလားတော့ကွာ"

"အဲလေ... ရတော့မှ ပြောဖို့စကား ချန်ထားပါဦး"

* * *

မခင်ကျော့သည် မမကြီးတို့ တိုက်ကို တစ်ရက်သွား၍ စန္ဒရားအတတ် သင်ပြရာတွင် ၎င်းတို့၏ ဝင်းကြီးထဲ၌ ဘက်တမင်တန်ကုတ်လည်းရှိ၍ အညောင်းပြေကစားခွင့် ရ၏။ မခင်ကျော့မှာ မိန်းကလေးတစ်ယောက်အဖို့ ဆိုလျှင် လက်ကောင်းတစ်ယောက်ဟု ခေါ်နိုင်၏။ ယောက်ျားများကဲ့သို့ ဆမက်ရှ်ပြင်းအောင် မရိုက်တတ်စေကာမူ သူတစ်ပါးရိုက်သော ဆမက်ရှ်ကို အံ့သြလောက်အောင် ဖမ်းနိုင်၍ မြင်သူများ သြဘာလက်ခုပ်မတီးဘဲ မနေနိုင် အောင် ရှိကြ၏။

မောင်မောင်ကြီးသည် မခင်ကျော့ ဘက်တမင်တန် ကစားသည်ကို တွေ့ရသည့်အခါ မိန်းမလို မိန်းမရ ရှိသည်ဆို၍ အလေ့အကျင့် ဖြတ်ထားခဲ့သော ဤကစားနည်းကို တစ်ဖန် ပြန်ကောက်၍ ရက်ကက်(ဘက်တန်)အသစ်များ ဝယ်ယူလေ့ကျင့်လေတော့သည်။ မခင်ကျော့၏ကစားပုံကို အလွန်ကျေနပ် အားရ၍ သူငယ်ချင်းများကို ဖိတ်ခေါ်ပြီးလျှင် 'တူးနမင့်'ပွဲများ ကျင်းပ၏။

ကျားနှင့်မ တွဲ၍ ကစားရသော ပွဲများအတွက် မောင်မောင်ကြီးသည် မခင်ကျော့နှင့်တွဲ၍ ညနေတိုင်းလည်း အခွင့်သာတိုင်း တွဲ၏။ ဤကစားနည်း



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း အဆိုနှင့် အတီးနည်းတူ မောင်မောင်ကြီးနှင့် မခင်ကျော့တို့မှာ တစ်ယောက်သဘောကိုတစ်ယောက် နားလည်သဖြင့် အတော်အတန်ယောကျ်ား ကလေး နှစ်ယောက်တွဲကိုပင် နိုင်အောင် ကစားနိုင်၏။ ဤသည်လည်း အရသာတစ်ခု တွေ့ကြရပြန်လေသည်။

မခင်ကျော့သည် ဘက်တမင်တန် ကစားရန်အတွက် အလုပ်တိုက်သို့ မောင်မောင်ကြီး တစ်ယောက်တည်း လာခေါ်၍ မလိုက်သဖြင့် မမကြီးက ညနေတိုင်း ကားနှင့်လာ၍ တင်ရ၏။ အလုပ်ဆင်းချိန် မတိုင်သေးသော်လည်း မမကြီးသည် ဖခင်ကိုပြော၍ မခင်ကျော့ကို ကားနှင့် တင်ခေါ်သွားလေ့ရှိရာ ကိုတင်ကြီးမှာ အလုပ်စားပွဲမှ တမော့မော့နှင့် ငေးကျန်ရစ်ခဲ့၏။ တစ်ခါတစ်ရံ မခင်ကျော့က တာ့တာဆို၍ လက်ကလေးပြသည်ကိုပင် ပြန်၍ ပြုံးဖော်မရဘဲ ဣန္ဒြေကြီးနှင့် ငေးကြည့်နေရစ်ရလေတော့သည်။

ဘက်တမင်တန် ကစား၍ စန္ဒရားသင်ပြပြီးချိန်လောက်၌ ကိုတင်ကြီးသည် မခင်ကျော့မှာထားချက်အရ မမကြီးတို့၏ တိုက်သို့လာ၍ အဝမှ ကြိုဆိုမြဲဖြစ်၏။ မခင်ကျော့သည် မောင်မောင်ကြီး၏ ပိုးပန်းခြင်းမှ သက်သာရာ ရစိမ့်သောငှာ ဤကဲ့သို့ တမင်စီစဉ်ထားသည့်ပြင် မမကြီးအားလည်း မိမိတို့ လက်ထပ်တော့မည့်အကြောင်းကို အတိအလင်း ထုတ်ဖော်ပြောပြထားလေသည်။

သို့ဖြစ်၍ မောင်မောင်ကြီးသည် ကိုတင်ကြီးနှင့် မခင်ကျော့တို့အကြောင်းကို နှမထံမှ ကြားသိရပြီးဖြစ်သော်လည်း ထူးထူးခြားခြားမရှိဘဲ ပိုးပန်းမြဲအတိုင်း ပိုးပန်းလျက် ရှိ၏။ သို့သော် မောင်မောင်ကြီးအတွက် ပြောရမည်ဆိုလျှင် ကိုတင်ကြီးအပေါ်၌ မနာလိုဝန်တိုသော အမူအရာမျိုး အလျဉ်းမဖော်ပြဘဲ လူ့ပြည်၌ ဤလူတစ်ယောက် မရှိသကဲ့သို့ မခင်ကျော့အား လွတ်လပ်စွာ ပိုးပန်းရုံမျှ ရှိလေသည်။

တစ်နေ့သ၌ မောင်မောင်ကြီး၏ဖခင် ကုမ္ပဏီသူဌေးသည် မိမိ၏ ခြံဝင်းအတွင်း၌ တစ်နှစ်တစ်ကြိမ် ပြုလုပ်လေ့ရှိသော ဥတ်ကထိန်ပွဲသို့ ကုမ္ပဏီအလုပ်သမားများအားလုံးကို ဖိတ်ခေါ်၍ တစ်နေ့ပတ်လုံး ကျွေးမွေးညှိခံလေ၏။

ထိုနေ့၌ သားမောင်မောင်ကြီးက မြို့ပေါ်ရှိ မိမိ၏သူငယ်ချင်း မိတ်ဆွေများကိုဖိတ်၍ နေ့ချင်းပြီး ဘက်တမင်တန် တုန်မင့် ကျင်းပပြီးလျှင် နိုင်သူတို့ကို ငွေဖလားဆုဖြင့် ချီးမြှင့်လေသည်။





ဘက်တမင်တန်ပွဲ၌ တစ်ယောက်ချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ ယောကျ်ားနှင့်မိန်းမတစ်တွဲ ပြိုင်ပွဲဟူ၍ အမျိုးမျိုးစီစဉ်ထားရာ တတိယပြိုင်ပွဲတွင် ကောလိပ်ကျောင်းသူများ ပါဝင်ကြ၍ မောင်မောင်ကြီးမှာ မခင်ကျော့နှင့် တွဲလျက် ပါဝင်ထား၏။

ဘက်တမင်တန် ပြိုင်ပွဲအစပြု၍ ကစားမည့်သူများအားလုံး ရောက်ကြပြီဖြစ်သော်လည်း မခင်ကျော့တစ်ယောက် မပေါ်လာသေးသဖြင့် မောင်မောင်ကြီးမှာ မိမိ၏ပါတနာ(တွဲဖက်)ဖြစ်နေသောကြောင့်ပေလောမဆိုနိုင် ဖင်တကြွကြွနှင့် ဂနာမငြိမ် ဖြစ်နေလေ၏။ မခင်ကျော့သည် ခေတ်အလျောက် သပ်ရပ်လှပသောအဝတ်များကို ဝတ်ဆင်လျက် ဆွယ်တာကလေးကို လက်မောင်းတစ်ဖက်တွင်တင်ကာ အခြားလက်တစ်ဖက်တွင် ဘက်တန်ကိုင်လျက် ရောက်လာသောအခါ မောင်မောင်ကြီးသည် ပရိသတ်အလယ်မှ ထပြေးဆီးကြိုပြီးလျှင်–

"တကတဲ ဘာမှဗျာ... ဇာတ်လိုက်ချန်ပီယံပီပီ ပွဲထွက်ကာနီးမှတော့ပြီး ရောက်လာတော့တာကိုဗျာ၊ တွဲရမယ့် တစ်ဖက်သားကဖြင့် ပေါ်မှပေါ်လာပါတော့မလားလို့ စိတ်ပူလိုက်ရတာဗျာ"

"စိတ်ပူလို့ ကိုယ်ကျွမ်းပြီး လက်တွေ ဘာတွေများ ပြတ်ကုန်ပါဦးမယ်ရှင့်"

"ဒီအပြောကလေးတွေမျိုး ကျုပ်က သဘောကျတာ"

မခင်ကျော့သည် မိမိအား မျက်လုံးချင်း ဇာတ်ရိုက်လျက်ရှိသော ကိုတင်ကြီးကို ဦးခေါင်းညိတ်ကာ ပြုံးရုံမျှပြုံးခွင့်ရ၍ အတင်းပူးကပ် ကြပ်မတ်ခေါ်လျက်ရှိသော မောင်မောင်ကြီးနှင့်အတူ ဘက်တမင်ကုတ်ဆီသို့ လိုက်သွားရလေ၏။ ကိုတင်ကြီးမှာမူ ဘက်မင်တန် မကစားတတ်သော လူများ၏ ပိုကာဝိုင်းတွင် ထိုင်ကြည့်နေရာ မခင်ကျော့ကို မျှော်ကြည့်ရုံမျှ ကြည့်လိုက်ရလေသည်။

မောင်မောင်ကြီးက မခင်ကျော့ကို ကောလိပ်ကျောင်းသူများ၏ ဝိုင်းဆီသို့ခေါ်သွား၍ မိတ်ဆက်ပေးပြီးလျှင် မခင်ကျော့အနီးမှ မခွာတော့ဘဲ တပူးတွဲတွဲ လုပ်နေတော့၏။ မခင်ကျော့မှာ စာရေးမတစ်ယောက်မျှသာ ဖြစ်သော်လည်း ကောလိပ်ကျောင်းတွင် တစ်နှစ်နေခဲ့ဖူးသဖြင့် ကျောင်းသူများရှေ့၌ ရှန့်တန့်တန့်မရှိဘဲ ချောမောစွာ ဆက်ဆံတတ်သည့်ပြင် စိန်တွေဆင်လျက်ရှိသော အချို့ကျောင်းသူများထက် အဆင်ပြေအောင် ဝတ်တတ်သေးသည်ဟု မောင်မောင်ကြီး ယူဆမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဎင်းနောက် မောင်မောင်ကြီးနှင့် မခင်ကျော့တို့အတွဲ ကစားကြရာတွင် သူတို့နှစ်ယောက်သည် တစ်ယောက်၏စိတ်ကို တစ်ယောက် သိနေသကဲ့သို့ မိမိတို့ဘက်သို့ရောက်လာသော ကြက်တောင်ကို နှစ်ယောက်လုံးဆုံ၍ လိုက်မိခြင်း လည်း မရှိ၊ တစ်ယောက်တစ်ယောက် လိုက်မည်ထင်နေပြီးမှ မည်သူမျှ မလိုက်ဘဲ နေမိခြင်းလည်း မရှိ၊ သူ့တာဝန် ကိုယ့်တာဝန် သူ့နေရာ ကိုယ့်နေရာ စည်းကမ်းမှန်ကန်စွာ ကစားနိုင်ကြသည်ဖြစ်၍ တစ်ဖက်သားအတွဲမှာ ခုနစ်မှတ်မျှမရမီ ဎင်းတို့က ၁၅ မှတ်ရ၍ အနိုင်ရခဲ့လေပြီ။

ဎင်းတို့ နှစ်ယောက်တွဲကစားသည်ကို မြင်ရသူများက ယခုနှစ်တွင်မှ တွဲဖက်ကစားခြင်းဖြစ်သည်ဟု မထင်ကြသဖြင့် ဘယ်နှစ်နှစ် ရှိပြီလဲဟူ၍ မေးကြမြန်းကြလေတော့သည်။ တစ်တွဲကို နိုင်လိုက်ရသဖြင့် အနားယူသော အချိန်အတွင်း မခင်ကျော့သည် အတင်းတွယ်ကပ်နေသော မောင်မောင်ကြီး အလစ်တွင် ကိုတင်ကြီးရှိသော ပိုကာဝိုင်းသို့ ထလာ၍ ကိုယ်တိုင်မကစားဘဲ ကစားသူများနောက်မှ ငိုင်လျက်ကြည့်နေသော ကိုတင်ကြီး၏ပခုံးကို လက်နှင့်ကို့လိုက်ရာ ကိုတင်ကြီးလည်း မကြည်မသာနှင့် ထလာ၏။

"ကိုတင်ကြီးကော ဘာကြောင့် ပိုကာ မကစားတာလဲ"

"အိမ်စေ့နေသေးလို့ စောင့်နေရသေးတယ်"

"ရှင်လည်း ဘက်တမင်တန် ကစားတတ်ရင် ကောင်းမှာပဲနော်"

"မတတ်ပေါင်ဗျာ၊ တတ်တဲ့လူများကစားလို့ ပျော်ကြရင်လည်း ကျေနပ်တာပါပဲ"

"ပျော်တော့ ပျော်တာပေါ့၊ ဒါပေမဲ့ ကိုတင်ကြီး ပါနိုင်ရင် သာပျော်မှာပေါ့"

"သူများပျော်ရင် ကိုယ်ပျော်ရသလို အောက်မေ့နိုင်ပါတယ်။ ကစားသာ ကစားပါ မခင်ကျော့၊ ကျုပ်က ခုမှတော့ စသင်မနေချင်တော့ပါဘူး"

"သင်ဖို့ကောင်းတယ် ကိုတင်ကြီးရဲ့၊ မကြာပါဘူး တတ်လွယ်ပါတယ်ရှင်"

ကိုတင်ကြီးလည်း ခေါင်းရမ်းပြရင်း "ကိုယ့် အပြစ်ပါလေ၊ မခင်ကျော့ အပြစ်မဟုတ်ပါဘူး။ ပညာမစုံခဲ့တာ ကိုယ်ညံ့ပေတာပေါ့၊ ပျော်သာ ပျော်ချေပါ ကျေနပ်ပါတယ်"

မခင်ကျော့သည် ဘက်တမင်တန် ကုတ်သို့သွား၍ ကစားရသော်လည်း





မောင်မောင်ကြီး ကစားတတ်သကဲ့သို့ ကိုတင်ကြီး တတ်ခဲ့လျှင် ကောင်းလေစွဟု အောက်မေ့မိ၏။ စင်စစ်မှာ မိမိတစ်ယောက်တည်း ပျော်နေရသည့်အတွက် ကိုတင်ကြီးကို အားနာသလိုလို ရှိနေမိပေတော့သည်။

မခင်ကျော့သည် မောင်မောင်ကြီးနှင့်တွဲကစား၍ ဒုတိယအချီ နိုင်လိုက်ကြသည်တွင် ဖိုင်နယ်သို့ တက်ကြလေတော့သည်။ ထိုပွဲတွင် မခင်ကျော့တို့အတွဲသည် ပထမတွဲထက်ပင် ကောင်းလာသေးသဖြင့် တစ်ဖက်သား အတွဲမှာ ငါးမှတ်မျှသာ ရလေတော့သည်။ ဤတွင် ပရိသတ်တို့လည်း ဎင်းတို့အတွဲကို ဆူညံစွာ လက်ခုပ်သြဘာ ပေးကြလေ၏။

ဎင်းပွဲ ပြီးသည်နှင့် တစ်ပြိုင်နက် မခင်ကျော့သည် ပိုကာဝိုင်းသို့ ကူးလာ၍ ကိုယ်တိုင်ပါဝင်ကစားနေပြီဖြစ်သော ကိုတင်ကြီးနောက်မှထိုင်လျက် အားပေးလေ၏။ ကိုတင်ကြီးလည်း မခင်ကျော့တို့ အတွဲနိုင်သည်ဟု ကြားရသည့်အတွက် ဝမ်းသာကြောင်း ပြော၏။ သို့သော် ဝမ်းသာသင့်သလောက်သာပုံ မပေါ်ဟူ၍ မခင်ကျော့ဟူ၍ အကဲခတ်မိ၏။

မခင်ကျော့သည် ကိုတင်ကြီး၏နောက်မှ ထိုင်လျက် မိမိနားလည်တတ်ကျွမ်းသမျှ ထောက်ပေး၍ ကိုထင်ကြီး ဆွဲရသော အခါများ၌လည်း လိုသောဖဲကို ရစေခြင်းငှာ အားပေးဆုတောင်းသဖြင့် မာတ်သိသောသူများက ပြုံးကြနောက်ကြ၏။

မကြာမီ မောင်မောင်ကြီး လိုက်လာ၍–

"ထင်လိုက်သားပဲ မခင်ကျော့ ဒီရောက်နေလိမ့်မယ်လို့"

"ဘာကြောင့် ဒီလို ထင်ရတာလဲ ရှင်"

ပြုံးစိစိ မျက်နှာထားနှင့် မေးလိုက်၏။

"မခင်ကျော့ကို တွေ့ချင်ရင် မိန်းမဝိုင်းမှာ ရှာလို့ မတွေ့ဘူးဆိုတာ ရိပ်မိပေါ့ဗျာ၊ လာဗျာ ဖိုင်နယ် ကစားဖို့ နီးနေပြီ"

မခင်ကျော့လည်း ကိုတင်ကြီး ပခုံးကို ပုတ်၍ နှုတ်ဆက်သွားလေရာ ကိုတင်ကြီးကမူ မော့၍မျှ မကြည့်လိုက်ချေ။

ဘက်တမင်တန် ဖိုင်နယ်ပွဲ ကစားကြသောအခါ မောင်မောင်ကြီးတို့အတွဲက တစ်ဖက်သား အတွဲကို အပြတ်အသတ် နိုင်လိုက်ကြသည်ကား မှန်၏။ သို့ရာတွင် ထိုကဲ့သို့ နိုင်လိုက်ရခြင်းထက် တစ်ယောက်နှင့်တစ်ယောက် အချိတ်အဆက် တည့်ခြင်းအားဖြင့် ပေါ်ထွက်လာသော အရသာများ



www.burmeseclassic.com

www.burmeseclassic.com



ပြော၍ မဆုံးနိုင်အောင် ထူးခြားလှသဖြင့် ကစားသူ နှစ်ယောက်စလုံး၏ စိတ်ထဲတွင် မမေ့နိုင်အောင် စွဲလျက် ကျန်ရစ်လောက်ပါပေသည်။

မောင်မောင်ကြီးက ဆမက်ရှ် ရိုက်ချ၍ တစ်ဖက်မှ ကလောက်လိုက်သဖြင့် ထောင်မိထောင်ရာ ထောက်တက်လာသော ကြက်တောင်ကို မခင်ကျော့က ကြို၍ကြို၍ ရိုက်ချလိုက်ခြင်း၊ တစ်ဖက် အတွဲက ဘက်တမင်တန် ထုံးစံအတိုင်း ခွန်အားနည်းသော မခင်ကျော့ဘက်သို့ ရိုက်ပို့သော ကြက်တောင်ကို တစ်ချက်ပြင် နှစ်ချက် မရောက်စေဘဲ မောင်မောင်ကြီးက ဆီးကြိုကူညီကာဆီးပေးခြင်း၊ မခင်ကျော့ လိုက်နိုင်မည် မထင်သော ကြက်တောင်ကို မောင်မောင်ကြီးက မလွဲတမ်း ကြိုတင်သိမြင်သဖြင့် ကူညီကာကွယ်ပေးခိုက်တွင် အလိုက်သိသော မခင်ကျော့က လစ်လပ်သောနေရာတွင် ပြေး၍ မဟာရအောင် ဆီးကြို စောင့်စေခြင်း စသော ကစားပုံများမှာ အလွန်တရာ အရာရောက်လှသည် ဖြစ်သောကြောင့် တစ်ဖက် အတွဲက သုံးမှတ်သာရ၍ မောင်မောင်ကြီးတို့က ၁၅ မှတ် ရသွားကြလေပြီ။

ယင်းကဲ့သို့ တစ်ယောက်စိတ်ကို တစ်ယောက် မလွဲတမ်း သိနေသည် အလား အမှားအချော် မရှိအောင် ကစားနိုင်သော အတွဲမှာ ပွဲကို အောင်မြင်နိုင်နင်းရခြင်းထက် မိမိ၏ တွဲဖက်ကို အလွန်ကျေနပ်အားရ၍ မမေ့နိုင်လောက်အောင် ဖြစ်ရတတ်လေသည်။

မောင်မောင်ကြီး ဖြစ်စေ၊ မခင်ကျော့ ဖြစ်စေ နှောင်ကာလများတွင် တစ်ယောက်ယောက်နှင့် တွဲ၍ ဘက်တမင်တန် ကစားသဖြင့် ရှုံးရသည် ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ထိုနေ့က တွဲဖက် ကစားရသော မိမိ၏ ပါတနာကို သတိရ၍ ထိုနေ့ကထက် ယုတ်သည် သို့မဟုတ် သာသည် စသည်ဖြင့် စိတ်ထဲ၌ နှိုင်းယှဉ်ချက် ထုတ်မိကြလိမ့်မည်သာ ဖြစ်ပေ၏။

ဤသည်ကား ပါတနာနှင့်တွဲ၍ ကစားရသော စပို့ ကစားပွဲတို့၏ သဘာဝပေတည်း။

ကျားနှင့် မတွဲ၍ ဖိုင်နယ်ပွဲ ပြီးသော်လည်း ယောက်ျားချင်း တွဲ၍ ကစားသောပွဲ မပြီးသေးသည်နှင့် မခင်ကျော့သည် မောင်မောင်ကြီး၏ အနီးတွင် ရွှင်သောမျက်နှာနှင့် ထိုင်လျက် ယောက်ျားပွဲကို ကြည့်နေစဉ် ကိုတင်ကြီးလည်း ပိုကာဝိုင်းမှ ထလာ၍ မခင်ကျော့ အနီးသို့ ရောက်လာလေ၏။





မခင်ကျော့သည် ကိုတင်ကြီးအား ယောကျ်ားကောင်း တစ်ယောက်ဟု ယုံကြည်စွာနှင့် ချစ်ကြ၍ ထိမ်းမြားလက်ထပ်ဖို့ သဘောတူခဲ့ခြင်း ဖြစ်စေကာမူ ထိုခဏ၌ ကိုတင်ကြီး၏ မျက်နှာကို မြင်ရသည့်အတွက် ဝမ်းသာမိသည်ကား အမှန်ဖြစ်တော့၏။ အပြစ်ဆိုလျှင်လည်း ဆိုကြစေတော့ စပို့သဘာဝနှင့် လူ၏သဘာဝကား ဤသို့ပင်တည်း။

"ဘယ့်နှယ့်လဲ ကိုတင်ကြီး ပိုကာဝိုင်း ပြီးသွားပြီလား"

"ကျုပ်တော့ ပြီးပြီ၊ မခင်ကျော့ကော ဘက်တမင်တန် ကြည့်လို့ အားမရသေးဘူးလား"

"အားမရသေးပေါင်"

ဤတွင် မောင်မောင်ကြီးက ဝါသနာအိုးတို့ မည်သည်မှာ မိမိ ကစား၍ ပြီးသော်လည်း သူတစ်ပါး ကစားကြသည်ကို ကြည့်လိုသေးကြောင်း ပြော၍ ကိုတင်ကြီးအား မိမိနှင့်အတူ လင်မနစ် သောက်ရန် ဖိတ်ခေါ်သဖြင့် ကိုတင်ကြီးလည်း ဝင်၍ ထိုင်ရ၏။ တစ်ခဏမျှ ကြာလျှင် မောင်မောင်ကြီးသည် မိမိ၏ နှမ မမကြီးရှိသော နေရာသို့ မခင်ကျော့ကို ခေါ်သွား၍ ကိုတင်ကြီးအား 'နေရစ်ဦးနော်'ဟု ပြောထားခဲ့ပြီး မခင်ကျော့လည်း လိုက်ပါသွားရလေ၏။

လမ်းခရီး၌ မခင်ကျော့သည် ချွေးသုတ်ရန်အတွက် လက်ကိုင်ပဝါ နှစ်ထည် ယူလာခဲ့သည့်အနက် တစ်ထည်မှာ ရွှဲစိုနေပြီ ဖြစ်သဖြင့် နောက်တစ်ထည်ကို ထုတ်၍ ဖြန့်ခါလိုက်သည်တွင် လက်မှ လွတ်ကျသွားလေ၏။

လက်ကိုင်ပဝါသည် မောင်မောင်ကြီး၏ ခြေထောက်ရှေ့သို့ ပြန့်လျက်ကျနေရာတွင် လက်ကိုင်ပဝါ မဟုတ်၊ ခြေအိမ်တစ်ဖက် ဖြစ်နေသည်ကို တွေ့ရလေ၏။ မခင်ကျော့မှာ ဘက်တမင်တန် ကစားသောအခါ၌ ရှက်ဖျင်ဖိနပ်နှင့် ခြေအိတ်ကို အသုံးပြုလေ့ရှိရာ ခြေအိတ်နှစ်စုံ ရှိသည့်အနက် တစ်စုံကို ခြေထောက်၌ ဝတ်ထား၍ ကျန်တစ်စုံမှ တစ်ဖက်ကို လက်ကိုင်ပဝါ အမှတ်နှင့် ကတိုက်ရိုက် ထည့်ယူလာခဲ့မိခြင်း ဖြစ်လေသည်။

မောင်မောင်ကြီးသည် မခင်ကျော့၏ အမှားကို ရိပ်မိသဖြင့် ခြေအိတ်တစ်ဖက်ကို တောင်းယူ၍ မိမိအိတ်ထဲသို့ ထည့်ထားလိုက်ပြီးလျှင် မိမိ၏ လက်ကိုင်ပဝါကို ထုတ်၍ 'ရော့ ဒါနဲ့ သုတ်ပါ'ဟု ဆိုကာ ပေးလိုက်လေ၏။

မမကြီးတို့ လူစုထဲမှ မခင်ကျော့ ထွက်လာ၍ ကိုတင်ကြီးနှင့် ဆုံမိ



www.burmeseclassic.com

www.burmeseclassic.com



ကြသောအခါ ကိုတင်ကြီးသည် လက်ကိုင်ပဝါ အဖြစ်အပျက်ကို မြင်ရသည်နှင့်–

"ခုနက ဘာကျတာလဲ"

"လက်ကိုင်ပဝါ မှတ်လို့ ယူလာခဲ့တာ ခြေအိတ် ဖြစ်နေလို့ပါ"

"နို့ အဲဒီ ခြေအိတ် ဘယ်မှာလဲ"

"သူ့ဆီမှာပေါ့"

"ကျုပ် ပြန်တောင်းပေးရမှာလား"

"မလုပ်ပါနဲ့ ကိုတင်ကြီးရယ်"

ကိုတင်ကြီးလည်း ဒေါပွလာ၏။

"ဒါဖြင့် ဒီလိုပဲ ထားတော့မှာလား"

မခင်ကျော့လည်း အဖြေမပေးဘဲ ဆိတ်ဆိတ်နေ၏။

"မဖြစ်ဘူး ခုချက်ချင်း ပြန်တောင်းချေမယ်"

ကိုတင်ကြီးလည်း ချက်ချင်း သွားမည်ပြုရာ ရှိခိုးဦးတင် တောင်းပန်လိုက်သည်နှင့် လက်လျှော့လိုက်၍–

"ကိုင်း... ဒါဖြင့် ပြန်ကြမယ်၊ ကြာကြာနေရင် လူသတ်မှု ဖြစ်ကုန်လိမ့်မယ်။ မိန်းမမြင်တိုင်း သူ့အစာကြီး မှတ်နေတော့တာပဲ"

ဘက်တမင်တန်ပွဲ မပြီးသော်သော်လည်း မခင်ကျော့မှာ ရန်ဖြစ်ကြမည့်အရေးကို မြင်သည်နှင့် ကိုတင်ကြီးခေါ်သည့်အတိုင်း ထွက်လာခဲ့ကြလေ၏။

နောက်တစ်နေ့တွင် နှစ်ဦးသဘောတူ ဆုံးဖြတ်ချက်အရ မခင်ကျော့သည် မောင်မောင်ကြီး၏ ဖခင် အလုပ်တိုက်သို့ တစ်ခါတည်း မသွားတော့ဘဲ နှုတ်ထွက်စာ တင်လိုက်လေတော့သည်။

မမကြီးထံသို့လည်း မိမိ မကျန်းမာကြောင်း စာတစ်စောင်ရေး၍ စန္ဒရားသင်ပြသော အလုပ်မှ နုတ်ထွက်ခွင့်ပြုပါရန် တောင်းပန်လိုက်လေသည်။

မောင်မောင်ကြီးသည် ရိပ်မိဟန် တူသော်လည်း လူပါး လူနပ် တစ်ယောက်ဖြစ်၍ ဦးခေါင်းဆတ်ကာ လက်လျှော့ဖို့ရာ ဆုံးဖြတ်လိုက်လေသည်။

သီတင်းကျွတ်သည်နှင့် တစ်ပြိုင်နက် ကိုတင်ကြီးနှင့် မခင်ကျော့တို့ လက်ထပ်ကြလေရာ ကိုတင်ကြီးမှာလည်း ဖင်လေဖလန်မင် ကုမ္ပဏီ၌လျှောက်ထားသောအလုပ်ကို ရရှိသဖြင့် ကျေကျေနပ်နပ် ရှိနေကြလေ၏။

မိမိ၏မယားအပေါ်၌ ကောင်းစွာ စိတ်ချယုံကြည်လျက်ရှိသော ကိုတင်ကြီးသည် ခြေအိတ်အကြောင်းကိုပင် မစဉ်းစားတော့ဘဲ မေ့ပျောက်လိုက်၍





မိမိ၏အလုပ်သစ်တွင် စိတ်ဝင်စားစွာနှင့် ကြိုးစားလုပ်ကိုင်လျက် မယားကို ဆင်ပြင်နိုင်အောင် ကြီးပွားရေးကိုသာ စိတ်ကူးလေတော့သည်။

သို့နှင့် နှစ်နှစ်လွန်သောအခါမှ ခြေအိတ်ကိစ္စသည် အသစ်တစ်ဖန် လာ၍ ပေါ်ပေါက်လာပြန်လေတော့သည်။

ထိုနေ့၌–

"ဟိုင်နဲ့ဆီက ပြန်ပို့လိုက်တယ်ဆိုတဲ့ ခြေအိတ်ဟာကော ဘယ်မှာလဲ"

"ဗီရိုထဲမှာ ထည့်ထားတယ်၊ ဘာကြောင့်လဲ"

"မင်းက ဒီဟာကလေးကို မြတ်နိုးပြီး သိမ်းထားနေရသေးသလား၊ မီးရှို့ပစ်လိုက်ပါတော့လား"

"ရှို့နိုင်ပေါင်ရှင်"

"တစ်ဖက်တည်း ဘာလုပ်ရဦးမှာလဲ"

"တစ်ဖက်တည်းမှ မဟုတ်ဘဲ၊ ကျွန်မဆီမှာ တစ်ဖက်နဲ့တစ်စုံ ပြန်ဖြစ်နေမယ့်ဟာပဲ"

ကိုတင်ကြီးလည်း သုန်မှုန်နေပြန်လေရာ မခင်ကျော့သည် အခန်းထဲသို့ ဝင်သွား၍ ခြေအိတ်ကို အစုံလိုက် ဆွပ်ပြီးမှ ထွက်လာခဲ့လေ၏။

"ဟောဒီမှာ အစုံလိုက် တွေ့ပြီလား"

မခင်ကျော့လည်း လုံချည်ကို မ၍ ပြ၏။

"လုံချည်ကြီး တကြွကြွလုပ်မနေစမ်းပါနဲ့ အမြင်ကပ်စရာ"

မခင်ကျော့လည်း လုံချည်ကို ပြန်မချသေးဘဲ ရှေ့နောက်လှည့်ကာ ခြေအိတ်ကို ပြလေ၏။

"တော်ပါတော့ကွ၊ မီးရှို့ပစ်လိုက်ပါ မကြည့်ချင်ပါဘူး"

"ရှို့နိုင်ပေါင်တော် အကောင်းကြီး ရှိသေးတာပဲ။ အပျိုဘဝက ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်ထားတဲ့ ခြေအိတ်ပါ"

ကိုတင်ကြီးလည်း ဒေါသကြီးသောမျက်နှာနှင့် မျက်လုံးပြူး၍ ကြည့်လေ၏။

"ဟော့... ငါပြောနေတယ်၊ မီးရှို့ပစ်လိုက်ကွ ကြားရဲ့လား"

မခင်ကျော့သည် ကိုတင်ကြီး ရှေ့တည့်တည့်သို့ လာရပ်လျက်–

"ကြားတယ် တော်ရေ့ ကြားတယ်၊ ရှို့နိုင်ပေါင် ရှို့နိုင်ပေါင် ရှို့နိုင်ပေါင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ကား ကိုတင်ကြီးမှာ လက်ယားလျက် ရှိလေပြီ။

"သူ့ဆီက ပြန်လာတဲ့ ခြေအိတ်မို့လို့ မင်းက မရှို့ရက်တာလား"

"သူ့ထည့်တည့် ပြောမနေပါနဲ့၊ သူ့ကို ရှင်က ဘာကြောက်စရာရှိလို့ လဲ"

"ကြောက်တာ မဟုတ်ဘူး၊ နင့်အတွက်ကြောင့် ပြောနေရတာ"

မခင်ကျော့လည်း ဒေါသကို ဒေါသချင်း တုံ့ပြန်လျက် ရှိလေပြီ။

"ဒီလောက် ပေါင်းလာလို့မှ လူအကြောင်း မသိရင်"

"မင်းအကြောင်း သိတာ မသိတာ နားမလည်ဘူး။ နောက်တစ်ခါ ဒီအကောင်နဲ့ခေါ်လား၊ ပြောလားလုပ်ရင် ငါ့အကြောင်းကို မင်း သိစေရမယ်"

"အောင်မယ်... ဒီက ရှင့်ကို ကြောက်လိမ့်မှတ်လို့လား"

စိတ်ထဲ၌ကား လန့်လာခဲ့လေသည်။ သို့သော် ဒေါသနှင့် မာနကြောင့် မလျော့တမ်း ပြန်ပြောနေခြင်း ဖြစ်၏။

"အေးလေ၊ နောက်တစ်ခါ တွေ့ကြည့်စမ်းပါ။ ကြောက်လောက်အောင် မလုပ်ပေဘူးလို့"

"တွေ့တော့ကော ရှင်သိမှာတဲ့လား၊ ကျုပ် ဘာလုပ်ခဲ့ပါတယ်လို့ ရှင့်ကို အစီရင်ခံနေရဦးမှာလား"

"အေးလေ တွေ့ကြည့်စမ်းပါလား၊ နင့်လည်ပင်းကို ကိုင်မချိုးဘူး ဆိုတော့ ငါပေပေါ့"

"ဟ ဟ ရယ်လိုက်ချင်လိုက်တာ၊ လည်ပင်းကို ကိုင်ချိုးမလို့တဲ့၊ သူများဘာလုပ်တယ်ဆိုတာ သူမသိဘဲနဲ့"

"ဘာတွေများ လုပ်လို့တုန်း"

"ပုလဲ နားကပ်တစ်ရံ ပို့လိုက်တာ ရှင်သိရဲ့လား"

လင်ကို စိတ်ဆိုးအောင် ပြောပြီးနောက် မခင်ကျော့သည် တကယ် စိတ်ဆိုးလာသော ကိုတင်ကြီးကို မျက်လုံးပြူး မျက်ဆံပြူးနှင့် ငေးကြည့်နေရာ ကိုတင်ကြီးလည်း ရှူးခနဲထလိုက်၍ ထဘီတမမ လုပ်နေသော မခင်ကျော့၏ ပါးစပ်ကို လက်ပြန်ပုတ်လိုက်သဖြင့် ထရံအနီးတွင် ခွေလျက် လဲကျသွားလေ၏။ သို့နှင့်ပင် ဒေါသ မကြေသေးသော ကိုတင်ကြီးသည် နောက်တစ်ချက်ပုတ်ဦး မည်ဟု ရှေ့သို့ တိုးလာသေးရာ မခင်ကျော့လည်း ကြောက်အား လန့်အားနှင့် ကုန်း၍အော်လေတော့၏။





"ပြောစမ်း... ပုလဲနားကပ်က ဘယ်လိုသဘောနဲ့ ပေးတာတဲ့လဲ"

"ဆိုနိုင်ပေါင်"

"ဘယ်တော့ကလဲ"

"ဒီကနေ့"

ကိုတင်ကြီးမှာ မခင်ကျော့ကို သတ်ချင်လောက်အောင် လက်ယားနေခဲ့ လေပြီ။

"နင်နဲ့ သူနဲ့ ဘယ်လိုများ ဖြစ်နေကြလို့လဲ"

"ဘယ်လိုမှ ဖြစ်ပေါင်"

မခင်ကျော့ပြောသော စကားများမှာ ပြောင်တင်းလှသည်နှင့် ကိုတင် ကြီးမှာ မတွေးတတ်အောင် ရှိနေလေရာ မခင်ကျော့သည် မိမိ၏ ပါးစပ်မှ ယိုစီးကျသောသွေးများကို ပဝါဖြူလေးနှင့်သုတ်ရင်း တရှိုက်ရှိုက် ငိုနေလေ၏။ နောက်ဆုံး၌—

"ဘယ်မှာလဲ ပုလဲနားကပ်"

"ဗီရို အံဆွဲထဲမှာ"

ကိုတင်ကြီးသည် ဗီရိုသို့သွား၍ စက္ကူသေတ္တာကလေးနှင့် ထည့်ထား သော ပုလဲနားကပ်ကို ယူလာခဲ့ပြီးလျှင် လက်ဖဝါးပေါ်၌ တင်ကြည့်နေလေရာ မခင်ကျော့မူကား နားကပ်အပေါ်၌ အာရုံဖြတ်လိုက်ပြီဖြစ်သဖြင့် မော့၍မျှ မကြည့်ဘဲ ငိုမြဲတိုင်း ငိုနေလေ၏။

နောက်ဆုံး၌ ကိုတင်ကြီးသည် နားကပ်ကို စက္ကူသေတ္တာကလေးထဲသို့ ထည့်၍ စက္ကူဖြင့် ရစ်ပတ်ပြီးလျှင် လိပ်တတ်လေ၏။ ထိုနောက် စာတိုက်သို့ သွားကာ ပါဆယ်လုပ်၍ တင်ပို့လိုက်၏။

အိမ်သို့ ပြန်ရောက်လာသောအခါ မခင်ကျော့မှာ ယခင်ကအတိုင်း ကြမ်းပေါ်၌ထိုင်ကာ ထိုင်ကာ ငိုယိုလျက်ပင် ရှိသေး၏။

"သွား အိပ်ချေတော့"

"အိပ်ချင်ပေါင် ကျုပ်ဟာကျုပ် ဒီမှာအိပ်မှာပေါ့"

ကိုတင်ကြီးသည် လက်ပိုက်ကာ ဆေးတံဖွာရင်း မခင်ကျော့ကို ငုံ့ကြည့်နေလေရာ မခင်ကျော့လည်း မျက်ရည်ရွှဲရွှဲ နှုတ်ခမ်းကွဲကွဲ သွေးရဲရဲ ရှိနေသော မျက်နှာကလေးဖြင့် မော့ကြည့်လိုက်သည်တွင် ကိုတင်ကြီး၏ နလုံးကို ဝေ့သွားသည်နှင့် တဖြည်းဖြည်းငုံ့၍ ယုယကြင်နာစွာ ပွေ့ယူချီမ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ မခင်ကျော့သည် ကိုတင်ကြီး၏ပခုံးတွင် ဦးခေါင်းမှီကာ ရှိုက်ကြီးတငင်နှင့်–

"ကျော့ ကျော့ ကျော့ကတော့ ဘယ်တော့မှ..."

"သိပါတယ် အသက်ရယ်၊ သိပါတယ် အသည်းရယ်"

❑



## သံပရာတစ်ခြမ်း

ဝက်လက်ဘူတာနှင့် ပေါက်ကံဘူတာတို့မှာ စစ်ကိုင်း၊ မြစ်ကြီးနားမီးရထားလမ်းတွင် ခရီးအဝေးကွာဆုံးသော ဘူတာနှစ်ခုဖြစ်လေရကား မီးရထားသည် ရန်ကုန်–မန္တလေး စာပို့ရထားကြီးခန့်မျှ လျင်မြန်လှစွာသော အဟုန်ဖြင့် ခုတ်နှင်လျက်ရှိနေ၏။ ၎င်းမီးရထားတွင် တစ်တွဲတည်းသော ဒုတိယတန်းတွဲ၌ အသက် ၂၅ နှစ်ခန့်ရှိ မိန်းမတစ်ယောက်သည် ပေါက်ကံဘူတာမှ မီးရထားထွက်လာကတည်းက မီးရထားလက်ဝဲဘက်၌ မျက်စိတစ်ဆုံးပေါက်ရောက်လျက်ရှိသော ထန်းတောကြီးကို ငေးမျှော်ရင်း သက်ပြင်းချကာ လိုက်ပါလျက်ရှိသည်။

လွန်ခဲ့သော ခြောက်လခန့်အခါက မသန်းမြင့်သည် ရန်ကုန်သို့အသွားမီးရထားပေါ်မှ ၎င်းထန်းတောကြီးကို မျှော်ကြည့်မိစဉ်က ငါသည် ဤထန်းတောကြီးကို နောက်တစ်ကြိမ် မြင်ရအောင် ရန်ကုန်မြို့မှ ပြန်လာရချေဦးတော့မည်ဟု တွေးတောမိခဲ့ဖူးသည်ဖြစ်ရာ ထိုကဲ့သို့ တွေးတောမိခြင်းကို သတိရသည့်အတွက် သက်ပြင်းချမိခြင်း ဖြစ်ပေ၏။ ထိုအခါကမူ မသန်းမြင့်သည် နေအိမ်မှထွက်လာရခြင်းကို ဝမ်းနည်းမိပေ၏။ အကြောင်းမူကား မိမိအား အစစအရာရာ၌ ကြင်နာပိုက်ထွေးကလေးသဖွယ် ပြုစုစောင့်ရှောက်လျက်ရှိသော လင်ဖြစ်သူ မောင်ထွန်းဦးနှင့် ခွဲခွာကွေကွင်းရသောကြောင့်ပေတည်း။

ယခုမှာမူ ရန်ကုန်မြို့၌ မိတ်ဆွေသစ်များနှင့် ပျော်ရွှင်စွာနေထိုင်ခဲ့ရခြင်းကို လွမ်းဆွတ်တမ်းတခြင်းဖြစ်လျက် တောရွာကလေးသို့ပြန်၍ ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ် နေထိုင်ရဦးမည့်အရေးကို မျှော်တွေး ပျင်းရိမိခြင်းကြောင့် နေရပ်သို့ ပြန်လာရခြင်းအတွက် ကြည်ရွှင် ဝမ်းမြောက်ခြင်းမရှိသည့်ပြင် သက်ပြင်းချမိအောင်ပင် စိတ်၏ လေးလံထိုင်းမှိုင်းခြင်း ဖြစ်ခဲ့မိလေသည်။

မသန်းမြင့်မှာ မြို့အုပ်ဦးသောင်းတင်၏ သမီးဖြစ်၍ အင်္ဂလိပ်ကျောင်းသူတစ်ယောက်ဖြစ်ရာ ဝက်လက်မြို့၌ ဦးသောင်းတင် မြို့အုပ်ဖြစ်စဉ်က ကျောင်းပိတ်ရက်အတွင်း မန္တလေးမြို့ နေရှင်နယ် မိန်းကလေးကျောင်းမှ ဖခင်ထံ ပြန်လာပြီးလျှင် ဖခင်နှင့်အတူ နယ်လှည့်ရာသို့ လိုက်ပါခဲ့ဖူး၏။ မန်ကျည်းတုံရွာသို့ ဆိုက်ရောက်သောအခါ မြေပိုင်ရှင်တစ်ဦး၏သား မောင်ထွန်းဦးနှင့် မြင်လျှင်မြင်ချင်း ချစ်ကြိုက်စုံမက်မိခဲ့ကြ၏။

မောင်ထွန်းဦးနှင့် မသန်းမြင့်တို့ ချစ်ကြိုက်ကြခြင်းမှာ နဖူးစာမှတစ်ပါး အခြားသောအကြောင်းရှိဟန် လက္ခဏာမရှိချေ။ အကြောင်းသော်ကား မသန်းမြင့်မှာ မြို့ကြီးသူဇာတိလည်း ဖြစ်၏။ အင်္ဂလိပ်ကျောင်းသူလည်း ဖြစ်၏။ ရုပ်ရည်မှာလည်း လူချီးမွမ်းလောက်အောင် လှပပြေပြစ်ခြင်းနှင့် ပြည့်စုံ၏။ မောင်ထွန်းဦးမှာကား တောသားလည်း ဖြစ်၏။ ရုပ်ရည်မှာလည်း ပြောပလောက်အောင် ချောမောလှပခြင်း မရှိချေ။ ထွားထွားကြိုင်းကြိုင်း ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသော ကိုယ်ဟန်အမူအရာမှ တစ်ပါး အခြားသော ချီးမွမ်းဖွယ်ရာ ရုပ်လက္ခဏာဟူ၍ တစ်စုံတစ်ရာမျှ မရှိချေ။

ပစ္စည်းအင်အားမှာမူ မြေပိုင်ရှင်တစ်ယောက်၏ သားဖြစ်သဖြင့် ဒေသအလျောက် အသင့်အတင့် နိုင်လုံသည်မှန်၏။ သို့ရာတွင် မသန်းမြင့်သည် ဤမျှလောက် အခြေအနေကို မက်မောလောက်သည် မမှတ်တန်ပေရာ။ ၎င်းတို့နှစ်ဦး ဆုံစည်းကြခြင်းမှာ ဘဝရေစက် သက်သက်မျှသာ ဖြစ်ဟန်တူ၏။

မြို့အုပ် ဦးသောင်းတင်မှာ ငယ်မယားဖြစ်သော မသန်းမြင့်၏ မိခင်သေဆုံးပြီး နောက်အိမ်ထောင်နှင့် နေထိုင်ရသူဖြစ်သောကြောင့် သမီး၏ လင်သားရွေးချယ်ပုံကို စိတ်တွင်း၌ မကျေနပ်စေကာမူ အတိုက်အခံ ကန့်ကွက်ခြင်းမပြုဘဲ မိထွေးနှင့် လင်ပါသမီးတို့ တကျက်ကျက်ရှိနေတတ်သော အခြင်းအရာကို မျှော်တွေးမိသဖြင့် မိမိ၏ လက်ဝယ်မှ လွတ်လျှင် ပြီးစေတော့ဟူသော သဘောမျိုးနှင့် ရှောရှောရှူရှူပင် သဘောတူညီလိုက်လေ၏။

တောသား မောင်ထွန်းဦးမှာ မြို့အုပ်၏သမီး မြို့ကြီးသူမိန်းမလှတစ်ယောက်ကို ရခဲ့လေရကား၊ အစစအရာရာ၌ အလွန်တရာ အလိုလိုက်၍





'ဖူးဖူးမှုတ်'မတတ် ယုယပိုက်ထွေး အရေးပေးခဲ့လေ၏။ မောင်ထွန်းဦးမှာ ဖခင်ကြီး သေဆုံးပြီးနောက် မိခင်မုဆိုးမကြီးနှင့် နေထိုင်ရသူဖြစ်လေရာ ၎င်းတို့၏နေအိမ်သို့ မသန်းမြင့်ရောက်သွားပြီးနောက် သားအမိနှစ်ယောက်စလုံးတို့သည် မသန်းမြင့်အား မိမိတို့နှင့် အဖက်မတန် မအပ်စပ်သည့် နတ်သမီးကလေးသဖွယ် 'ခြေမကိုင်မိ လက်မကိုင်မိ' ပြုစုစောင့်ရှောက်လျက် အလွန်တရာ သဒ္ဓါကြည်ဖြူ ရှိကြ၏။ ဒေါ်သန်းမြင့် ခေါင်းကိုက်ခဲ့သော် သားအမိနှစ်ယောက်စလုံး မအိပ်နိုင် မစားနိုင် ပျာပျာသလဲ ဖြစ်နေကြ၏။

မသန်းမြင့်အတွက် ချီးမွမ်းရန်တစ်ချက်မှာ မိမိအား သားအမိနှစ်ယောက်လုံးက ဤမျှလောက် အမြတ်တနိုး ရိုကျိုးကြင်နာခြင်းရှိသည့်အတွက် 'ကန်းတတ်ခြင်း'မရှိဘဲ လင်သားအား လည်းကောင်း၊ ယောက္ခမကြီးအားလည်းကောင်း မိမိနှင့် အဖက်မတန်ဟူသော အမူအရာမျိုးကို ဘယ်သောအခါမှ ပြသခြင်း မရှိချေ။ မောင်ထွန်းဦးသည် မြို့အုပ်တစ်ယောက် ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မသန်းမြင့်သည် သာမညတောသူတစ်ယောက် ဖြစ်ခဲ့လျှင်သော်လည်းကောင်း မယားဖြစ်သူသည် လင်ယောကျ်ားအပေါ်၌ ပိုမို၍ ကျိုးနွံရိုသေခြင်း ရှိနိုင်ဖွယ်ရာ မရှိတော့ချေ။

မသန်းမြင့်နှင့် မောင်ထွန်းဦး သားအမိတို့ ယင်းကဲ့သို့ သင့်မြတ်ညီညွတ်စွာ အတူတကွ နေထိုင်ကြပြီးနောက် သုံးနှစ်လောက်ကြာရှိသောအခါ တစ်နေ့၌ မသန်းမြင့်သည် ဘူးသီးငါးပေါင်းကြော် စားမိပြီးနောက် ချောင်းတဟွတ်ဟွတ် ဆိုးလျက်ရှိ၏။ ပထမနေ့၌ သားအမိနှစ်ယောက်တို့မှာ မထောင်းတာလှသေးသော်လည်း ဒုတိယနေ့၌ မသန်းမြင့်၏ ချောင်းဆိုးရောဂါ မသက်သာဘဲရှိနေရာတွင် သားအမိနှစ်ယောက်တို့မှာ 'ယောက်ယက်ခတ်' ဖြစ်နေကြလေ၏။ တတိယနေ့၌ကား နှစ်ယောက်စလုံး မျက်လုံးဝိုင်းလျက်ရှိရာ မန်ကျည်းတုံရွာမှ သမားဟူရားများသာမက ရွာနီးချုပ်စပ်ရှိ ဆေးဆရာဟူသမျှတို့ထံ လှည်းနှင့်တစ်တန် မြင်းနှင့်တစ်ခေါက် တခေါက်ခေါက် ပြေးလွှားလျက်ရှိကြ၏။ သို့ရာတွင် မသန်းမြင့်ကမူ အင်္ဂလိပ်ကျောင်းထွက်ဖြစ်သည့်အလျောက် မြန်မာဆေးဆရာများကို အယုံအကြည် မရှိကြောင်းနှင့် ငြင်းဆန်လျက်ရှိရာ ပဉ္စမနေ့၌ ချောင်းဆိုးရောဂါ မသက်သာဘဲရှိရာတွင် မောင်ထွန်းဦးသည် ရွှေဘိုမြို့ရှိ ဆရာဝန်ကြီးထံ မီးရထားနှင့် လိုက်ပါသွားလေ၏။

နောက်တစ်နေ့၌ ရွှေဘိုမှ ဆရာဝန်ကြီးသည် မော်တော်ကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာ၍ မသန်းမြင့်၏ရောဂါကို စစ်ဆေးကြည့်ရှုလေ၏။ ဆရာဝန်ကြီးသည် နားကြပ်ကိရိယာများနှင့် သေချာစွာ စစ်ဆေးကြည့်ရှုပြီးနောက် မသန်းမြင့်၏ ရောဂါမှာ သာမညချောင်းဆိုးရောဂါမဟုတ်၊ အဆုတ်နာရောဂါဖြစ်ကြောင်းနှင့် သားအမိနှစ်ယောက်အား တီးတိုးပြောရာတွင် ဒေါ်သိန်းခင်၏ဦးခေါင်းသည် တင်းတောင်းလောက် ကြီးသွားသည်ဟု မှတ်ထင်လိုက်မိ၏။ မောင်ထွန်းဦးမှာမူ အိမ်မြှောင်အမြီးပြတ်သကဲ့သို့ ဆတ်ဆတ်တုန် ဖြစ်သွားပြီးလျှင် မည်မျှပင် ကုန်ကျရသည်ဖြစ်စေ ဤရောဂါကို ကုသပေးပါရန်အကြောင်းနှင့် ဆရာဝန်ကြီးအား ရှိခိုးမတတ် တောင်းပန်လေ၏။

နောက်ဆုံးတွင် ဆရာဝန်ကြီးက မိမိမှာ မြို့သိမ် မြို့ငယ်မှ ဆရာဝန် တစ်ယောက်မျှသာ ဖြစ်သောကြောင့် ပညာလည်းမစုံ လက်နက်ကိရိယာလည်း စုံလင်စွာမရှိကြောင်း၊ အကောင်းဆုံးသော နည်းလမ်းမှာ မသန်းမြင့်အား ရန်ကုန်ဆေးရုံကြီးတွင် ပထမတန်းအခန်းသို့ ပို့ထားရန်ဖြစ်ကြောင်း၊ ပထမ တန်းအခန်းမှာ တစ်နေ့လျှင် ၁၆ ကျပ်ပေးရ၍ အကုန်များသည်ဟု ထင်ဖွယ်ရာ ရှိသော်လည်း မိမိအား အခေါက်ခေါက် အခါခါ ပင့်ခေါ်ရခြင်းသည်လည်း နောက်ဆုံး၌ အကုန်သက်သာမည် မဟုတ်လှကြောင်း၊ မသန်းမြင့် သွားလိုလျှင် မိမိကပင် ရန်ကုန်ဆရာဝန်ကြီးထံ ထောက်ခံစာ ရေးသားပေးအပ်မည်ဖြစ် ကြောင်းနှင့် ပြောပြလေ၏။ မောင်ထွန်းဦးက မည်မျှလောက်ကြာအောင် ဆေးရုံတက်ဖို့လိုကြောင်း မေးမြန်းရာ ဆရာဝန်ကြီးက တစ်လခန့်ဆိုလျှင် လုံလောက်မည်ဖြစ်ကြောင်း၊ တစ်လအတွက် ၄၈၀ိ ထားဘိဦး စုစုပေါင်း ၆၀၀ိ ခန့်ကို ကုန်ကျဖွယ်ရာရှိကြောင်းနှင့် တွက်ချက်ပြောပြ တိုက်တွန်းလေ၏။

နောက်ဆုံး၌ မောင်ထွန်းဦးသည် မသန်းမြင့်အား ရန်ကုန်ဆေးရုံကြီးသို့ ပို့ပေးရန် ဆုံးဖြတ်လေရာ ဒေါ်သိန်းခင်ကလည်း ငွေ ၆၀၀ိ လောက်မျှကို နှမြောဖွယ်မရှိဟု ဆုံးဖြတ်တိုက်တွန်း၏။ သို့ဖြစ်၍ ဆရာဝန်ကြီး၏ အကြံပေး ချက်အတိုင်း မသန်းမြင့်အား ဆရာမတစ်ယောက်နှင့်အတူ ရန်ကုန်ဆေးရုံကြီး သို့ပို့ခဲ့ခြင်း ဖြစ်လေသည်။

မသန်းမြင့်၏ရောဂါမှာ တစ်လကျော်သော်လည်း မပျောက်သေးချေ။ မောင်ထွန်းဦး သားအမိကမူ မပျောက်မချင်း မဆင်းခဲ့ရန် စာအတန်တန်ရေး၍ မိမိတို့ပိုင်မြေများအနက် အချို့ကိုပေါင်နှံ၊ အချို့ကို ရောင်းချပြီးလျှင် စရိတ်





ငွေကို မှန်မှန်ကြီး တင်ပို့ခဲ့ကြ၏။ ဤနည်းအားဖြင့် မသန်းမြင့်မှာ ရန်ကုန်မြို့၌ ခြောက်လခန့် နေထိုင်ခဲ့ရလေ၏။

မသန်းမြင့်သည် ရန်ကုန်ဆေးရုံကြီး၌ နေရစဉ် မင်းကတော်များ၊ အင်္ဂလိပ်ကပြားမများ၊ အရာရှိကြီးများ၏ သမီးများနှင့် အပေါင်းအသင်း ပြုလုပ်ကာ နေထိုင်ရ၏။ ၎င်းရောဂါမှာ အသည်းအသန် ရောဂါမျိုးမဟုတ်ဘဲ တရှောင်ရှောင် ရောဂါမျိုးမျှသာ ဖြစ်လေရကား၊ မြို့တွင်းသို့ လည်ပတ်ခြင်း၊ ဘိုင်စကုတ်ကြည့်ခြင်း၊ မော်တော်ကားဖြင့် လေညင်းခံထွက်ခြင်း စသည်တို့ကို ဆရာဝန်၏အမိန့်နှင့် ပြုခွင့်ရ၏။

မသန်းမြင့်မှာ လူမမာပင်ဖြစ်သော်လည်း အထက်တန်းစား မင်းကတော် ကြီး၊ ကပြားမများနှင့် ပေါင်းသင်းဆက်ဆံလျက် ပျော်ရွှင်စွာ နေထိုင်ရသော ကြောင့် တစ်သက်လုံး ဆေးရုံမှ မဆင်းဘဲနေလျှင်ပင် နေနိုင်ဖွယ်ရှိ၏။ မသန်းမြင့်၏ လှုရည်သန့်သော ရုပ်လက္ခဏာ၊ ရွှင်ပျသော အမူအရာနှင့် လက်ဖွာဖွာသုံးတတ်သော အလေ့အကျင့်များသည် အထက်တန်းစား လူမမာ များအနက်တွင် မိတ်ဆွေပေါများစေဖို့ ဖြစ်နေ၏။ ကပြားမများနှင့် ဘိုမများ သည် မသန်းမြင့်အား ချစ်ခင်တတ်ကြ၏။ သို့ဖြစ်၍ မသန်းမှာ ဆေးရုံစရိတ် အပြင် တစ်လလျှင် ငွေ ၂၀၀မျှ ကုန်ကျခဲ့သေး၏။ ရိုးဖြောင့်ဖူးသော မသန်း မြင့်သည် ပရိယာယ်အမျိုးမျိုးနှင့် ငွေမှာတတ်လာခဲ့၏။ မှာတိုင်းလည်း မောင်ထွန်းဦးက ငြင်းသည်မရှိ ပို့လိုက်သည်သာလျှင် ဖြစ်ချေ၏။

ဤနည်းအားဖြင့် ခြောက်လခန့်မျှ နေထိုင်ခဲ့ပြီးနောက် မသန်းမြင့်သည် နောက်ထပ် ဆက်လက်နေထိုင်ခြင်းမှာ အကြောင်းယုတ္တိ မရှိတော့သဖြင့် ဆေးရုံမှဆင်း၍ လင်ယောက်ျားရှိရာ ဝက်လက်ဘူတာရုံသို့ ပြန်လာခဲ့ခြင်း ဖြစ်လေသည်။ ဆေးရုံအတွင်း၌ အစားမှန် အအိပ်မှန် နေထိုင်ခဲ့ရခြင်းအားဖြင့် နဖတ်ကြည်လင်စွာရှိသော အရေအသားသည် မသန်းမြင့်၏ နဂိုချောလှပြီး ဖြစ်သော ရုပ်အဆင်းကို တိုးတက်တင့်တယ်ခြင်း ရှိစေသည့်ပြင် ရန်ကုန်သူ စတိုင် 'ဂိုက်ကျ'အောင် ဝင်ဆင်ထားသော အဝတ်အစားများသည်လည်း အဆိုပါ ရုပ်လက္ခဏာကို တိုးမြှင့် ပင့်မြှောက်ခြင်း ပြုပြန်လေရကား ဒုတိယ တန်းတွဲရှိ အခြားခရီးသည်များက မသန်းမြင့်အား မြို့အုပ်ကတော် လေလော၊ ဝန်ထောက်ကတော်လေလောဟု တွေးတော ငေးမောကာ အကဲခတ်လျက် ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဝက်လက်ဘူတာသို့ မီးရထားဆိုက်ရောက်လာရာတွင် သက္ကလပ်အင်္ကျီ ခပ်နွမ်းနွမ်း၊ ပဝါဆေးဆိုးဖြင့် မသပ်မရပ် ရစ်ပေါင်းထား၍ လုံချည်တစ်ပတ်ရစ်၊ ဆေးမတိုက်သောဖိနပ် စသည်တို့ဖြင့် နွားမောင်းသော တုတ်တိုကို ကိုင်ကာ ပြေးလာပြီးလျှင် 'မယ်မြင့်-မယ်မြင့်'နှင့် တမြင့်တည်း မြင့်နေသော မောင်ထွန်းဦးကို မြင်ကြရသောအခါတွင် ခရီးသည်များသည် တစ်ယောက်၏မျက်နှာကို တစ်ယောက် လှမ်း၍ ကြည့်မိကြ၏။

ထိုအခြင်းအရာကို မသန်းမြင့် တွေ့မြင်ရသောအခါ မျက်နှာ၌ ရှိန်းခနဲ ဖြစ်သွားပြီးလျှင် ယောကျ်ားအတွက် ပထမအကြိမ် ရှုံရှက်သော စိတ်သဘော ဖြစ်ပေါ်လာခဲ့မိ၏။

မောင်ထွန်းဦးသည် တန်ဆာခ်လာသော ပစ္စည်းများကို ဂတ်ဗိုလ်ထံမှ ရွေးချယ်ယူငင်လျက်ရှိစဉ် မသန်းမြင့်သည် ဘူတာရုံအပြင်ဘက်သို့ ထွက်နှင့်၍ နွားဝါ စာဥကွက် တစ်ရှဉ်း တပ်ဆင်ထားသော လှည်းယာဉ်ကလေးအနီးမှ စောင့်ဆိုင်းနေလေ၏။ အကြောင်းကား ၎င်းနွားတစ်ရှဉ်းနှင့် လှည်းယာဉ်ကလေးမှာ မောင်ထွန်းဦးနှင့် မိမိတို့ လက်ထပ်စဉ်က အမိုးငွေ ၅၀ဝိ နှင့် ဝယ်ယူထားခဲ့သော ပစ္စည်းဖြစ်ကြောင်း သိရှိသောကြောင့်ပေတည်း။

မသန်းမြင့် စောင့်နေပြီးနောက် တစ်မိနစ်ခန့် ကြာသောအခါတွင် လူတစ်ယောက်က မောင်းနှင်သွားသည်ကို မသန်းမြင့် တွေ့မြင်လိုက်ရာတွင် များစွာ အံ့သြမိ၏။ ၎င်းနောက် မောင်ထွန်းဦးသည် ပစ္စည်းများနှင့် ထွက်လာ၍ နွားအိုနှစ်ကောင် တပ်ဆင်ထားသော လှည်းကြီးပေါ်သို့ တက်ရောက်ရန် ခေါ်လေ၏။ မသန်းမြင့်မှာ အံ့သြစွာနှင့် လှည်းစုတ်ကြီးပေါ်သို့ တက်ရသော်လည်း မည်သို့မျှ မပြောသေးချေ။

မောင်ထွန်းဦးမှာ ချစ်လှစွာသော ဇနီးနှင့် ခြောက်လတိုင် ခွဲနေရပြီးနောက် ပြန်လည်တွေ့ဆုံရခြင်း ဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ရှိထိုက်သည် မှန်သော်လည်း အူလျားဖားလျား အမူအရာမျိုးမရှိဘဲ နှုတ်ခပ်ဆိတ်ဆိတ် ဖြစ်နေရာ မသန်းမြင့်နှင့် တစ်ယောက်တစ်ပြန် အကဲခတ်လျက် ရှိကြ၏။ လမ်းခရီး၌-

"ကျွန်မတို့ နွားတစ်ရှဉ်း ဘယ်ရောက်လို့ ဒီနွားအိုကြီးတွေ တပ်လာသလဲ ကိုထွန်းဦး"

"မယ်မြင့် မရှိတာနဲ့ နွားချော၊ နွာ ကောင်း စီးတဲ့လှည်း မရှိတော့လို့ ရောင်းပစ်လိုက်တယ်"





"ရှင်တို့က ကျွန်မကို ပြန်စိတ် မရှိဘူးလို့များ တွက်ထားကြလို့လား"

"မတော်တာ မယ်မြင့်ရယ်၊ ဒီလို ဟုတ်ပါ့ရိုးလား။ ငွေတစ်ဆိတ် ကျပ်လို့ပေါ့"

"ငွေကျပ်ရင် လက်ထပ်တုန်းက ကျွန်မအဖေ လက်ဖွဲ့လိုက်တဲ့ လယ်တစ်တော ရှိပါကောလား၊ ပေါင်သုံးပါတော့လား"

မောင်ထွန်းဦးသည် ညှိုးငယ်သောမျက်နှာနှင့် မည်သို့မျှ မပြောဘဲ နေခဲ့ရာ မသန်းမြင့်လည်း လှည်းစုတ်ကြီး စီးရသည့်အတွက်ကြောင့် ဒေါခပ်ပွပွ လုပ်၍ လိုက်ပါလာလေ၏။

အတန်ငယ် ခရီးရောက်သော် မောင်ထွန်းဦးက စတင်၍ ရန်ကုန်တွင် နေထိုင်ရပုံများကို မေးမြန်းသဖြင့် မသန်းမြင့်က ပြောပြလေရာ မသန်းမြင့်သည် ပြောရင်း ပြောရင်းနှင့် စိတ်အားထက်သန်ခြင်း ဖြစ်လာခဲ့ပြီးလျှင် ရန်ကုန်၌ နေထိုင်ရခြင်းကို ပျော်ရွှင်ဘိသကဲ့သို့လည်းကောင်း၊ အပေါင်းအဖော် မင်းကတော်များနှင့် ခွဲခွာခဲ့ရခြင်းကို လွမ်းဆွတ်တမ်းတဘိသကဲ့သို့လည်းကောင်း အားရပါးရ ပြန်ပြောင်း ပြောပြလေ၏။ ထိုအခါ ရှိသမျှ လယ်ယာချောင်းမြေများ ကုန်စေကာမူ လူမာချာလျှင် ပြီးစေတော့ဟူသော သဘောထားမျိုးဖြင့် ငွေမှာတိုင်း တင်ပို့ခဲ့သော မောင်ထွန်းဦးမှာ မိမိမယားသည် လူသူပါးရှားလျက် အလွန်တစ်ရာချောင်ကျသော တောရွာကလေးသို့ ပြန်ရောက် နေထိုင်ရမည်ကိုပင် ပျင်းရိခြောက်သွေ့လှသော အခြင်းအရာတစ်ခု ဟူ၍ မှတ်ယူနေခဲ့လေပြီတကား ဟု စဉ်းစားမိတိုင်း စိတ်တွင် ထိုင်းမှိုင်းလေလံခြင်း ဖြစ်မိလေ၏။

မန်ကျည်းတုံရွာ နေအိမ်သို့ ဆိုက်ရောက်ကြသောအခါ ဒေါ်သိန်းခင်က တောရွာနေအိမ်တို့၏ ထုံးစံမဟုတ်ဘဲလျက် မသန်းမြင့်၏သဘောအရ တပ်ဆင်ထားသော အခန်းဆီးများကို အသစ်လဲလှယ် ထားနှင့်ခြင်းဖြင့်လည်းကောင်း၊ ဝင်းခြံအတွင်း အထူးရှင်းလင်းအောင် ပြင်ဆင်ထားခြင်းအားဖြင့်လည်းကောင်း၊ မသန်းမြင့် ကြိုက်တတ်သော ဟင်းလျာမျိုးကို အထူးတလည် ကောင်းမွန်အောင် ကြိုးစားချက်ပြုတ်ထားခြင်းဖြင့်လည်းကောင်း အစစအရာရာ အထူးတလည် စီမံထားခြင်းများကို မသန်းမြင့် တွေ့မြင်ရ၏။ သို့သော်လည်း ရန်ကုန်ဆေးရုံကြီး အတွင်း၌ ဥရောပတိုက်သားများ၏ အနေအထိုင်မျိုးဖြင့် နေထိုင်လာခဲ့ရသော မသန်းမြင့်မှာ ကျေနပ်အားရခြင်းမရှိနိုင်အောင် ဖြစ်ပြီးလျှင် မိမိအဖို့ ပြင်ဆင်ထားခြင်းများ အတွက် ကျေးဇူးတင်စကား ပြောကြားရန်မျှပင် သတိမရခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြင်းအရာကို သားအမိနှစ်ယောက် တွေ့မြင်ကြရသောအခါ တစ်ယောက်၏မျက်နှာကိုတစ်ယောက် လှမ်းကြည့်ရုံမှ တစ်ပါး မည်သို့မျှ ဖွင့်ဟပြောဆိုကြခြင်း မပြုကြချေ။

မောင်ထွန်းဦး၏ နေအိမ်၌ သူရင်းငှား အစေခံများ ရှေးကကဲ့သို့ မများပြားသည့်အတွက် တိုလီမိုလီ ဗာဟီရ ကိစ္စများကို မောင်ထွန်းဦးကိုယ်တိုင်ဖြစ်စေ၊ မိခင်ကြီး ဒေါ်သိန်းခင်ကဖြစ်စေ ဆောင်ရွက်လုပ်ကိုင်နေရခြင်းများကို မသန်းမြင့် တွေ့မြင်သောအခါ အဘယ့်ကြောင့် အစေခံနှင့် သူရင်းငှားများကို ဖြုတ်ပစ်နှင့်ကြလေသနည်းဟု မေးမြန်း၏။ မောင်ထွန်းဦးက စရိတ်အကုန်အကျနည်းပါးအောင် စီမံရခြင်း ဖြစ်ကြောင်းနှင့် ပြန်ပြောရာတွင် မသန်းမြင့်က ဤမျှလောက် ချွေတာဖို့ မလိုကြောင်း၊ အရေးအကြောင်းရှိခဲ့လျှင် မိမိအဖေ လက်ဖွဲ့သော လယ်တစ်တောကို ပေါင်နှံရောင်းချ သုံးစွဲနိုင်ကြောင်းဖြင့် ပြော၏။ သို့ပါသော်လည်း မောင်ထွန်းဦးက–

"ကိစ္စမရှိပါဘူး မယ်မြင့်ရယ်၊ အလိုက်အထိုက် ဒီလိုပဲ ကြည့်နေသွားကြတာပေါ့။ မယ်မြင့်သာ ငြိမ်ငြိမ်နေပါ၊ ကျုပ်တို့ သားအမိတော့ နဂိုကတည်းက တောသားပီပီမို့ ဒီလောက် အလုပ်တော့ အရေးမကြီးပါဘူး"

ဟု ပြန်ပြော၏။

ရွာသူရွာသားတို့ မည်သည်မှာ အိမ်နီးပါးချင်းတို့အပြုအမူ အနေအထိုင်စသည်တို့ကို မြို့သူ မြို့သားများထက် ပိုမိုဂရုစိုက်လေ့ ရှိ၏။ ရွာသို့ရောက်လာစ အခါကမူ မသန်းမြင့်ကို ရွာသူ ရွာသားများက မသန်းမြင့်သည် မြို့အုပ်၏ သမီးဖြစ်သော်လည်း စိတ်ကြီး မဝင်ရှာဘူးဟု သဘောရ၍ လိုက်လိုက်လှဲလှဲ ရှောရှောရှူရှူ အမူအရာမျိုးဖြင့် အရောတဝင် ခေါ်ငင်ပေါင်းသင်းခဲ့ကြလေရာ ရန်ကုန်မှ ပြန်ရောက်လာအခါ၌မူ ရွာသူ ရွာသားများက ခပ်စိမ်းစိမ်းရှိနေကြသည်ဟု မသန်းမြင့် ထင်မိ၏။ ဟုတ်လည်း ဟုတ်တန်ရာ၏။ အကြောင်းကား ရွာသူ ရွာသားများသည် မသန်းမြင့်၏ စိတ်နေ စိတ်ထား ပြောင်းလဲလာခြင်းကို တွေ့မြင်ရသဖြင့် အရောမဝင်ဝံ့အောင် ရွံ့တွန့်တွန့် ရှိနေကြသောပေတည်း။ သို့ပါသော်လည်း မသန်းမြင့်သည် မိမိ၏အပြစ်ကို မမြင်မသိသေးဘဲ အမှုမဲ့ အမှတ်မဲ့သာလျှင် နေထိုင်ခဲ့မိလေ၏။

စိတ်သဘောထား ကောင်းမွန်ဖြူစင်လှသော ဒေါ်သိန်းခင် သားအမိနှစ်ယောက်တို့မှာမူ မသန်းမြင့်၏အပြစ်ကို ဘယ်အခါမျှရှုရန် ဝါသနာမရှိသည့်





အလျောက် 'မင်းစိုးရာဇာတစ်ယောက်၏ သမီးအရင်းအချာ ဖြစ်ပါလျက် ရွာသိမ် ရွာငယ်တစ်ခု၌ မိမိတို့နှင့်အတူ နေထိုင်ရခြင်းမှာ ငြီးငွေ့ဖွယ်ရာ ကောင်းရှာပေလိမ့်မည်၊ မသန်းမြင့်မို့ ဤမျှလောက် သည်းခံအောင့်အီး၍ နေရှာပေသေးသည်။ အခြားသူဖြစ်ခဲ့လျှင် နှစ်နှစ် သုံးနှစ် မဆိုထားဘိ နှစ်လ သုံးလမျှပင် နေထိုင်ဖို့ ခဲယဉ်းပေလိမ့်မည်' စသည်ဖြင့် မိမိတို့ စိတ်ထဲက အောက်မေ့သည်ဖြစ်စေ၊ သားအမိချင်း နည်းလမ်းညွှန်ပြသည်ဖြစ်စေ ပြုလုပ်ပြောဆိုလေ့ ရှိကြလေ၏။ ယင်းသို့ ဖြစ်ရကား သားအမိနှစ်ယောက်တို့သည် မသန်းမြင့်အတွက်ကြောင့် အနည်းငယ်မျှ စိတ်ပျက် အားလျော့ခြင်းမရှိဘဲ ဘုရင်၏သမီးတော်အစစ်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့် ရဘိသကဲ့သို့ ပျူပျူငှာငှာ ကျေကျေနပ်နပ် ပြုစုစောင့်ရှောက်ကြလေ၏။

တစ်နေ့သ၌ မောင်ထွန်းဦးသည် နှစ်မိုင်ခန့်ဝေးသော ဝက်လက်ဘူတာရုံမှ မန်ကျည်းတဲ့ရွာသို့ ပြန်လာ၍ စပါးကုန်သည်ကြီး တစ်ဦးထံမှ တောပွဲစားအလုပ်ကို လက်ခံခဲ့ကြောင်း၊ (တောပွဲစားအလုပ်ဆိုသည်မှာ တောရွာမှစပါးများကို ပေါက်ဈေးနှင့် ဝယ်ပေး၍ စပါး ၁၀၀ လျှင် ငွေ ဒ ပွဲခရသောအလုပ်မျိုးဖြစ်လေသည်။) ရွာနီးချုပ်စပ်မှ စပါးများကို မိမိတို့မျက်နှာနှင့် ဝယ်ပေးရလျှင် တစ်နေ့တွက် စပါးလေးငါးရာကို အလွယ်တကူနှင့် ရနိုင်မည်ဖြစ်သောကြောင့် တစ်နေ့လျှင် ငွေလေးငါးကျပ် ဝင်လမ်းရှိမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ မသန်းမြင့်မှာ မျက်နှာမငယ်ရဘဲ ရှေးကကဲ့သို့ အစေခံသူရင်းငှား စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် နေနိုင်ခွင့် ရှိတော့မည်ဖြစ်ကြောင်းနှင့် အားရဝမ်းသာ ပြောပြလေသည်။

မောင်ထွန်းဦးမှာ မြေပိုင်ရှင်တစ်ဦးအဖြစ်နှင့် နေထိုင်ရစဉ်အခါက နေအိမ်မှ ထွက်ခွာသွားလာရန် တာဝန်မရှိသဖြင့် မသန်းမြင့်အား နေ့ရှိသမျှ စောင့်ရှောက်အရေးယူရန် အချိန်ရခဲ့လေရာ ထိုကဲ့သို့သော တောပွဲစားအလုပ်နှင့် တစ်ရွာထွက် တစ်ရွာဝင် လှည့်လည် သွားလာရခြင်းကို မသန်းမြင့်က မနှစ်သက်ချေ။ သို့ဖြစ်၍ သားအမိ သုံးယောက် အိမ်ဦးခန်း၌ထိုင်ကာ ထိုအခြင်းအရာကို တိုင်ပင်ဆွေးနွေးကြရာတွင် မသန်းမြင့်က–

"ဘာလုပ်ဖို့လဲ ရှင့်၊ တောပွဲစားအလုပ် နပ်နပ်ဖွဲ့ဖွဲ့ မလုပ်ချင်ပါနဲ့ ကိုထွန်းဦးရယ်"

"မယ်မြင့် ဖောဖောသီသီ သုံးစွဲရအောင် ကျုပ် အလုပ်လုပ်ဦးမှ နေရာကျမှာပေါ့ မယ်မြင့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မသုံးရချင် နေပေစေ၊ ဒီအလုပ်တော့ မလုပ်ပါနဲ့၊ အေးအေးပဲ ဆားနဲ့စားမယ်"

"ဒီပြင် အကြောင်းကလည်း ကျုပ်တို့မှာ အသုံးအစွဲနည်းနည်း ကျပ်တည်းနေတယ် မယ်မြင့်ရဲ့၊ ဒီတော့..."

"အသုံးအစွဲ ကျပ်ရင် ကျွန်မအဖေ လက်ဖွဲ့တဲ့ လယ်တစ်တောကို ရောင်းချင်လည်း ရောင်း၊ ပေါင်ချင်လည်း ပေါင်လို့ ပြောပါပြီကော ကိုထွန်းဦး"

ထိုအခါ ဒေါ်သိန်းခင်က ဆေးလိပ် လိပ်လျက်ရှိရာမှ ရုတ်တရက် စွက်ဖက်ပြောမည် အပြုတွင် မောင်ထွန်းဦးက 'အမေ'ဟုခေါ်ကာ သတိပေးလိုက်သဖြင့် ဒေါ်သိန်းခင်သည် တစ်စုံတစ်ရာမျှ မပြောတော့ဘဲ ဆေးလိပ်လိပ်မြဲတိုင်း လိပ်နေလေ၏။ ထို့နောက် မောင်ထွန်းဦးက မသန်းမြင့်အား–

"မယ်မြင့်မှာ ရှိသမျှ ပစ္စည်းကလေးကို အိမ်သုံးစရိတ်ထဲ ထည့်မယ်ဆိုတာ ပြောရုံနဲ့ပဲ ကျေးဇူးကြီးလှပါပြီ မယ်မြင့်၊ သို့သော် နေပါစေ ထည့်ဖို့မလိုပါဘူး။ စပါးပေါ်တဲ့ ရာသီကလေးမှာ သုံးလေးလ အလုပ်လုပ်ရရင် ကျုပ် ဘာမှ ဖြစ်မသွားနိုင်ပါဘူး မယ်မြင့်ရဲ့၊ အိမ်မှာ တစ်ယောက်တည်း ပျင်းလို့ရှိရင် ဝတ္ထုစာအုပ်ကလေး ဘာလေး ဖတ်နေတာပေါ့၊ အမေလည်း ရှိကသားပဲ"

ထိုသို့ပြောနေစဉ် ဒေါ်သိန်းခင်က ဝင်၍ ပြောလိုလှသဖြင့် ပါးစပ်တပြင်ပြင် ရှိနေသော်လည်း မောင်ထွန်းဦးက မျက်စိတစ်မှိတ်တည်း မှိတ်ပြသောကြောင့် ဒေါ်သိန်းခင် ပြောခွင့်မရတော့ဘဲ နောက်ဆုံး၌ ဆေးလိပ်ကိုသာ ငုံ့၍ လိပ်နေလေ၏။

မောင်ထွန်းဦးသည် ထိုအရပ်သား 'မျက်နှာကြီး'ဖြစ်သောကြောင့် စပါးဝယ်သော အလုပ်ကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်လေရာ အင်္ဂလိပ်လဆန်း ၁၆ရက်နေ့တိုင်း ဝက်လက်ဘူတာသို့ ကုန်စုံဈေးရထား ဆိုက်သောအခါများတွင် မသန်းမြင့်အတွက် စားစရာအမျိုးမျိုးနှင့် အထည်အလိပ် အဆန်းအပြားများကို တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ခြမ်းလေ့ ရှိ၏။ သို့ဖြစ်၍ မသန်းမြင့်မှာ တောရွာကလေး၌ပင် နေထိုင်ရသော်ငြားလည်း အကောင်းဆုံးသော နိုင်ငံခြားစားစရာများနှင့် အဝတ်အဆင်ဆန်း အမျိုးမျိုးတို့ကို မပြတ်စားသောက် ဝတ်ဆင်နိုင်ခဲ့လေ၏။

တစ်နေ့သ၌ မသန်းမြင့်၏ မိထွေး ဒေါ်လှကြီးသည် ရွှေဘိုမြို့၌ရှိသော





သမီးအရင်းထံသွားရင်း မန်ကျည်းတုံရွာ၌ရှိသော မသန်းမြင့်ထံ ဝင်သွားခဲ့လေ၏။ မသန်းမြင့်၏ဖခင် မြို့အုပ်ဦးသောင်းတင်မှာ လွန်ခဲ့သောနှစ်ကပင် ရောဂါနှင့် ရုတ်တရက် ကွယ်လွန်ခဲ့ပြီဖြစ်၏။ မြို့အုပ်တကာတို့တွင် အရမ်းဆုံးသော လူတစ်ယောက်ဖြစ်၍ လာဘ်စားရာ၌ အလွန် ရဲတင်းလှ၏။ အသုံးအစွဲမှာလည်း အရက်စက်ဆုံး လူတစ်ယောက်ဖြစ်၏။ တစ်ချက်တလေ အကော်တွေ့သဖြင့် လယ်မြေများကိုပင် ဝယ်ဖူးသော်လည်း သေသောအခါ၌ ကြွေးဝိုင်းဝိုင်းလည်လျက် သေသွားရာ၏။

မသန်းမြင့်၏မိထွေး ဒေါ်လှကြီးမှာ ဝဝတုတ်တုတ် လည်ကုပ်တိုတို ပါးစပ်ပြဲပြဲ အောက်သူကြီးတစ်ယောက်ဖြစ်၍ စကားပြောရာ၌ နှုတ်အာကြမ်းကြမ်းနှင့် ဘွင်းဘွင်းကြီး ပြောတတ်သော အလေ့ရှိ၏။ ဒေါ်လှကြီးသည် မသန်းမြင့်၏နေအိမ်သို့ ဆိုက်ရောက်ပြီးနောက် အိမ်ဦးခန်းတွင် မသန်းမြင့်နှင့် နှစ်ယောက်တည်းထိုင်လျက် စကားပြောနေကြစဉ် ဒေါ်လှကြီးက–

"ဟဲ့... သန်းမြင့်၊ နင့်ယောကျ်ားကို ဘူတာရုံမှာ ငါ မြင်ခဲ့တယ်။ ဒီသူငယ် ဘာဖြစ်တာလဲဟယ်၊ လူရုပ်တောင် မပီတော့ပါလား။ နင် ဆေးရုံတက်မယ့်အစား နင့်ယောကျ်ား လွှတ်ပါတော့လားဟယ်"

"အခုတလော ငွေရေးကြေးရေးကြောင့် စိတ်မကောင်း ထင်ပါရဲ့ ကြီးကြီးရယ်၊ ဒါလည်း သူက အစီအမံမတတ်လို့နဲ့ တူပါရဲ့၊ နို့မို့တော့..."

(ကြမ်းပြင်ကို လက်ဝါးဖြင့် ပုတ်လျက်) "ညည်းကလားအေ ဒီလိုပြောတာ။ ထွန်းဦးလိုလူများ ညည်းက ဘာမတတ်ဘူး၊ ညာမတတ်ဘူးနဲ့ ပြောဝံ့တာ ငါအံ့ပါရဲ့ သန်းမြင့်ရယ်"

"ကြီးကြီးက အဝေးကနေပြီး ဘာသိလို့လဲ"

"ဟဲ့...ညည်းသာ မသိတာ၊ ငါ အကုန်သိတယ်။ ညည်း ဆေးရုံတက်တာက တစ်နေ့ ၁၆ ကျပ်၊ တစ်လ ဘယ်လောက်ကုန်သလဲ၊ ခြောက်လဆို ဘယ်လောက်ကျသလဲ၊ ပြီးတော့ ညည်းမရှိတုန်း လယ်အရောင်းအဝယ်နဲ့ ပတ်သက်လို့ အရှုပ်အရှင်းဖြစ်ပြီး ရုံးပြင်ကနားရောက်ရတာက ဘယ်လောက်ကုန်သွားသလဲ ညည်းသိသလား၊ ပြီးတော့ ညည်းအဖေက ညည်းတို့အစ်မကို လက်ဖွဲ့ခဲ့တယ်ဆိုတဲ့ လယ်တစ်တောစီကလည်း ဘာဖြစ်ကုန်သလဲ ညည်းသိရဲ့လား"

"မသိပေါင် ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး… ညည်းအဖေ လူဆိုးတော့၊ သူလက်ဖွဲ့တယ်ဆိုတဲ့ လယ်တွေက လတ်စသတ်တော့ အပေါင်တွေနဲ့တော့၊ နောက်ဆုံးကျတော့ မြေဈေးကျတာနဲ့ ငွေတိုးတွေ တက်နေတာနဲ့ သူ့ခမျာ တစ်ပြားမှ မရတဲ့အပြင် မစိုက်ရတာတောင် ကျေးဇူးတင်ရမလိုလို ဖြစ်နေသေးတော့၊ ညည်းအဖေ လုပ်ပုံများတော့အေ… ငါတို့ တစ်တွေကို ဒုက္ခပေါ့။ မောင်မင်းကြီးသား မောင်ထွန်းဦး ကောင်းရှာပေလို့သာ၊ ညည်းမရှိတုန်းက ညည်းညီမ မသန်းတင် လက်ထပ်တော့ မောင်ထွန်းဦးက ငွေ ၃၀၀ိ လက်ဖွဲ့ရှာပေသတော်၊ ဒီငွေကို မသန်းမြင့်ကိုယ်စား သူက လက်ဖွဲ့လိုက်ပါတယ်တဲ့၊ သူ့မှာ ရှေးကလို ချောင်ချိရင် ဒီထက်မက ပေးချင်ပါတယ်တဲ့၊ ငါ့ကိုလည်း သမီးအိမ်ထောင်ကျပြီးနောက် ဘယ်အခါမဆို သူ့အိမ်မှာလာပြီး စားနေလှည့်ပါတဲ့၊ သူ့မိခင်နဲ့အတူတူ ပြုစုစောင့်ရှောက်ပါ့မယ်တဲ့။ ဒီယောက်ျားမျိုး ဘယ်မှာ ရှာလို့ ရမလဲ သန်းမြင့်ရယ်၊ ညည်းလယ်ကဖြင့် ဘယ်မှာ နေမှန်း မသိဘူး၊ ဒါနဲ့များတောင် ညည်းက ထွန်းဦးကို အစီအမံမတတ်ဘူးလေ ဘာလေးနဲ့ အုံ့ဩပါရဲ့ အစ်မကြီးရယ်"

မသန်းမြင့်မှာမူ မည်သို့မျှ ပြန်မပြောနိုင်ဘဲ ကြောင်တောင်ငေးလျက်သာလျှင် ကြည့်နေမိလေ၏။

ဒေါ်လှကြီးက ဆက်လက်၍–

"ညည်း ဆေးရုံမှာ ရှိနေကတည်းက ငါက ညည်းဆီကို အကျိုးအကြောင်း စာရေးပါ၊ ဒီလောက် ငွေကုန်မခံပါစေနဲ့လို့ ပြောပါတယ်။ နို့ပေမယ့် ညည်းယောက်ျားက ရှိသမျှ ကုန်သွားပေစေတဲ့။ သူ ကျန်းကျန်းမာမာနဲ့ပြန်လာရင် ပြီးရောတဲ့၊ ပေါင်လိုက်ရတဲ့ လယ်တွေ၊ ရောင်းလိုက်ရတဲ့စပါးတွေ၊ အခု သူတို့ သားအမိမှာ ဘာရှိတော့သလဲ"

မသန်းမြင့်မှာ ဆေးရုံသို့ ရောက်သည့်နေ့မှစ၍ ထိုနေ့သို့တိုင်အောင် လင် မောင်ထွန်းအတွက် လည်းကောင်း၊ ယောက္ခမကြီး ဒေါ်သိန်းခင်အတွက် လည်းကောင်း အလျဉ်းသတိမရဘဲ မိမိ ပျော်ရွှင်မှုနှင့် သုံးဖြုန်းမှုအတွက်သာ အာရုံပြုမိခြင်းများကို လည်းကောင်း၊ ရှိသမျှ ပစ္စည်းများကို ပေါင်နှံရောင်းချ၍ မိမိအတွက် သဒ္ဒါကြည်ဖြူစွာ အကုန်အကျခံပြီးလျှင် အိမ်မှုလုပ်ငန်းအရပ်ရပ်ကို အစေခံမငှားနိုင်သောအဖြစ်၌ အကုန်သိမ်းကျုံး၍ လုပ်ရှာသော ယောက္ခမကြီးအတွက်လည်းကောင်း၊ ဖခင်သုံးဖြုန်းခဲ့သော လယ်မြေအကြောင်းကို မိမိအား စိတ်မချမ်းမသာ မဖြစ်စေရခြင်းငှာ မပြောဘဲ မျိုသိပ်ထားရှာသော မောင်ထွန်းဦး





အတွက် လည်းကောင်း အသည်းနာလှ၍ ယူကျုံးမရဖြစ်သည်နှင့် မျက်ရည်တွေတွေယိုစီးကာ ရှိနေလေ၏။

ထိုနေ့ညနေ၌ မောင်ထွန်းဦးသည် စပါးဝယ်ရာမှ မောကြီးပန်းကြီးနှင့် ပြန်လာရာတွင် မသန်းမြင့် ကိုယ်တိုင် အဆင်သင့် ဖျော်ထားသော သံပရာရည်ရှာလဘတ်ကို ဖန်ခွက်ဖြင့်ထည့်ကာ လှမ်းပေးလျက် မောင်ထွန်းဦး၏ နဖူးပြင်မှ ယိုစီးကျနေသော ချွေးများကို မသန်းမြင့်က လက်ဝါးဖြင့် ယုယကြင်နာစွာ သပ်ချပေးလေရကား မောင်ထွန်းဦးသည် သံပရာ ရှာလဘတ်ကို သောက်ပြီးနောက်–

"အမေ့မေ"

"ဘာလဲ ငါ့သား"

"သံပရာတစ်ခြမ်းနဲ့ ကျေရဆိုတာ ဒီဟာထင်ပါရဲ့ အမေ"

❑



www.burmeseclassic.com

www.burmeseclassic.com

# ကျုပ် လူထူး

ရွှေဘိုစီရင်စု၊ ဝက်လက်ဘူတာ အနီးရှိ ရွာတစ်ရွာတွင် နှစ်ဆောင် ပြိုင် ပျဉ်ထောင်အိမ်ကြီး တစ်လုံးပေါ်မှ လုလင်ပျို တစ်ယောက်သည် မျက်မှောင် ကြုတ်လျက် အံကြိတ်ကာ ဆင်းလာသော အမူအရာကို ကြည့်ခြင်းအားဖြင့် ထိုသူသည် အခြား သူတို့ ပြုနိုင်ခဲသော အမှုတစ်ခုကို ပြုတော့အံ့တကားဟု စိတ်ထဲတွင် ဆုံးဖြတ်ထားသည်ဟူ၍ မှတ်ထင်ဖွယ်ရှိ၏။

လုလင်ပျို၏ အင်္ဂါရုပ်မှာ ထူးခြားသော လက္ခဏာများ မပါရှိဘဲ မပုလွန်း၊ မမြင့်လွန်း၊ မကြုံလွန်း ရှိနေ၍ အသားမှာလည်း မဖြူမညို ကိုယ်အင်္ဂါမှာလည်း ၎င်း နယ်သားများ၏ ထုံးစံအတိုင်း ခပ်ကြမ်းကြမ်းနှင့် အရုပ်လည်း မဆိုး၊ လှလည်းမလှ ရှိသည်ဖြစ်သောကြောင့် တစ်ကြိမ် မြင်လျှင် စိတ်ထဲ၌ ပေါ်လာအောင် အတော်ကြိုးစား၍ စဉ်းစားယူရမည့် ရုပ် လက္ခဏာမျိုး ဖြစ်ပေ၏။

ထိုသူသည် ရုပ်အင်္ကျီ လက်တိုနှင့် ပလေကပ် လုံချည်ကို ဝတ်ဆင် ကာ ဝါးတုတ်တစ်ချောင်းကို ကိုင်ထားသည် ဖြစ်သောကြောင့် ၎င်း၏ အဝတ်အစားမှာလည်း ထူးထူးခြားခြား မရှိချေ။ အလုံးစုံ ခြုံလိုက်သော် ထို သူငယ်၏ အင်္ဂါရုပ်မှာ ၎င်းနယ်တွင် လူတစ်ရာလျှင် ၉၉ ယောက်မျှ တွေ့ကြရမည် ဖြစ်သော ရုပ်လက္ခဏာမျိုး ဖြစ်ပေ၏။ ထူးခြားသော အခြင်း အရာတစ်ခုမှာမူကား ခပ်ရှည်ရှည်ထားသော ဘိုကေကို သပ်ရပ်စွာ ဖြီးမထား ရုံမျှမက၊ လက်နှင့်ဖွ၍ ထိုးမွှေထားသည့် လက္ခဏာနှင့် ဆံစ၌ရှိသော ဆံပင် များသည် နဖူးကို ဖုံးအုပ်၍ မျက်ခုံးကို ကျော်လွန်ပြီးနောက် မျက်လုံးကိုပင်





အနှောင့်အယှက် ပေးမည်ကဲ့သို့ ရှိနေခြင်းပင် ဖြစ်လေသည်။ ထိုသူကိုင်ထား သော ဝါးတုတ်မှာလည်း ရှမ်းပကားသို့ တစ်ခေါက်သွားစဉ်က ဝါးရုံတောမှ ဖြတ်သွားစဉ် လမ်းနံဘေးမှ ခုတ်ယူခဲ့သော ဝါးတုတ်မျှသာ ဖြစ်သောကြောင့် ၎င်းနယ် အဖို့၏ မထူးဆန်းတကာ့ မထူးဆန်း ဆုံးသော ဝတ္ထုပစ္စည်းတစ်ခု ဖြစ်ပေ၏။

လမ်း၌တွေ့သော လူများသည် ထိုသူ၏ မျက်နှာထားနှင့် စုတ်ဖွား ကြီးဖြစ်နေသော ဆံပင်ကို တွေ့မြင်ကြရသောအခါ "ဒီလူ ဘာဖြစ်လာပါ လိမ့်"ဟူသော မျက်နှာထားမျိုးနှင့် လှည့်၍ ကြည့်မိကြ၏။ လူငယ်ကမူ မည်သူ့ကိုမျှ ဂရုစိုက်သည့် လက္ခဏာမရှိဘဲ မြေကြီးကို ခပ်ဆောင့်ဆောင့် နင်းလျက် နှုတ်ခမ်းကိုက်ချည်တစ်ခါ၊ အံကြိတ်ချည် တစ်လှည့်နှင့် ခပ်သုတ် သုတ် လျှောက်သွားလေ၏။

ထိုလူငယ်၏ အမည်မှာ မောင်စံလွန်ဖြစ်၍ တောရွာခလေ့ အတိုင်း ၎င်းအား လူတိုင်း သိကြသည် ဖြစ်ရာ အသက် ၂၄ နှစ် အရွယ်တိုင် ရောက်ခဲ့သော်လည်း အခြားသော လူငယ်များကဲ့သို့ တောင်သူနှင့် ပတ်သက် သော အလုပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းလည်း မရှိ၊ အရောင်းအဝယ် ဘက်တွင်လည်း မလေ့လာ၊ အပြင်းထန်ဆုံး အလုပ်လုပ်ခြင်းမှာ မဂ္ဂဇင်း သို့မဟုတ် ဝတ္ထုစာတစ်အုပ်ကိုယူ၍ ဖတ်တတ်ခြင်းပင် ဖြစ်လေသည်။ စာဖတ်ပြီးသောအခါ၌လည်း မောင်စံလွန်သည် စာအုပ်ကို ပေါင်ပေါ်တွင် ချလျက် စင်တိုင် သို့မဟုတ် သစ်ပင်ကို မှီကာ ရောက်တတ်ရာရာ စိတ်ကူး သည့် လက္ခဏာနှင့် မြစ်အရှေ့ဘက်၌ရှိသော ညို့ညို့မှိုင်းမှိုင်း မြူဆိုင်းသည့် တောင်တန်းများဆီသို့ ငေးမျှော်ကာ ကြည့်လျက်နေတတ်၏။

မောင်စံလွန်သည် ပျဉ်ထောင်အိမ်ကြီးပေါ်မှ ဆင်းမလာမီ ၎င်းအိမ် ကြီး၏ ရှေ့ဆောင်တွင် တစ်စုံတစ်ယောက်သောသူနှင့် ပေါ့လာခဲ့သည်ဖြစ်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မျက်မှောင်ကြုတ်ကြုတ် အံကြိတ်ကြိတ် ရှိနေခြင်းဖြစ်လေသည်။ ရွာပေါက်မှ ထွက်လာ၍ ဝက်လက် ဘူတာဘက်သို့ သွားသည့် ပေတစ်ရာ လမ်းမကြီးပေါ် ရောက်လာသောအခါတွင်မူကား မောင်စံလွန်၏ခက်ထန်သော မျက်နှာထားမှာ ပိုမို ပြင်းထန်လာခဲ့၍ လမ်းဘေး၌ ရှိသော မိုးနံ့ချုံများကို ၎င်း၏ ဝါးတုတ်ဖြင့် တဝုန်းဝုန်း တဖတ်ဖတ် ရိုက်ခတ်သွားလေတော့၏။ ၎င်း၏ စိတ်ထဲ၌ကား ချုံများကို ရိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



မထင်၊ လောကဌ်ရှိသော လူသတ္တဝါများ၏ ဦးခေါင်းကို ရိုက်ခွဲနေခြင်း ဖြစ်သည်ဟု အောက်မေ့ဟန် ရှိ၏။ ချုံများကို တုတ်နှင့် ရိုက်၍ အားမရသေးသည်နှင့် မောင်စံလွန်သည် ချုံမရှိသော နေရာများတွင် တုတ်မကိုင်သော လက်ကို အထက်သို့မြှောက်ကာ လက်သီးဆုပ်လျက် ကောင်းကင်ကို ထိုးသတ်တော့မည် ဟန်နှင့် တစ်ချက် တစ်ချက် မြှောက်ယမ်းသည်ကိုလည်း ပေတစ်ရာ လမ်းမကြီးပေါ်မှ လှည်းသမားက မြင်လိုက်ကြရ၏။

ပျဉ်ထောင် အိမ်ကြီးပေါ်မှ ဖြစ်ပျက်ခဲ့သော အခြင်းအရာများကို ဖော်ပြရသော် မောင်စံလွန်သည် ဝင်းတံခါးမှ ဝင်ခဲ့၍ အိမ်ကြီးပေါ်သို့ တက်တော့မည်ပြုသည့်အခါတွင် ခြေလှမ်း မရဲတရဲဖြင့် ဆွံ့တွန့်တွန့် ဖြစ်နေသော်လည်း ၎င်း၏မျက်နှာထားမှာမူကား ငါသည် ဤနေ့အဖို့ စကားကို ကောန်မချ ပြောတော့မည်ဟူ၍ သန္နိဋ္ဌာန်ချလာခဲ့သည့် အမူအရာမျိုး ရှိလေ၏။ သို့ရာတွင် ပြောရမည့်စကားမှာ အတော်ပင် ခဲယဉ်းနေသည် ဖြစ်၍ ၎င်း၏ ခြေလှမ်းမှာ ခပ်ဆိုင်းဆိုင်းရှိနေခြင်း ဖြစ်လေသည်။ အိမ်ပေါ်မှ ရောက်၍ ရှေ့ဆောင်၌ ခင်းထားသော နီးချောဖျာပေါ်တွင် ထိုင်လိုက်၍ သူရင်းငှား ကျော့မောင်အား 'နင့်မမ မရှိဘူးလား'ဟု မေးရာတွင် ကျော့မောင်က 'ရှိပါတယ် ကိုစံလွန်'ဟု ပြော၍ အတွင်းဆောင်သို့ ဝင်သွားပြီးလျှင် အိမ်ရှင်၏ သမီးဖြစ်သော မတေင်အား ကိုစံလွန် ရောက်နေကြောင်းကို ပြောလိုက်လေ၏။

ထိုအချိန်တွင်မူကား မတေင်၏ မိဘမောင်ဘွားများသည် လယ်တောသို့သွားကြပြီ ဖြစ်ကြောင်းကို မောင်စံလွန် သိသည်ဖြစ်၍ ၎င်းအချိန်ကို ရွေးချယ်ထားခဲ့ခြင်း ဖြစ်လေသည်။ မတေင် မထွက်လာမီ အတွင်း မောင်စံလွန်သည် ရှေ့ဆောင်၌ ထောင်ထားသော မှန်ကြီးတွင် မိမိ၏ အရိပ်ကို မြင်သည်နှင့် မိမိ၏မျက်နှာထားမှာ လူပျိုစကား ပြောရမည့် လုလင်ပျို တစ်ယောက်ကဲ့သို့ ပြုံးရွှင်စွာမရှိဘဲ သုန်သုန်မှုန်မှုန် ရှိနေသည့်အဖြစ်ကို မြင်မိသဖြင့် ကြိုးစား၍ ပြုံးပြင်သေး၏။

သို့ရာတွင် ရင်ထဲ၌ တဒိန်းဒိန်း လှုပ်ခုန်လျက် ရှိသောကြောင့် မောင်စံလွန်၏မျက်နှာမှာ ပြုံး၍ ကြိုးစားသော်လည်း မချိသွားဖြဲ မျက်နှာထားမျိုး ဖြစ်နေလေတော့၏။ ထိုအတွက်ကြောင့် မောင်စံလွန်သည် မိမိကိုယ်ကို မိမိ မကျေနပ်ဘဲ စိတ်ဆိုးသကဲ့သို့ ဖြစ်သွားလေရာ မျက်နှာထားမှာ သာ၍ပင်





အိုသွားလေတော့၏။ နဖူး၌ ထွက်ပေါ်စပြုလာသော ချွေးများကို ရှပ်အင်္ကျီလက်မောင်းဖြင့် သုတ်လျက်ရှိစဉ် မတေင်သည် အတွင်းဆောင်မှ ထွက်လာ၍ နှီးကြောဖျာကြီး အနီးသို့ ရောက်လာလေ၏။ မတေင်မှာ တောရွာ အလှူ အတန်းများတွင် ကွမ်းတောင်ကိုင်အဖြစ်မှ ဟသ်ာအုပ်ကိုင်ရသော အဆင့်အတန်းသို့ တက်လာခဲ့သည်ဖြစ်ရာ ၎င်း၏အသားမှာ ထိုရွာတွင်သာမက မြင်းနယ် တစ်နယ်လုံးတွင် မီနိုင်သူမရှိအောင် ဖြူစင်နုနယ်လှ၍ မျက်လုံးများမှာ သေးပင်သေးသော်လည်း အလွန်တရာ ကြည်လင်တောက်ပလှပေ၏။ သေးသေးသွယ်သွယ်နှင့် သိမ်မွေ့ပျော့ပြောင်းသော ကိုယ်ဟန်အမူအရာရှိသည့်အပြင် ထိုနယ်တစ်ဝိုက်တွင် ဘယ်တုန်းကမျှ ထုံးစံမရှိခဲ့သော အင်္ဂလိပ်ကျောင်းသူတစ်ယောက်၏ ဖြီးလိမ်းပြင်ဆင်ပုံမျိုးရှိသည်ဖြစ်၍ တစ်ရွာလုံးရှိ ကာလသားများ၏ ဝိုင်းဝန်းပိုးပန်းခြင်းကို ခံရသူတစ်ယောက် ဖြစ်လေသည်။ ၎င်း၏ မိဘများသည် ရွှေဘိုမြို့ရှိ အင်္ဂလိပ်ကျောင်းသို့ ပို့ထား၍ ခုနစ်တန်းအောင်မြင်သည်တွင် ရွာသူတစ်ယောက်အဖို့ တော်လောက်ပြီဆို၍ ကျောင်းမှ နှုတ်ပြီးလျှင် နေအိမ်တွင် အလှကြည့်ဖို့ထားသကဲ့သို့ နွားကျောင်း၊ ကောက်စိုက်၊ မြက်ရိတ် အစရှိသော မိန်းမအလုပ်များကို မလုပ်စေဘဲ အရိပ်ကြည့်၍ နေကြလေ၏။

မတေင်သည် နောက်ဆောင်မှ ထွက်လာ၍ မောင်စံလွန်ကို မြင်သည်နှင့်တစ်ပြိုင်နက် အံ့သြသော မျက်နှာထားနှင့် "အလို...ကိုစံလွန် လာပြန်ပြီလား"ဟု မေးလိုက်ရာ မောင်စံလွန်က "ဟုတ်တယ် လာပြန်ပြီ"ဟု ခပ်တင်းတင်းပင် ပြန်ပြောလိုက်၏။

"ဘာကြောင့် လာပြန်တာလဲရှင်၊ ခုနက ရှင်ပြောသွားတော့ ကျွန်မတို့ အိမ်ကို နောက် ဘယ်တော့မှ မလာတော့ပါဘူးဆို" မတေင်က မျက်နှာလွှဲလျက် ပြောလိုက်၏။

မတေင် အသံမှာ နဂိုအားဖြင့် ယဉ်ကျေးသိမ်မွေ့သည့် အတွင်း မောင်စံလွန် စိတ်ဆိုးသွားမည်ကို စိုးရိမ်သည့်အတွက် သာ၍ပင် သိမ်မွေ့လျက် ရှိ၏။

"ဟုတ်ပါတယ် ပြောတုန်းကတော့ ဘယ်တော့မှ မလာဘဲ နေနိုင်မလားလို့ ပြောလိုက်တာပဲ။ ဒါပေမယ့် မနေနိုင်လို့ နောက်ဆုံးအကြိမ်လာရ ပြန်ပြီ မတေင်၊ စဉ်းစားပါဦး မတေင်၊ မတေင်နဲ့ နေရရင် ကျုပ်ဟာ လောကမှာ လူကြီးတစ်ယောက် ဖြစ်လာနိုင်ဖို့ ရှိပါတယ်။ မအေးတင်က



www.burmeseclassic.com

www.burmeseclassic.com



မကယ်ဘူးဆိုရင် ကျုပ်မှတော့ အသူတစ်ရာ နက်တဲ့ ချောက်ကြီးထဲ ကျသွားသလို ဖြစ်ရပါလိမ့်မယ် မတောင်ရယ်”

မတောင်သည် ပြုံးတော့မည် ပြုပြီးမှ မလျော်လှသဖြင့် ကြိုးစား၍ မျက်နှာပိုး သတ်လိုက်လေ၏။

“ကိုစံလွှန်က သိပ်ပြီး ချဲ့ပြောနေတာပါရှင်။ ဒီလောက်တောင်လဲ ဆိုးမှာ မဟုတ်ပါဘူး၊ ဟုတ်တယ် မဟုတ်လားရှင်”

“ကျုပ်က ချဲ့ထွင်ပြီး ပြောတာ ဟုတ် မဟုတ်ကို မတောင် သိရပါ တော့မယ် မကြာပါဘူး”

မတောင်သည် ဦးခေါင်းကို ရမ်းလေ၏။

“မဖြစ်နိုင်ပါဘူး ကိုစံလွှန်၊ ဒီအကြောင်းကို မပြောတာ ကောင်းပါ တယ်။ မဖြစ်နိုင်လွန်းလို့ ငြင်းတာပါ၊ ကျွန်မက လောကွတ် စကားပြောတာ မဟုတ်ပါဘူး။ ကိုစံလွှန်ကို မောင်လို နှမလို အမှန် ခင်ပါတယ်၊ ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ခဲ့လို့လည်း အများကြီး အားကိုးပါတယ်။ ဒါပေမဲ့ ရှင်ပြောတဲ့ အချစ်မျိုးနဲ့တော့ ကျွန်မ မချစ်နိုင်လို့ပါ ကိုစံလွှန်”

“ကျုပ် သိပါတယ် မတောင်၊ မတောင်က ဟိုရွှေဘိုမြို့ထဲက ဘန်ကောက်လုံချည် တရွှမ်းရွှမ်းနဲ့ ဘိုကေကို ကော့စမစ်တစ်နဲ့ ပြောင်နေ အောင် ဖြီးပြီး ပေါ်ကြော့နေတဲ့ မြို့သားတွေကို မျက်စိကျလာခဲ့လို့ပါ၊ ကျုပ် သိပါတယ်”

မတောင်မှာ အနည်းငယ် မျက်နှာနီသွား၏။

“မဟုတ်ရပါဘူး ကိုစံလွှန် ရှင် မှားနေပါတယ်။ ကျွန်မပြောရင် ယုံပါ၊ ကျွန်မကို ဘယ်သူ့ကိုမှ ချစ်ကြိုက်နေလို့ မဟုတ်ရပါဘူး၊ ဒီလိုတော့ ကျွန်မကို အထင်မလွဲလိုက်ပါနဲ့”

မောင်စံလွှန်သည် ပြောရင်း ဆိုရင်းပင် စိတ်အားထက်သန်လာ၍...

“မတောင်ကို မရရင် ကျုပ် သေလိမ့်မယ်ဗျ၊ အောင်မယ် သူက ခေါင်းရမ်းတယ်၊ မယုံဘူး ဟုတ်စ၊ သေမယ်ဆိုတာ တဖြည်းဖြည်း ခွေနုံး ပြီးတော့ သေမယ်လို့ ပြောတာ မဟုတ်ဘူး မတောင်ရဲ့။ ကိုယ့်ကိုယ်ကို သတ်သေမယ်လို့ ပြောတာ။ အောင်မယ် မတောင်က မယုံဘူး ဟုတ်လား”

မတောင်သည် ဖြူစင်ညီညာသော သွားကလေးများပေါ်အောင် ပြုံးလေ၏။





“မလုပ်ပါနဲ့ ကိုစံလွှန်၊ ကျွန်မ· တောင်းပန်ပါရစေ၊ ရှင် ဒီလောက် မရက်စက်ပါဘူး၊ ကျွန်မ သိပါတယ်။ ရှင်က ထင်လို့သာ ပြောနေတာပါ တကယ် လုပ်မှာမဟုတ်ပါဘူး၊ မဟုတ်လား ကိုစံလွှန်”

“အေးလေကွယ်၊ ဒါဖြင့် ဒီစကားဟာ နောက်ဆုံးစကားပဲလား”

“ကျွန်မ ပြောပြီးပြီကော ကိုစံလွှန်၊ ရှင့်စိတ်က ထင်နေလို့ပါ၊ တော်တော်ကြာလို့ တစ်လ နှစ်လလောက်ဆိုရင် ရှင်ကလဲ ကျွန်မကို တကယ်ချစ်ကြိုက်တာ မဟုတ်ဘူးဆိုတာ ရှင့်ဟာရှင် သိမှာပါပဲ။ ကျွန်မက ရှင့်ကို မကြိုက်နိုင်သလို ရှင်ကလည်း ကျွန်မကို ကြိုက်နိုင်မှာ မဟုတ်ပါဘူး။ တစ်ယောက် အကြောင်း တစ်ယောက် သိနေတဲ့ လူအချင်းချင်း ဘယ်ဖြစ်နိုင် မတုန်း ကိုစံလွှန်၊ တော်တော်ကြာတော့ ရှင့်ဟာရှင် အရေလယ်ပြီး ကျွန်မ ငြင်းလိုက်တဲ့အတွက် ကျွန်မကို ရှင် ကျေးဇူးတင်မှာပါ”

“မပြောပါနဲ့တော့ မတောင်၊ ကျုပ် သိပါတယ်၊ ဒီပြင် တစ်ယောက် ယောက်နဲ့ ကြိုက်နေလို့ ကျုပ်ကို ငြင်းတာပါ”

“ခက်နေပါပြီ၊ ပြောလို့လည်း နားမလည်နိုင်ဘဲကိုး ဒီလူကြီးက”

“နားမလည်ဘူး ဆိုချင်ဆိုတော့ ဘာပြောပြော ကျုပ်ကတော့ မတောင်နဲ့ မရရင် လောကမှာ နေလို့ ဖြစ်မယ့်လူ မဟုတ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျုပ်က သူများနဲ့ မတူဘူး။ ကြီးကြီးကျယ်ကျယ် မြင့်မြင့်မြတ်မြတ် အဲဒီလို အလုပ်ကြီးတွေကို လုပ်ပြချင်တဲ့လူ မတောင်ရဲ့၊ လူတွေကလည်း သိပ်ခက်တာပဲ။ မတောင်သာ မဟုတ်ဘူး၊ ကျုပ်အိမ်က မအေတွေ နှမတွေ ကလည်း ကျုပ်ကို ဘယ်သူမှ ကောင်းကောင်း နားမလည်ကြဘူး၊ ဒါပေမယ့် တစ်နေ့တော့ မတောင် သိလိမ့်မယ်လေ၊ ဒါ့ထက် ဒါ နောက်ဆုံးစကား နော်၊ ကိုင်း ဒါဖြင့် ကျုပ် သွားတော့မယ်”

မောင်စံလွှန်သည် အထက်ပါ စကားများကို တုန်ယင်သော အသံဖြင့် ပြော၍ မျာပေါ်မှ ထသွားတော့မည် အပြုတွင် မတောင်၏မျက်နှာ၌ ခပ်ပြုံးပြုံး ရှိနေသော မျက်နှာထားကို မြင်လိုက်ရသဖြင့်...

“ကျုပ် ပြောတဲ့စကားကို မတောင်က ရယ်ချင်သပေါ့လေ”

“အို မဟုတ်ပါဘူး ကိုစံလွှန်။ ကျွန်မက အမေပြောဖူးတဲ့ စကား ကလေးကို သွားပြီး သတိရလို့ပါ”

“အရီးက ကျုပ်အကြောင်း ဘာများပြောဖူးလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုစံလွန်ဟာ လူကောင်းကလေး တစ်ယောက်ပါပဲတဲ့၊ ဒါပေမယ့် သူ့မှာ ချို့ယွင်းချက်ကလေး တစ်ခု ရှိတယ်တဲ့၊ အဲဒါ ဘာလဲဆိုတော့ သူ့ကိုယ်သူ နည်းနည်း အထင်ကြီးနေတယ်တဲ့"

မောင်စံလွန်သည် စိတ်ဆိုးသော မျက်နှာထားဖြင့်...

"ကောင်းပါပြီဗျာ၊ မင်းအမေရော မင်းရော သိကြပါလိမ့်မယ်၊ မကြာပါဘူး၊ ကိုင်း ကျုပ် သွားမယ်"

မောင်စံလွန်သည် ထရံထောင့်တွင် ထောင်ထားသော မိမိ၏ ဝါးတုတ်ကို ကောက်ယူ၍ အိမ်ပေါ်မှ ဆင်းလာခဲ့ပြီးလျှင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပေတစ်ရာ လမ်းပေါ်မှ လျှောက်၍ ဝက်လက်ဘက်သို့ သွားခဲ့ခြင်း ဖြစ်လေသည်။

လမ်းတစ်ဝက်သို့ ရောက်သောအခါ မောင်စံလွန်သည် တစ်စုံတစ်ခုကို သတိရသည်နှင့် မိမိ၏ နေအိမ်သို့ လျှင်မြန်စွာ ပြန်လျှောက်လာခဲ့လေ၏။

မောင်စံလွန်မှာ မိခင်နှင့် နှမတစ်ယောက် ရှိခဲ့လေရာ ကျောင်းမှ ထွက်လာခဲ့ပြီးနောက် တစ်နှစ်ကျော်ခန့် အတွင်း၌ပင် ၎င်းတို့၏ အနေအထိုင်ကို မကျေနပ်နိုင်ဆို၍ မိမိတို့၏စည်းဝိုင်းကြီးအတွင်း ထောင့်တစ်ထောင့်တွင် တဲကလေးတစ်လုံးနှင့် တစ်ကိုယ်တည်းနေထိုင်လာခဲ့ခြင်း ဖြစ်လေသည်။ မိခင်နှင့် နှမတို့၏ နေထိုင်ပုံကို မကျေနပ်နိုင် ဆိုရာ၌ ၎င်းတို့သည် လော်လီဖောက်ပြားကြသောကြောင့် မဟုတ်၊ မောင်စံလွန်၏ ပြောစကားအရ...

"ဘာအဓိပ္ပာယ် ရှိသလဲဗျာ၊ သူတို့ဟာ မနက် အိပ်ရာကထ လက်ဖက်ရည်ကြမ်းကလေးသောက်၊ အချိန်တန် ဆွမ်းလောင်း၊ မနက်စာစား၊ တစ်ရေးအိပ်၊ နေ့လယ်တိုင် လက်ဖက်ရည်ကြမ်းကလေးသောက်။ ညနေစောင်းတော့ ထမင်းကျက်တော့ ခူးစား၊ အချိန်တန် အိပ်ရာဝင်ကြ တစ်နေ့လဲ ဒီလို၊ နောက်တစ်နေ့လဲ ဒီလို၊ ဘာအရသာရှိလို့၊ ဘာအဓိပ္ပာယ်များရှိသလဲဗျာ"စသဖြင့် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်အား ပြောပြလေ့ရှိ၏။

မိခင်နှင့် နှမကလေးတို့သည် မိမိတို့နှင့် အတူမနေဘဲ ထိုကဲ့သို့ ခွဲခြားနေထိုင်ခြင်းအတွက် စိတ်မချမ်းသာ ရှိကြ၏။ မောင်စံလွန် ကျောင်းမှ နှုတ်ထွက်လာသောအခါ၌လည်း မိခင်ကြီးမှာ ထိုနည်းအတူ စိတ်မချမ်းသာဖြစ်ရာ၏။ စင်စစ်မှာ မောင်စံလွန် ပြုလုပ်သမျှသည် အိမ်သားများအား





အကြီးအကျယ် စိတ်ညစ်စေဖို့ မဟုတ်သော်လည်း အခါခပ်သိမ်း စမ်းနည်းဖွယ်ရာတို့ သာလျှင် များခဲ့၏။

ကျောင်းမှ နုတ်ထွက်ခဲ့စဉ်က မိခင်သည် မောင်စံလွန်အား "ငါ့သားလူကလေးရယ် ဘာပြုလို့ ကျောင်းထွက်ခဲ့ရတာလဲကွယ်"ဟု မေးသောအခါ မောင်စံလွန်က "ဘာလုပ်မှာလဲ အမေရယ် ၇ တန်းအောင်ပြီး၊ ၈ တန်းသင်၊ နောက်ပြီးတော့ ၁၀ တန်းအောင်၊ ကောလိပ် ဆက်နေ၊ အိုင်အေ–ဘီအေ အောင် ဒီဟာမျိုးက သူကငါကစ လုပ်နေကြတဲ့ အလုပ်မျိုးပဲ အမေရဲ့"ဟု ပြန်ပြောဖူး၏။ မိခင်ဖြစ်သူက သူငါကစ ဆိုသော်လည်း မိမိတို့ ရွာသားများအနက်မှ တစ်ယောက်တလေမျှ ဘီအေအောင်ဖူးသည် မရှိသေးကြောင်း၊ မွေးသဖခင် ထားခဲ့သော လယ်ယာချောင်းမြေတို့မှ လက်ထောက်ခနှင့် မောင်စံလွန်အား ကောလိပ်ကျောင်းသို့ ပို့မည်ဟု အားခဲ့နေကြကြောင်း ပြောသောအခါ မောင်စံလွန်က "ကျွန်တော်တို့ရွာက မအောင်ပေမယ့် တစ်ပြည်လုံးမှာ ဘီအေ အောင်တဲ့လူတွေပြည့်လို့ အမေရယ်၊ ကျွန်တော်က သူလို ငါလို ဘီအေအောင်ပြီး သူလို ငါလို အလုပ်မျိုးနဲ့ ကျေနပ်နိုင်တဲ့ လူတစ်ယောက် မဟုတ်ဘူး အမေရဲ့"ဟူ၍ ပြန်ပြောသည်တွင် မိခင်ဖြစ်သူမှာ သားတစ်ယောက်ကို နိုင်နင်းအောင် ဆင်ခြေပေးနိုင်သူ တစ်ယောက် မဟုတ်သောကြောင့် ပညာ မသင်လိုလျှင်လည်း ရှိစေတော့ဆိုကာ ကျောင်းထွက်ခွင့်ပြုလိုက်ရပေ၏။ ထိုမှတစ်ဖန် နေအိမ်တွင် အတူမနေဘဲ ခြံစည်းရိုးထောင့်၌ တဲကလေး တစ်လုံး ဆောက်၍ တစ်ကိုယ်တည်း နေပြန်သောအခါတွင်လည်း မိခင်သည် မကျေနပ်ဘဲနှင့် အတင်းအကျပ် တားမြစ်ရန် မတတ်နိုင်သဖြင့် ခွင့်ပြုခဲ့ရခြင်း ဖြစ်လေ၏။

မောင်စံလွန်သည် ခြံထောင့်တွင် တဲကလေးနှင့် တစ်ကိုယ်တည်းနေထိုင်သောအခါတွင်လည်း တဲကလေးအတွင်း၌ ပစ္စည်းများမှာ ဖြစ်ချင်းတိုင်းဖြစ်လျက် ရှိကြ၏။ အိပ်သော ခုတင်ကို အရှေ့ဘက်သို့ လည်းကောင်း၊ တောင်ဘက်သို့ လည်းကောင်း ဦးခေါင်းမလှည့်ဘဲ မြောက်ဘက်သို့ လှည့်ထားလေရာ အခြားသူများက ထုံးစံ မဟုတ်ကြောင်း ပြောပြသောအခါ မောင်စံလွန်က မြတ်စွာဘုရားသည် ဘုရားဖြစ်သောအခါတွင် မြောက်မျက်နှာသို့ လှည့်၍ ကန်တော့သည်ဟု စာထဲတွင် တွေ့ဖူးသောကြောင့် မြောက်အရပ်၌ ရှိသေထိုက်သော အခြင်းအရာ တစ်စုံတစ်ခု ရှိရမည်ဟု အောက်မေ့၍ မြောက်ဘက်သို့ ဦးခေါင်းပြုခြင်း ဖြစ်သည်ဟု ဆင်ခြေပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်၌ သမင်ရေ တစ်ချပ်ကို ခင်း၍ တရုတ်ပြည်မှလာသော ယွမ်းခေါင်းအုံး တစ်ခုကို ခင်းထားလေရာ အဝတ်အစားများမှာ ခြင်ထောင်ပေါ်တွင် အချို့၊ ကုလားထိုင်ပေါ်တွင် တစ်ထည်၊ ထရံတွင် တစ်ထည် နှစ်ထည် ချိတ်၍ ကြမ်းပေါ်တွင်လည်း တချို့တလေကို ကြဲဖြန့်ထားသေး၏။ စာအုပ်များကို အခြားသူတို့ကဲ့သို့ စားပွဲပေါ်တွင် မထားဘဲ ခုတင်အောက်တွင် ပြန့်ကြဲထား၍ လိုသည့်အခါမှ လက်ဖြင့် လှမ်းဆွဲပြီးလျှင် ဖယောင်းတိုင်ကလေးနှင့် စာဖတ်လေ့ရှိ၏။ နံနက်လင်းသောအခါတွင် အသည်းအေးသည်ဆို၍ ထမင်းကြမ်း တစ်ခဲနှင့် ရေတစ်မှုတ်ကို နင့်လောက်အောင် စားတတ်သဖြင့် အိမ်သားများသည် ထမင်းကြမ်းကျန်အောင် ညစာကို တမင်ပို၍ ချက်ကြရ၏။ ထမင်းကြမ်း မကျန်သဖြင့် ပူပူနွေးနွေး ချက်ပေးလျှင် မောင်စံလွန်က ထမင်းကြမ်းကဲ့သို့ အသည်းမအေးဆို၍ စိတ်ကောက်ခါ ဆူပူတတ်၏။ မွန်းတည့်သာသာ နာရီပြန် တစ်ချက် အချိန်လောက်တွင် တစ်ထပ်တည်းသော ထမင်းကို ဗိုက်ကားအောင် စား၍ ညစာကို ရှောင်ကြဉ်လေ့ ရှိ၏။ အကျိုးအကြောင်းကို မေးသောအခါ မောင်စံလွန်က ညနေစာကို လူတိုင်းစားကြသောအခါ လူတိုင်းလုပ်နေသော အလုပ်မျိုးကို မိမိ မလုပ်လိုကြောင်း ပြန်ပြောလေ့ရှိ၏။

သူတစ်ပါးနည်းတူ ဘိုကေထားသော်လည်း မောင်စံလွန်သည် ဆီမွှေးကော့စမစ်တစ် စသည်တို့ဖြင့် လိမ်းကျံခြင်း မရှိဘဲ ခေါင်းစုတ်ဖွားနှင့် နေလေ့ရှိရာ မိခင်နှင့် နှမများက လူပျိုကလေး ဖြစ်ပါလျက် သပ်သပ်ရပ်ရပ် နေထိုင်သင့်ကြောင်း ပြောပြသောအခါ မောင်စံလွန်က မိမိမှာ ဖြီးလိမ်းခြင်း၊ ခေါင်းဖြီးခြင်း စသော သေးနုပ်သည့် အလုပ်များကို လုပ်ရန် အလိုမရှိကြောင်းနှင့် ပြန်ပြော၏။ ကျောင်းမှထွက်ခါစ အခါ၌ မောင်စံလွန်သည် သူတစ်ပါးနှင့် မတူသော အလေ့အကျင့်များကို ဖြုတ်ချစေခဲ့ကာမူ သူတစ်ပါးနှင့် နှိုင်းစာလျှင် များစွာ ထူးဆန်းလျက်ပင် ရှိသေး၏။ တစ်ခေတ်က ပင်နီအင်္ကျီနှင့် ယောလုံချည်မှ တစ်ပါး မည်သည့်အဝတ်အစားကိုမျှ မဝတ်ဘဲ နွေရောဆောင်းပါ နှစ်ပေါင်း အံတန်ကြာဝတ်ခဲ့သေးရာ ယခုအခါ၌မူ ၎င်းတို့ကို လက်လျှော့၍ ပလေကပ် လုံချည်နှင့် စပို့ရှပ်တို့ကို ဝတ်ဆင်စ ပြုလာခဲ့လေပြီ။

မောင်စံလွန်သည် လူလားမြောက်သော အရွယ်မှစ၍ မိမိသည် သူတစ်ပါးနှင့် မတူဘဲ ထူးခြားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟူသော အယူ





စွဲကပ်လျက်ရှိရာ တစ်နေ့နေ့၌ ဖြစ်ရဦးမည် ဟူ၍လည်း အမြဲမျှော်လင့်ချက် ရှိ၏။

တစ်ခါတစ်ရံ မောင်စံလွန်သည် လူသတ္တဝါ ဟူသမျှ အပေါ်တွင် အလွန်ကြီးမားလှသော မေတ္တာစိတ်ကြီး ရှိသည်ဆို၍ ၎င်းတို့ကို ကယ်တင်နိုင်စိမ့်သောငှာ အလုပ်တစ်ခုခုကို လုပ်ပြအံ့ဟု ကြုံးဝါးလေ့ ရှိ၏။ ဘုရားမဖြစ်သေးမီ ပါရမီဖြည့်သော သဘောနှင့် ကြီးကြီးကျယ်ကျယ် တစ်စုံတစ်ခုကို လုပ်ပြမည်ဟု ကြုံဝါးခဲ့သော်လည်း မည်သို့သော အလုပ်မျိုးဟူ၍ကား ၎င်းကိုယ်တိုင် ဆုံးဖြတ်နိုင်သည့် လက္ခဏာမရှိချေ။ တစ်ခါတစ်ရံတွင်လည်း မောင်စံလွန်သည် လူအားလုံးကို ရွံရှာမုန်းတီးသည်ဆို၍ ကြီးကျယ်သော ဒုစရိုက် တစ်ခုခုကို ပြုလုပ်ခြင်းအားဖြင့် ကမ္ဘာကြီးလောကကို တုန်လှုပ်ချောက်ချားသွားအောင် လုပ်ပြလိုက်မည်ဟု ကြုံဝါးနေလေ၏။ သို့ဖြစ်သောကြောင့် မောင်စံလွန်သည် ၁၀ ပါး သီလကို ၁၀ ရက် တိတိ စောင့်ထိန်းသော နေ့ရက်များလည်း ရှိ၍ ဘာကိုမျှမလုပ်ဘဲ ခုတင်ပေါ်၌ ပက်လက်လှန်ကာ စိတ်ကူးနေသော အချိန်ကာလမျိုးလည်း ရှိခဲ့၏။ မောင်စံလွန်မှာ စိတ်ကူးသမား တစ်ယောက် ဖြစ်သည့်အတိုင်း တစ်လောကလုံး အံ့သြစေလောက်သည့် အလုပ်ကြီးတစ်ခုကို ပြုလုပ်မည့်ဆဲဆဲ ရှိသည်တွင်မှ တစ်စုံတစ်ခုသော အနှောင့်အယှက်ကြောင့် အကြံပျက်သွားရလေဟန် တစ်ယောက်တည်း လက်ဖျားခါမတတ် ဖြစ်နေသော အချိန်အခါမျိုးလည်း ရှိ၏။

* * *

တစ်နေ့သ၌ ရှိမ်းမကားသို့ ရောက်စဉ်က မောင်စံလွန်သည် မြစ်ကမ်းပါးတွင် လမ်းလျှောက်သွားစဉ် သူငယ်ကလေး တစ်ယောက် အဖော်များနှင့် အတူ ရေကစားနေကြရာမှ ရေစီးထဲသို့ မြောပါသွားသဖြင့် ကယ်ပါ ယူပါနှင့် ဝိုင်းဝန်းအော်ဟစ်သော အသံများကို ကြားရလေ၏။

ထိုအခါ မောင်စံလွန်သည် ရေနစ်အံ့ရှိသော သူငယ်ကို ကယ်ဆယ်လိုသောစိတ် ဖြစ်ပေါ်လာသည်နှင့် ကမ်းစပ်သို့ ပြေးဆင်းလာခဲ့ပြီးလျှင် ဝတ်ထားသောအင်္ကျီနှင့် ခြေထောက်၌ရှိသော ဖိနပ်များကို ချွတ်ပြီးမှ ခါးတောင်းကို မြှောင်အောင် ကျိုက်လေ၏။ ၎င်းနောက် ရေထဲသို့ ဆင်းလာခဲ့၍



www.burmeseclassic.com

www.burmeseclassic.com



ဒူးဆစ်ခန့် ရောက်သောအခါတွင် မည်သူ၏ သားသမီးမှန်း မသိ၊ လူဆိုးဖြစ်မည်၊ လူကောင်းဖြစ်မည်လည်း မသိဘဲ မိမိ၏အသက်ကို စွန့်စားကယ်လိုက်သည် ရှိသော ဤအလုပ်ထက် ကြီးကျယ်မြင့်မြတ်သောအလုပ်များကို မလုပ်ဖြစ်ဘဲ ကျန်ရစ်မည့်အရေးကို တွေးတောပူပန်သည့် လက္ခဏာနှင့် တန့်ရပ်လျက် ရှိလေ၏။

ထိုအတောအတွင်း၌ ဖောင်ကြိုသမား တစ်ယောက်သည် ဖောင်ဦးတွင် အဝတ်ဖွပ်လျက် ရှိရာမှ ရေထဲသို့ ခုန်ဆင်းပြီးလျှင် နစ်ကြိမ်တိုင်တိုင် ငုပ်ချီပေါ်ချီဖြစ်နေသော ထိုသူငယ်ကလေး၏ ဦးစွန်းဖုတ်ကို ကိုင်ဆွဲကာ ဖောင်ဘက် ကူးလာ၍ ဖောင်ပေါ်သို့ ဆွဲတင်လိုက်လေ၏။ မောင်စံလွန်သည် ထိုအခြင်းအရာကို တွေ့မြင်လိုက်ရသည်နှင့် ကမ်းပေါ်သို့ ပြန်တက်၍ ခါးတောင်းကျိုက်ကို ဖြုတ်ပြီးလျှင် မိမိ၏ အဝတ်များကို ပြန်၍ ဝတ်ဆင်လေ၏။

မောင်စံလွန်အဖို့မှာ ကြီးကျယ်သော အလုပ်တစ်ခုကို လုပ်ပြမည်ဟု တကဲကဲ ပြင်ဆင်နေသော်လည်း ထိုကဲ့သို့ လုပ်၍ပြနိုင်သော အခွင့်အရေးပေါ်ပေါက်သည် မရှိဘဲ မျှော်လင့်လျက်သာလျှင် နေခဲ့ရ၏။ ထိုအတောအတွင်း မောင်စံလွန်သည် သူတစ်ပါး မလုပ်သည့် အလုပ်မျိုးကို လုပ်ခြင်းအားဖြင့် မကြာခဏ ဒုက္ခရောက်လျက် ရှိ၏။

တစ်နေ့သ၌ "ဖြတ်သန်းသွားရန် လမ်း မဟုတ်"ဟူ၍ ဆိုင်းဘုတ်ဆွဲထားသော ဝင်းကြီးကို ဖြတ်ကျော်သဖြင့် ဒရဝမ်က ဆွဲထားရာတွင် မိမိကဲ့သို့သော တစ်ယောက်ကို ဆွဲရချေလောမည်လောဟု ဒေါဖောင်းလျက် ဒရဝမ်ကို လက်သီးနှင့် ထိုးမိသဖြင့် မိဘများက လျော်ကြေးပေး၍ ကျေအေးအောင် အတော်ပင် တောင်းပန်လိုက်ရ၏။ ထို့အပြင် ဘိုင်စကုပ်သို့သွားသောအခါ၌ ငါးမူးတန်း လက်မှတ်နှင့် တစ်ကျပ်တန်းသို့ ဝင်ခြင်း၊ တတိယတန်း လက်မှတ်နှင့် ဒုတိယတန်းတွဲကို စီးခြင်း အစရှိသော ဖောက်ပြန်မှုကလေးများသည်လည်း မောင်စံလွန်နှင့် ၎င်း၏အိမ်သားများအား မကြာခဏ ဒုက္ခပေးလျက်ရှိ၏။ ဘိုင်စကုပ်ကြည့်နေစဉ် မိမိကြိုက်သောကားကို အနီးရှိ လူတစ်ယောက်က ပြောင်လှောင်ခဲ့လေလျှင်လည်း မောင်စံလွန်သည် ထိုသူနှင့် ရန်ဖြစ်ရန် အဆင်သင့်ရှိ၏။ စကားပြောသောအခါများ၌ မောင်စံလွန်သည် အသံကျယ်လောင်စွာနှင့် မြေကြီးကို ဖနောင့်နှင့်ဆောင့်ကာ လက်များကို လှုပ်ရမ်းလျက် အားရပါးရ ပြောလေ့ရှိ၏။ ထိုသို့





သော အပြုအမူများကြောင့် အချို့လူများက မောင်စံလွန်အား လူဆန်းတစ်ယောက်ဟု ပြောကြ၍ အများကမူ လူရူးတစ်ယောက်ဟု ဆိုကြ၏။

စင်စစ်သော်ကား ထိုလူများသည် မောင်စံလွန်ကို အကဲဖြတ်ရာတွင် တစ်ပိုင်းတစ်စမျှသာ မှန်၍ လုံးဝ မှန်သည်ဟု မဆိုနိုင်ချေ။ အရင်းအမြစ်ကို စစ်သော် ထိုသူသည် လောက၏ ချီးမွမ်းခြင်းကို အလိုရှိ၍ မိမိ၌ အစွမ်းသတ္တိနည်းပါးလျက် ကြီးကျယ်သော အလုပ်များကို လုပ်လိုခြင်းမျှသာ ဖြစ်၏။ လူ့လောက၌ အရည်အချင်း ရှိပါလျက် ကောင်းကောင်းစား၍ ကောင်းကောင်းဝတ်ပြီးလျှင် စည်းစိမ်နှင့် နေချင်သောသူများထဲသို့ အရည်အချင်း ရောက်နေ၍ သာမန် အရည်အချင်းရှိသူများ၌ အကြံကြီး အစည်ကြီးများ ရှိနေခြင်းသည်ကား ဤလောကကြီး၏ အလွဲလွဲအချော်ချော် မတော်တရော် ရှိသည်များအနက်တွင် တစ်ခုပေတည်း။

မောင်စံလွန်ကို သိသူများသည် သူ့အကြောင်းကို စဉ်းစားသွားမိကာ ပြုံးမိကြ၏။ ဤသူငယ်သည် လူကောင်းတစ်ယောက်ဖြစ်၍ ဒုက္ခရောက်သူများကို တွေ့ရသည့်အခါ သနားကြင်နာတတ်သော စိတ်ရှိကြောင်းကို လူတိုင်း သိသဖြင့် ဤသည့်အတွက် သူ့အား မြတ်နိုးကြ၏။

မောင်စံလွန်မှာ မဇောတင်နှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်၍ တစ်ယောက်နှင့် တစ်ယောက် ချစ်ကျွန်းတဝင် ရှိခဲ့ကြရာ တစ်နေ့သ၌ မဇောတင်ကို မရလျှင် သေတော့မည်ဟူသော စိတ်အကြံသည် ၎င်း၏ဦးခေါင်းထဲသို့ ရုတ်တရက် ဝင်၍ စိတ်ကို အနှောင့်အယှက် ပြုလေ၏။

မိန်းကလေး၏ မိဘများသည် သူငယ်ချင်းချင်း ဖြစ်၍ လွတ်လပ်စွာ တွေ့ဆုံခွင့် ရရှိကြလေရာ တစ်နေ့သ၌ မောင်စံလွန်က မဇောတင်နှင့် အဖော်လုပ်ရလျှင် လောကတွင် ကြီးကျယ်သော လူကြီးတစ်ယောက် ဖြစ်လာဖို့ ရှိပါသည်ဟု ဖွင့်ဟပြောလျက် တောင်းပန် တိုက်တွန်းပြီးလျှင် ထိုနေ့မှစ၍ အချိန်ကို အလဟဿ မဖြုန်းတီးတော့ဘဲ မိမိ၏တစ်သက်တာ လုပ်ငန်းစဉ်ကို ရေးဆွဲပါတော့မည်ဟု အကြံပြုဖူး၏။ မည်သည့်အလုပ်မျိုးကို လုပ်ရမည်ဟူ၍ကား မပိုင်းဖြတ်ရသေးချေ။ သို့သော် အချိန်တန်သောအခါ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်မိ၏။ ချစ်ကြိုက်လျက် ရှိသောသူတို့၏ သဘာဝအတိုင်း ရှေ့လမ်းစဉ်ကို မျှော်ကြည့်လိုက်သောအခါတွင် တပြောင်ပြောင်တဝင်းဝင်း အရောင်လင်းလျက် ရှိသည်ကိုသာ မြင်မိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မတေင်ကမူ မောင်စံလွန်ပြောသော စကားကို နားမဝင်ခဲ့ချေ။ နှစ်ယောက်အတူနေရလျှင် ကြီးပွားလိမ့်မည် ဆိုသော်လည်း မတေင် မြင်သမျှမှာ မောင်စံလွန်သည် စိတ်ကူးသမား လူပျင်းတစ်ယောက် သက်သက်ဖြစ်၍ အပြောနင့်သာ လွမ်းနေသည်ဟု အောက်မေ့၏။ မိခင်ပြောဖူးသည့် စကားအတိုင်း မောင်စံလွန်သည် လူကောင်းကလေးတစ်ယောက် ဖြစ်သော်လည်း ဘဝင်မြင့်၍ စိတ်ကူးယဉ်ဝင်နေသည်ဟု ယုံကြည်၏။ မအေးတင်သည် မောင်စံလွန်၏ ကောင်းသောအခြင်းအရာများကို မြင်သော်လည်း ချစ်ကြိုက်သော စိတ်မဖြစ်ပေါ်ခဲ့ချေ။ မောင်စံလွန်က မတေင်အား အကြိမ်ကြိမ် တောင်းပန်တိုက်တွန်းခြင်းများအနက် နောက်ဆုံးတစ်ကြိမ်ကို ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးလေပြီ။

အိမ်သို့ပြန်ရောက်သောအခါ နှမကလေး၏ မျက်နှာကို မြင်လိုက်သော်လည်း အကြောင်းထူးလှသည် မထင်သဖြင့် အမှတ်တမဲ့နေလိုက်မိလေရာ မောင်စံလွန်သည် အိမ်ကြီးကို ကျော်လွန်၍ ခြံထောင့်၌ရှိသော ၎င်းတဲကလေးဆီသို့ လျှောက်သွားလေ၏။ တဲကလေးအတွင်းသို့ ရောက်သွားသောအခါ မောင်စံလွန်သည် ကျဉ်းမြောင်းလှသော တဲကလေးရှေ့ဆောင်၌ ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်ရင်း ဆက်လက်၍ အကြံထုတ်နေပြန်သော်လည်း အိမ်သားများက မိမိတို့အလုပ်နှင့် မိမိတို့ နေကြသဖြင့် ဂရုမစိုက်မိကြချေ။

မောင်စံလွန်၏ အကြံမှာကား လောကကြီးမှ စွန့်ခွာထွက်သွားရန် ဖြစ်လေရာ လူ့ဘောင်ကို စွန့်လွှတ်၍ ရဟန်းဘောင်သို့ ကူးရလျှင် တော်လောက်နေပြီလော၊ သို့တည်းမဟုတ် မိမိ၏အသက်ကို အဆုံးစီရင်၍ လောကမှ တစ်ခါတည်း ထွက်သွားရချေမည်လော၊ မည်သည့်အပြုအမူသည် ပို၍ လောကကြီးကို တုန်လှုပ်ချောက်ချားခြင်း ဖြစ်စေနိုင်သနည်း ဟူသော အခြင်းအရာကိုသာလျှင် ရွေးချယ်နေခြင်း ဖြစ်လေသည်။

အသက်ရှင်လျက်ရှိစဉ် တုန်လှုပ်ချောက်ချားအောင် မတတ်နိုင်ခဲ့လျှင် အသက်ပေး၍ တုန်လှုပ်အောင် လုပ်ချေအံ့ဟု ဆုံးဖြတ်လိုက်၏။ မိမိ၏ အရည်အချင်းကို မြတ်နိုးခြင်း မရှိသော မတေင်သည်လည်း သေသောအခါမှ နှမြောတမ်းတလျက် ကျန်ရစ်စေမည်ဟု ကြုံးဝါးလိုက်သေး၏။





နောက်ဆုံး၌ မောင်စံလွန်သည် ထောင့်တွင် ကပ်၍ရိုက်ထားသော ပျဉ်ပြားစားပွဲကလေး၌ ထိုင်လျက် အောက်ပါစာကို စီကုံးရေးသားလေ၏။

* * *

**မှာထားခဲ့သည် နှမတင်တင်**

*လွန်လွန် မရှိတော့ဘူးဟူသော သတင်းကို တင်တင်ကြားသိရသောအခါ ငယ်ပေါင်းကြီးဖော်ဟူ၍ စိတ်ဆင်းရဲခြင်းမဖြစ်ဘဲ ပြုံးပြုံးကလေး နေနိုင်လိမ့်မည်ဟု မျှော်လင့်ပါ၏။ နေလည်း နေလိမ့်မည်ဟု ယုံကြည်ပါ၏။ တစ်သက်လုံး ပြုံးပြုံးကလေးချည်း နေသွားနိုင်ပါစေဟူ၍လည်း ဆုတောင်းလိုက်ပါ၏။ ဤစာကို ရေးသားလျက်ရှိသေးသော လက်ကလေးသည် ယခုလှုပ်ရှားလျက်ရှိသေးသော်လည်း မကြာမီအတွင်း ရပ်စဲသွားပေတော့မည်။ ဆက်လက်၍ အသက်ရှင်စေနိုင်သောသူမှာ တင်တင်တစ်ယောက်ရှိပါသော်လည်း တင်တင်က ထိုကဲ့သို့ ဖြစ်စေဖို့ အလိုမရှိသည့်အတွက်ကြောင့် သွားရပါတော့မည်။ ဤရွာ၌ လည်းကောင်း၊ ဤနယ်၌ လည်းကောင်း၊ ဤပြည်၌ လည်းကောင်း၊ လောကကြီး တစ်လုံး၌ လည်းကောင်း လွန်လွန်၏စိတ်ကူးအကြံအစည်များကို ရိပ်မိနားလည်သူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ ခင်မင်သူများက ခင်မင်ကြသော်လည်း ၎င်းတို့သည် လွန်လွန်၏ အပေါ်ယံ အရည်အချင်းလောက်ကိုသာ သိကြ၍ အတွင်းသဘောကို နက်နက်ရှိုင်းရှိုင်းမသိကြပါ။*

*ပထမ၌ လွန်လွန့်အကြောင်းကို နားလည်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ယခုမှ တင်တင်လည်း နားမလည်ကြောင်း သိရပါပြီ၊ သူများနည်းတူ အပေါ်ယံမျှလောက်ကိုသာ ကြည့်တတ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်ကို သိရပါပြီ။ လူ့လောကကြီးတစ်ခုလုံးသည် အိပ်ကာ၊ စားကာ၊ ရယ်ကာ၊ မောကာနှင့်သာ အချိန်ဖြုန်းနေကြပေရာ ဘာမျှစိတ်ကူးလည်း မရှိ၊ စိတ်ကူးရှိသူများအကြောင်းကိုလည်း သူတို့နားမလည်ကြပါ။ ဤသို့သော လောကကြီး၌ နေလိုသော်လည်း အချည်းနှီးမျှသာ ရှိတော့သည်။ တင့်တင့်အပေါ်ရှိသော လွန်လွန့်မေတ္တာမှာ သာမန်တို့၏ မေတ္တာမျိုးမဟုတ်။ တလောကမှ တစ်ယောက်၊ တစ်ကမ္ဘာမှ တစ်ကြိမ်၊ ဖြစ်ပေါ်ခဲလှသော မေတ္တာစိတ်မျိုးဖြစ်သည်။ သို့သော် တင်တင် ဤအကြောင်းကို သိလည်းမသိ တန်ဖိုးလည်း*



www.burmeseclassic.com

www.burmeseclassic.com



*မထားခဲ့ချေ။ လွန်လွန်ကို တစ်ခါတစ်ရံ သတိရလျှင် ဤစာကလေးနှင့်ပင် အလွမ်းဖြေရစ်ပေတော့။ ဤစာကို တင်တင်ရရှိသော အချိန်တွင် လွန်လွန်မှာ ဤလောကဌ် ရှိတော့မည်မဟုတ်ချေ။*

*"နေရစ်ပေတော့ တင်တင်"*

*"ရယ်ကာမောကာ နေနိုင်ပါစေသတည်း"*

**သွားလေသူ–လွန်လွန်**

အထက်ပါစာကို ရေးသားပြီးနောက် မောင်စံလွန်သည် စာကို လေးငါးရစ်ခေါက်မျှ အထပ်ထပ်ဖတ်ရှု၍ လေးနက်သည်ထက် လေးနက်စေရန် စကားလုံးများကို ပြင်ဆင်ပေသေး၏။ ဤစာကို တင်တင်ဖတ်ရှုသည့်အခါ ရင်ကွဲနာကျရမတတ် ဝမ်းနည်းသွားလောက်သည်ဟု ကျေနပ်သည်တွင်မှ မောင်စံလွန်သည် မိခင်နှင့် နှမများထံ အောက်ပါစာတစ်စောင်ကို စီကုံးပြန်လေ၏။

**မွေးသမိခင်နှင့် နှမလေးထံ**

*မိခင်တို့ကို ဖွင့်ဟတိုင်ပင်သော်လည်း နားလည်နိုင်မည့် ကိစ္စမဟုတ်သောကြောင့် မတိုင်မပင် ထင်ရာလုပ်သည်ဆို၍ အပြစ်မတင်ရစ်ကြပါနှင့်တော့။ ကျွန်တော်က ချစ်ခင်ကြင်နာခြင်းကား အမှန်ဖြစ်ပါသည်။ မိခင်တို့ကလည်း ကျွန်တော့်ကို ချစ်ခင်ကြင်နာကြောင်း ကျွန်တော်သိပါ၍ ကျွန်တော့်အကြောင်း သိရသည့်အခါ ဝမ်းနည်းမိပါသည်။ သို့သော် လောကကြီးမှာ ၅၂၈ သွယ်သော မေတ္တာနှင့် မလုံလောက်၊ ၁၅၀၀ ပြည့်မှသာ ကျေနပ်နိုင်မည်ဖြစ်ရာ ကျွန်တော်မှာ ဖူးစာဖက်မရှိသောကြောင့် နေထိုင်သော်လည်း အချည်းနှီးမျှ ဖြစ်ရပါတော့မည်။ နှမလေးမှာ မောင်ကြီးမရှိသည့်အတွက် အမွေပို၍ ရလိမ့်မည်ဟူ၍ ဖြေဆည်ရစ်ပေတော့။*

*ဤစာကို မိခင်တို့ ရရှိသော အချိန်တွင် သားတော်မောင်မှာ လူ့ပြည်ဌ် ရှိတော့မည် မဟုတ်ပါ။ ကန်တော့ခဲ့ပါသည် မွေးသမိခင်ကြီးခင်ဗျား…။*

**စံလွန်**

ထိုစာကိုလည်း သုံးခေါက်ဖတ်ပြီးမှ မောင်စံလွန်သည် သူငယ်ချင်း မိတ်ဆွေများထံ စာများကို ရေးသားလေရာ ၎င်းတို့မှာ အောက်ပါအဓိပ္ပာယ် အတိုင်း ဆင်တူရိုးမှားများသာ ဖြစ်လေသည်။





**သူငယ်ချင်း**

*ဤစာကို လက်ခံရရှိသော အချိန်တွင် သူငယ်ချင်းမောင်စံလွန်မှာ လူ့ပြည်ဌ်မရှိတော့ပြီဟု မှတ်ရစ်တော့၊ အချည်းနှီးအလုပ်မျိုးနှင့် အချည်းနှီး နေထိုင်ရန် အလိုမရှိသောကြောင့် သွားတော့မည် သူငယ်ချင်း။*

**စံလွန်**

မောင်စံလွန်သည် အထက်ပါ စာအတိုင်း လေးငါးစောင် ရေးသားပြီးနောက် စာအိတ်များတွင် ထည့်၍ လိပ်တပ်လေရာ ၎င်း၏ မျက်နှာမှာ ချွေးများ ဒီးဒီးပြန်လျက် ရှိ၏။ သေရေးနေရေးအကြောင်း ရေးသားနေသောကြောင့်လောက်သည့် ချွေးသုတ်ရန်မျှလောက်ကို ဂရုစိုက်မနေနိုင်ချေ။

ထို့နောက် မောင်စံလွန်သည် စာများကို အိတ်တွင် ထည့်လျက် ဝါဟုတ်ကလေးကို ကောက်ယူ၍ ဝက်လက်ဘူတာသို့ လျှောက်သွားပြီးလျှင် စာတိုက်မှ ခေါင်းများ ဝယ်ယူကပ်ပြီးမှ စာပုံးထဲသို့ ထည့်ခဲ့လေ၏။ စာများမှာ နောက်တစ်နေ့ နံနက်တွင် လိပ်တပ်ထားသည့်အတိုင်း အသီးသီး လက်ပယ်သို့ ရောက်ကြရမည် ဖြစ်လေသည်။

ညစာ စားပြီးနောက် မောင်စံလွန်သည် မိမိ၏ တဲကလေးထဲသို့ ဝင်သွား၍ တံခါးကို လုံခြုံစွာ ပိတ်ထားပြီးမှ ရွက်ဖျင်ကုလားထိုင် ကလေးပေါ်ဌ် ထိုင်ကာ စဉ်းစားစိတ်ကူးနေပြန်၏။ စဉ်းစားခြင်းကား မိမိ၏အသက်ကို မည်သည့်နည်းနှင့် အဆုံးစီရင်ရမည်နည်း ဟူသောအချက်ပင် ဖြစ်လေသည်။ စီရင်ရန်မှာ နှစ်နည်းဖြစ်၍ ဓားမြှောင်လည်း အသင့်ရှိ၏။ ကြိုးတစ်ချောင်းလည်း အသင့်ယူထားခဲ့လေပြီ။

ကြိုးဆွဲချသေခဲ့သော် လည်ပင်းအစ်၍ အခံရခက်သောဝေဒနာကို ကြောက်ရွံ့၏။ သေရမည်ကို မကြောက်သော်လည်း လည်ပင်းအစ်ရမည့် အရေးကိုကား တွေး၍လန့်နေ၏။ သို့ဖြစ်၍ ညနေကတည်းက အထူးထက်မြက်အောင် သွေးထားသော ဓားမြှောင်ကို ထုတ်ယူ၍ မောင်စံလွန်သည် ဓားသွားကို လက်ဖြင့် စမ်းသပ်ကြည့်ရာ ချွန်မြလျက်ရှိသည်ကို တွေ့ရသဖြင့် ရင်ဝသို့ တစ်ချက်တည်း ထိုးပစ်လိုက်လျှင် သေနိုင်လောက်သည်ဟု အောက်မေ့သည်နှင့် ဓားနှင့်ပင် သေပါတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထိုးသောအခါဌ် လက်ကို မည်မျှလောက်ဆန့်၍ မည်ကဲ့သို့ ထိုးလိုက်လျှင် သေလောက်သည်ဟူ၍ပင် နှစ်ကြိမ် သုံးကြိမ် ချိန်ရွယ်စမ်းသပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သေး၏။ သို့ဖြစ်၍ သေနိုင်သောအချိန်တွင် သေနိုင်ပြီဟု စိတ်ချလက်ချ နေနိုင်သည့်ပြင်၊ တစ်ညလုံး အချိန်ရှိနေသောကြောင့် ကတိုက်ကရိုက် လုပ်ဖို့မလိုဟု အောက်မေ့လျက် ခားမြောင်ကို စားပွဲပေါ်၌ လက်တစ်ကမ်း အတွင်း တင်ထားပြီးမှ ပက်လက်ကုလားထိုင်ပေါ်တွင် တင်ကာ ရှေးဟောင်း နှောင်းဖြစ်များကို စိတ်ကူးနေလေ၏။

စာပို့သော ကုလားမှာ နံနက်စောစော အချိန်တွင်မှ လာမည်ဖြစ်သော ကြောင့် ထိုအတောအတွင်း လုပ်ချင်သည်ကို လုပ်၍ စိတ်ကူးချင်သည်ကို စိတ်ကူးနိုင်သည့် အချိန်ရှိသေးသည်ဟု အောက်မေ့ကာ ဆေးပေါ့လိပ်ကြီး တဖွားဖွားနှင့် စဉ်းစားနေလေ၏။

မောင်စံလွန်သည် မိမိ အသက်ကို ပြန်လည်ဆင်ခြင်သည့်အခါတွင် မိုက်မဲသော အပြုအမူကလေးများကို တွေ့ရသော်လည်း အတွင်းစိတ်ထားမှာမူ အခါခပ်သိမ်း ကြီးရင့်မြင့်မြတ်သည်ဟူ၍သာလျှင် မိမိကိုယ်ကို မိမိမြင်မိ၏။

ဤနည်းအားဖြင့် မှတ်မိသော အရွယ်မှစ၍ ကျောင်းသားအရွယ်သို့ တိုင်အောင် လည်းကောင်း၊ ကျောင်း၌နေစဉ်က အပေါင်းအသင်း သူငယ် ချင်းများနှင့် ဖြစ်ပျက်ခဲ့သော အခြင်းအရာများကို လည်းကောင်း အသေး စိတ်၍ တစ်ခုစီ တစ်ခုစီ ပေါ်လာသည့်တိုင်အောင် စိတ်ကူးနေလေရာ သန်းခေါင်ကျော်လတ်သော အိပ်ချိန်တွင် မအိပ်ရဘဲ နိုးနေသောသူတို့ ထုံးစံ အတိုင်း အစာကြေပျက်၍ ဆာလောင်မွတ်သိပ်လာတော့၏။

မောင်စံလွန်သည် မကြာမီကာလတွင် သေတော့မည်ဖြစ်၍ ဆာလောင် ခြင်းမှုလောက်ကို အရေးမလုပ်ဟု အောက်မေ့သော်လည်း ကြာလေဆာလေ ဖြစ်နေသောကြောင့် ဝမ်းတောင့်တောင့်ကလေး သေရလျှင် ကောင်းလိမ့်မည် ဆိုကာ ကြွက်လျှောက်ပေါ်၌ ထားသော ပေါင်မုန့်ခြောက်ဘူးကို ထ၍ ယူလေ၏။

သံဘူးမှာ မပွင့်တပွင့် ရှိနေရာကား ကြွက်တစ်ကောင်သည် သံဘူး ထဲသို့ဝင်၍ မုန့်ခြောက်ကို စားလျက်ရှိရာမှ မောင်စံလွန်ချဉ်းကပ်လာသဖြင့် ရုတ်တရက်လန့်ကာ ခုန်တက်လိုက်သည်တွင် မောင်စံလွန်လည်း "အလို လေးဗျ"ဆို၍ နောက်သို့ ခုန်ရှောင်လိုက်လေ၏။ သေရမည်ကို မကြောက်ဟု ဆိုပါလျက် ကြွက်မျှလောက်ကို ကြောက်ရာလေသလောဟု မေးဖွယ်ရှိပေရာ စင်စစ်မှာ သေခြင်းအကြောင်းကို စဉ်းစားစိတ်ကူးနေသူတို့၏ စိတ်သည်





ထုံးစံအတိုင်း အလွန်တရာ 'ကြွပ်'လျက် ရှိသောကြောင့် ထစ်ခနဲဆိုလျှင် လန့်ဖျပ်သွားတတ်ခြင်းမျှသာ ဖြစ်လေသည်။

မောင်စံလွန်သည် ထိုကဲ့သို့ လန့်ဖျပ်မိခြင်းအတွက် မိမိကိုယ်ကို မကျေနပ်နိုင်ဘဲ မျက်မှောင်ကြုတ်လျက် မုန့်ဘူးကို စားပွဲပေါ်တွင် တင်၍ ရေတစ်ခွက်ကိုလည်း ယူထားလေ၏။ ၎င်းနောက် ကုလားထိုင်ပေါ်၌ထိုင်ကာ မုန့်ခြောက်ဘူးကို တစ်ခုချင်း လှမ်းယူစားသောက်ရင်း ရေကိုလည်း တစ် ကြိုက်ချင်း သောက်ချလေ၏။

ထိုအတောအတွင်း မောင်စံလွန်၏စိတ်သည် ရပ်နားခြင်းမရှိဘဲ ဆက် လက်စိတ်ကူးလျက်ပင် ရှိလေရာ ရှေးဟောင်းနှောင်းဖြစ်များသည် တစ်ခုပြီး တစ်ခု ဘိုင်စကုပ်ရုပ်ရှင်ကဲ့သို့ ၎င်း၏မျက်စိထဲတွင် ပေါ်ပေါက်လာလျက် ရှိလေ၏။

* * *

ဆွမ်းခံပြန် အချိန်လောက်တွင် မောင်စံလွန်တို့၏ ဝင်းခြံရှေ့၌ လူများသည် ကြွက်စီကြွက်စီနှင့် စုရုံးလျက်ရှိကြပေရာ ၎င်းတို့မှာ မောင် စံလွန်၏စာကို ရရှိသဖြင့် အလန့်တကြား လာရောက်ကြသည့် မောင်စံလွန်၏ သူငယ်ချင်းများနှင့် ဗျာသူကြီးအပြင် မဇတင်လည်း ပါလာလေ၏။ မောင်စံလွန်တို့၏ နေအိမ်မှာမူ ချောင်ကျသောကြောင့် စာပို့ကုလားသည် ၎င်းနေရာသို့ မရောက်သေးဘဲ အခြားစာများကိုသာ ပေးရသေး၍ ၎င်း၏မိခင် တို့ကား စာကိုမရသေးချေ။ ထိုအချိန်တွင်မှ စာပို့ကုလားရောက်လာ၍ မိခင်အား စာတစ်စောင်ကို ပေးသဖြင့် ဖွင့်ဖတ်ပြီးလျှင် လူအားလုံး အုတ် အုတ်ကျက်ကျက် ဖြစ်သွားကြလေ၏။

နောက်ဆုံး၌ ဗျာသူကြီးက ရှေ့ဆုံးမှ ခေါင်းဆောင်လျက် မဇတင်နှင့် တကွ လူအားလုံးတို့သည် မောင်စံလွန်၏ တဲကလေးဆီသို့ စုရုံးသွားရောက် ကြလေရာ ဗျာသူကြီးသည် ပိတ်ထားသော တဲတံခါးကို ပေါက်ဆိန်နှင့် ပေါက်ဖွင့်ရန် အမိန့်ပေးလေ၏။ မဇတင်မှာမူ မောင်စံလွန်၏ နှမကလေးနှင့် ဖက်လျက် နောက်ဆုံး၌ ကျန်ရစ်ကြလေရာ မိခင်မှုကား တက်သွားသဖြင့် အချို့က ဝိုင်းနှိပ်ပေးနေကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထရံတံခါးကို ပေါက်ဆိန်နှင့် ပေါက်ဖွင့်၍ ပွင့်သွားသည်နှင့် တစ်ပြိုင်နက် လူများသည် တဲတွင်းသို့ စုပြုံဝင်သွားကြလေရာ အချို့လူများသည် တဲထောင့်ကို ရှေးဦးစွာ လှမ်းကြည့်မိကြလေ၏။ ရှေ့ဆုံးမှ လူများသည် ပက်လက်ကုလားထိုင်ဆီသွား၍ ချဉ်းကပ်ကြည့်ရှုသည်တွင် ထူးဆန်းသော အခြင်းအရာကို တွေ့မြင်ကြရလေ၏။

အဖြစ်အပျက်ကား ထူးဆန်းလှသည်မဟုတ်၊ ၎င်းတို့၏ တွေးထင်ချက်နှင့် မကိုက်သောကြောင့်သာလျှင် ထူးဆန်းသည်ဟု ခေါ်ဆိုရခြင်းဖြစ်လေသည်။ စားပွဲပေါ်၌ မုန့်ခြောက်ဘူးနှင့် ရေခွက်အနီးတွင် ဓားမြှောင်တစ်လက် တင်လျက်ရှိလေရာ ၎င်းတို့အနီး၌ မောင်စံလွန်၏ ခြေထောက်ကြီးသည် မိုးမျှော်ခါ ကုလားထိုင်ပေါ်မှ လှမ်းတက်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

ရှာသူကြီးလည်း မရေရာသော မျက်နှာထားနှင့် မောင်စံလွန်၏ မျက်နှာအနီးသို့ကပ်ခါ သေချာစွာ ကြည့်ပြီးမှ…

"ဟေ့ မောင်စံလွန်"

ဟု ခေါ်လိုက်ရာ မောင်စံလွန်သည် မျက်လုံးများကို ပွတ်ပြီးမှ ဖွင့်ကြည့်လိုက်သောအခါတွင် လူစုပရိသတ်ကို မြင်သဖြင့် အံ့သြသော မျက်နှာထားနှင့် ကုလားထိုင်မှ ရုတ်တရက် ခုန်ထလိုက်လေ၏။ ထိုနောက်မှ…

"ဘာလုပ်ကြတာလဲဗျ ခင်ဗျားတို့"

"တော်သကွာ၊ သူက ကောက်မေးလိုက်ချေသေး။ နေပါဦး ဖိုးစံလွန်ရဲ့ မင်းက လူတွေကို အရူးလုပ်တာလားကွ ဟင်"

ဟု သူကြီးက မေးလိုက်လေ၏။

"ကျုပ် ဘာလုပ်လို့တုန်းဗျ"

"မင်းက ကိုယ့်ကိုယ်ကို သတ်တော့မလို လုပ်ပြီး စာတွေ ဘာတွေ ရေးလို့ ဘာလုပ်တာလဲ၊ ကလေးကစားစရာ အောက်မေ့သလား မင်းက"

ထိုအခါမှ မောင်စံလွန်သည် မိမိ၏ အဖြစ်အပျက်များကို သတိရလာ၍–

"ဩော် ဟုတ်သားပဲ။ ဒီလိုပါ ခင်ဗျာ ကျုပ်က ဟိုဟာ ဟိုဒင်း စိတ်ညစ်တာနဲ့"

"အေး ဒီလို မင်းကျုပ်ကျုပ်လုပ်။ တော်တော်ကြာတော့ ထောင်ထဲ ရောက်သွားမယ် နားလည်လား"





ထိုကဲ့သို့ ကြိမ်းမောင်းရေရွတ်ပြီးနောက် သူကြီးနှင့် ရွာသားတို့သည် အခန်းတွင်းမှ ထွက်ခွာသွားကြလေရာ မောင်စံလွန်အပေါ်တွင် သူ့မိခင် သူ့နှမနှင့် မဇတင်တို့သာ ကျန်ခဲ့ကြလေ၏။

"ကဲ ကောင်းသေးရဲ့လား၊ မင်းလုပ်ပုံကြောင့် တို့တစ်တွေ အရှက်ကွဲကြပါပကော"

မောင်စံလွန် မိခင်သည် မျက်ရည်စက်လက်နှင့် ရှိုက်ကာငင်ကာ ပြောလိုက်လေရာ မောင်စံလွန်သည် ဇက်ကြိုးနေသူပမာ ခေါင်းမဖော်ဘဲ တားရာမှ မိခင်အား တစ်လှည့်၊ နှမဖြစ်သူနှင့် မဇတင်တို့အား တစ်လှည့် မော်၍ကြည့်လိုက်လေ၏။ မောင်စံလွန်သည် ဖြုန်းခနဲ ထလိုက်ရာက စားပွဲပေါ်ရှိ ဓားမြှောင်ကို ကောက်ယူလိုက်ခါ သူ့ရင်ဝသို့ ချိန်လိုက်လေ၏။ သို့သော် မောင်စံလွန်သည် သူ့ကိုယ်သူ မထိုးဖြစ်ခဲ့ချေ။ နှမဖြစ်သူနှင့် မဇတင်တို့၏ လက်မြန်မှုကြောင့်သာ သီသီကလေး လွတ်သွားလေ၏။

"ဘာလို့ ဆွဲရတာလဲ၊ တင်တင် ကျုပ်ကို မချစ်နိုင်ရင် ကျုပ်သေမှာ ကိုလဲ မစိုးပါနဲ့တော့ ဖယ်…ဖယ်ကြ"

မောင်စံလွန်သည် တကယ်ပင် ဝမ်းနည်းကြေကွဲသံကြီးနှင့် ပြောလိုက်ရာ မိန်းမသားမျှသာ ဖြစ်သော မဇတင်မှာ ကရုဏာမသက်ဘဲ မနေနိုင်တော့ရကား တားဆီးမရသော စေတသိက်တို့သည် မောင်စံလွန်အပေါ်တွင် ယိုဖိတ်လာပြီး နောက်များမကြာမီ မောင်စံလွန်သည် မရွယ်ဘဲနှင့် စောကဲမင်း ဖြစ်သွားလေသတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

# လူ့အဝတ် တောင်းအကွပ်

ရွှေဘိုဒီစတြိတ် ဘုုးကြီးကုန်းရွာကလေးမှာ အိမ်ခြေ ၁၀၀ ခန့်ရှိ၍ ရထားလမ်းနှင့်လည်း မနီး၊ လမ်းကြီးလမ်းကောင်းများနှင့်လည်း ကွာလှမ်းသည့်အပြင် အရပ်လေးမျက်နှာတို့၌ အနီးဆုံးရွာမှာ ငါးမိုင်ကျော် ကွာလှမ်းသည်ဖြစ်၍ 'မန်းမနီး ရေဝေး' ဆိုလောက်အောင် အလွန်တရာ ချောင်ကျသော ရွာကလေးဖြစ်ပေ၏။ ရွာသူရွာသားများမှာ ၎င်းနယ်ထုံးစံအတိုင်း တောင်သူဘာဝ လုပ်ကိုင်စားသောက်ကြ၍ အချို့မှာလည်း ရွာပတ်ဝန်းကျင်၌ရှိသော ထန်းတောကြီးမှ ထန်းရေချို၊ ထန်းရေခါး၊ ထန်းလျက်ချက်သော အလုပ်ဖြင့် အသက်မွေးကြ၏။ မှဆိုးအလုပ်ကို ဝါသနာပါသော အချို့လူများသည်လည်း မိုးဦးကျစအချိန်တွင် ယုန်လိုက်ခြင်း၊ ချိုးထောင်ခြင်း၊ စာထောင်ခြင်း စသည်ဖြင့် လုပ်တတ်ကြ၍ ရသမျှသော 'အကောင်ပလောင်' များကို ရွှေဘိုဈေးသို့သွား၍ ရောင်းချကာ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ပဲ စသော မီးဖိုချောင်ကိရိယာများကို ဝယ်ယူ၍ 'လင်တစ်ထမ်း မယ်တစ်ရွက်' စသည့်ဖြင့် ကိုယ်တိုင်ထမ်းရွက်ကာ ပြန်လာကြလေ၏။

တောင်သူတောင်သားတို့မည်သည်မှာ မဂ္ဂဇင်း သတင်းစာဖတ်ရှုသူနည်းပါးသဖြင့် ဗဟုသုတနည်းပါးသည် ဆိုစေကာမူ အခြားသော ရွာသားများမှာ တစ်ရွာနှင့်တစ်ရွာ, ကူးလူးဆက်ဆံခြင်းရှိသေးသဖြင့် ယုတ်စွာအဆုံးအားဖြင့် ဈေးစကား လက်ဖက်ရည်ဆိုင်စကား အကြော်ဆိုင်စကား စသည်ဖြင့် အနည်းအများ ကြားရသေး၏။ ဘုုးကြီးကုန်းရွာသားများမှုကား တစ်ခါတစ်ရံ





ရွှေဘိုမြို့ ချိုးခါရောင်း၍ ဆီ ပဲ ဝယ်ရန်သွားသူများမှတစ်ပါး အခြားဒေသများနှင့် ဆက်ဆံခြင်း နည်းပါးလှသည် ဖြစ်သောကြောင့် လွန်ခဲ့သော စစ်အတွင်းက မန္တလေးကသာတို့ ကျပြီး၍ မိမိတို့နယ်တို့ ဂျပန်များ ဝင်လာခြင်းကိုပင် ဂျာမနီလိုလို အီတလီလိုလို မှတ်ထင်နေကြသူများ ရှိလေသေး၏။

ဘုုးကြီးကုန်းရွာ မြောက်တံခါးအနီးတွင် တဲကုပ်ကလေးတစ်ခု၌ ဘိုးသာခေါင်နှင့် မြေးကလေးမနီတွတ်တို့သည် လယ်မြေကိုယ်ပိုင် မရှိသဖြင့် မြေငှားချစားရန်လည်း မတတ်နိုင်။ သူတစ်ပါး၏ လယ်မြေများကို အငှားလုပ်ရန်လည်း အဘိုးကြီးအို ခါးကုန်းကုန်းနှင့် မြေးမလေး မတောက်တခေါက်မျှသာ ဖြစ်သောကြောင့် မတတ်နိုင်သဖြင့် ထမင်းဟင်းကို အလျဉ်မီအောင် ခဲယဉ်းစွာ ရှာကြံစားသောက်ကြရ၏။ သို့ရာတွင် မြေးအဘိုးနှစ်ယောက်တည်းမျှသာ ရှိနေကြစေကာမူ ဦးသာခေါင်သည် သူတစ်ပါးကို မှီခိုကပ်ရပ်ချင်သော ဝါသနာမရှိသည်ဖြစ်၍ အိမ်နီးချင်းများထံ တစ်ပြည်တစ်ခွက် ချေးငှားဖူးသည်မရှိ၊ အလှူမင်္ဂလာဆောင်ရှိ၍မျှ တောရွာထုံးစံအတိုင်း တစ်အိမ်လုံးလိုက်၍ စားခြင်းမရှိဘဲ ဦးသာခေါင်လိုက်လျှင် မနီတွတ်သည် တစ်လမယ်ဝင် အိုးကလေးနှင့် တစ်ယောက်တည်းချက်စားတတ်လေသည်။

ကျွန်ုပ်တို့ရေးသားဖော်ပြမည့် အချိန်အခါမှာ ဂျပန်လက်ထက်ကဖြစ်၍ မနီတွတ်မှာ အမှန်အားဖြင့် အသက် ၂၀ နီးပြီ ဖြစ်သော်လည်း အခြားသော မိန်းမလေးများကဲ့သို့ အလှအပပြင်ဆင်လိုသော စိတ်လည်းမရှိ၊ လုံချည်တစ်ထည်အပြင် နှစ်ထည်လဲလှယ်စရာလည်း မရှိ၊ လက်ယက်ရုံလုံချည်နှင့် တလိုင်းပေါက်ဖျင်ကြမ်း လက်တိုကလေးဖြင့် ခေါင်းတည်မောင်းတည်နေလေ့ရှိရကား မိန်းကလေးများကသော် လည်းကောင်း၊ ကာလသားလူပျိုများကသော်လည်းကောင်း မနီတွတ်အား အပျိုစာရင်း မသွင်းကြချေ။ မနီတွတ်သည် သနပ်ခါး မတင်ဖူးသော မျက်နှာဖြင့် ဆီမတွေ့ဖူးသော ဆံပင်ကို ရုံစည်းကြိုးဖြင့် စည်းကာ လေထဲ၌ တလူလူရှိနေသဖြင့် ဓာတ်မသိသူများက အရူးမလေးပေလောဟု မှတ်ထင်လောက်သော်လည်း စေ့စေ့ကြည့်ခဲ့လျှင် မျက်ခုံးမျက်လုံးနှင့် သွားတို့၏ ကောင်းခြင်းကို မြင်နိုင်သည်ဖြစ်၍ လူအများက မထိမဲ့မြင် ပြုကြသလောက် အရုပ်ဆိုးသူတစ်ယောက် မဟုတ်သည့်ပြင် ပြုတတ်ပြင်တတ်သူဖြစ်ပါက ထိုရွာ၌ ၎င်းကိုမီသည့် မိန်းကလေးပင်ရှိမည်မဟုတ်ချေ။ သို့ရာတွင် မနီတွတ်၏ ရုပ်အဆင်းမှာ နီတွတ်သော



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်နှင့် ယောကျ်ားကြီးသဖွယ် ကြမ်းတမ်းသော အမူအရာတို့ဖြင့် ဖုံးလွှမ်းထားသည် ဖြစ်သောကြောင့် မနီတွတ်အား တစ်ကြိမ်အပြင် နှစ်ကြိမ်လှည့်ကြည့်သူဟူ၍ပင် မရှိချေ။ မနီတွတ်ဆိုသော အမည်မှာလည်း ၎င်း၏ ဆံပင်ရောင်မှ မှည့်ခေါ်ထားကြခြင်း ဖြစ်ပေရာ ရွာသူရွာသားများသည် မျက်နှာငယ်သော သားသမီးဖြစ်သည့်အလျောက် မနီတွတ်ဟူ၍ပင် မခေါ်ကြဘဲ တစ်ရွာလုံး 'နီတွတ်'နှင့်ပင် ပြီးကြလေတော့သည်။ သို့ရာတွင် နီတွတ်သည် မာနရှိသူ တစ်ယောက်ဖြစ်၍ နီတွတ်ဟုခေါ်သော လူငယ်မျိုးကို အဖက်လုပ်၍ ထူးခြင်း စကားပြောခြင်း မပြုချေ။ အချို့လည်း ပြင်၍ခေါ်ကြ၏။ အချို့ကမူ မပြင်လိုဘဲ လူကြီးများနည်းတူ လိုက်၍ခေါ်ကြလေရကား နီတွတ်က ပြန်မထူးသဖြင့် မိတ်ဆွေနည်းသော အဖြစ်သို့ရောက်ရလေတော့၏။ သို့ရာတွင် နီတွတ်ကမူကား တစ်ရွေးသားခန့်မျှ ဂရုမစိုက်ချေ။

"သူတို့သားသမီးတော့ မောင်ရယ် ခင်ရယ် သားရယ်နဲ့ လူများကိုတော့ နီတွတ်တဲ့။ ခေါ်လာကြနဲ့"

ဟု အချို့လူကြီးကိုပင် နီတွတ်က ပြန်ပြောလေ့ရှိ၏။ အချို့ကလည်း "မရှိစိတ်ကြီးဝင်ကလေးပဲ"ဟု ပြန်ပြောကြ၍ အချို့ကလည်း "သူ့ကိုယ်သူ မြို့အုပ်သမီးများ မှတ်နေထင်ပါရဲ့"ဟု မဲ့ရွဲ့ကာ ပြောတတ်ကြလေရာ နောက်ဆုံးတွင် နီတွတ်မှာ မိတ်နည်းသော အဖြစ်သို့ ရောက်ရလေ၏။ နီတွတ်ကမူ "မခေါ်ချင် သာတောင် ကောင်းသေး အထူးရသက်သာတယ်"ဟု ဆိုကာ ဂရုမစိုက်လှချေ။

ဘိုးသာခေါင်မှာ တောင်းပလုံးများစုတ်လျှင် ဖာထေးတတ်ခြင်း၊ ဓားရိုးကျွတ်လျှင် မြဲခိုင်အောင်တပ်ပေးခြင်း၊ ထရံပေါက်လျှင် ကပ်ရပ်ပေးခြင်း စသည်ဖြင့် တိုလီမိုလီအလုပ်ကလေးများတွင် "လက်မြောက်"သူတစ်ယောက်ဖြစ်၍ ဤအိမ်ထိုအိမ်တို့မှ အကူအညီတောင်းကြသည့်အတွက် ဆန်ဆီမျှလောက်ကို ဝယ်ရသည်မရှိဘဲ လက်ခနှင့်ပင် လုံလောက်လေ၏။ တောင်သူတောင်သားအဖို့၌ ဆီဆန်သည် အရေးအကြီးဆုံးသော အသုံးစရိတ်ဖြစ်သဖြင့် ဆီဆန်ဖူလုံသည်ဆိုလျှင်ပင် လူဖြစ်နိုင်လေတော့သည်။

ဘူးကြီးကုန်းရွာနှင့် မိုင်တစ်ဝက်ခန့် ကွာလှမ်းသောနေရာ၌ ရှေးဟောင်းကျောင်းဝိုင်းပျက်ကြီးရှိလေရာ ပတ်ဝန်းကျင်မှာ ဆွေးမြေ့လျက်ရှိသော အုတ်တံတိုင်းကြီးရှိ၍ ကျောင်းဝိုင်းဧရိယာမှာ သုံးဧကခန့် ကျယ်ဝန်း၏။ ထိုဝင်းကြီးအတွင်း၌ ကျောင်းအဆောက်အဦဆို၍ မရှိတော့ဘဲ ချုံပင်, ပေါက်ပင်များဖြင့် အန္တအပြားပေါက်ရောက်လျက်ရှိရာ ယခင်ကမူ ဘူးကြီးကုန်းတစ်ရွာလုံးသည် ၎င်းကျောင်းဝင်းကြီးအတွင်း၌ ကင်ပွန်းရွက်၊ ဆူးပုပ်ရွက်၊ ဆီးသီးစသော အသီးအရွက်များကို အလိုရှိတိုင်း ဝင်ရောက်ရှာဖွေ ခူးဆွတ်လေ့ရှိ၏။





နောက်နှစ်များတွင်မူ ဘိုးသာခေါင်နှင့် နီတွတ်တို့သည် လဲပြိုနေသော အုတ်တံတိုင်းမှ နွားများမဝင်နိုင်စေရန် ဆူးဖြင့် လုံခြုံစွာပိတ်ဆို့၍ ပေါက်ချင်တိုင်းပေါက်နေသော ချုံများကို သုတ်သင်ပြီးလျှင် အချို့သောနေရာတွင် ကင်ပွန်းပင်၊ ဆူးပုပ်ပင် စသဖြင့် အသေအချာစိုက်ပျိုးထားလေ၏။ မိုးခေါင်သဖြင့် အပင်ငယ်များ သေမည်ပြုစဉ်က နီတွတ်သည် ကန်ရေကို ဦးခေါင်းဖြင့်ရွက်၍ ရေလောင်းပေးလေရာ ဘိုးသာခေါင်ကလည်း မြေဟောင်းမြောက်ခြင်း၊ ပေါင်းသင်ခြင်းစသည်ဖြင့် ပြုစုပေးလေ၏။ နောက်ဆုံး၌ ကျောင်းဝင်းကြီးအတွင်း အပင်များသည် ကြီးပွားသန်စွမ်းလျက်ရှိရာ ဆောင်းရာသီတွင် ဆီးသီးများလည်းကောင်း၊ မိုးရာသီတွင် ဆူးပုပ်ရွက်စသည်ကို လည်းကောင်း နွေရာသီတွင် ကင်ပွန်းရွက်၊ ကင်းမွန်သီးများ လည်းကောင်း တစ်လှည့်စီ ပေါ်လျက်သာ ရှိလေတော့၏။

အချို့ရွာသားများကမူ ဘိုးသာခေါင်မြေးအဘိုး စိုက်ပျိုးထားသော အပင်များဆို၍ ၎င်းတို့ထံမှ ဝယ်သူစားသောက်ကြ၏။ အချို့ကမူ မိမိတို့ အစဉ်အလာ ခူးဆွတ်လာခဲ့ကြသော ကျောင်းဝင်းကြီးဖြစ်သည့်ပြင် ဘိုးသာခေါင်မြေးအဘိုးတို့၏ ဘိုးဘပိုင် ပစ္စည်းလည်း မဟုတ်သောကြောင့် မိမိတို့လည်း ဆိုင်သည်ဆို၍ ဝင်ရောက်ဆွတ်ခူးကြ၏။ သို့ဖြစ်၍ နီတွတ်သည် ထိုလူများကို ရန်ထောင်လေ့ရှိရာတွင် မိတ်နည်းသောအဖြစ်မှ ရန်သူပေါများသောအဖြစ်သို့ ရောက်သွားရလေ၏။

ဘူးကြီးကုန်းရွာ၌ လယ်မြေဧကအပေါ်များဆုံးဖြစ်၍ 'လူရည်တက်' ဟုခေါ်ဝေါ်သမုတ်ကြသော ဦးကျီစိုးနှင့် ဒေါ်နန်းပေါ် လင်မယားတို့တွင် တစ်ယောက်တည်းသော သား မောင်သာလွန်ဟူ၍ရှိ၍ ထိုသူငယ်သည် ရွှေဘိုမြို့ အင်္ဂလိပ်ကျောင်း၌ ပညာသင်လျက်ရှိစဉ် ဂျပန်ဝင်လာသဖြင့် ကျောင်းပျက်သွားသောကြောင့် ရွာတွင် မိဘများနှင့်အတူ နေထိုင်လျက်ရှိ၏။ အင်္ဂလိပ်ကျောင်းသားဆို၍ အခြားအလုပ်ကြမ်းများ၌ မခိုင်းစေသော်လည်း ဒေါ်နန်းပေါ်သည် သမီးမိန်းကလေးလည်း မရှိ၊ ရွာသူတို့ ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့်ဆွတ်ခူး၍ ရနိုင်လောက်သော ဟင်းသီးဟင်းရွက်ကို ပိုက်ဆံပေးဝယ်ရန်လည်း အလွန်နှမြောလှသောကြောင့် ချက်ပြုတ်ချိန်နီးသောအခါတွင် သားကလေး မောင်သာလွန်အား ဆူးပုပ်ရွက်၊ ကင်ပွန်းရွက် စသည်တို့ကို ဆွတ်ခူးရန် ခိုင်းစေလေ့ရှိ၏။ မောင်သာလွန်မှာ အခြားရွာသူရွာသားများကဲ့သို့ မည်သည့်နေရာ၌ 'အလေ့ပေါက်'ဟင်းရွက်များရှိသည်ဟု မသိသည်နှင့် နီတွတ်တို့၏ ကျောင်းဝင်းသို့ဝင်၍ အလွယ်တကူခူးဆွတ်ရာတွင် နီတွတ်နှင့် တွေ့သဖြင့် ရန်ထောင်ခြင်း ခံရ၏။

ပထမ၌ မောင်သာလွန်သည် စပ်ဖြဲဖြဲမျက်နှာနှင့် နီတွတ်ဆိုပြောသမျှကို ခံနေသော်လည်း နီတွတ်က လူရည်တတ်သားတန်ပဲလျက် သူတစ်ပါးစိုက်ပျိုးပြုစုထားသော ဟင်းသီးဟင်းရွက်ကို အလွယ်တကူ ဆွတ်ခူးရချေသလောဟု ပြောလျက် မိန်းမသားနှင့် အဘိုးကြီးပစ္စည်းဖြစ်သောကြောင့် အနိုင်ကျင့်ဝံ့သည်၊ ဘာသည် ညာသည်နှင့် ရန်ထောင်ရာတွင် ဥပဒေစည်းကမ်းကို နားလည်ယောင်ကားရှိသော အင်္ဂလိပ်ကျောင်းသား ဖြစ်သည့်အလျောက် နီတွတ်တို့၏အဘိုးပိုင် မြေမဟုတ်ကြောင်းနှင့် ပြန်လည်ချေပလေ၏။ ထိုအခါ နီတွတ်သည် ဒေါသထွက်လာ၍ အမျိုးကို ထိခိုက်ကာနာလောက်အောင် ဆိုလေ၏။ မောင်သာလွန်၏ ဦးလေးတစ်ယောက်မှာ မန္တလေးသို့သွားစဉ် ဂျပန်ဗုံးမိသဖြင့် သေဆုံးခဲ့ဖူးရာ နီတွတ်က မတရားပြုကျင့်သော အမျိုးဖြစ်သောကြောင့် သေခြင်းဆိုးနှင့် သေရသည်ဟု ပြော၏။ သို့ရာတွင် မောင်သာလွန်က စိတ်မဆိုးဘဲ…

"မဟုတ်ပါဘူး မနီတွတ်ရယ်၊ ဒီမြေကြီးဟာ မနီတွတ်တို့ချည်းပိုင်တာမဟုတ်၊ တစ်ရွာလုံး ဆွတ်ခူးပြီးစားလာခဲ့ကြတဲ့ ဘုံဆိုင်မြေကြီးကပဲ မနီတွတ်ရဲ့"

ပြောသောအခါ နီတွတ်က–

"လေဟာ ဘုံဆိုင်ပစ္စည်း မဟုတ်လား၊ ဘယ်သူမဆို အသက်ရှူနိုင်တယ် မဟုတ်လား၊ ဒါပေမယ့် မောင်သာလွန်တို့ အိမ်ခေါင်မိုးပေါ်တက်ပြီး ကျုပ်က အသက်ရှူမယ်ဆိုရင် ခံနိုင်ပါ့မလား။ ရိုက်မချပေဘူးလား"

ဟု ပြန်မေးလေ၏။ စာမတတ်သော တောသူကလေးတစ်ယောက်ဖြစ်သည့်အပြင် အူတူတူပေါ်တောတောဟူ၍ တစ်ရွာလုံးက ယူဆနေကြသော နီတွတ်က ဤစကားကိုပြောသောအခါတွင် မောင်သာလွန်မှာ ရွှေဘိုမြို့ကြီးသို့သွား၍ ပညာသင်ခဲ့သော အင်္ဂလိပ်ကျောင်းသားဖြစ်ပါလျက် အချက်ကျအောင် ပြန်လည်ချေပရန် မတတ်နိုင်သည်နှင့် ရှက်ရမ်းရမ်းသည့်အနေဖြင့် နီတွတ် မခံချင်လောက်အောင်…

"ခွေးက လူစကားပြောထွက်သည်"

ဘာသည်၊ ညာသည် စသည်ဖြင့် အနိုင်ပြောချင်သော တောသားတို့ထုံးစံအတိုင်း စည်းမဲ့ကမ်းမဲ့ ပြောလေ၏။ နောက်ဆုံး၌ မောင်သာလွန်နှင့် နီတွတ်တို့သည် ရန်ဖြစ်ကြ၍ နီတွတ်က ဆူးခုတ်သောဓားရှည်နှင့် ပေါက်လိုက်ရာ ခြေထောက်အနီးတွင် ပွတ်၍ကျသွား၏။ ထိုအခါ မောင်သာလွန်က နီတွတ်၏ဦးခေါင်းကိုပုတ်လိုက်ရာ နီတွတ်လည်း ရှိုက်ကြီးတငင်ငိုယိုကာ အိမ်သို့ပြန်ပြေး၍ မောင်သာလွန်၏ မိဘများကို တိုင်တန်းလေ၏။ ဒေါ်နန်းပေါ်လည်း မိန်းကလေးအမျက်ပြေစေခြင်းငှာ ဆူးပုပ်ရွက်ဖိုးဆို၍ ပိုက်ဆံတစ်မတ်ပေးသော်လည်း နီတွတ်သည် ဆင့် ၂၅ တန်စက္ကူကလေးကို လွှင့်ပစ်ခဲ့၍ ၎င်းတို့မိသားတစ်စုကိုကား ကမ္ဘာမကျေဆိုကာ ရေရွတ်ကျိန်ဆဲလျက် အိမ်သို့ ပြန်ပြေးလာခဲ့လေ၏။

* * *

ထိုနေ့မှစ၍ ဒေါ်နန်းပေါ်သည် မောင်သာလွန်အား ဟင်းရွက်မခူးခိုင်းတော့ဘဲ ဖြစ်တတ်သလို ဝယ်ယူစားသောက်လေတော့၏။ နီတွတ်ကမူ ဒေါ်နန်းပေါ်တို့အိမ်သားများကို ခေါ်ပြောခြင်းလည်း မပြု၊ ဟင်းရွက်လည်း မရောင်းချေ။

"ဟင်းရွက် လက်တစ်ဆုပ်စာကို ရွှေတစ်ကျပ်သားပေးတောင် မရောင်းဘူး၊ ကျုပ် ဟင်းရွက်မစားလို့ တော်တို့ ငတ်သေကုန်မယ်ဆိုရင် တော်သေတာကြည့်နေမယ်၊ ဟင်းရွက်တော့ မရောင်းဘူး"

ဟု နီတွတ်က ပြောလေ့ရှိ၏။ တစ်နေ့သ၌ ဒေါ်နန်းပေါ်တို့နေအိမ်သို့ ဧည့်သည်များ ဆိုက်ရောက်လာရာတွင် ဒေါ်နန်းပေါ်သည် ဧည့်သည်များအား "ဟင်းရေသောက်"မပါဘဲ ထမင်းမကျွေးလိုသည်နှင့် ဟင်းချိုအိုးကို မီးဖိုပေါ်တွင် တည်ထားပြီးမှ မောင်သာလွန်အား ဟင်းရွက်ခူးခိုင်းလိုက်လေ၏။ မောင်သာလွန်သည် စက်ဘီးကိုဆွဲထွက်လာ၍ ရွာပြင်ရှိ ချုံတန်းများတွင် ဟင်းချိုရွက်ရှာပါသော်လည်း ကျင်လည်သူတစ်ယောက် မဟုတ်သဖြင့် ဟင်း







www.burmeseclassic.com

www.burmeseclassic.com



အိုးတစ်ခတ်စာမျှ ဟင်းရွက်ရှာမရနိုင်ဘဲ တဝဲလည်လည်ဖြစ်နေပြီးမှ နီတွတ်တို့၏ကျောင်းဝင်းသို့ ရောက်သွား၍ နီတွတ်မရှိသေးအထင်နှင့် စက်ဘီးကို ထောင်ကာ ပြည်ပန်းညိုစသော ဟင်းရွက်များကို ခူးလေ၏။

ဂျပန်ခေတ်က ရာဇဝတ်ဝန်ဦးထွန်းလှအောင်သည် ရွှေဘိုနယ်တစ်ဝိုက်၌ နာမည်ကျော်လူဆိုးများကို ကွပ်ညှပ်သုတ်သင်လိုက်ပြီးသည့်နောက်၌ ဓားပြတိုက်မှု အကြီးအကျယ်ဟူ၍ အလွန်နည်းသွားသော်လည်း အသေးအဖွဲ လုယက်မှုကလေးများမှုကား တဖြောက်ဖြောက် ရှိနေသေး၏။

အလစ်သမားတစ်ယောက်သည် ကျောင်းဝင်းအုတ်တံတိုင်းတွင် မှီထောင်ထားသော မောင်သာလွန်၏စက်ဘီးကို မြင်သဖြင့် အလစ်သုတ်မည်ပြုဆဲတွင် မောင်သာလွန်က မြင်သဖြင့် ဟင်းရွက်ခူးရာမှ ပြေးထွက်လာ၍ သူခိုးနှင့် နပန်းလုံးကြလေ၏။ ထိုခဏ၌ နီတွတ်သည် ဆူးခုတ်သော ဓားရှည်ကြီးကို ကိုင်လျက် ဟင်းရွက် ထည့်ထားသော လွယ်အိတ်ကို ပခုံး၌ လွယ်ကာ လျှောက်လာလေရာ နီတွတ်သည် လူနှစ်ယောက် ထွေးလုံးသတ်ပုတ်နေကြသည်ကို မြင်ရသော်လည်း ချုံအနည်းငယ် ကွယ်လျက်ရှိသည့်ပြင် မိမိတို့အလုပ်၌ စိတ်ဝင်စားလျက်ရှိကြသော မောင်သာလွန်နှင့် လူဆိုးတို့ကမူကား နီတွတ်ကို မမြင်ကြချေ။

ပထမ၌ နီတွတ်သည် မည်သူမည်ဝါတို့ဖြစ်ကြသည်ကို မသိသေးသော်လည်း အတော်အတန် သတ္တိကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်၍ ထွက်ပြေးဖို့ စိတ်မကူးဘဲ ချုံကွယ်မှချောင်းကြည့်လိုက်ရာတွင် မိမိနှင့် ရန်ဖြစ်ဖူးသော သာလွန်နှင့် သူခိုးတစ်ယောက် သတ်ပုတ်နေကြခြင်းဖြစ်သည်ကို တွေ့မြင်ရလေ၏။ ထိုကဲ့သို့ သိကာစအခါတွင် နီတွတ်သည် မိမိ၏ဦးခေါင်းကို ပုတ်ခတ်ဖူးသော ရွာသားတစ်ယောက် ဖြစ်သည့်အတွက် မည်သည့်ဘက်သို့မျှ မေတ္တာမထားဘဲ အမှတ်မဲ့သာလျှင် ချောင်းကြည့်နေလေ၏။

လူဆိုးနှင့် သာလွန်တို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက် လက်သီးများနှင့် ထိုးကြိတ်သတ်ပုတ်နေရာမှ အတန်ငယ် လက်ပန်းကျလာကြသည့် လက္ခဏာနှင့် တစ်ယောက်၏လည်ပင်းကို တစ်ယောက်က ဖျစ်ညှစ်ကာ ရှေ့တိုးနောက်ငင် ဘယ်ယိမ်းညာနွဲ့ ဖြစ်နေကြစဉ် နီတွတ်လည်း မည်သူ့ဘက်ကမျှ ရှေ့တိုးရန် ဆန္ဒမရှိဘဲ ကြည့်မြဲတိုင်း ကြည့်နေလေ၏။





လူနှစ်ယောက်တို့မှာ ဗလတူညီနေသည့် လက္ခဏာနှင့် တစ်ယောက်ကိုတစ်ယောက် လဲအောင်လည်း မလှဲနိုင်၊ နာအောင်လည်း မတတ်နိုင်ဘဲ မြေပေါ်တွင် ယိမ်းထိုးလျက်ရှိကြရာ မျက်လုံးများမှုကား ဒေါသကြောင့် တစ်ကြောင်း၊ လည်ပင်းကို ဖျစ်ညှစ်ခြင်းခံရသဖြင့် အသက်အောင့်နေသည့်အတွက်ကြောင့် တစ်ကြောင်း ပေါက်ကွဲထွက်တော့မတတ် ပြူးပြဲလျက်ရှိကြ၍ ပါးစပ်များမှာလည်း ကုန်ပေါ်၌တင်ထားသော ငါးထွေကြီးများသဖွယ် ဟပ်ပဲ့ ဟပ်ပဲ့ဖြစ်နေကြလေ၏။ တစ်ခါတွင် သာလွန်သည် ရှိသမျှသော ခွန်အားကို အကုန်ညှစ်ထုတ်ကာ တွန်းလိုက်သဖြင့် လူဆိုးနောက်သို့ ယိုင်ထွက်သွားသေး၏။ သို့ရာတွင် အုတ်တံတိုင်းသို့ရောက်သောအခါ တံတိုင်းကို ခြေကန်ရသဖြင့် လူဆိုးက အားတက်လာပြန်သည်နှင့် ယိုင်မလဲသည့်ပြင် ရှေ့သို့ပင် တွန်းတက်လာနိုင်ပြန်လေ၏။

လူဆိုး၏ခါး၌ ဓားမြှောင်တစ်လက်ထိုးထားသည်ကို နီတွတ်တွေ့မြင်ရသော်လည်း လူဆိုးသည် ပထမ၌ လူသတ်မှုမဖြစ်စေဘဲ စက်ဘီးကို ယူ၍ အလစ်သုတ်ဖို့သာ လုံ့လပြုခဲ့၏။ ၎င်းနောက် ထိုအကြံမအောင်သဖြင့် သာလွန်နှင့် လုံးသတ်နေရပြန်ရာတွင်လည်း လက်နှစ်ဖက်လုံးမှာ အားလပ်တော့သည် မရှိဘဲ မိမိ၏လည်ပင်း၌ သာလွန်ညှစ်ထားသော လက်ကို တစ်ဖက်နှင့် ဖြေဖို့ကြိုးစား၍ အခြားတစ်ဖက်ဖြင့် သာလွန်၏လည်ပင်းကို အပြန်အလှန် ညှစ်ထားရလေ၏။

လူဆိုးက အုတ်တံတိုင်းကို ခြေကန်ရသဖြင့် တစ်လှည့်အားတက်၍ တွန်းလိုက်ပြန်ရာတွင် သာလွန်မှာ နောက်သို့ယိမ်းယိုင်သွားလေရာ လူဆိုးသည် သာလွန်အား ခြေကုပ်မရစေဘဲ တောက်လျှောက်ဖိ၍ တွန်းလိုက်သွားလေ၏။ ထိုအခါ သာလွန်မှာ အရှိန်နှင့် ဖိတွန်းနေသော လူဆိုး၏အားဒဏ်ကို မခံမရပ်နိုင်သဖြင့် နောက်ဆုတ်နောက်ဆုတ်နှင့် တံတိုင်းမှ တဖြည်းဖြည်းကွာထွက်လာခဲ့ကြရာတွင် သာလွန်၏ခြေထောက်သည် သစ်မြစ်တစ်ခုနှင့် ငြိသွားလေရကား နောက်သို့ပက်လက်လန်၍ လဲကျသွားလေ၏။ ထိုခဏ၌ လူဆိုးသည် အထက်မှမှောက်လျက် သာလွန်က အောက်မှ ပက်လက်လန်နေလေရာ သာလွန်သည် မြေမှလူးလွန့်၍ ထရန်အတွက် လူဆိုး၏လည်ပင်း၌ ဖျစ်ညှစ်ထားသောလက်ကို လွှတ်လိုက်လေရာ လူဆိုးသည် သာလွန်၏မျက်နှာကို လက်သီးနှင့်တစ်ချက် ပိတ်ထိုးလိုက်ပြီးနောက် စက်ဘီးရှိရာသို့ ပြေးမည်



www.burmeseclassic.com

www.burmeseclassic.com



ပြုလေ၏။ သို့ရာတွင် မောဟိုက်နေသူတစ်ယောက်၏ လက်သီးချက်မျှသာဖြစ်၍ မူးမေ့လောက်အောင် ဖြစ်မသွားသော သာလွန်သည် လူဆိုး၏လုံကွင်းကို ဆွဲထားလိုက်လေ၏။ လူဆိုးသည် လွတ်အောင်မရုန်းနိုင်ဘဲ ရှိရာတွင် မြေမှလူးထဖို့ ကြိုးစားလျက်ရှိသော သာလွန်၏ရင်ဘတ်ဆီသို့ ဓားမြှောင်နှင့် ချွတ်၍ တစ်ချက်ထိုးစိုက်လိုက်လေ၏။

ဓားမြှောင်ဦးသည် ပခုံးစွန်းနှင့် ရင်ဘတ်အကြားသို့ ဝင်သွားသဖြင့် လုံချည်စကို ဆွဲထားသော သာလွန်၏လက်သည် လွတ်ကျသွားရာတွင် လူဆိုးသည် စက်ဘီးရှိရာသို့ ပြေးမည်ဟု လှည့်လိုက်လေ၏။ ထိုခဏ၌ ခပ်တုံးတုံးရှိသော မြက်ခုတ်ဓားရှည်သွားသည် လူဆိုး၏နဖူးကို ဆံစမှစ၍ လွှာချလိုက်လေရာ နဖူးမှအရေသည် ဖတ်လပ်ကြီးကျ၍ မျက်လုံးများကို ဖုံးအုပ်သွားလေတော့၏။ ထိုအခါ လူဆိုးက မိမိအား မည်သူက ခုတ်လိုက်သည်ဟူ၍ပင် သိဟန်လက္ခဏာမရှိဘဲ နဖူးမှ အရေဖတ်ကြီးကို လက်ဖြင့်ဖိနှိပ်ကာ မ,တင်လျက် ခြေဦးတည့်ရာသို့ သွေးရူးသွေးတန်းနှင့် လျှောက်ပြေးလေတော့၏။ ဘိုင်စကယ်ကိုမူလည်း ယူပြေးရန်မတတ်နိုင်တော့ချေ။

နီတွတ်သည် မြေပေါ်၌လဲကျနေသော သာလွန်ကိုထူပေးလျက် သွေးများယိုစီးကျနေသော ဒဏ်ရာကို လက်တစ်ဖက်ဖြင့် ဖိနှိပ်ပေးစဉ် သာလွန်သည် ကျေးဇူးတင်သော မျက်နှာထားဖြင့် နီတွတ်ကို တစ်ချက်မျှ မော့ကြည့်လိုက်ပြီးနောက် သတိလစ်သွားတော့သည်။

နီတွတ်သည် ဒဏ်ရာကို လက်ဖြင့်ဖိနှိပ်ရင်း မိမိ၏ရင်ခွင်၌ မျက်စိမှိတ်လျက်ရှိသော သာလွန်၏မျက်နှာကို ငုံ့ကြည့်မိရာတွင် ဤသူကား လူချောကလေးတစ်ယောက်ပေတကားဟု ပထမအကြိမ်စဉ်းစားမိလေသည်။ စင်စစ်မှာ သာလွန်သည် ဘူးကြီးကုန်းရွာတွင် ထိပ်တန်းကျသောမိဘများ၏ တစ်ယောက်တည်းသောသားဖြစ်သည့်အပြင် အင်္ဂလိပ်လို ရွှတ်ရွှတ်ရှက်ရှက်ပြောတတ်၍ လူပုံသနားကမားရှိသော လူငယ်တစ်ယောက်ဖြစ်ပေရကား နန်းစွန့်သွားသော ဝေလမင်းသားသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော သတို့သမီးများကို ခေါင်းခေါက်၍ ယူနိုင်သည်ဆိုသကဲ့သို့ သာလွန်မှာလည်း ဘူးကြီးကုန်းရွာ၌သာမက ရွာနီးစပ်ချုပ်ဟူသမျှတွင် ကြိုက်ရာမိန်းကလေးကို ခေါင်းခေါက်၍ ယူနိုင်လောက်ပေ၏။ ဘူးကြီးကုန်းရွာ၌မူ ဒေါ်နန်းပေါ၏ ချွေးမဖြစ်ဖို့ မိန်းကလေးတိုင်းက မျှော်လင့်လျက်ရှိကြပေသည်။





နီတွတ်သည် သာလွန်၏ရုပ်ဆင်းအင်္ဂါကို ချီးမွမ်းမိသောစိတ် ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ၎င်းအသက်ဘေးအတွက် စိုးရိမ်ပူပန်မိသောသောကစိတ်မှာလည်း ပိုလျှံလာခဲ့လေရာ သာလွန်ကား စကားမေးမရတော့ဘဲ ညည်းတွားစပြုလာလေပြီ။ ပတ်ဝန်းကျင်လည်း လူစလူနမမြင်။ ဟစ်ခေါ်သော်လည်း ရွာနှင့်အတော်လှမ်းသောကြောင့် ကြားနိုင်ကြမည် မဟုတ်ချေ။

အတန်ကြာစဉ်းစားစိတ်ကူးပြီးနောက် နီတွတ်သည် ကြံရာမရသည်နှင့် သာလွန်၏ဦးခေါင်းကို မိမိ၏လွယ်အိတ်ကလေးဖြင့် ခုပေးထားခဲ့၍ ရွာဘက်သို့ပြေးထွက်လာခဲ့လေ၏။

ဘူးကြီးကုန်းရွာသို့ရောက်၍ သာလွန်တို့၏အိမ်ဝင်းအတွင်းသို့ ဝင်သွားသောအခါ သားပြန်မလာသည်နှင့် အိမ်ရှေ့မှ ထွက်မျှော်လျက်ရှိသော ဒေါ်နန်းပေါသည် နီတွတ်၏အမူအရာကို မြင်သည်နှင့် ဦးခေါင်းသို့သွေးရောက်၍ ခေါင်းနားပန်း ကြီးသွားလေ၏။

"ဘာဖြစ်လဲဟဲ့ နီတွတ်ရဲ့"

"မြန်မြန်လာကြ ဒေါ်နန်းပေါ၊ ဦးကျီစိုးကော"

"ဟဲ့ ဘာဖြစ်တာလဲ ပြောပါဦး၊ ငါ့သားကို နင် ဘယ့်နှယ်လုပ်ပစ်ခဲ့သလဲ"

"ကျုပ် လုပ်ရဲတာ မဟုတ်ပါတော်"

"နင် မလုပ်လို့ ဘယ်သူလုပ်သလဲ၊ ဘာဖြစ်တာလဲဟဲ့ နီတွတ်ရဲ့၊ ဦးကျီစိုး ဟော့ဒီမယ် လာစမ်းပါဦးတော်"

ဦးကျီစိုးသည် ဧည့်သည်များနှင့် စကားပြောလျက်ရှိရာမှ ထ၍...

"ဘာဖြစ်တာလဲဟေ့ ရှင်မ"

"ဟောဒီမှာ နီတွတ်က မေးလို့လဲ မရဘူး။ သူ့အသားတွေလည်း ဆတ်ဆတ်တုန်လို့"

"ဟဲ နီတွတ် ဘာဖြစ်တာလဲ"

"မောင်သာလွန် လဲနေရစ်တယ်တော့"

"ဘာနဲ့တိုက်မိလို့ လဲတာလဲ၊ သူ့ဘိုင်စကယ်ကြီး မစီးချင်ပါနဲ့လို့ ပြောတာမရဘူး။ ချွေးမသား မိုက်တဲ့အကောင်"

"ဒီလိုလဲတာ မဟုတ်ဘူး တော်ရေ့၊ ဓားနဲ့ထိုးသွားလို့ လဲနေတာ"

"အမယ်လေး လူကလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းပေါ်လည်း တက်သွားလေရာ ဧည့်သည်များပါ ဆင်းသွားကြ၍ ဝိုင်းဝန်းနှိပ်နယ်ပေးနေကြရလေ၏။ ထိုအတောအတွင်း ဦးကြည်စိုးသည် လှည်းတစ်စီးပြင်စေ၍ လူသုံးလေးယောက်နှင့်တကွ နီတွတ်ပါ ထွက်ကြမည်ပြုစဉ် ဒေါ်နန်းပေါ်(လယ်)လာ၍ မလိုက်ရဘဲ မနေနိုင်ဆိုသဖြင့် လှည်းပေါ်တွင် တင်ခေါ်ခဲ့ရလေ၏။

လမ်းခရီး၌ နီတွတ်က မိမိမြင်ရသည့်အဖြစ်ကို ပြောပြသော်လည်း ဒေါ်နန်းပေါ်တို့က သူ့စကားကို မယုံတယုံဖြစ်နေကြ၏။ ၎င်းတို့က နီတွတ်ကို ယခင်က ရန်စရှိဖူးသည့်အတွက် မိမိ၏သားကိုချောင်း၍ သတ်ပစ်ခဲ့သည်ဟု ယူဆလျက်ပင် ရှိကြသေး၏။

"ဖြစ်မှဖြစ်ရပလေ၊ လုပ်မှလုပ်ရက်ပလေ အေရယ်၊ တကယ်ဆိုတော့"

"ကျုပ်က တော်တို့သားကို ဘယ့်နှယ်မှ လုပ်ရပေါင်တော်"

"တန်ပါအေ ညည်းကွယ်နေပေမယ့် တော်တော်ကြာတော့..."

"တော်တို့သားကို မေးကြည့်ပါတော်"

"ဒါဖြင့် တို့သား မသေဘူးပေါ့"

"ကျုပ်ထားခဲ့တုန်းကတော့ အသက်ရှုနေရစ်တာပဲ"

"အောင်မယ်လေး လူကလေးရဲ့"

တက်မည်ပြုပြန်သဖြင့် ဝိုင်းနှိပ်ကြရပြန်၏။ ဒေါ်နန်းပေါ် သတိရလာသောအခါ မိမိ၏သားကို နီတွတ်သတ်ခဲ့သည်ထင်ကြောင်းနှင့် ညည်းတွားရရှုတ်လေရာ ဦးကျီစိုးကလည်း ဤအတိုင်းမှန်ပါက အစိုးရအရေးမယူလျှင် မိမိတို့က သတ်ပစ်မည်ဟု ကြုံးဝါးလေ၏။ နီတွတ်မှာမူ မျက်လုံးကလယ် ကလယ်နှင့် ကြည့်နေလေတော့သည်။

ကျောင်းဝင်းအပေါင်းကြီးသို့ ရောက်သောအခါ နီတွတ်ကပြသဖြင့် သာလွန်လဲနေသောနေရာသို့ ချဉ်းကပ်ကြရာရတွင် သာလွန်မှာ နီတွတ်ထားခဲ့သည့်အတိုင်း လွယ်အိတ်ကလေးကို ခေါင်းအုံးလျက် လဲနေသည်ကို တွေ့ရလေ၏။ ဒေါ်နန်းပေါ်လည်း တက်လုမတတ်ဖြစ်သွားသဖြင့် နှိပ်ပေးသူက ပေးစဉ်က ဦးကျီစိုးတို့သည် သာလွန်ကိုကြည့်ကြရာ သတိမရသော်လည်း အသက်ရှုလျက်ရှိသည်ကို တွေ့ကြလေ၏။ ပခုံးရင်းရှိဒဏ်ရာမှ ယိုစီးကျသောသွေးများမှာမူ တစ်ကိုယ်လုံးရဲနီလျက် ရှိနေ၏။ ဘိုင်စကယ်မှာမူ အုတ်တံတိုင်းတွင် မှီလျက်ပင် ရှိလေ၏။



BURMESE CLASSIC .com



ဦးကျီစိုးတို့သည် သာလွန်ကိုပွေ့ချီ၍ လှည်းပေါ်သို့ တင်ပြီးလျှင် လူတစ်ယောက်က စက်ဘီးကို တွန်းလျက် လှည်းကို တဖြည်းဖြည်းမောင်းလာကြရာ အိမ်သို့ရောက်သောအခါ ကျွမ်းကျင်သောဆရာကိုပင့်ခေါ်၍ ကုသကြ၏။ နီတွတ်မှာမူ ဒေါ်နန်းပေါ်၏ငြူစူခြင်းကို မခံနိုင်သဖြင့် လူနာအနီးတွင် မနေဝံ့တော့ဘဲ နေအိမ်သို့ပြန်လာလေ၏။ နီတွတ်သည် ဘိုးသာခေါင်အား အဖြစ်အပျက်ကို ပြန်ပြောပြ၍ မိမိအား အထင်လွဲခံရသည့်အတွက် ငိုယိုရာတွင် အဘိုးကြီးက သာလွန်သတိရလာသောအချိန်၌ ဟုတ်မှန်သည့်အတိုင်း သိကြလိမ့်မည်ဟုပြော၍ ချော့မော့လေ၏။

"မတော်လို့များ သေများသွားရင် ဘယ့်နှယ့်လုပ်မလဲ အဘိုးရဲ့"

နီတွတ်က မေးသောအခါ...

"သတ္တဝါတစ်ခု ကံတစ်ခုပဲ မြေးရယ်၊ ဒီလိုနဲ့သေနိုင်ရိုးလား"

ဟု အားပေးလေ၏။

ထိုညဉ့်၌မူ နီတွတ်သည် ဂုန်အိတ်ခင်းသော အိပ်ရာကလေးပေါ်တွင် အိပ်မပျော်နိုင်ဘဲ တလိမ့်လိမ့် တလွန့်လွန့်ရှိနေစဉ် အိမ်ရှေ့မှ လက်ဆွဲမှန်အိမ် အလင်းရောင် လက်ခနဲမြင်ရ၍ ခြေသံများကြားသဖြင့် ခေါင်းထောင်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်...

"နီတွတ်ရေ အိပ်ပလားဟေ့၊ ဘိုးသာခေါင် အိပ်ပလား"

ဟု ဦးကျီစိုး၏အသံဖြင့် မေးလိုက်သည်ကို ကြားရလေ၏။ မြေးအဘိုးနှစ်ယောက်သည် အိပ်ရာမှထ၍ တံတံခါးကို ဖွင့်ပေးကြရာတွင် ဦးကျီစိုးသည် ဘာမျှမပြောဘဲ နီတွတ်၏လက်ကို ဆွဲခေါ်သွားလေတော့၏။

အိမ်သို့ရောက်ကြ၍ လှေကားမှ တက်ကြသည်နှင့်တစ်ပြိုင်နက်...

"မနီတွတ် မလာသေးဘူးလား အမေ"

ဟု အသံသဲ့သဲ့နှင့် မေးလိုက်သဖြင့်...

"မင်းအဖေ သွားခေါ်နေပါတယ် လူကလေးရယ်၊ လာပါလိမ့်မယ်"

ဟု ဒေါ်နန်းပေါ်က ပြန်ပြောသည်ကို ကြားလိုက်ရသည်နှင့် နီတွတ်လည်း အပြေးအလွှား တက်လာခဲ့လေ၏။ ဒေါ်နန်းပေါ်လည်း နီတွတ်ကို မြင်လျှင်မြင်ချင်း သားအနီးမှ ထလာ၍ နီတွတ်လက်ကို ဆွဲပြီးလျှင် သာလွန်အနီးသို့ ခေါ်သွားလေ၏။

"မနီတွတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်သာလွန်"

"အမေတို့ အဖေတို့က မနီတွတ်ကို အထင်လွဲနေလို့ ကျုပ်က ပြောပြရသေးတယ်။ ဟိုအကောင် ဘယ်ရောက်သွားသလဲ မနီတွတ်"

"သူ့နဖူးကို ဓားရှည်ကြီးနဲ့ ခုတ်လိုက်တော့ သွေးရူးသွေးတန်းနဲ့ ထွက်ပြေးလေရဲ့"

"ဘိုင်စကယ်တောင် ယူမသွားဘူးလား"

"ဟင့်အင်း"

"နီတွတ်ကြောင့် အမေ၊ နို့မို့ဖြင် သားလဲသေ ဘိုင်စကယ်လဲ ဆုံးပြီ။ နီတွတ်ကို ဘိုင်စကယ်ဖိုး ပေးထိုက်ပါဘိ အဖေ၊ သူ့ကြောင့် ပြန်ရတာ"

"ပေးပါမယ် သားရယ်"

"ကျုပ်တို့ လိုချင်ပေါင်တော်"

"မလိုချင်လို့ မနေရဘူး၊ ယူရမယ်"

"ဘာလုပ်စရာလဲတော်။ ကျုပ်တို့ စီးတတ်ပေါင်"

ထိုနေ့မှစ၍ နီတွတ်သည် ဒေါ်နန်းပေါ၏နေအိမ်သို့ နေ့တိုင်းလာ၍ လူနာကို ပြုစုလေရာ သာလွန်၏ဒဏ်ရာမှာ အတွင်းသို့မပေါက်ဘဲ အသားပုံကိုသာ ထိနိုက်၍ အလွန်မောဟိုက်ခြင်း၊ သွေးလွန်ခြင်းတို့အတွက်ကြောင့် ကြာရှည်စွာ သတိလစ်သွားခဲ့ခြင်း ဖြစ်ရလေကား မကြာမီ သက်သာရာ ရလေ၏။ ဒေါ်နန်းပေါကမူ နီတွတ်၏အကူအညီကြောင့် မိမိ၏တစ်ယောက်တည်းသော သားကလေး အသက်ဘေးမှ ချမ်းသာရာရသည်ဟု သိရသောနေ့ကတည်းက 'နီတွတ်'ဟူ၍ပင် မခေါ်တော့ဘဲ 'သမီး သမီး သမီး'ဟူ၍ပင် တစ်ခေါ်တည်း ခေါ်နေလေတော့၏။ နီတွတ်ကမူ သမီးခေါ်တိုင်း မျက်နှာနီမြန်းသွားသော်လည်း မခံချင်သော အမူအရာမျိုး မရှိချေ။

နီတွတ်မှာ သာလွန်၏အသက်သခင် ကျေးဇူးရှင်ဟူ၍ တစ်အိမ်လုံးက အသိအမှတ် ပြုသောကြောင့် နှုတ်ဖြင့် 'သမီး'ခေါ်ရာမှ တကယ့်သမီးအဖြစ်သို့ ရောက်ဖို့မှာ များစွာ အလှမ်းမဝေးတော့ချေ။ သာလွန် ရောဂါပျောက်ကင်းသော တစ်နေ့၌ ဒေါ်နန်းပေါသည် နီတွတ်ကို ပွေ့ဖက်လျက်–

"ညည်း ငါ့သမီးမတော်ချင်ဘူးလားအေ မနီတွတ်"

ဟု မေးလိုက်ရာ နီတွတ်သည် မျက်နှာကို အောက်ချလျက်...

"ဒေါ်နန်းပေါကလဲ မကျီစားပါနဲ့"





BURMESE CLASSIC .com

ဟု ပြန်ပြောလေ၏။ သို့ရာတွင် နီတွတ်၏ ရင်ဘတ်မှကား တဒိန်းဒိန်း လှုပ်ခုန်လျက် ရှိ၏။ ဒေါ်နန်းပေါမှာ တစ်အိမ်လုံးအပေါ်တွင် ဩဇာလွှမ်းမိုးလျက်ရှိသော အိမ်ရှင်မဖြစ်လေရကား သားနှင့် ခင်ပွန်းတို့သည် ဒေါ်နန်းပေါစီမံတိုင်း နာယူသူများ ဖြစ်ကြ၏။ ဒေါ်နန်းပေါသည် နီတွတ်၏ ဆံပင်ကို ဆီလိမ်းပေး၍ တောရွာထုံးစံအတိုင်း ထုံးပေးပြီးနောက် ရှန်နီလုံချည်နှင့် တလိုင်းပေါက်ဖျင်လတ်တို့ကို ချွတ်စေ၍ (အထည်ရှားသော ဂျပန်ခေတ်ဖြစ်စေကာမူ) မန္တလေးလုံချည်နှင့် (တစ်ထည်တည်းချန်ထားသော)မိမိ၏ ပဒုမ္မာအင်္ကျီကို ဝတ်ဆင်ကြည့်လိုက်ရာတွင် နီတွတ်၏မျက်ခုံး၊ မျက်လုံးကောင်းခြင်းနှင့် နှာတံပေါ်ခြင်းတို့သည် ပေါ်လွင်ထင်ရှားလာလေတော့၏။ ၎င်းနောက် သနပ်ခါး၊ ပေါင်ဒါနှင့် ပန်းမန်တို့ဖြင့် ခြယ်လှယ်ပေး၍ သတို့သမီးအသွင် ပြင်ဆင်လိုက်သောအခါ အခြားသော ရွာသူကလေးများက–

'ဟယ် ကြည့်ကြစမ်းပါဦး၊ တို့နီတွတ်ကြီးက ဒီလိုများဆိုတော့ မှတ်တောင် မမှတ်မိဘူး အေတို့ရယ်'ဟု အချင်းချင်း ပြောပြရလေသတည်း။

ရွှေဥဒေါင်း



www.burmeseclassic.com